www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်

**ဝင်းဦးမိုး** စီစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၉ အောက်တိုဘာ ၂၀၁၄

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း

စာတည်း
လင်းနိုင်ဦး

အမှုဆောင် စာတည်း
မသိတာ(ဝမ်းချောင်း)

ရှေ့ပန်းချီ
ဇော်ဝင်း
(ငှက်ပျောသီး)
ဆန်နီညိမ်း
ဖေညွန့်ဝေ၊ မုတ်သုံ
မြင့်မောင်ကျော်
မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဝဏ္ဏ၊ ဇော်မောင်
ဝင်းတင့်၊ မောင်နိုး
စိုးအောင်၊ အောင်ကျော်
ဖေသစ်တည်၊ ထွန်းအံ့
Win Iszudia

မျက်နှာဖုံးဓာတ်ပုံ
ကိုလင်း(Studio-K)

ရှေ့ဒီဇိုင်း
ခိုင်ဇင်ထွန်း
ဖြိုးဦးပိုင်

ရှေ့ဓာတ်ပုံ
ကိုလင်း(Studio-K)
လင်းနိုင်ဦး

ရှေ့ဓာတ်စီစာပြု
နိုင်ခွန်အား
စိမ်းလဲ့စံ
မိုးမိုးမြင့်
စာပြင်
ကျော်စိန်ဝင်း

ဓာတ်ပုံ-ကိုလင်း(Studio-K)

www.burmeseclassic.com

www.burmeseclassic.com




သူတို့အရေး
၄။ ဧအောင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့
၁၀။ ဝင်းငြိမ်း

ရွှေမင်းသား၊ ရွှေမင်းသမီး
၁၈။ ဟိန်းဆက်ချင်
မင်းသားဖြစ်ချင်လို့
မဟုတ်ပါဘူးဆိုတဲ့
ထွန်းကိုကို

One Minute Interview
၂၆။ လင်းနိုင်ဦး
ညီဝင်းစိန်
ချမ်းသာ၊
မိုးမင်း
နန်းခင်မွေး
တင်မောင်ဆန်းမင်းဝင်း
ဟန်စာမိုးဝင်း
ဓံဟိန်း၊ တင်ဇာမိုးဝင်း

လူမှုဝန်းကျင်
၄၂။ လင်းနိုင်ဦး
စိန်မဟာသဘင်ရဲ့
ပါတော်မူကို
ပြန်လည်ဆန်းသစ်

အင်တာဗျူး
၅၆။ လင်းနိုင်ဦး
ဆရာဝန်ကြီးလည်း
မလုပ်ဘူး
စစ်ဗိုလ်ကြီးလည်း မလုပ်ဘူး
အဆိုတော်ပဲ လုပ်မယ်

နိုင်ငံတကာစာမျက်နှာ
၆၄။ ရာပြည့်
တက္ကဆတ်သူရဲကောင်း
Willie Nelson နှင့်
တွေ့ဆုံခြင်း
၇၆။ ဇာနည်ညီမိး
ပျော်ရွှင်စွာ
ပေါင်းကြလေသတည်း
၈၄။ ရီတာအောင်၊ NY၊
ကီယာရာနိုက်တ်လီ

ရွှေဝတ္ထု
၁၄၈။ ကြူးနှစ်
ပြတင်းပေါက်နောက်မှာ
၁၆၂။ ညီဧယ်လေး
တဖျာဖမ်းတဲ့အကန်းတွေမှာ
အပန်းမပြေ ပင်ပန်းရှာကြလေ
၁၇၂။ စုသဲမွန်
အနွလှိုင်းကြောင့်
ရှိုင်းရနှလုံးသား
၁၈၂။ မောင်ကိုကို၊ အမရပူရ၊
မြစ်ပြင်ပေါ်မှာ
၂၀၂။ ရေအေး
အရုပ်များ
၂၀၈။ အချွှတ္တာ
အမှောင်ကျောက်စာ
၂၁၄။ မင်းတင်ထွန်း
ကြွေရုပ်ကလေး
၂၂၀။ သက်ဦးမောင်
မှောင်ခိုမျက်ရည်
၂၂၆။ လွန်းမောင်မောင်
ဘဝအစမှာ ဘဝဆုံးခဲ့ပေမဲ့
ဩော်...ထာဝရတော
မမုန်းနိုင်


www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်


ရွှေနှလုံးသား
ဂျူဒါး ၉၈။
အင်ဂျလီနာဂျိုလီဖတ်ဖို့
ငါ့ဒိုင်ယာရီ

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
နုနုရည်အင်းဝ ၁၀၀။
ရွှံ့ဖော်ရွှံ့ဖက်

ရွှေဝတ္ထုရှည်စ/ဆုံး
မိချမ်းဝေ ၁၃၀။
နောက်ဆုံးလို့
နှုတ်မဆက်ခင်မှာ...

နီနီခိုင်၊သထုံ၊ ၁၉၂။
တောင်ကျရေ

ရွှေအစမ်းဆက်ဝတ္ထုရှည်
ခင်ခင်ထူး ၂၄၀။
တောမင်းသမီး

အမှတ်တရစာစု
မြို့မကိုပေါ ၁၁၈။
အတိတ်လမ်းသို့
အလွမ်းပြေ

အောင်မိုးဆောင်း ၁၇၈။
ဆရာဖန်းမော်တင်အောင်
အကြောင်း

ရသစာတမ်း
ရဲသျှမ်း ၁၄၄။
ပေါင်းပင်

ရွှေသုတ
၅၀။ မေဖျာဦး
ဂီတာဘုရင်ရဲ့အိမ်
သို့မဟုတ်
GRACELAND

၈၂။ မင်္ဂလာရွှေမောင်း
စာကောင်းကင်က
လင်းလက်ကြယ်

၁၀၄။ ကိုရဲ၊ရွှေကြိုဂံ၊
ဂီတနက်သန်
ထာဝရရှင်သန်စေဖို့
ဝိုင်းဝန်းထိန်းသိမ်းကြပါစို့

၁၄၀။ မောင်ခင်မင်၊ဓနုဖြူ၊
စကားသမုဒ္ဒရာထဲမှာ(၄)

၁၅၆။ လွန်းသိန်းဦး
ဟောလိဝုဒ်နှင့်တရုတ်

၁၆၀။ ညွန့်ဖူးဝေ၊ရေဦး၊
ရသစာတမ်း၊
အစမ်းစာ၊ စာတန်းငယ်နှင့်
စာမွှန်အက်ဆေး

၁၈၆။ မောင်သန်းဆွေ
၊ထားဝယ်၊
ဝါဝါဝင်းရွှေ၏
၄၄ နှစ်မြောက်
နှစ်ပတ်လည်မင်္ဂလာ

၂၃၄။ မသီတာ၊စမ်းချောင်း၊
တည်းဖြတ်မှုနဲ့
တည်းဖြတ်သူများရဲ့
အခန်းကဏ္ဍ



အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊ ၅၂ လမ်း
(အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅
Email :
nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ -
ဦးဉာဏ်လှိုင် (၀၅၂၅၃)၊ ဗမ္မာတလုံပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ ဓက်မြို့နယ် တောင်အုံ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးဉာဏ်လှိုင် (၃၇၇၁၀)၊
အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး - ဗမ္မာတလုံစာပေ
အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၇၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၅
E-mail :
zabutalu@gmail.com
Available at :
iTune Store







www.burmeseclassic.com

www.burmeseclassic.com









# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

www.burmeseclassic.com

www.burmeseclassic.com

## ဝိုင်းစုခိုင်သိန်း အမျိုးသား တေးသံရှင် ၁၄ ဦးနှင့် စုံတွဲသီဆိုမည်

ဝိုင်းစုခိုင်သိန်းက အာဘွား တေးစီးရီးဒီဗီဒီထွက်ပြီး နောက်ဆက်လက်ထွက်ရှိလာမည့် စုံတွဲတေးစီးရီးအတွက် Dream Studio မှာ အသံသွင်းခြင်း ပြုလုပ်နေပြီဟု သိရှိရသည်။ ယင်းစီးရီးမှာ အမျိုးသား တေးသံရှင် ၁၄ ဦးပါဝင်မည်ဖြစ်ပြီး Vocal Guide အဖြစ် တေးရေး ဇေါ်ဂျီက ဆောင်ရွက်ပေးထားသည်။ တေးသံရှင်များအပြင် သရုပ်ဆောင် နေတိုးကလည်း ပါဝင်သီဆိုပေးထားသည်။ နေတိုးနှင့် ဝိုင်းစုခိုင်သိန်းတို့ သီဆိုကြမည့်သီချင်းက ဥက္ကာနှင့် ဝိုင်းစုခိုင်သိန်းတို့၏ မင်္ဂလာပွဲမှာ သီဆိုကြသည့် သီချင်းကို နေတိုးအသံနှင့် ပြန်လည်သွင်းယူနေတာ ဖြစ်ပါသည်။

'အဆိုတော် ၁၄ ယောက်နဲ့ ဝိုင်းစုက စုံတွဲသီချင်းတွေ တစ်ပုဒ်စီ သီဆိုမှာဖြစ်ပြီး Snare အဖွဲ့က နှစ်ယောက်ဖြစ်တဲ့ အတွက် ၁၅ ယောက်လို့ ပြောလို့ရပါတယ်။ အာဘွား ဗီစီဒီကို စက်တင်ဘာလ ကုန်လောက်မှာ ဖြန့်ချိပေးသွားဖို့ စီစဉ်ထားပြီး အာဘွား ထွက်ပြီးလို့ တစ်လကျော်လောက်မှာ စုံတွဲခွေထွက်နိုင်ဖို့ကြိုးစားနေတယ်' ဟု ဝိုင်းစုခိုင်သိန်းက ဆိုပါသည်။ ■

## ဒိုးပုံနှင့်မတူသည့် တစ်ကိုယ်တော်အခွေ

ဂီတလောကမှာ လက်ချိုးရေတွက်နိုင်သည့် အမျိုးသမီးရက်ပ် အဆိုတော်များထဲမှ တစ်ဦးဖြစ်သည့် Bobby Soxer က ဒုံးပုံ နှင့်မတူသည့် တစ်ကိုယ်တော်အခွေအတွက် ပြင်ဆင်နေကြောင်း သိရှိရသည်။ ယင်းအခွေကို Audio CD အနေဖြင့် အရင်ထွက်ရှိမှာဖြစ်ပြီး MTV ကို အချိန်ယူရိုက်ကူးမှာ ဖြစ်ကြောင်း ဆိုပါသည်။

Bobby Soxer က တစ်ကိုယ်တော်အခွေနှင့် ပတ်သက်၍ 'အခွေကို အောက်တိုဘာလလောက်မှာ ထွက်နိုင်အောင် ကြိုးစားနေပါတယ်။ ခေါင်းစဉ်နာမည်ကို ထွက်လာတဲ့နေ့ကျမှ ပရိသတ်ကြီးကို အသိပေးမယ်။ အခွေပုံစံကတော့ လတ်တလော စိတ်ခံစားချက် ဇွဲဆော်မှုတွေနဲ့ ကိုယ်လုပ်ချင်တဲ့ ပုံစံလေးရယ်၊ ပရိသတ်ကြိုက်မယ့် ပုံစံလေးတွေကို ညှိပြီး ဖန်တီးနေပါတယ်။ အခုတော့ တစ်ဝက် နီးပါးလောက် ပြီးသွားပါပြီ' ဟု ဆိုပါသည်။ ■



www.burmeseclassic.com

www.burmeseclassic.com

## ဖြိုးကြီး၏ ကိုယ်ပိုင်သံစဉ်သီးသန့်


တေးသံရှင် ဖြိုးကြီးက ပရိသတ်များအတွက် ထူးထူးခြားခြားဖြစ်စေရန် သူ၏အယ်လ်ဘမ်အသစ်ကို ကိုယ်ပိုင်သံစဉ်တေးသီချင်းများဖြင့် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပြောသည်။ ကိုယ်ပိုင်သံစဉ် တေးသီချင်းများ စုစည်းနေမှု အကြောင်းကို ဖြိုးကြီးက "ကိုယ်ပိုင်သံစဉ်လုပ်ရတာဟာ ကော်ပီလောက် မလွယ်ကူတာ အမှန်ပဲ။ ကိုယ့်ဘက်ကပင်ပန်းမှုတွေ အများကြီး လုပ်ရတယ်။ တစ်ပုဒ်တစ်ပုဒ်ရဖို့ နေ့ညီး အချိန်ယူရတယ်။ ကျွန်တော် ရေးထားတာက သုံးပုဒ်လောက်ပဲ ရှိတယ်။ ဒီလက်ဗိုလည်း ရေးရေးလေးရှိ။ အဖြစ်တေးရေးတွေဆို အင်္ဂလိပ်တာက လေလေတို့ ကိုအောင်ကဲ့ တောင်မြို့တို့ ရောက်ပြီး ကျွန်တော်တို့လေ့လာ ဖြစ်လေး ကိုစော်လင်းဆီကလည်း ကောင်းထောက်တယ်" ဟု ပြောပြသည်။ တေးသံရှင် ဖြိုးကြီး၏ နောက်ဆုံးထွက်ရှိထားသည့် တေးအယ်လ်ဘမ်မှာ နေ့မိုးကြား ဖြစ်ပြီး လက်ရှိမှာ ယင်းတီးဝိုင်းကို ဖီဖီ မှီးကိုးနေရပါပြီဟု ဆိုပါသည်။ ◻





www.burmeseclassic.com

www.burmeseclassic.com




## ပန်းချီစိုးမိုး ရိုက်ကူးမည့် ကွမ်လုံရက်လေးဆယ်တိုက်ပွဲ

အကယ်ဒမီ ဆန်ခါတင် ဒုတိယအဆင့်ကို တက်ရောက်သွားပြီဖြစ်သည့် **ကြယ်စင်မော်ကွန်း** ရုပ်ရှင်ဇာတ်ကားကြီးကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာ ပန်းချီစိုးမိုးက နောက်ထပ်ဖြစ်ရပ်မှန် ကွမ်လုံရက်လေးဆယ်တိုက်ပွဲကို ဇာတ်လမ်းတွဲအဖြစ် မကြာမီ ရိုက်ကူးမည်ဖြစ်ကြောင်းသိရသည်။ ကွမ်လုံရက်လေးဆယ်တိုက်ပွဲဇာတ်လမ်းတွဲနှင့်ပတ်သက်၍ "ဒီကားက ပေါ်လစီကား မဟုတ်ဘူး။ ပေါ်လစီဆိုတာက မဟုတ်တာကို ဖွတ်လုပ်ပြရင် ပေါ်လစီ။ ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းကို မီးမောင်းထိုးပြရင် ပေါ်လစီပဲ။ အခုဟာက ဖြစ်ရပ်အမှန်ကို ရိုက်ပြမယ်။ ကွမ်လုံရက်လေးဆယ်က အကယ့်ဖြစ်စဉ်ကို ရိုက်မှာ" ဟု ပြောသည်။ အကယ်ဒမီနှင့် ပတ်သက်၍ ဒါရိုက်တာပန်းချီစိုးမိုး၏ ပြောကြားချက်မှာ "အနုပညာဆိုတာ ဆုံးဖြတ်တဲ့သူက သတ်သတ်၊ လုပ်တဲ့သူက သတ်သတ်။ ကမ္ဘာမှာ ယှဉ်ပြိုင်တဲ့ပွဲတွေပဲ ဖြစ်ဖြစ်၊ မြန်မာမှာ ယှဉ်ပြိုင်တဲ့ပွဲတွေ ပဲဖြစ်ဖြစ် ထင်ကြေးဆိုတာ လူတိုင်း ပေးလို့ရတယ်။ ပရိသတ်လည်း ပေးလို့ရတယ်။ ကောင်း၏ မကောင်း၏ရဲ့ တကယ့်အနှစ်သာရကို အနုပညာသမား၊ စာပေအတတ်ပညာရှင် ဖြစ်မှသာလျှင် အမှန်တရားကို ရမယ်" ဟု ဖြစ်ပါသည်။ ❑

## ရတနာခင် သားသုံးယောက်မိခင် ဖြစ်တော့မည်

ခင်ပွန်း ကိုစိုးလှိုင်ဦးနှင့် အိမ်ထောင်ပြုပြီးသည့်နောက်ပိုင်း ဇာတ်ကားအချို့နှင့် ကြော်ငြာအချို့သာ ရိုက်ကူးဖြစ်ခဲ့သည့် သရုပ်ဆောင် ရတနာခင်သည် တတိယမြောက် ရင်သွေးရတနာကို နိုဝင်ဘာလအတွင်းမှာ မွေးဖွားတော့မည်ဟုသိရှိရသည်။ ရတနာခင်၏ ပထမဆုံးသားကြီးမှာ ခွဲဦးထက် (အသက် ၈ နှစ်)ဖြစ်ပြီး ဒုတိယမြောက်သား ထွဋ်မြတ်ဦးမှာ အသက် ၁ နှစ် ၄ လသာ ရှိပါသေးသည်။ ယခု တတိယမြောက်ကိုယ်ဝန်သည် ၆ လကျော်၊ ၇ လအတွင်း ရောက်ရှိနေပြီဟု ရတနာခင်က ပြောပြသည်။ တတိယမြောက် ရင်သွေးရတနာကို နိုဝင်ဘာလကုန်လောက်မှာ ပန်းလှိုင်ဆေးရုံ၌ မွေးဖွားရန် စီစဉ်ထားကြောင်း၊ ဒေါက်တာ မေသူမျိုးညွန့်နှင့် ခွဲစိတ်မွေးဖွားမည်ဖြစ်ကြောင်း ဆိုပါသည်။

❑





www.burmeseclassic.com

www.burmeseclassic.com



# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

## အွန်လိုင်းပေါ်မှာ ရောင်းကောင်းနေတဲ့ ဝတ်မှုံရွှေရည်ရဲ့ Pillow Kit

ဝတ်မှုံရွှေရည်က ဩဂုတ်လ ၁၀ ရက်၌ ကျင်းပခဲ့သည့် မွေးနေ့ပွဲမှာ We Love Wutt Hmone Shwe Ye အဖွဲ့ဝင်များကို ကိုယ်တိုင်ထုတ်လုပ်ထားသည့် Pillow Kit ခေါင်းအုံးလေးများကို အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ပါသည်။ ယခု Pillow Kit ခေါင်းအုံးလေးများကို စတင်ရောင်းချပေးနေကြောင်း သိရှိရသည်။ ဝယ်ယူအားပေးလိုသည့် ပရိသတ်များအနေဖြင့် မန္တလေးမြို့တွင် Flower to Flower ဖက်ရှင်ဆိုင်၊ ရန်ကုန်မြို့တွင် Eternal Flower ပန်းဆိုင်နှင့် Junction Square ရှိ စကားရေခဲမုန့်ဆိုင်မှာ ဝယ်ယူရရှိနိုင်ပါသည်။ အွန်လိုင်းမှတစ်ဆင့် ဝယ်ယူလိုသူများအနေဖြင့် Cool fancy Shop မှာ ဝယ်ယူနိုင်ပါသည်။ နောက်ထပ်လည်း ဝတ်မှုံရွှေရည်က သူမ၏ကိုယ်ပွားအမှတ်တရ လည်စည်းပဝါများကို ဆက်လက်ထုတ်လုပ်ရောင်းချသွားမည်ဟု သိရသည်။ □

www.burmeseclassic.com

www.burmeseclassic.com



## သဘင်ဘိုးဘွားရိပ်သာဆောက်ရန် ဖိုးချစ် ကမည်

မန္တလေးမြို့၌ သဘင်ဘိုးဘွားရိပ်သာဆောက်လုပ်နိုင်ရန်အတွက် သီတင်းကျွတ်ကာလ၌ မန္တလေးကျောက်တော်ကြီးပွဲတွင် ၅ ညတိုင်တိုင် ကပြဖျော်ဖြေပြီး ရရှိသည့်ငွေကြေးအချို့ကို မန္တလေးသဘင်ဘိုးဘွားရိပ်သာအတွက် လှူဒါန်းပေးသွားမည်ဟု သိရသည်။ "မန္တလေးမှာလည်း မြေနေရာရထားပြီးပြီဆိုတော့ အားလုံးနဲ့တိုင်ပင်ပြီးလုပ်ကြမှာပါ။ ကျောက်တော်ကြီးပွဲမှာ ကျွန်တော် ၅ ညလောက် ကပါမယ်။ နောက်ဆုံးညမှာ မန္တလေးက မင်းသားတွေ၊ ဆိုင်းဆရာတွေ၊ လူရွှင်တော်တွေ စသဖြင့်ပေါ့ဗျာ။ မန္တလေးဓာတ်အဖွဲ့တွေနဲ့ စုပေါင်းကပြီးတော့ရတဲ့ အလှူငွေတွေကို သဘင် ဘိုးဘွားရိပ်သာအတွက်လှူမှာပါ။ မန္တလေးအတွက် မန္တလေးမင်းသားတွေနဲ့ ပူးပေါင်းလုပ်နေပါတယ်"ဟု ဖိုးချစ်ကဆိုပါသည်။ မန္တလေးသဘင်ရိပ်သာအတွက် မြေနေရာကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေး အမြန်ကားလမ်းဘေး စံကားအင်းရွှေသုံးလုံးဘုရားအနီးမှာ မြေနေရာ ရရှိထားပြီးဖြစ်ကြောင်း ဖိုးချစ်၏ ပြောပြချက်အရ သိရှိရသည်။ ■



www.burmeseclassic.com

www.burmeseclassic.com




သို့

ဆရာဦးဝင်းငြိမ်းခင်ဗျား…

ကျွန်တော်ကတော့ ရွှေရဲ့အမာခံပရိသတ်ပါ။ လတိုင်း လတိုင်း သုတ၊ ရသ၊ အနုပညာရေးရာတွေနဲ့ ပြည့်နှက်နေလို့ ကျေနပ်ရပါတယ်။ ဆရာ့ရဲ့မွေးနေ့ စာပေဆုပေးပွဲကိုလည်း ဂုဏ်ယူစွာနဲ့ဖတ်ရင်း မုဒိတာပွားရပါတယ်။

ကျွန်တော်တို့ ကသာမြို့ဟာဆိုရင် သမိုင်းဝင်မြို့တစ်မြို့ပါ ဆရာ။ ခရိုင်မြို့ဖြစ်ပြီး ကား၊ ရထား၊ သင်္ဘောလမ်းပေါက်ပါတယ် ဆရာ။ စာရေးဆရာကြီး George Orwell ရဲ့ Burmese Day ကိုဖတ်ကြည့်ရင် သိပါလိမ့်မယ် ဆရာ။ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး စံရှားတင်၊ စာရေးဆရာ မောင်လွင်မွန်(ကသာ)၊ ကမ္ဘာကျော်ဓာတ်ပုံဆရာ မာဃစံဝင်း၊ နိုင်ငံကျော်ပန်းချီဆရာကြီး ဦးဘသော် စတဲ့စတဲ့ နယ်ပယ်စုံက အနုပညာရှင်၊ အတတ်ပညာရှင်တွေကို မွေးထုတ်ပေးခဲ့တဲ့ မြို့ကြီးလည်း ဖြစ်ပါတယ် ဆရာ။ အံ့ဩစရာကောင်းတာက စာပေစုံဖတ်နိုင်တဲ့ စာအုပ်အငှားဆိုင်က တစ်ဆိုင်ပဲရှိတာပါ။ ကျန်တဲ့ ဆိုင်ပေါက်စလေးတွေက အချစ်ဝတ္ထု၊ သိုင်း၊ သရဲ၊ ဂမ္ဘီရဝတ္ထုတွေကိုပဲ အများဆုံးတင်ပါတယ်။ မဂ္ဂဇင်းလုံးဝမတင်ပါဘူး။ တွက်ခြေမကိုက်လို့ပါတဲ့ ဆရာ။ အဲဒီတော့ ရွှေအမြုတေဖတ်ချင်ရင် စာအုပ်အငှားဆိုင်က လက်မလည်တော့ အပိုင်ဝယ်ဖတ် ဖြစ်ပါတယ်။

ခရိုင်မြို့ကြီးရဲ့ ပြန်/ဆက်ရုံးက စာကြည့်တိုက်ကို သွားငှားပြန်တော့လည်း မဂ္ဂဇင်း၊ ဝတ္ထုအသစ်ဆိုတာ လုံးဝ(လုံးဝ) ရှာမတွေ့၊ မရှိတော့ပါဘူး။ ၄၊ ၅လလောက်က စာအုပ်တွေပဲ တွေ့ရပါတယ်။ ဖတ်ရတဲ့စာအုပ်တွေကလည်း ကသာမြို့ရဲ့ စာပေစုံဖတ်နိုင်တဲ့ စာအုပ်အငှားဆိုင်က ငှားလို့ အရင်းကျေပြီး ဟောင်းနွမ်းစုတ်ပြတ်နေလို့ ရှင်းလိုက်တဲ့သဘောနဲ့ လှူလိုက်တဲ့ ဖွတ်ဖွတ်လမွတ်ကြေတွေကိုပဲ ဖတ်ရပါတယ်။ ဆရာ့ရဲ့ရွှေအမြုတေနဲ့ မွေးနေ့အမှတ်တရ ဝတ္ထုတိုပေါင်းချုပ်ကတော့ လုံးဝ(လုံးဝ)အစအနတောင်မှ မတွေ့ပါဘူး ဆရာ။ 'မမှာဘူးလား၊ မရှိဘူးလား' လို့ မေးလိုက်တော့ 'စာအုပ်အငှားဆိုင်မှာ အလှူခံပေးမယ်' လို့ ပြောပါတယ် ဆရာ။ တော်တော့ကို စိတ်ဆင်းရဲရပါတယ် ဆရာ။

နောက်ပြီး ရွှေထဲက ဆရာမ ခင်ခင်ထူးရဲ့ **တောမင်းသမီး** ကလည်း လတိုင်းမပြတ် ဆွဲဆောင်လှပါတယ်။ ခု ပြောချင်တာကလည်း **တောမင်းသမီး** အကြောင်းပါပဲ ဆရာ။ အဲဒီဝတ္ထုက မင်းသမီးတစ်ယောက်ရဲ့ ဘဝဇာတ်ကြောင်းဆိုတော့ အဲဒီဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးမယ်ဆိုရင် မြန်မာ့အကအလှယဉ်ကျေးမှုကို ကမ္ဘာကို တင်ပြနိုင်လိမ့်မယ်လို့ ထင်မိပါတယ် ဆရာ။ ဆရာနဲ့ ခင်မင်ရင်းနှီးတဲ့ အမြတ်အစွန်းငွေကို မကြည့်ဘဲ အနုပညာစံကိုသာ ကြည့်တတ်တဲ့ ထုတ်လုပ်သူတွေကို ရိုက်ဖို့ ညွှန်းစေချင်ပါတယ် ဆရာ။ ဇာတ်ညွှန်းကို ဆရာ နေဝင်းမြင့်(ဆရာ မအားရင်လည်း ဇာတ်သဘင်နဲ့ နီးစပ်တဲ့ ဆရာ ချစ်ဦးညို၊ ဆရာ ငြိမ်းမင်း)၊ ဒါရိုက်တာကို ဆရာ စင်ရော်မောင်မောင်၊ နှစ်တိုင်း ပရိသတ်အကယ်ဒမီ ရတတ်တဲ့ ဆရာဝိုင်း၊ စေ့စပ်သေချာတဲ့ ဆရာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) တို့နဲ့ ရိုက်ကူးစေချင်ပါတယ်ဆရာ။ ဆရာမရဲ့ ဝတ္ထုထဲမှာပါတဲ့ မြို့တို့၊ နယ်တို့မှာရိုက်ရင် ပိုအသက်ဝင်မယ် ထင်မိပါတယ် ဆရာ။ အထူးပြောချင်တာက မင်းသမီး ဥညသံအေး နေရာကိုပါ။ ခုခေတ် အငြိမ့်ခွေ တော်တော်များများမှာ ခြေချိုး၊ လက်ချိုးကလည်း မရ၊ ခါးလည်း မကျိုး၊ မျက်နှာကို ကင်မရာဘက်ကိုပဲ အမြဲလှည့်ပြီး စပ်ဖြဲဖြဲလုပ်ပြ၊ ထဘီအနားက မနိုင်၊ ခြေတန်းလက်တန်းလန်းတွေနဲ့ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်မင်းသမီးတွေ ကပြနေတာကိုပဲ စိတ်မချမ်းသာစရာ ကြည့်နေရပါတယ် ဆရာ။ ဘာဖြစ်လို့များ ထုတ်လုပ်သူ၊ ဒါရိုက်တာတွေက အက၊ အလှမှာတော်တဲ့ မင်းသမီးအစစ်တွေကို ပွဲမထုတ်ချင်တာလဲ မသိဘူး ဆရာ။ တကယ်က,တတ်တဲ့ အငြိမ့်၊ ဇာတ်မင်းသမီးတွေများပေါလွန်းလို့ ဆရာ။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ကြည့်ခဲ့ရတဲ့ 'မြတရာ' အငြိမ့်ထဲက မင်းသမီးသီတာစန်းရဲ့အက၊ အလှတွေကိုတောင် ခုထိမြင်ယောင် မှ[illegible] နေတုန်းပါ ဆရာ။ ဘေးချော်ကုန်ပြီ ဆရာရေ။

www.burmeseclassic.com

www.burmeseclassic.com

ဥညြသံအေးနေရာကို အကမှာလည်း တော်၊ ရုပ်ရည်လည်းပြေပြစ်၊ မန္တလေးက မင်းသမီးကြီး 'ဒေါ်သပြေ'ရဲ့သမီး ငင်းသပြေထွန်း(ခုဆို ကြော်ငြာတွေ၊ ဇာတ်လမ်းတွေလည်း ရိုက်နေပါပြီ)နဲ့မှ အဆင်ပြေမှာလို့ထင်မိပါတယ် ဆရာ။ သူ့နဲ့က လွဲပြီး ဘယ်သူ့ကိုမှ အဲဒီဇာတ်ရုပ်မှာ အစားထိုးလို့ မရပါဘူး ဆရာ။ ဇာတ်ပို့ဇာတ်ရံများကိုလည်း မန္တလေးကအငြိမ့်၊ ဇာတ်အသိုင်းအဝိုင်းထဲက သူတွေနဲ့ဆို အဆင်ပြေမယ်ထင်တယ် ဆရာ။ လူရွှင်တော်ထဲကဆိုရင် ဦးချစ်စရာ၊ ဦးဒီပါ၊ သာလောင်၊ ချိုတူး အစရှိသဖြင့်ပေါ့ ဆရာရယ်…။

ဒီဇာတ်ကားကြီးကိုသာ ရိုက်ဖြစ်ရင် မြန်မာ့အနုပညာ၊ မြန်မာတို့ရဲ့ရိုးရာအက၊ ယဉ်ကျေးမှုတွေ၊ မြန်မာနိုင်ငံရဲ့ရေမြေ သာတောင် သဘာဝရှုခင်းတွေကို နိုင်ငံတကာကို ပြသနိုင်လိမ့်မယ်လို့ ယူဆပါတယ် ဆရာ။

ဂျာနယ်တွေမှာ ခိုးကူးနှိမ်နင်းနိုင်ပြီလို့သာ ပြောတာ ဆရာရေ။ ကျွန်တော်တို့ ခရိုင်မြို့ကြီးကသာမှာ သီချင်းခွေဆို DVD တစ်ခွေထဲမှာ ၇ ခွေ၊ ၈ ခွေထည့်ထားတဲ့ အရုပ်ဝါးဝါး၊ အသံမကြည်တဲ့ Copy တွေပဲ နားထောင်နေရ၊ ကြည့်နေရပါတယ် ဆရာ။ Original ခွေရချင်ရင် မန္တလေးကို တကူးတက မှာရပါတယ်။ နီနီခင်ဇော်ရဲ့ မာရီယို DVD အစစ်ကို အသည်းအသန်ကို ကြည့်ချင်လို့ မှာတာ ရလည်းရလာရော ထူးမခြားနား ဖြစ်နေတယ် ဆရာ။ သီချင်းတွေက ကောင်းပြီး ရိုက်ထားတဲ့ ဒါရိုက်တာတွေက သာမန်သမားရိုးကျ ရိုက်ချက်၊ ဇာတ်လမ်းမျိုးပဲ ရိုက်ထားတာ ကြည့်ပြီး စိတ်ပျက်ရပါတယ် ဆရာ။ လေယာဉ်ပျံ သီချင်းကလည်း ရိုက်ထားတာ ဘာမှ အနှစ်သာရ မရှိပါဘူး။ လေယာဉ်ပေါ်မှာ ခက်ခက်ခဲခဲ ရိုက်ထားပြီး ဘာမှ ရင်ထဲစွဲမကျန်ခဲ့ပါဘူး။ သူ့သီချင်းကြည့်ပြီး ကောင်လေးနှစ်ယောက်ကို ကြိုက်တဲ့ ခပ်ညှံ့ညှံ့ လေယာဉ်မယ်ကာရိုက်တာကိုပဲ မှတ်သားလိုက်ရပါတယ်။ မခွဲခင် သီချင်းမှာဆိုရင်လည်း ရိုက်တဲ့ ဒါရိုက်တာက အိုင်ဒီယာ ညံ့တော့ ဘာအဓိပ္ပာယ်မှန်း မသိရပါဘူး။ ဆိုင်ကယ်တစ်စီးနဲ့ ကန်တော်ကြီးမှာ အလေလိုက်နေတာကိုပဲ ရိုက်ပြသွားပါတယ်။ ပြောရရင် Audio လောက် DVD MTV ကို မကြိုက်မိပါဘူး ဆရာ။

ကျွန်တော်တို့ ပရိသတ်တွေက ငပေါတွေ၊ ငအတွေ မဟုတ်ပါဘူး ဆရာ။ ပြောလိုက်ရင် သူတို့အနုပညာသမားတွေက 'ပရိသတ်က ကျွေးတဲ့ထမင်း စားတာပါ။ ပရိသတ်ကို လုပ်ကျွေးပါ့မယ်။ လေးစားပါတယ်'ဘာညာနဲ့ ပြောပြီး လုပ်လာရင် တလွဲတွေချည်းပါပဲ ဆရာ။ သီချင်းခွေပဲ ကြည့်ကြည့်၊ ဇာတ်ကားပဲ ကြည့်ကြည့်ပါ ဆရာ။

မြန်မာဒါရိုက်တာတွေ၊ မြန်မာမင်းသား၊ မင်းသမီးတွေ ဘောလိဝုဒ်ကို အမီလိုက်ဖို့ ဝေးလို့ ဘောလိဝုဒ်ရဲ့ ခြေဖျားကို တောင် အမီလိုက်နိုင်မယ် မထင်ပါဘူး ဆရာ။ အိန္ဒိယဇာတ်ကားတွေများ Lighting ပေးတာ၊ အဝတ်အစားဝတ်တာ၊ မိတ်ကပ်၊ ဆံပင်ကအစ ဇာတ်ရုပ်နဲ့ လိုက်ဖက်အောင် သေသေချာချာ ပြင်ဆင်ထားတာ တွေ့ရပါတယ်။ အမိတာဘာဂျမ်းပါတဲ့ Black ဆိုတဲ့ကားမှာ ဆွံ့အ၊နားမကြား၊ မျက်မမြင်မလေး အဖြစ် သရုပ်ဆောင်တဲ့ ကလေးမလေးကို မြန်မာမင်းသမီးတွေ နမူနာယူသင့်ပါတယ် ဆရာ။ အဲဒီကားမှာ ဆွံ့အ၊ နားမကြား ကလေးမလေးကို စာသင်ပေးတဲ့ဆရာအဖြစ် အမိတာဘာဂျမ်းကလည်း သရုပ်ဆောင်ထားတာ ကောင်းလိုက်တာ ဆရာရယ်။ ဆရာ အချိန်ရရင် ကြည့်စေချင်ပါတယ်။

စာလည်း ရှည်ပြီ ဆရာ။ ဒါပါပဲ။

*ဆရာ သက်တော်ရာကျော် ရှည်ပါစေ*
*'ရွှေ'အား အစဉ်အားပေးလျက်*
ရဲရင့်ကိုကို(ကသာ)

***ကျွန်တော်တို့က နိုင်ငံတကာကို ထိုးဖောက်မယ်လို့ ကြွေးကြော်နေပေမဲ့ မြန်မာဇာတ်ကားများရဲ့ ဈေးကွက်က ကျဉ်းလွန်းတော့ ကုန်ကျစရိတ် များများမသုံးနိုင်ကြပါဘူး။ ဒါကြောင့် စရိတ်ကျဉ်းကျဉ်းနဲ့ ပြီးလွယ်စီးလွယ် ဇာတ်လမ်းတွေ ရိုက်နေကြရလို့ အရည်အသွေးတွေက ကျသထက် ကျလာတာပါ။ ဒီလိုနဲ့ပဲ ဂျာအေး သူ့အမေ ရိုက်နေတာပေါ့။***

❑

သို့

**ဆရာ ဦးဝင်းငြိမ်းခင်ဗျား…**

ဆရာ ဦးဝင်းငြိမ်း ရေးတဲ့ **ရမ္မက်ဓော** ဆိုတဲ့ အခန်းဆက်ဆောင်းပါးရှည်ကို ဖြစ်နိုင်ရင် လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေ စေချင်ပါတယ်။ နောက်ပြီး ဆရာမ ခင်ခင်ထူး ရေးတဲ့ **တောမင်းသမီး** ဆိုတဲ့ အခန်းဆက်ဝတ္ထုရှည်ကိုလည်း လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေစေချင်ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ဖြစ်ချင်တဲ့ဆန္ဒတွေပါ။ ဆရာတို့ဘက်ကနေ ထုတ်ဖြစ်/မထုတ်ဖြစ်ဆိုတာ ကိုတော့ ကျွန်တော် မသိရှိနိုင်ပါခင်ဗျာ။ ၂၀၁၄ ဖေဖော်ဝါရီလထုတ်ရွှေနှလုံးသားကဏ္ဍမှာ ပါတဲ့ မြတ်သျှိုင်းသွင်ရဲ့ **သံယောဇဉ်ကြိုးပေါ်မှာ မျက်ရည်ငှက်တွေနဲ့** ဆိုတဲ့ ဝတ္ထုတိုက ကျွန်တော့်ရင်ထဲကို ထိရှစူးစိုက်နှစ်ဝင်မိစေသော ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ စာရေးဆရာကြီး မောင်သာရရဲ့ **ဒို့ဗမာ သာကီဝင်မျိုးပေမို့** ဆိုတဲ့ ဝတ္ထုရှည် ၈/ဆုံးကလည်း ကျွန်တော့်ရဲ့ရင်ထဲကိုထပ်မံထိရှမိပြန်ပါတယ်။

၂၀၁၄ ဇူလိုင်လထုတ် ကလျာမဂ္ဂဇင်းထဲမှာ တွေ့ခဲ့ရတဲ့ ရွှေနှလုံးသားဆုမှာ **ဆရာနေဘ်(ကျောက်တိုင်)** နဲ့ ရွှေအသစ်ဆုမှာ **ဆရာမ မေ(လားရှိုး)**တို့ ဆုရရှိသွားတဲ့အတွက် အလွန်ပင် ဝမ်းသာမိပါတယ်။ ကဗျာဆုမှာ **ကိုရွှေး** ရရှိသွားတဲ့အတွက်လည်း အလွန်ဝမ်းသာမိပြန်ပါတယ်။ 'ရွှေ'ရဲ့မျိုးဆက်သစ်စာပေဆုကို ရရှိသွားတဲ့ **ဆရာမအသင်** ရယ်၊ ရွှေဝတ္ထုတိုဆုကို ရရှိသွားတဲ့ **ဆရာမ ပန်းရိပ်ဖြူ** တို့ ဆုတွေအသီးသီး ရရှိ သွားတဲ့အတွက်လည်း သူတို့နဲ့ ထပ်တူထပ်မျှပင် ဝမ်းသာမိပြန်ပါတယ်။

ရသစာတမ်းဆုကို ရရှိသွားတဲ့ **ဆရာ**



www.burmeseclassic.com

www.burmeseclassic.com




**နိုင်မြင့်**၊ ဆောင်းပါးဆုကိုရရှိသွားတဲ့ **ဒေါက်တာ ညီညီ**၊ ဝတ္ထုရှည်ဆုကို ရရှိသွားတဲ့ **ဆရာမာန်(တောင်လုံးပြန်)** တို့အတွက်လည်း ထပ်မံဝမ်းသာမိပြန်ပါတယ်။ ကျွန်တော်လည်း ရွှေအသစ်ကို စာမူတွေ မပို့ဖြစ်ခဲ့တာ နှစ်အတော်အတန်ပင် ကြာညောင်းခဲ့ပါပြီ။ အခုလ ၈ လပိုင်းကနေစပြီး ဝတ္ထုတိုတစ်ပုဒ်ရေးပို့ဖို့ ရည်ရွယ်ထားပါတယ်။ **မွေးစားသား** ဆိုတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို စပြီး ရေးသားနေပါပြီ။ ပို့ဖြစ်အောင်လည်း ကြိုးစားနေပါတယ်။ 'ရွှေ'မှာ ဆရာမ မနှင်းဖွေး၊ ဆရာမ ဂျူး၊ ဆရာမ နုနုရည်အင်းဝ၊ ဆရာမ ယဉ်ယဉ်နု(မန္တလေး)၊ ဆရာမ လွန်းထားထား၊ ဆရာမ ဝေ(စီးပွားရေးတက္ကသိုလ်)၊ ဆရာမ အဖြူရောင်(ရွှေ)၊ ဆရာမ ချောအိမာန်(မန္တလေး)၊ ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)နဲ့ဆရာမစံပယ်ဖြူနုတို့ရဲ့ဝတ္ထုတိုများကို 'ရွှေ'ရဲ့စာမျက်နှာထက်တွေမှာမြင်ချင်တွေ့ချင်ပါတယ် ခင်ဗျာ။

*ရွှေအမြုတေမဂ္ဂဇင်းကြီး*
*ထာဝရတည်တံ့အခွန့်ရှည်နိုင်ပါစေ။*
**နီယွန်းအိမ်(သာပေါင်း)**
**သာပေါင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး။**

*ရွှေအမြုတေစာပေဆုက ရသင့်ရထိုက်သူများကို ရွေးချယ်ရေးအဖွဲ့ သီးခြားဖွဲ့ထားပြီး ရွေးချယ်ပေးနေတာပါ။ တောင်းဆိုထားတဲ့ ဆရာ၊ ဆရာမများရဲ့ ဝတ္ထုများ သူတို့ပေးတဲ့အခါ ဖော်ပြပေးမှာပါ။ ကျွန်တော့်မှာကတော့ ဘယ်စာရေးဆရာထံမှ စာမူတောင်းလေ့မရှိပါဘူး။*

❑

**မင်္ဂလာပါ ဦးဝင်းငြိမ်း**

ကျွန်တော် အရင်တစ်လက **ရွှေချစ်သူမှ ရွှေချစ်သူသို့**ကို စာထည့်လိုက်ပါသေးတယ်။ ကျွန်တော် ပြောချင်တာလေးကျန်နေသေးလို့ပါ။ တချို့လူတွေ ပြောကြတာ စာတွေဖတ်ပြီး 'ဂေါက်'သွားတယ်တို့၊ အပြင်စာတွေဖတ်လို့ ကျောင်းပညာရေးထိခိုက်ပြီး တောင်မရောက် မြောက်မရောက် ဖြစ်သွားတယ်တို့ပြောနေကြတာ ကြားလိုက်ရလို့ပါ။ ကျွန်တော့် အမြင်ပြောရရင် စာဖတ်လို့တော့ ဂေါက်စရာအကြောင်း မရှိပါဘူးနော်။ အရက်သောက်လို့ ဂေါက်တယ်ဆိုတာကမှ သဘာဝကျသေးတယ်။ နောက်ပြီးတော့ အပြင်စာတွေဖတ်လို့ ကျောင်းပညာ ထိခိုက်တယ်ဆိုတာ၊ အဲဒါကတော့ ကိုယ့်အပေါ်မှာပဲ မူတည်မှာပါနော်။ ဘာပဲလုပ်လုပ် အချိန်အခါ၊ အခြေအနေကိုတော့ ကြည့်မှပေါ့နော်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ့်ရွာမှာ စာအုပ်ဆိုင်မရှိတော့ စာမေးပွဲဆက်ဖြေမယ့်ဟာကို မဖြေဘဲ ရန်ကုန်တက်ပြီး အလုပ်လုပ်ခဲ့ပါတယ်။ အလုပ်က ပိတ်ရက်မရှိဘာမရှိနဲ့ စာအုပ်ဆိုင်နဲ့ အလှမ်းဝေးခဲ့ရပါတယ်။ အဲဒါတစ်ခါနဲ့လည်း မမှတ်ဘူး။ ၂၀၁၁ မှာ နောက်တစ်ခါ ရန်ကုန်ပြန်တက်ပါတယ်။ အကြောင်းမထူးပါဘူး။ တစ်နှစ်လောက် အလုပ်လုပ်လိုက်ရတာပဲ အဖတ်တင်ပါတယ်။ စိတ်လောကြီးပြီး လုပ်သင့်တာ အရင်မလုပ်ခဲ့တာပါ။ ကျွန်တော်က စာပေကို ထိခိုက်ပြောရင် ဘဝင်မကျလို့ပါ။ ဒါပေမဲ့ စာမှာလည်း မကောင်းတဲ့စာတွေလည်း ရှိတယ်ဆိုတာတော့ မငြင်းပါဘူး။ ကိုယ့်ဘာသာကိုယ် စိစစ်ကြပေါ့လို့ပဲ ပြောချင်ပါတယ်။ ဆရာရေ မြို့သွားပြီး စာအုပ်ငှားတာ၊ တစ်ရက်ဖတ်ခ ၄၀၀ တဲ့။ တစ်ရက်တည်းပြီးတဲ့သူဆိုရင်တော့ ပြဿနာမရှိပါဘူး။ ကျွန်တော်က ကြာကြာအာရုံမစိုက်နိုင်တဲ့သူဆိုတော့ ရွှေတစ်အုပ်ကို သုံးရက်လောက်မှ ပြီးပါတယ်။ ဘာပဲဖြစ်ဖြစ် မရရအောင် ပြူးပြဲဖတ်မယ်ဆိုပြီး ငှားတော့လည်း ဟိုဘက်ကမ်းကလို့ ပြောတော့ ငှားလို့ မရပါဘူး။ 'အပေါင်ပေး ငှားမှာလေ' ပြောလည်း မရဘူး။ တစ်မြို့လုံးကိုတော့ ကျွန်တော် မနှံ့စပ်နိုင်ပါဘူး။ ကျွန်တော် ခြေရှည်ပြီး သွားမိသလောက်ကတော့ စာအုပ်ဆိုင် လေးဆိုင်တွေ့ပါတယ်။ နှစ်ဆိုင်က အဟောင်းဆိုမှ အဟောင်းပါ။ အသစ်လုံးဝမရှိပါဘူး။ အသစ်တင်တဲ့ နှစ်ဆိုင်ကိုတော့ ကျွန်တော် ငှားလို့မရပါဘူး။ ကျွန်တော် သုံးခေါက်တိတိ ရောက်ခဲ့ပါတယ်။ ငှားလို့မရဘူးဆိုတော့ နှစ်လကျော်သုံးလကျော်တွေ ဝယ်ပါရစေဆိုတော့လည်း ကျွန်တော့်ရှေ့က ဦးပြီးသားလူတွေရှိသတဲ့။ ကြိုမှာထားတဲ့ ဖောက်သည်တွေမို့



www.burmeseclassic.com

www.burmeseclassic.com

လို့တဲ့။ ဒါဆို "တစ်လကို နှစ်အုပ်လောက် တင်ပါလား"ဆိုတော့ "တစ်အုပ်တောင် အနိုင်နိုင်ပါ"တဲ့။ ကျွန်တော် ထိုင်ငိုချင်စိတ်တောင် ပေါက်ပါတယ်။ ရွှေအသစ်ကို ကျွန်တော် စာမူတစ်ပုဒ်ပို့လိုက်ပါတယ်။ ရောက် မရောက်ကို ခပ်တည်တည်နဲ့ စာအုပ်ဆိုင်ဝင်ပြီး သွားလှန်ကြည့်ရမလို ဖြစ်နေပါတယ်။ အရင်ကုန်းကတော့ မြို့နဲ့မနီးလို့၊ အခုမြို့နဲ့ နီးပြန်တော့လည်း အခြေအနေ မပြေသေးပြန်ဘူး ဆရာရေ။ စာကြည့်တိုက်မှာရှိတဲ့ "ရွှေ" အဟောင်းတွေကတော့ ကျွန်တော်ဖတ်တာ ကုန်သလောက်ဖြစ်နေပါပြီ။ ဘာပဲဖြစ်ဖြစ် "ရွှေ"ကို ချစ်လျက်ပါ။

*ရွှေအဖွဲ့သူအဖွဲ့သားများအားလုံး*
*ကျန်းမာစေဖို့ ဆန္ဒပြုလျက်*
ဆုလဒ်ပြည့်
မော်ကျွန်း။

*ခက်ခက်ခဲခဲ အားပေးနေမှုကို ကျေးဇူးတင်ပါတယ်။ အငှားဆိုင်တွေ ပျောက်သွားတာ စာဖတ်သူတွေအတွက် တော်တော်ကလေး ထိခိုက်ပါတယ်။*

❑

**သို့**

**အစလွှာမ်မိုအာလိုက်ကွမ်း**

ဆရာ ဦးဝင်းငြိမ်းထံသို့ စလာမ်ရှေ့ထားပြီး စာရေးလိုက်ပါတယ်။ ဆရာ ကျန်းမာပါစေလို့ ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သပါတယ်။ သမီး ရွှေအသစ် ဆွေဇင်ဦးပါ ဆရာ။ ရွှေအသစ်မှာ နှစ်ကြိမ်ပါပြီး နောက်ပိုင်း ဆရာထံသို့ ဝမ်းသာကျေးဇူးတင်စကားပြောဖို့၊ စာရေးဖို့ အစဉ်အမြဲ စိတ်ထဲ ရှိပါတယ်။ တယ်လီဖုန်းဆက်ပြီး ကျေးဇူးတင်ကြောင်း ပြောချင်ပေမဲ့ ဆရာ့မှာ ကိုယ်ပိုင်အချိန် ရှားပါးတာမို့ ဆရာ မအားလပ်မှာ တွေးမိပြီး မဆက်ဖြစ်ပါဘူး။

ဟိုအရင်က ဆရာ့ဆီကို စာတစ်စောင် ရေးခဲ့ဖူးပါတယ်။ အဲဒီစာနဲ့အတူ ဆရာမ ကြည်အေးနဲ့ ဆရာမ ဂျူးတို့ရဲ့ဝတ္ထုတွေ တောင်းဆိုခဲ့ဖူးတယ်။ သိပ်မကြာခင်မှာ ဆရာမ နှစ်ယောက်စလုံးရဲ့ဝတ္ထုတွေ ဖတ်ခွင့်ရတော့ စာဖတ်သူ အသံကို အလေးထားတဲ့ ရွှေကို အတိုင်းမသိ ဂုဏ်ယူမိတယ်။ အလျဉ်းသင့်ရင် ဆရာ နိုင်ဝင်းဆွေရဲ့ ဝတ္ထုလေးတွေလည်း ပြန်လည်ဖော်ပြပေးစေချင်ပါတယ်။ ဆရာရေ…အခု ရွှေဝတ္ထုတိုကို စာမူတစ်ပုဒ်ပို့လိုက်ပါတယ်။ ရွှေအသစ်မှာ နှစ်ကြိမ်ပါပြီးပြီမို့ မဝံ့မရဲနဲ့ ပထမဆုံး ပေးပို့တဲ့ ရွှေဝတ္ထုတိုပါ။ ရွှေအသစ် ရောက်ရှိစာရင်းထဲမှာ တစ်ပုဒ်၊ ဆရာမ မသီတာ ပြန်ပြင်ခိုင်းထားတဲ့ **ဈေးသည်မ** တစ်ပုဒ်နဲ့ ရွှေအသစ်ကို ပို့ထားတာနှစ်ပုဒ်ကျန်နေသေးတယ်။

ရွှေအမြုတေ ရွှေအသစ်မှာ စတင်ကလောင်သွေးခဲ့တာ လေးနှစ်ရှိပါပြီ။ အခုမှ ရွှေအသစ် ဖြစ်ရပေမဲ့ ကျေနပ်ပါတယ်။ ရွှေအသစ်ကို အရင်ဆုံး ခြေချခဲ့ပေမဲ့ တခြားမဂ္ဂဇင်းတွေမှာ အရင်ဖော်ပြခံခဲ့ရတယ်။ ရွှေအသစ်စာမူ ဆယ်ပုဒ်မြောက်မဂ္ဂဇင်းများမှာ ပုံနှိပ်ဖော်ပြခံရတာ ဆယ်ပုဒ်မြောက်မှာ ရွှေအသစ် ဆွေဇင်ဦး ဖြစ်ခဲ့ပါတယ်။ အဲဒီအတွက် ဆရာ ဦးဝင်းငြိမ်းနဲ့ ဆရာမ မသီတာ(စမ်းချောင်း)ကို ကျေးဇူးတင်ပါတယ်။ ဆရာတို့တွေဟာ သမီးတို့ စာပေဝါသနာရှင်အသစ်တွေအတွက် အင်မတန်ကျေးဇူးကြီးမားတဲ့ ဆရာသမားတွေပါ။ ဆရာ့ကို ကျန်းမာစေဖို့လည်း အစဉ်အမြဲ ဆုမွန်ကောင်းတောင်းခဲ့ပါတယ်။ ဆရာ့ကို အပြင်မှာ ခဏလေးဖြစ်ဖြစ် တွေ့ချင်ပါတယ်။ ရန်ကုန်ရောက်ဖြစ်ရင်ပေါ့။

ရွှေအသစ် ဖြစ်ခဲ့ပြီဆိုတော့ ရွှေအမြုတေစာရေးဆရာဖြစ်ဖို့ နောက်တစ်ဆင့် ကြိုးစားရပါဦးမယ်။

ဒါပါပဲ ဆရာ၊ ဆရာ အေးချမ်းသာယာပါစေ။ ဆရာမျိုးမြင့်ညိမ်း၊ ဆရာမ မသီတာ(စမ်းချောင်း)နဲ့ ရွှေဝိုင်းတော်သားအားလုံးလည်း ငြိမ်းချမ်းသာယာမှုအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ပါတယ်။

*ချစ်ခင်လေးစားစွာဖြင့်*
*ဆရာ့တပည့်တစ်ဦး*
ဆွေဇင်ဦး
ထုံးဘို။

*ရွှေအသစ် ဖြစ်ရတာ ဂုဏ်ယူတယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရန်ကုန်ရောက်တဲ့အခါ ရုံးခန်းကို လာလည်ပါ။ စိတ်ခေါ်ပါတယ်။*

❑

**မင်္ဂလာပါ ဆရာ**

ဆရာ နေ(ပင်လယ်ပြာ)ရဲ့ **အသစ်တရား** ကို ဖတ်ရတဲ့အတွက် ကျေးဇူးပါ ဆရာ။ ဆရာ နေ(ပင်လယ်ပြာ)ရဲ့ဝတ္ထုကို ဖတ်အပြီးမှာ Richard Bach ရဲ့ Jonathan Livingstone Seagull ကို သတိရမိပါတယ်ဗျာ။ ဆရာ နေ(ပင်လယ်ပြာ)က **နှစ်ကောင်** ကို အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သလို အခုတစ်ကောင်တည်းအဖွဲ့မှာလည်း နှစ်သက်စရာကောင်းလှပါတယ်။

ဆရာ ရေအေး(**နှစ်ပွင့်ပန်း** ကိုဖန်တီးသူ)၊ ဆရာ သံလွင်ကို-မော်လမြိုင်(**လမ်း** ကိုဖန်တီးသူ)နဲ့ ဆရာ သုတအောင်(**သရက်ကင်းလေးတွေ ကြွေနေပြီ** ကိုဖန်တီးသူ)စတဲ့ သူတို့ရဲ့ ဝတ္ထုတိုလေးတွေလည်း "ရွှေ"မှာ ဖတ်ချင်ပါသေးတယ် ဆရာ။

ဝတ္ထုလေးတွေက ဟိုအရင် ဖတ်ဖူးတာလေးတွေနဲ့ ခပ်ဆင်ဆင်တူနေတာကို ဘဝင်မကျချင်သလိုလို ရှိရာက ဒီလ "ခေတ်ရနံ့"မှာ ဖော်ပြထားတဲ့ ဆရာ မြေလတ်မောင်မြင့်သူရဲ့ **ဉာဏ်ကွန့်မြူးခြင်းနှင့် အတွေးဂယက်များ** ကို ဖတ်ရမှ ဘဝင်ကျခဲ့ရပါတယ်ဗျာ။ ဘာပဲဖြစ်ဖြစ် စာပေမှာတော့ အသစ်တရားကိုပဲ ကြားချင်မိပါတယ် ဆရာ။ "ရွှေ"မှာတော့ အကြောင်းအရာရော၊ အရေးအသားပါ ထူးထူးခြားခြားဝတ္ထုတွေ ပါလာတတ်တာမို့ ကျေးဇူးကမ္ဘာပါဗျာ။

*လေးစားစွာဖြင့်*
ကောင်းဝေသူ(မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com




*အခုနောက်ပိုင်းတက်လာတဲ့ လူငယ်ကလေးတွေက အတွေးအခေါ် ဆန်းသစ်သလို အရေးအသားလည်း ကျစ်လျစ်သိပ်သည်းပါတယ်။ ဒီကလေးတွေဟာ စာပေလောကမှာ ခေတ္တခဏ ရှိမှာမဟုတ်ဘဲ ရေရှည်တည်တံ့သွားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ သူတို့ကို စင်တင်ရတဲ့အတွက် ကျွန်တော် ပီတိဖြစ်ရပါတယ်။*

❑

သို့

ဆရာဦးဝင်းငြိမ်းခင်ဗျား…

အပြိုင်းအရိုင်းဖူးပွင့်ဝေဆာနေတဲ့ ရွှေပန်းခင်းကို ကြည့်ပြီး စိတ်လှုပ်ရှား ရင်ခုန်မိရပါတယ်။ ရွှေအသစ်ကဏ္ဍကို ယခုလို သီးသန့်ဖွင့်ပေးထားတာ မရှိသေးတဲ့ ဟိုးအရင်တစ်ချိန်က ကလောင်သစ်တစ်ယောက် ဖြစ်တဲ့ ကျွန်တော့်ရဲ့ဝတ္ထုလေးကို ရွှေမှာ ရွေးချယ်ဖော်ပြပေးခဲ့တာကို ပြန်သတိရမိတိုင်း ကျွန်တော်ဟာလည်း ရွှေအသစ်အနေဖြင့် ဖြတ်သန်းခဲ့တာလို့ ခံယူမိပါတယ်။ ရွှေကလောင်များရဲ့ ထိရှတဲ့အကြောင်းအရာ၊ အရေးအဖွဲ့တွေနဲ့ ဝေဆာနေတဲ့ ဝတ္ထုတွေကိုဖတ်ရတိုင်း သူများတွေကို အားကျမိရသလို ကိုယ့်ကိုယ်ကိုလည်း အားမရဖြစ်မိပါတယ်။ ရွှေဥယျာဉ်မှူးများက ပြုစုပျိုးထောင်ပေးခဲ့ပေမဲ့ သန့်စွမ်းတိုးတက်မလာဘဲ ညှိုးနွမ်းပျောက်ကွယ်သွားခဲ့တဲ့ ကလောင်တစ်ချောင်း ရှိခဲ့ပါတယ်။ ကြေးအထပ်ထပ်တက်ပြီး တုံးနေတဲ့ အဲဒီကလောင်ကို ကျွန်တော် အခုပြန်သွေးနေမိပါတယ်။ ဒီလို ပြန်သွေးဖို့ တွန်းအားကို ရွှေဝတ္ထုတွေ ဖတ်ရင်းနဲ့ ရခဲ့တာပါ။

ရသဝတ္ထုတွေဟာ ရိုင်းစိုင်းမှုကို ရေးဖွဲ့ပြပြီး ယဉ်ကျေးတဲ့အရာကို မြင်စေတယ်။ မှားယွင်းမှုကို ဖော်ထုတ်ပြီး မှန်ကန်တဲ့ တရားကို ပြတယ်။ လူသားချင်း ကိုယ်ချင်းစာနာမှုတွေကို ပြန့်ပွားဖြစ်ပေါ်စေတယ်။ လူ့အသိုင်းအဝိုင်းမှာ အမြဲတမ်း အရေးတကြီး လိုအပ်နေတာက အဲဒါပဲလို့ မြင်မိပါတယ်။ လူတွေရဲ့နှလုံးသားယဉ်ကျေးမှုကို တည်ဆောက်ရာမှာ ရွှေအမြုတေက အင်အားအပြည့်နဲ့ ပါဝင်လှုပ်ရှားပေးနေတယ်လို့ ရှုမြင်သုံးသပ်မိပါတယ်။ ရွှေအမြုတေမဂ္ဂဇင်း ပိုမိုရှင်သန်တိုးတက်အောင်မြင်ပါ စေ။

*အစဉ်လေးစားစွာဖြင့်*
**ကိုရွှေသိန်း**
ပွေးလှကျေးရွာ၊ ပင်းတယမြို့နယ်၊
ရှမ်းပြည်နယ်တောင်ပိုင်း။

*ဆရာ့ဝတ္ထုတွေလည်း မဖတ်ရတာ ကြာပြီဖြစ်လို့ ရေးပါဦးလို့ တိုက်တွန်းပါရစေ။*

❑

မင်္ဂလာပါ ဆရာဦးဝင်းငြိမ်းခင်ဗျာ…

ရွှေအမြုတေကို သိတာ သိပ်မကြာသေးပေမဲ့ သိတဲ့အချိန်က စပြီး ခုအချိန်ထိ တစိုက်မတ်မတ်ဖတ်ဖြစ်ခဲ့ပါတယ်။ ရွှေကဏ္ဍမှာ ပါဝင်တဲ့အကြောင်းအရာတွေဟာ ရသအမျိုးမျိုးကို ပေးစွမ်းနိုင်သလို ရောင်စုံဇဟုသုတလည်း ရရှိတဲ့အတွက် တကယ့်ကို ရွှေလို တန်ဖိုးရှိတာကြောင့် အထူးပဲ နှစ်သက်မိပါတယ်ခင်ဗျာ။ အရင်က ရွှေကို စာအုပ်ဆိုင်ကငှားပြီး ဖတ်ရတဲ့အတွက် သေသေချာချာ နှံ့နှံ့စပ်စပ် မဖတ်ရဘူး ဆရာ။ အခုနောက်ပိုင်းတော့ ရွှေကို လစဉ်လတိုင်းဝယ်နိုင်အောင် ကြိုးစားဖြစ်တယ် ဆရာ။ ကိုယ်ပိုင်စာအုပ်ဖြစ်သွားတော့ အချိန်ဆွဲအရသာခံပြီးဖတ်လို့ရသွားတာပေါ့ ဆရာ။ အမှတ် ၂၉၆ ဇူလိုင်၊ ၂၀၁၄ ရွှေမှာ ပါတဲ့ ဆရာ့ရဲ့ ၆၈ နှစ်ပြည့်၊ ရွှေအမြုတေရဲ့ နဝမအကြိမ်ဆုပေးပွဲအခမ်းအနားကို တွေ့ရတော့ ကျွန်တော်တို့လို ကလောင်အသစ်ကိုကြိုးစားပြီး သွေးနေတဲ့သူတွေအတွက် အရမ်းပဲ အားတက်မိတယ် ဆရာ။ ဒီထက်ဒီထက် ပိုကြိုးစားချင်တဲ့စိတ်တွေလည်းဖြစ်လာပါတယ်။ ရွှေမှာပါတဲ့ ရွှေဝတ္ထုများကိုပြန်လည်တူးဖော်ခြင်းကို ကြိုက်နှစ်သက်မိပါတယ်ဆရာ။ အဲဒီလထုတ် ရွှေဝတ္ထုမှာတော့ မကျည်းတန်(လှိုင်ကော်)ရဲ့ **ကာရန်လွဲသံစဉ် ပိုးကြိုးမျှင်**က ရင်ကို ထိတယ် ဆရာ။ ပန်းရေကျိုး(မိုးကုတ်)ရဲ့ **ပန်းတိုင်းဆိုလည်း ပုပ္ပါ်**မရှယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကြိုက်တယ်။ နောက်ပြီးတော့ ရွှေအသစ်မှာ သုံးပုဒ်ပြီး သုံးပုဒ်လုံးကို ဆရာနဲ့ ဆရာမ မသိတာ(စမ်းချောင်း) တို့အကြိုက် ရေးဖွဲ့နိုင်တဲ့ ဆရာသော်ဇင်(လှိုင်ကော်)ကိုလည်း ချီးကျူးဘဲ မနေနိုင်ဘူးဗျာ။ အားလည်းအားကျမိတယ်။ ဆရာ ညီညီဇော်ရဲ့ မျှော်လင့်ခြင်းလရောင်ကလည်း စာဖတ်သူရဲ့စိတ်ကို ဆွဲယူနိုင်တယ် ဆရာ။ ရွှေမှာပါတဲ့ အကြောင်းအရာတွေ အကုန်လုံးကို ကြိုက်တာမို့ ပြောပြနေရင် စာအရမ်းရှည်သွားမှာစိုးလို့ ဒီမှာပဲ ရပ်လိုက်ပါတယ်။ ဆရာတို့ ရွှေအမြုတေမိသားစု တစ်စုလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ စာပေကဏ္ဍတိုးတက် ဖွံ့ဖြိုးအောင် ကြိုးပမ်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ် ဆရာ။ ဖုန်းနဲ့ E-mail ပို့ရတာ ဖြစ်တဲ့ အတွက် စကားလုံး အမှားအယွင်းများပါခဲ့ရင် တောင်းပန်ပါတယ် ဆရာ။

*ရွှေကို ထာဝရအားပေးနေမယ့်*
သုတခေါင်

*အားပေးမှုအတွက် ကျေးဇူးတင်ပါတယ်။ ဆရာလည်း ဝတ္ထုတိုအသစ်များ ဆက်လက်ဖန်တီးပါဦးလို့ တိုက်တွန်းပါရစေ။*

❑

ချစ်ခင်လေးစားရပါသော

ဆရာ ဦးဝင်းငြိမ်းသို့…

မင်္ဂလာပါဆရာ၊ ဆရာရဲ့ ကျန်းမာရေးကို နားစွင့်ပြီး အသက်ရှည်ကျန်းမာစေဖို့ ဘုရားမှာ အမြဲ ဆုတောင်းပေးနေတဲ့ ဘုရားကြီးသူပါ။ ရွှေကို လစဉ် ဖတ်နေသူမို့ ကျွန်တော့်ဘက်ကတော့ ဆရာနဲ့ အဆက်အသွယ်မပြတ်ဘူးလို့ ယူဆပါတယ်။ ဆရာနဲ့ အဆက်အသွယ် မပြတ်တဲ့နောက်တစ်ကြောင်းက ရှိသေးတယ်။ စာရှည်မှာစိုးလို့ မပြောတော့ဘူးနော်…

ကျွန်တော် အဓိက ပြောချင်တာက နေကောင်းကင်နီနဲ့ ပတ်သက်တဲ့ ဆရာ့ရဲ့ ဆုံးဖြတ်ချက်ဟာ အရမ်းကြီး ပြင်းနေသလားလို့ပါ။ ဆရာ့ရဲ့ ဆုံးဖြတ်ချက်ကြောင့် ကလေးတွေ အားလုံး ငိုကုန်လောက်ပြီ။ ဆယ်ကျော်သက်ရွယ် လုံမငယ်၊ ကလျာဖူးစသစ်၊ ပန်းနုသစ်သီ စတဲ့ ကဏ္ဍတွေက တက်လာခဲ့သူမို့ ကလောင်သစ်လေးတွေရဲ့ ရင်ခုန်သံနဲ့ မျှော်လင့်ချက်ကို ကျွန်တော် အရမ်း နားလည်တယ်။ စာရေးဆရာ၊ ဆရာမတွေ မွေးထုတ်ပေးနေတဲ့ ဆရာက ပိုနားလည်မှာပါ။

နေကောင်းကင်နီ ကို ကျွန်တော် မသိပါဘူးဆရာ။ ဦးသိုက်တို့၊ ကိုဆူးတို့လုပ်တဲ့ ဧရာဝတီနဲ့ပတ်သက်တဲ့ စာပေပြိုင်ပွဲမှာ သူ ဆုရတယ်။ သူပြောသလို လမ်းမလျှောက်နိုင်လို့ သူ့ကို အိမ်သွားပြီး ဆုပေးရတယ်။ နောက် သူ့ကို ကိုနေမျိုးဝင်လုပ်နေတဲ့ ‘အနော်မာ’မှာ တစ်ခါတွေ့ရတယ်။ နောက်တစ်ခါတွေ့ရတာ ‘ရွှေ’မှာပေါ့။ ကျွန်တော်တောင် တွေးလိုက်မိသေးတယ်။ ရွှေမှာကြာလို့ အနော်မာကို ထပ်ပို့တာ ရွှေကို လှမ်းအကြောင်းမကြားဖြစ်ဘူး ထင်တယ်ပေါ့။ မနေ့က ‘ရွှေ’ ကိုဖတ်တော့မှပဲ အကြောင်းစုံသိရတာပါ။ ရွှေအသစ်ကဏ္ဍကို ရပ်ဆိုင်းလိုက်တဲ့အထိ ဆရာ့ရဲ့ ခံစားချက် ပြင်းထန်တာကိုလည်း နားလည်သဘောပေါက်ပါတယ်။ စိတ်လည်း မကောင်းဘူး။ ပြန်ပြီး စဉ်းစားပေးပါဦး ဆရာ။ အားလုံး အတွက် ကျွန်တော် တကယ်ကို အနူးအညွတ် တောင်းပန်ပါတယ်။ ဆရာ့ရဲ့ ကလေးတွေကလည်း ဆရာ့ကို မပြောရဲလို့ မပြောရင်သာ နေကြမယ်။ ဆရာ့ရဲ့ အဲဒီဆုံးဖြတ်ချက်ကြီးကို ကြေကွဲနေကြမှာပါ။ ဆရာကိုယ်တိုင်လည်း ကိုယ့်သားသမီးတွေကို သတ်ပစ်သလို ခံစားရတယ်လို့ ပြောထားတယ်လေ။ ကျွန်တော် ခံစားရသလိုပြောရင် ဆရာ စိတ်ဆိုးမလား မသိ။ ကြိုတင်ပြီး တောင်းပန်ပါတယ်။ သတ်ပစ်တာနဲ့ ကိုယ်ဝန်ဖျက်ချတာနဲ့ အပြစ်ကတော့ အတူတူပဲလို့ ထင်ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာ။ စာပေနမတစ်ယောက်အနေနဲ့ ကျွန်တော် ပြောချင်တာတွေ ပြောပြီးပါပြီ။ ဆရာ လူပျိုကြီးရဲ့ အသည်းလို့ပြောရမလား၊ နှလုံးသားလို့ ပြောရမလား အရမ်းကြီး မခက်ထန်၊ မမာကျောဘူးလို့ဘဲ ကျွန်တော် ထင်ပါတယ်။ ကျွန်တော် ထပ်ပြီး တောင်းပန်ပါတယ်ဆရာ။ ဆရာ့ကျန်းမာရေးကြောင့်ဆိုရင် ကျွန်တော် ဘာမှ ဝင်မပြောတော့ပါဘူး။ ခုဟာက တစ်ဦးတစ်ယောက်အတွက်နဲ့ အများ ထိခိုက်တယ် ထင်လို့ပါ၊ စဉ်းစားပေးပါဆရာ။

နောက်နှစ် ၆၉ နှစ်ပြည့်မွေးနေ့ ၁၀ ကြိမ်မြောက် ရွှေဆုပေးပွဲကို လာနိုင်အောင် အခုကတည်းက ကြိုးစားထားပါတယ်။ ဆရာ ကျန်းမာစွာနဲ့ အသက်ရာကျော် ရှည်ပါစေ။

*ချစ်ခင်လေးစားစွာ*
မေမောင်

❑

သို့


ဆရာ ဦးဝင်းငြိမ်းခင်ဗျား…

ယခုလထုတ် ရွှေအမြုတေမဂ္ဂဇင်းမှ စတင်၍ ရွှေအသစ်ကဏ္ဍကို ပိတ်သိမ်းလိုက်သည်ဟု သိရသဖြင့် များစွာ ဝမ်းနည်းရပါသည်ခင်ဗျား။ ဆရာလည်း ထပ်တူထပ်မျှ ဖြစ်လိမ့်မည်ဟု ထင်မိပါသည်။ ကျွန်တော်သည်လည်း ဝါသနာရှင်တစ်ယောက်အနေဖြင့် ဝတ္ထုများ ကြိုးစားရေးဖွဲ့ခဲ့သည်မှာ နှစ်အတန်ငယ်ကြာခဲ့ပါသည်ခင်ဗျာ။ စိတ်ကြိုက်မရသေးသဖြင့် မည်သည့်မဂ္ဂဇင်းကိုမှ မပို့ဖြစ်ခဲ့ပါ။ ကျွန်တော့်ဝတ္ထု စတင်ပါရမည့် မဂ္ဂဇင်းမှာလည်း ရွှေအမြုတေမဂ္ဂဇင်း ဖြစ်ရမည်ဟု သန္နိဋ္ဌာန်ချထားသဖြင့်လည်း ဖြစ်ပါသည်။ နိုင်ငံရပ်ခြားတွင် အလုပ်တစ်ဖက်နှင့်ဖြစ်သဖြင့် စာရေးရသည်မှာ ထင်တိုင်း မရေးနိုင်ပါ။ အလုပ်အားသည့်အချိန်တွင်လည်းဖြစ်ပါမှ၊ စာရေးချင်သောစိတ်ခံစားမှုလည်း တိုက်ဆိုင်ပါမှ၊ ရေးရန်အတွက် စိတ်ခံစားမှုနှင့် တိုက်ဆိုင်သော ဇာတ်လမ်း၊ ဇာတ်ကွက်လည်း ရှိပါမှ ရေးဖြစ်သဖြင့် စာရေးအားလည်း နည်းပါးလှပါသည်။ ယခု စိတ်ကြိုက်တွေ့



www.burmeseclassic.com

www.burmeseclassic.com




သော ဝတ္ထုလေးတစ်ပုဒ်ရသဖြင့် စာမူပို့ရန် ကြိုးစည်နေသော အချိန်တွင် ရွှေအသစ်ကဏ္ဍ ပိတ်သိမ်းလိုက်သည်ဟု ကြားရသဖြင့် ဝမ်းနည်းလှသလို ကျွန်တော်တို့လို ကလောင်သစ်များအတွက် ကြီးမားသော အခွင့်အလမ်းတစ်ခု ပိတ်ဆို့သွားခြင်းလည်း ဖြစ်ပါသည်ခင်ဗျား။

ထို့ကြောင့် ကျွန်တော် သိလိုသည်မှာ ကလောင်သစ်များအနေဖြင့် စာမူပို့လျှင် ထပ်မံလက်ခံမခံ စသည့်အချက်ကို ဖြစ်ပါသည်ခင်ဗျာ။ ရွှေအသစ်ကဏ္ဍ မရှိတော့သော်လည်း ကလောင်သစ်များ၏ စာမူကို အသုံးပြုနိုင်မပြုနိုင် စသည်ကို ဆိုလိုရင်းဖြစ်ပါသည်ခင်ဗျာ။ ဆရာ ဦးဝင်းငြိမ်း သို့မဟုတ် အယ်ဒီတာတစ်ဦးဦးမှ ပြန်လည်ဖြေကြားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်ခင်ဗျာ။ အကယ်၍ ပို့၍ရလျှင် မည်သည့် မဂ္ဂဇင်း၊ ဝတ္ထု၊ ဂျာနယ်နှင့် ဘလော့၊ ဖေ့ဘုတ်များတွင်မှ ဖော်ပြထားခြင်း၊ သုံးစွဲထားခြင်း မရှိသေးကြောင်း ဝန်ခံလက်မှတ်ထိုး ပေးပို့ပါမည်ခင်ဗျာ။ ဆရာတို့၏ များပြားလှသော အလုပ်တာဝန်များကို နှောင့်ယှက်မိသဖြင့် တောင်းပန်ပါသည်ခင်ဗျာ။ ဆရာ ဦးဝင်းငြိမ်းနှင့်တကွ ရွှေဝိုင်းတော်သူ၊ ဝိုင်းတော်သားများ အားလုံး စိတ္တ၊ ကာယ သုခနှစ်ဖြာဖြင့် ပြည့်စုံကျန်းမာကြပါစေခင်ဗျာ။

မျိုးကိုကို
စင်ကာပူ။

❑

**မင်္ဂလာပါ ဆရာ**

ရွှေအသစ်ကဏ္ဍက မွေးထုတ်ပေးလိုက်တဲ့ စာရေးဆရာ၊ ဆရာမတွေကို ဆရာ့သားသမီးအရင်းတွေလို့ တင်စားရင် ကျွန်မကတော့ မွေးစားသမီးဖြစ်ပါလိမ့်မယ် ဆရာ။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မ စာပေလောကထဲကို စတင်ဝင်ရောက်လာတာ နွယ်နီမဂ္ဂဇင်းမှာ ဆောင်းပါးတွေနဲ့ပါ။ နွယ်နီ၊ အတွေးအမြင်၊ 7 Days ဂျာနယ်၊ The Voice, အလင်းတန်း၊ ပေါ်ပြူလာ ဂျာနယ်တွေမှာ ဆက်တိုက်ရေးဖြစ်နေပြီး၊ ပထမဦးဆုံး ဝတ္ထုတို ဖော်ပြခံရတာကတော့ ဖူးငုံဆယ်ကျော်သက်မဂ္ဂဇင်းမှာပါ။ အဲဒီအချိန် ရွှေအသစ်ကဏ္ဍကို ဝတ္ထုတိုတစ်ပုဒ် ပို့ကြည့်တော့ အခြားနေရာတွေမှာ ဖော်ပြပါရှိဖူးနေတဲ့အတွက် ကျွန်မကို ရွှေအသစ်အဖြစ် ဆရာ လက်မခံခဲ့ပါဘူး။ ရွှေအမြုတေကဏ္ဍကိုပဲ ပို့ပါလို့ ပြောခဲ့ပါတယ်။ ရွှေအမြုတေရဲ့ ရွှေသုတကဏ္ဍမှာ ပထမဆုံး ဖော်ပြခံရတဲ့ ကျွန်မလက်ရာက ဆောင်းပါးပါ။ အဲသည်နောက်တော့ ရသစာတမ်း၊ ဝတ္ထုတိုတွေ ဖော်ပြခံခဲ့ရပါတယ်။ ဒီနောက်ပိုင်း များစွာ အခြား မဂ္ဂဇင်းတွေမှာ ဝတ္ထုတို၊ ဝတ္ထုရှည်နဲ့ မဂ္ဂဇင်း အခန်းဆက်ဝတ္ထုရှည်တွေထိ ရေးသားဖော်ပြခံလာရပါတယ်။ ကိုယ့်ကိုယ်ကို စာရေးဆရာမလို့ မခံယူရဲတောင် စာရေးသူရယ်လို့တော့ ကျွန်မ ပြောရဲလာပါပြီ။ ကျွန်မ စာ စ,ရေးတဲ့အချိန်ကနေ အခုအချိန်အထိ အမြဲတမ်း စောင့်ကြည့်ဖတ်ခဲ့ရတာ ရွှေအသစ်ကဏ္ဍပါ။ ရွှေအသစ်တွေရဲ့ တိုးတက်ပြောင်းလဲလာတဲ့ အရေးအသားတွေကို စာတကယ်ဖတ်သူတွေ အသိအမှတ်ပြုနေရပါတယ်ဆရာ။ စာရေးသူ ကျွန်မ လစဉ် ရွှေအသစ်တွေရဲ့ အရေးအသားကို အတုယူ၊ အားကျနေရပါတယ်။ စာရေးဖို့ ပျင်းစိတ်ဝင်လာမိရင် ရွှေအသစ်ကဏ္ဍကို ပြန်လှည့်ကြည့်ပြီး အားယူရပါတယ်။ စာရေးပျင်းတဲ့စိတ် မဝင်ရဲတော့ဘူးဆရာ။ အခု ဆရာက အဲဒီ ရွှေအသစ်ကဏ္ဍကို ဖြုတ်ပစ်တော့မယ်တဲ့လား။ ကျွန်မ နှမြောဝမ်းနည်းနေမိပါတယ်။ မွေးစားသမီး ကျွန်မတောင် ဒီလို ခံစားနေရရင် ဆရာ မွေးထုတ်ပေးခဲ့တဲ့ ဆရာ့ သားသမီးများ(ရွှေအသစ်ကလောင်ရှင်များ)၊ သန္ဓေတည်ဖို့ ကြိုးစားအားယူနေကြတဲ့ သန္ဓေသားလောင်းလေးများဆိုရင် ဘယ်လိုနေကြမလဲ ဆရာ…။ စဉ်းစားပေးပါဦး ဆရာ။

*လေးစားစွာဖြင့်*
ခင်သန္တာ

❑

**ဆရာ**

နေကောင်းပါရဲ့လားရှင်။ ဒီနေ့ ရွှေဖတ်ပြီး သ[illegible] ဆရာ့ဆီ



www.burmeseclassic.com

www.burmeseclassic.com

စာရေးချင်လာလို့ပါ။ ရွှေအသစ်ရပ်လိုက်တာဖတ်ပြီး ဝမ်းနည်းရတယ်ဆရာ။ ကိုယ့်ကလောင်နာမည်လေး မွေးဖွားပေးလိုက်တဲ့နေရာမှာ အမြဲရှိနေစေချင်တာရော၊ သမီးတို့လို ရိုးရိုးသားသား စာပေဝါသနာပါသူတွေအတွက်ရော စိတ်မကောင်းဘူးဆရာ။ ကြောခဏ ဖတ်ရတဲ့ ရွှေအသစ်ပြန်ကြားချက်က တချို့က ကလောင်တွေကြောင့် ဆရာ စိတ်ပျက်ရတာတွေကို သမီးတောင် စိတ်မောဖူးတော့ ဒီလိုဆုံးဖြတ်တာကိုလည်း နားလည်နိုင်ပါတယ်ဆရာ။ ဒါပေမဲ့ စာပေအတွက်၊ လူငယ်တွေအတွက် ဒီလိုတန်ဖိုးကြီးတဲ့ကဏ္ဍလေးကို နှမြောမိတယ်ဆရာ။ တကယ် တန်ဖိုးထားတတ်၊ ယူတတ်ရင် ရွှေအသစ်ပြန်ကြားချက်တွေက စာရေးနည်းလမ်းညွှန်တွေ မဟုတ်လား။ ဆရာလည်း ကိုယ် သံယောဇဉ်ကြီးတဲ့၊ ပြုစုပျိုးထောင်ခဲ့တဲ့ ဒီကဏ္ဍအတွက် ရပ်လိုက်ဖို့ ဆုံးဖြတ်တာ ဘယ်လောက် စိတ်ထိခိုက်ရတယ်ဆိုတာ ခံစားရလို့ သမီး ဆရာ့ဆီ စာရေးချင်လာတာ။ ရွှေအသစ်ကနေ ဖြတ်လာတဲ့ သမီးအတွက်တော့ ဆရာ၊ ဆရာမ မသီတာ(စမ်းချောင်း)နဲ့ **အပြာရောင်သတို့သမီး** စာမူက စကားပြေ၊ စကားပြောအရေးလေးတွေပြပြီး ပြင်ရေးခိုင်းတဲ့၊ မြန်မာစာသတ်ပုံကျမ်းစာအုပ်ပြပြီး ဆောင်ထားဖို့ လမ်းညွှန်တဲ့ ဆရာ မျိုးမြင့်ညိမ်းတို့က သမီး အမြဲ ကျေးဇူးတင်နေရတဲ့ စာပေဘက်က ဆရာတွေပါ။ ကျန်းမာရေးလည်း ဂရုစိုက်ပါဆရာ။

ဆရာ ကျန်းမာချမ်းသာစေဖို့ အဝေးကနေ ဆုတောင်းမေတ္တာ အမြဲ ပို့ပါတယ်ဆရာ။

**သမီး ဆေးဆေး**

❑

**ရှိသေလေးစားရပါသော**

**ဆရာကြီး ဦးဝင်းငြိမ်းခင်ဗျာ…**

ဆရာကြီး၏ မြေတောင်မြှောက်ပေးမှုကြောင့် ရသစာပေ၏ မျိုးဆက်သစ်များစွာသည် တောက်ပသော ကြယ်ပွင့်များအဖြစ် စာပေအနုပညာကောင်းကင်ကြီးတွင် လင်းလက်ဝင့်ထည်နေနိုင်ကြသည်ကို ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းစွာ စောင့်ကြည့်သိရှိပြီး ကျေနပ်ပျော်ရွှင်ရပါသည်ခင်ဗျာ။ ကျွန်တော်သည်လည်း ထိုကြယ်ပွင့်များကို အားကျလှသောကြောင့် ထိုကြယ်ပွင့်များလောက် မလင်းလက်နိုင်လျှင်တောင် ခပ်ပျပျမှုသော် လင်းသော ကြယ်တစ်ပွင့်ဖြစ်လို၍ ကြိုးစားနေသူတစ်ဦးဖြစ်ပါသည်ခင်ဗျာ။ သို့သော် ၂၀၁၄ခုနှစ် စက်တင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းမှစ၍ ရွှေအသစ်ကဏ္ဍကို ဖြုတ်ပစ်လိုက်ကြောင်း သိရှိရသောအခါ အတိုင်းမသိ ဝမ်းနည်းရပါသည်။ ကျွန်တော်တို့အတွက် ရွှေတောင်ကြီးပြိုလေပြီလားဟု တွေးမိကာ ကြေကွဲဝမ်းနည်းရပါသည် ဆရာ။ အဲဒီနေ့က ကျွန်တော် အလုပ်တောင် ကောင်းကောင်းမလုပ်နိုင်ပါဆရာ။ ငိုတောင် ငိုမိတယ်ဆရာ။ ကြုံတွေ့ရသော ပြဿနာများကြောင့် ဆရာ မည်မျှအထိ စိတ်အနှောင့်အယှက်ဖြစ်ရမည်ကိုလည်း ကိုယ်ချင်းစာမိပါသည် ခင်ဗျာ။ ကျွန်တော်တို့လည်း အရင်လတွေမှာ တွေ့မြင်မိကြတာတည်းက မခံမရပ်နိုင်ဖြစ်မိခဲ့ပါသည် ဆရာ။ ဆရာ့ဆုံးဖြတ်ချက်ကိုလည်း ဝမ်းနည်းမိသည့်တိုင် နားလည်လက်ခံနိုင်မိပါသည် ဆရာ။ သို့သော် ပေးပို့သော စာမူများကို ဖတ်ကာ အကြောင်းပြန်သင်ကြားပြသပေးပြီး ကလောင်သစ်များကို စေတနာ၊ မေတ္တာအပြည့်နှင့် အရောင်တင်ပေးနေသည်မှာ ရွှေအသစ်သာ ရှိပါသည် ဆရာ။ ဒါကြောင့် ရွှေအသစ်ဟာ ကျွန်တော်တို့လို စာရေးဆရာဖြစ်ဖို့ကြိုးစားနေသော လူငယ်များအတွက် အနိုင်းမဲ့သော ရွှေတောင်ကြီးပါ ဆရာ။ ရွှေအသစ်ဟာ ကျွန်တော်တို့အတွက် အဖိုးမဖြတ်နိုင်တဲ့ ရတနာပါ ဆရာ။ ထို့ကြောင့် ရွှေအသစ်ဆီမှ ပညာရင်နို့ သောက်စို့ချင်သော ကျွန်တော်တို့လူငယ်များကို သနားသောအားဖြင့် ရွှေအသစ်ကဏ္ဍကို ပြန်လည် ထည့်သွင်းပေးပါလို့ ရိုသေလေးစားစွာ တောင်းပန်တောင်းဆိုအပ်ပါသည် ဆရာ။

*ရိုသေလေးစားစွာဖြင့်*

**ကောင်းမြတ်**

**(Dr ကောင်းမြတ်သူ)**

**နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံကြီး၊**

**နေပြည်တော်။**

❑

*စက်တင်ဘာလထုတ်ကစပြီး ဖြုတ်ပစ်လိုက်တဲ့ ရွှေအသစ်ကဏ္ဍနဲ့ ပတ်သက်လို့ ရောက်ရှိလာတဲ့စာများကို တပေါင်းတည်း ပြန်ကြားလိုက်ပါတယ်။*

*တစ်ယောက်သောသူကို အကြောင်းပြုပြီး ဒီကဏ္ဍကို ပိတ်လိုက်တယ်လို့ ကျွန်တော် ရေးခဲ့တာ မှန်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းစဉ်းစားကြည့်တော့ ပေါက်ကွဲလုဆဲဆဲ တင့ေငွေဖြစ်နေချိန်မှာ သူက စနက်တံ ဖြစ်သွားတာပါ။ စော်ကားတာတွေ များလွန်းအားကြီးလို့ ကျွန်တော် ဒီလိုဆုံးဖြတ်တာပါ။ ဒီစာကို ပြန်ကြားနေချိန်က စက်တင်ဘာလ ၂ ရက်နေ့ပဲ ရှိပါသေးတယ်။ စက်တင်ဘာ ၃ ရက်နေ့မှာ ကျွန်တော် ဘန်ကောက်ကို သွားပါမယ်။ ခွဲစိတ်ကုသမှု ခံယူစရာလည်း ရှိပါတယ်။ နှလုံးနဲ့ ပတ်သက်လို့လည်း ကုသမှု ခံယူရဦးမှာပါ။ ဒီနေ့အချိန်အထိတော့ အသည်းမာတယ်ပဲပြောပြော ကျွန်တော့်ဆုံးဖြတ်ချက်ကို ပြင်ဖို့ အစီအစဉ်မရှိသေးပါဘူး။ ဘန်ကောက်မှာ အေးအေးဆေးဆေး စဉ်းစားပြီး ဆုံးဖြတ်ချက် ပြင်နိုင်တယ်ဆိုရင်တော့ ကျွန်တော် ပြင်မှာပါ။ ပြင်ဖြစ်ရင်လည်း စာပေလောကကို ဝင်ဖို့ ခြေလှမ်းပြင်နေကြတဲ့ လူငယ်များအတွက် ပြင်မှာဖြစ်ပါတယ်။ အဲဒီအခါကျရင် ကျွန်တော့်ဘက်က စည်းကမ်းချက်တွေလည်း တိုးသင့်သလောက် တိုးရပါလိမ့်မယ်။ ကျွန်တော် ခေါင်းအေးအေးနဲ့ စဉ်းစားပါရစေ။*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com



# မင်းသားဖြစ်ချင်လို့ မဟုတ်ပါဘူးဆိုတဲ့ ထွန်းကိုကို

ဟိန်းဆက်သွင်
ဓာတ်ပုံ- ကိုလင်း(Studio-K)



www.burmeseclassic.com

www.burmeseclassic.com



အောက်တိုဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်အဖြစ် ဆရာ ဦးဝင်းငြိမ်းက တက်သစ်စ လူငယ်သရုပ်ဆောင် ထွန်းကိုကို့ကို ရွေးချယ်ပေးခဲ့ပါတယ်။ မျက်နှာဖုံး ရိုက်ကူးရေးအတွက် ထွန်းကိုကိုနဲ့ ဆက်သွယ်ပြီး အဆင်ပြေမယ့်တစ်ရက် ချိန်းပေးခဲ့ပါတယ်။ ရွှေအမြုတေ မျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးနေကျဖြစ်တဲ့ ကိုလင်း(Studio-K)ဆီမှာ ဆုံတွေ့ပြီး ရိုက်ကူးရေး စတင်ခဲ့ပါတယ်။ ထွန်းကိုကိုက ရိုက်ကူးရေးအတွက် ဝတ်စုံ သုံးစုံ ပြင်ဆင်လာခဲ့ရာမှာ ကိုရီးယားရိုးရာဝတ်စုံနဲ့ Studio ထဲမှာ စတင် ရိုက်ကူးခဲ့ကြပြီး၊ ကျန်နှစ်စုံက ပေါ့ပါးတဲ့ လူငယ်ဆန်ဆန် စတိုင်မျိုးတွေမို့ Studio ထဲမှာထက် Outdoor ထွက်ရိုက်ရင် ပိုကောင်းမယ်လို့ တိုင်ပင်ဖြစ် ကြပါတယ်။ ဒါနဲ့ပဲ ကိုလင်း(Studio-K) အဖွဲ့နဲ့အတူ ထွန်းကိုကိုရဲ့ လူငယ်စတိုင် ရိုက်ကူးရေးအတွက် သမ္မတ ရုပ်ရှင်ရုံ မျက်စောင်းထိုးက ဆူးလေလမ်းမကြီးနံ့ဘေး၊ ပလက်ဖောင်းတစ်လျှောက် သွားရောက် ရိုက်ကူးဖြစ်ပါတယ်။ မိုးလေသာတဲ့ ညဂုတ်လနှောင်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေ့တစ်နေ့ရဲ့ နေ့လယ်ခင်းက
နေချစ်ချစ်တောက် ပူနေခဲ့ပေမဲ့
ထွန်းကိုကိုက နေပူပူအောက်
မှာ မညည်းမညူ စိတ်တိုင်း
ကျ ရိုက်ကူးပေးခဲ့ပါတယ်။
နောက်ဆုံးဝတ်စုံတစ်စုံကို
တော့ Hip Hop လူငယ်ဆန်
ဆန် ရွေးချယ်ထားပြီး၊ ရိုက်
ကူးမယ့်နေရာအသစ်ကို တိုင်
ပင်ကြတော့ ရန်ကုန်ဘူတာ
ကြီးထဲမှာ သွားရိုက်ဖို့ စဉ်း
စားမိကြပါတယ်။ ဒီလိုနဲ့
ရန်ကုန်ဘူတာကြီးထဲကို ဝင်
ပြီး Location ကောင်းကောင်း
တွေ ရှာဖွေရိုက်ကူးခဲ့ကြရာမှာ
ညနေ ၃ နာရီကျော်မှပဲ ရိုက်
ကူးရေး အပြီးသတ်နိုင်ပါ
တော့တယ်။

"မိမိကိုယ်သာ ကိုး
ကွယ်ရာ" ဆိုတဲ့ ဆောင်ပုဒ်ကို
[illegible]ထားပြီး၊ ဘယ်
[illegible]မဆို ကိုယ့်အား
ကိုယ်ကိုးပြီး [illegible]လေ့
ရှိတယ်ဆိုတဲ့ မော်ဒယ်လ်
သရုပ်ဆောင် ထွန်းကိုကိုနဲ့
ရွှေအမြုတေမဂ္ဂဇင်းမျက်နှာဖုံး
ရှင် အင်တာဗျူးရှည်အတွက်
စတင် မေးမြန်းဖြစ်ခဲ့ရာမှာ
တော့-

**ရွှေအမြုတေမဂ္ဂဇင်း
မျက်နှာဖုံးရိုက်ကူးရေးအတွက်
ထွန်းကိုကို ပြင်ဆင်ခဲ့ပုံကို
အရင်ဆုံး ပြောပြပါဦး။**

ကျွန်တော် အဝတ်
အစား ၃ စုံနဲ့ ရိုက်ဖို့ စဉ်းစား
ခဲ့[illegible]။ ကိုရီးယား
[illegible]
[illegible]။ ကိုရီးယား
[illegible] ရိုက်ချင်တာကတော့
[illegible]က ကိုရီးယားမှာ
သွားပြိုင်ပြီး ဆုရခဲ့တာလေ။
ကိုရီးယားယဉ်ကျေးမှုကိုလည်း
[illegible]လို့ရအောင်ဆိုပြီး အဲဒီ
ကနေ ကိုရီးယားဝတ်စုံ
တစ်စုံဝယ်လာခဲ့တယ်။
ကိုရီးယားမှာ
သူတို့ ရိုးရာဝတ်စုံကို
အရမ်းတန်ဖိုးထားကြတော့
ဈေးတော်တော်ကြီးတယ်ဗျ။
ကိုရီးယားက ဆရာမက
သူ့တစ်ဝက်စိုက်ပေးမယ်
ဆိုတော့ ဝယ်လာခဲ့တယ်။
ဒီရောက်တော့ တစ်ခါမှ
မဝတ်ဖြစ်ဘူး။
ဝတ်ဖို့လည်း
ဘယ်ပွဲနဲ့ လိုက်မှန်း
မသိဘူးလေ။
ရွှေအမြုတေ
မျက်နှာဖုံးရိုက်မယ်
ဆိုတော့မှ
ပထမဦးဆုံး
ကိုရီးယားဝတ်စုံ[illegible]
ထုတ်ဝတ်ဖြစ်တာ[illegible]
နောက်နှစ်စုံအတွက်
ကတော့
လူငယ်စတိုင်ပေါ့။

**ဟုတ်ကဲ့။
ရွှေအမြုတေမဂ္ဂဇင်းရဲ့
မျက်နှာဖုံးရှင်
ဖြစ်ရတဲ့အပေါ်
ထွန်းကိုကိုရဲ့
အမှတ်တရ
ပီတိစကားလေး
ပြောပါဦး။**

မှတ်မှတ်ရရပဲဗျ။
ကျွန်တော်
ဓာတ်ပုံရိုက်ကူး
ရေးအနေနဲ့
မျက်နှာဖုံးရှင်
အဖြစ်
ပထမဆုံး
ရိုက်ကူး
ခဲ့တာလည်း
[illegible]
[illegible]
[illegible]



www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂဇင်းကာဗာဗျ။ ဒီတစ်ခါလည်း ကျွန်တော် ပရိသတ်အားပေးမှု ရလာပြီးနောက်မှာ ဆရာတို့ရဲ့ ရွှေအမြုတေ မျက်နှာဖုံးရှင်ဖြစ်ရတဲ့ အတွက် ဝမ်းသာ ဂုဏ်ယူမိပါတယ်။ ကျွန်တော် ရိုက်ခဲ့တဲ့ မဂ္ဂဇင်းမျက်နှာဖုံးတွေက စုံတွဲတွေချည်းပဲ။ ယောက်ျားလေး တစ်ယောက်တည်း သီးသန့် ရိုက်ရတာ ရှားတယ်။ ဆုရပြီးနောက်ပိုင်း ကာဗာတွေ အများကြီး ရိုက်ခဲ့ဖူးပေမဲ့ တစ်ယောက်တည်း သီးသန့်က ဒီတစ်ခါနဲ့ပါဆိုမှ နှစ်ခုပဲ ရှိသေးတယ်။

**ဟုတ်ပါပြီ။ ထွန်းကိုကိုရဲ့ မော်ဒယ်လ် သရုပ်ဆောင်ဘဝအစကို ပရိသတ်နဲ့ ပြန်မိတ်ဆက်ပေးပါဦး။**

ကျွန်တော်သရုပ်ဆောင် ဝါသနာပါခဲ့တယ်ဗျ။ သရုပ်ဆောင်သစ် ခေါ်တယ်ဆိုလို့ စ,ပြီး လျှောက်တယ်။ အရွေးခံရတယ်။ ဒါပေမဲ့ သင်တန်းတက်ရမယ်ဆိုတော့ အိမ်က ခွင့်မပြုဘူး။ ဒီတော့ ဆက်မလုပ်ရဘူး။ ဒါပေမဲ့ သူငယ်ချင်း မော်ဒယ်လ်တွေက ပြိုင်ပွဲတွေရှိတယ်။ ပြိုင်ကြည့်ပါလားလို့ အကြံပေးကြတယ်။ ကျွန်တော် ဝင်ပြိုင်ကြည့်တယ်။ ဆုတွေတော့ရတယ်။ အဲဒီကနေ VCD တွေ ရိုက်၊ Show တွေလျှောက်၊ ပြိုင်ပွဲတွေ ဝင်ပြိုင်ရင်း နောက်ဆုံး ကိုရီးယားမှာ သွားပြိုင်ရမယ့် Face of Myanmar ပြိုင်ပွဲကို ဝင်ပြိုင်တယ်။ နောက်ထပ် မပြိုင်တော့ဘူး၊ ဒီပွဲက နောက်ဆုံးပြိုင်ခြင်းပဲဆိုပြီး ဝင်ပြိုင်တာပေါ့။ Face of Myanmar မှာ ဆုရပြီးကိုရီးယားမှာ သွားပြိုင်ရတယ်။ ကိုရီးယားမှာ ပထမဆုနဲ့ Title ဆု၊ နှစ်ဆုရခဲ့ရာက ဒီလောကထဲမှာ နေရာရလာတာပါ။

**ကိုရီးယားပြိုင်ပွဲမှာ ဆုရခဲ့စဉ်က ခံစားချက်လေးကို ပြန်ပြောပြပါဦး။**

သူတို့ဆုတွေ စ,ကြေညာတာနဲ့ ကျွန်တော့် နာမည်ကို စ,ကြေညာလိုက်တာဗျ။ ဆိုးဂျောင်း ယူနီဗာစတီဆိုတဲ့ ကိုရီးယားအနုပညာကျောင်းကပေးတဲ့ Title ဆုတစ်ဆု ကျွန်တော်ရသွားတယ်။ အဲဒီမှာနည်းနည်းလန့်သွားတယ်။ Title ဆုတစ်ဆုရသွားပြီဆိုတော့ ဆုကြီးကို မရနိုင်တော့ဘူးလို့ ထင်သွားတယ်။ ဝမ်းသာရ မလိုလို၊ ဝမ်းနည်းရမလိုလိုဖြစ်နေတာ။ နောက်ဆုံး ပထမဆုကြီးကို ကြေညာလိုက်တော့ ကိုယ့်နိုင်ငံနာမည်၊ ကိုယ့်ခါးနံပါတ်၊ ကိုယ့်နာမည်ဖြစ်နေရော။ အရမ်းပျော်သွားတယ်။ ဆုရရင် ကိုယ်လုပ်ရမယ့်အရာတွေ၊ ဆုမရရင် ခံနိုင်ရည်ရှိအောင်ပြင်ဆင်ရမှာတွေ ကြိုပြီးတွေးထားတယ်။ ဆုရသွားတော့ ကျွန်တော့်အိတ်ထဲက မြန်မာနိုင်ငံအလံလေးကို ထုတ်ပြီး ဝှေ့ယမ်းပြလိုက်မိတယ်။



**ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Miss ပွဲတွေ အတော်များနေပေမဲ့ Mr. ပွဲတွေကတော့ လက်ချိုးရေလို့ ရနေတယ်ဗျ။ အမျိုးသမီးမော်ဒယ်လ်တွေအတွက် အခွင့်အရေးများပြီး၊ အမျိုးသားမော်ဒယ်လ်တွေအတွက် အခွင့်အလမ်းနည်းပါးနေတယ်လို့ ထင်သလား။ ဒီအပေါ် Mr. တစ်ယောက်အနေနဲ့ ထွန်းကိုကို ဘယ်လို မြင်မိသလဲ။**



www.burmeseclassic.com

www.burmeseclassic.com

မှန်တယ်ဗျ။ နာမည်မရခင်၊ လူမသိခင်မှာ ကျွန်တော်တို့ အမျိုးသားမော်ဒယ်လ်တွေအတွက် အခွင့်အလမ်း အတော်နည်းပါးတယ်။ ပြိုင်ပွဲတွေလည်း နည်းတယ်။ မော်ဒယ်လ်ပြိုင်ပွဲဆိုရင် မိန်းကလေးပွဲတွေပဲ ကြည့်ချင်ကြတယ်။ ယောကျ်ားလေးပြိုင်ပွဲဆိုရင် သိပ်မကြည့်ချင်ကြဘူး။ မျက်နှာသာအပေးမခံရဘူး။ အောင်မြင်ဖို့အတွက် မိန်းကလေးတွေက အခွင့်အလမ်း ပိုများနေတယ်။ အခုဆိုရင် Miss ပွဲတွေက ပြည်တွင်းမှာသာမကဘူး၊ နိုင်ငံတကာပွဲတွေအထိ ပြိုင်ခွင့်ရရှိနေကြပြီ။ ဒါပေမဲ့ အမျိုးသားပြိုင်ပွဲတွေကတော့ ရှိပေမဲ့ အတော်ရှားနေတယ်။

နိုင်ငံတကာပြိုင်ပွဲတွေမှာ ထွန်းကိုကို နောက်ပိုင်း၊ အမျိုးသားမော်ဒယ်လ်တွေ [illegible]ပြိုင်ရတာ သိပ်မတွေ့ရ [illegible] မာကိုတို့၊ ခါရာတို့ [illegible] တစ်ယောက်စ၊ နှစ်[illegible] တွေ့ရတယ်။

ရှိတော့ရှိတယ်။ နည်းတယ်ပေါ့။ မာကိုလည်း [illegible] ဒါပေမဲ့ သူကတော့ ဆုမရခဲ့ဘူးပေါ့။ နောက်တစ်ကြိမ်တော့ ဘန်ကောက်မှာ မာကို သွားပြိုင်ရသေးတယ်။ အဲဒီမှာတော့ ဆုရခဲ့တယ်။ ကျွန်တော်တို့ Face of Myanmar ကနေသွားပြိုင်ကြရတဲ့ ကောင်လေးတွေလည်း ရှိတော့ရှိပါတယ်။ Title တွေတော့ သူတို့ရခဲ့ကြတယ်။ ပြိုင်ပွဲမှာ ဆုမရခဲ့ရင်တောင် ကိုယ့်ယဉ်ကျေးမှုတွေကို တိုင်းတစ်ပါးမှာပြခွင့်ရခဲ့တာ ဂုဏ်ယူဖို့ကောင်းပါတယ်။ နောက်ထပ် သွားပြိုင်ရမယ့်သူတွေကိုလည်း ကြိုးစားဖို့ တိုက်တွန်းပါတယ်။ ပြိုင်ပွဲဆိုတာက ရှုံးတာ၊ နိုင်တာ ပဓာန မဟုတ်ဘူး၊ ယှဉ်ပြိုင်ခြင်းသာ အဓိကပါ။ သို့သော် ပြိုင်ပွဲမှာ ဆုရခဲ့ရင်တော့ ကိုယ့်နိုင်ငံ နာမည်တက်တာပေါ့။ တခြားနိုင်ငံတွေနဲ့ သွားပြိုင်တဲ့နေရာမှာ ကိုယ်က သရုပ်ပျက်တွေ ဘာတွေ မလုပ်မိဖို့ အရေးကြီးတယ်။ ကိုယ့်ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတွေကို ပြနိုင်ရမယ်ဗျ။


**မော်ဒယ်လ်ဘဝဟာ သရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့ ဘယ်လောက် အထောက်အပံ့ဖြစ်စေမယ်လို့ ထွန်းကိုကို ထင်မိသလဲ။**

နိုင်ငံတကာမှာက မော်ဒယ်လ်ဆိုရင် Professional အနေနဲ့ မော်ဒယ်လ်တစ်လိုင်းတည်း သွားကြတာပေါ့။ ကျွန်တော်တို့ဆီမှာကတော့ မော်ဒယ်လ်တစ်မျိုးတည်းနဲ့ အဆင်မပြေဘူး။

ဒီမှာက သရုပ်ဆောင်ဖြစ်ချင်တဲ့သူလည်း မော်ဒယ်လ်ကနေဝင်ရတဲ့ ထုံးစံဖြစ်နေတယ်။ မော်ဒယ်လ်လုပ်၊ ပြိုင်ပွဲဝင်၊ Show တွေလျှောက်၊ ကြော်ငြာရိုက်၊ သရုပ်ဆောင်လုပ် အစဉ်အလာ ဖြစ်သွားတယ်။ Show လျှောက်ဖို့လည်း မော်ဒယ်လ်ထဲက ရွေးတယ်။ ကြော်ငြာရိုက်တော့လည်း မော်ဒယ်လ်ထဲက ရှာတယ်။ သရုပ်ဆောင်သစ်ကိုလည်း မော်ဒယ်လ်ထဲက ရွေးထုတ်တယ်။ မော်ဒယ်လ်အလုပ်က သရုပ်ဆောင်ဖြစ်ဖို့အတွက်အရေးပါတဲ့ကဏ္ဍတစ်ခု ဖြစ်သွားတာပေါ့။ အထောက်အပံ့အများကြီး ဖြစ်စေပါတယ်။

**ထွန်းကိုကိုလည်း မော်ဒယ်လ်ကနေတစ်ဆင့် သရုပ်ဆောင်တစ်ယောက် ဖြစ်လာပြီပေါ့။ အခု [illegible]ကားတွေ ရိုက်နေတယ်ဆိုတော့ ရိုက်ထားတဲ့ကားလေးတွေနဲ့ ပရိသတ်ကို မိတ်ဆက်ပေးပါဦး။**


ကျွန်တော် ၇ ကား ရိုက်ပြီးသွားပါပြီ။ ဒါပေမဲ့ မဖြစ်နဲ့ရသေးဘူးပေါ့နော်။ ဖြစ်နဲ့မယ်ဆိုရင် ဖြစ်နဲ့လို့ရနေပါပြီ။ ပရိသတ်ကို ရသတွေ ပေးချင်စိတ်နဲ့ ကားတွေကို ကြိုးစားပြီး ရိုက်ထားပါတယ်။ ဗီဒီယိုကားတွေ ဆက်တိုက်ရိုက်ဖို့ ရှိပါတယ်။ နောက်ပိုင်းမှာ ရုပ်ရှင်ကားကြီးလည်း ဆက်ရိုက်သွားမှာပါ။ မင်းသမီးက သင်ဇာဝင့်ကျော်၊ အေးမြတ်သူ၊ စံရတီမိုးမြင့်၊ ဖူးပွင့်သခင်တို့နဲ့ မင်းသမီးတစ်[illegible] [illegible] ရိုက်ထားတယ်။ ဒါရိုက်တာတွေက ဦးဒေါ်နု၊ [illegible] [illegible] မလှမ်း [illegible]ကြီးတို့နဲ့ ရိုက်ထားတာပါ။ ပထမဆုံး ရိုက်တဲ့ကားက လူငယ်ဆန်ဆန်လေးပဲဗျ။ အပျော်ကားလေးပေါ့။ နောက်ပိုင်းကားတွေ ပေးလာ တာကတော့ ဒရာမာဆန်လာတယ်။ ဒရာမာ[illegible] [illegible] ဒရာမာတွေပေါ့။ ဒုတိယကားမှာ ဒရာမာလေးချိုး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။ ပြီးတော့ ဒရာမာနဲ့ ကျွန်တော် လိုက်တယ်ဆိုပြီး ဒရာမာချည်းလိုမ့်ရိုက်နေတယ်။ လေးကားလောက်က ကျွန်တော် သေရတာချည်းပဲ။ ဒရာမာက ခက်တယ်ပေါ့နော်။ ဒါပေမဲ့ အစွမ်းကုန် ကြိုးစားပြီး လုပ်ထားပါတယ်။

**ထုတ်လုပ်ရေးနဲ့ စာချုပ်ချုပ်ပြီး ရိုက်ထားတာလား။**


ဟုတ်ပါတယ်။ Family Entertainment နဲ့ စာချုပ်ချုပ်ပြီးရိုက်နေတာပါ။ 5 Network ထုတ်လုပ်ရေးပေါ့။

**ရိုက်ထားတဲ့ကားတွေကို ကိုယ်တိုင်စိတ်ကျေနပ်အားရမှုရှိရဲ့လား။**

အတော်အသင့်တော့ ကျေနပ်ပါတယ်။ မအေးမြတ်သူနဲ့ ရိုက်ထားတဲ့ **အလွမ်းတော်ဝင်** ဆိုတဲ့ ကားကိုတော့ ပိုသဘောကျတယ်။

**ထွန်းကိုကိုက ထောင်ထောင်မောင်းမောင်းရှိတော့ အက်ရှင်ဆန်ဆန် ဇာတ်ကားမျိုးတွေရော ရိုက်ပြဖို့ အစီအစဉ် ရှိမလား။**

ကျွန်တော် ရိုက်ကြည့်ချင်တယ်။ ရိုက်ပြီးထားတဲ့ကားတွေထဲမှာ ဖိုက်တင်ခန်းတွေတော့ တစ်ခန်းစ၊ နှစ်ခန်းစပါတယ်။ ဒါပေမဲ့ အဲဒီလောက်ကြီးတော့ ဖိုက်တင်မဆန်ဘူးပေါ့။ ကျွန်တော် ရိုက်ချင်တယ်။ ကိုယ်ခံပညာလည်း အရင်က သင်ထားတယ်။ အခုတော့ အလုပ်များနေတာကြောင့် ဆက်မသင်ဖြစ်တော့ဘူး။ လုပ်ချင်တယ်။ အဆင့်မီ အက်ရှင်ကားမျိုးတွေ နောက်ပိုင်းမှာ ရိုက်ဖြစ်မှာပါ။



**ပါဠိတက္ကသိုလ်ကနေ ဘွဲ့ယူခဲ့တယ်လို့ သိထားဖူးတယ်။ အဲဒါလေး ရှင်းပြပါဦး။**

ရိုးရိုး တက္ကသိုလ်ဘွဲ့ကတော့ မြန်မာစာနဲ့ ရထားတာပေါ့နော်။ အဲဒီကနေ ပါဠိတက္ကသိုလ်ဆက်တက်ပြီး အဘိဓမ္မာ ဒေါက်တာဘွဲ့ ထပ်ရထားပါတယ်။ ဒါကလည်း ကျွန်တော် စိတ်ဝင်စားလို့ပေါ့နော်။ ဗုဒ္ဓဘာသာဝင် လူငယ်တစ်ယောက်အနေနဲ့ သိထားသင့်တဲ့အကြောင်းအရာတွေကို သိသင့်တယ်ထင်လို့ တက်ခဲ့တာပါ။

**နောက်ဆုံးအနေနဲ့ ထွန်းကိုကိုရဲ့ပရိသတ်ကြီးအတွက် စာမျက်နှာကတစ်ဆင့် ထွန်းကိုကို ပြောချင်တဲ့ စကားလေးတွေ ပြောပေးပါဦး။**

ကျွန်တော် အခု အနုပညာ အလုပ်တွေလုပ်နေပါတယ်။ ဒါပေမဲ့ မင်းသားဖြစ်ချင်လို့ အနုပညာအလုပ်ကိုလုပ်နေတာ မဟုတ်ပါဘူး။ သူများတွေ မေးကြတယ်၊ ဘာလို့ ဒီအလုပ်လုပ်တာလဲတဲ့။ ကျွန်တော် ပြောချင်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။
ကျွန်တော်လုပ်ချင်လို့၊
လုပ်သင့်လို့
လုပ်နေတာပါ။
မင်းသားဖြစ်ချင်လို့
လုပ်နေတာ
မဟုတ်ပါဘူး။
မင်းသားမဖြစ်ရင်
သေရပါမယ်ဆိုတဲ့
စိတ်မျိုး
ကျွန်တော့်မှာ မရှိဘူး။
ခင်ပေါ်မှာ
ကျွန်တော်
ရယ်စရာလုပ်ပြလို့
ရှိသတ်ရယ်ကြရင်
ကျွန်တော်
ပျော်တယ်။
ဇိတ်သားပြင်မှာ
ဆိုရင်လည်း
ကျွန်တော် ရယ်အောင်၊
ငိုအောင် တစ်ခုခု
လုပ်ပြလို့ ပရိသတ်က
လိုက်ပါခံစားနိုင်ရင်
ကျွန်တော်
ကျေနပ်ပြီ။
ကျွန်တော် ရသတွေ
ပေးချင်တာပါ။
ပေးနိုင်အောင်လည်း
ကျွန်တော် ကြိုးစားနေပါ
တယ်။ ကျွန်တော့်ကိုလည်း
အားပေးကြပါဦးခင်ဗျား။
ခုလို ဖြေကြားပေးတဲ့
သွန်းကိုကို့ကို
ရွှေအမြုတေမဂ္ဂဇင်းက
ကျေးဇူးတင်ပါတယ်။
ကျွန်တော်ကလည်း
ဆရာဦးဝင်းငြိမ်းနဲ့တကွ
ရွှေအမြုတေမဂ္ဂဇင်းက
တာဝန်ရှိသူတွေကို
ကျေးဇူးအထူး
တင်ပါတယ်ခင်ဗျာ။

■

**ဟိန်းဆက်သွင်**



www.burmeseclassic.com

www.burmeseclassic.com



အရှင်တုန်းကသီပေါမင်း

အခုကောင်းဝန်မင်း ဂိုးပြစ်သွားတဲ့

# ညိုဝင်းစိန်

ဏင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲရာခုံရာတစ်မိနစ်တာ One Minute Interview

စိန်မဟာသဘင်က **ပါတော်မူ**ကို ကပြခဲ့ရာမှာ အရင် **ပါတော်မူ** တုန်းကတော့ ညီဝင်းစိန်က သီပေါမင်းနေရာမှာ ပါဝင်ကပြခဲ့ပြီး၊ အခုအခါမှာတော့ ကင်းဝန်မင်းကြီးအဖြစ် ပါဝင်ကပြခဲ့တဲ့အတွက် ဦးညီဝင်းစိန်ကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဦးညီဝင်းစိန်က အနားယူနေတဲ့ကြားက ကင်းဝန်မင်းကြီးနေရာ ကမ်းလှမ်းတဲ့အခါ ဘယ်လိုကြောင့် ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့တာလဲ။**

နံပါတ်တစ်က ဒီဇာတ်ထုပ်နဲ့ပတ်သက်ပြီး ထောင့်စေ့၊ နေရာစေ့ သိတာ၊ မှတ်မိတာ ကျွန်တော်တစ်ယောက်တည်း ရှိတယ်။ နောက်ပြီး အသက်အရွယ်အရလည်း အလိုက်ဖက်ဆုံးဖြစ်တယ်။ ကျွန်သက်ရှိမင်းသားတွေထဲမှာ ကျွန်တော်က အသက်အကြီးဆုံးပိုင်းထဲမှာ ရောက်နေပြီး မိသားစုထဲမှာလည်း အသက်ကြီးဆုံးပိုင်းကို ရောက်နေပြီဖြစ်လို့ **ပါတော်မူ** ကို မင်းဆက်နှစ်ဆက် အဖေ ဦးကနက်စိန်တို့တစ်ခေတ်၊ အဘိုး ဂရိတ်ဦးဖိုးစိန်တို့ တစ်ခေတ်။ အရင်တုန်းကတော့ ဦးကောင်းနေရာကို အဖေက ,ကခဲ့တာပါ။ အဖေ ကတာကို ကောင်းကောင်းကြည့်ခဲ့ရတယ်။ ကောင်းကောင်း မှတ်မိခဲ့တယ်။ အရင်တုန်းကတော့ သီပေါနေရာက ဦးလေး တစ်သက်စိန် ထွက်သွားတော့ ကျွန်တော်က သီပေါနေရာဝင်တယ်။ အဲဒီတော့ ဦးကောင်းကို အဖေက တစ်ဆက်၊ ကိုရဲစိန်က တစ်ဆက်။ အဖေသေသွားတော့ ကိုရဲစိန် ဦးကောင်းနေရာကိုဝင်တယ်။ ကျွန်တော်ကတော့ သီပေါပဲ။ အဲဒီလိုမိခဲ့တယ်၊ သိရှိခဲ့တယ်။ ဒါကြောင့် အနော်မာက ကျွန်တော့်ကို ဦးကောင်းနေရာက ရွေးချယ်ခဲ့တာ ဖြစ်နိုင်ပါတယ်။

**ဦးညီဝင်းစိန် သီပေါနေရာက စတင်ကပြတုန်းက အသက်တယ်လောက်လောက် ရှိပြီလဲ။ အဲဒီတုန်းက အောင်မြင်မှုကိုလည်းပြန်ပြောပြပါ။**

အသက်က တိတိကျကျတော့ မမှတ်မိတော့ဘူး။ ခန့်မှန်းခြေ ပြောပါဆိုရင်တော့ ၂၅ လောက်ရှိမယ်ထင်တယ်။ အောင်မြင်မှုကို ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့တုန်းက ခေတ်တွေက မတိုးတက်သေးဘူး။ အမြင့်ဆုံးမှ ကက်ဆက်ခေတ်။ အဲဒီတုန်းက ကက်ဆက်လောကမှာ အအောင်မြင်ဆုံးဖြစ်ခဲ့တယ်။ ကက်ဆက်ခေတ်ဆိုတော့ အသံသွင်းရင် မာစတာခွေနဲ့ သွင်းရတယ်။ မာစတာခွေကို ရောင်းပေးလိုက်မှ ဆိုင်တွေက အခွေတွေနဲ့ ပြန်ကူးတယ်။ အဲဒီဆိုင်တွေကမှ ကက်ဆက်ခွေနဲ့ သူတို့ဟာသူတို့ ပြန်သွင်းကြတယ်။ မာစတာခွေရောင်းတုန်းကလည်း ဈေးနှုန်း အမြင့်ဆုံး စံချိန်တင်ခဲ့တယ်။ ပြီးတော့ ကက်ဆက်နှစ်ခွေတွဲ စပြီးသွင်းတာ ကက်ဆက်လောကမှာ သီပေါမင်း **ပါတော်မူ** ကို နှစ်ခွေတွဲ ရဲရဲထုတ်ခဲ့တယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အောင်မြင်ခဲ့တာပါ။

**အရင်တုန်းက သီပေါမင်းအဖြစ် သရုပ်ဆောင်ခဲ့ရတော့ အခု ကင်းဝန်မင်းကြီး လုပ်တဲ့အခါ ပိုပြီး အဆင်ပြေသွားတယ်လို့ပြောလို့ရမလား။**

ကိုယ်က ဒါကို မျက်ခြည်မပြတ်ဘူး။ အဖေ ကင်းဝန်တုန်းကလည်း ပရိသတ်တစ်ယောက်အနေနဲ့ အားပါးတရကြည့်ခဲ့ဖူးတယ်။ နောက်ကိုယ် သီပေါဖြစ်တဲ့ အခါကျတော့လည်း အဖေ့ကို ကင်းဝန်မင်းကြီးနေရာက တွဲလာခဲ့တယ်။ အစ်ကို ကင်းဝန်ဖြစ်သွားတော့လည်း ကျွန်တော်က သီပေါပါပဲ။ အဲဒီလို ကင်းဝန်ကို တောက်လျှောက်တွဲပြီး လုပ်လာတဲ့အတွက် ကင်းဝန်ရဲ့စကားတွေကိုလည်း အားလုံး အာဂုံဆောင်နိုင်ခဲ့တဲ့ သဘောပါပဲ။ တစ်ထပ်တည်းနီးပါးလောက် အဖေ့ အမူအရာတွေ၊ ဟန်ပန်တွေ၊ စကားတွေကို သုံးခဲ့တာပဲ။ ကြည့်ကောင်းအောင် ဇာတ်ခန်းတိုးတာလောက်ကိုပဲ ကိုယ့်မူဟန်နဲ့ ကိုယ်လုပ်ခဲ့တာပါ။ မျိုးရိုးဂုဏ်ကိုဆောင်ရင်း ဂုဏ်ပြုခဲ့တာလို့လည်း ပြောလို့ရပါတယ်။


ဦးညီဝင်းစိန်

■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ကျုံရာဆုံရာ တစ်မိနစ်တာ One Minute Interview

**ပါတော်မူကို ကပြကြဖို့ ညှိနှိုင်းကြစဉ်တုန်းက ရွှေမန်းချမ်းသာကို ဦးကောင်းနေရာအတွက် လျာထားခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ယောအတွင်းဝန် ဦးဘိုးလှိုင်နေရာက ချမ်းသာ သရုပ်ဆောင် ဖြစ်ခဲ့ပါတယ်။ ကိုချမ်းက ပါတော်မူမှာ ဦးဘိုးလှိုင်ဇာတ်ရုပ် ပီပြင်ဖို့ ဘယ်လိုတွေ လေ့လာခဲ့ရတာလဲ။**

ကျွန်တော် **ပါတော်မူ** ကို ကက်ဆက်အခွေက တစ်ဆင့် ကြားခဲ့ဖူးတာပါ။ ကက်ဆက်ခေတ်မှာ **ပါတော်မူ** နာမည်ကြီးတဲ့ အချိန်ပေါ့။ အဲဒါကြောင့်လည်း နားထောင်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်က **ပါတော်မူ**မှာ နဂိုက ဦးဘိုးလှိုင်နေရာက မဟုတ်ပါဘူး။ ဦးကောင်းနေရာကပါ။ စာတွေအကုန်ရပြီးမှ ဦးဘိုးလှိုင်နေရာ ပြန်ပြီးလှည့်လိုက်ရတာပါ။ သူ့နေရာဆိုတော့လည်း သူ့မုဒ်ကို ရအောင် ဖမ်းခဲ့ရတာပါ။ အထူးသဖြင့်တော့ ဦးဘိုးလှိုင်ရဲ့ စကားတွေထဲမှာ တဘောင်တွေက သိပ်အရေးကြီးတယ်။ ဒါကြောင့် တဘောင်ရွတ်ရတာတော့ ကြောက်တယ်။ ဒါပေမဲ့ ကျတဲ့နေရာက အကောင်းဆုံး သူ့ဇာတ်ရုပ်နဲ့တူအောင် သရုပ်ဆောင်ရတာပေါ့။

**အဲဒီလို ဦးဘိုးလှိုင်နေရာက သရုပ်ဆောင်တဲ့နေရာမှာ ကိုချမ်းရဲ့ဟန်မာန်တွေကိုရော ဘယ်လောက်ထည့်ထားခဲ့တာလဲ။**

ကျွန်တော် သရုပ်ဆောင်ခဲ့ရတဲ့နေရာက တကယ်တမ်း တွက်ကြည့်ရင် ငါးခန်းလောက်ပဲရှိပါတယ်။ ငါးခန်းထဲလောက်ကမှ သုံးခန်းလောက်က တော်တော်လေး အရေးကြီးပါတယ်။ စကားတွေလည်းတော်တော်လေး ပြောရပါတယ်။ နောက်ဆုံးပိတ်ရောက်လေ စကားတွေက ပိုအရေးကြီးလေပဲ။ ကိုညီဝင်းစိန်နဲ့ အပြန်အလှန်ပြောရတာ။ ကိုညီဝင်းစိန်ကလည်း ဦးကောင်းနေရာကလုပ်ဖို့ သူ့ခမျာ တော်တော် အားယူရပါတယ်။ တစ်ယောက်မှားရင်လည်း တစ်ယောက်သိတယ်။ ချော်လဲရောထိုင်လည်း လုပ်တတ်တယ်။ စာတွေကများတော့ အထက်ရောက်သွားတာလည်း ရှိတယ်။ အဲဒါကို လိုက်လျောညီထွေစွာနဲ့ လုပ်ရတယ်။ ပြတ်ကျကျန်ခဲ့တဲ့ စကားလုံးတွေလည်းရှိတယ်။ နောက်ဆုံးနေ့ကျမှ အားလုံးပြည့်စုံသွားတော့တာ။ ဦးဘိုးလှိုင်ဇာတ်ရုပ်ပီပြင်ဖို့ပဲ အဓိကထားပြီး အနုပညာအတွက်ပဲ ကျွန်တော့်ဟန်ကလေးတွေ ထည့်ခဲ့တာပါ။

**ဦးဘိုးလှိုင်နဲ့ ဦးကောင်းတို့ ရာထူးပြုတ်သွားတဲ့အချိန် လွှတ်လပ်သွားကြပြီဖြစ်လို့ အဲဒီနေရာမှာ ဘယ်လို သရုပ်ဆောင်ခဲ့တာလဲ။**

ကျွန်တော့်ဖေဖေ ရွှေမန်းတင်မောင်ကခဲ့တဲ့ **လက်ဝဲသုန္ဒရ** မုဒ်လည်း ကျွန်တော် နည်းနည်းဝင်သွားတယ်။ ဟိုမှာလည်း လက်ဝဲကြီးကို ရာထူးဖြုတ်လိုက်တာလည်းပါတယ်။ အဲဒီမှာ လက်ဝဲကြီးကို ရာထူးဖြုတ်လိုက်တဲ့အချိန် ဒရမ်တီးပြီးပို့ပေးလိုက်တာလည်းပါတယ်။ အဲဒါကြောင့် ရင်ထဲမှာ ပိုပြီး ရိုက်ခတ်တယ်။ ဖောင်းတော်ချွတ်၊ စလွယ်တော်သိမ်း။ အဲဒီလို ပြောတဲ့အချိန်မှာ စည်တော်ကလည်း တီးပြီးပို့တယ်။ ဒီမှာက အချိန်ချုံ့ပြီးလုပ်ရဖြစ်ပေမဲ့ ခံစားချက်ကတော့ အတူတူပါပဲ။ အဲဒီအချိန်မှာ ခံစားချက်နဲ့ဆိုတော့ ပီပြင်သွားတယ်လို့ထင်ပါတယ်။




■ **လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာ တစ်မိနစ်တာ One Minute Interview

**ပါတော်မူ** ကို ပြန်လည်ဖော်ထုတ် ကပြတဲ့နေရာမှာ တိုင်တားမင်းကြီး နေရာကသာမက ဒါရိုက်တာအဖြစ်နဲ့ပါ တာဝန်ယူ တင်ဆက်ပေးခဲ့တဲ့အတွက် **ပါတော်မူ** နဲ့ပတ်သက်ပြီး မိုးမင်းကို မေးကြည့် ဖြစ်ခဲ့ပါတယ်။

**ကိုမိုးမင်းက ပါတော်မူကို ဒါရိုက်တာအဖြစ် ဘာဖြစ်လို့ တာဝန်ယူခဲ့ရတာလဲ။**

အနော်မာအဖွဲ့က ကိုမိုးမင်းပဲ တာဝန်ယူပေးပါဆိုလို့ လုပ်ဖြစ်ခဲ့တာပဲ။ ကိုယ့်အဖွဲ့က တာဝန်ပေးတယ်ဆိုတော့လည်း နဂိုကတည်းက စိတ်ဝင်စားခဲ့မှုနဲ့ လက်ခံဖြစ်ခဲ့တာပါ။

**ကိုမိုးမင်းက ပါတော်မူနဲ့ပတ်သက်ပြီး ဘယ်လိုတွေသိရှိထားလဲ။ ဘယ်လိုတွေ လေ့လာခဲ့တာလဲ။**

ပါတော်မူနဲ့ ပတ်သက်လို့ သေသေချာချာတော့ မကြည့်ဖူးပါဘူး။ အဲဒီတုန်းက ကျွန်တော်က ကျောင်းသားဘဝပဲ ရှိသေးတော့ ဇာတ်ထုပ်ကို မကြည့်ရခဲ့ပေမဲ့ ကက်ဆက်နဲ့ နားထောင်ခဲ့ဖူးတယ်။

ကြိုက်တယ်။ ပြီးတော့ ကြီးလာတဲ့အခါ အရမ်းစိတ်ဝင်စားတဲ့ ဇာတ်ဖြစ်နေတယ်။ သူက မော်ဒန်နိုက်ဖြစ်လာတဲ့ နောက်ပိုင်း ဇာတ်တော်ကြီး ဖြစ်တယ်။ ရိုးရိုးနောက်ပိုင်း မဟုတ်ဘူး။ ပြဇာတ်ကိုနွယ်သော နောက်ပိုင်းဇာတ်တော် ဖြစ်တယ်။ အဲဒီနောက်မှာ မော်ဒန်နိုက် ဖြစ်တာကတော့ **လက်ာဒီပချစ်သူ**ပေါ့။ **လက်ာဒီပချစ်သူ** က ပြဇာတ်ထဲ ရောက်သွားပြီ။ နောက်ပိုင်း ဇာတ်တော်ကြီးရဲ့ ဆို၊ ငို၊ ပြော ကို ရောက်ဖို့အတွက် နောက်ပြန်လှည့်ရတာပါ။ ဆရာမကြီး ဒဂုန်ခင်ခင်လေး ကိုယ်တိုင်က ဇာတ်ညွှန်းရေးထားတာဆိုတော့ အရမ်းလည်း သတိထားရတယ်။ ဆရာမကြီးရဲ့အာဘော်တွေကိုလည်း သတိထားရတယ်။ ပေါင်းစပ်တဲ့ဟာတွေကိုလည်း သမိုင်းကြောင်းထဲကပဲ ပေါင်းစပ်မယ်ဆိုပြီး သမိုင်းအထောက်အထားအရ အရမ်းကျွမ်းကျင်တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒု-ဝန်ကြီး ဦးသန်းဆွေဆီသွား,မေးပြီး အတိအကျ ယူကာ လုပ်သင့်တာတွေကိုပဲ လုပ်ခဲ့တာပါ။

**ကိုမိုးမင်းက တိုင်တားမင်းကြီးအဖြစ်လည်း ပါဝင်ကပြခဲ့တော့ တိုင်တားမင်းကြီးနဲ့ ပတ်သက်ပြီး ဘယ်လိုတွေ လေ့လာဖတ်မှတ်ခဲ့ရတာလဲ။**

ကျွန်တော် စ,သိတာက ဒီနေရာက ဗီလိန်ပါ။ တိုင်တားက ဗီလိန်ပဲ။ တိုင်တားတော်တော်မွေတာပဲလို့ ထင်လိုက်တယ်။ တိုင်တားကို လေ့လာရင်း နှလုံးသားနဲ့ သေသေချာချာ ခံစားကြည့်တဲ့အခါ တိုင်တားရဲ့ ကာရိုက်တာကို ကျွန်တော် တွေ့လာရတယ်။ တိုင်တားက အင်မတန် သစ္စာရှိတယ်။ ပဒေသရာဇ်စနစ်ရဲ့ သစ္စာရှိသောမင်းတစ်ပါး ဖြစ်နေတယ်။ သူ့အထက်အမိန့်ကို သူ အရမ်းလေးစားတယ်။ ဒါကြောင့် သူ လုပ်ဆောင်သမျှသည် အမိန့်ကြောင့် လုပ်တာတွေချည်းပဲ။ ပဒေသရာဇ်စနစ်နဲ့ သစ္စာစောင့်သိသော ကျွန်တစ်ဦးလို့လည်း မြင်တယ်။ ပြီးတော့ တိုင်တားက အဲဒီခေတ်မှာ အရမ်းတော်တဲ့သူလို့ ကျွန်တော် သွား,မြင်တယ်။ ဒါပေမဲ့ သူ့လုပ်ချက်တွေက အရမ်းပြင်းထန်တယ်။ အဲဒါတွေကို ကျွန်တော် မိကိုမိရမယ်လို့ စွဲမြဲပြီး တိုင်တားသည် လုပ်သင့်တာအားလုံးကို လုပ်သွားတယ်။ ဒါတောင်မှ ဒိုင်းခင်ခင်ကို သူ ဖက်ထားပေးပြီး အာဏာဖီဆန်သလို ဖြစ်သွားတယ်။ တိုင်တားက ဘုရင်ကို ချစ်တယ်။ ဒါပေမဲ့ သတ်ဆိုတဲ့အချိန်မှာ ဘာမှ မငဲ့ညှာတော့ဘူး။ အမိန့်တစ်ခုပဲ လုပ်တယ်။ နန်းရင်းဝန်က အကြီးဖြစ်လို့ သူ့ရဲ့အမိန့်ကိုပဲ နာခံပေမဲ့ ဘုရင်နဲ့မိဖုရားက အခုတိုက်ဆို ထ,တိုက်တယ်။ တိုင်တားရဲ့ အရသာသည် ဒါပဲလို့ တွေးပြီးတော့ သူ့ဇာတ်ရုပ်ကို ရအောင်လုပ်ခဲ့တာပါ။

**ညီလာခံသဘင်မှာ တုတ်ဆွဲ၊ ဓားဆွဲ မလုပ်ရဘူး။ ဒါပေမဲ့ အခု ပါတော်မူမှာ တွေ့ရတာတွေက ကိုမိုးမင်း ဖြည့်စွက်ထားတာတွေလား။**

အမှန်က ညီလာခံဆိုတာ လက်နက်ကိုင်ဆောင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ အရင်တုန်းက ဆရာမကြီးက ရေးထားတယ်။ ဆရာမကြီးရဲ့ ဇာတ်ညွှန်းအတိုင်းဖြစ်တယ်။ က,တာလည်း ညီလာခံမှာ ဓားထုတ်ပြီး လုပ်တာမျိုး ပါတယ်။ ကျွန်တော် ပြင်ရတာ အရမ်းခက်ပါတယ်။ မပြင်လည်း မပြင်ရက်ဘူး။ ဒါပေမဲ့ ဒါက ဖျော်ဖြေရေးဖြစ်တယ်။ ပါဖောမန့်ဖြစ်တယ်။ ဒါကြောင့် ရန်းရင်းဆန်ခတ်ဖြစ်တာဟာ တိုင်တားရဲ့ စရိုက်ကိုလည်း ဖော်ချင်လို့ မပြုပြင်ဘဲ ထည့်လိုက်တာပါ။ ညီလာခံထဲဝင်မယ်ဆိုရင် ပါသမျှ လက်နက် အကုန်ထားခဲ့ရတယ်။ ဓားမပါဘဲ ထ,ပြီး ပြောလို့ရပေမဲ့ ဟိုဘက်က ဇာတ်ကို ထောက်အကူပြုမယ့် ညီလာခံမှာ သွေးတစ်စက်ကျရင် ဘာဖြစ်နိုင်မလဲဆိုတဲ့စကားကို တစ်မျိုးပြင်ရဦးမှာဖြစ်လို့ ညီလာခံမှာ တိုင်တားက ဓားဆွဲပြီး ကြမ်းရမ်းပြတာကို ထည့်ခဲ့တာပါ။ ■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# တွေ့ရာဆုံရာတစ်မိနစ်တာ One Minute Interview

**ပါတော်မူ** ဇာတ်တော်ကြီးက အဓိကနေရာတစ်ခုဖြစ်တဲ့ ဆင်ဖြူမရှင်နေရာမှာ ဝါရင့်ဇာတ်မင်းသမီး နန်းခင်မွှေးက ပါဝင်သရုပ်ဆောင်ပေးထားလို့ ဆင်ဖြူမရှင်နေရာက ပါဝင်ဖြစ်ရခြင်းနဲ့ပတ်သက်ပြီး နန်းခင်မွှေးကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**အစ်မ နန်းခင်မွှေးက ပါတော်မူကို ကြည့်ဖူးခဲ့တာလား၊ ဖတ်ခဲ့ဖူးတာလား၊ မှတ်ခဲ့ဖူးတာလား။ ဆင်ဖြူမရှင်ရဲ့ ကာရိုက်တာကို မ,ကခင် ဘယ်လိုလေ့လာ ပြင်ဆင်ခဲ့တာလဲ။**

အဖေက အစ်မကို ငယ်ငယ်လေးကတည်းက စာအုပ်တွေ ဖတ်ခိုင်းခဲ့ဖူးတယ်။ အဖေ ရွှေနန်းတင်က ဦးကုလားရာဇဝင်တို့ စတာတွေကို ဖတ်ခိုင်းတယ်။ အဖေ့မှာရှိတဲ့ စာအုပ်တော်တော်များများကို အဖေက ပေးဖတ်တာ။ ဒါပေမဲ့ သူများပြောရင် ကိုယ်က နည်းနည်းလေး ဝင်ပြောနိုင်တာလောက်ပဲ ရှိတာ။ ဂဃနဏတော့ မသိဘူး။ **ပါတော်မူ** ကြီးက,ရတော့မယ်ဆိုမှ ငယ်တုန်းကတည်းက ဦးညီဝင်းစိန်တို့ရဲ့ 'စုရေ… စုရဲ့' ဆိုတာလောက်ပဲ အစ်မ မှတ်မိတယ်။ ငယ်သေးတော့ အဲဒီလောက် မမှတ်မိဘူး။ ဆင်ဖြူမရှင်နေရာက က,ရမယ်ဆိုတော့မှ အများဆုံးကတော့ ဖေဖေ့ကို မေးရတာပေါ့။ ဆင်ဖြူမရှင်နဲ့ပတ်သက်တဲ့၊ **ပါတော်မူ**နဲ့ ပတ်သက်တဲ့နေရာမှာ အစ်မ ပါရတာက နည်းနည်းလေးပဲ။ နန်းမတော်မယ်နုစာအုပ်ကို ဖတ်လိုက်ရတဲ့ အချိန်မှာ ဆင်ဖြူမရှင်ကို စိတ်ဝင်စားသွားတယ်။ အစ်မက မိန်းမတွေထက်တာကို သိပ်သဘောကျတယ်။ နန်းမတော်မယ်နုကို ဆရာတော် ဦးဗုဒ်က ပြောတယ်။ 'သူ့ဝင်္ကြေးရှိရင် ဆပ်ရမှာပေါ့' ဆိုတာကို ငယ်ငယ်တုန်းကတည်းက ဖေဖေတို့ ခဏခဏပြောဖူးတယ်။ သူ့လက်သုံးစကားလည်း ဖြစ်တယ်။ အဲဒါမျိုးတွေ ဖတ်ခဲ့ဖူးတယ်။ ဒီနေရာက လုပ်ရမယ်ဆိုတော့ ကိုယ်ခ္ဓကလည်း သဘောကျတယ်။

**ဆင်ဖြူမရှင်ကို သရုပ်ဆောင်တဲ့နေရာမှာ ကိုယ့်ရဲ့ ဇာတ်သဘင် အတွေ့အကြုံကလည်း ဘယ်လောက် အရေးပါတယ်လို့ ပြောလို့ရမလဲ။**

အစ်မ အသက်အရွယ်အရရော၊ အနုပညာသမ္မာအရရော အစွမ်းထက်တဲ့ မိန်းမတစ်ယောက်ကို သဘောကျနေတာပေါ့။ အဲဒီလို အကြောင်းအမျိုးမျိုးကြောင့် ရတဲ့နေရာလေးကို အကောင်းဆုံးဖြစ်အောင် ကိုယ်သိတဲ့၊ တတ်တဲ့ အနုပညာနဲ့ တင်ဆက်ခဲ့တာပါ။

**ဆင်ဖြူမရှင်နေရာက နန်းခင်မွှေး ကပြတဲ့အပေါ်မှာ ပရိသတ်က ဝေဖန်မှုတွေ ဘယ်လိုရှိခဲ့လဲ။**

ပြောကြတာကတော့ မာန်ပါတယ်လို့ ပြောကြပါတယ်။ အစ်မ စိုးရိမ်တာက အစ်မက အရပ်ပုတယ်။ ဆင်ဖြူမရှင်ဆိုတာက အစ်မ စိတ်ထဲမှာ စိုးမြတ်သူဇာနဲ့ ဆိုရင် အရမ်းမိုက်မှာဆိုပြီး ခံစားမိတယ်။ အစ်မတို့ မန္တလေးက ခေါင်ဘုရားဝင်းထဲကိုရောက်တော့ ခေါင်ဘုရားမျိုးနွယ်တွေကို တွေ့တယ်။ လက်ရှိ ခေါင်ဘုရားတွေပေါ့။ အဲဒီမှာ အခုလက်ရှိ မျိုးနွယ်ခေါင်ဘုရားက အစ်မထက်တောင် ပုသေးတယ်။ သေးသေးလေး။ သူကပြောတာ 'တို့ မျိုးစဉ်နွယ်ဆက်တွေက ပုကြပါတယ်' တဲ့။ အဲဒီတော့မှ 'သြော်' လို့ ဖြစ်သွားတယ်။ အဲဒီလို စိတ်သွင်းပြီး ငါ ဆင်ဖြူမရှင်ဖြစ်ရမယ်။ ဘယ်လောက်အထိဖြစ်သွားသလဲဆိုရင် က,နေတဲ့အချိန်မှာ အစ်မက ဆင်ဖြူမရှင်ဆိုတော့ သလွန်ပေါ်က ထိုင်ရတာ။ အောက်မှာ အသက်ကြီးတဲ့ ဦးညီဝင်းစိန်ရှိတယ်၊ ဦးချမ်းရှိတယ်၊ ဦးမိုးရှိတယ်။ နင်လား၊ ငါလားနဲ့ အစ်မ ဟောက်နေရတာ။ အဲဒီတော့ ကြိုပြီး ကန်တော့ထားသလို တောင်းလည်း တောင်းပန်ထားရတယ်။ စုဖုရားလတ်လုပ်တဲ့ တင်ဇာမိုးဝင်းလည်း ပလ္လင်ပေါ်က ထိုင်ရတာဆိုတော့ ဒီလိုပဲ ဦးလေးတွေ၊ အစ်ကိုတွေကို 'ကန်တော့ ကန်တော့' ဆိုပြီး တောင်းပန်ထားရတယ်။ တကယ်တမ်းက,တော့ ဂါရဝတရားတွေ၊ ဘာတွေ မေ့သွားတယ်။ တကယ်ကို ဟောက်တော့တာ။ မာန်အရမ်းပါတယ်။ ဘယ်လောက်အထိလဲဆိုရင် ဇာတ်နောက်တစ်ခန်းကူးဖို့ ဒီဘက်နေ ဟိုဘက်ကိုအကူးမှာ အစ်မက မျက်စိမကောင်းတော့ ဟန်ကြီးက ဟိုဘက်ကို တွဲပြီး ပို့တယ်။ စိန်ထွန်း (မိုးမင်း)ကလည်း ဟိုဘက်ကနေ ဒီဘက်ကိုကူးတာ ဝတ်စုံကြီးတွေနဲ့ပေါ့။ အဲဒီအချိန် နောက်မှာ တွေ့တာကို စိန်ထွန်းက ဒူးထောက်သွားတယ်။ အစ်မကလည်း 'အေး အေး' လို့ ပြောလိုက်မိတယ်။ ပြီးတော့မှ မဟုတ်ပါဘူးဆိုပြီး အပြင်မှာတောင် အဲဒီလိုဖြစ်သွားတယ်။ အနုပညာရှာန် ဝင်သွားတာရယ်၊ သမ္မာရယ်၊ အစွမ်းထက်တဲ့ မိန်းမတစ်ယောက်ဆိုတာရယ်၊ စိတ်ထဲမှာ ထည့်လိုက်တော့ ပရိသတ်သဘောကျစရာ ဖြစ်သွားတာပါ။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



**အရက်မသောက်ဘဲ**

မောင်မောင်တာဟုတ်တဲ့ကြောရှိတ်တာတွေကိုမော်ခဲ့တဲ့

# တင်မောင်ဆန်နီးမင်းဝင်း

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# ကျွံရာခုံရာတစ်မိနစ်တာ One Minute Interview

တင်မောင်ဆန်းမင်းဝင်းက **ပါတော်မူ** ဇာတ်တော်ကြီးကို ကပြတင်ဆက်ရာမှာ သီပေါမင်းရဲ့ ငယ်သူငယ်ချင်း ရနောင်မောင်မောင်တုတ် အဖြစ် ပါဝင်သရုပ်ဆောင်ပေးခဲ့ပါတယ်။

**ရနောင်မြို့စား မောင်မောင်တုတ်အဖြစ် သရုပ်ဆောင်ရမယ်ဆိုတော့ တင်မောင်ဆန်းမင်းဝင်းအတွက် ဒီနေရာအတွက် ဘယ်လိုတွေ လေ့လာပြီး သရုပ်ဆောင်ခဲ့ရတာလဲ။**

အရင်တုန်းက **ပါတော်မူ** ကို ကျွန်တော် မကြည့်ခဲ့ဖူးဘူး။ ဇာတ်လမ်းသဘောလည်း အခုမှ ကျွန်တော် ကြားဖူးတာပါ။ မောင်မောင်တုတ်ရဲ့ ကာရိုက်တာကိုတော့ လေ့လာခဲ့ဖူးပါတယ်။ အဓိက,ကတော့ လူကြီးတွေကို မေးရတယ်။ မောင်မောင်တုတ်ရဲ့ ကာရိုက်တာကိုမေးတော့ သူက အရက်သမား။ မိန်းကလေးတွေ အများကြီး ဝိုင်းနေတဲ့သူပေါ့နော်။ အဲဒီလို ကာရိုက်တာပေါ့။ အဲဒီမှာ ကျွန်တော့်ရဲ့ကြိုးစားမှုက မိန်းကလေးတွေများတယ်ဆိုတာကတော့ ထားလိုက်ပါတော့။ ကျွန်တော်ကလည်း မင်းသားဆိုတော့ မိန်းကလေးတွေနဲ့ပတ်သက်လို့ နည်းနည်းတော့ လေ့လာဖြစ်တယ်ပေါ့။ သိပြီးသားပါ။ အရက်မူးတဲ့ ကာရိုက်တာကို ကျတော့ အရက်သမားတစ်ယောက် ပုံစံဖြစ်အောင် အလေ့အကျင့်က ဘာလဲဆိုတော့ အရက်သောက်တဲ့သူဟာ သောက်တာများလာရင် 'အေ့'ဆိုပြီးတော့ လေတက်တာ အဖြစ်များတယ်။ ထန်းရည်မူးရင် ကိုယ်က အနောက်ကိုလန်တယ်။ အရက်မူးရင် အရှေ့ကို လန်တယ်။ ဒါလေးတွေ ကျွန်တော် လေ့လာထားတယ်။ ဒါပေမဲ့ ဘယ်အရက်မှ မသောက်ဘဲ ရအောင် အကောင်အထည် ဖော်ခဲ့တာပါ။

**တင်မောင်ဆန်းမင်းဝင်းက မူးနေတဲ့နေရာကလုပ်ရလို့ ပိုပြီး လွတ်လပ်တယ်လို့ ပြောလို့ရမလား။**

ဒီနေရာမို့လို့လည်း ပါ, ပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့လေ့လာမှုနဲ့ ကိုက်ညီသွားတာလည်း ပါ,ပါတယ်။ မောင်မောင်တုတ်နေရာက စကားပြောတော့လည်း လွတ်လွတ်လပ်လပ် ပြောလို့ရတာလည်း ပါ,ပါတယ်။

**လွတ်လွတ်လပ်လပ် လုပ်ရလို့ ပရိသတ် ရယ်စရာဖြစ်ခဲ့တာလား။ ကိုယ့်ရဲ့ဟာန်တွေကိုရော ဘယ်လို ထည့်ခဲ့သေးလဲ။**

စကားလုံးတွေ အားလုံးကတော့ နဂိုဟာန်တွေပါပဲ။ ကျွန်တော် နောက်ဆုံးနေ့မှာတော့ ကိုယ့်ဟာနဲ့ကိုယ် ထည့်လိုက်တာလေး ရှိပါတယ်။ ညီလာခံမှာ ကျွန်တော်က မူးပြီး ငိုက်နေတာ။ အဲဒီနေရာမှာ ဘာဆက်ပြောလိုက်သေးလဲဆိုတော့ 'မသိလို့ပါ ကိုရင်ဖေငယ်ရာ၊ ညီလာခံဆိုတာ အဲဒီလို ငိုက်နေတဲ့ဟာပဲ'။ အဲဒီလို စကားလုံး အတွေးထဲမှာပေါ်လာလို့ ပြောလိုက်သေးတယ်။ နိုင်ငံရေး မဟုတ်ပါဘူး။ ဟာသလေး ဖြစ်အောင် ပြောလိုက်တဲ့ သဘောပါပဲ။ ဇာတ်တော်ထဲက ကာရိုက်တာကို ဏ်သည် မရွေ့ မမှားရအောင် ကြိုးစားရင်း ကိုယ့်ရဲ့ သရုပ်ဆောင်မှုနဲ့ သရုပ်ဆောင်ခဲ့တာပါ။



တင်မောင်ဆန်းမင်းဝင်း

**မောင်မောင်တုတ်အဖြစ် သရုပ်ဆောင်ခဲ့ရာမှာ ဟာသတွေ တမင်ထည့်ခဲ့တာလား။ သူ့အထဲမှာ ပါပြီးသားမို့လို့လား။**

စကားလုံးကတော့ ဒီအတိုင်းသွားတာပါ။ အိုက်တင်ကတော့ အရင်ကလူတွေ ဘယ်လိုလုပ်ခဲ့လဲ မသိဘူး။ အဲဒီစကားလုံးနဲ့ ကျွန်တော့် အိုက်တင်ကိုက်ညီသွားလို့ ပိုပြီးတော့ ရယ်စရာဖြစ်သွားတယ်လို့ထင်ပါတယ်။ ကျွန်တော် လှုပ်မှ ဒီဇာတ်က ပိုကြွမှာဖြစ်လို့ပါ။ ကြိုက်ကြတယ်ဆိုတော့ လုပ်ရကျိုးနပ်တာပေါ့။

■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာခုံရာတစ်မိနစ်တာ One Minute Interview

အနော်မာသုခမ ကုမ္ပဏီက **ပါတော်မူ** ဇာတ်တော်ကြီးကို တင်ဆက်ခဲ့ရာမှာ ဇာတ်မင်းသားလေး ဟန်ဇာမိုးဝင်းက သီပေါဘုရင်ရဲ့ ငယ်သူငယ်ချင်း စာဆိုတော် မောင်ဖေငယ်နေရာက ပါဝင် ကပြဖြစ်ခဲ့တဲ့အတွက် မောင်ဖေငယ်အဖြစ် ကပြဖြစ်ခြင်းနဲ့ ပတ်သက်ပြီး ဟန်ဇာမိုးဝင်းကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**မောင်ဖေငယ်က သီပေါဘုရင်လက်ထက်မှာ စာဆိုတော်တစ်ဦးအဖြစ် ထင်ရှားခဲ့တယ်။ အဲဒီနေရာမှာ သရုပ်ဆောင်ဖို့ မောင်ဖေငယ်နဲ့ ပတ်သက်ပြီး ဘယ်လိုတွေ လေ့လာခဲ့ရလဲ။**

မောင်ဖေငယ်က စာဆိုတစ်ယောက်၊ ပြီးတော့ သီပေါမင်းရဲ့ ဘာလဲဆိုတာ သိဖို့အရေးကြီးတယ်။ သီပေါမင်းနဲ့ မောင်ဖေငယ်နဲ့ ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာကို လေ့လာကြည့်တယ်။ အဲဒီလို လေ့လာတဲ့အခါ ငယ်သူငယ်ချင်း သုံးယောက်ရှိတဲ့အထဲက သီပေါမင်းရဲ့အချစ်ဆုံး သူငယ်ချင်းထဲကနှစ်ယောက်။ အဲဒီနှစ်ယောက်ထဲမှာမှ မောင်ဖေငယ်က စာအတော်ဆုံးပုဂ္ဂိုလ်၊ စာအရဆုံး ပုဂ္ဂိုလ်၊ ကဗျာသမား၊ စာသမားဖြစ်တယ်။ တခြားဟာ ဝါသနာပါတဲ့သူလည်း ရှိတယ်။ ပျော်ပျော်ပါးပါးနေတတ်တဲ့သူလည်းရှိတယ်။ အဲဒီလိုတွေ ရှိတဲ့အထဲက မောင်ဖေငယ်ကတော့ ဒိုင်းအတွင်းဝန်မင်းကြီးရဲ့မွေးစားသား။ ဒိုင်းအတွင်းဝန်မှာက သမီးလေး ဒိုင်းခင်ခင်ရှိတယ်။ မွေးစားမောင်နှမဆိုတော့ မောင်ဖေငယ်က ဒိုင်းခင်ခင်ကို ကြိုက်ပေမဲ့ ဖွင့်မပြောဘဲနေတယ်။ သီပေါဘုရင်က မင်္ဂလာဘိသိက်ပွဲမှာ ဒိုင်းခင်ခင်ကို တွေ့သွားပြီး ကြိုက်သွားတယ်။ မောင်ဖေငယ်ကလည်း သီပေါက သူငယ်ချင်းဖြစ်နေတော့ ဒိုင်းခင်ခင်ကို ယောကျာ်းဟန်ဆောင်ပြီး ပို့ပေးလိုက်တယ်။ သူငယ်ချင်းကို ချစ်လွန်းအားကြီးလို့ပါ။ ဒီကိစ္စကို စုဖုရားလတ်က သိသွားတော့ ပြဿနာတွေတက်ပြီး အသတ်ခံလိုက်ကြရတယ်။ အဲဒါတွေကို ဖတ်မှတ်ပြီး၊ လူကြီးတွေပြောတဲ့ စကားနဲ့ မောင်ဖေငယ်ဇာတ်ရုပ်တူအောင် သရုပ်ဆောင်ခဲ့တာပါ။

**မောင်ဖေငယ်နေရာက သရုပ်ဆောင်တဲ့အခါ ဝတ်စုံတွေကို ဘယ်လိုပြင်ဆင်ခဲ့ရတာလဲ။ အရင်အတိုင်းပဲလား၊ ဒီဘက်ခေတ်နဲ့ လျော်ညီအောင်လား။**

အရင်တုန်းက ပုံစံအတိုင်းတော့ မဟုတ်တော့ဘူး။ ဘာမဟုတ်တော့တာလဲဆိုရင် ပိတ်စချည်သားက အစ ဘယ်လောက်ပဲ ဒီဇိုင်းတူအောင်လုပ်လုပ် အဲဒီတုန်းက အသားတွေ၊ အထည်တွေ မဟုတ်တော့ဘူး။ အဲဒီတုန်းက အဝတ်အစားတွေကလည်း မရှိနိုင်တော့ဘူး။ ဒါကြောင့် ဒီဘက်ခေတ်မှာ ပုံစံတူအောင်လုပ်တာပဲ ရှိတယ်။ ညီလာခံဆိုရင်လည်း Movie File မရှိတဲ့အတွက် အတိအကျ ဘာလိုမှန်း ကျွန်တော်တို့ မသိဘူး။ ရှိတဲ့ဟာတစ်ခုကို ပြမယ်ဆိုရင်တော့ အဲဒီအတိုင်း လိုက်လုပ်လို့ရတယ်။ ဘုရင်ရှေ့မှာ ဘယ်လိုထိုင်တယ်။ ဘယ်လိုလျှောက်တင်တယ်။ ဘယ်လိုမော့ကြည့်ရတာလဲ။ အဲဒီလို အတိအကျမရှိဘူး။ အဲဒါတွေကို မေးမြန်းပြီး နီးစပ်အောင်လုပ်ရတဲ့အတွက် မှားတာတွေလည်း ရှိမယ်။ လူကြီးတွေ ပြောခဲ့တဲ့ ကြားဖူးနားဝစကား၊ ဒီအကြောင်းတွေရေးခဲ့တဲ့ စာရေးဆရာတွေရဲ့ အာဘော်တွေအတိုင်းပဲ ဖတ်မှတ်ပြီးလုပ်ရတယ်။

**ဒီအတွက် ဟန်ဇာမိုးဝင်းကို ဘယ်လိုတွေ အားပေးခဲ့ကြလဲ။ ဝေဖန်ပြောကြားခဲ့ကြလဲ။**

ကျွန်တော်က တော်တော်ပျော်သွားတယ်။ ကြည်နူးမှုလည်း ဖြစ်မိတယ်။ ကျွန်တော်တို့ကိုယ်တိုင် ဇာတ်သမားဖြစ်ပေမဲ့ မမြင်ဖူးခဲ့ဘူး။ ကျွန်တော်တို့မွေးတော့ ဒါတွေ မကကြတော့ဘူး။ ၈၈ ပြီးတဲ့နောက်ပိုင်း လုံးဝ မကကြတော့ဘူး။ ဇာတ်ရုံအကြီးတွေလည်း မရှိတော့ဘူး။ ဇာတ်အိမ်ကြီးတွေလည်း မကကြတော့ဘူး။ ဆက်တင်ဆိုရင်လည်း သေးသေးလေးနဲ့၊ ထောင်ဘုတ်လေးတွေနဲ့၊ သေတ္တာတွေနဲ့ ဆင့်ပြီး ထိုင်ခဲ့ရတာပဲ ရှိတယ်။ အခုလို ပလ္လင်ကြီးကို နောက်ဘက်က တက်ရတဲ့ဟာတွေနဲ့ အခုမှ မြင်ရတော့ ကျွန်တော်လည်း သဘောကျတယ်။ ပရိသတ်တွေလည်း ကြိုက်ကြမှာပါ။ ဒီထဲမှာ ပါဝင်ခဲ့တဲ့သူတွေကလည်း ငါပေါ်မှ၊ ငါ့နေရာကို ငါရအောင်လုပ်မယ်ဆိုတဲ့စိတ် မရှိဘဲ **ပါတော်မူ** ဇာတ်ကြီးကို ကောင်းအောင်လုပ်မယ်ဆိုတဲ့ စိတ်တစ်ခုတည်းကြောင့် တစ်ပြေးညီ ဖြစ်သွားပြီး ဇာတ်ကို ပံ့ပိုးပေးနိုင်ခဲ့တယ်လို့ ထင်ပါတယ်။ ဝေဖန်မှုပြုတာတွေကလည်း ရှိနိုင်ပေမဲ့ ဒီလိုခမ်းခမ်းနားနားကြီး မြင်လိုက်ရတာကိုပဲ ကျေနပ်အားရမှုနဲ့ အပြစ်မတင်နိုင်တော့ဘူးလို့ ထင်ပါတယ်။ ဒါကြောင့် ဒီဇာတ်တော်ကြီး ပါဝင်ကပြခွင့်ရလိုက်တာ အားလုံးအတွက် ကောင်းသွားပါတယ်။ ■

**လင်းနိုင်ဦး**

www.burmeseclassic.com






www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# အင်တာဗျူးတစ်မိနစ်တာ One Minute Interview

အရင်တုန်းက စိန်မဟာသဘင် ကပြတင်ဆက်မှုမှာ **ပါတော်မူ** ဇာတ်တော်ကြီးကို အဘိုး၊ ဦးလေးနဲ့ အဖေတို့က ကပြခဲ့ကြပြီး အခု ပြန်လည် တင်ဆက်ရာမှာ သီပေါမင်း နေရာက ကပြကခဲ့တဲ့ စိန်မဟာသဘင်မျိုးဆက် ဇံဟိန်း ကို **ပါတော်မူ**နဲ့ ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဇံဟိန်းက စိန်မဟာသဘင်မျိုးဆက် ဆိုတော့ ပါတော်မူကို ဘယ်လိုသိမြင် ကြားခဲ့ရတာလဲ။**

ကျွန်တော့်အဘိုး ဦးကနက်စိန်၊ ဦးတစ်သက်စိန်၊ သူတို့လက်ထက် ကတည်းက သုံးဆက်မြောက်အဖြစ် ကပြခွင့်ရတာပါ။ အဲဒီအတွက် သီပေါမင်းရဲ့ ကာရိုက်တာကို အရင်တုန်းက သီပေါမင်းနေရာက ကပြခဲ့တဲ့ ဦးလေး ညီဝင်းစိန်နဲ့ အရင်ဆုံး တိုင်ပင်ရတယ်။ အဒေါ်တွေ၊ အစ်မတွေကို မေးရတယ်။ ဒါ့အပြင် **ပါတော်မူ** ဇာတ်ထုပ်ကြီးပေါ်မှာ စိတ်ကို နှစ်ပြီးတော့ ဆရာတွေ သင်ပေးတဲ့ အပေါ်မှာ အကောင်းဆုံးဖြစ်အောင် လုပ်ပေးခဲ့တာပါ။ အရင်တုန်းကတော့ **ပါတော်မူ**ကို ကခဲ့တာ မမြင်ဖူးခဲ့ပါဘူး။ ကက်ဆက်အခွေနဲ့ပဲ နားထောင်ဖူးတယ်။ အခု ကမယ်ဆိုတော့မှ အစ်မဆီက ကက်ဆက်အခွေ တောင်းပြီး နားထောင်ပြီးတော့မှ ဇာတ်စာတွေကို ကျက်ရတယ်။ ကျက်ပြီးတဲ့အချိန်မှာ လိုအပ်တာတွေကို ကျွန်တော့် ဦးလေး ညီဝင်းစိန်၊ ပြီးတော့ ဒါရိုက်တာအဖြစ် ဆောင်ရွက်တဲ့ ဦးမိုးမင်း၊ ဆရာသန်းထွန်း(မလှိုင်)တို့ကို မေးပြီးတော့ သူတို့ ပြောတဲ့အတိုင်း လုပ်ဖြစ်ခဲ့တာပါ။

**သီပေါမင်းနဲ့ ပတ်သက်ပြီး ကိုယ်သရုပ်ဆောင်ရမယ့်နေရာဆိုတော့ ဘယ်လိုစာမျိုးတွေ ဖတ်ခဲ့လဲ။ ကာရိုက်တာကို ဘယ်လိုလေ့လာခဲ့လဲ။**

ကျွန်တော့် ဖတ်ရသလောက်တော့ နဂိုက သီပေါမင်းပုံစံကိုက လူအေး၊ ပြီးတော့ ပထမပြန် ရှင်လူထွက်၊ သူက တရားဓမ္မနဲ့ပဲ နေချင်တာ ဒါပေမဲ့ မထင်မှတ်ဘဲနဲ့ ရှင်ဘုရင်ဖြစ်သွားတဲ့အတွက် အဲဒီတုန်းက သူက အသက် ၂၀ ပဲ ရှိသေးတယ်။ အေးအေးနေတဲ့သူက ဘုရင်ဖြစ်သွားတဲ့အတွက် တိုင်းရေး ပြည်ရာကို သူ စိတ်သိပ်မဝင်စားဘူး။ ဘုရင်ဖြစ်လာတဲ့ပေါ်မှာ မူတည်ပြီး အကောင်းဆုံးတော့ တတ်နိုင်သလောက်လုပ်ဆောင်တယ်။ အဲဒီအချိန်မှာ စုဖုရားလတ်နဲ့ လက်ထပ်လိုက်ရတယ်။ စုဖုရားလတ်ကလည်း နဂိုကလည်း ထက်မြက်တဲ့မိန်းမ၊ မာန်ရှိတဲ့ မိန်းမ၊ သီပေါကလည်း တိုင်းပြည်ကို စိတ်မဝင်စားတဲ့သူဆိုတော့ စုဖုရားလတ်ကို ချစ်တဲ့အခါကျတော့ တိုင်းရေးပြည်ရာတွေပါ စုဖုရားလတ်ကို လွှဲလိုက်တဲ့သဘော သက်ရောက်တယ်။ အဲဒီအချိန်တုန်းက အင်္ဂလိပ်တွေက အိန္ဒိယတစ်နိုင်ငံလုံးကို သိမ်းထားပြီးပြီ။ သီပေါမင်းက နိုင်ငံရေးကို နဂိုကတည်းက စိတ်မဝင်စားတဲ့အတွက်ကြောင့် သူ့တိုင်းပြည်ကို ကောင်းကောင်း မအုပ်ချုပ်နိုင်ခဲ့ဘူးလို့လည်း ပြောလို့မရဘူး။ သီပေါမင်းမဟုတ်ဘဲ တခြား ထက်မြက်တဲ့မင်းတစ်ပါး တက်မယ်ဆိုရင်လည်း ကျွန်တော်တို့မြန်မာနိုင်ငံက ပါတော်မူမှာပဲ။ ကျိန်းသေ ကျွန် ဖြစ်မှာပဲ။ အင်္ဂလိပ်တွေက အဲဒီအချိန်မှာ အင်မတန် အင်အားကြီးမား နေတဲ့အချိန်။ အိန္ဒိယတစ်နိုင်ငံလုံးရော၊ တရုတ်တွေကိုပါ သိမ်းထားနိုင်ပြီဖြစ်တဲ့အတွက် ထက်မြက်တဲ့ဘုရင်တစ်ပါး မင်းပြုမယ်ဆိုရင်တောင်မှ မရနိုင်ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံသားတွေ ဒီလိုဖြစ်ရတာ သီပေါမင်းကြောင့် မဟုတ်ဘူးလို့ ကျွန်တော် ပြောချင်တယ်။ အဲဒီလိုတွေ လေ့လာပြီး အနီးစပ်ဆုံးနဲ့ အကိုက်ညီဆုံးဖြစ်အောင် ကျွန်တော် သရုပ်ဆောင်ခဲ့တာပါ။

**အဲဒီလို သရုပ်ဆောင်တဲ့ နေရာမှာ နဂို သီပေါမင်းအတိုင်း သရုပ်ဆောင်ခဲ့တာလား၊ ဇံဟိန်းရဲ့ မူဟန်တွေနဲ့ သီပေါမင်းအဖြစ် သရုပ်ဆောင်ခဲ့တာလား။**

ကျွန်တော့်ဦးလေးရဲ့ 'စုရေ… စုရဲ့' လို့ ခေါ်ပုံလေးတွေကို အတုယူပြီး သရုပ်ဆောင်ခဲ့တာတွေ ပါတယ်။ ကိုမိုးမင်းရဲ့ သင်ပြမှုလေးတွေကို ယူခဲ့တယ်။ ဒီဇာတ်မှာက 'စုရေ…စုရဲ့' ဆိုတာ အရေးပါတဲ့အတွက် စ,ကျင့်ကတည်းက ဦးလေးဆီမှာ သွားဆိုပြတယ်။ ဦးလေးရဲ့မူကို ကျွန်တော်က ပရိသတ်လည်း ချစ်သွားအောင် 'စုရေ…စုရဲ့…'လို့ နည်းနည်းလေး ပြောင်းပြီး ခေါ်ခဲ့တယ်။ ဒါကို ပရိသတ်က ကြိုက်ခဲ့တယ်လို့ ပြောကြတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ပါတော်မူ ဇာတ်တော်ကြီးမှာ သီပေါမင်းရဲ့မိဖုရား၊ အလွန်ထက်မြက်တဲ့ စုဖုရားလတ်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့တဲ့ တင်ဇာမိုးဝင်းကို စုဖုရားလတ်နေရာ သရုပ်ဆောင်ဖြစ်ခဲ့ခြင်းနဲ့ ပတ်သက်ပြီး မေးကြည့်ဖြစ်ခဲ့ပါတယ်။

**အဓိကနေရာကျတဲ့ စုဖုရားလတ်အဖြစ် သရုပ်ဆောင်ဖို့ ဘယ်လိုတွေ လေ့လာ ဖတ်မှတ်ခဲ့ရတာလဲ။**

အရင်တုန်းက ဒီဇာတ်ကိုသိတာ သီပေါမင်းနဲ့ စုဖုရားလတ်တို့ အရှင်နှစ်ပါး ပါတော်မူ သွားတယ်။ ဒါပဲ သိတယ်။ ကိုယ်က ကလေးဆိုတော့ ကျန်တာဘာမှမသိဘူး။ ဒီဇာတ်မှာ သရုပ်ဆောင်ရမယ်ဆိုတာ ပြီးခဲ့တဲ့ ဂရိတ်ဦးဖိုးစိန် နှစ် ၁၃၀ ပြည့်ပြီးတဲ့ အခါမှာ ပွဲတစ်ပွဲထပ် လုပ်ဦးမယ်။ အန်တီနီ (ဒေါ်နီလာခင်မြင့်)တို့က ပါတော်မူ ကြီးကို က,ချင်တယ်ဆိုတော့ အန်တီနီက ပြောတယ်၊ စုဖုရားလတ် လုပ်ရမယ်တဲ့။ အဲဒီလို အန်တီနီတို့၊ မမပတ္တမြားကေခိုင်တို့က ပြောခဲ့တယ်။ ဒါပေမဲ့ အဲဒီလောက် မလေ့လာဖြစ်ခဲ့ဘူး။ တကယ် လုပ်ရမယ်ဆိုတော့မှ စာအုပ်တွေ လိုက်ရှာ ဝယ်ဖတ်တယ်။ စုဖုရားလတ် ရှင်းတမ်းတို့၊ စုဖုရားလတ်နဲ့ ပတ်သက်တဲ့ ကေရီမိဖုရားတို့၊ ဆရာတက္ကသိုလ်စိန်တင် ရေးတဲ့စာအုပ်တို့၊ နန်းတွင်းနဲ့ ပတ်သက်တဲ့အကြောင်းတွေ လိုက်ပြီးဖတ်ခဲ့တယ်။ မိဖုရားရဲ့စိတ်ကို လေ့လာခဲ့တယ်။ စာတွေထဲမှာ တွေ့ခဲ့တာရယ်၊ လူကြီးတွေပြောခဲ့ကြတာရယ်၊ တကယ်က,ခဲ့တဲ့ ဦးညီဝင်းစိန်တို့ ပြောပြခဲ့တာတွေ၊ ထွက်ခဲ့တဲ့ ကက်ဆက်ဇာတ်လမ်းတွေ နားထောင်ပြီး ကိုယ့်ပုံစံနဲ့ သရုပ်ဆောင်ခဲ့တာပါ။

**စုဖုရားလတ်ရဲ့ ဟန်တွေ၊ မာန်တွေကို ရော တင်ဇာမိုးဝင်းက ဘယ်လို မွေးခဲ့တာလဲ။**

စုဖုရားလတ်က သူလည်း ဘုရင့်သမီးတစ်ယောက်ဖြစ်တယ်။ သူ့အမေကလည်း ထက်တဲ့မိန်းမ။ နဂိုကတည်းက စုဖုရားလတ်ထက်တယ်ဆိုတာလည်း အားလုံးသိပြီးသား။ စာအုပ်တွေ ဖတ်တဲ့အခါကျတော့ စုဖုရားလတ်က ယောကျ်ားတစ်ယောက်လိုမျိုး စိတ်ဓာတ်ရှိတယ်။ အဲဒါတွေ မွေးမြူရတာရယ်။ ပြီးတော့ စုဖုရားလတ်ပြောရမယ့် စာတွေ၊ စကားတွေ ပြောကြည့်လိုက်တဲ့အခါ ဟန်တွေ၊ မာန်တွေက သူ့အလိုလို ပါလာတာပါ။

**စကားလုံး၊ စာသားတွေကြောင့် ဟန်တွေ၊ မာန်တွေ ရခဲ့တာလား။ အဝတ်အစားနဲ့ရော ဘယ်လိုရခဲ့သေးလဲ။**

အဝတ်အစားကလည်း အများကြီး ပံ့ပိုးပါတယ်။ ဘိသိက်မှာဝတ်တဲ့ မလ္လိကာတန်ဆာကို ဝတ်လိုက်တယ်ဆိုရင်ပဲ မာန်က ဝင်ပြီးသားဖြစ်တယ်။ ဒီအဝတ်အစားတွေအတွက် ဒီဇိုင်နာ မင်းသက်စံက အကောင်းဆုံး လုပ်ပေးခဲ့သလို၊ ချိတ်တွေကိုလည်း မန္တလေး ယွန်းရွှေရည်က လုပ်ပေးခဲ့တယ်။ အဲဒီဝတ်စုံတွေကြောင့်ရော၊ ဖတ်ရင်းမှတ်ရင်း ဒီဟန်တွေ၊ မာန်တွေစိတ်ကိုရလာတယ်။ စုဖုရားလတ်က ယောကျ်ားဆန်တဲ့စိတ်ဓာတ်မျိုး။ ကိုယ်ကလည်း အပြင်မှာ မိန်းမသိပ်ဆန်တဲ့သူ မဟုတ်ဘူး။ ပုံစံချင်းလည်းတူတယ်။ ဒါတွေကြောင့်လည်း စုဖုရားလတ်ဖြစ်ခဲ့တယ်လို့ ထင်ပါတယ်။ တော်တော်များများကတော့ ကျေနပ်တယ်လို့ ပြောပေမဲ့ အဝတ်အစားပိုင်းကိုတော့ ဝတ်တာစားတာ ဟုတ်ကော ဟုတ်ရဲ့လားလို့ မေးကြတယ်။ အဲဒါက လွန်ခဲ့တဲ့ ၁၈၈၅ ခုနှစ်က အဖြစ်အပျက်ကို ၂၀၀၀ ခုနှစ်ကျော်မှာ လုံးဝတူဖို့ မဖြစ်နိုင်တော့ဘူး။ ကပြတယ်ဆိုတာလည်း အနုပညာတင်ဆက်မှုတစ်ခုပါ။ အနုပညာနဲ့ပဲ ကြည့်ပေးကြပါလို့ ပြောချင်ပါတယ်။ ■




**လင်းနိုင်ဦး**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# စိန်မဟာသဘင်ရဲ့ ပါတော်မူကို ပြန်လည်ဆန်းသစ်

လင်းနိုင်ဦး

တစ်ခေတ် တစ်ခါက **ပါတော်မူ** ဇာတ်တော်ကြီးကို စိန်မဟာသဘင်က ကပြပြီဆိုရင် ရုံပြည့်ရုံလျှံဖြစ်ခဲ့ရုံမက ရုံပါကွဲတဲ့အထိ ဖြစ်ခဲ့ရတယ်လို့ ကြားဖူးခဲ့ပါတယ်။ အဲဒီလို စိန်မဟာသဘင် အောင်မြင်ခဲ့တဲ့ **ပါတော်မူ** ကို အနော်မာသုခုမ ကုမ္ပဏီက သူတို့ရဲ့ ပွဲဦးထွက် တင်ဆက်မှုအဖြစ် ကြီးကျယ် ခမ်းနားစွာနဲ့ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံမှာ ဩဂုတ်လ ၃၀ နဲ့ ၃၁ ရက်နေ့ ညများက တင်ဆက်ကပြခဲ့ပါတယ်။ ဒီလိုတင်ဆက်ကပြရာမှာ နာမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

သဘင်မင်းသား၊ မင်းသမီးများက ပါဝင်တင်ဆက်ပေးကြတာဖြစ်ပြီး ဆိုင်းကိုတော့ စား ဖိုးသကြ်န်နဲ့ ခေတ်ပေါ် ဂီတကို ကိုစိုးနဲ့အဖွဲ့က ခတ်ပေးခဲ့တာဖြစ်ပါတယ်။ **ပါတော်မူ** ကို စိန်မဟာသဘင်ရဲ့ မူဟန်အတိုင်း စိန်မဟာသဘင် အမည်နဲ့ တင်ဆက်ခဲ့ရာမှာ ချမ်းသာ၊ ..င်း၊ မိုးမင်း၊ ညီဝင်းစိန်၊ ..င်မောင်ဆန်းမင်းဝင်း၊ ဟန် ..မိုးဝင်း၊ ဇံဟိန်း၊ နန်းခင် ..၊ ခိုင်သဇင်သင်း၊ ဝင်း ..ပြေထွန်း၊ တင်ဇာမိုးဝင်း၊ ..ည်မျိုး၊ နေခြည်ငြိမ်းချမ်း ..နဲ့ လူရွှင်တော်များအဖြစ် ..ရွှေဂဲ၊ အရိုင်း၊ ငြိမ်းချမ်း၊ ..ဘောင်ညောင်၊ ရာကျော်၊ ..ကျော်ထူး စတဲ့ အနုပညာရှင် ..နဲ့ စိန်မဟာသဘင်အဖွဲ့ ..အဖွဲ့သားများ၊ မဟာရန် ..န်စံပြသဘင်မှ အဖွဲ့သူအဖွဲ့ ..သားများက **ပါတော်မူ** ကို ..ခေါ်ကပြပေးခဲ့ကြပါတယ်။

ဒီအထဲမှာ အနော်မာ ..မကုမ္ပဏီရဲ့ ဦးဆောင်သူ ..ဖြစ်တဲ့ ဇာတ်မင်းသားကြီး ..ဝင်းက ဇာတ်သဘင်ကို ..ဖြစ်တော့တာ ကြာပြီဖြစ် ..မဲ့ **ပါတော်မူ** မှာတော့ လေ့ ..င်းအတွင်းဝန်အဖြစ် ပါဝင် ..ပါတယ်။ ပါဝင်ကပြရခြင်း ..တ်သက်ပြီး မိုးဝင်းက ကျွန်တော်က မကတော့ဘူး ..ပြောထားပေမဲ့ ဒီမှာက သဘင်တာဝန်ထမ်းဆောင်တာ .. ပြောချင်တာက ဘာလဲ ..တော့ ဒီလိုပွဲမျိုးတွေမှာ ..ထောင့်တစ်နေရာက ..ရုတ်တရပေါ့ဗျာ။ ကျွန်တော်တို့ကိုယ်တိုင်က ..တုန်းက သဘင်ပညာရှင်ကြီးတွေ၊ အဘိုးတွေ၊ အဖေတွေ ကခဲ့တဲ့ အနုပညာတွေကို ပြန်လည်ဂုဏ်ပြုချင်တယ်။ နောက်တစ်ခါ အခုခေတ် လူငယ်လေးတွေနဲ့ ပြန်လည်လက်တွဲပြီးတော့ သဘင်တာဝန်ကိုအတူတူ ထမ်းရွက်ချင်တဲ့အခါကျတော့ ဒီလိုပွဲမျိုးတွေမှာ ဂုဏ်ပြုတဲ့အနေနဲ့ ပါဝင်ကပြပေးတယ်' လို့ မိုးဝင်းက ပြောပြခဲ့ပါတယ်။ **ပါတော်မူ** ဇာတ်တော်ကြီးကို ပြန်လည်တင်ဆက်ရခြင်းနဲ့ ပတ်သက်ပြီး အနော်မာကို ဦးဆောင်သူ မိုးဝင်းက '**ပါတော်မူ** ကို ကပြရခြင်းက ကျွန်တော်တို့ ဇာတ်သဘင်သမိုင်းနဲ့ပြောရင် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ ဇာတ်ပဲ ဖြစ်ပါတယ်။ ပြီးတော့ ဒီမှာ ဆို၊ ငို၊ ပြော ပညာရပ်တွေ ပါဝင်ပါတယ်။ ပြီးရင် ကျွန်တော်တို့ကိုယ်တိုင်က ဝတ်စားဆင်ယင်ရတာ အရမ်းခက်ပါတယ်။ ဒီဝတ်ဆင်ရတာတွေ အားလုံးသည် တစ်ခါတစ်ခါကျလို့ရှိရင် ပြောင်းလဲမှုဟာ တောက်လျှောက်ရှိနေတယ်။ တစ်စုံတည်းကို ဝတ်ရတာ မဟုတ်ဘူး။ ခက်ခဲတဲ့အဝတ်အစားတွေ ပါဝင်တယ်။ နောက် စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လည်း ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့က





www.burmeseclassic.com

www.burmeseclassic.com




အမှတ်တရလည်းဖြစ်မယ့် ဇာတ်လမ်းမျိုးဖြစ်တယ်။ နိုင်ငံသူ၊ နိုင်ငံသားတွေ အတွက်လည်း တစ်သက်လုံး အမှတ်ရနေတဲ့ဇာတ်လမ်းမျိုး ကို တင်ဆက်ဖျော်ဖြေချင်ပါ တယ်။ စိန်မဟာသဘင် အနေနဲ့လည်း ဒါကို ပြန်လည်ပြီး ဖော်ထုတ် ချင်တယ်ဆိုတော့ အားလုံးက အနော်မာအသိုင်းအဝိုင်းတွေ ဖြစ်နေတဲ့အခါကျတော့ ဝိုင်းဝန်းကူညီပြီး တင်ဆက်လိုက်ရခြင်း ဖြစ်တယ်။ ပထမဝတ်စုံက လှေသင်းအတွင်းဝန်၊ နောက်တစ်စုံက ညီလာခံမှာ ရာထူးရပြီး ရေတပ်ဗိုလ်ချုပ်လို့ခေါ်တဲ့ ဝန်ကြီးအဖြစ် **ပါတော်မူ** မှာ သရုပ်ဆောင်ရတာဖြစ်တယ်' လို့ မိုးဝင်းက ပြောပြခဲ့ပါ တယ်။ **ပါတော်မူ** ကို အမျိုးသားဇာတ်ရုံမှာ အထူးပွဲ တစ်ပွဲနဲ့ နှစ်ည သုံးရက်ဆက်ပြီး ကပြရာမှာ သုံးရက်စလုံး အားပေးတဲ့ သူတွေ ပြည့်နေပါတယ်။ **ပါတော်မူ** ကို တင်ဆက်ရာမှာ **ပါတော်မူ** သက်သက် မဟုတ်ဘဲ အပျိုးအနေနဲ့ စိန်မဟာသဘင် ကပြ တင်ဆက်ခဲ့တဲ့ သီပေါမင်း နန်းတက်တဲ့ဇာတ်၊ ရနောင်မောင်မောင်တုတ်ရဲ့ ဇာတ်၊ စာဆိုတော် မောင်ဖေငယ်ရဲ့ဇာတ်၊ မြင်ကွန်းမြင်းခုံတိုင် အရေးအခင်းဇာတ်ထဲက ဇာတ်ကွက်တချို့တို့ကို ကောက်နုတ်ပြီး အပျိုးအဖြစ် ကပြ တင်ဆက်ခဲ့တာဖြစ်လို့ သီပေါမင်းရဲ့ငယ်ဘဝများကို



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်များ သိခွင့်ရခဲ့ပါတယ်။ အဲဒီမှာ သီပေါမင်းနဲ့ သူငယ်ချင်းများဖြစ်ကြတဲ့ နောင်မောင်မောင်တုတ်အဖြစ် တင်မောင်ဆန်းမင်းဝင်း၊ မောင်ဖေငယ်အဖြစ် ဟန်ဇာမိုးဝင်းတို့ရဲ့ အထွက်ဝင်နှစ်ပါးခွင်တို့ပါ ကြည့်ခွင့်ရခဲ့ပါတယ်။ နှစ်ပါးခွင်မှာ သီပေါမင်းအဖြစ် သရုပ်ဆောင်တဲ့ ဖဲဟိန်းနဲ့ စုဖုရားလတ်အဖြစ် သရုပ်ဆောင်တဲ့ တင်ဇာမိုးဝင်းတို့က တစ်တွဲ၊ မောင်ဖေငယ်အဖြစ် သရုပ်ဆောင်တဲ့ ဟန်ဇာမိုးဝင်းနဲ့ ဒိုင်းခင်ခင်အဖြစ် သရုပ်ဆောင်တဲ့ ဝင်းသပြေထွန်းတို့က တစ်တွဲ၊ ရနောင်မောင်မောင်တုတ်အဖြစ် သရုပ်ဆောင်တဲ့ တင်မောင်ဆန်းမင်းဝင်းနဲ့ ဆင်ခိုးမလေးအဖြစ် သရုပ်ဆောင်တဲ့ နေခြည်ငြိမ်းချမ်းတို့က တစ်တွဲ စသဖြင့် နှစ်ပါးခွင် သုံးတွဲကို ကြည့်ရှုခဲ့ရပါတယ်။

အနော်မာက **ပါတော်မူ** ဇာတ်တော်ကြီးကို ခမ်းခမ်းနားနားနဲ့ စိန်မဟာသဘင်ကပြခဲ့တဲ့အတိုင်း ဆို၊ ငို၊ ပြော အတတ်ပညာကို ပီပီပြင်ပြင် တင်ဆက်နိုင်ဖို့ ဇာတ်တိုက်တဲ့နေရာမှာ ထိုင်၊တိုက်တဲ့အနေနဲ့ တစ်လလောက်အချိန်ယူခဲ့ရပြီး၊ စင်မြင့်ပေါ်မှာ ထ၊တိုက်အနေနဲ့ ၁၀ ရက်လောက် လေ့ကျင့်ခဲ့ပြီးမှ အမျိုးသားဇာတ်ရုံမှာ ပီပီပြင်ပြင် ကပြတင်ဆက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အရှင်နှစ်ပါး ရတနာပုံ မင်းနေပြည်က ပါတော်မူသွားတဲ့အကြောင်းကို အားလုံးက သိကြပြီးဖြစ်ပေမဲ့ **ပါတော်မူ** ကို ကြည့်ရှုရတဲ့အချိန်မှာတော့ အဖြစ်အပျက်တွေကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခွင့်ရခဲ့တာ ဖြစ်ပါတယ်။ **ပါတော်မူ**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကို တင်ဆက်ရာမှာ မင်းခမ်း နားနဲ့ သက်ဆိုင်တာဖြစ် အမိကကျတဲ့ ရတနာပုံ နန်းတွင်းက သီဟာသန ပလ္လင်ကိုတော့ ခံ့ခံ့ညားညား ပြုလုပ်ပေးထားတာ ဖြစ်ပါ တယ်။ တကယ့် သီဟာသန ပလ္လင်က ၂၁ ပေအမြင့် ရှိတဲ့ အတွက် အဲဒီနီးပါးနဲ့တူအောင် ပေ၂၀ အမြင့်ရှိတဲ့ ပလ္လင်ကို ဆက် တင် တာဝန် ယူ သူ ကိုအောင်ကျော်ထွန်းက ပြု လုပ်ပေးခဲ့ရာမှာ တကယ့် ပလ္လင်အစစ်လို မြင်တွေ့ခွင့်ရ အောင် အင်္ဂါစုံ ထည့်သွင်းပေး ထားပါတယ်။ ရှင်ဘုရင်နဲ့ မိဖုရားတို့ နောက်ကတက်တဲ့ လှေကားကို ကျကျနန ပြု လုပ်ထားသလို မင်းနှစ်ပါး တက်ပြီး ညီလာခံသဘင် ဆင်ယင်တဲ့ အခမ်းအနားကို လည်း နောက်လူတွေ မြင် တွေ့ခွင့်ရအောင် တင်ဆက် ပေးခဲ့ကြပါတယ်။ ဒီလိုတင် ဆက်ရမှာ အားလုံးက ဇာတ် သဘင်မျိုးဆက်နဲ့ ဆက်နွယ် သူများဖြစ်ကြပြီး၊ ဦးညီဝင်း စိန်ဆိုရင်လည်း စိန်မဟာ သဘင်က **ပါတော်မူ** ကို အရင်တုန်းက တင်ဆက်စဉ် က သီပေါမင်းအဖြစ် ကပြခဲ့ သူဖြစ်ပြီး အခုတစ်ခါမှာတော့ အဓိက အရေးကြီးတဲ့ ကင်း ဝန်မင်းကြီး ဦးကောင်းနေရာ က ပါဝင်ခဲ့ပြန်တာ ဖြစ်ပါ တယ်။ အခု သီပေါမင်း အဖြစ် သရုပ်ဆောင်တဲ့ ဖိုးဟိန်း ဆိုရင်လည်း စိန်မဟာသဘင် မျိုးဆက်ဖြစ်ပြီး၊ ဂရိတ် ဦးဖိုး စိန်ရဲ့မြေး၊ ဦးရဲစိန်ရဲ့သား စိန်မဟာသဘင်ရဲ့ မျိုးဆက် ဖြစ်ပါတယ်။ ထို့အတူပဲ ဟန် ဇာမိုးဝင်းဆိုရင်လည်း ဦးစိန် မာဒင်ရဲ့မြေး၊ မိုးဝင်းရဲ့သား ဖြစ်ပါတယ်။ တင်မောင်ဆန်း မင်းဝင်းဆိုရင်လည်း ရွှေမန်း တင်မောင်ရဲ့မြေး၊ ဆန်းဝင်းရဲ့ သား စတဲ့ ဇာတ်သဘင် အနု ပညာမျိုးဆက်တွေက အနော် မာရဲ့ စီစဉ်တင်ဆက်မှုမှာ ပါ ဝင်ပေးခဲ့ကြတာဖြစ်လို့ အား လုံးက **ပါတော်မူ**ထဲက ဇာတ် ကောင်တွေက သူ့နေရာနဲ့သူ လိုက်ဖက်နေတယ်လို့ ထင်မိ ပါတယ်။ ချမ်းသာက ယော မင်းကြီး ဦးဘိုးလှိုင်အဖြစ် ပီပြင်ခဲ့သလို၊ မိုးဝင်းက လည်း လှေသင်းအတွင်း ဝန်အဖြစ် နေရာနဲ့ ကိုက်ညီခဲ့ ပါတယ်။ ထို့အတူပဲ တိုင် တားမင်းကြီးနေရာက သရုပ် ဆောင်တဲ့ မိုးမင်းကိုလည်း ပရိသတ်များက အထူးပဲ အကြိုက်တွေ့ခဲ့ကြတာဖြစ်လို့ **ပါတော်မူ** က ပိုပြီး ရုပ်လုံး ကြွခဲ့တယ်လို့ မြင်မိပါတယ်။ ■

**လင်းနိုင်ဦး**





www.burmeseclassic.com

www.burmeseclassic.com



# ဂီတဘုရင်ရဲ့အိမ်

(သို့မဟုတ်)

# GRACELAND

မေရွှာဦး



လီဆာမာရီလေယာဉ်အတွင်းမှ
ရွှေလက်ဆေးခွက်



၁၉၇၅ ခုနှစ်မှာ ဝယ်ယူခဲ့သော
Convair 880 Jet လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com



ဂရေ့စ်လဲန်းအိမ်ရှေ့

ကျွန်မ ခရီးတွေ များလိုက်တာ ရှေ့မှာ ရေးနေတဲ့ ခရီးသွားဆောင်းပါးနဲ့ လည်း အဆက်ပြတ်ခဲ့ပါရဲ့။ ၂၀၁၄ ခုနှစ် မတ်လတုန်းက နက်ရှ်ဗီးလ်မြို့ သွားခဲ့တဲ့အကြောင်း မေလထုတ် ရှေ့မှာ ရေးပြီးခဲ့ပါပြီ။ နက်ရှ်ဗီးလ်မြို့နဲ့ မိုင်နှစ် ရာကျော်ဝေးတဲ့ မဲမ်ဖစ်(Mempis)မြို့ကို မတ်လ ၁၈ ရက်နေ့မှာ ထွက်ခဲ့ပါတယ်။ Graceland သို့မဟုတ် ဂီတဘုရင်ရဲ့အိမ် ကို သွားခဲ့တဲ့နေ့ပေါ့။

မနက် လေးနာရီခွဲကတည်းက အိပ်ရာကထခဲ့ပြီး မနက် ခြောက်နာရီ လာကြိုမယ့် တိုးရစ်ကားကို ၅ နာရီ ၄၅ ကတည်းက စောင့်ခဲ့ရတာပါ။ ဟိုတယ်ဧည့်ခန်းထဲမှာ ဟိုလျှောက် ဒီလျှောက်နဲ့ ကားစောင့်ခဲ့ရာမှာ ကားက ဆယ့်ငါးမိနစ်ကျော် နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ ချက်ချင်း မထွက်နိုင်ခဲ့ပါဘူး။ ကျွန်မတို့ ဟိုတယ်က တိုးရစ်နှစ်ယောက်က အချိန်မီရောက် မလာလို့ စောင့်ခဲ့ရပြန်ပါရဲ့။ ကျွန်မတို့ မိုးတဖွဲဖွဲ ရွာနေတဲ့ မနက်မှာပဲ မဲမ်ဖစ်မြို့ကို ထွက်ခဲ့ကြတာပါ။ လမ်းမှာ ခြေဆန့်လက်ဆန့်အတွက် ကားကို ဆယ့်ငါးမိနစ်လောက် ကော်ဖီဆိုင်မှာ ရပ်ပေးခဲ့ပါတယ်။ ကျွန်မကတော့ ဂီတဘုရင်နဲ့အိမ် (သို့မဟုတ်) Graceland ကို



အောင်ပွဲရခန်းမ



Hound Dog II Jet-Star လေယာဉ်ပျံ



www.burmeseclassic.com

www.burmeseclassic.com




ရောက်ခွင့်ရ တော့မယ်ဆိုတဲ့ အသိနဲ့ အတော်လေး ကျေနပ်ခဲ့ရတဲ့ အချိန်ပါပဲ။ အမှတ် ၅၁ အမြန်လမ်းနဲ့ ခရီးနှင်ခဲ့ရာ မနက် ဆယ်နာရီလောက်မှာ ဂီတဘုရင်ရဲ့အိမ်(သို့မဟုတ်) အဆိုကျော် မင်းသားကြီး အဲလ်ဗစ်ပရက်စလေရဲ့ အိမ်ရှိရာနေရာကို ရောက်ခဲ့ပါတယ်။ ဂရေ့စ်လဲန် (Graceland)အိမ်ထဲမသွားခင် ဧည့်သည်များဌာနမှာ ဧည့်လမ်းညွှန်လက်မှတ်ဝယ်တာစောင့်ပြီးမှ ဂရေ့စ်လဲန်သွားမယ့် ဘေးနှစ်ဖက်ပွင့်ကား(Tram)ပေါ် တက်ရမယ့်အချိန်မှာ ဂရေ့စ်လဲန်ဝန်ထမ်းတွေက စုံတွဲလိုက်၊ အုပ်စုလိုက်ဓာတ်ပုံရိုက်ခဲ့ပါတယ်။ ဂရေ့စ်လဲန်အိမ်ဓာတ်ပုံကြီးနောက်ခံနဲ့မို့ တကယ့်ဂရေ့စ်လဲန်အိမ်ရှေ့မှာ ရိုက်ထားသလိုပါပဲ။

ဂရေ့စ်လဲန် စံအိမ်ခြံဝလည်း တိုးရစ်ကားကြီး ဝင်ခဲ့ချိန်မှာ ပရက်စလေဆိုတဲ့ *Welcome To My World* ဆိုတဲ့ သီချင်းကို ဖွင့်ထားတာမို့ ရင်ထဲမှာ နင့်သွားအောင် ခံစားခဲ့ရပါတယ်။ ဟုတ်ပါရဲ့၊ ကျွန်မတို့ သူ့ရဲ့ ကမ္ဘာထဲကို တိုးဝင်ကြည့်ကြတော့မှာကို။ ဂရေ့စ်လဲန်ကတော့ ၁၃.၈ ဧက ကျယ်ဝန်းတဲ့ ခြံကြီးမှာ အဖြူရောင် တိုင်လုံးကြီးတွေနဲ့ စံအိမ်ကြီးပေါ့။ အခုအချိန်မှာတော့ ပြတိုက်ဖြစ်နေပါပြီ။ ၁၉၈၂ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့မှာ လူထုတွေ ကြည့်ရှုဖို့ ဖွင့်လှစ်ခဲ့တာပါ။ ၂၀၀၆ ခုနှစ်မှာတော့ အမျိုးသားသမိုင်းဝင်နေရာအဖြစ် သတ်မှတ်ခဲ့တာလေ။ USမှာရှိတဲ့ ပုဂ္ဂလိကပိုင် စံအိမ်တွေထဲမှာ လူတွေလာရောက်တာအများဆုံးပါပဲ။ တစ်နှစ်ကို လူခြောက်သိန်းလောက် လာရောက်ကြည့်ရှုတာပါ။

ဂရေ့စ်လဲန် စံအိမ်အဝင်ရဲ့ ဂိတ်ဝက အလွန်ထူးခြားပါတယ်။ အစိမ်းရောင် ဂီတသင်္ကေတတွေ တပ်ဆင်ထားတဲ့ သံတံခါးမှာ ပရက်စလေရဲ့ပုံရိပ်လည်း ပါဝင်ပါတယ်။ သံတံခါးက စာအုပ်တစ်အုပ်ရဲ့ စာမျက်နှာနှစ်ခု ဖွင့်ထားတဲ့ ပုံစံမျိုးပေါ့။

ဂရေ့စ်လဲန်ရဲ့ စံအိမ်ကို မူရင်းပိုင်ဆိုင်သူက S.C.Toof ဆိုသူပါ။ မဲမ်ဖစ်မြို့မှာ ပုံနှိပ်တိုက်ကြီး ပိုင်ဆိုင်သူတစ်ဦးပေါ့။ သူ့ရဲ့သမီး ဂရေ့စ်ရဲ့အမည်ကို အစွဲပြုပြီး အမည်ပေးခဲ့ပါတယ်။ ဂရေ့စ်က သူမရဲ့ တူမဖြစ်သူ ရုသ်မိုးဆိုသူကို အမွေပေးခဲ့တာလေ။ ရုသ်မိုးနဲ့ သူမရဲ့ခင်ပွန်း ဒေါက်တာ သောမတ်မိုးတို့က ဒီစံအိမ်ကြီးကို ၁၉၃၉ ခုနှစ်မှာ ကိုလိုနီပုံစံ စံအိမ်ကြီးအဖြစ်တည်ဆောက်ခဲ့တာပါ။ စံအိမ်ကြီးကို နံ့သာနုရောင် ထုံးကျောက်တွေနဲ့ တည်ဆောက်ခဲ့ပြီး အခန်းပေါင်း နှစ်ဆယ့်သုံးခန်း ပါရှိပါတယ်။ အိပ်ခန်းနဲ့ ရေချိုးခန်းပေါင်း ရှစ်ခန်းစီပါဝင်သတဲ့။ အိမ်အဝင်ဝပေါ်တီကိုရဲ့ဘေးတစ်ဖက်စီမှာ ခြင်္သေ့တစ်ကောင်စီရှိတာပါ။ အိမ်အဝင်မှာတော့ TEMPLE OF THE WINDS(ရှေးဘုရားကျောင်း)ပုံစံ တိုင်လုံးလေးလုံးကြီးနဲ့ ဆင်ယင်ထားတဲ့ အိမ်ကြီးပေါ့။

စံအိမ်ကြီးကို ပရက်စလေ ဝယ်ယူခဲ့ပြီးတဲ့နောက် သူလိုချင်တဲ့ပုံစံ၊ သူလိုအပ်တဲ့ အနေအထားမျိုးဖြစ်အောင် ပြင်ဆင်ခဲ့ပါတော့တယ်။ ခြံဝင်းအသစ်ခတ်တာ၊ ဂီတသင်္ကေတတွေပါဝင်တဲ့ ဂိတ်ဝသံတံခါး တပ်ဆင်တာ၊ ရေကူးကန်နဲ့ ရက်ကစ်ဘော (Racquetball)ကွင်းတွေ ပြုလုပ်တာ၊ အိမ်အတွင်းမှာ Jungle Room(တောတွင်းအခန်း)ကို ရေတံခွန်ငယ်လေးနဲ့ ဆင်ယင်ထားတာတွေကို ဖြည့်စွက်ဆောက်လုပ်ခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်မှာတော့ Jungle Room ကို အသံသွင်းစတူဒီယိုအဖြစ် ပြောင်းလဲခဲ့ပြီး သူ့ရဲ့နောက်ဆုံးအယ်လ်ဘမ်နှစ်ခုဖြစ်တဲ့ From Elvis Presley Blvd, Memphis Tennessee နဲ့ Moody Blue တို့ကို အဲဒီအခန်းမှာ အသံသွင်းခဲ့တာပါ။

ပရက်စလေ ပြုပြင်ခဲ့တဲ့နေရာတွေထဲမှာ လူတွေ အများဆုံး အသိအမှတ်ပြုခဲ့တဲ့ နေရာကတော့ Meditation Garden(တရားမှတ်တဲ့ဥယျာဉ်)ပါပဲ။ သူ့ရဲ့မိဘနှစ်ပါး၊ ... တဲ့ ဂလက်ဒစ်နဲ့ ဗာဒွန်နဲ့အတူ သူ့ရဲ့အဘွားတို့ပါ အဲဒီမှာမြှုပ်နှံထားခဲ့ရုံမက သူ့ရဲ့အလောင်း...



www.burmeseclassic.com

www.burmeseclassic.com

(ခွေးကင်းစမှာသေဆုံး)ဂျက်စီဂါရွန့်အတွက်လည်း အမှတ်တရကျောက်တုံး စိုက်ထားပါတယ်။ စံအိမ်ကတော့ ဝယ်ယူစဉ်က ၁၀,၂၆၆ စတုရန်းပေရှိခဲ့ပေမဲ့ အခုအချိန်မှာ ၁၇,၅၅၂ စတုရန်းပေ ကျယ်သွားခဲ့ပါပြီ။ လမ်းတစ်ဖက်မှာ ထပ်မံတိုးချဲ့ပြီး နောင်သုံးနှစ်အကြာမှာ ဧည့်သည်များဌာနအသစ်၊ အခန်းငါးရာပါတဲ့ဟိုတယ်နဲ့ အဆင့်မြင့် နည်းပညာတွေနဲ့ ပြသထားမယ့် ပြတိုက်တို့ ဖြစ်ပါတယ်။ အခု ကျွန်မတို့ တွေ့ခဲ့ သွားခဲ့ရတဲ့ ဧည့်သည်များဌာန၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပြခန်းများနဲ့ အခန်း ၁၂၈ ခန်းပါတဲ့ Heartbreak Hotel (အသည်းကွဲဟိုတယ်)တို့ကို အားလုံးဖြိုပစ်မှာတဲ့။

ဂရေ့စ်လဲန် စံအိမ်ကတော့ သူ့ရဲ့သမီး လီဆာမာရီရဲ့ ပထမဆုံးနေခဲ့ရတဲ့ အိမ်ဖြစ်ပြီး သူမအသက် ၂၅ နှစ်ပြည့်ချိန်မှာ အိမ်ကြီးကို အမွေဆက်ခံခဲ့ရပါရဲ့။ ၂၀၀၅ ခုနှစ်မှာ ဂရေ့စ်လဲန်ရဲ့လုပ်ငန်း ၈၅ ရာခိုင်နှုန်း ပိုင်ဆိုင်မှုကို ရောင်းချခဲ့ပြီးပါပြီ။ စံအိမ်ကတော့ ရောင်းတဲ့အထဲ မပါဝင်ခဲ့ပါဘူး။

ဂရေ့စ်လဲန်မှာ ဖြစ်ခဲ့တဲ့ ထူးခြားမှုတစ်ခုကို မျှဝေရရင်တော့ ပရက်စလေက သူ့ရဲ့မိခင် ဂလက်ဒစ်ကို အလွန်ချစ်ခဲ့သူပါ။ သူ့ရဲ့မိခင် ကွယ်လွန်ပြီးသွားပြီး နှစ်နှစ်အကြာမှာ သူ့ရဲ့ဖခင်က ဒီစတဲန်လီဆိုသူကို လက်ထပ်ခဲ့ပြီး အဲဒီစံအိမ်မှာ နေခဲ့ကြတာလေ။ ပရက်စလေနဲ့ မိထွေး ဒီတို့က သိပ်အစေးမကပ်ခဲ့တာကတော့ ပရက်စလေ ရှိတဲ့အချိန်မှာ အိမ်ကြီးရှင်အဖြစ် အိမ်ထဲက ပရိဘောဂတွေ နေရာရွှေ့တာ၊ ဂလက်ဒစ်တပ်ခဲ့တဲ့ လိုက်ကာတွေ ပြောင်းလဲတပ်ခဲ့တာကြောင့်တွေပေါ့။ မိခင်ရဲ့ လက်ရာတွေ ပြောင်းလဲသွားခဲ့တာ ပရက်စလေ လုံးဝသည်းမခံနိုင်ခဲ့တော့ပါဘူး။ နေ့လယ်ခင်းတစ်ခုမှာ ပစ္စည်းတင်ယာဉ်တစ်စီး ရောက်လာခဲ့ပြီး ဒီရဲ့အသုံးအဆောင်၊ အဝတ်အစား၊ အိမ်မွေးတိရစ္ဆာန်ပါမကျန် ကားပေါ်အကုန်တင်ပြီး၊ ဂရေ့(စ)လဲန်နားက အိမ်တစ်အိမ်ကို ဒီရဲ့ကလေးသုံးယောက်ပါမကျန် ပြောင်းရွှေ့ခံခဲ့ရတာပါပဲ။


၁၉၇၇ ဩဂုတ်လ ၁၆ ရက်နေ့မှာ နှလုံးရုတ်ခြည်းရပ်ခဲ့ပြီး ပရက်စလေ သူ့ရဲ့ရေချိုးခန်းထဲ သေဆုံးခဲ့ပါတယ်။ တချို့ကလည်း နှလုံးရောဂါရှိလျက်နဲ့ မူးယစ်ဆေးသုံးလို့တဲ့။ တချို့ကလည်း သွားဆရာဝန်ကပေးတဲ့ အကိုက်အခဲပျောက်ဆေးနဲ့ တည့်လို့တဲ့။ မည်သို့ပင်ဖြစ်စေ အသက် လေးဆယ့်နှစ်နှစ်မှာ ပရက်စလေ ကွယ်လွန်သွားခဲ့တာကတော့ နှမြောဖို့ ကောင်းလှပါရဲ့။ အရွယ်ကောင်းတုန်းအချိန်ကိုး။

ဂရေ့(စ)လဲန်က တိုးရစ်တွေအတွက် ဖြစ်လာခဲ့တာကိုတော့ သူ့ရဲ့ဇနီးဟောင်း ပရီဆီလာကို ချီးကျူးရမှာပါ။ အမွေဆက်ခံမယ့် သမီး လီဆာမာရီက ဆယ့်တစ်နှစ်အရွယ်ပဲ ရှိခဲ့ချိန်ပေါ့။ ဂရေ့စ်လဲန်ကို ထိန်းသိမ်းခကလည်း တစ်နှစ်ကို ဒေါ်လာ ငါးသိန်းလောက်ကုန်ကျနေခဲ့ပါရဲ့။ ပိုဆိုးတာက ပရက်စလေရဲ့ အမြတ်တော်ကြေးတွေ ပေးရဦးမယ့်အချိန်ပေါ့။ ပရီဆီလာက သေသေချာချာ လေ့လာပြီး စံအိမ်တွေ၊ ပြတိုက်တွေကို ဦးစီးလုပ်ကိုင်နိုင်တဲ့ ဂျက်ဆိုဒဲန်ဆိုသူကိုငှားပြီး၊ ဂရေ့(စ)လဲန်ကို တိုးရစ်တွေအတွက် ပြတိုက်အဖြစ် ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ပရီဆီလာ တစ်ယောက် လောင်းကစားတစ်ခု စွန့်စားပြီးလုပ်ခဲ့သလိုပါပဲ။ အကျိုးအမြတ်ကောင်းကောင်း ရခဲ့ပါရဲ့။ ဂရေ့စ်လဲန်ဖွင့်ပြီး တစ်လအကြာမှာပဲ ရင်းနှီးခဲ့သမျှ ပြန်ရရှိခဲ့သတဲ့။ အခုအချိန်မှာတော့ ဂရေ့စ်လဲန်လုပ်ငန်းကြီးက ဒေါ်လာ သန်းတစ်ရာကျော် တန်နေခဲ့ပါပြီ။

ဂရေ့စ်လဲန်ကို ပြတိုက်အဖြစ် ဖွင့်ပေးခဲ့ပေမဲ့ အပေါ်ထပ်ကိုတော့ တိုးရစ်တွေ တက်ကြည့်ခွင့် မရခဲ့ပါဘူး။ ပရက်စလေရဲ့အဒေါ် ဒဲလ်တာကို ပရက်စလေက သူ မကွယ်လွန်ခင်ကတည်းက စံအိမ်မှာ နေခွင့်ပေးခဲ့တာလေ။ ဒဲလ်တာ ၁၉၉၃ ခုနှစ်မှာ ကွယ်လွန်တဲ့အထိ စံအိမ်မှာ နေခွင့်ရခဲ့ပါတယ်။

၁၉၉၇ ခုနှစ် (ကွယ်လွန်ပြီး အနှစ်နှစ်ဆယ်မြောက်)မှာတော့ Elvis Week ဆိုပြီး ကျင်းပခဲ့ရာ လူငါးသောင်းလောက် စုရုံးခဲ့ကြသလို၊ ၂၀၀၂ ခုနှစ် နှစ်ဆယ့်ငါးနှစ်မြောက် အထိမ်းအမှတ်ကျင်းပခဲ့ချိန်မှာလည်း လူ လေးသောင်းကျော် မိုးထဲလေထဲမှာ သူ့ရဲ့ ဂရေ့စ်လဲန်မှာ စုရုံးခဲ့သတဲ့။

ကျွန်မတို့ကတော့ စံအိမ်ရဲ့ ပထမဆုံး တံခါးပေါက်က ဝင်လိုက်တာနဲ့ မှန်


ဂရေ့စ်လဲန်စံအိမ်တံခါးရှေ့မှ အဲလ်ဗစ်ပရက်စလေ



www.burmeseclassic.com

www.burmeseclassic.com




တွေ နံရံများမှာ ကပ်ထားတာ တွေ့ခဲ့ရပါတယ်။ ညာဘက်မှာတော့ ခမ်းနားတဲ့ ဧည့်ခန်းကြီးကိုတွေ့ရပြီး၊ ဆယ့်ငါးပေရှည်တဲ့ ဆိုဖာ အဖြူရောင်ကြီးရယ်၊ အဖြူရောင် မီးလင်းဖိုရယ်ကို တွေ့ခဲ့ရတော့တာပါပဲ။ ဧည့်ခန်းထဲမှာ ပရက်စလေရဲ့ ပန်းချီကားချိတ်ဆွဲထားပြီး၊ ပရက်စလေရဲ့ မိဘနှစ်ပါး ဓာတ်ပုံတွေ၊ ပရက်စလေတို့ သားအဖနှစ်ယောက်ပုံတွေ ခင်းကျင်းထားပါရဲ့။ ဧည့်ခန်းနဲ့ ကပ်လျက်သား အခန်းကတော့ ဂီတခန်းပါ။ အခန်းနှစ်ခုကို ဧရာမ စိမ်းပြာရောင် ဒေါင်းရုပ်(မှန်ရောင်စုံနဲ့ ပြုလုပ်ထား)နဲ့ ကာထားပါတယ်။ ၁၉၅၀ ခုနှစ်တုန်းက တီဗွီနဲ့ အနက်ရောင် စန္ဒရားတို့ ဂီတခန်းမှာ ရှိတာပါ။

ဧည့်ခန်းနဲ့ သိပ်မဝေးတဲ့ အခန်းကတော့ ပရက်စလေ မိဘနှစ်ပါးရဲ့ အခန်းပါ။ အဖြူရောင်ကော်ဇော၊ နံရံအဖြူရောင်တွေဖြစ်ပေမဲ့ အိပ်ရာဖုံးကတော့ ခရမ်းရောင်ရင့်ရင့်ပါ။ သူ့မိခင်ရဲ့ ဝတ်စုံလေးငါးစုံကို ဗီရိုထဲမှာ ချိတ်ဆွဲပြထားပါတယ်။

ကျွန်မတို့ ဆက်လက်ပြီး ထမင်းစားခန်းဘက် ထွက်ခဲ့ပါတယ်။ ခမ်းခမ်း နားနားကို ပြင်ထားတာပါ။ မီးဖိုချောင်ကလည်း ၁၉၅၀ ခုနှစ်များက ပုံစံ အတိုင်းပေါ့။ သိပ်မကြီးလှပါဘူး။ အပေါ်ဘက်အခန်းတွေပေါ်တက်တဲ့ လှေကား ကိုတော့ ကြိုးနဲ့ တားထားပါရဲ့။

မြေအောက်ခန်းဘက် ဆင်းလာခဲ့ကြရပါတယ်။ ပရက်စလေရဲ့ မီဒီယာအခန်းမှာ တီဗွီသုံးလုံးကို တွေ့ခဲ့ရတာလေ။ ပရက်စလေက တီဗွီသုံးလုံးကို တစ်ပြိုင်တည်း ကြည့်ခဲ့တာကိုး။ တီဗွီခန်းရဲ့တစ်ဖက်မှာ ဘိလိယက်အခန်း ရှိတာပါ။ ကျွန်မတို့ လှေကားနဲ့ အပေါ်ထပ်ကို ပြန်တက်ခဲ့ရပြန်ပါတယ်။ သူ့ရဲ့နာမည်ကျော် တောတွင်းခန်း(Jungle Room)ကို လှေ့လာခွင့်ရခဲ့ပါရဲ့။ အဲဒီအခန်းကနေ အိမ်နောက်ဘက်ပိုင်းအပြင်ကို တိုက်ရိုက်ထွက်လို့ ရခဲ့ပါတယ်။ လီဆာမာရီရဲ့ ဒန်းလေးလည်း အိမ်နောက်မှာ တွေ့ရဆဲပေါ့။ အိမ်နောက်ဘက် အဖြူရောင် အဆောက်အဦငယ်လေးကတော့ ပရက်စလေရဲ့ဖခင် ရုံးခန်းလေးပေါ့။ အခုတော့ ပရက်စလေကို မွေးဖွားခဲ့တဲ့ တူပီလိုမြို့က အိမ်လေးရဲ့ပုံစံတူကို ပြသထားတာပါ။ ဝင်ကြည့်ဖြစ်ခဲ့ပါရဲ့။

ကျွန်မတို့ မြင်းမွေးခြံကိုဖြတ်ပြီး Trophy Room(အောင်ပွဲရအခန်း)ကို သွားခဲ့ကြပါတယ်။ အခန်းနံရံနဲ့အပြည့် သူ့ရဲ့ဓာတ်ပြားတွေ၊ ရုပ်ရှင်ပိုစတာတွေ၊ သူ့ရဲ့ဖိနပ်တွေ ၁၉၅၀ ခုနှစ်များက ပုံတူအရုပ်တွေ၊ ဂရမ်မီဆုတွေ(သုံးကြိမ်ရရှိ)၊ ပရီဆီလာရဲ့ လက်ထပ်ဝတ်စုံ၊ ပရက်စလေရဲ့လက်ထပ်ဝတ်စုံ၊ လီဆာမာရီရဲ့ ငယ်စဉ်ကဝတ်စုံနဲ့ အရုပ်တွေရယ်၊ စုံတကာ့စုံအောင် ပြသထားပါတယ်။ ကျွန်မအကြိုက်ဆုံးကတော့ သူ့ရဲ့ရွှေအယ်လ်ဘမ်တွေနဲ့ ဆုတံဆိပ်အမျိုးမျိုး ပြသထားတာပါပဲ။

အောင်ပွဲရ အခန်းကနေခန်းမတွေကို ဆက်သွားခဲ့တဲ့အခါမှာ သူ့ရဲ့ ဧ Comeback ရုပ်ရှင်က သားရေဝတ်စုံ၊ သူ့ရဲ့ရုပ်ရှင်ဇာတ်ညွှန်းတွေ၊ ရုပ်ရှင်တွေ ဖျော်ဖြေပွဲတွေက ဝတ်စုံတွေ၊ အလှူအတန်းတွေ ရက်ရက်ရောရော လှူတတ်တဲ့ ပရက်စလေရဲ့ ချက်လက်မှတ်တွေကို ပြသထားပါရဲ့။

ရက်ကက်ဘောကစားကွင်းကတော့ အခုအချိန်မှာ ပရက်စလေရဲ့ နာမည်ကြီး စီးကွင့်ဝတ်စုံတွေ ပြသရာ အဆောင်ဖြစ်နေပါပြီ။ ဈေးကြီးတဲ့ ရှေးဟောင်းကလေး တစ်ခုထဲ ဝင်သွားရတဲ့အမြင်မျိုးရအောင် အနက်ရောင်သားရေနဲ့ ပြုလုပ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

အားကုလားထိုင်တွေ၊ ဆိုဖာတွေနဲ့ ပြင်ဆင်ထားပါရဲ့။ ပရက်စလေ နောက်ဆုံးတီးခဲ့တဲ့ အညိုရင့်ရောင် စန္ဒရားကြီးကိုလည်း ပြသထားပါတယ်။ ဒီအခန်းမှာတော့ စင်တင်ဖျော်ဖြေပွဲတွေမှာဝတ်ခဲ့တဲ့ ဝတ်စုံတွေ အများကြီး ပြသထားတာပါ။ ဝတ်စုံနဲ့အတူ စင်တင်ဖျော်ဖြေပွဲကို တီဗွီက ပူးတွဲပြသနေလေတော့ လွမ်းစရာကောင်းနေတယ်ဆိုပါတော့။ အဲဒီအခန်းတွေမှာ သူ့ရဲ့ဓာတ်ပြားတွေ၊ ဆုအမျိုးမျိုးလည်း ပြသထားပြန်တာလေ။

အဲဒီအဆောင်က ထွက်လာခဲ့ပြီး ရေကူးကန်နားက တရားမှတ်တဲ့ဥယျာဉ်ကို လျှောက်သွားခဲ့ပါတယ်။ ပရက်စလေရယ်၊ မိဘနှစ်ပါးရယ်၊ သူ့ရဲ့အဘွားရယ်ကို မြှုပ်နှံထားတဲ့ သင်္ချိုင်းနေရာပါ။ အင်မတန်မှ အေးချမ်းတဲ့နေရာလေးဖြစ်အောင် ခင်းကျင်းထားပါရဲ့။ အုတ်ဂူတွေရဲ့အရှေ့ဘက် စက်ဝိုင်းခြမ်းပုံ အုတ်နံရံမှာ ပန်းပုတွေနဲ့ပါ။ ကျွန်မကတော့ ဂရေ့စ်လဲန်တစ်ခုလုံးမှာ အဲဒီနေရာကို အကြိုက်ဆုံးပါပဲ။

ကျွန်မတို့က ဂရေ့စ်လဲန်စံအိမ်ရဲ့လမ်းတစ်ဖက်ခြမ်းမှာရှိတဲ့ ပြခန်းတွေ ဘက်ကို အကြိုတဲ့ကားနဲ့ ပြန်လာခဲ့ကြပါတယ်။ ကြည့်စရာတွေ အလွန်များတာပါ။ 68 အထူးပြခန်း၊ တူပီလိုပြခန်း၊ လာ့စ်ဗေးဂတ်(စ)ပြခန်းနဲ့ကားတွေ စုဆောင်းထားတဲ့ ပြတိုက်တို့ပါပဲ။ ကျွန်မတို့နေ့လယ်စာကို ဝယ်စားခဲ့ရာ အဲလ်ဗစ်ပရက်စလေ စားလေ့ရှိတဲ့ အစားအစာတွေကို စားသောက်ဆိုင်ရဲ့ မီနူး(Menu)ထဲမှာ ထည့်သွင်းထားတာ ကြုံခဲ့ပါရဲ့။

ကျွန်မတို့ Lisa Marie လေယာဉ်ပေါ်လည်း တက်ကြည့်ခဲ့ပါတယ်။ ပရက်စလေက ၁၉၇၅ ခုနှစ်မှာ Convair 880 Jet လေယာဉ်အမျိုးအစားကို ဝယ်ယူပြီး သူ့ရဲ့သမီးအမည်ပေးခဲ့တာပါ။ အားလုံး သူ့စိတ်ကြိုက် ပြုပြင်ပြီးခဲ့ချိန်မှာ အဲဒီအချိန်က ဒေါ်လာခြောက်သိန်းလောက်တန်သတဲ့။ အထဲမှာတော့ အိပ်ခန်းကြီးရော၊ ရွှေနဲ့လုပ်ထားတဲ့ လက်ဆေးခွက်ရော၊ စပီကာ ငါးဆယ့်နှစ်ခုပါတဲ့ စတီရီယိုနဲ့ တီဗွီ လေးခုရော၊ ညီးဝေးခန်းမရော၊ ရိုးရိုးအိပ်ခန်းရော ပါဝင်တာပါ။ လူ ၂၉ ယောက်စီးနိုင်ပေမဲ့ ပရက်စလေကတော့ လူဆယ်ယောက်လောက်သာ အများဆုံး တက်ခဲ့တာတဲ့။ ကျွန်မကတော့ ပရက်စလေ သူ စိတ်ကြိုက်နေခွင့်ရခဲ့တာကို သူ့အတွက် ကျေနပ်နေခဲ့တာအမှန်ပါ။

Lisa Marie လေယာဉ်ပျံနဲ့ယှဉ်ပြီး ဆိုက်ထားတဲ့ လေယာဉ် နောက်တစ်စီးကတော့ Hound Dog II Jet-Star လေယာဉ်ပျံပါ။ ပိုငယ်ပါတယ်။ Lisa Marie လေယာဉ်ပျံကြည့်ခဲ့ပြီးတဲ့နောက်တော့ ဒီလေယာဉ်ကို ကျွန်မ သိပ်စိတ်မဝင်စားတော့ပါဘူး။ ပရက်စလေ ကွယ်လွန်တော့ ဒီလေယာဉ်ကို ရောင်းခဲ့ပေမဲ့ ၁၉၈၄ ခုနှစ်မှ ပြန်ဝယ်ပြီး ပြသထားတာတဲ့။ ဒီလေယာဉ်နှစ်စီးလုံးကို ၂၀၁၅ ခု ဧပြီလမှာ ပြသထားမှာ မဟုတ်တော့ပါဘူး။ အဲဒီနေရာမှာ ဟိုတယ်ကြီးဆောက်တော့မှာတဲ့။

ကျွန်မတို့ကတော့ ရောက်တုန်း ရောက်ခိုက် စုံအောင် Grace Land Crossing ဘက်ကိုသွားခဲ့ပါတယ်။ အဲလ်ဗစ်ပရက်စလေနဲ့ဆိုင်တဲ့ ပစ္စည်းမှန်သမျှကို ရောင်းချနေတဲ့ဆိုင်အမျိုးမျိုးရှိရာ နေရာပေါ့။ ဆိုင်တွေက များသလို ပစ္စည်းတွေကလည်း အံ့သြစရာကောင်းအောင် စုံလှတာလေ။

ပြတိုက်အတွင်း စာရေးသူ



ဂရေ့စ်လဲန်ကို ကမ္ဘာအရပ်ရပ်က လူတွေရော၊ အောင်မြင်ကျော်ကြားသူတွေရော လာရောက်ကြပါတယ်။ ၂၀၀၆ ခုနှစ်မှာ US သမ္မတ ဂျော့ဘုရှ်က ဂျပန်ဝန်ကြီးချုပ် ကွာဇူမိကို ဂရေ့စ်လဲန်မှာ ဧည့်ခံခဲ့တာပါ။ ကွာဇူမိက ပရက်စလေနဲ့ မွေးနေ့တူ(ဇန်နဝါရီလ ၈ ရက်နေ့မွေး)ဖြစ်ပြီး ပရက်စလေရဲ့ ပရိသတ်ပေါ့။ ၂၀၁၀ ခုနှစ်မှာ မိုနာကို အိမ်ရှေ့မင်း(အခုဘုရင်) အဲလ်ဘတ် II လာရောက်ခဲ့သလို၊ ဗြိတိသျှနန်းဆက် ဝေလျံနဲ့ ဟယ်ရီတို့လည်း ၂၀၁၄ ခုနှစ် မေလမှာ ဂရေ့စ်လဲန်ကို သွားခဲ့ပါသေးရဲ့။

ကျွန်မ နက်ရှ်ဗီးလ်က ဟိုတယ်ကို ပြန်ရောက်တော့ ညနေ ၅ နာရီခွဲနေခဲ့ပါပြီ။ တစ်နေ့လုံး သွားခဲ့ရတဲ့ ခရီးဖြစ်ပေမဲ့ ကျေနပ်မှုရတဲ့ ခရီးတစ်ခုပါ။ King လို့ ခေါ်တဲ့ အဲလ်ဗစ်ပရက်စလေရဲ့ဘဝကို စာတွေ့ကနေ မျက်မြင်ကိုယ်တွေ့(တစ်ပိုင်းတစ်စ)ကြုံခဲ့ရတဲ့နေ့ပေါ့။

မုဒိတာတရား ပွားများကြပါစေ

■

**မေတ္တာဦး**



ဂရေ့စ်လဲန် Jungle Room



ဂရေ့စ်လဲန်မီးဖိုဆောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဝန်ကြီးလည်း မလုပ်ဘူး ခံဗိုလ်ကြီးလည်းမလုပ်ဘူး အဆိုတော်ပဲ လုပ်မယ်

လင်းနိုင်ဦး





အနုပညာလောကမှာ သီချင်းဆိုရင်း အောင်မြင်လာသလို ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများလည်း ရိုက်ကူးခွင့်ရပြီး၊ စာတွေပါ ရေးဖြစ်နေတဲ့ သရုပ်ဆောင်၊ အဆိုတော်၊ စာရေးဆရာ စိုင်းစိုင်းခမ်းလှိုင်ရဲ့ အနုပညာဖြစ်တည်မှုများကို အားပေးတဲ့ ပရိသတ်အတွက် မေးမြန်းကြည့်ဖြစ် ခဲ့ပါတယ်။

**စိုင်းစိုင်းရဲ့ ပထမဦးဆုံးအခွေ Blazone မှာ ဖြန့်တာ ဘယ်နှစ်လောက်ကလဲ။ အဲဒါ ဘယ်အခွေလဲ။**

အဲဒါက ၂၀၀၁ ခုနှစ်ကပါ။ သူငယ်ချင်းများစွာ တေးစီးရီး Tap နဲ့ CD ကို ဖြန့်ချိတဲ့ ပရိမိုးရှင်းပွဲ လုပ်ခဲ့တာပါ။ အဲဒီတုန်းကတော့ ပရိသတ်က သိပ် မရှိသေးဘူး။ ရာဂဏန်းလောက်ပဲ၊ သုံးရာလောက်ရှိမယ် ထင်ပါတယ်။ အဲဒီလောက်ပဲ လာအားပေးခဲ့တယ်။ ၂၀၀၃ ခုနှစ်မှာတော့ ဖေဖော်ဝါရီ မှတ်တမ်း ရဲ့ VCD ကို ဖြန့်တဲ့အခါမှာတော့ အဲဒီနေ့က ကျွန်တော့်ဘဝရဲ့ အစပါပဲ။ ကျွန်တော့်ဘဝရဲ့ အချိုးအကွေ့တစ်ခုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။

**အဲဒီနေ့ကို ပြန်မှတ်မိတာက ပရိသတ်တွေက တစ်နာရီလို့ ကြေညာထားပေမဲ့ ၁၂ နာရီ ကျော်ကျော်လောက်ကတည်းက ကြိတ်ကြိတ်တိုး စောင့်နေပါတယ်။ သတင်းသမားတွေတောင် မှတ်တမ်းယူဖို့ တိုးလို့မရ ဖြစ်ခဲ့တယ်။ အဲဒီအချိန်မှာ ဘယ်လိုခံစားခဲ့ရသလဲ။ ကိုယ်လျှောက်ချင်တဲ့လမ်းပေါ် ရောက်ပြီလို့ ခံစားလိုက်ရလား။**

အဲဒီနေ့က ၂၀၀၃ ခုနှစ်ရဲ့ အောက်တိုဘာလထဲမှာပါ။ အဲဒီနေ့ အခွေဖြန့်မယ့်အချိန် ကျွန်တော် Blazone ကို သွားတဲ့ခါ Blazone ပတ်ဝန်းကျင်မှာ ကားတွေရော၊ လူတွေရော အပြင်မှာပါ ပြည့်နှက်နေတယ်။ ဒါက ကျွန်တော့်ဘဝမှာ ကြီးမားစွာ အောင်မြင်ရတဲ့ ပထမဦးဆုံး သောင်းသောင်းဖြဖြ အားပေးမှုရတယ်။ အရမ်းပျော်ပါတယ်။ ကျွန်တော့်ဘဝ အချိုးအကွေ့ထဲက ကြီးမားတဲ့ အချိုးအကွေ့။ လူအများ ချစ်ခင်တဲ့ အောင်မြင်မှု ပီတိ အရသာကိုလည်း ကျွန်တော် ခံစားရတယ်။ တစ်ဆက်တည်းမှာပဲ အဲဒီတုန်းက အဲဒီနေ့မှာပဲ ကျွန်တော် နားလည်လိုက်တာက ပရိသတ်တွေ အားပေးပြီ၊ ငါ လုပ်ချင်တာ လုပ်ခွင့်ရပြီ။ ငါ ဒီအနုပညာလမ်းကို ဆက်လျှောက်မယ်။ ရတဲ့အခွင့်အရေးမှာ ကျွန်တော် အလုပ်တွေ အများကြီး ထပ်လုပ်သွားမယ်။ ကိုယ် ရေး ချင်တဲ့သီချင်းတွေ၊ ကိုယ် ဆို ချင်တဲ့သီချင်းတွေ ထပ်ဆို မယ်ဆိုပြီးတော့ လုပ်တယ်။ အဲဒီရဲ့ အကျိုးဆက်က နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီ သုံးလအတွင်းမှာ စိုင်းစိုင်းနဲ့ သူငယ်ချင်းများအဖွဲ့ရဲ့ ပထမ ဦးဆုံး One Group Showပေါ့။ One Man Show လို့တော့ ပြော လို့မရဘူး။ ကျွန်တော်က သူငယ်ချင်းတွေနဲ့ ဆိုတာ ဆိုတော့ စိုင်းစိုင်းရဲ့ Logo အောက်ကပထမဦးဆုံး Show ဖြစ်တည်လာပါတယ်။

**စိုင်းစိုင်းပြောခဲ့တဲ့ အထဲ မှာ လုပ်ချင်တာ ငါ လုပ် ခွင့်ရပြီဆိုတာ ဘာကို ပြော ချင်တာလဲ။ ဘာတွေ လုပ် ရည်ရွယ်ထားလို့လဲ။ ဒီအောင် မြင်မှုရဲ့အောက်မှာ ဘယ် တွေဆက်လျှောက်သွားချင် လဲ။**

ကျွန်တော် တောင်ကြီး မှာ လေးတန်းကျောင်းသာ ဘဝလောက်က ၉ နှစ်၊ နှစ်သားလောက် ဖြစ်ပါမယ် ပထမဦးဆုံး ကျွန်တော် ဦးအောင်ရင်၊ မကော် ဦးညီထွဋ်(ဇော်ဝင်း အခွေတွေကို သ



www.burmeseclassic.com

သန့်သန့် နားထောင်တယ်။ အဲဒီက အစပြုပြီးတော့ ကျွန်တော် သီချင်းတော်တော် များများကို နားထောင်တယ်။ အဲဒီအချိန်မှာ နားလည်လိုက်တာက ကျွန်တော်ဟာ ဆရာ ဝန်ကြီးလည်း မလုပ်ဘူး၊ စစ် ဗိုလ်ကြီးလည်း မလုပ်ဘူး။ ကျွန်တော် အဆိုတော်လုပ် မယ်။ လုံး၀ တိကျပြတ်သား တဲ့ ရည်ရွယ်ချက်ကို ၁၀ နှစ် သားလောက်မှာ ဆုံးဖြတ်ခဲ့ တယ်။ အဲဒီကတည်းက တ ခိုက်မတ်မတ် တစ်ခုတည်း ဖြစ်ချင်ခဲ့တဲ့ အိပ်မက်က အဲဒီ *ဆောင်ဝါရီမှတ်တမ်း* ဖြန့်ချိ တဲ့နေ့မှာ ငါ့ဘ၀တစ်လျှောက် လုံး လုပ်ချင်ခဲ့တဲ့ အဆိုတော် ဘ၀ကိုတော့ ငါ လုပ်ခွင့်ရပြီ။ ခုနက ကျွန်တော်ပြောတဲ့ ငါ လုပ်ချင်တာ လုပ်ခွင့်ရပြီဆို တာ တခြား ဘာမှ မဟုတ် ဘူး။ ကျွန်တော် ဂီတကို ဖန် တီးချင်တယ်၊ သီဆိုချင် တယ်။ ဒါကို ကျွန်တော် လုပ် ခွင့်ရပြီလို့ ပြောတာပါ။

**အဲဒီတုန်းက စိုင်းစိုင်း ဆည်း ဆယ်ကျော်သက်၊ ရိုးသတ်တွေကလည်း ဆယ် ကျော်သက်ပဲ။ ဒါပေမဲ့ ဒီနေ့ အထိ ဆယ်ကျော်သက် တွေက ဘာဖြစ်လို့ ဒီလောက် ထိ အားပေးကြတာလဲ။**

ကျွန်တော့်မှာတော့ အောင်မြင်မှုကို ထိန်းသိမ်း တယ်လို့ လူအများပြောကြတဲ့ အောင်မြင်မှုကို ထိန်းသိမ်းဖို့ အရှိသည့်ဖြင့် ဗျူဟာတွေ၊ လုပ်ဆောင်ချက်တွေမရှိပါဘူး။ ရိုးရိုးသားသားပဲ ကျွန်တော့် အယ်လ်ဘမ်တွေ တစ်ချပ်ပြီး တစ်ချပ် ကျွန်တော် ထုတ်ခဲ့ပါ တယ်။ သီချင်းခွေတွေ ထုတ်တဲ့အခါမှာလည်း ကိုယ်ကလေးဘ၀ကတည်းက တကယ် ဝါသနာပါတဲ့ အလုပ်တစ်ခုဖြစ်တဲ့အတွက် တန်ဖိုးထားပြီးတော့ သီချင်းတစ်ပုဒ်ချင်းစီ၊ စာသားတစ်ကြောင်းချင်းစီနဲ့ အယ်လ် ဘမ်တစ်ခွေချင်းစီ CDပဲဖြစ်ဖြစ်၊ VCDပဲဖြစ်ဖြစ် အလေးထား ပြီးတော့ လုပ်ပါတယ်။ တစ်ခွေချင်း တစ်ခွေချင်းမှာလည်း နားထောင်တဲ့ ပရိသတ်ဘက်ကနေ စဉ်းစားပြီး အယ်လ်ဘမ် တစ်ချပ်မှာပါသင့်တဲ့၊ ပါရမယ့်ရသတွေ၊ ပြီးတော့ ခေတ်ပုံဒီဇိုင်း တွေကအစ စာသား၊ ဂီတအကုန်လုံး တစ်ချိန်တုန်းကတော့ ကျွန်တော်တို့ ကော်ပီသီချင်းတွေပဲ ဆိုခဲ့ရတယ်။ ကော်ပီ ခေတ်



မီခင်နဲ့အတူ - - -

ကလည်း ကော်ပီမို့လို့၊ ဒီဘက်ခေတ် *ဒိတ်ဒိတ်ကြဲ* အထိပေါ့။ ကျွန်တော်က တစ်ခွေချင်းကို မိဘက သားသမီးတစ်ယောက် မွေးမယ်ဆိုရင် ကိုယ်ဝန်ဆောင်ကတည်းကကို မွေးဖွားပြီးတဲ့ အထိ၊ အရွယ်ရလာသည်အထိ ပြုစုပျိုးထောင်သလိုမျိုး အဲဒီလို စေတနာ၊ အာရုံစူးစိုက်မှုနဲ့ ကျွန်တော် လုပ်ပါတယ်။ ဒီအချိန်အထိ ကျွန်တော် သီချင်းဆက်ဆိုခွင့်ရနေတာ ကျွန်တော့်ရဲ့ ကြိုးစား အားထုတ်မှုက ဒီတစ်ခုတည်းပါပဲ။ တခြားနည်းပညာတွေ၊ နည်းဗျူဟာတွေလည်း မတတ်ကျွမ်းပါဘူး။

**သီချင်းရေးတဲ့ အတတ်ပညာကို နဂိုကတည်းက လုပ်ချင် ခဲ့တာလား၊ ဒါမှမဟုတ် ဆိုရင်းနဲ့ ရေးဖြစ်သွားတာလား။**

မူလကတည်းက ကျွန်တော် ကိုယ်ဆိုတဲ့သီချင်းကို ကိုယ်ရေးချင်ပါတယ်။ မူလ ရည်ရွယ်ချက်ကိုက သီချင်းဆိုရုံမကဘဲနဲ့ သီချင်း ကိုပါရေးတဲ့သူ ကလေးဘ၀ ကတည်းကဖြစ်ချင်ခဲ့တာပါ။ အထက်တန်းကျောင်းသား ဘ၀ကတည်းက ကျွန်တော် သီချင်းတွေ အများကြီး စမ်း သပ်ရေးဖူးပါတယ်။ ကော်ပီ သီချင်းတွေရေးတယ်၊ Rock သီချင်းတွေလည်း ရေးတယ်။ Pop သီချင်းတွေကိုလည်း ရေးတယ်။ မြင်မြင်သမျှ ကျွန်တော် ရေးဖြစ်ခဲ့ပါတယ်။ မြန်မာသီချင်းကိုတောင် မြန်မာ လို ကော်ပီပြန်ရေးကြည့် တယ်။ ကိုယ်ကြိုက်တဲ့ မြန်မာ သီချင်းတစ်ပုဒ်ကို ကျွန်တော့် ကိုယ်ပိုင်စာသားနဲ့ ပြန်ရေး တယ်။ သီချင်းရေးတယ် ဆိုတာကလည်း ကျွန်တော့် ဘ၀အတွက် အရသာတစ်ခု ပါပဲ။

**သီချင်းတွေရေး၊ သီချင်းတွေဆိုဖြစ်ရာက သရုပ်ဆောင်အဖြစ် ဘယ်လို ရောက်လာတာလဲ။ သရုပ် ဆောင်အလုပ်ကိုလည်း အရင် ကတည်းက လုပ်ချင်လို့ တမင် ရည်ရွယ်ပြီး ဝင်ခဲ့တာ လား။ အဆိုတော်အနေနဲ့ အောင်မြင်လို့ သရုပ်ဆောင် ဖြစ်လာတာလား။**

ကျွန်တော် အဆိုတော် ဖြစ်ချင်တဲ့ ရည်ရွယ်ချက်၊ ဂီတလုပ်ချင်တဲ့ ရည်ရွယ်ချက် တစ်ခုတည်းနဲ့ ရန်ကုန်ကို ရောက်လာတာပါ။ ရောက်တဲ့ အချိန်မှာ ကျွန်တော်တို့ခေတ် က လူငယ်တွေရဲ့ထုံးစံအတိုင်း ပဲ ယောင်တောင် ပေါင်တောင်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နဲ့ သင်တန်း ပေါင်းစုံ လိုက်တက်ပါတယ်။ ကွန်ပျူတာသင်တန်း၊ LCCI, အင်္ဂလိပ်စာသင်တန်း အစရှိသဖြင့် မြင်သမျှ သင်တန်း အကုန်လုံးကို ၄၈ လိုင်းကား အနောက်ကနေ တွယ်စီးပြီးတော့ ရှိသမျှ သင်တန်း အကုန်တက်တာပဲ။ အဲဒီမှာ ထူးထူးခြားခြား မော်ဒယ်လ် သင်တန်းဆိုတာ ကျွန်တော်တို့ ခေတ်မှာ စ,ပေါ်လာတော့ မော်ဒယ်လ် သင်တန်း တက်ရင်းနဲ့ ကျွန်တော် မော်ဒယ်လ် တစ်ယောက် ဖြစ်လာ ပါတယ်။ မော်ဒယ်လ် စင်မြင့် Cat Walk လျှောက်တဲ့ မော်ဒယ်လ် ဘဝမှာ ကျွန်တော် မအောင်မြင် ပါဘူး။ သူကလည်း တင့်တယ်တဲ့ ကိုယ်အနေဟန် ရှိရမယ်။ ကျွန်တော်ကတော့ ပိန်ရှည်ရှည်နဲ့ဆိုတော့ ကျွန်တော်နဲ့ မလိုက်ဖက်ဘူး။ အခု ပြန်စဉ်းစား ကြည့်လိုက်တော့ ကျွန်တော် က ဂီတသမားတစ်ယောက် မို့လို့လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်နဲ့ Music Video ဂီတ MTV တွေနဲ့ အရမ်း အပ်စပ်လိုက်ဖက်ခဲ့ပါတယ်။ အဲဒီအချိန်က တေးစီးရီးတွေ ကို ရုပ်သံမှာ ကြော်ငြာသလို VCD အဖြစ်နဲ့၊ Music Video အဖြစ်နဲ့ အခွေတွေ အကုန်လုံး ထုတ်ကြတဲ့အချိန်။ ကျွန်တော် က VCD မင်းသားတစ် ယောက်အနေနဲ့ အချိန်ကာလ တော်တော်ကြာကြာ ဖြတ် သန်းရပ်တည်ခဲ့ဖူးပါတယ်။ အဲဒီကနေမှ VCD မှာ သရုပ် ဆောင်ရင်းနဲ့ သရုပ်ဆောင်ရ တာကို စိတ်ဝင်စားလာတာ ပါ။

**စိုင်းစိုင်းက အဆိုတော် ဘက်ကနေ သရုပ်ဆောင် ဖြစ် လာပြီး အောင်မြင်သွားတော့ ဘယ်လို ခံစားလိုက်ရလဲ။**

ကျွန်တော်က VCD မင်းသားအနေနဲ့ အောင်မြင်ပါ တယ်။ အဲဒီခေတ်၊ အဲဒီ အခါ တုန်းက ကြိုက်တဲ့အဆိုတော် ရဲ့ VCD အချပ်ကို ဖွင့်ကြည့် လိုက်ပါ။ ကျွန်တော် ပါ,ပါ တယ်။ ပြီးတော့ TV ကြော် ငြာ တော်တော်များများကို လည်း ကျွန်တော် ရိုက်ခဲ့ တယ်။ အဆင်ပြေတယ်။ ဒါပေမဲ့ ရုပ်ရှင်သရုပ်ဆောင် မှာ ကျွန်တော် လုံးဝ မအောင် မြင်ပါဘူး။ သရုပ်မဆောင် တတ်ဘူး။ ရုပ်ရှင်ပညာကို လည်း ကျွန်တော် လုံးဝ နား မလည်ခဲ့ပါဘူး။ နားမလည် ခဲ့တဲ့အတွက် ကျွန်တော်က အစောပိုင်းကာလ ကျွန်တော် ရိုက်တဲ့ကားတွေမှာ ကျွန်တော် သရုပ်ဆောင် အင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com

ချင်းခဲ့ပါတယ်။ ဒါပေမဲ့ ဘက် ဂီတဘက်က အောင် မြင်မှုအချိန်နဲ့ ရုပ်ရှင်ဇာတ်ကား ခေတ်က ဖလင်နဲ့ရိုက်တဲ့ ဇာတ်ကားတွေမှာ ကျွန်တော့် ကို ငွေရမ်းအသုံးပြုခဲ့ပါတယ်။ ကျွန်တော်ကလည်း ကိုယ့်ကို အကြေးငွေနဲ့ငှားပြီးရိုက်တာ ဆိုတော့ ကျွန်တော် တော် ဘော် ဘဝင်လေဟပ်တာပေါ့။ ာ, ငါ နာမည်ကြီးတယ်။ ကို လာငှားကြတယ်။ ငါ ရိုက်ရင် ဖြစ်မှာပဲ၊ ထင်တာ။ ကယ်တော့ လုံးဝ မဟုတ် ဘူး။ ရုပ်ရှင်ဟာ ပညာရပ် တစ်ခုသတ်သတ်ဖြစ်ပါတယ်။ ဆိုတော် နာမည်ကြီးတာနဲ့ ာမှုမဆိုင်ပါဘူး။ ကား အောင်းတတ်တိုင်း ရေကူး တတ်မှာ မဟုတ်သလိုပေါ့။ အဲဒီလိုနဲ့ ကျွန်တော့်ရဲ့ ရုပ်ရှင် သရုပ်ဆောင်ဘဝက တော် တော် ညံ့ဖျင်းစွာနဲ့ပဲ မအောင် မြင်ခဲ့ပါဘူး။ အဲဒီလိုနဲ့ နှစ်ပေါင်း တော်တော်ကြာ ကြာကို ဖြတ်သန်းခဲ့ပြီးတဲ့ နောက်မှာ ရုပ်ရှင်၊ ဗီဒီယိုတွေ ရိုက်ရင်းရိုက်ရင်းနဲ့ အဲဒီမှာ သရုပ်ဆောင်ရတဲ့ အရသာ၊ ရုပ်ရှင်ကိုဖန်တီးရတဲ့ အရသာ၊ ရိုက်ကူးရတဲ့အရသာနဲ့ ပြီးစီး သွားတဲ့ ကိုယ့်ရဲ့ကားကို ပြန်ကြည့်ရတဲ့ အရသာကို ကျွန်တော် ခံစားတတ်လာ တယ်။ အဲဒီအချိန်မှာ ကျွန်တော်က ရုပ်ရှင်ကို တော် တော်လေး ကြိုးစားပြီးတော့ သင်ယူခဲ့ပါတယ်။ အခုအချိန် အထိလည်း သင်ယူနေဆဲပါ ။ အတွေ့အကြုံက သင်သွား တာရော၊ ကျွန်တော် ဆရာ ကောင်းတွေမှာ သင်ယူခွင့်ရ ခဲ့တာတွေရောကြောင့် အခု

အချိန် ကိုယ့်ကား ကိုယ်ပြန်ကြည့်တဲ့အချိန်မှာ အရင်ကလောက် မဆိုးဝါးတော့ဘူးလို့ ခံစားရပါတယ်။ အကောင်းဆုံး အနေ အထားတော့ မဟုတ်သေးပါဘူး။ အဲဒါနဲ့ ပတ်သက်ပြီး အများ ကြီး ကြိုးစားရဦးမှာပါ။

ဂီတဘက်က အောင်မြင်မှုနဲ့ ရုပ်ရှင်မှာ အောင်မြင်တဲ့ အောင်မြင်မှုက ဆင်တူတယ်လို့ ပြောရမလား။ ဒါမှ မဟုတ် တစ်ခုချင်း ကွာခြားတာလား။ ကွာတယ်ဆိုရင် ဘယ်လိုကွာ တယ်လို့ ပြောရမလဲ။

အောင်မြင်တဲ့အချိန်၊ ပရိသတ် လက်ခုပ်တီးတဲ့အချိန်မှာ



ခံစားရတဲ့ အရသာက ချိုမြိန်ပါတယ်။ ကျွန်တော်က ငါ အောင်မြင်မှုကို မကြိုက်ဘူးလို့ မငြင်းချင်ပါဘူး။ အောင်မြင်မှု ရတဲ့ အရသာက ချိုမြိန်ပါတယ်။ ဂီတပဲဖြစ်ဖြစ်၊ ရုပ်ရှင်ပဲ ဖြစ်ဖြစ် ကိုယ်အမှန်တကယ် ကြိုးစားအားထုတ်ပြီးတော့ ပရိသတ်က အားပေးပြီဆိုရင် ကြီးမားတဲ့ ပီတိကို ရတာချင်း အတူတူပါပဲ။

ကိုယ်ကတော့ ကိုယ်လုပ်ချင်တဲ့၊ ကိုယ်လုပ်ရမယ့် အနု ပညာနဲ့ကိုယ် အကောင်းဆုံးလုပ်ကြတာပါပဲ။ ဒါပေမဲ့ ဝေဖန်မှု တွေခံရရင် ဘယ်လိုခံစားရလဲ။ ဒါကို ဘယ်လို ကျော်လွှားပြီး တော့ ဆက်လျှောက်လဲ။

ကျွန်တော်က ဝေဖန်မှု တွေနဲ့တော်တော်လေး အသား ကျတဲ့သူပါ။ ကျွန်တော် သီချင်း စ,ဆိုကတည်းက အောင်မြင်ခဲ့တာတော့ မဟုတ် ပါဘူး။ ဂီတအမျိုးအစား တော်တော်များများကို ကျွန်တော်က ကြိုက်လည်း ကြိုက်တယ်၊ နှစ်လည်း နှစ် သက်တယ်။ ကျွန်တော်နဲ့ အလိုက်ဖက်ဆုံး၊ ကျွန်တော် ရေးရတာ လက်လည်း အတွေ့ ဆုံး၊ ဆိုရတာ အာလည်း အတွေ့ဆုံးဖြစ်တဲ့ Rap သီချင်းတွေ၊ Hip Hop သီချင်းတွေ အရမ်းအဆင်ပြေ ပေမဲ့ အခြား Melody သီချင်း တွေကို ဆိုတဲ့အခါမှာ ကျွန်တော့်ရဲ့အသံဟာ အနိမ့် အမြင့်၊ အတက်အကျ တော် တော်ကို ကျဉ်းပါတယ်။ ကျဉ်းတဲ့အခါကျတော့ တချို့ သီချင်းတွေဟာ ကျွန်တော်နဲ့ မလိုက်ဖက်တဲ့၊ ကျွန်တော် မဆိုနိုင်တဲ့ သီချင်းတွေ အများ ကြီးရှိတယ်။ အဲဒီလို သီချင်း တွေဆိုတဲ့အခါမှာ ကြီးစွာ သောဝေဖန်မှုတွေနဲ့ ကျွန်တော် ကြုံရပါတယ်။ ပြီးတော့ Rap သီချင်းတွေ၊ Hip Hop သီချင်းတွေ စ,ဆိုတဲ့အခါ တုန်းကလည်း ဒီဂီတအမျိုး အစားကို လက်မခံသေးတဲ့ သူတွေ တော်တော်များတဲ့ အတွက် ဝေဖန်မှုတွေ ကြုံခဲ့ ရတယ်။ အဲဒီတော့ ကျွန်တော် က ဒီအလုပ်ကို စ, လုပ်တဲ့ အချိန်ကတည်းက ဝေဖန်မှု တွေနဲ့ အသားကျလာတာ ဖြစ်တဲ့အတွက် ဝေဖန်မှု ဆို တာကို ကိုယ့်အတွက် ဘယ် လို အကျိုးရှိအောင် လုပ်မလဲ၊ ဘယ်လို ဝေဖန်မှုမျိုးကတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဥပေက္ခာပြုထားရမယ်၊ ဘယ်လိုဝေဖန်မှုတွေကတော့ ကိုယ့်အတွက် အကျိုးရှိတဲ့အတွက် လေးလေးစားစား နားထောင်သင့်တယ်၊ ဘယ်လိုဝေဖန်မှုမျိုးကနေ အချက်အလက်တွေကို ယူပြီးတော့ ကိုယ်ပြုပြင်ရမယ်ဆိုတာကိုတော့ ကျွန်တော်က အချိန်ကာလ တော်တော်ကြာကြာ ကတည်းကကို သဘောပေါက်ခဲ့ပါတယ်။ ကျွန်တော်ပြောချင်တာက ဝေဖန်မှုဟာ အပြစ်ထက် အကျိုးအများကြီး ရှိပါတယ်။ ကြိုက်သလို ဝေဖန်ပါ။ နားလည်လို့ ဝေဖန်တာ ဖြစ်ပါစေ၊ နားမလည်ဘဲနဲ့ ဆဲတာပဲဖြစ်ပါစေ ကျွန်တော်က ကြိုဆိုတယ်။ ကျေးဇူးတင်တယ်။ နားမလည်လို့ အဆဲခံရတယ်ဆိုလည်း ကျွန်တော့်ရဲ့ အနုပညာဟာ သူ့ကို လွှမ်းမိုးနိုင်စွမ်း မရှိလို့၊ ကိုယ်ညံ့လို့ပဲလို့ ခံယူပါတယ်။ အဲဒီတော့ ကြိုက်သလို ဆဲပါ၊ ကြိုက်သလို ဝေဖန်ပါ။ ဘယ်လိုဝေဖန်မှုမျိုးမဆို အနုပညာရှင်ဖြစ်တဲ့ ကျွန်တော်က အားပေးတဲ့ ပရိသတ်ကြီးဆီက ကျွန်တော် ကြိုဆိုရမှာပဲ။

**စိုင်းစိုင်းတို့ စတင်အောင်မြင်စဉ်က Music တွေ ဖွင့်ပြီး၊ DJ တွေနဲ့ ဆိုဖြစ်ခဲ့ပေမဲ့ နောက်ပိုင်းတွေမှာကျတော့ ဘာဖြစ်လို့ တီးဝိုင်းတွေနဲ့ပါ ဆိုဖြစ်တာလဲ။ ပုံစံပြောင်းချင်လို့လား။**

ကျွန်တော့်ပွဲ လာကြည့်တဲ့ပရိသတ်က လက်မှတ်ကို ၆၅၀၀ ပေးရတယ်။ ပြီးတော့ သူတို့ အချိန်ပေးရတယ်၊ တက္ကစီနဲ့ လာရမှာ ရှိတယ်၊ ပရိသတ်က ရင်းနှီးရတာတွေ ရှိတယ်။ အဲဒါကြောင့် အားပေးတဲ့ပရိသတ်ကို ပေးရတာနဲ့ တန်စေချင်တယ်။ လာကြည့်ပြီးတော့ "စိုင်းစိုင်း Show အလကားပါပဲကွာ" ဆိုတဲ့ ဟာမျိုး၊ တစ်ခါလာလည်း ဒါပဲ ဆိုတဲ့ဟာမျိုး ကျွန်တော် မဖြစ်စေချင်ဘူး။ အဲဒီအတွက် ကျွန်တော့်သီချင်းကို နည်းမျိုးစုံနဲ့ တင်ဆက်တယ်။ မူလတုန်းက ကျွန်တော်တို့ရဲ့ Hip Hop သီချင်းကို ကျွန်တော်တို့ ဆီက Band Player တွေက လည်း မကြိုက်နှစ်သက်တာ လည်း ဖြစ်မယ်။ တီးပေးချင် တဲ့လူ သိပ်မရှိဘူး။ အဲ တုန်းကပေါ့။ အခု နောက်ပိုင်း ကျတော့ ဂီတဆရာကြီးတွေ တော်တော်များများကလည်း ကျွန်တော်တို့ကို နားလည် တယ်၊ လက်ခံတယ်၊ ကူ ပြီးတော့ တီးပေးချင်တယ် တီးပေးနိုင်တယ်။ အဲဒီအ ကျတော့ တစ်ပုဒ်လုံးကို ... ပျူတာနဲ့ဖန်တီးထားတဲ့ သီ မျိုးဆိုရင်တော့ CD ...

www.burmeseclassic.com

www.burmeseclassic.com

…င်ခွင့်မယ်။ ဒါပေမဲ့ တီးလို့ …ပြီး အဆင်ပြေသွားမယ်။ …ရိုသတ်နားထောင်လို့ ပို …ကောင်းမယ်ဆိုတဲ့ သီချင်းတွေ …ကို ကျွန်တော်က တီးတယ်။ …ဘယ်ဟာကိုမှ တရားသေ …လုပ်ထားဘဲနဲ့ သီချင်းတစ် …ပုဒ်ချင်းစီနဲ့ လိုက်ဖက်တဲ့ဟာ …ပေါ့။ စန္ဒရားနဲ့ လိုက်ဖက်ရင် ကျွန်တော် စန္ဒရားနဲ့ ဆိုမယ်။ …ကပြီးတော့ဆိုလို့ ကောင်းမယ့် သီချင်းဆိုရင် ကပြီးတော့ ဆို …မယ်။ တီးပြီးတော့ဆိုလို့ …ကောင်းမယ့်သီချင်းဆိုရင် …တီးဝိုင်းနဲ့ဆိုမယ်။ အဓိက …ကတော့ ဖျော်ဖြေမှုပုံစံ အမြဲ …တမ်း ပြောင်းလဲချင်တယ်။

**…ဟုတ်ပါပြီ။ ဂီတ၊ ရုပ် …ရှင် ပြီးတော့ စာအုပ်ကိုရော …ဘယ်လိုကြောင့် ရေးဖြစ်သွား …တာလဲ။ စာရေးတာကလည်း …ငယ်ကတည်းက ရည်ရွယ်ထား …တဲ့အလုပ်တစ်ခုပဲလား။**

ကျွန်တော် ၂၀၀၆ ခုနှစ် …နဲ့ ၂၀၀၈ ခုနှစ်မှာ စာအုပ် …နှစ်အုပ် ထွက်ခဲ့ဖူးပါတယ်။ ၂၀၀၆ ခုနှစ်မှာ **စတ္တုပ္ပက်၊** ၂၀၀၈ ခုနှစ်မှာ **ကံကို ဆွဲ၍ …နှုန်းသီခြယ် မင်းရည်ကျဲ၏ …တေ့ျ၏** ထွက်ခဲ့ပါတယ်။ ကျွန်တော်တို့ တောင်ကြီးသား …တွေကိုက ကျွန်တော် သိသ …လောက်တော့ ကျွန်တော်တို့ …မြို့က ကျူးလည်းကျူးတယ်။ …အဲဒါကြောင့် သီချင်းနားထောင် …ကြတယ်။ စာအုပ်ဖတ်ကြ …တယ်။ အဲဒီထဲမှာ ကျွန်တော် …လည်းတစ်ယောက် အပါ …အဝင်ပေါ့။ ကျွန်တော် …စာအရမ်းဖတ်ပါတယ်။ ကျွန်တော့်အိမ်မှာ ကျွန်တော့် …အဘိုးတို့၊ အဖေတို့ရဲ့ စာအုပ် …စင်၊ စာအုပ်သေတ္တာကြီးတွေ ရှိတယ်။ ကျွန်တော် ကလေးဘဝကတည်းက စာအုပ်ကြားမှာ ကြီးခဲ့တယ်ဆိုတော့၊ သီချင်းလည်း ရေးတယ်ဆိုတော့ ကျွန်တော် ငယ်စဉ်ကတည်းက စာတိုပေစ ကဗျာတွေ တော်တော် ရေးဖြစ်ပါတယ်။ စာအုပ်ရေးတဲ့ နှစ်ပိုင်းတွေကတော့ ရုပ်ရှင်လည်း မရိုက်ရသေးဘူးဆိုတော့ သီချင်းရေးတာအပြင် ကိုယ့် ဝါသနာလည်းပါတဲ့ စာပါ ရေးဖြစ်ခဲ့တာပါ။ ကျွန်တော်



ပရော်ဖက်ရှင်နယ် စာရေးဆရာအဆင့် မဟုတ်ပါဘူး။ ဝါသနာရှင်အဆင့်ပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့စာတွေက ကျွန်တော့် ပရိသတ်တွေနဲ့ ရင်ဘတ်ချင်း ထပ်တူကျခဲ့တယ်လို့ ကျွန်တော် ထင်ပါတယ်။

**ဟိုအရင်တုန်းက အနုပညာရှင်တွေက ရုပ်ရှင်ရော၊ ဂီတရော၊ စာပေဘက်မှာပါ ထူးချွန်အောင်မြင်ခဲ့တဲ့သူတွေ ရှိခဲ့ကြပါတယ်။ စိုင်းစိုင်းကရော အဲဒီလိုဖြစ်ချင်တာလား။ စာအုပ်ကို ဘာဖြစ်လို့ နောက်ပိုင်း ဆက်မရေးဖြစ်တော့တာလဲ။**

ရှေ့က အနုပညာရှင်တွေနဲ့တော့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရပါဘူး။ အစ်ကိုပြောတဲ့ အနုပညာရှင်တွေက တကယ့်က အနုပညာရှင် အစစ်ကြီးတွေပါ။ ပြည်သူလူထုကို အသိအမြင်၊ ဗဟုသုတ ခံစားမှုရသမျိုးစုံ ပေးနိုင်စွမ်းတဲ့ စာရေး ဆရာကြီးတွေပါ။ ကျွန်တော်ကတော့ ဝါသနာရှင်အဆင့်ပါပဲ။ ဒါပေမဲ့ ကျွန်တော်က လုပ်ချင်တဲ့ အနုပညာတွေ အကုန်လုပ်ရလို့ ကျေနပ်သွားတာတော့ မဟုတ်ပါဘူး။ အခုအချိန်မှာ ဂီတနဲ့ ရုပ်ရှင်ကိုပဲ အချိန်အပြည့် ပေးထားတဲ့အတွက် စာ လုံးဝ မရေးဖြစ်တာပါ။ စာရေးတာလည်း ကျွန်တော် တစ်သက်လုံး လုပ်သွားချင်တဲ့၊ ရေးသွားချင်တဲ့ ကျွန်တော့် ဘဝရဲ့ နောက်ထပ်အရသာ တစ်ခုပါပဲ။ မြင်မြင်သမျှ ကိုယ်အကုန်လုံး လုပ်ချင်တဲ့ ဟာမျိုးတော့ မဟုတ်ပါဘူး။ ပရိသတ်ကို ဒီမှာ ပြောချင်တာက ကျွန်တော် လုပ်ချင်တာ ဒါ အကုန်ပါပဲ။ ကျန်တဲ့ အနုပညာတွေ ဥပမာ ပြောမယ်ဆိုရင်ပန်းပုလည်းထုမယ်၊ ပန်းချီလည်း ဆွဲ မယ်။ အဲဒါမျိုး မြင်သမျှ အကုန်လုပ်မယ်ဆိုတာမျိုးတော့ မဟုတ်ပါဘူး။ အဲဒါတွေကိုတော့ ကျွန်တော် နားလည်းမလည်၊ ကျွန်တော် တတ်လည်း မတတ်ကျွမ်းပါဘူး။ ဒီလောက်ကိုပဲ ကိုယ့်ကိုယ်ကို တော်တော်လွန်နေပြီလို့ ကျွန်တော် ထင်ပါတယ်။

**နောက်ဆုံးပိတ်အနေနဲ့ မေးချင်တာကတော့ စာတွေတော့ထပ်ရေးဖြစ်ဦးမယ်ပေါ့။**

စာအုပ်ကတော့ ကျွန်တော် ကြိုးစားပါမယ်လို့ပဲ ပရိသတ်ကို ပြောထားချင်တယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ကလေးလေးလိုပဲ။ ကောင်းဘွိုင်အလုပ်တွေ၊ ရက်ဒ်အင်ဒီးယန်းလူမျိုးတွေရဲ့ အလေ့အထတွေနဲ့ပဲ တစ်ချိန်လုံး အလုပ်ရှုပ်နေတာ ဒီနေရာက သူ့ကစားကွင်းပဲလေ"လို့ သမီး Paula က ပြောပြခဲ့ပါတယ်

# တက္ကဆတ်သူရဲကောင်း Willie Nelson နှင့် တွေ့ဆုံခြင်း

ရာပြည့်


အမေရိကန်ပြည်ထောင်စု၊ တက္ကဆတ်ပြည်နယ်မြို့တော် Austin ရဲ့ အနောက်ဘက် မိုင် ၃၀ လောက်အကွာမှာရှိတဲ့ ဟာမ်ဘာဂါဆိုင်နဲ့ မော်တော်ကားစက်ပြင်ရုံတစ်ခုတို့ကနေ နောက်ထပ် နှစ်မိုင်လောက်ဆက်သွားလိုက်ရင် မြင်းစီးကောင်းဘွိုင်ရုပ်ပုံ တပ်ဆင်ထားတဲ့ သံတံခါးဂိတ်တစ်ခုကို တွေ့ကြရမှာပါ။ ဝက်သစ်ချပင်တွေ၊ စီဒါထင်းရှူးပင်တွေ၊ မြက်ခင်းစိမ်းစိမ်းတွေနဲ့ ဝန်းရံလို့ပေါ့။ အဲဒီကနေ ရှေ့ဆက်လို့ ကုန်းရုံတစ်ခုထောင့်အရောက်မှာ ဘယ်ဘက်ကို ချိုးဝင်လိုက်မယ်ဆိုရင်တော့ လူသူတိတ်ဆိတ်လှတဲ့ မြို့တစ်မြို့ကို ရောက်သွားမှာပါ။ သစ်သားနဲ့ ဆောက်ထားတဲ့ အဖြူရောင်ဝတ်ကျောင်းတော်၊ အချုပ်ထောင်၊ ဘဏ်တိုက်၊ ကပွဲခန်းမ၊ ရေစင်၊ ဆံပင်ညှပ်ဆိုင် စတဲ့ ကောင်းဘွိုင်ခေတ်က မြို့လေးတစ်မြို့ရဲ့ အင်္ဂါရပ်တွေ အပြည့်နဲ့ပေါ့။

တက္ကဆတ်ပြည်နယ်ထဲမှာရှိတဲ့ အဲဒီမြို့လေးကို Luck လို့ ခေါ်ပါတယ် Luck မြို့လေးကို တူထောင်သူကတော့ အမေရိကရဲ့ အကျော်ကြားဆုံး သီချင်း ရေးဆရာ၊ တက္ကဆတ်ရဲ့ သူရဲကောင်း ကျေးလက်ဂီတအဆိုတော် Wil Nelson ပဲ ဖြစ်ပါတယ်။ Red Hea Stranger အမည်ရ ၁၉၈၆ ခုနှစ် ကောင်းဘွိုင်ဇာတ်ကားရိုက်ကူးဖို့အ Willie Nelson က တက္ကဆတ်ပြည်



www.burmeseclassic.com

www.burmeseclassic.com



...အားမောင်းရခြင်းကို နှစ်သက်တဲ့ Willie Nelson

...အကွင်းမှာ သူ ပိုင်ဆိုင်တဲ့ ဧက ၇၀၀ ...ကျယ်အဝန်းရှိ Hill Country မြေကွက် ...ဲ့ ထောင့်တစ်နေရာမှာ Luck မြို့လေး ...ကို တည်ပေးခဲ့တာ ဖြစ်ပါတယ်။ ရုပ်ရှင် ...ရိုက်ကွက်နဲ့ တစ်ပြိုင်တည်းမှာပဲ အဲဒီ ...ကားနာမည်နဲ့ သူ့ရဲ့ ကလပ်စစ်ဂီတ ...လ်တမ်တစ်ချပ် ထုတ်ဝေဖို့ Nelson ... စီစဉ်ခဲ့တာပါ။ ဒါပေမဲ့ အဓိက ...ဆောင်ဖြစ်တဲ့ မင်းသား Robert ...ford က ကားရိုက် မစခင် နုတ်ထွက်သွားခဲ့လို့ အစီအစဉ် အထမမြောက်ခဲ့ရပါဘူး။ ငယ်စဉ်ကတည်းက နာမည်ကျော် ကျေးလက်ဂီတ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင် Roy Rogers ကို အားကျခဲ့ရတဲ့ Willie Nelson ဟာ အစိုးရကို ပေးဆောင်ရမယ့် အခွန်ကြွေးကျန်တွေ ရှိနေတဲ့ကြားက ရှေ့ဆက်တိုးခဲ့ပြီး၊ ကောင်းဘွိုင်ခေတ် မြို့ဟောင်းကလေး တစ်ခုကို ပိုင်ဆိုင်ချင်တဲ့ ငယ်ဘဝ အိပ်မက်ကို အကောင်အထည်ဖော်ခဲ့တာပဲ ဖြစ်ပါတယ်။ Nelson ဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် မိတ်ဆွေတွေဆီကအကူအညီနဲ့ လိုအပ်တဲ့ ရန်ပုံငွေကို ရှာဖွေရပါတယ်။ သူ့မိသားစုနဲ့ ဂီတအဖွဲ့သားတွေကိုလည်း ရုပ်ရှင်ထဲမှာ ပါဝင်သရုပ်ဆောင်စေသလို၊ တကွဲဆက်တကွဲသိုလ်က ဗီသုကာကျောင်းသားတွေလည်း Luck မြို့ တည်ဆောက်ရေးကို ပါဝင်ကူညီပေးခဲ့ကြပါတယ်။ ဇာတ်လမ်းအရ ဇာတ်သိမ်းခန်းမှာ မြို့ကို မီးရှို့ဖျက်ဆီးခံရမှာဖြစ်ပေမဲ့ Nelson က မီးရှို့မခံဘဲ ဇာတ်သိမ်းပိုင်းကို ပြင်ဆင်ရိုက်ကူးစေခဲ့ပါတယ်။

ရာသီဥတု ကြည်လင်နေတဲ့ ဆောင်းရာသီ နံနက်ခင်းတစ်ခုမှာ ၁၉၈၄ ခုနှစ်ထုတ် Chevy ကားကြီးကို Luck မြို့တစ်လျှောက် မောင်းနှင်လာတဲ့ Nelson က 'မြို့ကိုတော့ ဘယ်တော့မှ ဖျက်ဆီးပစ်မှာ မဟုတ်ဘူး' လို့ ပြောကြားရင်း ချောင်းတစ်ချက်ဟန့်လိုက်ကာ 'ရုပ်ရှင်ရိုက်ကူးရာကရတဲ့ ငွေတွေ၊ ရနိုင်သမျှ အရယူပြီးရင် သူတို့တွေကို မြို့ထဲက မောင်းထုတ်လိုက်မှာ' လို့ ပြောကြားလာပါတယ်။

ဒီကနေ့ခေတ်မှာတော့ Luck မြို့လေးက အမေရိကန်ပြည်ထောင်စုရဲ့ တစ်ခုတည်း ကြွင်းကျန်ရပ်တည်နေရစ်တဲ့ ကောင်းဘွိုင်ဇာတ်ကားရိုက်ကူးရာ မြို့ဟောင်းလေးတစ်မြို့ ဖြစ်နေပါပြီ။ ရပ်တည်နေတယ်ဆိုပေမဲ့ John Deere လယ်ထွန်စက်တွေထားတဲ့ ရုံက လည်း ပျဉ်ပြားတွေ ကွာကျနေပြီဖြစ်သလို၊ အတုလုပ်ထားတဲ့ ကျောက်ဆောင်ကြီးကလည်း ကမ်းပါးယံကနေ ပြိုကျနေပါပြီ။ စာတိုက်ရုံးကလေး မြေပြင်ကို ပြားပြားဝပ်လို့။ မြို့တည်ရာမှာ ပါဝင်ခဲ့တဲ့ ဗိသုကာတွေ မကြာသေးခင်က လာရောက်စစ်ဆေးခဲ့ရာမှာတော့ မြေထိုးစက်နဲ့ ဖြိုချပြီး ပြန်ဆောက်မှပဲ ရတော့မယ်လို့ ဆိုခဲ့ကြပါတယ်။

မွေးမြူရေးခြံဝန်းကျယ်တစ်ပိုက်ကိုတော့ ဒေသခံတွေက 'ဝီလီရဲ့ကမ္ဘာ' လို့ အသိများကြပါတယ်။ Nelson က သူ့အိမ်ကနေ လှမ်းမြင်နေရတဲ့နေရာတစ်ခုမှာ ကိုးကျင်းအထိ ကစားလို့ရတဲ့ ဂေါက်ကွင်းတစ်ကွင်းလည်း တည်ဆောက်ထားပါသေးတယ်။ ဂေါက်ကွင်းနဲ့ ကပ်လျက်မှာက အသံသွင်းစတူဒီယိုရှိပြီး၊ မိတ်ဆွေအပေါင်းအသင်းတွေ၊ မိသားစုဝင်တွေနဲ့ သူ့ဂီတအဖွဲ့သားတွေကို နေရာချပေးထားတဲ့ ကွန်ဒို



www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံတွေ ရှိပါတယ်။ အမှတ် ၇၁ အဝေးပြေးလမ်းမကြီးပေါ် ဆင်း လိုက်မယ်ဆိုရင်တော့ Nelson ရဲ့ ကွယ်လွန်သူ စာတ်ခုံမန်နေဂျာ Poodie Locke ဖွင့်လှစ်ခဲ့တဲ့ Hilltop Roadhouse အမည်ရ ဘာဂါဆိုင်လေးဆီ ရောက် သွားမှာပါ။ ဆိုင်ထဲမှာတော့ Nelson ရဲ့ ပိုစတာပုံတွေနဲ့၊ ဓာတ်ခုံအပြင်အဆင် ဓာတ်ပုံတွေ အပြည့် ချိတ်ဆွဲထားပါ တယ်။ Nelson က Poodie ရဲ့ ဘာဂါ ဆိုင်ကို မမေ့ာ်လင့်ဘဲ ရောက်ရောက် လာပြီး ရိုက်ကွင်းအဖြစ် အသုံးပြုတတ် ပါတယ်။ အဲဒီကနေ Austin မြို့ထဲဘက် ကို ဆက်မောင်းသွားမည်ဆိုရင်တော့ Willie Nelson Boulevard လမ်းကျယ် ကြီးမှာ အသစ်ထုလုပ်စိုက်ထူထားတဲ့ ၈ ပေ အမြင့်ရှိ Willie Nelson ရုပ်တုကို မြင်တွေ့ရမှာဖြစ်ပါတယ်။

Nelson ဟာ သူ့ရဲ့ အငယ်ဆုံး ကလေးတွေဖြစ်တဲ့ Lukas နဲ့ Micah တို့ကို Luck မြို့လေးက နေအိမ်မှာပဲ ကြီးပြင်းစေခဲ့ပါတယ်။ သမီးတစ်ဦးဖြစ် တဲ့ Paula က ကားအမြဲမောင်းနေရတာ ကို ခုံမင်တဲ့ဖခင်အကြောင်းပြောပြရင်း အဖေနဲ့အတူ ကားပေါ်မှာပဲ သေဆုံးရ လိမ့်မယ်လို့ပင် ထင်မိကြောင်း ပြောပြ ပါတယ်။ "ဖေဖေက ကလေးလေးလိုပဲ။ ကောင်းဘွိုင်အလုပ်တွေ၊ ရက်ဒ်အင်ဒီး ယန်းလူမျိုးတွေရဲ့ အလေ့အထတွေနဲ့ပဲ တစ်ချိန်လုံး အလုပ်ရှုပ်နေတာ ဒီနေရာက သူ့ကစားကွင်းပဲလေ" လို့ Paula က ပြောပြခဲ့ပါတယ်။

ဒီကနေ့လည်း အနက်ရောင်ခေါင်း ဆောင်းအကျီဝတ်၊ ဆော့စ်ဘောလ်ကက် ဦးထုပ်ကို နောက်ပြန်ဆောင်း၊ နေကာ မျက်မှန်တပ်ထားပြီး၊ Chevy ကားကြီး ကို Luck မြို့လေးထဲ လျှောက်မောင်း နေတဲ့ Nelson က မြင်းတစ်ကောင် နေ မကောင်းဖြစ်နေလို့ သူ့ကို သီးသန့်ခွဲ ထားဖို့လိုကြောင်း ပြောနေပါတယ်။ "ဒီနေရာလေးက သက်တမ်းရင့်ရော်နေ ပေမဲ့ အကြမ်းထည်အတိုင်း ရှိနေသေးတဲ့ ကျေးလက်ဒေသလေးပဲ။ ပုဂ္ဂလိက လွတ်လပ်ခွင့်တွေ အများကြီးရှိနေတဲ့ နေရာပေါ့။ ကျွန်တော် တကယ့်ဆတ်ကို သဘောကျတယ်" လို့ Nelson က ဆိုပါ တယ်။

ဒီလိုနဲ့ မြို့လယ်ပိုင်းကိုရောက်တော့ World Head Quarters Luck, Texas လို့ ဆိုင်းဘုတ်ချိတ်ဆွဲထားတဲ့ သစ်သား ထည် အဆောက်အဦကြီးရှေ့ကို ရောက်


စတူဒီယိုထဲမှာ တွေ့ရတဲ့ Nelson

တယ်။ အဆောက်အဦထဲမှာ ဒိုမီနို၊ ပိုကာ စတဲ့ ကစားဝိုင်းဝွဲတွေ၊ ဘီလီယက်ခုံ တွေ အခန်းနဲ့အပြည့်။ လေဝင်လေထွက် က မကောင်းတော့ အနံ့အသက်လည်း ဆိုးသေး။ ဒီမှာက သူငယ်ချင်း အပေါင်းအသင်းတွေကို Nelson က မကြာမကြာ ဖိတ်ခေါ်စုဝေးပြီး Texas Hold 'Em ဂိမ်းကစားနေကျပေါ့။ ဒေသ ခံ ဂီတသမားတွေနဲ့၊ လုပ်ငန်းရှင်တွေ လည်း ပါတတ်တယ်။ နံရံတွေပေါ်မှာ က ဂီတသမားရဲ့ အသက်အရွယ် အိုမင်း မှုက နာမည်ကိုမသေစေနိုင်ဘဲ ခန္ဓာ ကိုယ်ကိုသာ ပုပ်သိုးပျက်စီးစေနိုင်တယ် ဆိုတဲ့ ဆိုင်းဘုတ်မျိုးအပါအဝင် ပျော်ခ ရင် အဖော်ခေါ်လိုက်ဆိုတဲ့ စာတန်း အဆုံး၊ စာတန်းတွေ၊ ဆိုင်းဘုတ်တွေ အမျိုးမျိုး ချိတ်ဆွဲထားလေရဲ့။ ၂၀၀ မှာ Willie Nelson သမ္မတဖြစ်ရမယ်ဆို

တဲ့ ဆိုင်းဘုတ်တစ်ခုလည်း ပါသေး အပြင် ၁၉၇၃ ခုနှစ်ကစပြီး တကွ မှာ Nelson နှစ်စဉ်ကျင်းပလာခဲ့ အမေရိကန်လွတ်လပ်ရေးနေ့ (Fourth July) ပျော်ပွဲစားမြင်ကွင်းဓာတ်ပုံတွေ လည်း ချိတ်ထားပါတယ်။ အရက် နောက်မှာတော့ Nelson နဲ့ မိတ် ပေါင်းတွေဖြစ်တဲ့ ကွယ်လွန် Popcorn Sutton, Doug Sahm, တော်၊ စာရေးဆရာ Kinky Friedm



www.burmeseclassic.com

www.burmeseclassic.com

...တို့ ဓာတ်ပုံတွေ၊ ပရိသတ်တွေက ရေး ...ထားတဲ့ပန်းချီကားတွေ ချိတ်ဆွဲထားတဲ့ ...ခြင်း ၂၀ ရာစုနှစ်ရဲ့ အကျော်ကြားဆုံး ...အမေရိကန် ဂီတသမားတွေအနက် ...တစ်ဦးအပါအဝင်ဖြစ်တဲ့ တေးရေးအဆို ...တော် Johnny Cash ရဲ့ စင်မြင့်ဖျော်ဖြေပွဲ ...ဆိုင်ရာ သီဆိုတင်ဆက်နေတဲ့ ဓာတ်ပုံ ...ကြီးတစ်ပုံကိုလည်း ချိတ်ဆွဲထားပါ တယ်။ 'Johnny Cash က ညသန်း ...ခေါင်လောက်အချိန်ဆို ဖုန်းလှမ်းဆက် ...ပြီး ရယ်စရာတွေ ပြောတတ်တယ်' လို့ Nelson က ဆိုပါတယ်။

Nelson က သူ့ရဲ့ ကော်ဖီဖျော်စက် ...ကို အပ္ပပေးပြီးနောက် ၁၉၅၀ ခုနှစ်ပုံစံနဲ့ ...လုပ်ထားတဲ့ Hopalong Cassidy ...ပုံပြင်းဘူးထဲကနေ တော်ပီဒိုပုံစံ ကျစ် ...ကျစ်လျစ်လျစ် လိပ်ထားတဲ့ ဆေး ...ခြောက်ပွတ်ချွန်းတစ်လိပ်ကို ဂရုတစိုက် ...ဆွဲထုတ်လိုက်ပါတယ်။ အဲဒီနောက်မှ Vaporizer Pen လို့ခေါ်တဲ့ စီးကရက် ...ပုံတံတစ်မျိုးကို ထပ်ထုတ်ပြပါတယ်။ ...ဒီမျိုး သုံးဖူးလား၊ ဒါက ဆေးအိုးပဲ ...လား၊ မီးခိုးမထွက်ဘူး။ အပူမထွက် ...ဘူး၊ လေယာဉ်ပျံပေါ်မှာတောင် သုံးလို့ ...ရတယ်' လို့ Nelson က ဆိုပါတယ်။

Nelson ဟာ ဆေးခြောက်မှုနဲ့ ...အနည်းဆုံး လေးကြိမ်လောက် ဖမ်းဆီး ...ခံရသူ ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်တုန်း ...က တက္ကဆက်ပြည်နယ်ထဲမှာ ဓာတ်ီး ...ကားကြီးပေါ် ဆေးခြောက်ပွတ်ချွန်းကိုင် ...လျက် အိပ်ပျော်နေတဲ့ Nelson ကို ရဲတွေ ...က တွေ့ရှိခဲ့တာပါ။ ၂၀၀၆ ခုနှစ်မှာတော့ ...တက္ကဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး Ann Richards ရဲ့ ဈာပနကိုအသွား လူဝီ ...ဆီယားနားပြည်နယ် တစ်နေရာမှာ သူ့ ...ရဲ့ ဘတ်စ်ကားကို ရဲက ရပ်တန့်စစ်ဆေး ...ခြင်း ဆေးခြောက်တစ်ပေါင်ခွဲခန့်နဲ့ ...စိတ်ကြွရူးသွပ်စေတတ်တဲ့ မှိုတစ်မျိုး ...မှန်အောင်စလောက် တွေ့ရှိဖမ်းဆီးခံခဲ့ ...ရပြန်ပါတယ်။ နောက် လေးနှစ်အကြာ ...တယ်လီဖိုးနီးယားပြည်နယ်က ကျေးရွာ ...တော်နေ့ပွဲအပြန် တက္ကဆက်ပြည်နယ် Sierra Blanca မြို့မှာ တစ်ခါ ဖမ်းခံရပြန်

ပါတယ်။ ဒီတစ်ခါ ခြောက်အောင်စ လောက်ပါသွားတယ်လို့ Nelson က သူ့ရဲ့ ဟာမိုနီကာတီးမှုတ်သူ Mickey Raphael ကို ပြက်လုံးထုတ်ပြောပြခဲ့ပါ တယ်။ 'ဖမ်းထားတဲ့ရဲတွေက အမှတ် တရ လက်မှတ်ထိုးပေးတာပဲ လိုချင်ကြ တာလေ။ ကိုယ် ဆေးခြောက်သုံးတာကို သူတို့က ဂရုစိုက်နေမှာ မဟုတ်ဘူး။ ရုံး ပို့လိုက်လည်း ထောင်ကျရင်ကျ၊ မကျ ရင် ဒဏ်ငွေလောက်နဲ့ပဲ ပြန်ထွက်လာ ပြီး၊ လမ်းမှာ နောက်ထပ် ပွတ်ချွန်းတစ် လိပ် ထပ်သောက်မှာ သူတို့ သိနေတာ ပဲ။ တားလို့ မရဘူးဆိုတာ' လို့ Nelson က ပြောပြပါတယ်။

Weed လို့ခေါ်တဲ့ ပေါင်းပင်တစ်မျိုး ဟာ လူ့ကျန်းမာရေးအတွက် အထောက် အကူဖြစ်ကြောင်း ပြောကြားရင်း ယေရှု ခရစ်တော်ရဲ့ ဟောကြားချက်တချို့ကို ကိုးကားပြခဲ့တဲ့ Nelson က အစွဲရေးမှာ ဆို ဆေးဖက်ဝင် Weed ပေါင်းပင်ကို တရားဝင်သုံးစွဲခွင့်ရကြတဲ့အကြောင်း မနှာလိုတဲ့ဟန်နဲ့ ပြောကြားသွားခဲ့ပါသေး တယ်။

Nelson က ဧပြီလအတွင်းမှာ ၈၁ နှစ်ပြည့်ခဲ့ပြီးပါပြီ။ အသက်အရွယ် ထောက်လာတာနဲ့အမျှ မေ့လျော့တတ် လာတဲ့ Nelson ဟာ စင်မြင့်ဖျော်ဖြေပွဲ တွေမှာ တစ်ခါတစ်ခါ သူ့ရဲ့ ရောင်းရင်း Raphael ကို လှည့်လှည့်ကြည့်ရတတ်ပါ တယ်။ Raphael က Nelson နဲ့ လက်တွဲ လာတာ နှစ်ပေါင်း ၃၀ ကျော်ရှိပြီလေ။ တစ်ခါတလေဆို Nelson ဟာ တီးဝိုင်း က ဘာသီချင်းတီးနေတာမှန်းတောင် မသိလို့ Raphael ကို လှမ်းကြည့်ရတတ် ပါတယ်။ အကြားအာရုံကလည်း ကျ လာပြီး၊ ပရိသတ်တွေကို အမှတ်တရ လက်မှတ်ရေးထိုးပေးတာမျိုးတွေလည်း အရင်လောက် လုပ်မပေးတော့ပေမဲ့ ကိုရီးယားရိုးရာ ကိုယ်ခံပညာ တိုက်ကွမ် ဒိုကိုတော့ အလေ့အကျင့် မပျက်သလို၊ တခြားအဖွဲ့သားတွေ ဟိုတယ်မှာ အသီး သီး အိပ်စက်နေချိန်မှာ သူကတော့ Honeysuckle Rose လို့ အမည်ပေးထား

တဲ့ ဝ လေးဆယ်အရှည်ရှိ သူတို့ ခရီးသွားဘတ်စ်ကားကြီးပေါ်မှာပဲ အိပ် စက်လေ့ရှိမြဲ ဖြစ်ပါတယ်။

မွေးမြူရေးခြံနားရောက်တော့ သူ့ရဲ့ Billy Boy အမည်ရ စပ်မျိုးမြင်းကြီးကို ပြဖို့အတွက် ကားကို ခဏရပ်ပါတယ်။ Nelson က ဒုတိယ အမြင့်ဆုံး စည်ရိုး တန်းမှာ သူ့ကိုယ်သူ အသာလေး ဆွဲခိုို ပြပါသေးတယ်။ မြေပြင်ကနေဆို အောက်ခြေကို လေးပေလောက် လွတ် တဲ့အထိ သူ့ကိုယ်သူ ဆွဲခိုပြတာပါ။

Willie Nelson ဟာ တစ်နှစ်မှာ ရက်ပေါင်း ၁၅၀ လောက် လမ်းပေါ်မှာ လျှောက်သွားနေသူပါ။ နှစ်ပတ်ခြား လောက်ဆိုပါတော့။ သွားရင်းနဲ့ သူ့ရဲ့ နံပါတ် 'တစ်' စွဲတဲ့ ကျေးလက်ဂီတ သီချင်း အပုဒ် ၂၀ ထဲက သီချင်းတွေ၊ သူ့စိတ်ကြိုက် အဆိုတော်ကြီးတွေဖြစ်တဲ့ Bob Wills နဲ့ Lefty Frizzell တို့ရဲ့ သီချင်းတွေကို သီဆိုတီးခတ်နေတတ်ပါ တယ်။ ကျေးလက်ဂီတကို စပြီး လမ်း ဖောက်ပေးခဲ့တဲ့ Hank Williams တို့လို အဆိုတော်ကြီးတွေရဲ့ ကကွက်တွေနဲ့ သီချင်းတွေ ရေဒီယိုမှာ ခေတ်စားခဲ့တဲ့ နေ့တွေကို ပြန်ပြီး သတိတရဖော်ထုတ် ပေးနေတဲ့ တစ်ဦးတည်းသော သက်ရှိ ထင်ရှားပုဂ္ဂိုလ်ဟာ Willie Nelson ပါပဲ။ သူဟာ ဂျစ်ပဆီဂျက်ဇ်ဂီတကနေ ဟစ်ပ်ဟော့ အယ်လ်ဘမ်တွေအထိ ဂီတပုံစံကွဲ အမျိုး မျိုးကို Nashville မြို့လေးဆီ သယ်ယူ လာပေးတဲ့ ဆန်းသစ်တီထွင်သူတစ်ဦး လည်း ဖြစ်ပါတယ်။ သူ့ရဲ့ ဓာတ်ပြား အယ်လ်ဘမ်ချပ်ရေ သန်းပေါင်း လေး ဆယ်ကျော်ရောင်းချခဲ့ပြီး၊ အဲဒီအထဲက ၁၆ သန်းလောက်ဟာ ပြီးခဲ့တဲ့ ဆယ်စု နှစ်တစ်ခုတည်းအတွင်းမှာ ရောင်းချခဲ့ ရတာပါ။ ဂီတပုံစံတွေကလည်း လူငယ် ဘဝက ဆိုခဲ့တဲ့ ကျေးလက်ဂီတကနေ ရက်ဂေး၊ ပေါ့ပ် အစုံပါပဲ။ ဆယ်စုနှစ် တွေ အတွင်း ပရိသတ် တို့ပြန်မှု အကောင်းဆုံးသီချင်းတွေပါဝင်တဲ့ *Band of Brothers* အမည်ရ သူ့ရဲ့ အယ်လ်ဘမ်သစ်ဟာ ကျေးလက်ဂီတ



www.burmeseclassic.com

www.burmeseclassic.com

အရောင်းဇယားချပ်မှာ ၂၈ နှစ်အတွင်း သူ့ရဲ့ ပထမဆုံး နံပါတ် 'တစ်' ရ အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ အဲဒီ အယ်လ်ဘမ်က Nelson ရဲ့ ခရီးသွား ဒိုင်ယာရီတစ်အုပ်လိုပါပဲ။ *I've Got a Lot of Traveling to Do* ဆိုတဲ့ သီချင်း က အိမ်တွင်းရေး အရှုပ်အထွေးတွေက နေ လွတ်မြောက်ရာအဖြစ် Weed မူးယစ်ဆေးသုံးစွဲခဲ့တဲ့ဘက် ရောက်ခဲ့ တဲ့အကြောင်းဖြစ်ပြီး *I Thought I Left You* ဆိုတဲ့ သီချင်းကတော့ ချစ်သူ ဟောင်းဆီလာတဲ့ ညှို့သည့်စာရင်းကို ဆန်းစစ်တဲ့အကြောင်းပါ။ 'အဲဒီသီချင်း တွေထဲမှာ တကယ့် ဖြစ်ရပ်မှန်က နည်းနည်းပဲပါပါတယ်' လို့ Nelson က ဆိုပါတယ်။

မိတ်ဆွေ နာမည်ကျော် အဆိုတော် တွေဖြစ်တဲ့ Williams, Merle Haggard, Dolly Parton စတဲ့ သူတွေနဲ့ Nelson နဲ့မတူတဲ့အချက်ကတော့ သူတို့တစ်တွေ မှာက အသံတူအောင် တုပသီဆိုနိုင်သူ တွေ အများအပြား ရှိနေပြီး၊ Nelson ရဲ့အသံကို တုပသီဆိုနိုင်သူ တစ်ယောက် မှ မရှိတာပါပဲ။ ကွယ်လွန်သူ ဂီတ ထုတ်လုပ်ရေးမှူး Jerry Wexler က *Rubato* လို့ ခေါ်တဲ့ သီချင်း သီဆိုရာမှာ စည်းဝါးအဝင်အထွက်ကို မူရင်း စည်း ချက်မပျက်စေဘဲ စောဝင်၊ နောက်ကျ ထွက်ကာ သီဆိုတတ်တဲ့ အဆိုပညာ ကျွမ်းကျင်နိုင်သူမျိုးဟာ သူ့သက် တမ်းတစ်လျှောက် သုံးယောက်သာ ရှိ ပြီး၊ သူတို့တွေကတော့ Frank Sinatra, Ray Charles နဲ့ Willie Nelson တို့ပဲဖြစ် တယ်လို့ ပြောကြားသွားခဲ့ဖူးပါတယ်။ 'အသံအပိုင်းအခြား မီတာတစ်ရပ်အပေါ် မှာ စီးမျောပြီး ဆွဲဆန့်သွားလိုက်တာ နောက်လာမယ့် ဂီတနုတ်(Note) တစ်ခု ကို လွဲချော်သွားတော့မတတ်လို့ ထင်ရ ပေမဲ့ နောက်သင်္ကေတရဲ့ ရှေ့ဆုံးဘား (Bar One) ကို အချိန်မီ ပြန်ရောက်လာ နိုင်တဲ့ အဆိုပညာဟာ တကယ့်ကို အံ့ဖွယ်ဂီတပညာတစ်ရပ်ပါပဲ' လို့ Wexler က ဆိုခဲ့ပါတယ်။

အမေရိက တစ်တိုင်းပြည်လုံးမှာ သဘောထားကွဲလွဲမှုတွေ ဘယ်လောက် ပဲများနေပါစေ၊ Nelson နဲ့ ပတ်သက် လာရင် အားလုံးရဲ့ သဘောထားက တစ် ခုတည်းပဲရှိပါတယ်။ 'Nelson ကို ငရဲ သားတွေကလည်း ချစ်သလို၊ ဘုရား ဘုရားတွေကလည်း ချစ်ကြတာလေ' လို့ Raphael က ဆိုပါတယ်။ Nelson ဟာ အများနဲ့ သိပ်ပြီး ရောနှောမနေဘဲ သူ့ တစ်ကိုယ်တည်း တွေးတောနေတတ်သူ ဖြစ်ပြီး၊ သူ့ဘဝဇာတ်ကြောင်းကို ပြောပြ တဲ့အခါမှာလည်း လိုရင်းအချက်အလက် လောက်ကိုသာ အကျဉ်းချုပ် ပြောကြား လေ့ရှိပါတယ်။ သူ့ရဲ့မိသားစုဝင်တွေ၊ မိတ်ဆွေအပေါင်းအသင်းတွေ၊ သူ့အဖွဲ့ သားတွေနဲ့ တွေ့ဆုံခန်း ၃၀ ကျော် လောက် ပြုလုပ်ကြတဲ့အခါမှာ Nelson ဟာ အပေးအကမ်းရက်ရောသူ၊ လူချစ် လူခင်များသူ၊ သစ္စာစောင့်သိသူအဖြစ် တစ်ညီတစ်ညွတ်တည်း ပြောကြားကြ ပြီး၊ Rolling Stones ဂီတအဖွဲ့ အဆို တော် Keith Richards ပြောသလို နည်း နည်းတော့ လျှို့ဝှက်တတ်သူလည်း ဖြစ် ပါတယ်။

အဆိုတော် Loretta Lynn က လည်း Nelson ရဲ့အကြောင်းကို သိထား သင့်သလောက် ဘယ်တော့မှ သိမှာ မဟုတ်ပေမဲ့၊ ကိုယ်မြင်တာထက် ပိုတာ တွေ သူ့မှာ ရှိနေတယ်ဆိုတာကိုလည်း သိနေရကြောင်း ပြောပြခဲ့ပါတယ်။

နာမည်ကျော် အဆိုတော် Johnny Cash ကလည်း Nelson ဟာ သိရခက်တဲ့ လူမျိုးဖြစ်ပြီး၊ သူ့ရဲ့ အတွေးစိတ်ကူး တွေကို သူနဲ့ သူ့သီချင်းတွေအတွက် သိမ်းထားလေ့ရှိသူဖြစ်တယ်လို့ ၁၉၉၇ ခုနှစ် စာအုပ်မှာ ရေးသားဖော်ပြခဲ့ပါ တယ်။ Nelson ဟာ စကားနည်းပြီး အလုပ်ကို သေသေသပ်သပ် လုပ်ပြ တတ်သူဖြစ်လို့ သဘောကျရကြောင်း လည်း Johnny Cash က ရေးသား ဖော်ပြခဲ့ပါတယ်။

စကားနည်းတဲ့ Nelson ကို ဆွေ မျိုးသားချင်းတွေနဲ့ ဝန်ထမ်းသွ္ဆရစကားဆိုဖို့

တောင် ဇနီးသည် Annie က တိုက်တိုက် တွန်းတွန်း ပြောရတာပါ။ တစ်ခါတုန်း က ပန်းတစ်ဖက်မှာ ဒဏ်ဖြစ်နေတာကို ခွဲစိတ်ကုသမှု ခံယူပြီးနောက် Annie ရဲ့ အီတလီက ဆွေမျိုးသားချင်းတွေက သတင်းလှမ်းမေးတာတောင် သူက Annie ရဲ့ တိုက်တွန်းမှုကြောင့်သာ တစ် ခွန်းစနှစ်ခွန်းစ ပြန်ဖြေခဲ့တယ်လို့ ဆိုပါ တယ်။ အဲဒီတုန်းက ပခုံးဒဏ်ရာအတွက် မိတ်ဆွေတစ်ဦးဖြစ်တဲ့ ဟောလိဝုဒ် ရုပ်ရှင်မင်းသား George Clooney က ဂျာမန်ကုထုံးတစ်ခု ညွှန်းပေးခဲ့ပါသေး တယ်။

Nelson နဲ့ Annie စ,တွေ့တာက Nelson ရဲ့ ရုပ်/သံရုပ်ရှင် Stagecoach ရိုက်ကွင်းမှာဖြစ်ပြီး ၁၉၈၆ ခုနှစ်အတွင်း မှာဖြစ်ပါတယ်။ အဲဒီတုန်းက Annie က မိတ်ကပ်ပညာရှင်အဖြစ် အလုပ်လုပ် နေတာလေ။ အဲဒီနောက်မှာ Annie က Nelson ရဲ့ စတုတ္ထမြောက် ဇနီးသည်ဖြစ် လာပြီး ယနေ့တိုင် လက်တွဲပေါင်းဖက် နေခဲ့ကြတာ အခုဆို Annie အသက် ၅၄ နှစ်ရှိပါပြီ။ Nelson ရဲ့ သက်တမ်း အရှည်ဆုံး အိမ်ထောင်ရေးလည်း ဖြစ်ပါ တယ်။ 'Annie ဟာ ကျွန်တော်နဲ့ အေး အတူ၊ ပူအမျှ နေနိုင်တဲ့သူပါ။ အဲဒီထက် ပိုပြီး သူ့ဆီက ဘာကိုမှ တောင်းခံစရာ မရှိပါဘူး' လို့ Nelson က ဆိုပါတယ်။

မိတ်ဆွေအပေါင်းအသင်းတွေက Nelson ကျန်းမာနေတာ Annie ကြောင့် လို့ ဆိုကြပါတယ်(Annie နဲ့ Nelson တို့ဟာ Maui မှာရှိတဲ့ နောက်အိမ်တစ်လုံး မှာ နေဖြစ်တဲ့အခါ စက်ဘီးစီး၊ ရေကူး တဲ့အလုပ်ကို မှန်မှန်လုပ်လေ့ရှိပြီး၊ အဆီ အဆိမ့်များတဲ့ ဝက်သားကင်စားတာကို လည်း Annie ရဲ့ တိုက်တွန်းမှုနဲ့ Nelson က စွန့်လွှတ်ခဲ့ပါတယ်။)။ အဲဒီအပြင် Nelson ရဲ့ ငွေကြေးစီမံခန့်ခွဲမှုမှာလည်း မလိုအပ်တဲ့ သုံးစွဲမှုတွေကို Annie က လျှော့ချပေးတတ်ပါတယ်။ Nelson ရဲ့ အနားမှာ အပေါင်းအသင်းတွေကများ ပြီး ကွန်ဒိုတွေနဲ့ World Headqua အဆောက်အဦမှာ Nelson



www.burmeseclassic.com

www.burmeseclassic.com

...ရသူတွေလည်း ရှိပေမဲ့ Nelson က ...ကို့တွေကို ဘယ်တုန်းကမှ နှင် ...ထုတ်ခဲ့ဘူးလို့ *Whiskey River* အမည်ရ ...သီချင်းရေးသားသူ Johnny Bush က ...ပြောပြပါတယ်။ Johnny Bush ဟာ Nelson ရဲ့ ရင်းနှီးတဲ့မိတ်ဆွေ တစ်ဦး ...လည်း ဖြစ်ပါတယ်။

ဒုတိယမြောက် ဂိတ်တံခါးတစ်ခု ...ကို ကျော်ဖြတ်ပြီး တောင်ကုန်းတစ်ခု ...ပေါ်အရောက်မှာ Nelson နဲ့ Annie ရဲ့ ...အတူနေထိုင်တဲ့အိမ်ကို ရောက်ပါတယ်။ ...ပြောတဲ့ မျက်နှာကြက်တွေ၊ စီဒါထင်း အသေးစားရုပ်တုလေးတစ်ခုကိုလည်း ဧည့်ခန်းထဲမှာ တွေ့ရပါတယ်။ ကျစ်ဆံမြီးကျစ်ထားတဲ့ဆံပင်တွေနဲ့ ပြုံးရယ်နေတဲ့ Nelson က သူ့ရဲ့ အထိမ်းအမှတ်ဂစ်တာဖြစ်တဲ့ Trigger အမည်ရ ဂစ်တာကို ပြောင်းပြန်ပိုက်ထားတဲ့ပုံစံ ထုလုပ်ထားတာဖြစ်ပါတယ်။ 'ပန်းပုဆရာက တချို့နေရာလေးတွေမှာ ပုံကြီးချဲ့အသေးစိတ်ထုဆစ်ပြထားတာပဲ။ ဒါပေမဲ့ ဒီပန်းပုံပုံဟာ ကျွန်တော် ဖြစ်စေချင်တဲ့ပုံပါပဲ'လို့ Nelson က ဆိုပါတယ်။

Nelson ဟာ သူ့ရဲ့ ကိုရီးယား ထဲမှာ စာအုပ်တွေက စင်တွေနဲ့အပြည့်။ Julian Schnabel ရဲ့ အရှေ့အလယ်ပိုင်း သမိုင်းစာအုပ်ကို တွေ့ရသလို၊ ဂျစ်ပစီ ဂစ်တာပညာရှင် Django Reinhardt ရဲ့ သီချင်းစာအုပ်ကိုလည်း တွေ့ရပါတယ်။ Nelson ဟာ ဟိုးအရင်ကတည်းက Reinhardt ရဲ့ ပရိသတ်ပါ။ နောက်ပိုင်းမှာ Nelson ဟာ Maui မြို့က ဂီတဆရာတစ်ဦးဆီကနေ ဂျက်ဇ်ဂစ်တာ အကြောင်းအပေါ် Django Reinhardt ရဲ့ နည်းပညာတွေကို သင်ယူလေ့လာခဲ့ပါတယ်။

Nelson က 'လက်နက်တိုက်



၁၉၇၃ ခုနှစ်ကစပြီး တက္ကဆက်မှာ အမေရိကန်လွတ်လပ်ရေးနေ့ (Fourth of July) ပျော်ပွဲစားပွဲတော်ကိုလည်း Nelson က နှစ်စဉ်ကျင်းပခဲ့ပါတယ်

...သားရက်မတွေနဲ့ ဖွဲ့စည်းတည် ...ထားတဲ့ ဧည့်ခန်းမှာ စန္ဒရား ...ကြီးတစ်လုံးနဲ့ ဂစ်တာတွေ ထား၊ထား ... တွေ့ရပါတယ်။ ၉၀ ခုနှစ်လောက် ...ရိုက်ကူးထားပုံရတဲ့ သားတော်မောင် ...နဲ့ Micah တို့ ပါဝင်တဲ့ မိသားစု ...တ်ပုံတစ်ပုံကိုလည်း တွေ့ရပါတယ်။ ...ကို့နှစ်ယောက်ဟာ Nelson ရဲ့ ဂီတပွဲ ...မှာ မကြာမကြာ လိုက်ပါဖျော်ဖြေ ...တ်ကြပါတယ်။ Austin မြို့လေးမှာ ...ထုထားတဲ့ Nelson ရဲ့ ရုပ်တုပုံတူ တောကွမ်ဒို ဒုတိယအဆင့် ခါးပတ်ကိုလည်း ထုတ်ပြပါတယ်။ အိပ်ခန်းထဲက ဗီရိုမှာလည်း Maui မှာ ဝတ်တဲ့ ဟာဝေယန်အင်္ကျီရောင်စုံနဲ့ ခြေအိတ်တွေ အပြည့်။ Nelson က တောကွမ်ဒို တတိယခါးပတ်အဆင့် ကစားနေပြီလို့ Annie က ပြောပြခဲ့ပါတယ်။

အဲဒီကနေ အိမ်အပြင်ဘက် ဂိတ်ဝင်လမ်းလေးကိုဖြတ်ကူးလိုက်တော့ Nelson က Django ရဲ့ အိမ်လို့ခေါ်တဲ့ တဲလေးတစ်လုံးကို ရောက်ပါတယ်။ တဲ ကြည့်ဦးမလား'လို့ဆိုရင်း သစ်သားဗီရိုတစ်လုံးကို ပြောပြောဆိုဆိုနဲ့ ဆွဲဖွင့်ပြပါတယ်။ လက်နက်ဗီရိုထဲမှာ Nelson ရဲ့ မျက်နှာပုံ ထွင်းထားတဲ့ လက်ကိုင်ပါဓားတစ်ချောင်း၊ ခေတ်ဟောင်းက ပြောင်းတိုသေနတ်တစ်လက်နဲ့ Read Headed Stranger လို့ စာတန်းရေးထိုးထားတဲ့ နှစ်လုံးပြူးသေနတ်တစ်လက်လည်း တွေ့ရပါတယ်။ အဲဒီ သေနတ်က သူ့ရဲ့ တတိယမြောက် ဇနီးသည် Connie က လက်ဆောင်ပေးထားတာ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ မှန်ပြောင်းတပ်ထားတဲ့ ပွိုင့်တူးတူး ရိုင်ဖယ်သေနတ်တစ်လက်ကို Nelson က ကောက်ကိုင်ပြီး သေနတ်ကောင်း တစ်လက်ဖြစ်ကြောင်း ချီးကျူးရင်း ဟိုဟိုဒီဒီ လှျောက်ချိန်ကြည့်လိုက်ပါ သေးတယ်။

ထိုင်ခုံထားတဲ့ဘက်မှာတော့ ဈေး ကွက်မြှင့်တင်ရေး အစီအစဉ်အတွက် လက်မှတ်ထိုးပေးဖို့ ထား,ထားတဲ့ အဖြူ အမည်းဓာတ်ပုံတွေနဲ့၊ သမ္မာကျမ်း စာတစ်စောင် တွေ့ရပါတယ်။ Nelson က သမ္မာကျမ်းစာဟာ ခေါင်းထဲက အပျက်သဘောဆောင်တဲ့ အတွေးတွေ နေရာမှာ အပြုသဘောဆောင်တဲ့ အတွေးတွေ ဝင်လာစေတယ်လို့ Nelson က ဆိုပါတယ်။

ဒီအိမ်ကနေ မိုင်တစ်ရာလောက် ဝေးတဲ့ တက္ကဆတ်ပြည်နယ်ထဲက Abbott မြို့မှာ ကြီးပြင်းလာခဲ့ရတဲ့ Nelson ဟာ မြို့ထဲက ကုန်စုံဆိုင်တွေ သွား၊ ဒိုမိနိုကစားရင်း ကြီးပြင်းလာရ တာဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးအလုပ် တွေလုပ်တဲ့ လူကြီးတွေကြားမှာ တစ်ဦး တည်းသော ကလေးဖြစ်လို့ အားလုံးက ဝိုင်းချစ်ကြကြောင်း အသက် ၈၃ နှစ်ရှိ ပြီဖြစ်တဲ့ အစ်မဖြစ်သူ Bobbie က ပြော ပြပါတယ်။ Bobbie ဟာ Nelson နဲ့အတူ ဆယ်စုနှစ် လေးခုကျော်ကာလပတ်လုံး နယ်လှည့်ပွဲတွေနောက် လိုက်ပါလာခဲ့သူ ဖြစ်ပါတယ်။ Nelson ကို လူကြီး၊ လူ ငယ်မရွေး ချစ်ကြပြီး၊ သွားလေရာ လိုက်လည်ဖို့ လာ,လာခေါ်သွား တတ်ကြကြောင်းလည်း Bobbie က ပြန်ပြောပြပါတယ်။

ဒါပေမဲ့ Nelson ရဲ့ မိသားစု အတွင်းရေးကတော့ ပျော်ရွှင်စရာ မဟုတ်ပါဘူး။ မိဘတွေဖြစ်တဲ့ Ira နဲ့ Myrle Nelson တို့ဟာ အသက် ၁၆ နှစ်နဲ့ ၁၅ နှစ်အရွယ် အသီးသီးမှာ အိမ် ထောင်ကျခဲ့ကြတာဖြစ်ပြီး နောက်နှစ်မှာ ပဲ Bobbie ကို မွေးပါတယ်။ နောက် နှစ်နှစ်ခြားပြီး Nelson ကို မွေးကာ၊ သူ့ ကို မျက်နှာမြင်ပြီး ခြောက်လအကြာမှာ

အမေရိက
တစ်တိုင်းပြည်လုံးမှာ
သဘောထားကွဲလွဲမှုတွေ
ဘယ်လောက်ပဲ
များနေပါစေ
Nelson နဲ့
ပတ်သက်လာရင်
အားလုံးရဲ့
သဘောထားက
တစ်ခုတည်းပဲရှိပါတယ်။
'Nelson ကို
ငရဲသားတွေကလည်း
ချစ်သလို
ဘုရားတွေကလည်း
ချစ်ကြတာလေ'
လို့
Raphael က
ဆိုပါတယ်

မိဘနှစ်ပါး ကွာရှင်းပြတ်စဲခဲ့ကြပါ တယ်။ မိခင်ဖြစ်သူ Myrle ဟာ အဲဒီ ကတည်းက အနောက်ဘက်ကမ်းရိုး တန်းဒေသတွေဘက်ကို ထွက်သွား လိုက်တာ နောက်ဆုံးမှာတော့ ဝါရှင်တန် မှာ အခြေချနေခဲ့ပါတယ်။ မိခင်ဖြစ်သူ ဟာ စမတ်ကျပြီး စွမ်းအင်အပြည့်ရှိသူ ဖြစ်ကာ ကချေသည်တစ်ဦးဖြစ် ကြောင်း Willie Nelson က တစ်ခါက ရေးသားဖော်ပြခဲ့ဖူးပါတယ်။ Nelson ဟာ အမေတူသားဖြစ်တယ်လို့လည်း Bobbie က ပြောပြပါတယ်။

ဖခင်ဖြစ်သူ Ira က ကလေးတွေ ကို သူ့မိဘတွေဖြစ်တဲ့ Will နဲ့ Nancy တို့ဆီမှာ အပ်ပြန်ပါတယ်။ Will က ပန်းပဲဆရာ၊ Nancy က ဝါဆွတ်၊ သီချင်းဆို၊ ဂီတသင်တန်းလေးတွေ ပေး ပြီး စားဖို့သောက်ဖို့နဲ့ အဝတ်အထည် ဟောင်းလေးတွေရအောင် အသက်မွေး

ဝမ်းကျောင်းရသူ ဖြစ်ပါတယ်။ Bobbie နဲ့ Nelson တို့ အသက် ခြောက်နှစ်ကျော် လောက်စီရောက်ကြတော့ Bobbie က စန္ဒရားတီးတတ်နေပြီဖြစ်သလို Nelson ကလည်း သူ့ဘိုးအေဆီကနေ *The Great Speckled Bird* သီချင်းကို ဘယ် လိုတီးရမယ်ဆိုတဲ့ ဂစ်တာကော့ဒ်တွေ သင်ယူနေပါပြီ။ ငယ်ငယ်ကတည်းက အနုပညာပါရမီပါလာတဲ့ Nelson ဟာ ပထမတန်း ကဗျာဘာသာရပ်မှာ ပထမ စွဲခဲ့လို့ ကျောင်းဆရာမက အိမ်အထိ လိုက်လာဂုဏ်ပြုခဲ့ရတာ ဖြစ်ပါတယ်။ Nelson ရဲ့ ကဗျာရေးစပ်နိုင်စွမ်းဟာ တကယ့်ကို သူမတူအောင်ရှိကြောင်း ဆရာမက ပြောခဲ့တယ်လို့ Bobbie က ပြန်ပြောပြပါတယ်။

အဲဒီနှစ်မှာပဲ Nelson ရဲ့ 'ဘိုးအေ ဖြစ်သူ Will ဟာ အဆုတ်အအေးမိရော နဲ့ ကွယ်လွန်ရှာပါတယ်။ ပထမတန်းမှာ ပညာသင်ကြားဆဲဖြစ်တဲ့ Nelson အတွက်တော့ အခြေအနေ ယိမ်းယိုင်ခဲ့ တာပါပဲ။ ကလေးတွေကို ခွဲခြားထားပြီး မွေးစားဖို့၊ ပေးလိုက်ဖို့တွေ ပြောလာ ပေမဲ့ နောက်ဆုံးတော့ ဘွားအေဖြစ်သူ ပဲ အုပ်ထိန်းခွင့်ရရှိခဲ့ပါတယ်။ ၁၉ ခုနှစ်ထုတ် သူ့ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ်မှာ Nelson က အဖေ့ အမေကို ဆုံးရှုံးရတာအတွက် ဝမ်းနည်း နေဖို့အချိန်က အဘိုးအတွက် ဝမ်းနည်း ရတဲ့အချိန်လောက်တောင် မရှိခဲ့ကြောင်း အဖေနဲ့အမေတို့နဲ့ ခွဲခွာရတာက ရင်ကွဲ ရတာဖြစ်လို့ သေကွဲကွဲရတာထက် ပို ကြောင်း ရေးသားဖော်ပြခဲ့ဖူးပါတယ်။

Nelson အသက် ၉ နှစ်အရွယ် လောက်မှာ Willie နဲ့ Bobbie တို့ဟာ နွေရာသီ ဘုရားကျောင်းပွဲတွေမှာ ပါဝင် ဖျော်ဖြေနေပြီဖြစ်ပါတယ်။ အဲဒီပွဲတွေမှာ Bobbie က Bud Fletcher ဆိုတဲ့ လူငယ် တစ်ယောက်နဲ့ ဆုံတွေ့ခဲ့ရတယ်။ သူက Bob Wills ဟန်ပါတဲ့ ဂီတဝိုင်းထူထောင် သူပါ။ Bobbie အသက် ၁၆ နှစ်အရွယ် မှာပဲ Bud Fletcher နဲ့ လက်ထပ်ခဲ့ Nelson လည်း Bobbie နဲ့အတူ Fletcher



www.burmeseclassic.com

www.burmeseclassic.com

Bob Will ဂီတအဖွဲ့ထဲ ရောက်လာ ...ပေါ့။ နောက်တော့ Nelson က လိဒ်...တာတီး၊ သီချင်းဆိုသူဖြစ်လာပြီး၊ ...သက် ၁၄ နှစ်အရွယ်မှာ ဝိုင်းခေါင်း...ောင်ဖြစ်လာခဲ့တယ်။ 'မိန်းကလေး...တွေက Willie ကိုချစ်ကြတာ Fan Club ...ထားတာကျနေတာပဲ' လို့ Bobbie က ...ပြောပြခဲ့ပါတယ်။

အသက် ၁၈ နှစ်ပြည့်တော့ Nelson ဟာ လေတပ်အဖွဲ့မှာဝင်ပြီး အမှု...ထမ်းပါတယ်။ ကိုရီးယားစစ်ပွဲကာလ ...တွင်းပေါ့။ ဒါပေမဲ့ ကိုးလပဲ ကြာပါ...တယ်။ သူ့ရဲ့ နောက်ကျောဝေဒနာ...ကြောင့် လေတပ်က နုတ်ထွက်ခွင့် ပြုခဲ့...ပြီး စီးပွားရေးလုပ်ဖို့ စဉ်းစားလာတဲ့ Nelson ဟာ Waco မြို့က Baylor University မှာ ပညာသင်ကြားခဲ့ပါတယ်။ (ကျွန်တော် ကျွမ်းကျင်လာတာကတော့ ...မိန့်ကစားတာပဲလို့ Nelson က ရယ်...ာပြောကြားခဲ့ပါတယ်။) အဲဒီနောက် ...မှ တက္ကဆက်ကို ပြန်ရောက်လာပြီး ...တလောကထဲကို ဝင်ခဲ့တာပါ။

ဒီလိုနဲ့ ပွဲတစ်ပွဲမှာ အသက် ၁၆ နှစ်အရွယ်ရှိ Martha Matthews ဆိုတဲ့ ...လှမယ်လေးနဲ့ ဆုံတွေ့ကာ သုံးလ ...ောက် တွဲပြီးနောက် ပထမအိမ်ထောင် ...ထောင်ခဲ့ပြီး သားသမီးသုံးယောက် ...န်းကားခဲ့ပါတယ်။ နာမည်ကျော် သီချင်းရေးဆရာတွေကို ဂုဏ်ပြုရာ Song Writers Hall of Fame မှာ Nelson ရဲ့ နာမည်ကို စာရင်းဝင်စေခဲ့တဲ့ သီချင်း...များစုဟာ ပထမအိမ်ထောင်အကွဲမှာ ...စားရတဲ့ အသည်းကွဲဝေဒနာရဲ့ ...မ်းမိုးမှုက အဓိကက ပါဝင်ခဲ့ကြောင်း သမီးဖြစ်သူ Susie Nelson ရေးသားတဲ့ Heart Worn Memories အမည်ရ ...အုပ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

၅၀ ခုနှစ်တွေအတွင်းမှာ Nelson ...တို့ မိသားစုဟာ နိုင်ငံအနှံ့လျှောက်သွား...ပြီး အလုပ်မျိုးစုံလုပ်ခဲ့ကြရပါတယ်။ Oregon ပြည်နယ်၊ Eugene မြို့မှာ လက်...ဆောက်ပိုက်ဆက်ဆရာအလုပ်ကို လုပ်...ရသလို တက္ကဆတ်ပြည်နယ် Fort Worth မြို့ရောက်ပြန်တော့ ဖုန်စုပ်စက်တို့၊ စွယ်စုံကျမ်းစာအုပ်တို့ကို အိမ်တကာလည်ရောင်းတဲ့ အလုပ်လုပ်ရပါတယ်။ ဈေးရောင်းတဲ့အခါမှာ ကျွန်တော် ဈေးသည်မဟုတ်ပါဘူး။ ဈေးလည်း မရောင်းတတ်ပါဘူးလို့ အစချီပြီး ကိုယ့်ပစ္စည်းကို ရောင်းထွက်အောင် ဝယ်သူကို ချဉ်းကပ်ပြောဆိုနိုင်တဲ့အပေါ်မှာ Nelson က ဂုဏ်ယူလေ့ရှိပါတယ်။

San Antonio မြို့ရောက်တော့ တစ်ပတ်ဒေါ်လာလေးဆယ်ပေးတဲ့ ဓာတ်ပြားဖွင့်တဲ့ အလုပ်ကို ရဖို့အတွက် အဲဒီ Disc-Jockey စက်ကို ကျွန်တော် ကောင်းကောင်းကိုင်တတ်ပါတယ်လို့ ပြောပြီး အလုပ်ရအောင် တောင်းခဲ့တာပါ။ အဲဒီကနေ Fort Worth မြို့ရဲ့ KCNC ကို ၁၉၅၄ ခုနှစ်မှာ ရောက်လာခဲ့ပြီး Eddy Arnold, Kitty Wells နဲ့ တခြားနာမည်ကြီး အဆိုတော်တွေရဲ့ သီချင်းတွေကို သူ့ဂစ်တာနဲ့ ကိုယ်တိုင်တီးခတ်သီဆိုပြနိုင်တဲ့အထိ ဖြစ်လာခဲ့တာပါ။ 'ဒီနေ့ည Fort North က Gray ရဲ့ ဘားဆိုင်မှာ ပွဲရှိတယ်။ လာခဲ့လေ' လို့ Nelson က ဖိတ်ခေါ်ခဲ့ပါသေးတယ်။

KCNC မှာ အလုပ်လုပ်နေတုန်းက Weed လို့ ခေါ်တဲ့ မူးယစ်ပေါင်းပင်တစ်မျိုးရဲ့အရသာကို Nelson လက်တည့်မစမ်းတတ်သေးပါဘူး။ အဲဒီမူးယစ်ဆေးကို တစ်ယောက်တစ်လှည့်စီ လက်ဆင့်ကမ်းသောက်ကြတော့ Nelson က ဆေးသုံးရင် ခေါင်းကိုက်တတ်လို့ မသောက်ခဲ့ကြောင်း Johnny Bush က မှတ်မှတ်ရရ ရေးသားဖော်ပြခဲ့ဖူးပါတယ်။

Houston မြို့က ညကလပ်တစ်ခုမှာ ၂ နှစ်လောက်ကြာအောင် အလုပ်လုပ်နေတုန်း ကျေးလက်ဂီတအရောင်းဖယားချပ်ရဲ့ ထိပ်တန်းတစ်ဆယ်စာရင်းဝင် Family Bible အမည်ရ ဓမ္မသီချင်းကို ရေးသားခဲ့ပြီး အဆိုတော် Claude Gray ကို ဒေါ်လာတစ်ရာနဲ့ ရောင်းချခဲ့ပါတယ်။ ၁၉၆၀ ခုနှစ်မှာတော့ ဓာတ်ပြားတိုက်သစ်တွေ အပြိုင်အဆိုင်ဖွင့်လှစ်တဲ့ Nashville မြို့ကို Nelson ပြောင်းရွှေ့လာခဲ့ပါတယ်။ သီချင်းကောင်းတွေ စုမိထားပြီဖြစ်တဲ့ အသက် ၂၇ နှစ်အရွယ်ရှိ Nelson ဟာ တက္ကဆတ် ညကလပ်တွေရဲ့ အဆက်အသွယ်နဲ့ Nashville ရဲ့ နာမည်ကျော်ဂီတသမားတွေ ဆုံစည်းရာ Tootsie's Orchid Lounge ကို ရောက်ရှိလာခဲ့ပြီး Night Life, Crazy, Funny How Time Slips Away စတဲ့ သီချင်းတွေကို နာမည်ကျော် တေးရေးဆရာတွေဖြစ်တဲ့ Harland Howard, Roger Miller နဲ့ Hank Cochran တို့အပါအဝင် သီချင်းရေးဆရာဆီ ပြသခဲ့ပါတော့တယ်။ Hank Cochran က Nelson ကို Pamper Music ဓာတ်ပြားတိုက်နဲ့ ဆက်သွယ်ပေးခဲ့လို့ ၁၉၆၁ ခုနှစ်မှ အဆိုတော် Faron Young အတွက် ကျေးလက်ဂီတအရောင်းဖယားနံပါတ်တစ်ရ Hello Walls အမည်ရှိ သီချင်းကိုရေးသားပေးခဲ့ပါတယ်။ အဲဒီအချိန်က Nashville မှာ နာမည်အကြီးဆုံးဖြစ်တဲ့ Parmper Music တွဲဖက်ထူထောင်သူ Ray Price က Nelson ရဲ့ Night Life ကို သူ့ရဲ့အယ်လ်ဘမ်တစ်ချပ်မှာ ခေါင်းစဉ်သီချင်းအဖြစ် ထည့်သုံးခဲ့ပါတယ်။ ဒီအယ်လ်ဘမ်က လည်း Price ရဲ့ အရောင်းဖယားနံပါတ် 'တစ်' ရ အယ်လ်ဘမ်ဖြစ်လာပါတယ်။ ဘားဆိုင်အတွေ့အကြုံတွေနဲ့ အသည်းကွဲမှတ်တမ်းတစ်ရပ်အဖြစ် ရေးသားထားတဲ့ Nelson ရဲ့ Night Life ဟာ နည်းနည်းတော့ Blues ဂီတဆန်ပေမဲ့ သီချင်းကောင်းဖြစ်ကြောင်း ပြောကြားခဲ့တဲ့ Price ဟာ Nelson နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးဖြစ်လာပြီး Price ရဲ့ Cherokee Cowboys ဂီတအဖွဲ့မှာ Nelson က ဘေ့စ်ဂစ်တာ တီးခတ်ပေးခဲ့ပါသေးတယ်။ ပန်ကရိယကင်ဆာနဲ့ မကွယ်လွန်မီ သီတင်းနှစ်ပတ် အလိုမှာ Price ကို ဆုံတွေ့ခဲ့စဉ် Nelson နဲ့ သူဟာ ညီအစ်ကိုတွေလို ချစ်ခင်ကြသူတွေ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ အခုသီတင်းပတ်အတွင်းမှာ Nelson နဲ့ ရှစ်ကြိမ်လောက် စကားပြော ဖြစ်ခဲ့ကြောင်း Price က မကွယ်လွှန်မီ ပြောကြားသွားခဲ့ပါတယ်။

Nashville ကို ရောက်လာတော့ အလုပ်အဆင်ပြေသလောက် Nelson ရဲ့ အရက်အလွန်အကျွံသောက်တာတွေနဲ့ အိမ်ထောင်ရေးသစ္စာမစောင့်သိမှုတွေကြောင့် အိမ်တွင်းရေး မပြေလည်တာတွေ များလာတယ်လို့ သမီးဖြစ်သူ Susie က ရေးသားဖော်ပြခဲ့ပါတယ်။ တစ်ခါတော့ Nelson အိမ်ကိုပြန်ရောက်လာပြီး ပြန်ထွက်မယ့် အလုပ်မှာ ဇနီးသည် Martha က သူ့ကိုခုနစ်ကြိုးနဲ့တုပ်၊ တံမြက်စည်းနဲ့ ရိုက်နှက်ထားပစ်ခဲ့ကာ ကလေးတွေ လက်ဆွဲထွက်သွားလိုက်တာ ရက်အတော်ကြာမှ ပြန်လာပါတယ်။ နောက်တစ်ခါဆိုလည်း Martha က အသားခုတ်ဓားမနဲ့ လိုက်လို့ Nelson ခမျာ လွတ်အောင်ထွက်ပြေးခဲ့ရပါတယ်။ သူက ထိပ်တိုက် ရင်ဆိုင်တာမျိုးမလုပ်တတ်ဘူးလို့ Susie က ဖော်ပြခဲ့ပါတယ်။ ဒီလိုနဲ့ပဲ Martha နဲ့ မကွာရှင်းသေးဘဲနဲ့ ၁၉၆၃ ခုနှစ်မှာ Shirley Collie လို့ခေါ်တဲ့ အဆိုတော်တစ်ယောက်နဲ့ ဒုတိယအိမ်ထောင်ပြုခဲ့ပါတယ်။

Tootsie မှာ အလုပ်လုပ်နေတုန်း အဲဒီအချိန်က နာမည်ကျော်အမျိုးသမီးအဆိုတော် Patsy Cline အတွက် Crazy သီချင်းရေးပေးခဲ့ရာက Cline ဟာ ထိပ်တန်းပေါ့ပ်သီချင်း ၁၀ စာရင်းဝင်ဖြစ်သွားခဲ့ပြီး Nelson အတွက်လည်း သိန်းဂဏန်းအထိ ရှိတဲ့ ဝင်ငွေရရှိစေခဲ့ပါတယ်။ (၁၉၆၃ ခုနှစ်အတွင်း တင်နက်ဆီပြည်နယ်မှာ လေယာဉ်ပျက်ကျကွယ်လွန်ခဲ့ရတဲ့ အဆိုတော် Patsy Cline အတွက် နောက်ဆုံးနာမည်ကြီး သီချင်းတစ်ပုဒ်ဖြစ်ခဲ့ရပါတယ်။)

Kris Kristofferson ကလည်း Nashville ကိုရောက်တော့ သီချင်းရေးဆရာတွေက Nelson ကို အားကျကြည်ညိုနေကြတာ တွေ့ရတယ်လို့ဆိုပါတယ်။ Nelson က Segovia လို

> နာမည်ကျော် အဆိုတော် Johnny Cash ကလည်း Nelson ဟာ သိရခက်တဲ့ လူမျိုးဖြစ်ပြီး သူ့ရဲ့ အတွေးစိတ်ကူးတွေကို သူနဲ့ သူ့သီချင်းတွေအတွက် သိမ်းထားလေ့ရှိသူ ဖြစ်တယ်လို့ ၁၉၉၇ ခုနှစ် စာအုပ်မှာ ရေးသား ဖော်ပြခဲ့ပါတယ်

ဂစ်တာအတီး ကောင်းတဲ့အပြင် စာသားတွေကလည်း သူများနဲ့မတူဘဲ ဒီကနေ့ခေတ်မှာ သူ့ကို မြင်ရသလို ဂျက်စ်အဆိုတော်တစ်ယောက်လိုမျိုး ဖြစ်တယ်လို့ Kristofferson က ဆိုပါတယ်။ အပြင်လောကမှာ Nelson ကို သိပ်မသိကြသေးပေမဲ့ Nashville မှာတော့ Nelson က ဟီးရိုးတစ်ယောက်ဖြစ်နေပြီလို့လည်း ဆိုပါတယ်။

၁၉၆၄ ခုနှစ်မှာ Tootsie ရဲ့ အမြဲတမ်းအဖွဲ့ဝင်ဖြစ်လာတဲ့ Nelson ဟာ တစ်နှစ်ကို ၂၆ ညထက်မနည်းဖျော်ဖြေရတဲ့သူဖြစ်နေပါပြီ။ အဝတ်အစား သပ်သပ်ရပ်ရပ် ဆံပင်တိုတိုရှုံလေး ညှပ်ထားပြီး ကြေးညိုရောင်မျက်လုံးနဲ့ ဆံကေသာပိုင်ရှင် Willie Nelson ဟာ စတိုင်လ်ကျပြီး ချောမောတဲ့သူတစ်ယောက်ဖြစ်ကြောင်း အဆိုတော် Loretta Lynn က ပြောကြားခဲ့ပါတယ်။

ဂီတနဲ့ အသက်မွေးဝမ်းကျောင်းတဲ့ အဆင့်ရောက်ရှိလာတဲ့ Nelson ဟာ ၁၉၆၈ ခုနှစ်မှာ စတင်ကာ RCA ဓာတ်ပြားတိုက်နဲ့လက်တွဲခဲ့ပြီး ဓာတ်ပြားတစ်ဒါဇင်ကျော်ထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ Nelson က RCA ဟာ သူ့အပေါ် စာချုပ်နဲ့ ချုပ်ကိုင်ထားတယ်လို့ ထင်မြင်ခဲ့ပါတယ်။

၁၉၆၉ ခုနှစ်၊ ခရစ္စမတ်အကြိုညမှာ Nelson ရဲ့ နေအိမ်မီးလောင်တဲ့အထဲပါ သွားခဲ့ပါတယ်။ သူက ပါတီပွဲတစ်ပွဲမှာ ရောက်နေတာပေါ့။ ဒီလိုနဲ့ သူ့သီချင်းတွေကို ညကလပ်တွေမှာ လှည့်လည်သီဆိုဖျော်ဖြေရင်း မိသားစုဝမ်းရေးထိန်းကျောင်းနေရတဲ့ အစ်မဖြစ်သူ Bobbie ရှိရာ တက္ကဆက်ပြည်နယ်ကို Nelson တစ်ယောက် ပြန်ရောက်လာခဲ့ရပါတယ်။ San Antonio နဲ့ Austin မြို့ကြားက Bandera ဆိုတဲ့ဒေသမှာ အသုံးမပြုတော့ဘဲ စွန့်ပစ်ထားတဲ့ ကလပ်တစ်ခုဆီကို Nelson ပြောင်းရွှေ့လာခဲ့ပါတယ်။ အဲဒီမှာ Nelson က သူ့ရဲ့ Family Band ဂီတအဖွဲ့ ထူထောင်ပါတယ်။ ဘေ့စ်ဂစ်တာတီးတဲ့ Bee Spears, ဟာမိုနီကာတီးခတ်တဲ့ Raphael, အစ်မဖြစ်သူ Bobbie နဲ့ ဒရမ်တီးခတ်သူ Paul English တို့ ပါဝင်ခဲ့ကြပါတယ်။ Paul English ဟာ Fort Worth မြို့မှာ Nelson နေစဉ် ၁၉၅၆ ခုနှစ်ကတည်းက သိကျွမ်းခဲ့ကြသူ ဖြစ်ပါတယ်။

Bob Dylan ရဲ့ ကျေးလက်ဂီတဟန်တွေ လွှမ်းမိုးနေတဲ့ခေတ်မှာ Nelson က သူတို့အဖွဲ့ရဲ့ပုံစံကို ပြောင်းဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဂျင်းဘောင်းဘီဝတ်၊ နွားကျောင်းသား ဦးထုပ်ဆောင်း၊ ဆံပင်ရှည်ကြီးထားပြီး Nashville ဂစ်တာဆိုင်တစ်ဆိုင်ကနေ ဒေါ်လာ ၇၅၀ ပေးဝယ်ထားခဲ့ရတဲ့ သူ့ရဲ့အထိမ်းအမှတ်နိုင်လွန်ကြိုးတပ် Trigger ဂစ်တာနဲ့ Swing နဲ့ Jazz ဂစ်တာအကွက်တွေတီးခတ်ပြခဲ့ပါတယ်။ Nelson ရဲ့ ဂစ်တာသံနဲ့ Raphael ရဲ့ စောင်းလက်ကိုင်လက်စွမ်းပြတီးခတ်မှု၊ Bobbie ရဲ့



www.burmeseclassic.com

www.burmeseclassic.com

ချင်းဆန့်တဲ့စန္ဒရားသံတွေနဲ့ အရင်က ချင်းတွေကို တီးခတ်ပြတဲ့အခါမှာ ရင်ကနဲ့ မတူတဲ့ ပရိသတ်အသစ်တွေ လာခဲ့ပါတော့တယ်။

Austin မြို့လေးရဲ့ Armadillo rld Headguarters ညကလပ်မှာ စ်ပီတွေရဲ့ အားပေးမှုကို အပြည့်အဝ ခဲ့တဲ့ Nelson ဟာ လက်ရှိနာမည် ကျော်အဆိုတော်တွေ ပူးပေါင်းတင် ဆက်တဲ့ပွဲမှာတောင် သုံးရက်အတွင်း သိတ် ၁၈,၀၀၀ သာရခဲ့တဲ့ နေရာ ပဲ။ နောက်တစ်နှစ်အကြာမှာ Willie lson's Fourth of July Picnic အမည်ရ န်းသစ်ပေမဲ့ နည်းနည်းတော့ ရာယ်များ လှတဲ့ ဂီတမြင်ကွင်းသစ် စ်ရပ်ကို တင်ဆက်လာခဲ့ပါတယ်။ တ်ခုံနောက်မှာ ဆေးပြားတွေ၊ ကိုကင်း တွေ၊ ဆေးခြောက်အိုးတွေနဲ့ ထင်တိုင်း ခွင့်ပေးထားတဲ့ Nelson ရဲ့ ပွဲဟာ စ်ပီတွေနဲ့ ကျေးလက်ဒေသခံတို့ ကြိုက်တွေ့ခဲ့တဲ့ နာမည်ကျော်ပွဲစဉ် စ်ရပ်ဖြစ်လာပြီး နှစ်စဉ် တင်ဆက် လာခဲ့ရပါတယ်။

၁၉၇၀ ခုနှစ်တွေရဲ့ အစောပိုင်း တွေမှာ ဂီတထုတ်လုပ်ရေးမှူး Jerry xler က Nelson ကို Atlantic ဓာတ်ပြား က်နဲ့ စာချုပ်ချုပ်ပေးခဲ့ပြီး RCA မှာ န်းကလို Nashville ရဲ့ အချိန်ပိုင်း တသမားတွေနဲ့မဟုတ်ဘဲ ကိုယ်ပိုင် တဝိုင်းနဲ့ တီးခတ်ခွင့်ရလာခဲ့ပါမယ်။ ၁၉၇၄ ခုနှစ်မှာ Phases and stages မည်နဲ့ Atlantic အတွက် ပွဲဦးထွက်ခဲ့ တဲ့ အယ်လ်ဘမ်ဟာ မယုံနိုင်လောက် အောင်ကို အောင်မြင်မှုရခဲ့ပါတယ်။ ဒီ သီချင်းက အိမ်ထောင်ကွာရှင်းခဲ့ကြတဲ့ င်ပွန်းနဲ့ဇနီးသည်တို့နှစ်ဖက်စလုံးက မြင်တွေ ရေးဖွဲ့ထားတဲ့ အတွေးအခေါ် သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ အဲဒီအချိန် က ဒုတိယဇနီးသည် Shirley နဲ့ ကွဲထား ပေါ်။ တတိယဇနီးလောင်း Connie နဲ့ကလေးမျက်နှာမြင်တဲ့ ဆေးရုံစရိတ် ကို ကိုယ်တိုင်ပေးချေအပြီးမှာ Shirley က Nelson ကို လမ်းခွဲသွားခဲ့ တာပါ။

၁၉၇၅ ခုနှစ်အတွင်းမှာ သူ့ရဲ့ Red Headed Stranger သီချင်းနဲ့ ဆက်စပ် သီချင်းတွေရေးခဲ့ပါတယ်။ Red Headed Stranger သီချင်းက ဇနီးသည်နဲ့ သူ့ရဲ့ ချစ်သူကိုပါ သတ်ပြီး ထွက်ပြေးနေတဲ့ တရားဟောဆရာတစ်ယောက်အကြောင်း ဖြစ်ပါတယ်။ အဲဒီ အယ်လ်ဘမ်မှာ Nelson နဲ့ Bobbie တို့ရဲ့ ရှေးခေတ် အနောက်တိုင်း ဂီတဟန်နဲ့တီးခတ်လက် စွမ်းပြထားတာတွေဟာ John Ford ရဲ့ ခြေရာကိုနင်းထားတဲ့ အတိုင်းပါပဲ။ ဒါပေမဲ့ သူ့ရဲ့ကိုလံဘီယာ ဓာတ်ပြား တိုက်အတွက် ရောင်းရခက်တာမျိုးဖြစ် နေမှာစိုးလို့ သူ့ရဲ့မန်နေဂျာက Jenning နဲ့ ဆွေးနွေးပြီး Nashvila ဂစ်တာသံတွေ ထပ်ထည့်ဖို့ အကြံပြုပါတယ်။ နောက် တော့ ကိုလံဘီယာက Nelson ကို အလျှော့ပေးပြီး သူတီးခတ်ထားတဲ့ အတိုင်း ဓာတ်ပြားထုတ်ပေးခဲ့တာ Red Headed Stranger ဟာ ချပ်ရေ နှစ်သန်း ကျော်ရောင်းရကာ ပလက်တီနမ်ဓာတ် ပြားနှစ်ချပ် ရခဲ့ပါတယ်။

Nelson နဲ့ သူငယ်ချင်းတစ်သိုက် ဟာ *Blue Eyes Crying in the Rain*, Jenning နဲ့ တွဲဆိုတဲ့ *Good Hearted Woman* အစရှိတဲ့ သီချင်းတွေနဲ့ ရေဒီယို အစီအစဉ်တွေမှာ လွှမ်းမိုးလာခဲ့ပါတယ်။ အဲဒီ သီချင်းတွေက ၁၉၇၆ ခုနှစ်ထုတ် *Wanted! The Outlaws* အမည်ရ အယ်လ်ဘမ်ကပါ။

၁၉၇၀ ခုနှစ်တွေရဲ့ အလယ်ပိုင်း လောက်မှာ အောင်မြင်မှု အရှိန်ရလာတဲ့ Nelson တို့အဖွဲ့ဟာ မူးယစ်သေစာကို အတိုင်းအဆမရှိ သောက်သုံးလာကြ သလို အပေးအကမ်းရက်ရောတဲ့ Nelson ကလည်း အတားအဆီးမရှိ ခွင့် ပြုခဲ့လို့ တစ်နှစ်တာအတွင်းမှာ သူတို့ အဖွဲ့သားတွေသောက်တဲ့ ဘီယာဖိုးက ဒေါ်လာ ရှစ်သောင်းလောက်အထိ ရှိခဲ့ ပါတယ်။

Raphael နဲ့ အဖွဲ့သားတချို့လည်း ကိုကင်း မူးယစ်ဆေးဝါးကို အစွဲကြီး စွဲလာခဲ့ကြပြီး အားလုံးထဲမှာ ခေါင်း ဆောင်ဖြစ်တဲ့ Nelson ကိုယ်တိုင်က Dallas ပွဲစဉ်တစ်ရပ်မှာ စိတ်ကိုပြောင်းလဲ စေတတ်တဲ့ ဆေးဝါးတချို့ သုံးစွဲကာ စင်မြင့်ပေါ်မှာ သီဆိုနေရင်းက ဂစ်တာ ကို လွှင့်ပစ်ပြီး၊ စင်အောက်ဆင်းသွား တဲ့အထိ အရူပ်ဆိုးခဲ့ရပါတယ်။

၁၉၈၀ ခုနှစ်ထဲမှာတော့ Weed မူး ယစ်ဆေးပင်တွေ သယ်ဆောင်လာတဲ့ Nelson ကို သက်ဆိုင်ရာက ဘဟား မားစ်လေဆိပ်မှာ ဖမ်းဆီးခဲ့ပါတယ်။ အဲဒီ နောက်မှာ ဘဟားမားစ်ကနေ ဝါရှင် တန်ဒီစီကို တိုက်ရိုက်သွားခဲ့ပြီး မိတ် ဆွေဖြစ်သူ သမ္မတဂျင်မီကာတာရဲ့ ဖိတ် ကြားမှုနဲ့ အိမ်ဖြူတော်က Lincoln Bedroom အိပ်ခန်းမှာ တည်းခိုခဲ့ရပါ တယ်။ နောက်ပိုင်းမှာ Nelson က 'မူး ယစ်ဆေးဝါးမှုနဲ့ အဖမ်းခံရပြီး နာရီ အနည်းငယ်အကြာမှာ အိမ်ဖြူတော်ရဲ့ ခေါင်မိုးပေါ်မှာ ဆေးချနေခဲ့တယ်' လို့ ရေးသားဖော်ပြခဲ့ပါတယ်။

၁၉၈၀ ခုနှစ်တွေရဲ့ အလယ် လောက်မှာ Nelson က ကျေးလက်ဂီတ အရောင်းဇယားနံပါတ်တစ်ရတဲ့ သီချင်း ပုဒ်ရေ ၂၀ လောက်နေရပြီဖြစ်ပြီး ဂရမ်မီ ဂီတထူးချွန်ဆု ငါးဆုကိုလည်း ရရှိပြီး ဖြစ်သလို ရုပ်ရှင်ဇာတ်ကားခြောက်ကား မှာလည်း ပါဝင်သရုပ်ဆောင်ပေးခဲ့ပြီဖြစ် ပါတယ်။ တစ်နှစ်အတွင်း နယ်လှည့် ဖျော်ဖြေမှုကနေ ဝင်ငွေဒေါ်လာ ၁၄ သန်း အထိရရှိကာ ခရီးသွားလာရာမှာ လည်း ခုနစ်ယောက်စီး ကိုယ်ပိုင် Learjet လေယာဉ်နဲ့သွားတာပါ။ လေယာဉ်နာမည်ကိုတောင် Air Willie လို့ နာမည်ပေးထားပါတယ်။ ၁၉၈၅ ခုနှစ်မှာ Nelson, Jennings, Johnny Cash နဲ့ Kristofferson တို့တွဲပြီး Highwayman အမည်ရ အယ်လ်ဘမ် ထုတ်ခဲ့ပါတယ်။ ဝေဖန်သံတွေ ညံခဲ့တဲ့ အယ်လ်ဘမ်ပေါ့။ ဒီနောက်မှာ အားကစားကွင်းကြီးတွေထဲ ဖျော်ဖြေတဲ့ နယ်လှည့်ပွဲစဉ်တွေ တင်ဆက်ခဲ့ပါတယ်။

ဖျော်ဖြေပွဲတွေတစ်လျှောက် သူများထက်ပိုပြီး ဆိုချင်တီးချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

Nelson ရဲ့ လွှမ်းမိုးမှုက ရောင်ပြန်ဟပ်ခဲ့ပြီး Jennings က Nelson အပေါ် Bob Wills Is Still the King အမည်ရ ၁၉၇၅ ခုနှစ်ထုတ် သီချင်းနဲ့ ပုတ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။ Nelson ဟာ ငွေရေးကြေးရေးအရ သူ့အပေါ်မှာ မတရားလုပ်ခဲ့တယ်လို့ ခံစားမိတာကြောင့် ဒီလိုလုပ်ခဲ့တာဖြစ်ပေမဲ့ တကယ်တမ်းမှာတော့ သူတို့နှစ်ဦးဟာ ညီအစ်ကိုလို ရင်းနှီးကြသူတွေပါ။

၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်မှာတော့ ဖက်ဒရယ်အေးဂျင့်တွေ Nelson ရဲ့ တက္ကဆက်နေအိမ်ကို ရောက်လာပြီး မူရင်းသီချင်းခွေတွေ နယ်လှည့်ပွဲသုံးကိရိယာတန်ဆာပလာတွေ၊ ရွှေနဲ့ ပလက်တီနမ်ဓာတ်ပြားချပ်တွေ၊ အဝတ်အစားတွေပါ မကျန်၊ သံမရိုက်ထားတာမှန်သမျှ အကုန်သိမ်းယူသွားခဲ့ကြပါတယ်။ ပြည်တွင်းအခွန်ဌာနကို ဒေါ်လာ ၁၆.၇ သန်းပေးဆောင်ဖို့ ပျက်ကွက်နေခဲ့လို့ အခုလို အသိမ်းခံခဲ့ရတာပါ။

ဒီလိုဖြစ်လာမယ်ဆိုတာ ကြိုသိနေတဲ့ Nelson က သူ့သမီး Lana ကို သူ့ရဲ့ Trigger ဂစ်တာပေးပြီး Maui ကို ပို့ခိုင်းထားတာပါ။ ပြည်တွင်းအခွန်ဌာနက Nelson ရဲ့ ၇၀ ခုနှစ်တွေအတွင်းက ရရှိတဲ့ဝင်ငွေအပေါ် ဒေါ်လာနှစ်သန်းအခွန်ပေးဆောင်ဖို့ စည်းကြပ်ခဲ့တာကို မလိုက်နာခဲ့တဲ့ အကျိုးဆက်ပဲပေါ့။ Fourth of July Picnics တွေကရတဲ့ ဝင်ငွေပေါ်မှာ အမြတ်အစွန်းနည်းနည်းလေးပဲပြခဲ့တာကို အခွန်ဌာနက မယုံကြည်ခဲ့ရာကနေ စခဲ့တာပါ။

အခွန်ဌာနက Nelson ရဲ့ ပိုင်ဆိုင်မှုအားလုံးကို လေလံတင်ရောင်းချခဲ့ပါတယ်။ ဂေါက်ကွင်းနဲ့စတူဒီယိုကို တက္ကဆက်တက္ကသိုလ်ဘောလုံးအသင်း နည်းပြ Darrell Royal က ဝယ်ယူခဲ့ပါတယ်။ American Agriculture Movement အဖွဲ့က အဖွဲ့ရန်ပုံငွေနဲ့ Nelson ရဲ့ မွေးမြူရေးခြံကို လေလံဆွဲဝယ်ယူခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပေးခဲ့တဲ့ Nelson ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ခြံကို Nelson လက်ထဲပြန်ပေးခဲ့ပါတယ်။ ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ လွဲမှားတဲ့ လမ်းညွှန်ချက်တွေပေးခဲ့တဲ့ Price Water house ကုမ္ပဏီကို Nelson က လျော်ကြေး ဒေါ်လာ ၄၅ သန်းရလိုမှုနဲ့ တရားပြန်စွဲခဲ့ပေမဲ့ ရုံးတော်ပြင်ပမှာပဲ ကျေအေးခဲ့ကြပါတယ်။

အခွန်ဌာနနဲ့ဖြစ်တဲ့ ပြဿနာမှာ Nelson အဓိက ဆုံးရှုံးလိုက်ရတာက ငွေကြေးဥစ္စာနေတင် မကပါဘူး။ အခွန်ကိစ္စတွေနဲ့ Nelson တစ်ယောက် နပန်းလုံးနေရချိန်မှာ Nelson ရဲ့ အရိပ်ဩဇာအောက်ကနေ ရုန်းထွက်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်ချင်တဲ့ အသက် ၃၃ နှစ်ရွယ်ရှိသားဖြစ်သူ Billy ဟာ အရက်အလွန်အကျွံသောက်သုံးတတ်လာပြီး မူးယစ်သောက်စားကာ မော်တော်ယာဉ်မောင်းနှင်မှုနဲ့ လေးကြိမ်တိတိ အဖမ်းခံခဲ့ရပါတယ်။ Nelson က သူ့ကို အလုပ်တွေပေးပြီး ပြန်ထူထောင်တည့်မတ်ပေးပေမဲ့ ၁၉၉၁ ခုနှစ်၊ ခရစ္စမတ်နေ့မှာတော့ ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေသွားတဲ့ Billy ကို တင်နက်ဆီပြည်နယ်က နေအိမ်မှာ တွေ့ကြရပါတယ်။ နယ်လှည့်ပွဲတကာသွားနေတဲ့ Nelson ရဲ့ ခရီးသွားဘတ်စ်ကားကြီးပေါ်မှာ ကြော်ငြာပိုစတာတွေ အမျိုးမျိုးအမြဲတမ်းပြောင်းလဲနေပေမဲ့ Billy ရဲ့ ပုံတစ်ပုံကိုတော့ မပြောင်းမလဲတမ်းချိတ်ဆွဲထားတာက သူ့ရင်ထဲက အပူမီးကို ပြနေတာပါပဲ။

Billy ဆုံးပြီးနောက် ခြောက်ရက်နေတော့ မစ်ဇူရီပြည်နယ်၊ Branson မြို့မှာ ရုံငှားပြီး Nelson ဖျော်ဖြေပါတယ်။ ဒီနေရာဟာ Johnny Cash, Marke Haggard နဲ့ Roger Miller တို့ ၆၀ ခုနှစ်တွေရဲ့ အစောပိုင်းတွေက အောင်မြင်ခဲ့တဲ့နေရာပါ။ ဒါပေမဲ့ Nelson ရဲ့ ပရိသတ်တွေက အိုမင်းနေပါပြီ။ တစ်နေ့နှစ်ပွဲ၊ တစ်ပတ်ငါးကြိမ်ဖျော်ဖြေပေးပြီး ပွဲစဉ်အပြီးမှာ အမှတ်တရလက်မှတ်ရေးထိုးပေးတာတွေ လုပ်ပေမဲ့လည်း အိုမင်းနေတဲ့ပရိသတ်ကိုသာ ရခဲ့တာပါ။

အဲဒီကာလလောက်မှာပဲ Spirit အမည်ရ Acoustic Album တစ်ချပ် ထုတ်ပါတယ်။ ၁၉၉၆ ခုနှစ်ထဲမှာပေါ့။ Nelson နဲ့ Bobbie ရဲ့စန္ဒရားလက်သံတွေက အဓိက ပါဝင်ပါတယ်။

၇၀ ခုနှစ်တွေကတည်းက စတင်ခဲ့တဲ့ Nelson ရဲ့ နယ်လှည့်ဖျော်ဖြေရေး ပုံစံတွေက အများကြီးပြောင်းလဲသွားတာ မရှိပေမဲ့ ပြီးခဲ့တဲ့ ငါးနှစ်လောက်ကာလအတွင်းမှာတော့ အဖွဲ့ရဲ့ အလွယ်တကူအစားထိုးမရသူတွေ ဆုံးရှုံးရမှုနဲ့ ကြုံခဲ့ရပါတယ်။ အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ Bee Speras ဟာ အသက် ၆၂ နှစ်အရွယ် ၂၀၁၁ ခုနှစ်မှာ အိမ်ပေါ်က ပြုတ်ကျပြီး သေဆုံးခဲ့ရပါတယ်။ Nelson နဲ့ ၃၅ နှစ်ကြာလက်တွဲတီးခတ်ခဲ့တဲ့ ဂစ်တာသမား Jody Payne ဟာလည်း Alabama ဆေးရုံမှာ နှလုံးရောဂါနဲ့ ကွယ်လွန်ခဲ့ရပါတယ်။ သူတို့နှစ်ယောက်ဟာ Nelson နဲ့ စိတ်ချင်းဆက်ထားသလား အောက်မေ့ရလောက်အောင် Nelson က အသံတစ်ခုချပြလိုက်တာနဲ့ လိုအပ်တာကို ဖြည့်စွက်တီးခတ်သွားနိုင်တဲ့သူတွေပါ။ 'အသစ်တွေနဲ့တွဲရတော့ အချိန်နည်းနည်းယူရပေမဲ့ Bobbie က တစ်ချိန်လုံး ဘေးကနေ ရှိနေပါတယ်' လို့ Nelson က ဆိုပါတယ်။

Iowa ပြည်နယ်၊ Council Bluffs ဒေသက Harrah's Caino ရုံရဲ့ ဂေါက်ကွင်းမှာ ကျင်းပမယ့် စင်မြင့်ထက်မှာ တက္ကဆက်ပြည်နယ်ရဲ့ အလံကတလူလူလွင့်နေပြီး ပရိသတ်ကို Nelson က ပစ်ပေးဖို့ အသံချဲ့စက်တွေပေါ်မှာ အဆင်သင့်တင်ထားတဲ့ လည်စည်းနီနီတွေက လည်း ရဲပန်းတောင်းခတ်လို့ပါ။ ပွဲကျင်းပရာအပြင်ဘက်မှာတော့ ကား နှစ်ထပ်ရပ်ထားတဲ့ မိန်းကလေးငယ်တစ်ယောက်ကို အသက် ၈၆ နှစ်အရွယ်ရှိ လူကြီးပရိသတ်တစ်ဦးက ကားနေရာ ရွှေ့ပေးဖို့ပြောနေပါတယ်။ Nelson ရောက်လာရင်မြင်ရအောင် ကြည့်ဖို့စောင့် နေတဲ့ ပရိသတ်တစ်ယောက်ပေါ့။

Iowa ပွဲမတိုင်ခင် နှစ်ရက်အလိုမှာ



www.burmeseclassic.com

www.burmeseclassic.com

Oklahoma City ကို ရောက်နေခဲ့ကြတာဖြစ်ပြီး Bobbie ရဲ့ သွေးတိုးဝေဒနာကြောင့် ပွဲစဉ်ဖျက်လိုက်ရပြီး မောင်နှမနှစ်ယောက်သား Austin မြို့ကို ပြန်ကြပါတယ်။ Austin မြို့မှာ Bobbie ကို ဆေးရုံတင်ကုသကြရပါတယ်။ ကျန်တဲ့အဖွဲ့သားတွေက Iowa ကို ဆက်သွားပြီး ပွဲကျက်သိမ်းဖို့ လို,မလို အဖြေစောင့်နေကြရတာပေါ့။ Nelson က သူ့ကို ဖုန်းဆက်ပြီး 'ပွဲဝင်နိုင်မလား' မေးလို့ 'ဝင်မှာပေါ့' လို့ ဖြေကြားခဲ့ပြီး Iowa ပြည်နယ်ပွဲစဉ်ကို မောင်နှမနှစ်ယောက်အချိန်မီရောက်အောင် သွားခဲ့ကြပါတယ်။ ပွဲမစခင် ABC ရုပ်/သံတွေ့ဆုံခန်းပြုလုပ်မယ့် အစီအစဉ်ကိုတောင်ဖျက်ခဲ့ကြပါတယ်။ Austin နဲ့ Iowa က Council Bluff ဟာ မိုင် ၈၅၀ ကွာဝေးပါတယ်။

ABC ရုပ်/သံက Nelson ရဲ့ အရောင်းဇယား နံပါတ် 'တစ်' ရ *Band of Brothers* သီချင်းနဲ့ပတ်သက်ပြီး တွေ့ဆုံမေးမြန်းတာပါ။ 'နောက်တစ်ရက် Arkansas ပြည်နယ်မှာ ဖျော်ဖြေရတဲ့ပွဲကတော့ ဖျော်ဖြေခဲ့ရသမျှထဲမှာ အကောင်းဆုံးပွဲပဲ' လို့ Nelson က ဆိုပါတယ်။

ဇွန်လအတွင်းမှာ တိုက်ခတ်တဲ့ လေပြင်းက Luck မြို့လေးကို ရစရာမရှိအောင် စုတ်ပြတ်သွားစေခဲ့ပါတယ်။ ဘားအဆောက်အအုံလေးနဲ့ စာတိုက်ရုံးတို့ဟာ မြေပြင်ပေါ်ကို ပြားပြားဝပ်ပြိုလဲသွားခဲ့ရပါတယ်။ Headguarters ကလပ်အဆောက်အအုံဟာလည်း အပျက်အစီးတွေအတိနဲ့။ 'တော်တော်ဆိုးတာပဲ ဖြိုချပြီး ပြန်ဆောက်မှရတော့မယ်' လို့ Nelson က ပြောလိုက်ပြီး နောက်တစ်ခါ ဒီဆက်ခိုင်ခံ့အောင် ဆောက်ရမယ်လို့လည်း ဆိုပါတယ်။

ရှေ့ကို အမြဲကြိုမြင်တတ်တဲ့ Nelson က December Day အမည်ရ အယ်လ်ဘမ်သစ်တစ်ချပ်ကိုလည်း ပြင်ဆင်ပြီးပါပြီ။ Spears မကွယ်လွန်ခင်မှာတောင် မရတော့ဘူးဆိုတာ ကြိုသိနေပုံရတဲ့ Nelson က သီချင်းနားထောင်မလားဆိုပြီး ၆၀ ခုနှစ်တွေအတွင်းက ထုတ်ခဲ့တဲ့ Permanently Lonely သီချင်းအပါအဝင် Acoustic သီချင်းဟောင်းတွေကို ဖွင့်ပြပေးခဲ့ပါတယ်။

Nelson ရဲ့ မိတ်ဆွေတွေက Ray Price ကွယ်လွန်တာဟာလည်း Nelson ကို အထိနာစေခဲ့တယ်လို့ ဆိုပါတယ်။ Ray Price ဟာ ဒီဇင်ဘာလအတွင်းက ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာ အသက် ၈၇ နှစ်ရှိပါပြီ။ 'သူက ကျွန်တော့်ရဲ့အကောင်းဆုံးမိတ်ဆွေပဲ' လို့ Nelson က ပြောခဲ့ပါတယ်။ စကားပြောတာခဏရပ်သွားပြီး သူ့ရဲ့ကြေးညိုရောင်မျက်လုံးတွေက အုံ့မှိုင်းလာကာ 'သူဟာ ကျွန်တော့်အလုပ်မှာ အစစအရာရာ ဂရုစိုက်ကူညီခဲ့သူပါ။ သူ့အတွက် သီချင်းတွေ ရေးတာကအစ၊ ဘေ့စ်ဂစ်တာတီးပေးတာအဆုံး ကျွန်တော့်အပေါ် အမြဲဂရုတစိုက်နဲ့ မြေတောင်မြှောက်ပေးခဲ့သူပါ' လို့ ပြောကြားခဲ့ပါတယ်။ ဒီ့အရင် လအနည်းငယ်လောက်တုန်းက တက္ကဆက် မွေးမြူရေးခြံထဲက ထရပ်ကားပေါ်မှာ ထိုင်စကားပြောရင်း သူ့ရဲ့ဆုံးရှုံးမှုတွေကို ဘယ်လိုရင်ဆိုင်စီမံခဲ့တာလဲလို့ မေးကြည့်ခဲ့ပါတယ်။ Nelson က 'တို့အားလုံး တစ်နေ့တော့ သေကြရမှာပဲလေ' လို့ ဆိုပါတယ်။ 'Seneca ဆိုတဲ့ အတွေးအခေါ်ပညာရှင်တစ်ယောက်က ပြောဖူးတယ်။ သေခြင်းတရားနဲ့ ရယ်မောပျော်ရွှင်ဖွယ်ရာတွေကို တူညီတဲ့မျက်နှာပေးနဲ့ ကြည့်သင့်တယ်တဲ့။ သေမှာရှင်မှာကို ကြောက်နေစရာမလိုဘူးလို့ဆိုတယ်။ ရှင်သန်နေထိုင်တယ်၊ ကွယ်လွန်သေဆုံးတယ်။ ဒါတွေဟာ ဖြစ်ပျက်နေတာပဲဆိုတော့ ဘာကိုမှကြောက်ရွံ့စိုးရိမ်နေစရာ မလိုတော့ဘူးပေါ့' လို့ Nelson က ဆိုပါတယ်။

Nelson ဟာ တက္ကဆက်မှာပဲ ဖျော်ဖြေနေမယ်ဆိုတဲ့ အနာဂတ်ကိုသာ တွေးနေသူပါ။ Fort Worth ကို သွားတယ်၊ ပြန်လာတယ်။ Houston ကို သွားတယ်၊ ပြန်လာတယ်။ 'ဘာကိုမှ သေလုအောင်လုပ်ချင်ကိုင်ချင်နေတဲ့စိတ်ထားမျိုး မရှိဘူး။ အဲဒီစိတ်က အန္တရာယ်များတယ်လေ။ ကိုယ့်ကိုယ်ကို အမြဲစာရင်းမှတ်နေရမှာ။ ဒီလိုမှ မဟုတ်ရင် ဘာမှမလုပ်ဘဲနေရမှာ' လို့ Nelson က ဆိုပါတယ်။

စကားပြောနေရင်းပဲ ဇနီးသည် Annie ဆီက တယ်လီဖုန်းမက်ဆေ့ချ်ဝင်လာပါတယ်။ ဘတ်စ်ကား အောက်မှာ စောင့်နေပြီတဲ့။ Austin မြို့ထဲက ရုံတစ်ရုံမှာ အစမ်းပြသမယ့်ဇာတ်ကားတစ်ကားသွားကြည့်ဖို့ မြို့ထဲကိုသွားရမှာဖြစ်ပါတယ်။ အဲဒီဇာတ်ကားက ထုတ်လုပ်ရေးစရိတ်ကျဉ်းကျဉ်းနဲ့ ရိုက်ကူးတဲ့ Austin မြို့ရဲ့ အားလပ်ရက်ရာသီအကြောင်း ရိုက်ကူးထားတာဖြစ်ပြီး Nelson က ခရစ္စမတ်ဘိုးဘိုးလို ဇာတ်ရုပ်မျိုးနဲ့ ပါဝင်သရုပ်ဆောင်ပေးထားတာဖြစ်ပါတယ်။

'အမြဲတမ်း ရွေ့လျားနေရတာမျိုးကို ကျွန်တော် နှစ်သက်တယ်' လို့ Nelson က ဆိုပါတယ်။ 'ကျွန်တော်က တစ်နေရာမှာ လဲလျောင်းပြီး အိပ်ချင်အိပ်နေလို့ရတယ်။ ဘယ်မှမသွား၊ ဘာမှမလုပ်ဘဲလည်း နေချင်ရင်နေလို့ရတယ်။ ဒါမျိုးက သိပ်လွယ်တာပေါ့။ ကိုယ်က အဲဒီလို လုပ်ရမှာကို ပျင်းနေတာလေ။ ဒါကိုလုပ်ဖို့ ကိုယ့်ကိုယ်ကို အတော်လုပ်ယူရဦးမှာ။ ဒါပေမဲ့ လုပ်ဖြစ်ခဲ့ရင်တော့ ကျွန်တော် ပျော်ပြီပေါ့' လို့ Nelson က ပြောကြားသွားခဲ့ပါတယ်။

အသက် ၈၁ နှစ်အရွယ်ထိ ပရိသတ်ကို ဖျော်ဖြေမှုပေးရင်း ရှေ့ကိုသာ ချီတက်ကာ ရွှေမြတိုင်း ရွှေချင်နေတဲ့ တက္ကဆက်ချစ်သူ Willie Nelson တစ်ယောက် ပရိသတ်တွေရဲ့ရင်ထဲမှာ ထာဝရ တစ်နေရာ ရယူထားနိုင်ခဲ့ပြီဆိုတာကတော့ အသေအချာပင်ဖြစ်ကြောင်း ရေးသားတင်ဆက်လိုက်ပါတယ်။

■ ရာပြည့်

*Reference:*
*All Roads Lead to Willie*
*by Patrick Doyle*
*Photograph by LeAnn Mueller*
*Rolling Stone Magazine*

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ဆိုတဲ့ ကျမ်းသစ္စာက
သမ္မာကျမ်းစာလာ သမားရိုးကျကျမ်းသစ္စာ
မဟုတ်ပါဘူး။ သားသမီး ၆ ယောက်တို့က
သူတို့ မိဘနှစ်ပါးနဲ့ ပတ်သက်ပြီး
ဖြစ်စေချင်တာတွေကို ရေးထားပါတယ်
အဲဒါကို ကျွန်မတို့နှစ်ယောက်က
အပြန်အလှန် သစ္စာပြုကြတာပါ

# ပျော်ရွှင်စွာ ပေါင်းကြရမယ်လေ

**ဇာနည်ညီမ်း**

၁၀ စုနှစ်တစ်ခု ချစ်သူများအဖြစ် ရပ်တည်ခဲ့ကြပြီး ရင်သွေး ၆ ဦး (သွေးသားအရင်း ၃ ဦး၊ မွေးစား ၃ ဦး) ထွန်းကားပြီးခါမှ သားသမီးများရဲ့ တောင်းဆိုမှုကြောင့် စေ့စပ်ကြောင်းလမ်း ခဲ့ကြသည့်တိုင် မင်္ဂလာရက်ကို မသတ်မှတ်သေးတာ ကြောင့် တစ်ကမ္ဘာလုံးက မျှော်တလင့်လင့် စောင့်စားနေကြတဲ့ ဘရက်ပစ်နဲ့ အင်ဂျလီနာဂျိုလီ တို့ရဲ့မင်္ဂလာပွဲကို ဩဂုတ်လ ၂၃ ရက်က ပြင်သစ်နိုင်ငံ ကော်ရန်းစ်မြို့ရှိ သူတို့နှစ်ဦးပိုင် စံအိမ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com




ဆန္ဒပြည့်ဝသွားကြတဲ့ သားသမီး ၆ ဦးနဲ့
သတို့သား၊ သတို့သမီးတို့အား အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကို ဖခင်ရှိရာသို့ ခေါ်ထုတ်လာတဲ့ သားနှစ်ယောက်



ကျင်းပခဲ့ကြပါပြီ။ ကမ္ဘာကျော်နှစ်ဦးရဲ့ လက်ထပ်မင်္ဂလာပွဲဖြစ်ပေမဲ့ ဒီပွဲမှာ မင်္ဂလာတေးသံသာမပါ၊ ကမ္ဘာကျော် ဧည့်သည်တော်တွေ ကြွရောက်ခြင်းမရှိ၊ ဧည့်သည် ၂၀ နဲ့ မိသားစုဝင်များသာ ကျင်းပခဲ့ကြတဲ့ လက်ထပ်ပွဲ ဖြစ်ပါတယ်။ မင်္ဂလာခန်းမအတွင်း လျှောက်လှမ်းလာတဲ့ သတို့သမီး ဂျိုလီကို အသက် ၁၃ နှစ်အရွယ်ရှိ သား မက်ဒေါ့စ်၊ အသက် ၁၀ နှစ်အရွယ်ရှိ သား ပက်စ်တို့က ဦးဆောင်ခေါ်ယူလာပါတယ်။ ခန်းမအတွင်းမှာ ရှိတဲ့ ဧည့်သည်တို့က



www.burmeseclassic.com

www.burmeseclassic.com



ရေးဝင်နေ့အောင်နဲ့
သွားကြတဲ့
တော်ပစ်နဲ့
သီနာဂျိုလီတို့ရဲ့
ခြင်းဆုံး အနမ်း


မင်္ဂလာဝတ်စုံမှာ သားသမီး
ပန်းချီများကို

www.burmeseclassic.com

www.burmeseclassic.com



မေမေသတို့သမီးရှေ့က
မင်္ဂလာပန်းကြဲမယ့်
သမီးနှစ်ယောက်ကလည်း
အဆင်သင့်




မင်္ဂလာပွဲများမှာ သီဆိုလေ့ရှိတဲ့ Here Comes the Bride သီချင်းကို ဆိုညည်းပေးကြပါတယ်။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားတဲ့ သတို့သမီးရဲ့ဝတ်စုံမှာ ဘယ်သတို့သမီးမှ မဝတ်ဆင်ဖူးတဲ့ ဝတ်စုံဖြစ်ပါတယ်။ သူ့ဝတ်စုံပေါ်မှာ သားသမီး ၆ ဦးတို့ ရေးဆွဲထားတဲ့ ပန်းချီကားလေးများ ပုံဖော်ထားခြင်းကြောင့် ဖြစ်ပါတယ်။ ဒီဝတ်စုံကို သတို့သားဖြစ်တဲ့ ဘရက်ပစ်ကိုယ်တိုင် မမြင်ဖူးသေးဘဲ သတို့သမီး ဝင်လာတော့မှသာ မြင်ဖူးတာ ဖြစ်တယ်လို့ ဂျိုလီက ဆိုပါတယ်။

တယ်လီဂရိုးမီးယား




www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးရှေ့မှာ လက်မှတ်ရေးထိုးပြီး ကျမ်းသစ္စာ ပြုကြတော့
သားကြီးက အသံထွက်မရယ်ဖြစ်အောင် သူ့ပါးစပ်ကို ပိတ်ထားပါတယ်



ယ်မှ တရားသူကြီးတစ်ဦးရဲ့ မှောက်မှာ တရားဝင် က်မှတ်ရေးထိုးကာ ကျမ်းသစ္စာ ဆိုကြပါတယ်။ ဂျိုလီက မတို့ဆိုတဲ့ ကျမ်းသစ္စာက ကျမ်းစာလာ ရိုးကျကျမ်းသစ္စာ တ်ပါဘူး။ သားသမီး ယောက်တို့က သူတို့ နှမ်ပါးနဲ့ ပတ်သက်ပြီး ချင်တာတွေကို သားပါတယ်။ အဲဒါကို မတို့နှစ်ယောက်က အပြန်အလှန်သစ္စာပြုကြတာပါ' လို့ ဆိုပြီး ဧည့်သည်တစ်ဦးကတော့ 'သူတို့ ကျမ်း သစ္စာဆိုတာက သမားရိုးကျ မဟုတ်ဘဲ ကလေးတွေရဲ့ လိုလားချက်ကို လိုက်လျောတာမျိုး ဖြစ်တဲ့အတွက် အင်မတန်နားဝင်ချိုပါတယ်' လို့ ဆိုပါတယ်။

အဖေနဲ့သား ယောကျ်ားချင်း စကားဆိုနေကြရာ
သားငယ်တို့ကတော့ ကစားဖို့သာ စိတ်သန်နေကြတယ်

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကို ဝုတ်ပြုနေကြတဲ့ သားကြီးနှစ်ယောက်





လက်ထပ်လက်စွပ်သယ်ဆောင်လာကြမယ့်
ညီအစ်ကိုနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကိတ်မုန့်ကို သားတို့သမီးတို့ရှေ့မှာပဲ ခွဲခဲ့ကြပါတယ်



ဘရက်ပစ်ရဲ့မိဘနှစ်ပါးနဲ့ မြေးများ အမှတ်တရ

ကိုယ်ပိုင်ရဲတိုက်ကြီးထဲမှာ အိပ်ခန်း ၃၅ ခန်း ပါဝင်ပြီး မင်္ဂလာပွဲနဲ့ ပတ်သက်လို့ ဘယ်စီစဉ်သူမှမလို၊ ကလေးတွေက သူတို့ဘာသာ သူတို့ တာဝန်ခွဲဝေကြပြီး ဒီမင်္ဂလာပွဲကို ကျင်းပသွားခဲ့ကြတာပါ။ မင်္ဂလာပွဲစီစဉ်သူတွေက မက်ဒေါ့စ်၊ ပက်စ်၊ ဇဟာရာ(အသက် ၉ နှစ်)၊ ရှီလို (အသက် ၈ နှစ်)နဲ့ အသက် ၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နော့စ်နဲ့ ဗီဗီယန် အမြွှာမောင်နှမတို့ ဖြစ်ပါတယ်။

ဂျိုလီရဲ့မင်္ဂလာဝတ်စုံကို Atelier Versace က ချုပ်လုပ်ပေးခဲ့တာ ဖြစ်ပြီး ကလေးများရဲ့ပန်းချီများကို လက်ပန်းထိုးပေးခဲ့တာပါ။ အသက် ၅၀ အရွယ်ရှိပြီဖြစ်တဲ့ ဘရက်ပစ်က "ကျွန်တော်တို့အတွက် ဒီနေ့ဟာ အင်မတန်အရေးပါတဲ့နေ့ ဖြစ်ပါတယ်။ တခြားဧည့်သည်များထက် မိသားစုဝင်ချင်း ပျော်ပျော်ရွှင်ရွှင်ရှိခဲ့ကြတယ်"လို့ People မဂ္ဂဇင်းသို့ပြောကြားခဲ့ပါတယ်။

သားသမီးများက ဘယ်အလုပ်ကို သူလုပ်မယ်ဆိုတာကိုလည်း သူတို့ အချင်းချင်းသာ ညှိကြပြီး လုပ်ဆောင်သွားခဲ့ကြတာလို့ ဂျိုလီက ဆိုပါတယ်။ သားကြီးနှစ်ယောက်ဖြစ်တဲ့ မက်ဒေါ့စ်နဲ့ ပက်စ်တို့က သူတို့အမေကို ဖခင်ဖြစ်သူထံ ခေါ်ဆောင်သွားဖို့ တာဝန်ယူကြပြီး ဇဟာရာနဲ့ ဗီဗီယန်တို့က ပန်းကြဲတဲ့ မိန်းကလေးများအဖြစ် တာဝန်ယူကြပါတယ်။ သူတို့ကြဲတဲ့ပန်းတွေကလည်း အထွေအထူး စီစဉ်ထားတာမဟုတ်ဘဲ သူတို့ခြံဝင်းကြီးထဲမှာ ပွင့်နေတဲ့ ပန်းများထဲက နှစ်သက်ရာကို ခူးလာကြပြီး သူတို့မေမေ လျှောက်လမ်းမှာ ကြဲဖြန့်ပေးခဲ့ကြခြင်းပါ။

အများမျှော်လင့်သလို ငွေကြယ်ပွင့်တွေ လင်းလက်တဲ့ မင်္ဂလာဧည့်ခံပွဲမျိုးမဟုတ်ဘဲ ရိုးရိုးရှင်းရှင်းကလေး ကျင်းပပြီး သားသမီး ၆ ယောက်တို့ရဲ့ အလိုကို ဖြည့်လိုက်ခြင်းပါပဲ။ ■


ဇာနည်ညီမင်း

***Ref: People, 2014, Sept 15***



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး Keira Knightley နဲ့
ခင်ပွန်းသည် James Righton

# ကီယာရာနိုက်တ်လီ

ရိုတာအောင်(NY

လန်ဒန်မြို့တော်ကြီးရဲ့
သယ်ယူပို့ဆောင်ရေး
ဌာနဝန်ထမ်းများ မိမိတို့
ရပိုင်ခွင့်ဆန္ဒများ
တောင်းဆိုဆန္ဒပြနေတဲ့အတွက်
မြေအောက်ရထားတွေ မပြေးဘဲ
ရပ်နားထားတဲ့နေ့ကျမှ မင်းသမီး
Keira Knightley တစ်ယောက်
Glamour မဂ္ဂဇင်းနှင့်
အင်တာဗျူးရန် ချိန်းဆိုထားမိတယ်။
သွားရလာရခက်ခဲတဲ့ အခြေအနေမှာ
အင်္ဂလန်ပြည်သူတွေရဲ့ အချစ်တော်
အနုပညာရှင်မင်းသမီးက
ချိန်းထားတဲ့နေရာကို အချိန်မီရောက်ဖို့
ဘယ်လိုလုပ်ခဲ့ပါသလဲ။
မလာနိုင်တော့ဘူးလို့
တယ်လီဖုန်းဆက်၊
အင်တာဗျူးကို မဖျက်ခဲ့ပါ။
အလွယ်ဆုံး၊ အရှင်းဆုံး နည်းသုံးကာ
လမ်းလျှောက်သွားခဲ့တယ်။
ချိန်းဆိုထားတဲ့နေရာက
လန်ဒန်အရှေ့ပိုင်းရှိ Shoreditch
House ကလပ်မှာဖြစ်ပါတယ်။
ရောက်လာတဲ့
မင်းသမီးကီယာရာတစ်ယောက်
နှာတှာချေချေဖြစ်နေတာနဲ့
Hay Fever (ပန်းဝတ်မှုန်များ
လေတွင် လွင့်နိုက်ရှုရှိုက်မိသဖြင့်
ဓါတ်မတည့်ဖြစ်ပြီး၊ နှာစေး၊ နှာချေ၊
ဖျားနာခြင်း၊ အဖျား) မိထားပုံ
ရပါတယ်။ သူက နှာခေါင်း
တစ်ချက်ရှုံ့လိုက်ရင်း "ကျွန်မတော့
ကက်ပါချိန်ပူပူလေးသောက်နေပြီ။
မြေအောက်ရထားတွေက မပြေး၊
ကိုယ်ကလည်း Allergy တွေဖြစ်နဲ့
ဘယ်ဟာက အဆိုးဆုံးဖြစ်မလဲ။
ဒါပေမဲ့ ဘယ်သူကရစိုက်မလဲနော်။
ဒီလိုပဲဖြစ်အောင်
လုပ်ရတော့မှာပေါ့" လို့
လှမ်းပြောလိုက်ပါတယ်။
မင်းသမီးနဲ့ သူ့ရဲ့ခင်ပွန်းသည်
James Righton တို့နေထိုင်တဲ့
အိမ်နဲ့လာခဲ့ရတဲ့နေရာက



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သိပ်တော့ မဝေးလှပါဘူး။ ဂျိမ်းစ်က Klaxons အမည်ရ ဗြိတိသျှတေးဂီတအဖွဲ့မှာ ကီးဘုတ်တီးသူတစ်ယောက်ဖြစ်တယ်။ သူတို့နှစ်ဦး ၂၀၁၃ ခုနှစ်၊ မေလ ၄ ရက်နေ့က ပြင်သစ်နိုင်ငံမှာ လက်ထပ်ခဲ့တာမို့ မင်္ဂလာသက်တမ်းတစ်နှစ်ကျော်ရုံပဲ ရှိပါသေးတယ်။ လွန်ခဲ့တဲ့ ၁၁ နှစ်ခန့်က အခု အင်တာဗျူးသူနဲ့ ကီယာရာတို့တစ်ကြိမ် တွေ့ဆုံမေးမြန်းခဲ့ဖူးပါသေးတယ်။ အဲဒီအချိန်တုန်းက ကမ္ဘာကျော် Pirates of the Caribbean: The Curse of the Black Pearl နဲ့ Love Actually ရုပ်ရှင်နှစ်ကားရုံတင်ခါစဖြစ်တယ်။ အဲဒီအချိန်တုန်းက သူမရဲ့ ချက်မှာ ကွင်းကလေးတပ်ထားတာကို မှတ်မိနေခဲ့တယ်။ မဝံ့မရဲပုံစံ၊ တကယ့်ကို အရိုးခံရုပ်ကလေးနဲ့ဖြစ်ပြီး သူမရဲ့ ဗိုက်သားလေး မပေါ်အောင် စားပွဲခုံကို ကာဗာယူထိုင်နေခဲ့တာပါ။

၁၁ နှစ်ဆိုတဲ့ ကာလတစ်ခုကို ကျော်ဖြတ်ပြီးတဲ့နောက်မှာ အရာရာကို စေ့စပ်သေချာစွာ စီစဉ်တတ်သူလေး ဖြစ်လာခဲ့ပြီ။ လူအများဝင်ထွက်သွားလာနေတဲ့ကလပ်အတွင်း Doc Martens တံဆိပ်ဂျင်းအပြာဖျော့ဖျော့ရောင်၊ ကြိုးသိုင်းအင်္ကျီ၊ Balenciaga တံဆိပ်ကိုယ်ကျပ်သားရေ ဂျက်ကက်တို့ဝတ်ဆင်လျက်၊ လူတွေ သတိမထားမိအောင် ထိုင်နေပါတယ်။ ဒါပေမဲ့ လူတွေက ကီယာရာကို မှတ်မိ သတိထားမိကြပါတယ်။

ဖက်ရှင် ဒီဇိုင်းနာဆရာကြီး Karl Lagerfeld က ကီယာရာနဲ့ ပတ်သက်လို့ 'သူမကို မော်ဒယ်လ်အဖြစ် ရွေးချယ်ရင် ဖက်ရှင်က အရေးအပါဆုံးကိစ္စမဟုတ်တော့ဘူး။ သူ့ကိုယ်ပိုင်အရည်အသွေး ခေတ်မီမှုက အရာရာကို ကြည့်ကောင်းအောင် လုပ်ပစ်လိုက်နိုင်တဲ့ မိန်းကလေးမျိုး' ဟု မှတ်ချက်ချခဲ့ဖူးတယ်။ Chanel အလှကုန်ပစ္စည်းလုပ်ငန်းမှ ထုတ်တဲ့ CoCo Mademoiselle ရေမွှေးကြော်ငြာအတွက် ဆရာကြီးကားလ်က ကီယာရာကို ရွေးချယ်ခဲ့ဖူးပါတယ်။

သူမ ပါဝင်သရုပ်ဆောင်ထားတဲ့ Begin Again ရုပ်ရှင်ကားသစ်ပြီးခဲ့တဲ့ ဇွန်လကမှ ရုံတင်ပြသသွားခဲ့တယ်။

**ဘာအကြောင်းမှ စ,မပြောခင် ရုပ်ရှင်အသစ်ထဲက မင်း သီချင်းဆိုတာလေး မေးချင်တယ်။ အဲဒါ မင်းအသံ အစစ်လား။ ကောင်းလွန်းလို့။**

ကျေးဇူးတင်ပါတယ်။ ဟုတ်တယ်။ ကျွန်မ အသံပါ။ ကျွန်မ သီချင်းဆိုသံက သိပ်ဆိုးဆိုးဝါးဝါးကြီး မဟုတ်



Adam Levine နဲ့အတူ တွဲဖက်သရုပ်...

မှန်းတော့ ကိုယ့်ဘာသာသိထားပြီးသားပါ။ ရေချိုးခန်းထဲ သီချင်းဆိုရတာလည်း အရမ်းကြိုက်ပါတယ်။ ဒါပေမဲ့ ဆိုရတာချင်းက မတူဘူးလေ။ ရုပ်ရှင်အတွက် သီချင်းဆိုရမယ်ဆိုပြီး အသံသွင်းစတူဒီယိုထဲ ရုတ်တရက်ကြီး ရောက်သွားရတော့ ကျွန်မဖြင့် 'ငါ ဘယ်လိုများလုပ်ရပါ့မလဲ' လို့ ခေါင်းထဲမှာ အကြံတွေ၊ ဉာဏ်တွေ စဉ်းစားမရဖြစ်သွားမိသေးတယ်။ ကံကောင်းစွာပဲ ကျွန်မရဲ့ ရုပ်ရှင်ထဲက ကာရိုက်တာ Gretta ဆိုတဲ့ အမျိုးသမီးက လူရှေ့သူရှေ့မှာ သီချင်းဆိုရတာကို မနှစ်သက်ဘူး။ သူက သီချင်းတွေရေးပြီး ကိုယ့်ဘာသာ ဆိုတတ်တယ်ဆိုတဲ့အချက်က ကျွန်မအဖို့ အတော်အသုံးတည့် အဆင်ပြေသွားတယ်။

**Love Actually ရုပ်ရှင်ထဲအတိုင်း ဒီရုပ်ရှင်အသစ်ကလည်း နှလုံးသားတွေကို ပူနွေးလာစေတယ်။ ခံစားမှုအားကပိုချင်တောင်ပိုမယ်။**

အဲလိုဖြစ်စ်ဖို့ ဇွန်စားအားထုတ်ရတာတွေ အများကြီး အမြဲလို ရှိနေတတ်တယ်။ လူတွေစိတ်ထဲမှာ အချိုလွန်ပြီး အီဆိမ့်သွားသလိုတောင် ဖြစ်သွားလိမ့်မယ်။

**မင်းနဲ့တွဲဖက် သရုပ်ဆောင်ရတဲ့ Adam Levine က လူဆိုး၊ လူပွေအဖြစ် သရုပ်ဆောင်သွားတာ တော်တော်ကောင်းတာပဲ။**

ဟုတ်တယ်။ သူ အရမ်းကောင်း...တာပါ။ တကယ့်ကိုပဲ သူ အဲသလော... လုပ်ပြနိုင်တာကို ကြည်ညိုလေး... တယ်။ လူရုပ်တစ်ယောက်အဖြစ် ပီပြင်အောင် သရုပ်ဆောင်ပြနိုင်ဖို့ဆို... တကယ်ကြီးကြီးကျယ်ကျယ်လုပ်...

**ဆွဲဆောင်မှုအား အကောင်းဆုံး...**



www.burmeseclassic.com

www.burmeseclassic.com

…မျိုးသားတစ်ယောက်နဲ့အတူ တွဲ…ပ်လုပ်ရတာ ဘယ့်နှယ်လဲ။ ကိုယ့်…ကို ဟုတ်လှပြီလို့ ဘဝင်လေဟပ်…တဲ့ လူစားမျိုးမဟုတ်ဘူးလို့ ကြားရ…တော့ ကောင်းမှာပဲ။

Adam က ချစ်စရာ ကောင်းတဲ့လူ…ယောက်ပါ။ အရမ်း၊ အရမ်းလည်း…ရောကောင်းပြီး၊ ကျွန်မ တွေ့ခဲ့ဖူး…ထဲမှာ လှုပ်ရှားတက်ကြွမှုတွေ၊…င်းတိမ်မရောင့်ရဲနိုင်အောင်များလွန်း… သူလို့ဆိုရပါမယ်။ ဒီရုပ်ရှင်က ကုန်…ရိတ်အများကြီးကုန်ဖို့ အစီအစဉ်…ကြဘူး။ ဒီတော့ အခြားအပိုဆာဒါး…အတွက် အကုန်အကျခံဖို့ ပိုက်ဆံ…း အပိုမရှိဘူးဆိုပါတော့။

အိန္ဒိယ အမျိုးသမီး ဒါရိုက်တာ …rinder Chadha က တစ်ခါတုန်း… မင်းအကြောင်း ပြောဖူးတယ်။ …ဆာရာက ကင်မရာကို လုံးဝ…ကြောက်တတ်ဘူးတဲ့။ သူ့ကိုယ်သူ…ဖြစ်စိတ်ချမှုက ဘယ်အရာကိုမဆို…အုပ်၊ ဖြန့်ကြက်သွားတတ်တယ်။ …ကောင်းကို သဘောတူလား။

ဟမ်(အံ့ဩသွားပြီး)လုံးဝဆန့်…ဘက်လို့ ကျွန်မကတော့ ပြောချင်…။ စင်မြင့်ပေါ်ရောက်ရင် ကြောက်…တဲ့ ခံစားချက် ကျွန်မမှာ တကယ်…တယ်။ ကင်မရာကိုလည်း တကယ်…ကြောက်တာပါ။ ကိုယ်က အရှေ့ကနေ…ဆင့်တွေ တစ်လွှာပြီးတစ်လွှာဟန်လုပ်…ရတာ။ ကာရိုက်တာက ကိုယ်မဟုတ်…တော့ဘူး။ ကိုယ့်ရဲ့မျက်နှာ၊ ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဆံပင်တွေကို တခြားတစ်ယောက်အတွက် လုပ်ပြနေတာလေ။ ကြောက်…တာပေါ့။

အဲလိုပြောတော့ မင်း တစ်ခါက …ပြောဖူးတာ သွားသတိရတယ်။ တစ်ခါ…တုန်းက 'ကျွန်မက ယောကျ်ားများနဲ့ …တန်းတူအခွင့်အရေးရလိုတဲ့ အမျိုးသမီး…ဝါဒကို ထောက်ခံအားပေးသူတစ်ယောက်…ပါ။ ဒါပေမဲ့ ကျွန်မကိုယ်တိုင်ကတော့ …ရှင်းရှင်းလင်းလင်းကြီး ဆန့်ကျင်နေပါ…တယ်။ ဒါကြောင့် ကျွန်မ တစ်ကိုယ်



ခင်ပွန်းသည်နဲ့အတူ . . .

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီး Keira Knightley ရဲ့အလှ

တည်းမှာတောင် ရှေ့နောက်စကားမညီ ဆန့်ကျင်ဘက်တွေဖြစ်နေပြီ'လို့ ပြောခဲ့တယ်လေ။

ကော်ဖေနီပေါ်က အနုပညာရှင် ကျွန်မရယ်၊ တစ်နေ့ပြီးတစ်နေ့ ကျော် ဖြတ်နေတဲ့ ကျွန်မရဲ့နေ့စဉ်ဘဝရယ် တောင် မတူတာကို စဉ်းစားမိတယ်။ ဒီတော့ ရုပ်ရှင်ရိုက်ကွင်းပေါ်က လူတစ် ယောက်နဲ့ လမ်းမပေါ်က လူတစ်ယောက် အမြင် မတူတာဘဲပေါ့။

**ကော်ဖေနီပေါ်က လူတစ် ယောက်ဆီမှာ ဘယ်လိုပျော်စရာတွေ များရှိသလဲ။**

အရင်ကတော့ အနည်းအကျဉ်း နှစ်သက်မိသလိုပဲ။ ကျွန်မ မိတ်ကပ်နဲ့ ဆံပင်ပြင်ဆင်ပြီးပြီဆိုရင် ရှမ်ပိန်တ ပုလင်းဖွင့်လျက်စောင့်နေကြပြီ။ ကျွန် ကို မိတ်ကပ်၊ ဆံပင်ပြင်ပေးတဲ့အဖွဲ့က အဲသလိုမျိုး လုပ်ပေးလာကြတာ ၁ နှစ်လောက်ရှိလာပြီ။ သိပ်ကိုရင်းနှီးတဲ့ မိတ်ဆွေတွေဖြစ်နေပြီ။ မင်းသိတဲ့ အတိုင်း ဝတ်ရတဲ့ဝတ်စုံတချို့က ဘယ် လောက်အူကြောင်ကြောင်နိုင်ပြီး အဓိပ္ပာယ် မရှိသလဲဆိုတာ။ ကော်ဖေ ပေါ်ကလွဲလို့ ကမ္ဘာမြေရဲ့ဘယ်နေရာ မှ ဝတ်လို့အဆင်မပြေနိုင်တဲ့ဥစ္စာတွေ လေ။ အဲဒါ အထူးအခွင့်အရေးပေ ဒီလိုဝတ်စုံတွေ ဝတ်ခွင့်ရတယ်ဆို လူအနည်းငယ်အတွင်း ကိုယ်ပါတယ် ပေါ့။ ဒါ မိနစ်ပိုင်းကလေးရတဲ့ အခွ အရေးပါ။

**ပြီးခဲ့တဲ့ ဧပြီလ Tribeca ရုပ်ရှ ပွဲတော်တုန်းက မင်း ဝတ်ခဲ့တဲ့ဝတ်စုံ ကြီးနေတယ်နော်။**

(ရယ်မောရင်း)ကျွန်မတို့ အ ညနေခင်းမှာ ပြင်ဆင်နေရင်း ဒီဝတ် တော့ မုန်းကုန်ကြတော့မှာပဲလို့။ ဒါ အကြီးအကျယ် မှားသွားကြတယ် ဝတ်စုံကို ဆွဲဆောင်မှုမရှိဘူးလို့ ထင် တာလေ။ ကျွန်မလည်း Sexy ဖြစ် မရည်ရွယ်ခဲ့ပါဘူး။ ကော်ဖေနီပေ ဆွဲဆောင်မှုရှိစေချင်တဲ့ စိတ်ကူးအ ပါ။ အဲဒီဝတ်စုံကြောင့် ကျွန်မ




www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်ခွင့်ရခဲ့ပါတယ်။

**Rock Star တစ်ယောက်ရဲ့ဇနီးသည်တစ်ယောက်ဖြစ်ရတာ ဘယ့်နှယ့်လဲ။ မင်းခင်ပွန်းရဲ့ဂီတခရီးစဉ်တွေ လျှောက်လိုက်သွားဖြစ်လား။**

အဖွဲ့လိုက်ကြီးလား။ အင်း တစ်ခါတစ်ရံပေါ့။ အမြဲတမ်းတော့ မဟုတ်ပါဘူး။ တစ်ယောက်ရဲ့ကမ္ဘာမှာ နောက်တစ်ယောက်က အနည်းအကျဉ်းတော့ ပါဝင်ပတ်သက်






နေမှာပေါ့။ တစ်ယောက်က ဂီတပွဲခရီးစဉ်တွေနဲ့ ၃ လလောက် ခရီးသွားနေ၊ တခြားတစ်ယောက်ကကျတော့ ရုပ်ရှင်ရိုက်ကွင်းမှာချည်းပဲ ရှိနေရင် ဘဝနှစ်ခုက အရမ်းကွာဟသွားတော့မှာပေါ့။ နည်းနည်းတော့ ရှုပ်တယ်။ ကိုယ့်ကိုယ်ပိုင်ဘဝနဲ့ကိုယ်ရှိခွင့်တယ်ဆိုပေမဲ့ အမျိုးအစား သာတူညီမျှစွာ ဘဝကို အတူတူ တည်ဆောက်ကြရမယ်လေ။

**ကိုယ်ပိုင်တဲ့ပစ္စည်း၊ ပစ္စယလေးတွေပေါ်မှာ ခင်ပွန်းရဲ့ မျိုးရိုးအမည်ကို သုံးစွဲဖို့စဉ်းစားဖူးသလား။ Keira Righton ဆိုပြီးတော့ပေါ့။**

အင်း၊ နိုင်ငံကူးလက်မှတ်ကို အဲလိုနာမည်လုပ်ဖို့ ကြိုးစားဖူးတယ်။ ကျွန်မက လုပ်ရင်ကောင်းမလားရယ် လို့ စဉ်းစားခဲ့တာ။ အကျိုးရှိမယ်ပေါ့။ ဒါပေမဲ့ ချရေးကြည့်တော့ အဆင်မပြေဘူး။ ဒါနဲ့ပဲ အခုထက်ထိ မလုပ်ဖြစ်သေးပါဘူး။

**အိမ်ထောင်ရေးအကြောင်းပြောကြစို့။ မင်းက အိမ်ထောင်ရက်သားကျရတာကို နှစ်သက်လေးစားသူတစ်ယောက်လား။**

မဟုတ်ပါဘူး။ လုံးဝမဟုတ်ပါဘူး။ ကျွန်မ မိဘတွေဆို 'ဘာကြောင့်များ အနှောင့်အယှက်အဖြစ်ခံမလဲ' ဆိုတာမျိုး။ သူတို့နှစ်ယောက်လက်ထပ်ထားတာတောင် ကျွန်မအထင် အိမ်ဝယ်တော့ အကြွေးအတူတူဆပ်ကြဖို့ပဲဖြစ်မှာ (တဟားဟားရယ်ရင်း)။ ဒါပေမဲ့ ဂျိမ်းစ်က လက်ထပ်ခွင့်တောင်းလာတော့ ကျွန်မစိတ်ထဲ အင်း၊ ဒါမျိုးတစ်ခါမှ အရင်က မလုပ်ခဲ့ဖူးသေးဘူး။ ပျော်စရာကောင်းမယ့်ကိစ္စတစ်ခုလို့ပဲ တွေးဖြစ်ခဲ့တယ်။

**အိုကေ၊ အခုဆို မင်းစာရွက်စာတမ်းနဲ့ လက်ထပ်ထားခဲ့ပြီ။ ကွဲပြားခြားနားတယ်လို့ ခံစားရသလား။**

ကိုယ့်အိမ်ထောင်ဖက် တစ်စုံတစ်ခုအရေးပေါ်ဖြစ်တယ်ဆိုကြပါစို့။ တရားဝင်လက်ထပ်ထားတဲ့စာချုပ်ရှိနေတော့ ကိုယ်ပါ သူနဲ့အတူ ဝင်ထွက်သွားလာခွင့်ရှိတဲ့ဟာမျိုး။ အဲသလောက်ပဲ ကျွန်မကတော့ ခံစားရပါတယ်။

**ဒါနဲ့ မင်းက ကိုယ်ပိုင်သုံးဖို့ငွေအဖြစ် ခွဲခြားသတ်မှတ်ထားတယ်ဆိုတဲ့သတင်း မကြာခင်က ကြားသိလိုက်ရတယ်။ ၂၀၁၂ ခုနှစ်တုန်းက ဒေါ်လာ ၅ သောင်းတည်းဆို။ ဟုတ်လား။**

ဟုတ်တယ်။ အဲဒီ့ပတ်ဝန်းကျင်လောက်ပဲ။ ကျွန်မဆိုလိုတာက ဒီ့ထက်က ပိုလိုအပ်တယ်၊ ပိုသုံးဖို့လိုတယ်ဆိုရင်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအတိုင်းအတာလောက်ပဲ မှန်းထားတယ်။

**စာနာစိတ်ကင်းကင်းနဲ့ ထိခိုက်စေတဲ့ သဘောဖြစ်ရင်တော့ ခွင့်လွှတ်ပါ။ ဒါပေမဲ့ ဟောလီဝုဒ်စတားတစ်ယောက်ဆိုတဲ့ မင်းလိုလူအတွက် ဒါကသိပ်နည်းလွန်းမနေဘူးလား။**

ငွေကြေးတန်ဖိုးမြင့်မြင့်နေတဲ့ Life Styleတစ်ခုနဲ့နေတဲ့အခါ၊ အဲသလောက်ငွေကုန်ကြေးကျခံမနေနိုင်တဲ့မိတ်ဆွေတွေနဲ့ ခရီးအတူတောင်သွားခွင့်ရတော့မယ်လို့ ကျွန်မ မထင်ဘူး။ ကျွန်မရဲ့အကောင်းဆုံးနဲ့ပျော်ရွှင်စရာအကောင်းဆုံးအချိန်တွေဟာ တန်ဖိုးကြီးမားလွန်းတဲ့ နေရာဒေသတွေမှာနေခဲ့ရတဲ့ အချိန်မဟုတ်ပါဘူး။

**ရှင်းပြပါဦး။**

မိန်းကလေးသူငယ်ချင်းနှစ်ယောက်နဲ့ ကျွန်မ မနှစ်က ပဲရစ်မြို့ကိုသွားခဲ့ကြတယ်။ ကျွန်မတို့ တစ်ညမှ တည်းခိုစရိတ်ဒေါ်လာ ၄၀ သာပေးရတဲ့ ဟိုတယ်ခပ်စုတ်စုတ်မှာ တည်းခဲ့ကြတယ်။ အဲဒီအချိန်က သူငယ်ချင်းတစ်ယောက်မှ အလုပ်မရှိဘူး။ ဒီတော့ တတ်နိုင်သမျှ ဈေးအပေါဆုံးဆိုတဲ့နေရာကို ရွေးချယ်ကြတာ။ အခန်းတစ်ခန်းထဲမှာ စုအိပ်ကြတယ်။ ခုတင်အပိုထိုးပြီး အခန်းကလေးက ကျဉ်းလွန်းလို့ အဝင်တံခါးဝနဲ့ အိမ်သာသွားတဲ့အခန်းတံခါးတစ်ပြိုင်နက်တည်းတောင် ဖွင့်မရတဲ့အထိပဲ။ ခုတင်ကိုရွှေ့ပြီးမှ တစ်ခုပြီးတစ်ခုလုပ်ယူရတာမျိုး။ ဒါပေမဲ့ ကျွန်မတို့ သိပ်ပျော်ခဲ့ကြတာ။

**ဒီတော့ ငွေရေးကြေးရေးနဲ့ပတ်သက်ရင် ချင့်ချိန်တတ်သူတစ်ယောက်လို့ မင်းကိုယ်မင်း သတ်မှတ်တယ်ပေါ့။**

ကျွန်မမိဘတွေက အနုပညာသည်တွေ၊ စာရေးဆရာတွေပါ။ သူတို့ဆီက စိတ်နေသဘောထားတွေ သင်ယူပါတယ်။ အိုကေ၊ ငွေတွေရလာပြီဆိုပြီး သုံးလိုက်ရင် အားလုံးကုန်သွားနိုင်ပါတယ်။ ထို့အတူပဲ ကျွန်မသာ မချင့်ချိန်တတ်သူဆိုရင်၊ မလိုအပ်လှတဲ့အရာတွေ

ဖက်ရှင်
ဒီဇိုင်းနာဆရာကြီး
Karl Lagerfeld က
ကီယာရာနဲ့
ပတ်သက်လို့
'သူမကို
မော်ဒယ်လ်အဖြစ်
ရွေးချယ်ရင်
ဖက်ရှင်က
အရေးအပါဆုံးကိစ္စ
မဟုတ်တော့ဘူး
သူ့ကိုယ်ပိုင်
အရည်အသွေး
ခေတ်မီမှုက
အရာရာကို
ကြည့်ကောင်းအောင်
လုပ်ပစ်လိုက်နိုင်တဲ့
မိန်းကလေးမျိုး'
ဟု
မှတ်ချက်ချခဲ့ဖူးတယ်

ကျွန်မ လျှောက်ဝယ်သုံးဖြုန်းပစ်မိမှာပါ။

**အိမ်ထောင်သည်ဘဝနဲ့ မင်းနဲ့ကိုက်ပါတယ်။ မင်းရဲ့ဆယ်ကျော်သက်အရွယ်နဲ့ ၂၀ ကျော်အစောပိုင်းကာလကို စက်ဆုပ်တယ်ဆိုတာ အမှန်ပဲလား။**

(ခေါင်းညိတ်ပြရင်း)ကျွန်မ မပျော်ခဲ့ဘူး။ ကျွန်မအတွက် အဆင်ကိုမပြေခဲ့တာပါ။ ကျွန်မဆိုလိုတာက အသက်မွေးဝမ်းကျောင်းကိစ္စဘက်က အဆင်ပြေပါတယ်။ ကိုယ့်ကိုယ်ရေးကိုယ်တာကိစ္စတွေမပြေလည်တာပါ။ တချို့များဆိုသူတို့တွေရဲ့ အဲဒီအချိန်ကလေးကို အဆင်ပြေတည့်မတ်အောင် စွမ်းဆောင်နိုင်လိုက်ကြတာ။ ပါတီတွေသွားလိုက်ကြ၊ အမှားတွေ အများကြီး လုပ်ဖြစ်ပေမဲ့ ကမ္ဘာကြီးတစ်ခုလုံးက သူတို့တွေအတွက် သက်သက်လို့တောင် ထင်စရာ။ ကျွန်မကျတော့ ဘာသိဘာသာ နေတတ်လွန်းတယ်။ ပြီးတော့ နောက်က ကပ်ပါလာတဲ့ ဓာတ်ပုံသတင်းထောက်တွေကြောင့်လည်း ပိုဆိုးကုန်တာ။ ကျွန်မအသက် ၂၅ နှစ်ပြည့်ချိန်လောက်မှာတော့ ကျွန်မ ဘာကိုမှ ဂရုမစိုက်တော့ဘူး။ ကိုယ့်ကိုယ်ကို အေးချမ်းအောင် နေတတ်လာတယ်။ အဲဒီအချိန်ကစပြီး အားလုံးက အံ့ဩစရာတွေ ဖြစ်လာခဲ့တော့တယ်။

**အသက် ၄၀ လောက်ကျမှပဲ အဲလို ဖြစ်ခဲ့လိုက်ပါတော့လား။**

ဟုတ်ပါ့။

**မင်းက ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် ဖြစ်ချင်ခဲ့ပါရက်ကယ်နဲ့ မိဘတွေကိုလည်း ရုပ်ရှင်လုပ်ငန်းတွေနဲ့ ဆက်သွယ်စကား ပြောပေးဖို့ အေးဂျင့်တစ်ယောက်လောက် စီစဉ်ပေးဖို့ မနိုင်ခဲ့ဘူး။**

အဟုတ်ပါပဲ။ ကျွန်မ ထင်တာက တော့ သူတို့နှစ်ယောက်စလုံးရဲ့ မန်နေဂျာတွေက အိမ်တံခါးကို အမြဲတမ်း လာခေါက်နေတာနဲ့ ပတ်သက်မှု တစ်စုံတစ်ရာရှိမယ်။

**မင်းရဲ့မိခင် Sharman Mac Donald (ပြဇာတ်ရေးသူနှင့် သရုပ်ဆောင်ဟောင်း)က စိတ်ဓာတ်အင်အား ပြင်းထန်လွန်းသူ တစ်ယောက်ဆို။**

ကျွန်မအမေက ဘာမဆို သူနေ သူ့နည်းအတိုင်း ဖြစ်ကိုဖြစ်ရမှဆိုတာ မျိုး။ သူ့အသံကလည်း တကယ့် စူးစူးလေး။ ဒါပေမဲ့ လူကတော့ တောင် ကြီးတစ်တောင်လောက် အောက်မှာ တယ်။

**မင်းရော သူ့လိုမျိုးဖြစ်အောင် လုပ် နိုင်မယ် ထင်လား။**

အင်း၊ ကံမကောင်းစွာဘဲ မထင် ဘူးလို့ ပြောရမယ်။ အဲဒါကြောင့်လည်း အမေက အမြဲပြောတယ်။ ကျွန်မ သိ စိတ်တို၊ စိတ်ကြီးနေပြီဆိုရင်လေ ဟစ်နေတာ မဟုတ်ပေမဲ့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

အရမ်း အခဲမကျေ ဖြစ်တတ် ... 'မင်း ဒီလိုသာလုပ်နေရင် မင်း ...ချင်သလို ဘယ်တော့မှ မဖြစ်လာ ...ဘူး။ မင်းက နေမင်းကြီးသာဖြစ် ...ယ်၊ တိုက်ခတ်တဲ့လေ မဖြစ်ရဘူး။ ...ကို မြဲမြဲမှတ်ထား' တဲ့။

**ဟမ်၊ ဘာကို ပြောတာလဲ။**

ရှင် အဲဒီပုံပြင်ကို မကြားဖူးဘူး ... အိုကေ၊ ပြောပြမယ်။ နေမင်းကြီး ...က လူတစ်ယောက် လမ်းလျှောက် ...မြင်တော့ သူကိုယ်ပေါ်က ကုတ် ...ကျွတ်သွားအောင် ဘယ်သူက ပို ...မ်းပြနိုင်မလဲလို့ ပြိုင်ကြတယ်တဲ့။ ...တော့ လေက လေတဝုန်းဝုန်း တိုက် ...အောင်လုပ်ပြီး အင်္ကျီကျွတ်အောင်လုပ် ...မယ့် လူကကုတ်အင်္ကျီကို ဆွဲစေ့နိုင်သမျှ ...စေ့ဝတ်လိုက်တော့ ကျွတ်အောင် လေ ... မစွမ်းဆောင်နိုင်တော့ဘူး။ နေမင်း ... အလှည့်မှာတော့ သူက လုပ်ရိုးလုပ် ... လင်းသည်ထက်လင်း၊ အပူရှိန်တွေ ...သည်ထက်မြင့်အောင် လုပ်လိုက် ...ယ်တဲ့။ ကဲ သိပြီလား။ ကျွန်မ အမေ ... သူ့ဘဝကို အဲသလိုမျိုး နေခဲ့ရဖူး ...ယ်။ တကယ်ပါ။

**သြော်...ကောင်းလိုက်တဲ့ ပုံပြင် ...လား။ မင်းလက်ထပ်တာ အခုမှ တစ် ...ကျော်လေးပဲ ရှိသေးတယ်ဆိုတာ ငါ ...သေမဲ့ မင်းရင်သွေးလေးတွေ လိုချင် ...ယ်ဆိုတာ သေချာတယ်။ မင်းခင်ပွန်း ... ရင်သွေးလေးရဲ့ တာဝန်တစ်ဝက် ...သူမယ်လို့ ထင်သလား။ မင်းက ...ယောက်ျားတွေနဲ့ သာတူညီမျှ အခွင့် ...အရေး ရှိတာကို ထောက်ခံသူလို့ ပြော ...ခဲ့တော့လေ။**

ထင်ပါတယ်။ အမျိုးသမီးဝါဒဆို ... စကားတစ်လုံးကလည်း သိမ်မွေ့ ...လောက် အလှည့်အပြောင်း၊ အရှုပ် ...အထွေးတွေ များလှတယ်။ ကျွန်မ ...တ်ဆွေ အမျိုးသားတစ်ယောက်က ...သမီးလေးမွေးထားတယ်။ သူ့ အမျိုး ...သမီးက အလုပ်သွားပြီး သူက အိမ်မှာနေ ...လေးထိန်းတယ်။ တစ်နေ့တော့ သူ့ရဲ့ ...သမီး 'မိခင်နှင့်ကလေးသင်တန်း' ကို သွားရရော။ ဟိုမှာ တွေ့သမျှက အမျိုးသမီးတွေချည်းပဲ။ သူ့ကို 'သြော်... ဒီဘောဘီလေးက ဒက်ဒီနဲ့ ဒီနေ့လာတယ် ပေါ့' လို့ ပြောကြတယ်။ ကျွန်မပြောချင်တာ ဒီလိုနေရာကို အဖေတစ်ယောက်က သွားဖို့ လွတ်လပ်မှု မရှိသလိုဘဲ။ ကလေးကို ပြုစုစောင့်ရှောက်ဖို့ဆိုတာ မိခင်ရဲ့တာဝန် ဝတ္တရားလို့ပဲ မြင်နေကြတာမျိုး။

**မင်းမှာ စာဖတ်ခက်တဲ့ ရောဂါ (Dyslexia)ရှိတယ်လို့ ပွင့်ပွင့်လင်းလင်း ပြောခဲ့ဖူးတယ်။ မင်းသမီး Emma Thompson က ကူညီခဲ့တယ်ဆိုတာ ကော မှန်သလား။**

အတိအကျတော့ မဟုတ်ဘူး။ အဲဒီရောဂါ ကျွန်မမှာ ရှိနေတုန်းလို့ ကျွန်မ ထင်ပါတယ်။ ရှင် အဲလို ကြားခဲ့တာ ဘယ်သူ့ဆီကဆိုတာ ကျွန်မ သိတယ်။ ကျွန်မအမေဆီက မဟုတ်လား။ ဘာကြောင့် ဒီလိုပြောရသလဲဆိုတော့ အမေပြောလေ့ရှိတာက 'သမီးရေ၊ မင်းသမီး အမ်မာသွန်မဆင်က စာဖတ်ခက်တဲ့ရောဂါ ရှိတယ်လို့ မထင်ဘူးလား။ သူ စာဖတ်ကျင့်ကျင့်နေတတ်တယ်' တဲ့။

**မင်း ကျော်ဖြတ်လာခဲ့တဲ့ အချိန်တွေကို ဉာဏ်ပညာ ထက်ထက်မြက်မြက်နဲ့ ကျော်လွှားနိုင်ခဲ့တယ်လို့ ငါ မှတ်ချက်ချရမှာပဲ။**

ကျွန်မကလား? ဟန်ဆောင်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့။

**ဟားဟားဟား။ ဟန်ဆောင်တယ်ဆိုတာချည်းပဲ မင်း ပြောနေတော့တာပဲ။ ဉာဏ်ပညာထက်မြက်မှုကတော့ ဟန်ဆောင်လို့ မရပါဘူးလေ။**

ဒါတော့ ကျွန်မ မသိဘူး။ ဂီတနဲ့ ပတ်သက်ပြီး နားမလည်လည်း နားလည်ချင်ယောင် ဟန်ဆောင်လို့ရတာပဲ။ ဘောလုံးပွဲအကြောင်းလည်း သိချင်ယောင်ဆောင်လို့ ရတာပဲ။ ဒီ အင်တာဗျူးကိုလည်း ဟန်ဆောင်လုပ်ရင် လုပ်လို့ရတာပါပဲ။

■

**ရီတာအောင်၊NY၊**


ရုပ်စုံမှုဂဇင်း

ဖြန့်ချီရေး

စာပေ

အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀




www.burmeseclassic.com

www.burmeseclassic.com



# တကောင်းကင်က
# လင်းပြက်ကြယ်
# မင်္ဂလာရွှေမောင်း

graphic design by aung kyaw @ 2014

ရွှေမောင်းတို့ တက္ကသိုလ်ကျောင်းသား ဘဝက အင်းလျား၊ ရတနာ၊ မာလာ၊ သီရိစတဲ့ မိန်းကလေး အဆောင်တွေရှေ့ကို ညညဆိုရင် သွားသွားဆိုကြတဲ့ သီချင်းတွေထဲမှာ ဂီတနက်သန် ကိုစောညိန်းရဲ့သီချင်းတွေက အဓိကပါပဲ။ တေးသံရှင် ခေါင်ခေါင်ညွန့် သီဆိုခဲ့တဲ့ သီချင်းတွေကို နားဆောင်ပြီး ပြန်ဆိုခဲ့ကြတာပါ။ အဲဒီထဲမှာ *ပွင့်ဦး၊ သစ္စာ၊ ချစ်ပြုံးနှင်းဆီ၊ မိုးသက်လေနှင်၊ စိန်၊ ရတုဘုရင်၊ သည်ဆောင်း ဟေမာန်နဲ့ နွေနှောင်းဝသန်*တို့ ပါ,ပါတယ်။ ဂီတနက်သန် ကိုစောညိန်းဆိုရင် ရွှေမောင်းတို့ခေတ်ကတော့ မကြိုက်သူ မရှိ။ ညညဆိုရင် ရွှေဝေလွှာသာမက လက်ဖက်သုပ်၊ ချင်းသုပ်တွေတောင်

သီချင်းလာဆိုသူတွေဆီ ရောက်ရောက်လာတဲ့အထိ တက္ကသိုလ်ကျောင်းသူတွေကို ဆွဲဆောင်မှု ရှိခဲ့ပါတယ်။ ဂီတနက်သန် ကိုစောညိန်းရဲ့လက်ရာတွေဟာ သူတကာ လက်ရာတွေနဲ့မတူဘဲ တစ်မူထူးခြားနေတဲ့အပြင် နားဆင်ရသူတွေ အတွက် စွဲမက်စရာတေးများလည်း ဖြစ်ပါတယ်။ အဲ အဲဒီ သူ့လက်ရာ တေးတွေထဲက *နွေနှောင်းဝသန်* သီချင်းနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံ အနုပညာသမိုင်းမှာ ပြောစရာလေးတစ်ခု ပေါ်ပေါက်ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံက [illegible] မှာ ပန်းဆိုးတန်း
[illegible] ဆင်းလာတဲ့ [illegible]
[illegible] ပျော်ကြလာတဲ့
ရုပ်ရှင်သဘင်လောကတွေကို
[illegible] ဖြူခွင်းပုံနဲ့
သူက ဘာသာပြန်ဆရာတစ်ဦးရဲ့တိုက်ခန်းကို
ဝင်ရောက်နိုင်ပုံတွေကို ရေးဖွဲ့ပြပါတယ်



အဲဒါက ဒီသီချင်းကို ဆရာ ကိုစောညိန်း ရေးတာလား၊ ဒါမှမဟုတ် ဆရာ ဒဂုန်တာရာရဲ့စာသားကို ကိုစောညိန်းက အသံသွင်းတာလား။ နှစ်ပေါင်း ၆၀ ကျော် အငြင်းပွားဖွယ် ပြဿနာတစ်ရပ် ဖြစ်နေခဲ့ပါတယ်။ ဒီလ ရွှေအမြုတေမှာ ဖော်ပြပါရှိတဲ့ ဟိန်းဆက်သွင်ရဲ့ **နွေနှောင်းဝသန် အရွှမ်တော်ပုံ**ဟာ အဲဒီပြဿနာကို အထောက်အထားများနဲ့ ကူညီဖြေရှင်းထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ မြန်မာနိုင်ငံ ဂီတသမိုင်းမှာ *ပန်းရည်ဘာတတိုက်၊ မောင့်လပြည့်ဝန်း* စတဲ့ သီချင်းတွေမှာလည်း အဲဒီလို ပြဿနာမျိုးတွေ ရှိခဲ့ဖူးပါတယ်။ [illegible] နတ်သျှင်နောင် ဖြစ်တော်ကာစပြီး မြန်မာ[illegible] လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့ [illegible]

သီချင်းဟာ နတ်ရှင်နောင်ရတုထဲက ကောင်းနိုးရာရာ စာသား (စကားလုံး)တွေကို ရွေးချယ်ပြီး ကိုစောညိန်းကိုယ်တိုင် ရေးစပ်ခဲ့တဲ့ သီချင်းတစ်ပုဒ် ဖြစ်တယ်လို့ ဆိုပါတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာအသင်း Letter Head စာတန်းပါ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂီတနက်သန် ဦးအုန်းလွင်ရဲ့ *နွေနှောင်းဝသန်* သီချင်းကို ဆရာကိုစောညိန်း ရေးတာပါဆိုတဲ့ အဖြေစကားစတဲ့ အထောက်အထားတွေကို တင်ပြပြီး ဆောင်းပါးရှင်က ဒီသီချင်းကို ဂီတနက်သန် ကိုစောညိန်းကိုယ်တိုင်စာသားရော၊ သံစဉ်ပါ ဖန်တီးခဲ့တာပါလို့ ဆိုပါတယ်။ အနုပညာပစ္စည်းတစ်ခုအတွက် ငွေကြေးတန်ဖိုးအရ ရသင့်သလောက် မရခဲ့ပေမဲ့ အဲဒီအနုပညာရဲ့ လက်ရာရှင်ကိုတော့ သမိုင်းမှာ အမှန်အတိုင်း ရှိနေသင့်ပါတယ်။ သီချင်းတစ်ပုဒ်ကို ရေးစပ်စဉ်က အောင်မြင်ကျော်ကြားဖို့အတွက် ရည်ရွယ်ပြီး ရေးခဲ့ကြတာ မဟုတ်ပါဘူး။ ရင်ခုန်သံကို ဖွင့်ဟရေးချခဲ့ကြတာပါ။ ဒါကြောင့်လည်း အမှန်တရားကို ဖော်ထုတ်ပေးတဲ့ စာရေးဆရာကို ကျေးဇူးတင်ပါတယ်။

ဒီလ ရွှေအမြုတေ မဂ္ဂဇင်းမှာ မဂ္ဂဇင်းဝတ္ထုရှည် နှစ်ပုဒ် ဖော်ပြပါတယ်။ တစ်ပုဒ်က မြသွေးနီရဲ့ **'အနန္တစကြဝဠာ အနန္တသတ္တဝါတို့'**ပါ။ ရွှေဝါရောင် တော်လှန်ရေးမှာ ရုံးက ငွေတွေနဲ့ အိမ်ပြန်ရတဲ့ အတွေထွေမန်နေဂျာ ဒေါ်မေသက်ရဲ့ စွန့်စားမှု ခရီးတစ်ခုမှာ ကြုံတွေ့ရတဲ့ လူတွေရဲ့ တုံ့ပြန်မှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည် တစ်ပုဒ်ပါ။ မြသွေးနီဟာ သူ့ဝတ္ထုမှာ ပန်းဆိုးတန်း တံတားပေါ်က ဆင်းလာတဲ့ စစ်သားတွေက မေတ္တာသုတ်ရွတ်ပြီး လျှောက်

> ဆရာ
> နုတ်မှူးဟာ
> သူ့ထုံးစံအတိုင်း
> ဝတ္ထုရဲ့နိဂုံးမှာ
> သူ ပေးချင်တဲ့
> Message ကို
> လှလှပပ
> ပေးထားပါတယ်
> စာရေးဆရာ
> ပေးချင်တာက
> ဘာလဲ
> သိရအောင်
> ဒီဝတ္ထုတိုလေးကို
> ဖတ်ကြည့်ပါလို့
> လက်တို့
> ပြောလိုက်ပါရစေ

လာတဲ့ ရဟန်းသံဃာတော်တွေကို သေနတ်နဲ့ပစ်ပြီး ဖြိုခွင်းပုံနဲ့ သူက ဘာသာခြားတစ်ဦးရဲ့ တိုက်ခန်းကို ဝင်ရောက်ခိုလှုံရပုံတွေကို ရေးဖွဲ့ပြပါတယ်။ စာရေးသူက အရေးကြုံလာတဲ့အခါ ဗုဒ္ဓဘာသာ ဗမာတစ်ယောက်ဖြစ်တဲ့ သူ့ကို ဘာသာခြားဆာရီခြုံထားတဲ့ မိန်းကလေးက ရေတိုက်ပြီး အေးဆေးသွားတဲ့အထိ သူ့အိမ်မှာ ခိုလှုံခွင့် ပေးခဲ့ပုံနဲ့ ဟိန္ဒူအမျိုးသမီးမာလာနဲ့အတူ သူတို့ အိမ်ပြန်ပုံကို သည်းထိတ်ရင်ဖိုရေးဖွဲ့ပြထားပါတယ်။ ဖတ်ကြည့်ပါ။ မြသွေးနီပေးချင်တဲ့ Message ကို စာဖတ်သူ ရရှိမှာပါ။

နောက် ဝတ္ထုရှည် တစ်ပုဒ်က လူခါးရဲ့ **မြင့်သောနေ၊ ရင့်နေသောအရွေး၊ စီးနေသောမြစ်**ပါ။ ဒီဝတ္ထုက စည်းကမ်းပျက်နေတဲ့ လူအဖွဲ့အစည်းတစ်ခုကို လက်ညှိုးထိုးပြထားတဲ့ ဝတ္ထုပါ။ ပဓာနဇာတ်ကောင် ကိုရှမ်းကြီးက စိတ်မမှန်ဘူး။ တစ်ခါတစ်ခါ အတိတ်က ဖြစ်ရပ်တွေကို ဘာမှ မမှတ်မိဘူး။ ကိုရှမ်းကြီး အိမ်က ပျောက်သွားလို့ လိုက်ရှာပြီး ပြန်ခေါ်ယူတဲ့ ဖြစ်ရပ်မှာ စည်းကမ်းပျက်တဲ့သူတွေရှိလို့ ဖြစ်ရတာပါ။ ကိုရှမ်းကြီး ဒုက္ခရောက်တာက သူတစ်ယောက်တည်း ဒုက္ခရောက်တာပါ။ အဲဒီ စည်းကမ်းပျက်သူတွေ ဒီ လူ့အဖွဲ့အစည်းမှာ ရှိနေလို့ ဒုက္ခရောက်ရမှာက ပြည်သူလူထု တစ်ရပ်လုံးပါပဲ။ အဲဒီ အယူအဆကို သတင်းပေး ရေးသားထားတဲ့ ဝတ္ထုရှည်တစ်ပုဒ်ပါ။

ခေတ်တိုင်းခေတ်တိုင်းမှာ လူကြီးလူငယ် ပဋိပက္ခဆိုတာ ရှိကြစမြဲပါ။ ပဋိပက္ခ မဟုတ်သော်ငြား အယူအဆကွဲလွဲမှုကမူ ရှိကြစမြဲပင်။ တိုးနှောင်မိုးရဲ့ **ဇရပ်ဒကာ**ဟာ အဲဒီအတွေးအမြင်ကို ဖော်ကျူးထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ လူငယ်နဲ့အရက်၊ လူငယ်နဲ့ရဲရင့်မှု၊ စမ်းသပ်မှု။ အဲဒါတွေကို အောက်ခံထားပြီး သင်္ချိုင်းကုန်းဇရပ် မီးလောင်သွားလို့ ဇရပ်တစ်ဆောင်အသစ်ဆောက်လှူဒါန်းပုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။

***၂၀၁၄ ဩဂုတ် ရွှေအမြုတေ***

❑

ဒီလ ခေတ်ရနံ့မှာပါတဲ့ **ဒီမိုကရေစီ ဆန့်ကျင်ရေးသမားတွေအနေနဲ့ အာဏာကို ဆက်လက်ချုပ်ကိုင်ဖို့ မကြိုးစားပါနဲ့**ဟာ သမိုင်းဘီးကို တားဆီးဖို့ ကြိုးပမ်းလို့မရတဲ့ အကြောင်းကို ဒီနေ့ နိုင်ငံရေးအခြေအနေနဲ့ ဆက်စပ်ရေးသားထားတဲ့ ဆောင်းပါးပါ။ ဆောင်းပါးရှင်က 'အကောင်းဆုံး လမ်းကြောင်းအတိုင်း သွားမယ်ဆိုရင်တော့ အာဏာကို ချုပ်ကိုင်ထားသူတွေဟာ ယနေ့အချိန်မှာ မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် ကို တွန်းတင်ပေးရမယ့် အချိန်ကောင်း ဖြစ်ပါတယ်' လို့ ဆိုပါတယ်။ ဆက်ပြီး ဆောင်းပါးရှင်က သူ့ဆောင်းပါးရဲ့ နိဂုံးမှာ 'သမိုင်းဘီးကို တားဆီးဖို့ ကြိုးပမ်းနေသူ [illegible] သမျှ သမိုင်းဘီးရဲ့ နင်းကြိ[illegible] ခြင်းကို ခံရမှာပဲ'လို့ ဆို[illegible] တယ်။ ဖတ်ကြည့်ပါဦး။

ခေတ်ဘုန်းသစ်ရဲ့ **ကိုယ့်[illegible] ကိုယ်ကို ထိန်းချုပ်နိုင်စွမ်း[illegible] တဲ့ အနာဂတ် လူ့အဖွဲ့အစည်း[illegible]** ဟာ အကြောက်တရားများ[illegible] ကြီးပြင်းလာတဲ့ မြန်မာ[illegible] အဖွဲ့အစည်းထဲက က[illegible] တွေကို အသက် ၅ [illegible] လောက်အရောက်မှာ ကိုယ့်[illegible] ကိုယ်ကို ထိန်းချုပ်နိုင်[illegible] အောင် ဘယ်လို ထိန်းကျော[illegible] ရမလဲ ဆိုတာကို ဆွေး[illegible] တင်ပြထားတဲ့ ဆောင်း[illegible] တစ်ပုဒ်ပါ။ အနာဂတ်ကို [illegible] ထောင်ကြမယ့် ဒီနေ့က[illegible] တွေ လူကြီးဖြစ်လာတဲ့[illegible] ထစ်ခနဲဆို ပါးရိုက်မယ်၊ [illegible] ရိုက်မယ်ဆိုပြီး ဒေါသမ[illegible] တတ်တဲ့ လူတွေ ဖြစ်[illegible] အောင် ကူညီလမ်းညွှန်[illegible] ထားပါတယ်။

မြသန်းရဲ့ **ကိုကိုး[illegible] မှ ဟီရိုရှီးမားဟာ**[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဂုတ်လထုတ် ရှမဝမှာ ဆရာ မြသန်းတင့်က မြသန်း လောင်အမည်ဖြင့် ရေး သားခဲ့တဲ့ ဆောင်းပါးကို ပြန် လည်ဖော်ပြထားခြင်း ဖြစ်ပါ တယ်။ ကိုကိုးကျွန်း ထောင် ငြင်းတိုက်ပွဲကို ရေးသား ထားခြင်းပါ။ ဆောင်းပါးဆို ပေမဲ့ ကိုကိုးကျွန်းထောင်ထဲ မှာ ဟီရိုရှီးမားနေ့ ကျင်းပမိလို့ ထောင်အာဏာပိုင်တွေရဲ့ အရေးယူဖို့ ကြိုးပမ်းပုံကို သနဲ့ ရေးဖွဲ့ပြထားတာမို့ စာဖတ်သူကို ရင်ခုန်လှုပ်ရှား စေပါတယ်။

မြေလတ်မောင်မြင့်သူ ရဲ့ ဉာဏ်ကွန့်မြူးမှုနှင့် အတွေး အထက်များဟာ ကလေး တွေ စပ်ဆိုတဲ့အခါမှာ ဉာဏ်ကွန့်မြူးမှုကြောင့် အချို့နေရာတွေမှာ သွားတူနေ တတ်တဲ့အကြောင်း အသိပေး ရေးသားထားတဲ့ ဆောင်းပါး တစ်ပုဒ်ပါ။ အဲဒီမှာ ဆရာ မောင်ဖြူး၊ ဆရာမင်းသုဝဏ်၊ ဆရာ ဗန်းမော်ညိုနွဲ့နဲ့ စာရေး သူတို့ရဲ့ကဗျာတွေကို ထုတ် နုတ်ကိုးကားရေးသားထားပါ တယ်။ စာပေသဘောတရား ဆိုင်ရာဆောင်းပါးတစ်ပုဒ်ပါ။

နတ်မှုံးရဲ့ **တောင်ပံတို့ ရှိအားဟာ** ဖနီးမောင်နဲ့နှစ် ယောက် ပြင်သစ်ကို အလည် အပတ်သွားတဲ့ ခရီးစဉ်မှာ ကြုံတွေ့ရမှုကို ဖွဲ့ဆိုထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဆရာ နတ်မှုံးဟာ သူ့ထုံးစံအတိုင်း ဝတ္ထုရဲ့ နိဂုံးမှာ သူပေးချင်တဲ့ Message ကို လှလှပပ ပေး ထားပါတယ်။ စာရေးဆရာ ပေးချင်တာက ဘာလဲ။ သိရ အောင် ဒီဝတ္ထုတိုလေးကို ဖတ်ကြည့်ပါလို့ လက်တို့

လှဲ့ဝင်းကြည်(ချို)
ဟာ
သူ့ရဲ့
ပဓာန
ဇာတ်ကောင်
မလှမေကို
ပုံဖော်ရင်း
ဒီနေ့
ရုံးဝန်ထမ်း
လောကကို
အောက်ခံထား
ရေးဖွဲ့သွားခဲ့ပါတယ်

ပြောလိုက်ပါရစေ။

ဝေမိုးနိုင်ရဲ့ **ဤခရီးနီး သလားဟာ** ပညာရေး လောကက အကျင့်ပျက်မှုကို ဖော်ထုတ် ဖွင့်ချထားတဲ့ ဝတ္ထု ရှည်တစ်ပုဒ်ပါ။ မူလတန်း ကျောင်းတစ်ကျောင်းရဲ့ ပညာရေးခရီးမှာ ဆရာကြီး တစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်၊ အကျင့်ပျက်မှု၊ ဆရာများရဲ့ ကျောင်းသားတွေကို ကျူရှင် ပြရန် အနိုင်ကျင့် ခေါ်ယူမှု၊ ကျောင်းစာကြည့်တိုက်အတွက် အလှူငွေကို အလွဲသုံးစား ပြု လုပ်မှု၊ အဲဒီဖြစ်ရပ်တွေကို အောက်ခံထားပြီး ဒီနေ့ ပညာ ရေးလောကရဲ့ အကျင့်ပျက်မှု တွေကို စာဖတ်သူရင်ထဲ ရောက်အောင် ရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်ပါ။ ဝေမိုးနိုင်ဟာ လက်ရှိ ပညာရေးလောကရဲ့ အဖြစ်မှန်တွေကို ဖွင့်ထုတ်ရေး ပြပြီးမှ နိဂုံးမှာ အဲဒါတွေကို ပြုပြင်ဖို့ ကြိုးစားမယ့် ဆရာမ ခင်လေးသီရဲ့စိတ်ကိုရေးပြထား ပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၄ ဩဂုတ် ခေတ်ရနံ့*

❑

ဒီလ ကလျာမှာ ဖော်ပြ ထားတဲ့ လှဲ့ဝင်းကြည်(ချို)ရဲ့ **ဥတုဘွဲ့ ဖွဲ့သူများဟာ** ရုံး အကူ အမျိုးသမီးတစ်ဦးရဲ့ တစ်နေ့တာ ဖြတ်သန်းမှုကို ရေးဖွဲ့ထားတာပါ။ လှဲ့ဝင်း ကြည်(ချို)ဟာ သူ့ရဲ့ ပဓာန ဇာတ်ကောင် မလှမေကို ပုံ ဖော်ရင်း ဒီနေ့ ရုံးဝန်ထမ်း လောကကို အောက်ခံထား ရေးဖွဲ့သွားခဲ့ပါတယ်။ အဲဒီမှာ အရာရှိမမက သူ့သားလေးကို ကြိုခိုင်းလို့ သွားကြိုခဲ့ရပြီး သူ့သားအရင်းကိုတော့ မိုးရွာ ကြီးထဲမှာ မကြိုဘဲ ထားခဲ့ရ ပုံကိုလည်း ရေးပြပါတယ်။ ဝတ္ထုရဲ့ နိဂုံးမှာတော့ လူတန်း စားစရိုက်နဲ့ မိခင်ရဲ့ မေတ္တာ အပေါ် ရိုးသားတဲ့ ကလေး ငယ်တစ်ဦးရဲ့ ရင်တွင်းဆန္ဒကို ဖော်ထုတ်တင်ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

ဖူးစသစ်ဝတ္ထု(ကလောင် သစ်ဝတ္ထု)ကဏ္ဍမှာ ဖော်ပြ ထားတဲ့ ဟမ်စိုင်း(ဆေး/မန်း) ရဲ့ **အဆိပ်နံ့**ကို ညွှန်းချင်ပါ တယ်။ အရွယ်မရောက်သေး တဲ့ သားနှစ်ယောက်ရဲ့ အနာ ဂတ်အတွက် ဘဝနဲ့ရင်းပြီး စီး ပွားရှာနေရင်း အချစ်ကို ယုံ ကြည်မိတဲ့အတွက် ဆုံးရှုံး သွားခဲ့ရပုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ကလောင်သစ်ဆိုပေမဲ့ တင်ပြ ပုံ ကောင်းတဲ့အပြင် ဝတ္ထုရဲ့ နေရာ၊ ဒေသကိုလည်း စနစ် တကျ တင်ပြနိုင်ပါတယ်။ စာရေးသူဟာ ဒီနေ့ မြန်မာ နိုင်ငံရဲ့ စီးပွားရေး မလွတ် မြောက်သူ မိန်းကလေးတွေရဲ့ ခန္ဓာကိုယ် အရင်းအနှီး ပြုနေ ရမှုကိုထောက်ပြနိုင်ခဲ့ပါတယ်။

ကလျာမဂ္ဂဇင်းရဲ့ လစဉ်ကဏ္ဍဖြစ်တဲ့ ‘ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်’ကဏ္ဍ မှာ ဒီလရေးထားတဲ့ မောင်မိုး သူရဲ့ **သယံဇာတနဲ့ လူသား အရင်းအမြစ်**ဟာ ဒီနေ့ မြန်မာ နိုင်ငံရဲ့ ပြန်လည်ထူထောင် ရေး လုပ်ငန်းကို ရေးသား ထားတဲ့ ဆောင်းပါးပါ။ စစ် အစိုးရလက်ထက်က နိုင်ငံ တော်ရဲ့ သယံဇာတဖြစ်တဲ့ ဓာတ်ငွေ့တွေရောင်းပြီး နိုင်ငံ တော်ဘတ်ဂျက်ထဲ တစ် ဒေါ်လာ ၆ ကျပ်နဲ့ စာရင်းပြ ခဲ့ပုံ၊ ဒီအစိုးရလက်ထက် တရုတ်ကို ရောင်းခဲ့ပုံ၊ နိုင်ငံ တော် ဘတ်ဂျက်ထဲ ရောက် ရမယ့်အစား လူတစ်စုအိတ်ထဲ ရောက်သွားပြီး အချမ်းသာ ကြီး ချမ်းသာနေကြပုံတွေကို ဆရာ မောင်မိုးသူက သူ့ ဆောင်းပါးမှာ ရေးပြထားပါ တယ်။

*၂၀၁၄ စက်တင်ဘာ ကလျာ*

❑

ဒီလ စုံနံ့သာမှာ ရွှေ မောင်း ပထမဦးဆုံး ညွှန်းချင် တာက ၈၈ အမှတ်တရ ကဏ္ဍမှာ ဖော်ပြထားတဲ့ အောင်ဒင်ရဲ့ **အမုန်းတရား များနှင့် တိုင်းပြည်**ပါ။ ဒီနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အဖြစ်မှန်တွေကို မြေလှန်ရေး ပြထားတဲ့ ကဗျာတစ်ပုဒ်ပါ။ ရခိုင်ပြည်နယ် ကျောက်နီမော်



www.burmeseclassic.com

www.burmeseclassic.com

က စခဲ့ပြီး တောင်ကုတ်မှာ နေ့ခင်းကြောင်တောင် လူသတ်၊ နောက် မြန်မာနိုင်ငံ အနှံ့ကူးစက်၊ မန္တလေးက ပူပူနွေးနွေး။ ဖြစ်ပုံချင်းကလည်း အားလုံး တူနေတာလေ။

'မေတ္တာ၊ ကရုဏာ၊ အကြင်နာနဲ့ သည်းခံစာနာမှုတွေကို သင်ပေးရမယ့်အစား ဘာသာခြားကို မုန်းတီးကြဖို့၊ လူမျိုးခြားကို ဆန့်ကျင်ကြဖို့၊ အားပါးတရ လှုံ့ဆော်ကြတဲ့ တရားဟော ဆရာတော်တွေ ရှိတယ်။ မတူ ကွဲပြားမှုတွေအပေါ် သည်းခံနိုင်စွမ်း ကင်းမဲ့တဲ့၊ ကိုယ့်အမျိုး၊ ကိုယ့်ဘာသာ အကောင်းဆုံးလို့ ယုံကြည်တဲ့ အစွန်းရောက် မျက်ကန်းမျိုးချစ်တွေရှိတယ်။ အကြမ်းဖက်မှုတွေ ဖြစ်ပြီးသွားရင် 'မြို့ခံတွေ မပါဘူး' လို့ အလွယ်တကူ ငြင်းဆိုတတ်တဲ့ မြို့မိမြို့ဖတွေ၊ အာဏာပိုင်တွေရှိတယ်။ '*ကမ္ဘာမကြေ* နိုင်ငံတော် သီချင်းကလည်း အာဃာတတရား မြင့်မားရေးဖြစ်၊ ကိုယ့်အမျိုး ကိုယ်ချစ်ရမယ်ဆိုပြီး မိန်းမတွေကို ပြစ်တင်ကန့်သတ်၊ နိုင်ငံတော်သမ္မတကတော့ 'မိဘပြည်သူများခင်ဗျား' ဆိုပြီး တစ်ခါတစ်ခါ ကောင်းတာလေးတွေ ရွေးပြော…' ဖတ်ကြည့်ပါ။ ဒီနေ့ နိုင်ငံတော်နဲ့ ကွက်တိပါပဲ။

ထန်ရဲ့ **ကြာ**ဟာ အမှိုက်ကောက်နေတဲ့ ဆယ်ကျော်သက် မိန်းကလေးတစ်ဦးရဲ့ စိတ်လှုပ်ရှား ခံစားမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ဒီဝတ္ထုမှာ ထန်ဟာ သူ့ဇာတ်ကောင် ညိုနွဲ့ရဲ့ အမှိုက်ပုံမှာ ရောင်းလို့ရတဲ့ ပစ္စည်းတွေ ကောက်နေ

စုံနံ့သာမှာ
ရွှေမောင်း
ပထမဦးဆုံး
ညွှန်းချင်တာက
ဂဂ
အမှတ်တရ
ကဏ္ဍမှာ
ဖော်ပြထားတဲ့
အောင်ဒင်ရဲ့
**အမုန်းတရား**
**များနှင့်**
**တိုင်းပြည်ပါ**
ဒီနေ့
မြန်မာနိုင်ငံမှာ
ဖြစ်ပေါ်နေတဲ့
အဖြစ်မှန်တွေကို
မြေလှန်
ရေးပြထားတဲ့
ကဗျာတစ်ပုဒ်ပါ

ရပုံ၊ ညိုနွဲ့ရဲ့ အလှကြောင့် ညိုနွဲ့ကို ချဉ်းကပ်လာသူတွေရဲ့ ချဉ်းကပ်ပုံ နည်းမျိုးစုံတို့ကို ရေးပြခဲ့ပါတယ်။ နောက်ဆုံး ဦးမျိုးဆိုတဲ့ မုန့်ဖောက်သည် လူကြီးရဲ့ စကားကြောင့် အလုပြင်ပြီး ဦးမျိုးအိမ်ကို သွားခဲ့ပြီးမှ မိခင်ရဲ့ ဆုံးမစကားကို ကြားယောင်လာပြီး အသိဝင် ပြန်လာပုံနဲ့ ဝတ္ထုကို နိဂုံးချုပ်ထားပါတယ်။ ထန်ဟာ အမှိုက်ပုံမှာ အမှိုက်ကောက်နေကြရသူများရဲ့ ဘဝ၊ လုပ်ငန်းခွင် သဘာဝတွေကို ပီပီပြင်ပြင် ရေးဖွဲ့နိုင်သလို သူ့ရဲ့ ပဓာနဇာတ်ကောင် ညိုနွဲ့ကိုလည်း ရုပ်လုံးကြွလာအောင် ရေးပြနိုင်ခဲ့ပါတယ်။ ပစ္စည်းမဲ့ လူတန်းစားတွေ ဝမ်းရေးဘယ်လို ဖြေရှင်းနေကြရတယ်ဆိုတာကို လက်ညှိုးထိုးပြထားတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ ဖတ်ကြည့်ပါဦး။

*၂၀၁၄ ဩဂုတ် စုံနံ့သာ*

❑

ဒီလ Face မှာ ပထမဦးဆုံး ညွှန်းချင်တာက ဝိုင်ချိုရဲ့ **ခရမ်းပြာထက်လူနှင့် တွေ့ဆုံခြင်း**ပါ။ ခရမ်းပြာထက်လူက ဝိုင်ချိုရဲ့ အမေးစကားကို သူ့အနုပညာ ယုံကြည်ချက်၊ သူ့ရပ်တည်ချက်တွေနဲ့ အပီအပြင် ဖြေဆိုသွားခဲ့ပါတယ်။

'အရောင်မတူတဲ့ အကောင်တွေက ကိုယ့်မြစ်ကြီးကို ခါးပတ်ပတ်၊ ကိုယ့်တောင်ကြီးကို မှီပြီး ရပ်နေတယ်။ ကိုယ့်လူမျိုး အမျိုးကောင်းသမီးလေးတွေရဲ့ ခါးကိုတောင် တင်းတင်းကျပ်ကျပ် ဖက်ပွေ့လို့၊ ခါးကြားမှာ သေနတ်ကြီးနဲ့ ကိုယ့်မြန်မာနိုင်ငံ မြေပုံကြီးကို သိန်း ၂၀၊ ၃၀ တန် အရက်တစ်လုံးနဲ့ ကိုယ်တိုင် စိမ်ပြေနပြေထိုင်ပြီး မြည်းနေတာ ခင်ဗျားလည်း တွေ့နေရတာပဲ။ ကျွန်တော် ဒါတွေကို ထိုင်ကြည့်နေရမလား။ ကဗျာရေးမလား'။ ဖတ်ကြည့်ပါ။ တကယ့် ကဗျာဆရာစစ်စစ်တွေရဲ့ ရေးရမယ့် ကဗျာတွေ ပေါ်လာပါလိမ့်မယ်။

မဟာကျော်ရဲ့ **ပြည့်တန်ဆာမယောကျ်ား**ဟာ မွေးကတည်းက မိဘမဲ့တစ်ကောင်ကြွက်ဖြစ်ခဲ့ရတဲ့ မောင်မောင်ရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ ကပ္ပိယကြီးက မွေးစားပြီး ဘဝကို ရုန်းကန်၊ ပညာတတ်ဖြစ်၊ ရွာမှာ အိမ်ထောင်ကျ၊ မိန်းမနဲ့ ယောက္ခမက သူ့ဥစ္စာဖြုန်းလို့ လည်းကုန်ရော အိမ်ပေါ်က ဆင်းသွား၊ ကျောင်းဆရာဘဝကထွက်ပြီး သူငယ်ချင်း အကူအညီနဲ့ ထိုင်းမှာ အလုပ်လုပ်ရင်း ထိုင်းအမျိုးသမီး တစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တယ်။ မောင်မောင် လေဖြတ်ပြီး စကားပင် ပြောလို့မရတဲ့အခါ မောင်မောင်ကို ချစ်တဲ့ ဒုတိယဇနီး၊ ထိုင်းသူက သူ့ရဲ့ ခန္ဓာကိုယ်ကို ရောင်းပြီး မောင်မောင့်ကို အသက်ဆက်ပေးနေတဲ့ အကြောင်းအရာပါ။ စာရေးသူက သူ့ဝတ္ထုထဲမှာ သုတကို ရသနဲ့ ကွာမနေအောင် သိုသိပ်လှပစွာ ထည့်သွင်းရေးသားတာပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၄ ဩဂုတ် Face*

❑

ဒီလ မဟေသီမှာပါတဲ့ နိုင်မြင့်ရဲ့ **ပုံပြင်ယောင်းတစ်ခု၏ မာတိကာ**ဟာ အချစ်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်ပါတယ်။ ငယ်စဉ်ကပင် ချစ်ခဲ့ရသော ချစ်သူ ဇာခြည်ဝေကို ပြန်လည်တွေ့ဆုံတဲ့အခါ ရင်ထဲမှာ နဂိုအတိုင်း ချစ်နေခဲ့ပေမဲ့ ဦးနှောက်နဲ့ ဆင်ခြင်စဉ်းစားပြီး လက်ထပ်ခြင်းကို ငြင်းပယ်လိုက်တဲ့ သက်ဟန်ရဲ့ ဘဝဖြတ်သန်းမှုကို ရေးဖွဲ့ထားခြင်းပါ။ နိုင်မြင့်ဟာ ဝတ္ထုအနုပညာရှိသူ တစ်ဦး ဖြစ်လို့လည်း ဒီလို အချစ် ဝတ္ထုတစ်ပုဒ်ကို မဂ္ဂဇင်းဝတ္ထု ရှည် လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါ တယ်။ ဒါ့အပြင် နိုင်မြင့်ဟာ သတ္တိရှိပါတယ်။ သူယုံကြည် ရာကို ရဲရဲရင့်ရင့် တင်ပြပါ တယ်။ ဒီဝတ္ထုရဲ့ အ



www.burmeseclassic.com

www.burmeseclassic.com

ချက်ကတော့ 'လက်ထပ်ခြင်းသည် ချစ်ခြင်းမေတ္တာတို့ နှလုံးသား ခံစားမှုအပေါ်တွင် ရာနှုန်းပြည့် မူတည်ပါ။ ဦးနှောက်၏ ဆင်ခြင်တုံတရားပေါ်တွင် ပို၍မူတည်သည်' တဲ့။

ဆောင်းဝင်းလတ်ရဲ့ **ရန်ကုန်သူ**ဟာ ငြိမ်းချမ်းရေးရဲ့ တန်ဖိုးကို စာဖတ်သူရင်ထဲ ရောက်ပို့ပေးထားတဲ့ ဝတ္ထုတိုပါ။ သဘော်စက်ခန်းအုပ် တစ်ယောက် ကြာအင်းဆိပ်ကြီးကိုရောက်တော့ ကြုံတွေ့ရတဲ့ဖြစ်ရပ်မှာ ဦးသန့်အရေးအခင်းကြောင့် ကေအင်ယူထဲ ဝင်သွားတဲ့ စစ်ဗိုလ်တစ်ယောက် အလင်းဝင်ဖို့ ကြိုးပမ်းခဲ့ပုံနဲ့ သူပြောခဲ့တဲ့ ငြိမ်းချမ်းရေး စကားကို အမှတ်တရ ဖော်ပြထားပါတယ်။ ငြိမ်းချမ်းရေး ဆိုတာက အင်အားကြီးသူဘက်က တကယ် အပစ်အခတ်ရပ်ဖို့က ပထမ။ ဒုတိယအဆင့်က နိုင်ငံရေးဆွေးနွေးဖို့၊ တတိယက ပြည်သူကြားထဲသို့ ငြိမ်းချမ်းရေး ရောက်လာဖို့ပါပဲ။ အစိုးရက ပါးစပ်ကပြောရုံ မဟုတ်ဘဲ အပစ်အခတ် အမှန်တကယ် ရပ်ဖို့ လိုပါတယ်တဲ့။ ဖတ်ကြည့်ပါဦး။ ခေတ်ပြိုင်ခံစား မှုအားကောင်းတဲ့ ဝတ္ထုပါ။

နတ်ရဲ(ရှုပဗေဒ)ရဲ့ **နက္ခမှားသော တန်ဖိုးများ**ဟာ စာအုပ်ဝယ်ပြီး စာအုပ်ကို ဂရုတစိုက်၊ သေသေသပ်သပ် ထားပြီး အဲဒီစာအုပ်တွေကို ဖတ်တဲ့သူနဲ့ စာအုပ်ကို သပ်သပ်ရပ်ရပ် မထားဘဲ စာအုပ်ကိုဖတ်,ဖတ်ပြီး အများသူငါ ဖတ်ရအောင် စာကြည့်တိုက်ကို လှူတတ်တဲ့သူ နှစ်ဦး အပေါ် ရသဝတ္ထုတိုပေါင်းချုပ် စာအုပ်ကို ဇာတ်ကောင်ထား ရေးသားထားတဲ့ အက်ဆေးပါ။

ဆင်လှရဲ့ **တန်ဖိုးမဲ့သူများ**ဟာ ကိုယ့်တန်ဖိုးကို ကိုယ်ကိုယ်တိုင် သတ်မှတ်လို့ မရဘူး။ ပြည်သူတွေကသာ အဆုံးအဖြတ်ပေးနိုင်ကြောင်း သတင်းပေး ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ စာရေးသူက အီရတ်ကို အမေရိကန် ဝင်တိုက်တုန်းက အီရတ်ခေါင်းဆောင်တွေကို ဆုတော်ငွေ ထုတ်တဲ့အခါမှာ 'ပြန်ကြားရေးဝန်ကြီး' မပါဘူး။ မပါဆို တန်ဖိုးမှ မရှိတာ။ အမေရိကန်က အသံလွှင့်ရုံကို သိမ်းပိုက်ပြီးပြီ။ ကိုယ့်လူက 'ကျုပ်တို့တပ်မတော်ကြီး ရန်သူတွေကို အောင်ပွဲခံနေပြီ' လို့ စပီကာနဲ့ မြို့ထဲလှည့်အော်တုန်း။ အမှန်ကို ဖုံးကွယ်ပြီး ပြည်သူ့ပိုက်ဆံနဲ့ တည်ထောင်ထားတဲ့ ပြန်ကြားဌာနက စစ်အာဏာရှင်တွေ ဆက်လက်ရှင်သန်၊ နိုင်ငံရေးကို မဟုတ်မမှန် လုပ်ကြံပြောနေပုံတွေကို ဖော်ပြရေးသားထားတဲ့ ဆောင်းပါးပါ။ ရွှေမောင်းတို့ နိုင်ငံမှာလည်း ပြည်သူ့ဘဏ္ဍာနဲ့ တည်ထောင်ထားတဲ့ ပြန်ကြားရေးဌာနက အခုအထိ မပြောင်းလဲသေးပါဘူး။ တစ်တိုင်းပြည်လုံး မြင်သိနေသမျှတွေကို ဖုံးဖုံးဖိဖိ လုပ်နေတုန်းပါပဲ။ မထိမ်မချန်ဘဲ လွှင့်ထုတ်ရေးသားဖို့ အချိန်ရောက်နေပြီ။

*၂၀၁၄ ဩဂုတ်*
*မဟောသီ*

■

**မင်္ဂလာရွှေမောင်း**


**ပဲ့တင်သံ ဂျာနယ်** Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

## ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

## ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊စျေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

## ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'...**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# အင်ဂျလီနာဂျိုလီဖတ်ဖို့ ငါ့ဒိုင်ယာရီ

ဂျူခါး



တကယ်ဆို
အဲဒီအချိန်
ကတည်းက
ကျွန်တော့်မှာ
သူမပိုင်ဆိုင်သမျှ
အရာအားလုံးရဲ့
ညှို့ချက်ပြင်း
ကျော့ကွင်းထဲ
သက်ဆင်းခဲ့ရတဲ့
သိုးငယ်
တစ်ကောင်
ဖြစ်ခဲ့ရတာပါ

**အစ**

ကျွန်တော်ကတော့
ဘရက်ပစ် မဟုတ်ပါဘူး။
ဒါပေမဲ့ သူမကတော့
သူမ ဖြစ်ချင်တဲ့
အင်ဂျလီနာဂျိုလီ
ဖြစ်ခွင့်ရှိပါတယ်။

❑

ကျွန်တော် နေထိုင်တဲ့
ရပ်ကွက်ကလေးက
လှိုင်သာယာမြို့နယ်ထဲက
ရွှေဥက္ကံ ဆိုတဲ့
ရပ်ကွက်ကလေးပါ။
ကျွန်တော်
စက်ချုပ်ဆိုင်ကလေးရှေ့
ရောက်သွားတော့
ပထမဦးဆုံး
သတိထားမိလိုက်တာက
သူမရဲ့ စက်ချုပ်ဆိုင်
နာမည်လေးပေါ့။
'အင်ဂျလီနာ ဂျိုလီ'တဲ့။
ပြီးတော့
ပန်းအလှထိုးစက်ပေါ်က
ပိတ်စလှလှကလေးပေါ်မှာ
သေသေသပ်သပ်
ရွေ့လျားနေတဲ့
သူမရဲ့သွယ်လျလျ
လက်ချောင်းကလေးတွေရယ်၊
ခြေနင်းပေါ်မှာ
စည်းချက်ကျကျ
ရွေ့လျားနေတဲ့
သူမရဲ့ပန်းနုရောင်
ခြေဖမိုးကလေးတစ်စုံရယ်၊
လိပ်ခွေပြီး
နူးညံ့ပျော့ပျောင်း
အရောင်တောက်နေတဲ့
ရွှေအိုရင့်ရောင်
ဆံပင်ရှည်ရှည်ကလေး
တွေရယ်။
တကယ်ဆို
အဲဒီအချိန်ကတည်းက
ကျွန်တော့်မှာ သူမ
ပိုင်ဆိုင်သမျှအရာအားလုံးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com

ညှို့ချက်ပြင်းကျော့ကွင်းထဲ သက်ဆင်းခဲ့ရတဲ့ သိုးငယ်တစ်ကောင် ဖြစ်ခဲ့ရတာပါ။

'ဟိတ်... ဘာကြည့်နေတာလဲ'

အမှတ်မထင် မော့ကြည့်ရင်း မေးလာတဲ့ သူမရဲ့ အမေးကို မဖြေမိခင် ထူထဲပြီး ကွေးညွတ်နေတဲ့ သူမရဲ့ နှုတ်ခမ်းကလေးကိုလည်း အမှတ်ပြည့်ပေးလိုက်မိတယ်။

'ကျွန်တော့်အင်္ကျီအိတ်ကပ်ကလေး'စကားမဆုံးခင်မှာဘဲ သူမက ကျွန်တော့်လက်ထဲက အင်္ကျီကို ဆတ်ခနဲ ဆွဲယူလိုက်တယ်။ ပြီးတော့ ကျွန်တော့်ကိုတစ်လှည့် အင်္ကျီကိုတစ်လှည့် ကြည့်ပြီး

'ဒီလောက် စုတ်နေတာတောင် ပြန်ချုပ်ချင်သေးသလား'တဲ့။ ကျွန်တော့်ကိုလည်း ကျွန်တော့်ဘဝမှာ ဘယ်တုန်းကမှ အကြည့်မခံရဖူးတဲ့အကြည့်မျိုးနဲ့ ကျွန်တော့်ကို ကြည့်တယ်။ ကျွန်တော် တစ်ခုခု ပြောမယ်လို့ ဟန်ပြင်တုန်း 'ကောင်းပြီလေ ထားခဲ့၊ ညနေလာယူ'ဆိုပြီး စက်ခုံဘက် ပြန်လှည့်သွားတယ်။

သူမ ကျွန်တော့်ကို ကြည့်တဲ့အကြည့်နဲ့ ကျွန်တော် သူမကိုကြည့်တဲ့အကြည့်တွေမှာ အဓိပ္ပာယ်တစ်မျိုးစီ ကွဲနေတယ်ဆိုတာ ကျွန်တော် သိလိုက်တယ်။ ဒါပေမဲ့ ဘာ့ကြောင့် လဲဆိုတာကိုတော့ ကျွန်တော် ဆက်မတွေးဖြစ်ခဲ့ဘူး။ မတွေးဖြစ်ခဲ့တာထက် ကျွန်တော် မတွေးရဲခဲ့တာပါ။

❑

တကယ်တော့ နယ်ကနေ အဝေးသင်တစ်ဖက်နဲ့ ရန်ကုန်လိုမြို့ကြီးကို အလုပ်

> သူမ
> ကျွန်တော့်ကို
> ကြည့်တဲ့အကြည့်နဲ့
> ကျွန်တော်
> သူမကို
> ကြည့်တဲ့
> အကြည့်တွေမှာ
> အဓိပ္ပာယ်
> တစ်မျိုးစီ
> ကွဲနေတယ်
> ဆိုတာ
> ကျွန်တော်
> သိလိုက်တယ်
> ဒါပေမဲ့
> ဘာ့ကြောင့်လဲ
> ဆိုတာကိုတော့
> ကျွန်တော်
> ဆက်မတွေး
> ဖြစ်ခဲ့ဘူး

လာလုပ်ရတဲ့ ကျွန်တော့်ဘဝမှာ အဲဒီလိုအင်္ကျီဟောင်းကလေးတွေအစ မြတ်မြတ်နိုးနိုး တန်ဖိုးထားခဲ့ရတာပါ။ ဟိုးငယ်ငယ်ကတည်းက အမိအဖနဲ့ ကွဲကွာပြီး တစ်ကောင်ကြွက်ဘဝနဲ့ ကိုယ့်ဘဝကိုယ်ရုန်းရင်း ကြီးပြင်းခဲ့ရတော့ ကျွန်တော့်နဲ့ ထိစပ်ဆက်နွှယ်နေသမျှ အရာအားလုံးဟာ စွဲလမ်းတမ်းတ မက်မောစရာတွေ ဖြစ်ခဲ့ရတာပါ။ ဒါပေမဲ့ ကျွန်တော်ပိုင်ဆိုင်ခဲ့ဖူးသမျှ အရာတွေအားလုံးထက် ပိုပြီးတန်ဖိုးထားရမယ့် အရာဟာ သူမ ပါလားလို့ သိလိုက်ရတဲ့ အချိန်မှာ ကုစားလို့မရတဲ့ ဝေဒနာက ရင်မှာ ပြည့်နေခဲ့ပါပြီ။

'ကျွန်တော့် အင်္ကျီလေး ရပြီလားခင်ဗျ'လို့ မေးတော့ သူမက 'နေပါဦး ကျွန်တော် ကျွန်တော်နဲ့၊ တို့ကကော မင်းထက် ဘယ်လောက်တောင် ကြီးနေလို့လဲ'တဲ့။ နီရဲတက်လာတဲ့မျက်နှာကို ဟန်ဆောင်ပြုံးရင်း 'ကျွန်တော်က ဒီလိုပဲပြောတတ်လို့ပါ' ဆိုတော့ 'အိုကေ ကောင်းပြီလေရော့'ဆိုပြီး အင်္ကျီကို ထိုးပေးတယ်။

အင်္ကျီလေးကို အသာလှမ်းယူလိုက်ရင်း 'ဘယ်လောက်ကျပါသလဲ ခင်ဗျ'ဆိုတော့ သူမက 'ထောင့်ငါးရာ'တဲ့။ လှမ်းပြီး သူမကို သေချာကြည့်မိတော့ မျက်စလေးတစ်ဖက်ပစ်ပြပြီး 'တကယ်ပြောတာ'တဲ့။ ကျွန်တော့်တစ်ကိုယ်လုံး ထူပူသွားတယ်။ ဆိုင်ကလေးပေါ်ကနေ အတင်းပြေးဆင်းခဲ့တဲ့ ကျွန်တော့်ရဲ့ နောက်မှာတော့ သူမရဲ့ရယ်သံ လွင်လွင်ကလေးက မသိမသာ ကပ်ပါလာခဲ့တယ်။

တကယ်ဆို ကျွန်တော့်မှာ သူမကို ပေးစရာ ထောင့်ငါးရာ ရှိပါတယ်။ ဒါပေမဲ့ သူမအတွက် မလောက်မင ဖြစ်နေမှာကို စိုးကြောက်ပြီး ထွက်ပြေးလာခဲ့မိတာပါ။

❑

'အလဲ့...မင်းက ဘယ်ဆိုးလို့လဲ၊ ဘာတဲ့...နှစ်မြှာအသည်း တဲ့ ဟား ဟား။ မှန် *ကိုင်းထန်လို့ ရိုးတံကြွေခဲ့ရင်တောင်၊ မကွဲမကွာ အသည်းမနာကြေး၊ လေနှင်ရာကို ပြေးမယ် အတူယှဉ်တွဲ အမြဲမခွဲကြဘဲ* တဲ့။ စွယ်တော်ရွက်ကလေးလိုပေါ့ ဟုတ်လား' သူမက ကလေးလေးတစ်ယောက်လို ကျွန်တော်ရေးတဲ့ ကဗျာကို ဖတ်လိုက် ဟားလိုက်နဲ့။ ကျွန်တော်က အပြစ်ကင်းစင်နေတဲ့ သူမရဲ့မျက်နှာလေးကိုပဲ ငေးကြည့်နေမိတယ်။

'တို့က ကဗျာတွေ ဘာတွေ စိတ်မဝင်စားဘူးကွ။ သြော် ဒါနဲ့ မင်းလာမယ့် တနင်္ဂနွေ အားလား။ တို့ ဘွဲ့ယူမယ့်နေ့လေ။ မိန်းထဲကို လိုက်ခဲ့ပါလား။ မင်းကို သစ်ပုပ်ပင်ကြီးနဲ့ မိတ်ဆက်ပေးမယ်'တဲ့။ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

တကယ်တော့ ကျွန်တော့်အင်္ကျီ အဟောင်းကလေးထဲမှာ ပါလာတဲ့ ကဗျာစာရွက်ကလေးကို သူမက ယူထားလိုက်ပြီး သူမဆိုင်ရှေ့က အလုပ်သွားတာ မြင်မှ လှမ်းခေါ်ပြီး ဟာသတစ်ပုဒ်ကို အစဆွဲထုတ်ပြတာပါ။ ဘာပဲပြောပြော ကျွန်တော့်ရင်ထဲမှာ ဘာရှိတယ် ဆိုတာကိုတော့ သူမ သိသွားခဲ့ပြီပဲ ဆိုတဲ့ အတွေးလေးနဲ့ အဲဒီနေ့ရဲ့ လောကကြီးက ပိုပြီးတော့ လှပနေခဲ့တယ်လို့ လုံးဝ ယုံကြည်ခဲ့မိပါတယ်။

❑

ဘွဲ့ဝတ်စုံတွေနဲ့ ဟိုဟိုဒီဒီ သွားနေကြတဲ့ လူတွေကြားထဲမှာ ဘယ်အချိန် ဘယ်နေရာကကြည့်ကြည့် သူမက အထင်းသား တွေ့တွေ့နေရတယ်။ ကျွန်တော် သူမ ပြောထားဖူးတဲ့ သစ်ပုပ်ပင်ကြီးဆီ ထွက်လာလိုက်တယ်။ သစ်ပုပ်ပင်ကြီး ပတ်ချာလည်မှာလည်း ဓာတ်ပုံရိုက်ကြတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com

ပြည့်လို့။

'ဟိတ် လာလေ၊ တရ ဓာတ်ပုံရိုက်။ ဘယ်အချိန်က ရောက်မှန်းမသိတဲ့ သူမက တော့်ကို လှမ်းခေါ်တယ်။ သာစိတ်တို့နဲ့ ပြေးအသွား ကိုထက် တဲ့။ တို့နဲ့ ဆုံး မိတ်ဆွေပေါ့'တဲ့။ မိတ်ဆက်ပေးတဲ့လူကို တော် ပြုံးပြဖြစ်သလား တာကို ကျွန်တော်ကိုယ် သိလိုက်ဘူး။ ကျွန်တော့် မေးထိုးပြရင်း…'သူက ပြောပြောနေတဲ့တစ်ယောက်'တဲ့။ သူမရဲ့မိတ်ဆွေက သာပြန်ဖို့ ခက်ခဲတဲ့မျက်တွေနဲ့ ကျွန်တော့်ကိုကြည့်တယ်။ သူမနဲ့စပြီး ဆုံတုန်းလည်း အဲသလိုအကြည့်နဲ့ အကြည့်ခံရဖူးတယ်။

သူမတို့ နှစ်ယောက် ဘွဲ့သဘင်ခန်းမကြီးထဲ ဝင်ကြတော့ အပြင်ဘက်မှာ တွေက သဲသဲမဲမဲ ရွာချလာတော့တယ်။ အဲဒီမိုးတွေလိုပါ ကျွန်တော့်ရင်ဘတ်ထဲမှာ ည်း ဝေဒနာမိုးတွေ သည်း။

❑

'ဘွဲ့ဝတ်စုံ သွားပြန်အပ်ရင် ကျွန်တော်လည်း လိုက်ချင်လို့'။ သူမက မျက်စလေးကို ပစ်ပြရင်း 'ဘာဖြစ်လို့လိုက်ချင်ရတာလဲ'တဲ့။ ကျွန်တော် အရဲစွန့်ပြီး ပြောချလိုက်တယ်။ 'ပြောစရာ စကားတွေရှိလို့'။ ကျွန်တော့်စကားလည်း ဆုံးရော ကလေးလေးတစ်ယောက်လို ရယ်တယ်။

'ကောင်းပြီလေ လိုက်ခဲ့။ ဒါပေမဲ့ အလုပ်ပိတ်ရက်မဟုတ်ဘူးလေ'တဲ့။

ကျွန်တော်
ပိုင်ဆိုင်ခဲ့ဖူးသမျှ
အရာတွေ
အားလုံးထက်
ပိုပြီး
တန်ဖိုးထားရမယ့်
အရာဟာ
သူမ
ပါလားလို့
သိလိုက်ရတဲ့
အချိန်မှာ
ကုစားလို့မရ တဲ့
ဝေဒနာက
ရင်မှာ
ပြည့်နေခဲ့ပါပြီ

'ရပါတယ်။ ကျွန်တော် အလုပ်ဖျက်လိုက်မယ်'။ ပိုပြီး သဘောကျသွားတဲ့ မျက်နှာလေးနဲ့ ကျွန်တော့်ကို ပြုံးပြီးကြည့်နေတယ်။ 'မင်းက ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်ရှိနေတဲ့ စစ်သူကြီးတစ်ယောက်လိုပဲ'တဲ့။

တကယ်တော့ ကျွန်တော်က ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိနေတယ်ဆိုတာထက် ကျွန်တော့်နှလုံးသားက သူ့ကိုယ်သူ ယုံကြည်မှု ရှိနေခဲ့တာပါ။

❑

'မင်းက အချစ်အကြောင်းကို ပြောရအောင် အချစ်အကြောင်း ဘယ်လောက် သိလို့လဲ'။ အဖြေသိပြီးသား ဆရာမတစ်ယောက်က ကျောင်းသားလေးတစ်ယောက်ကို အစ်ထုတ်နေသလိုမျိုးနဲ့ ကျွန်တော့်ကို မေးတယ်။

အားလုံးပြောကြတာက အချစ်မှာ မျက်စိမရှိဘူးတဲ့။ ကျွန်တော်ကတော့ အချစ်မှာ မျက်စိရှိတယ်။ အဲဒီမျက်စိက အချစ်ရဲ့ နောက်က ဒုက္ခတွေကို မမြင်တာလို့ ထင်တယ်။ ဒါပေမဲ့ ကျွန်တော် သူမကို အဲဒီစကားတွေ ပြောမထွက်ခဲ့ဘူး။

'ဒါ တို့ချစ်သူရဲ့ ဓာတ်ပုံ'ဆိုပြီးတော့ ဓာတ်ပုံတစ်ပုံ ထုတ်ပြတယ်။ ကျွန်တော့်ကို ပြဖို့အသင့်ယူလာတာပဲ ဖြစ်မှာပါ။ သစ်လွင်တောက်ပတဲ့ အဝတ်အစားတွေဝတ်ပြီး ခပ်မိုက်မိုက် စတိုင်လ်နဲ့ ဆေးလိပ်အဖြူလေးတစ်လိပ် ပါးစပ်မှာတပ်လို့။ ဓာတ်ပုံရဲ့ နောက်ကျောဘက်မှာတော့ 'ဘရက်ပစ်'တဲ့။ ဘွဲ့ယူတဲ့နေ့က ကျွန်တော်နဲ့ မိတ်ဆက်ပေးဖူးတဲ့လူပေါ့။

'တို့စက်ချုပ်ဆိုင်နာမည်လေးကို သူ မှည့်ပေးတာလေ။ အင်ဂျလီနာ ဂျိုလီတဲ့။ တို့ကိုလည်း အဲဒီလိုပဲခေါ်တယ်။ ဒါကြောင့် တို့က သူ့ကိုလည်း ဘရက်ပစ်လို့ခေါ်တာလေ'။ ပြောပြောဆိုဆို ဓာတ်ပုံလေးကို ပွန်းပဲ့သွားမှာစိုးသလိုမျိုးနဲ့ ကျွန်တော့်ဆီကို လက်ဝါးလေး ပြန်ဖြန့်လာတယ်။ ဘာမှ မဖြစ်သလို ဂရုစိုက်နေတဲ့ကြားထဲက ကျွန်တော့်လက်တွေက တုန်ပြနေသေးတယ်။

'လာ အင်းလျားကန်ပေါ်သွားမယ်'။ သူမရဲ့ ဘေးနားက ကပ်လျှောက်ခွင့် ရခဲ့ပေမဲ့ ဘယ်တော့များမှ သူမနဲ့ နီးနီးလေးမှာ ထိုင်ခွင့်ရပါ့မလဲလို့ တွေးဖြစ်ခဲ့သေးတယ်။

ဘာပဲဖြစ်ဖြစ်လေ၊ အဲဒီနေ့က ကျွန်တော့်ရင်ထဲကို အင်းလျားကန်ပေါ်က ချစ်သူစုံတွဲတွေရဲ့ အပျော်တွေ ကူးစက်ခဲ့သေးတယ်။

❑

'ကျော်ကျော်သက် ဖုန်းလာတယ်'။ နေ့လယ်ခင်းနားနေချိန်မှာ ဖုန်းလာတယ်ဆိုလို့ ကျွန်တော် တော်တော်အံ့သြသွားတယ်။ ကျင်လည်ဖြတ်သန်းခဲ့တဲ့ ဘဝတစ်လျှောက် ဘယ်သူ့ဆီကမှ ဖုန်းလာဖူးခဲ့တဲ့ကောင်မှ မဟုတ်တာ။ ဖုန်းခွက်ကလေးကို နားမှာ ကပ်လိုက်တော့ 'ဖိုးကျော်လား'တဲ့။ သူမရဲ့အသံ။ ကျွန်တော့်ဆီက သူမ ပြန်ကြားရတဲ့ အသံမှာ ဝမ်းသာတဲ့နှုန်းတွေ ပါနေမယ်ဆိုတာ သူမ သိလောက်ပါတယ်။

'ဟုတ်ပါတယ်ခင်ဗျ၊ ဘာကိစ္စရှိလို့ပါလဲ'လို့ မေးမိတော့…'မင်းဆီကို ကိစ္စမရှိဘဲနဲ့ ဆက်ရမလား၊ အခုထွက်ခဲ့ ကျုံစစ်သား အိမ်ရာနားက ဖုန်းဆိုင်မှာ စောင့်နေမယ်'တဲ့။ တလှုပ်လှုပ် ခုန်နေတဲ့ ရင်အစုံနဲ့ သူမ ရှိတဲ့နေရာလေးကို အပြေးသွားလိုက်တော့ သူမက ဖုန်းဆိုင်လေးတစ်ဆိုင်မှာ ထိုင်လို့။

ဘာအရေးကြီးလို့လဲ ဆိုတဲ့ အကြည့်နဲ့ ကြည့်မိတော့ သူမက မလှမ်းမကမ်းမှာရှိတဲ့ လက်ဆွဲအိတ်ကို လက်ညှိုးထိုးပြပြီး 'ခိုးရာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်မလို့…တဲ့'။ ပြီးတော့ အောင်မြေသာယာဘုရားဘက်ကို ရှေ့ကနေ ထွက်သွားတော့တယ်။ ကျွန်တော့်မှာ အိပ်မက်များလားဆိုတဲ့ အတွေးနဲ့ ကိုယ့်ကိုယ်ကို ပွတ်သပ်ကြည့်ရင်း အိတ်ကိုဆွဲပြီး အပြေးလိုက်ခဲ့မိတော့တယ်။

အောင်မြေသာယာဘုရားမှာ ကျွန်တော် သစ္စာဆိုခဲ့တယ်။ လင့်ဝတ္တရား ငါးပါးနဲ့ ကျေပွန်တဲ့ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ဖြစ်ရမယ်လို့ပေါ့။

ဟုတ်တယ်။ ကျွန်တော် ညကအိပ်မက်မက်တယ်။ သူမရဲ့နှုတ်ခမ်းထူထူကွေးကွေးကလေးရယ်၊ ဝိုင်းညိုညိုမျက်ဝန်းတစ်စုံရယ်။ ပြီးတော့ ဘရက်ပစ်နဲ့ အင်ဂျလီနာဂျိုလီဆိုတဲ့ ကျွန်တော်နဲ့ သူမတို့ရဲ့ မင်္ဂလာဖိတ်စာကလေးတွေရယ်။

□

သူမနဲ့ကျွန်တော် သူမစီစဉ်တဲ့အတိုင်း လှိုင်သာယာနဲ့ အဝေးဆုံးကိုရောက်မှ လမ်းဘေးလက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်မှာ ခဏထိုင်ဖြစ်ကြတယ်။ ကောင်တာစားပွဲဆီကို ကြည့်ကြည့်နေတဲ့ သူမရဲ့ အကြည့်တွေကြောင့် တစ်ခုခုကို ရှာဖွေနေတယ် ဆိုတာ ကျွန်တော် သိလိုက်တယ်။ သူမလည်း ဗိုက်ဆာပြီ ထင်ပါရဲ့။ အချိန်အတော် နောက်ကျနေပြီဖြစ်လို့ ဗိုက်ဖြည့်စရာ လက်ဖက်ရည်ကလွဲလို့ ဘာမှ မကျန်တော့တဲ့ ဆိုင်ကလေးထဲကနေ တခြားဘယ်မှာများ ရနိုင်ပါ့မလဲဆိုတဲ့ အတွေးနဲ့ သူမကို နှစ်သိမ့်စကားဆိုရင်း ဟိုဟိုဒီဒီ လျှောက်ရှာလာနေမိတယ်။

'ကို ပြောတဲ့နေရာ ရောက်ပြီ။ အခုလာခေါ်လှည့်နော်'တဲ့။ တိုးတိုးလေး မသဲမကွဲသာ ကြားလိုက်ရတဲ့ စကားသံမို့ သူမရဲ့နောက်နား အထိကပ်ပြီး နားစွင့်မိတယ်။

'ဒီမှာ ဟို စိတ်သိပ်မနှံ့တဲ့တစ်ယောက်လေ အင်း သူပါတယ်။ သူပါလို့ အိတ်ကို ဒီအထိ သယ်လာလို့ ရတာပေါ့လို့။ မြန်မြန်လာခဲ့နော်။ သူ့ကို အချိန်ဆွဲထားလိုက်မယ်။ သူက သူနဲ့ ခိုးရာလိုက်လာတာထင်လို့ ပျော်နေတာကိုရဲ့။ ဒီရောက်မှ သူ့ကိုကြည့်ပြီး အမောပြေ ရယ်ကြတာပေါ့'တဲ့။

ကျွန်တော့်လက်ထဲက ပူပူနွေးနွေး အကြော်ထုပ်ကလေး လွတ်ကျသွားတယ်။ ဘာ 'ဟို စိတ် သိပ်မနှံ့တဲ့ တစ်ယောက်'တဲ့။ ဒါ ဒါ ကျွန်တော့်ကို ကျွန်တော့်ကို ပြောတာပေါ့။

လှောင်ပြုံးပြုံးနေတဲ့ ကောင်တာစားပွဲက ကောင်မလေးရဲ့အကြည့်။ ပြီးတော့ ပွတ်ခနဲချလိုက်တဲ့ သူမ လက်ထဲကဖုန်း။ ဝဲတက်လာတဲ့ မျက်ရည်တွေကို မထိန်းနိုင်တော့ဘဲ တလိမ့်လိမ့်တက်လာတဲ့ ရှက်စိတ်တွေနဲ့အတူ သူမကိုကျောခိုင်းပြီး ပြေးထွက်လာခဲ့တယ်။

မျက်ရည်တွေ ပြည့်လျှံနေတဲ့ ကျွန်တော့် မျက်ဝန်းအိမ်ထဲ ဘာမှန်းမသဲကွဲလိုက်တဲ့ မီးရောင်တစ်ခုက လက်ခနဲ။

ကျွိ… ကျွိ… ဝုန်း…။

□

**အဆုံး**

ကျွန်တော်ကတော့ ဘရက်ပစ် မဟုတ်ပါဘူး။ ဒါပေမဲ့ သူမကတော့ သူမဖြစ်ချင်တဲ့ အင်ဂျလီနာ ဂျိုလီ ဖြစ်ခွင့်ရှိပါတယ်။

■

လူခါး




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"

ကွန်ပျူဗေဒသုခုမ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်း တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် ကြိုစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျွမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)**

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထိမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

**Website: www.baydathukhuma.com**




www.burmeseclassic.com

www.burmeseclassic.com



**ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ**

စီးပွားရေး နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

**မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးဇေအးနိုင်(ဘီအေ)**

ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမစြဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။





**ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဗါဏိဇ္ဇ)**

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြက်နှံသူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

**အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့**

နည်းပြ၊ သရုပ်ပြများ၊ စီမံခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ဒု-အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအားလုံးအတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန် ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုးပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။





**ထေရုပ်ဒါဓူထောင့် - မင်းနှင့်(မော်ကျွန်း)**

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကာသာ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာဝနာရေးထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာဝေးလေစွ၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။

**မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ**

အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထိုအရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရူပနန္ဒာ၊ သုမနဒေဝီ၊ ဒီဃကောသီ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။



အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၁၄၊ ၀၉ ၅၄၀ ၀၁၀၂။



Designed by Lynn Wunna

www.burmeseclassic.com

ဇွန်လ ၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် မလွမ်း(ငွေသဇင်မင်း)ရဲ့**ဂီတနက်သန်၏ လက်ကျန်ကြယ်တစ်ပွင့်** ဆောင်းပါးမှာ ဂီတနက်သန်ရဲ့ အကောင်းဆုံးသီချင်းများကို MRTV ဆိုကြမယ် ပျော်ကြမယ် ၁၈ နှစ်မြောက် ဖျော်ဖြေပွဲအတွက် ထုတ်လွှင့်ဖို့ ဆရာကြီး ဦးအုန်းလွင်ကိုယ်တိုင် တီးခတ်ပေးတဲ့အကြောင်း၊ ဇွန်လကုန်တွင် ထုတ်လွှင့်ပေးမယ့်အကြောင်းကို ဖတ်လိုက်ရပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၂၉ရက်နေ့ တနင်္ဂနွေ


ဂီတနက်သန် ဦးအုန်းလွင်

# ဂီတနက်သန်
# ထာဝရ ရှင်သန်စေဖို့ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့

**ကိုရဲ၊ ရွှေကြိုး၊**

ညနေခင်းမှာ ပုံမှန် ကြည့်နေကျဖြစ်တဲ့ ဆိုကြမယ် ပျော်ကြမယ် အစီအစဉ်ကို ဖွင့်လိုက်ပါတယ်။ မီးအားနည်းနေလို့ ခဏစောင့်နေရပါသေးတယ်။ မီးအားပြည့်လို့ ပြန်လာတဲ့ အချိန်မှာ *ပွင့်ဦး* သီချင်းသံကို ကြားလိုက်ရပါတယ်။ အသက် ၁၅ နှစ် အရွယ်ရှိသေးတဲ့ မောင်ဖိုးလမင်းအောင်ရဲ့ သီဆိုဖျော်ဖြေမှုကိုကြည့်ပြီး ဒီနေ့ခေတ်လူငယ်လေးတွေ ဟော်ဟော်များများ အနောက်တိုင်းဂီတကို ခုံမင်နှစ်သက်နေတဲ့အချိန်မှာ အခုလို မြန်မာတေးသံတွေကို စိတ်ဝင်တစားနဲ့ သီဆိုနေတာကို တွေ့မြင်ရတဲ့ အခါ မြန်မာ့တေးသီချင်းတွေအတွက် အားတက်မိပါတယ်။ *ပွင့်ဦး* သီချင်း ပြီးတဲ့အခါ ရွှေတံဆိပ်ဆုရှင် မသူဇာ အောင်ရဲ့ *မြနှင်း* သီချင်း၊ ငွေသဇင်မင်း ဦးအောင်ရွှေရဲ့ *မိုးသက်လေနှင်*[...] မောင်ဇော်မင်းထွန်းရဲ့ *ရွှေပွင့်လျှာ* ([...] သီချင်း နားထောင်နေဆဲမှာပဲ မီးအား[...] ကျသွားလို့ ခဏစောင့်ရပါသေးတယ်)။ မီးအားပြည့်လို့ ပြန်လာတဲ့အချိန်မှာ နောက်ဆုံး သီဆိုတဲ့ ရွှေလည်ဇော်ဇော်[...] သီချင်းကို နားမထောင်လိုက်ရပါဘူး[...] ဆရာကြီးရဲ့ နှုတ်ဆက်စကားနဲ့ မြေ[...] လက်ဆောင်ပေးတဲ့ အစီအစဉ်ကို[...] ကြည့်လိုက်ရပါတယ်။ ဂီတနက်သန်[...] နှစ် ၆၀ ပြည့်နဲ့ ဆိုကြမယ် ပျော်ကြမ[...] ၁၈နှစ်မြောက်လို့ သိရပါတယ်။

အစီအစဉ်ပြီးသွားတာ မြန်တယ်[...] လို့ ထင်လိုက်မိပါတယ်။ နားထောင်လို့[...] အားမရပါဘူး။ ဆရာကြီး ဦးအုန်းလွင်[...] ကိုလည်း အခုမှ မြင်ဖူးတာဖြစ်ပါတယ်[...] အသက်အရွယ်နဲ့မလိုက်အောင် တီးခတ်[...] ပေးနေတာကို မြင်တွေ့ရတဲ့အတွက်[...] ဆရာကြီးရဲ့ဂီတာတီးခတ်မှု ပညာအမွေ[...] ဂီတနက်သန်ဆိုတဲ့ အမွေကို ဆက်ခံ[...] သူရော ရှိပါရဲ့လားလို့ စိုးရိမ်တကြီး[...] တွေးမိပါတယ်။ ဂီတနက်သန်ရဲ့ လက်[...] ကျန်ကြယ်တစ်ပွင့်ကလည်း ဇရာပိုင်[...] ကိုရောက်နေပါပြီ။ ဒီနေ့ လူလတ်ပိုင်း[...] အရွယ်တွေအနေနဲ့ အဆိုတော် မော[...] မောင်ညွန့်ကိုပဲ အသိများပြီး ဂီတန[...] သန်ဆိုတာ မသိကြတော့သလို ဦးအ[...] ညိန်းကိုလည်း မသိကြတော့ပါဘူး[...] ဒီလိုအချိန်မှာ ဂီတနက်သန် ဖျော်ဖြေ[...] အနေနဲ့ ထုတ်လွှင့်ပေးတဲ့ မြန်မာ့အ[...] ရုပ်မြင်သံကြားနဲ့အတူ ငွေသဇင်မ[...] မိသားစုကို ကျေးဇူးတင်မိပါ[...] ဂီတနက်သန်ဖြစ်ပေါ်လာပုံ[...]



www.burmeseclassic.com

www.burmeseclassic.com

ဆန်းသီချင်းတွေရေးစပ်ခဲ့တဲ့ မူရင်းတေးရေးဆရာ ဦးစောညိန်းရဲ့အကြောင်းကိုလည်း မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးစေလိုပါတယ်။

ကျွန်တော်တို့ငယ်ငယ်က အဆိုတော် မောင်မောင်ညွန့်ရဲ့ သီချင်းတွေကို နားထောင်ရင်း ကြီးပြင်းလာခဲ့ရပေမဲ့ မူရင်း တေးရေးဆရာ ဘယ်သူဆိုတာ မသိခဲ့ပါဘူး။ အစိုးရအလုပ်က အနားယူပြီး ချမ်းသာစာပေမှာ အလုပ်ဝင်တဲ့အခါ ဂီတနယ်ပယ်က ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဆရာ မေ့ဝဲတန်းကြည်မြတ်၊ ဆရာ ဘာတွန်းရွှေမင်းသား၊ ဆရာ ကောင်းမြတ်(ခရာတော)၊ ဆရာ ဂီတစာဆို မောင်မျိုးသူ၊ ဆရာမ မေအောင်လင်းတို့နဲ့ ခင်မင်ခွင့်ရခဲ့ပါတယ်။ ဆရာတို့က မေ့နေ့ဆို ဂီတဝိုင်းလေး ကျင်းပကြပါတယ်။ အဲဒီမှာ ဂီတနက်သန် ဦးစောညိန်းရဲ့ သီချင်းတွေကို နားထောင်ခွင့်ရခဲ့ပါတယ်။ ဂီတနက်သန် ကိုစောညိန်းဆိုတာထက် အဆိုတော်ကြီး မောင်မောင်ညွန့်ကို ပိုပြီး သိတယ်လို့ ပြောရမှာပါ။ ဆရာ မေ့ဝဲတန်းကြည်မြတ် ပြောပြမှ အဆိုတော် မောင်မောင်ညွန့် ဆိုတဲ့ သီချင်းတွေက ဂီတနက်သန် ကိုစောညိန်းရေးတာလို့ သိခွင့်ရခဲ့ပါတယ်။ အခုအချိန်အခါမှာ တော်တော်များများကလည်း အဆိုတော် မောင်မောင်ညွန့်ကိုပဲသိကြပါတယ်။ ဂီတနက်သန်ဆိုတာ သိပ်ပြီး မသိကြတော့ပါဘူး။

ဂီတနက်သန်အကြောင်းနဲ့ ပတ်သက်လို့ ဆရာ စောနိုင်ဦးရဲ့ *ဂီတကိုတဖျာဖျာပြုသူ ကိုစောညိန်း* အမည်ရှိတဲ့ စာအုပ်တစ်အုပ်ကို ပြီးခဲ့တဲ့နှစ်က အင်းဝစာအုပ်တိုက်မှာ တွေ့လို့ ဝယ်ခဲ့ပါတယ်။ စိတ်မကောင်းစရာတွေနဲ့အတူ လွမ်းစရာ ကောင်းတဲ့ ဆရာဦးစောညိန်းရဲ့အကြောင်းကို အပြည့်အစုံ သိခွင့်ရခဲ့ပါတယ်။ အဲဒီစာအုပ်မှာ လက်ရှိဂီတနက်သန်မျိုးဆက်အဖြစ် တစ်ယောက်တည်းသာ ကျန်တဲ့ ဆရာကြီး ဦးအုန်းလွင်နဲ့ မြန်မာ့အသံ ဦးသန်းမြင့်၊ စာရေးဆရာ မင်းရှင်၊ စာရေးဆရာ သန်းဆွေတို့နဲ့အတူ ဂီတနက်သန်နဲ့ပတ်သက်ပြီး တွေ့ဆုံခဲ့တဲ့ အကြောင်းကိုလည်း သိခွင့်ရခဲ့ပါတယ်။ *လွန်ခဲ့တဲ့ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလ* ၂၆ရက်နေ့ည ၈ နာရီနဲ့ ၂၇ ရက်နေ့ နံနက် ၁၁နာရီမှာ **"တေး၏ကြေးမုံ"** ကဏ္ဍကထုတ်လွှင့်ခဲ့တာ ဖြစ်တဲ့အတွက် အဲဒီအချိန်က ဆရာကြီး ဦးအုန်းလွင်ရဲ့ အသက်က ၃၄၊ ၃၅ နှစ်လောက်ပဲ ရှိမယ်ထင်ပါတယ်။

ဆရာကြီးလည်း အသက်အရွယ်ကြီးလာသလို အဲဒီအချိန်က ဆွေးနွေးခဲ့တဲ့ ဆရာတွေလည်း သက်ရှိ ထင်ရှား မရှိကြတော့ပါဘူး။ ဒါကြောင့် လက်ရှိသက်ရှိထင်ရှားရှိနေတဲ့ ဂီတနက်သန်ကြယ်တစ်ပွင့်ဖြစ်တဲ့ ဆရာကြီး ဦးအုန်းလွင်ရဲ့ မြန်မာ့အသံမှာ ဆွေးနွေးချက်တွေကို ဂီတနက်သန် ချစ်မြတ်နိုးသူတွေအတွက်၊ နောင်လာနောက်သားတွေအနေနဲ့ ဂီတနက်သန်ဆိုတာ ပုံပြင်တစ်ပုဒ်လို ဖြစ်နေမှာစိုးတဲ့အတွက် အရင်းအတိုင်း ကူးယူဖော်ပြပေးလိုက်ပါတယ်။

မြန်မာ့အသံ ဦးသန်းမြင့်က "အခုအပတ်တော့ ကျွန်တော်တို့ မိတ်ဆွေရင်းလည်းဖြစ်တဲ့ ကွယ်လွန်သူ ဂီတနက်သန် ကိုစောညိန်းရဲ့ လက်ရာများထဲမှ ဖော်ထုတ်ဖို့ ကိုစောညိန်းနဲ့ အရင်းနှီးဆုံးပုဂ္ဂိုလ်များဖြစ်တဲ့ ဟောဒီက စာရေးဆရာ ကိုသန်းဆွေ၊ စာရေးဆရာ ကိုမင်းရှင်၊ ဂီတနက်သန်ဆိုတဲ့ နာမည်ကို ဆက်ခံသူ သီချင်းရေးဆရာ ဂီတပညာရှင် ဂီတနက်သန် ကိုအုန်းလွင်တို့နဲ့ ဆွေးနွေးရင်း သောတရှင်များကို ဒီကိုစောညိန်းရဲ့လက်သံများကို ကျွန်တော် ဖော်ထုတ်ပြီးတော့ကာ ကျွန်တော် အစီရင်ခံလိုက်ပါတယ် ခင်ဗျာ။ အဲဒီလက်ရာများ ဖြစ်ပေါ်လာရခြင်းအကြောင်း၊ သူ့တေးရဲ့အရိပ်ကလေးများကို ကျွန်တော် ဖော်ထုတ်ပြီးတော့ အစီရင်ခံလိုက်ပါတယ်။ ကျွန်တော့်ဘယ်ဘက်မှာ ဟောဒီက ဂီတနက်သန် ကိုအုန်းလွင် ရှိပါတယ်။ ဟောဒီအလယ်မှာ ထိုင်နေတာကတော့ဖြင့် စာရေးဆရာ မင်းရှင်၊ ကျွန်တော့် ညာဘက်မှာတော့ စာရေးဆရာ ကိုသန်းဆွေရှိပါတယ်။ ကဲ ကိုမင်းရှင်၊ ကိုမင်းရှင်ပဲ ကိုစောညိန်းကို *ပထမဦးဆုံး ကျွန်တော်တို့အသိ ဖွဲ့ပေး*တဲ့လူပဲ၊ နောက်ပြီးတော့ ကိုမင်းရှင်ပဲ ကိုစောညိန်းကို အသံလွှင့်ရုံကို ခေါ်လာတယ်ဆိုတော့… ကဲ ကိုစောညိန်း နာမည်ကျော်ကြားလာတဲ့အထိ သူ့ဖြစ်စဉ်လေးတွေပေါ့လေ… ခင်ဗျား အဲဒါလေး ကိုမင်းရှင် သိသလောက် ကျွန်တော်တို့ ဆွေးနွေးရအောင်ခင်ဗျာ။

**ကိုမင်းရှင်။** ။ ဟုတ်ကဲ့၊ ဒီ ကိုစောညိန်းကို ကျွန်တော် ကိုသန်းမြင့်တို့ဆီ ခေါ်လာတဲ့အချိန်ကျတော့ သူဟာ သီချင်းတွေ ဘာတွေစရေးပြီပေါ့လေ။ စမ်းရေးနေပြီပေါ့လေ။ ဒါပေမဲ့ သူ့မှာ ဝိုင်းတွေ ဘာတွေတော့ မရှိသေးဘူး။ ဆုံးသွားတဲ့ စန္ဒရား ကိုလှသွင်၊ အဲဒီ သူ့ဝိုင်းမှာပဲ သူ လက်တည့်စမ်းတဲ့ သီချင်းလေးတွေ။

**ဦးသန်းမြင့်။** ။ အင်းပေါ့၊ အင်းပေါ့။ ကိုမင်းရှင်တို့ ဆန်းသစ်စအဖွဲ့ကလား။

**ကိုမင်းရှင်။** ။ ဟုတ်ကဲ့၊ အောင်လင်းတို့၊ ကျွန်တော်တို့၊ အဲဒီ ကိုလှသွင်တို့ပေါ့။ နောက် ကျွန်တော့်နှမ စန်းစန်းတင့်တို့။

**ဦးသန်းမြင့်။** ။ အဲဒီ ကိုစောညိန်းနဲ့ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေထဲမှာ ကိုအောင်လင်းလည်း ပါ,ပါတယ်။ စာရေးဆရာ ကိုအောင်လင်းလေ။

**ကိုမင်းရှင်။** ။ ဟုတ်ကဲ့။

**ဦးသန်းမြင့်။** ။ အဲဒါ သူလည်း ဒီနေ့ညနေ လာပါလို့ ကျွန်တော်တို့ ဆွေးနွေးရအောင်လို့ ခေါ်ထားတာ။ သူ မအားလပ်လို့နဲ့ တူပါတယ်။

**ကိုမင်းရှင်။** ။ အဲဒီအချိန်မှာ ကျွန်တော်တို့ *ငွေဝန်းသော်တာ* တို့၊ *တသန့်ခါဦး* တို့ ဆိုတဲ့ သီချင်းလေးတွေ စပြီးတော့ စပ်ပါတယ်။

**ဦးသန်းမြင့်။** ။ ဟုတ်တဲ့၊ အဲဒီ သူနဲ့ကျွန်တော် စ,သိရတာတော့ သီချင်းရေးဆရာအဖြစ်နဲ့ မဟုတ်ပါဘူး။ ၁၉၆၄ ခုနှစ်လောက်မှာ ကျွန်တော်တို့ စာရေး



www.burmeseclassic.com

www.burmeseclassic.com

ဆရာ ကိုဘုန်းကြွယ် (မြို့မဘုန်းကြွယ်) သူ့အိမ်ကို ကျွန်တော်တို့ အလည်အပတ် သွားရင်းလာရင်း ကိုသန်းဆွေတို့၊ ကျွန်တော်တို့ပေါ့လေ သွားရင်းကနေပြီးတော့ အဲဒီ ကိုစောညိန်းဆိုတဲ့လူ ပိန်ပိန်ပါးပါး နွဲ့နွဲ့ လေးပဲ။ သူကြည့်ရတာကို ခပ်ပျော့ပျော့၊ အဲဒါ သူ့ စ,တွေ့တယ်။ တွေ့တော့ ကိုဘုန်းကြွယ်က ပြောပြတယ်။ အဲဒါ ကိုစောညိန်းပဲတဲ့။ အဲဒီတုန်းက သူဟာ ကိုဘုန်းကြွယ်ရဲ့ဦးလေး ဦးဘကလေးရဲ့ **သမာဓိ သတင်းစာ**။

**ဦးသန်းမြင့်**။ ။ ဟုတ်ကဲ့။

**ကိုမင်းရှင်**။ ။ အဲဒီ အလုပ်တိုက်မှာ အလုပ်လုပ်ပါတယ်။ သူဟာ စစ်မဖြစ်ခင်ထုတ်တဲ့ **ကာတွန်းရုပ်စုံ**မှာ ပြိုင်ပွဲဝင်ပါတယ်။ ပြိုင်ပွဲဝင်ရာကနေပြီး ကာတွန်းတစ်ခုမှာ ဆုရတယ်။

**ဦးသန်းမြင့်**။ ။ သြော် သူက ပန်းချီလည်း ဆွဲတတ်သကိုး။

**ကိုမင်းရှင်**။ ။ ပန်းချီပါ တတ်မြောက်ပါတယ်။ ကျွန်တော်ကလည်း အဲဒီ ၄၅ ခုနှစ်လောက်တုန်းက ကာတွန်းပြိုင်ပွဲဝင်တာ ကျွန်တော်လည်း ဆုရတယ်။ စုံလည်း စုံတယ်ဗျာ။ အဲဒီမှာ သူနဲ့ဆုံမိတော့ ကာတွန်းဆရာအဖြစ်နဲ့ သိရတာပေါ့လေ။ နောက် ကိုဘုန်းကြွယ်က ပြောတယ်။ တယောလေး ဘာလေးလည်း ထိုးတတ်တယ်တဲ့။ တယောထိုးလည်း ကောင်းသတဲ့။ ကိုသန်းဆွေတို့တောင်မှပဲ တယောထိုးတာတွေ နားထောင်ရသေးတယ်။

**ဦးသန်းမြင့်**။ ။ ဟုတ်ကဲ့။

**ကိုမင်းရှင်**။ ။ အဲဒီလောက် သိရပြီးတဲ့နောက် သူနဲ့ကျွန်တော်နဲ့ ကွဲသွားခဲ့တယ်။ မတွေ့ရတော့ဘူး။ နောက် အတော်လေးကြာတော့ ကျွန်တော့်အိမ် သူ,ပေါက်လာတယ်။ ပတ္တလားရွက်ကလေးပိုက်လို့၊ သီချင်းတစ်ပုဒ် စပ်လာတယ်တဲ့။ အဲဒီသီချင်းက *ငွေဝန်းသော်တာ* ပဲ။

**ဦးသန်းမြင့်**။ ။ သြော်၊ သြော်

**ကိုမင်းရှင်**။ ။ *ငွေဝန်းသော်တာ*ကို သူ, တီးပြတယ်။ ကျွန်တော်တို့ ကုလား

> ကျွန်တော်တို့
> ပထမဆုံးလွှင့်တဲ့
> သီချင်းတွေဟာဆိုရင်
> ဂီတနက်သန် စ,လွှင့်
> လွှင့်ချင်းပေါ့လေ
> *စိန်* ဒီ့နောက်
> စာရေးဆရာ
> ကိုအောင်လင်း
> ဆိုထားတဲ့
> မိုးသက်လေနှင်
> ဆိုတဲ့သီချင်း
> အဲဒီကနေပြီး
> တော်တော်များများ
> ပါပါတယ်

ထိုင် ၂ လုံးမှာ ပတ္တလားရွက်ကို သူ, ချည်ပြီးတော့ တီးပြပါတယ်။ အဲဒီတုန်းက ကျွန်တော်က ကိုလှသွင်တို့နဲ့ သီချင်းတွေ လွှင့်နေတယ်ပေါ့လေ။

**ဦးသန်းမြင့်**။ ။ ဆန်းသစ်စဝိုင်းအဖွဲ့။

**ကိုမင်းရှင်**။ ။ ဟုတ်ကဲ့၊ အဲဒီမှာ သူ, သီချင်းလွှင့်ချင်တယ်ဆိုတာနဲ့ ကျွန်တော်တို့ဆီ ကိုသန်းမြင့် ခေါ်လာတာ။

**ဦးသန်းမြင့်**။ ။ ဟုတ်ကဲ့။

**ကိုမင်းရှင်**။ ။ ကျွန်တော်ပြောချင်တာကတော့ သူ, နာမည်မထွက်ခင် အပိုင်းလောက်ပဲ ပြောချင်ပါတယ်။

**ဦးသန်းမြင့်**။ ။ အဲဒီ၊ ဟို ဒါက ဆန်းသစ်စဝိုင်းနဲ့တွဲပြီးတော့ လုပ်နေတဲ့အခါပေါ့လေ။

**ကိုမင်းရှင်**။ ။ ဟုတ်ကဲ့။

**ဦးသန်းမြင့်**။ ။ ပြီးတော့ သူ, ဂီတနက်သန်ရယ်လို့ ထောင်ပါတယ်။

**ကိုမင်းရှင်**။ ။ ဟုတ်ကဲ့။

**ဦးသန်းမြင့်**။ ။ ဟောဒီ ကိုအုန်းလွင်ကတော့ ခင်ဗျား ဂီတနက်သန် ကိုအုန်းလွင်ဆိုတော့ ဂီတနက်သန် ကိုစောညိန်းရဲ့ အမွေဆက်ခံသူပေါ့လေ။ ဂီတနက်သန် ဘယ်လို ပေါက်ဖွားလာရတယ်ဆိုတဲ့ ဖြစ်စဉ်ကလေး ခင်ဗျားကတော့ အသိဆုံးဖြစ်လိမ့်မယ် ထင်တယ်။ ကျွန်တော်တို့ ဆွေးနွေးကြရအောင်ဗျာ။

**ကိုအုန်းလွင်**။ ။ ကျွန်တော် ပြောရမယ်ဆိုရင် ရှည်တော့ အတော်ရှည်မယ်။

**ဦးသန်းမြင့်**။ ။ အတိုချုံးပေါ့ဗျာ။

**ကိုအုန်းလွင်**။ ။ အတိုချုံးပြီးတော့ ပြောပါ့မယ်။ ကျွန်တော် ဒီ ဂီတနက်သန် အဖွဲ့ မတည်ထောင်ခင်ပေါ့။ မတည်ထောင်ခင်မှာဆိုလို့ ခုန ကိုမင်းရှင် ပြောသွားတဲ့ ဆန်းသစ်စတူရိယာအဖွဲ့ဘဝပေါ့။

**ဦးသန်းမြင့်**။ ။ ဟုတ်ကဲ့။

**ကိုအုန်းလွင်**။ ။ ကျွန်တော် အပျော်တမ်းအဖွဲ့ပေါ့လေ။ အဲဒီ အပျော်တမ်းအဖွဲ့မှာ စန်းစန်းတင့် ဆိုတာ ကိုမင်းရှင်ရဲ့ညီမပါပဲ။ သူ,ဆိုထားတဲ့ *ဝသန်ခါဦး* သီချင်းကို ကျွန်တော် ကြားမိတယ်။ ကျွန်တော် အဲဒီသီချင်းလည်း နားထောင်ပြီးရော ကိုစောညိန်းနဲ့ အင်မတ[န်] တွေ့ချင်တဲ့ဆန္ဒရှိလာတယ်။ ရှိတော့ ဘယ်သူတွေနဲ့များ ဆက်သွယ်လဲဆို[...] တာ စဉ်းစားကြည့်တော့ စာရေးဆရာ ကိုသန်းဆွေကို ကျွန်တော် သွားသတိ[ရ] တယ်။ ကိုသန်းဆွေကို ကျွန်တော်က မေးတယ်။ ကိုသန်းဆွေ သိသလားဆို[...] တော့ သူကသိတယ်တဲ့။ ဒါနဲ့ ကျွန်တော် က ကျွန်တော့်လိုက်ပို့ပါဆိုတော့ ကိုသန်း ဆွေက လိုက်ပို့တယ်။ မိတ်ဆက်ပေးပါ တယ်။ မိတ်ဆက်ပေးပြီးတဲ့နောက် ဂီတ နက်သန်ဝိုင်းကို စ,ပြီး ထူထောင်တာ[...] ဆိုပါစို့။

**ဦးသန်းမြင့်**။ ။ ဟုတ်ကဲ့။

**ကိုအုန်းလွင်**။ ။ ထူထောင်ပြီးတော့ ကျွန်တော်တို့ ပထမဆုံးလွှင့်တဲ့ သီချင်း တွေဟာဆိုရင် ဂီတနက်သန် စ,လွှင့် လွှင့်ချင်းပေါ့လေ။ *စိန်* ဒီ့နောက် စာရေး ဆရာ ကိုအောင်လင်းဆိုထားတဲ့ *မိုးသက် လေနှင်* ဆိုတဲ့သီချင်း၊ အဲဒီကနေပြီး



www.burmeseclassic.com

www.burmeseclassic.com

...တော်များများပါပါတယ်။ ပါတော့ ...တော်အကြိုက်ဆုံး သီချင်းကတော့ ...ရယ်၊ အဲဒီနောက်ပြီး *ငွေလန်းသော်တာ* ... ဒီနှစ်ပုဒ်တော့ ကျွန်တော် အကြိုက် ...ပါပဲ။

**ဦးသန်းမြင့်။** ။ ဟုတ်ကဲ့။ ကိုအုန်း ...က ဆိုလို့ရှိရင် တော်ရုံတန်ရုံ သီချင်း ...ချင်တဲ့လူမှ မဟုတ်ဘဲ။ အင်မတန် ...ချင်းစံရွေးတဲ့သူပဲ။ ကိုစောညိန်း ...ချင်းကျမှ စွဲစွဲလမ်းလမ်းနဲ့ ခုံခုံမင်မင် ...တယ်ဆိုတာ အကြောင်းကတော့ ...ကို ကြိုက်လို့ပေါ့နော်။

**ကိုအုန်းလွင်။** ။ အသံကိုလည်း ...တယ်။ နောက်ပြီးတော့ မြန်မာသံ ...နဲ့ အင်မတန် သိမ်မွေ့နက်နဲတယ်။ ...သွားတာ၊ လာတာလေးတွေက ... တော်တော်ချစ်စရာကောင်းတယ်။

**ဦးသန်းမြင့်။** ။ ပြီးတော့ သူ့ဟာက ...ယာတန်ဆာပလာတွေလည်း များ ...လို့တဲ့ သီချင်းတွေ မဟုတ်ဘူး။

**ကိုအုန်းလွင်။** ။ မလိုပါဘူး။

**ဦးသန်းမြင့်။** ။ နှစ်ခုလောက် သုံးခု ...က်တီးလိုက်လို့ရှိရင်လည်း နား ...င်ကောင်းတဲ့ သီချင်းတွေပဲ။

**ကိုသန်းဆွေ။** ။အဲဒီ ဂီတနက်သန် ...တဲ့ အဓိပ္ပာယ်ကိုလည်း ကိုအုန်းလွင် ...ပြပါဦး။

**ကိုအုန်းလွင်။** ။ ဂီတနက်သန်ဆိုတဲ့ ...ဓိပ္ပာယ်က ဂီတနက်သန်ဆိုတာ ...တော်တို့ တစ်ခါတလေကျလို့ရှိရင် ...သန်းဆွေတို့၊ ကိုမင်းရှင်တို့ တွေ့မိမှာ ...နော်၊ ကျွန်တော်တို့ ဂီတနက်သန် ...တဲ့စာကြောင်းကို ရေးလို့ရှိရင် သ၊ ...သေးတင်နဲ့ 'သံ' ထားတာ သိပ်များ ...ယ်ဗျာ။

**ကိုမင်းရှင်။** ။ ကျွန်တော်တောင် ...သေးတယ်။

**ကိုအုန်းလွင်။** ။ အဲဒါ မှားတယ်ဗျ။ ... နငယ်နဲ့သတ်ရတယ်။ အဓိပ္ပာယ် ... ဘူမိနက်သန်တို့ သဘောမျိုးပါပဲ။ ...ြေစင်မြေမှန်သဘောမျိုးပဲ။ ဂီတအစစ် ...မှန်သဘောမျိုးကို ဒီဝိုင်းမှာ ရတယ် ...လေ။ အဲဒါကို သူ့ရည်ရွယ်ပြီးတော့ သူ့ဂီတနက်သန်ဆိုပြီး ဖွဲ့တယ်။ ကင်ပွန်းတပ်တယ်။

> အဓိပ္ပာယ်က
> ဘူမိနက်သန်တို့
> သဘောမျိုးပါပဲ
> မြေစင်မြေမှန်
> သဘောမျိုးပဲ
> ဂီတအစစ်အမှန်
> သဘောမျိုးကို
> ဒီဝိုင်းမှာ ရတယ်ပေါ့လေ
> အဲဒါကို
> သူ့ရည်ရွယ်ပြီးတော့
> သူ့ဂီတနက်သန်
> ဆိုပြီး ဖွဲ့တယ်
> ကင်ပွန်းတပ်တယ်

နောက်ထပ် ဆွေးနွေးချက်တွေက အများကြီးကျန်ပါသေးတယ်။ စာရှည်မှာစိုးတဲ့အတွက် ဆရာကြီး ဦးအုန်းလွင်ရဲ့ဆွေးနွေးချက်ကိုပဲ အဓိကထားပြီး ဖော်ပြပေးလိုက်ပါတယ်။ ***(၁၉၅၀ ခုနှစ်တွင် ဂီတနက်သန် အငြော်တမ်းအဖွဲ့ကို ဖွဲ့ခဲ့တဲ့အကြောင်း အဆိုပါစာအုပ်ရဲ့ ဂီတနက်သန် ကိုစောညိန်း ဘဝဖြစ်စဉ်အကျဉ်းမှာ ပါရှိပါတယ်။ စာရေးသူ)***

မြန်မာတေးသီချင်းတွေနဲ့ ပတ်သက်လို့ နှောင်းလူတို့ အမှတ်မမှားအောင်၊ မူရင်း တေးရေးပညာရှင်ကြီးတွေကိုလည်း သိရှိပြီး တန်ဖိုးထားလေးစားတတ်အောင် ကိုကြည်သာ (ပွဲကြိုက်ခင်)က **သီချင်းမြစ်ဖျားဆိုပြီး** အပတ်စဉ် ထုတ်လွှင့်နေသလို၊ ဆရာစန္ဒရားတင်ဝင်းလှိုင်က မြန်မာ့ရုပ်မြင်သံကြားမှာ **ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ထုတ်နေတာတွေကို မြင်တွေ့ရတဲ့အခါ တေးချစ်သူတစ်ယောက်အနေနဲ့ ဝမ်းမြောက်မိပါတယ်။ အဲဒီလိုပဲ မြန်မာ့ဂီတလောကမှာ သမိုင်းစိုက်ထူခဲ့တဲ့ ဂီတနက်သန်နဲ့ ပတ်သက်လို့ လက်ရှိ ဂီတနက်သန်ကြယ်တစ်ပွင့် ဆရာကြီး ဦးအုန်းလွင် သက်ရှိထင်ရှား ရှိနေဆဲမှာ မှတ်တမ်းတင်ပြီး အပတ်စဉ်ထုတ်လွှင့်ပေးသင့်တဲ့အကြောင်း အကြံပြုလိုပါတယ်။

အဲဒီ ဖျော်ဖြေပွဲနေ့က ဆရာကြီး အနေနဲ့ ရင်ထဲမှာ စကားတွေအများကြီး ပြောချင်နေမှာပဲလို့ တွေးဆမိပါတယ်။ ဆရာကြီးအနေနဲ့ ဆောင်းပါးရှင် မလွှမ်း ပြောသလို *'ဂီတနက်သန် သီချင်းတွေကို အလွန်အေးတဲ့သီချင်းများအဖြစ် သတ်မှတ်ခံရပြီး အသံလွှင့်ရန် စိတ်ဝင်စားမှု နည်းပါးကြတဲ့အတွက် ဝမ်းနည်းနေမလား၊ လက်ဆင့်ကမ်း လေ့လာမှု နည်းပါးလာသဖြင့် ဂီတနက်သန် သီချင်းများ ပျောက်ကွယ်သွားမှာကို စိုးရိမ်နေမလားဆိုတာ'* တွေးရင်း နောင်တစ်ချိန်မှာ ဂီတနက်သန် မျိုးဆက်များကိုလည်း အခုလို စင်မြင့်မှာ တွေ့မြင်နိုင်ဖို့၊ ဂီတနက်သန် စိန်ရတုအကြို အထိမ်းအမှတ် ဖျော်ဖြေပွဲကြီးကို အမျိုးသားဇာတ်ရုံကြီးမှာ ဖျော်ဖြေနိုင်ဖို့ကိုလည်း တေးချစ်သူတစ်ယောက်အနေနဲ့ မဝံ့မရဲ မျှော်လင့်ရင်း ဂီတနက်သန် မျိုးဆက်မပြတ်ဖို့၊ ဂီတနက်သန် ထာဝရရှင်သန်ဖို့အတွက် မြန်မာ့ဂီတအနုပညာကို ချစ်မြတ်နိုးသူတိုင်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

ဂီတပညာရှင်ကြီးများ အားလုံးကို ဦးညွှတ်လျက်…။ ■

**ကိုရဲရွှေတြိဂံ၊**

**ကိုးကား**

*စောနိုင်ဦး၏ **ဂီတကို ကဗျာမှုပြုသူ ကိုစောညိန်း** ၂၀၀၆ ခုနှစ်၊ ဧပြီလ (ပထမအကြိမ်)၊ ကံ့ကော်ဝတ်ရည်စာပေ။*

*မလွှမ်း(ငွေသဇင်မင်း)၏ **ဂီတနက်သန်၏ လက်ကျန်ကြယ်တစ်ပွင့်** ၁.၆.၁၄ ရက်နေ့၊ မြန်မာ့အလင်း သတင်းစာ။*

www.burmeseclassic.com

www.burmeseclassic.com

နုနုရည်အင်းဝ


# ရှုံးဖော်ရှုံးဖက်





www.burmeseclassic.com

www.burmeseclassic.com




ပဲမြစ်ပြုတ်ကို
ကျွန်မ အလွန်ကြိုက်ပါတယ်။
အထူးသဖြင့် ကျွန်မတို့
အင်းဝ တံတားဦးက အစဉ်အလာနဲ့
နာမည်သိပ်ကြီးတဲ့
မန်ကျည်းတော ပဲပြုမြစ်ကို ပိုကြိုက်ပါတယ်။
အင်းဝမှာ နေခဲ့တဲ့
ကျွန်မရဲ့ ငယ်ဘဝတစ်လျှောက်မှာ
ဆောင်းမီးဖိုဘေး ချမ်းချမ်းအေးအေးနဲ့
မြေအိုးထဲက မန်ကျည်းတောပဲမြစ်
ပူပူစေးစေးလေးကို ဆီနဲ့ဆားနဲ့
တို့စားရတဲ့ အရသာကို
အင်မတန် နှစ်သက်
သဘောကျခဲ့ဖူးတယ်။
အဲဒီတုန်းကတော့
တစ်နေ့နေ့မှာ ကျွန်မဟာ
ပဲမြစ်ရောင်းဝယ်ခြင်းလုပ်ငန်းနဲ့
ဆက်စပ် ... လို့
နည်းနည်း ... င်
... ပါဘူး။
ကျွန်မတို့ရဲ့
... ပဲမြစ်ရောင်းဝယ်ခြင်း
... ၉၁ ခုနှစ်ဆန်းစအချိန်
တံတားဦးမြို့ရဲ့ အင်းဝဂုဏ်ရည်
ပုံနှိပ်တိုက်တဲထဲမှာ အစပြုခဲ့တာပေါ့။

□

ဓန်နဝါရီလလယ်ရဲ့
တစ်ခုသော နံနက်ခင်းမှာ အင်းဝကနေ
တံတားဦးကို စက်ဘီးကလေးနဲ့
ကျွန်မတို့နှစ်ယောက် သွားခဲ့ကြတယ်။
တံတားဦးလမ်းမတော်ရဲ့
ညာဘက်ဘေးက သွပ်မိုးထရံကာ
အင်းဝဂုဏ်ရည် ပုံနှိပ်တဲရှေ့က
ခုံတန်းလျှားလေးပေါ်မှာ

အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာမ နုနုရည်အင်းဝ ရေးသားပြီး*
*၁၉၉၃ ခုနှစ်၊ စက်တင်ဘာလထုတ်*
*ရင်ခုန်ပွင့်မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့်*
*'ရွှံ့ဖော် ရွှံ့ဖက်' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်*




www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းတော်သားတွေ အစုံအလင်ကို အဝေးကပင် မြင်နိုင်ပါတယ်။

ပုံနှိပ်တဲရှေ့ ကျွန်မတို့စက်ဘီး ရပ်လိုက်တာနဲ့ ခြေနင်းစက်သံ တရျောင်းရျောင်းနဲ့ ဆန်ချောစက်မော်တာ လည်ပတ်သံ တဒီးဒီးက ဆီးကြိုတယ်။

အဲဒီစက်သံ နှစ်သံကြားမှာ တအီအီတန္တွဲ့တွဲ့ ထွက်ပေါ်နေတဲ့ အသံတစ်သံက ရှိသေးတယ်။ ဆန်ချောစက်က ဆန်ဖွဲဖြူများ ဟိုတစ်စ ဒီတစ်စ လိမ်းကျံထားတဲ့ လေးလေး ဦးကိုလေး အင်းဝဂုဏ်ရည်ရဲ့ အဆွေးဓာတ်ခံ ရှိလှတဲ့ တယောသံပေါ့။

အင်းဝဂုဏ်ရည် ပုံနှိပ်တဲရဲ့ တစ်ခုတည်းသော ပက်လက်ကုလားထိုင်ပေါ်မှာ သူငယ်ချင်းရဲ့ တယောသံကို ငိုင်တွေတွေ ခံစားချက် မျက်နှာနဲ့ အားပေးနေတဲ့ သူကတော့ လေးလေး ဦးကြည်အောင်ရယ်လေ။

‘*×××ကိုယ်အရွယ် ရင့်ရော်ခြင်း မင်းအရွယ် နုပျိုခြင်း×××*’

ကျွန်မတို့ကို မြင်တာနဲ့ လေးလေး ကိုလေးက တယောသံအလိုက်သီချင်းကို သူ့ရဲ့လန်းဆန်းမြူးထူးတဲ့အသံကြီးနဲ့ လှမ်းဆိုပြတယ်။

‘ကောင်းလိုက်တဲ့သီချင်းပါလား လေးလေးရဲ့...’

ကျွန်မက ဩဘာလှမ်းပေးတော့ လေးလေး ကိုလေးက ဘေးလူကို ကူးစက်စေတဲ့ သူ ရယ်နေကျ အူလိုက်သည်းလှိုက် အရယ်နဲ့ ရယ်တယ်။

‘အိုအေ၊ ဒါ ဘာဟုတ်သေးတုံး၊ လာဦးမယ်၊ ဒီထက်ကောင်းတာ လာဦးမယ်၊ *ဟော ကလေးတစ်ယောက်ကို မုန့်ပေးကြိုက်တယ်လို့ ဝန်းကျင်က ဆိုလာပါရင်××× သေတာကပင်×××ကောင်းပါရဲ့×××*’

‘ဟာ မိလှချည့်လား၊ တစ်စုံတစ်ယောက်ကိုများ စောင်းမြောင်း စပ်ဆိုလေရော့ သလားနော်’

‘အို မစောင်းဘူး၊ မစောင်းဘူး တည့်တည့်စပ်တာအေ့၊ တည့်တည့်စပ်တာ၊ မောင်မောင့်အတွက် တမင်ရည်ရွယ်စပ်ထားတာ’

ပက်လက်ကုလားထိုင်ပေါ်က လေးလေး ကြည်အောင်က ပြုံးတုံ့တုံ့၊ ရှက်တက်တက် မျက်နှာလေးနဲ့ ကျွန်မတို့ကို ကြည့်တယ်။

စာရေးဆရာ၊ ကဗျာဆရာတွေအဖို့
ရှာဖို့ မလွယ်ဘူးကွ။ ငွေတွင်းက သိပ်နက်တာ
ပြီးတော့ ဝင်းမြင့် မင်းသိထားဖို့က
ငါက အသက်ရှစ်ဆယ်ကျော် မိခင်အိုကြီးကို
လုပ်ကျွေးနေရတဲ့သူပါကွာ

‘တူဝရီးကတော့ကွာ အတိုင်အဖောက် တော်တော်ညီ
ကြ၊ ဟော့ ကလေးမ၊ ဒီသီချင်း ဘယ်သူနဲ့ ဆိုင်သလဲဆိုတာ
ညည်းလေးလေးကြီးလည်း သေသေချာချာ မေးကြည့်ဦး
ငါနဲ့ မဆိုင်ဘူးဗျ။ သူနဲ့ဆိုင်နေတာ ကလေးမ ညည်း မယုံ
မရှိနဲ့။ ကြည့်ပါလား ကလေးမ၊ ညည်းလေးလေးကြီးကို
ဒီအသက်အရွယ်ကြီးနဲ့ ဂျင်းဘောင်းဘီနဲ့၊ ဆွယ်တာ ကြောင်
ကြောင်ကျားကျားနဲ့ ဇရာကို အန်တုနေလိုက်ပုံများကွာ’

လေးလေး ကိုလေးက သူ့သူငယ်ချင်းကို ကြည့်ပြီး
အော်ရယ်သလို ကျွန်မတို့တစ်တွေကလည်း သူတို့ သူငယ်ချင်း
နှစ်ယောက်ကို ကြည့်ပြီး ရယ်ကြရတယ်။

‘ဒီမယ် ကလေးမ၊ ညည်း လေးလေးကြီးကို လက်ဖက်
ရည်တိုက်နိုင်း၊ ခေါက်ဆွဲကျွေးခိုင်း ကြားလား။ ခု ညည်း
လေးလေးကြီးက ပိုက်ဆံတွေ သိပ်ဝင်နေတာ။ ညာက ဝင်
ဘယ်ကဝင်၊ အလယ်ကဝင်နဲ့ စက်ပိုင်ရှင်ကြီး စက်မှ သုံးစက်
ပိုင်တာနော့၊ ကလေးမ။ ဟော ပုံနှိပ်စက်ရယ်၊ ဟိုနောက်မှာ
ရေခဲစက်ကြီးရယ်။ ပြီးတော့ ဟော့ဒီဖွတ်ချရီး ကြိတ်စက်
ချောစက်ကလေးကလည်း ဖွတ်ချက်ဖွတ်ချက်နဲ့ အတော်ဝင်
တာနော ကလေးမ၊ အထင်သေးလို့မရဘူး’

‘အံမယ်လေး မောင်ရယ်၊ ဟိုနေ့ကတော့ ငါးခြောက်
ကလေး သွားကြိတ်မိပါတယ်၊ အရိုးတွေပါလာလို့ ခွေးသွား
တွေ ပွဲကုန်ပါရောလား မောင်ရဲ့၊ အံမယ်လေး’

‘အို ဒါလောက်ကတော့ကွာ၊ အကြောင်းလုပ် ပြော
ကို မဟုတ်ဘူး ဟော့ကောင်’

‘ပြောရမယ် အစ်ကိုရယ်၊ ပြောရမယ်။ ရေခဲစက်
တာကြီးကလည်း မီးမလာ
ပါနီတွေ အရည်ပျော်ကုန်တ
အစ်ကိုရဲ့’

‘အို တစ်ခါတလေပါကွာ
စကားလုပ်ပြောလို့’

‘တစ်ခါတလေ အမြ
ပါအစ်ကိုရယ်။ မီးမရတဲ့ အ
က အစ်ကို ဒါတွေ မသိပါဘူး
အစ်ကို ဒါတွေ မသိဘူးနော်’

‘ကဲ ကဲ ဘယ်သူကဖြစ်ဖြစ် လက်ဖက်ရည် တိုက်ကြ
တော့ဗျို့၊ လက်ဖက်ရည် ဆာလှပြီ’

လေးလေးတို့ နှစ်ယောက်ကြား ကျွန်မက ဝင်အော်
အသက်အကြီးဆုံး ဝိုင်းတော်သားကြီး ဘကြီး ခင်မောင်
‘အိုဗျာ၊ သူတို့နှစ်ယောက် တိုက်မှလား၊ ကိုယ့်ပိုက်ဆံနဲ့ကို
သောက်မှာပေါ့ဗျ’ဆိုပြီး ထိုင်ရာက ထတယ်။ အသီး
ထပြီး သွားဖို့ပြင်ကြတဲ့ ဝိုင်းတော်သားလေးတွေကိုလည်း
မေးငေါ့ပြလိုက်သေးတယ်။

‘ဟောဒီမှာဗျာ ကားပိုင်ပါတယ်၊ ခြံပိုင်ပါတယ်၊
ပွဲစားပါတယ်။ ဘာမှ မပူနဲ့၊ လာ သွားမယ်’

www.burmeseclassic.com

www.burmeseclassic.com

'အို နေစမ်းပါဦးဗျာ ကိုခင်မောင်ကြီးကလည်း ကလေး ...နေဦး။ ဝင်းမြင့် ဟော့ကောင် လာပါဦးကွ မင်းကလည်း ...အနေလေး ပြောစမ်းပါဦးဟ'

ဝင်းမြင့်က ခေါင်းကို ကုတ်သလို ကျော်ကျော်လွင်နဲ့ ...မောင်ရွှေတို့၊ ကိုကျော်မြင့်တို့၊ ကိုစောလှမင်းတို့က သက် ...တွေ ကိုယ်စီနဲ့ ပြန်ထိုင်ကြတယ်။ ဘကြီး ခင်မောင်က ... 'ကဲ သွားပြီဗျာ၊ လက်ဖက်ရည်ဆိုင် ရောက်မှာမဟုတ် ...'တဲ့။

'ရောက်ပါတယ် ကိုခင်မောင်ကြီးရာ ခင်ဗျားကလည်း၊ ...မြင့် ဘယ့်နှယ်တုံးကွ အခြေအနေ။ ကိုလေး ဟော့ကောင် ...မ်းပါဦးဟ ကက်ကူလေတာ'

'ပေးဘူးကွာ၊ ဓာတ်ခဲဖိုးက ကုန်လှပြီ၊ မင်းတို့က ဓာတ် ...တော့ မထည့်ချင်ဘဲနဲ့'

'မင်းကွာ ဒီလောက်လေးနဲ့ နှမြောမနေစမ်းပါနဲ့။ မင်း ...စီးပွားလည်း ပါ,ပါတယ်ကွာ။ ကောင်ကြီးက မြတ်ရင် ...တော့ ယားယား၊ ယားယားနဲ့ လုပ်ပါလိမ့်မယ်ဗျာ'

ကျွန်မက သူတို့ အခင်းဖြစ်ပွားနေတာကို ဘာမှ နား ...ည်ဘဲ လိုက်ကြည့်နေမိရင်းက…

'ဘာတွေလဲ၊ ကျွန်တော့်လည်း ပြောပါဦး'

လေးလေး ကြည်အောင်က ဝင်းမြင့်တွက်ပြနေတာကို ...င်းတညိတ်ညိတ်လုပ်ရာက ကျွန်မကို လက်ကာပြတယ်။

'ပြောမယ်၊ ပြောမယ် ကလေးမ၊ ခဏလေး။ အင်း ...ပြီ၊ ဟုတ်ပြီ။ ဒါဆိုရင် သေချာတယ်ပေါ့။ ဘယ့်နှယ် ...လေး တို့ချလိုက်ကြစို့လား။ ဒီကလေးမရောပေါ့ကွာ။ ဘယ့် ...လဲ။ ကလေးမလည်း လာတုန်းလာခိုက် ကြုံတုန်းကြုံခိုက် ... စားရအောင်ပေါ့ကွာ'

'ချကွာ ချကွာ၊ မြတ်လို့ရတာ အကုန်လုပ်။ စားလို့ရတာ ...ကုန်စားဟေ့'

'ဒီလို ကလေးမရဲ့'

လေးလေး ကြည်အောင်က သူ့ဟန်ပန်အတိုင်း အလွန် ... သိုသိုသိပ်သိပ် ရှိလှတဲ့ လူကြီးသူမလေသံနဲ့ စကားကို ...တယ်။

'တို့ အခုပြောဆို တိုင်ပင်နေကြတဲ့ ကိစ္စက ပဲမြစ်စပ်တူ ...ကြဖို့ကိစ္စ၊ လုပ်ပေးမယ့်သူက ဟော့ဒီကောင် ဝင်းမြင့်။ ... ဒီနှစ် ပဲမြစ်ရာသီ စကတည်းက ပဲမြစ်ခင်းတွေကို ...ပြတ်လိုက်ဝယ်ပြီး ပဲမြစ်ပွဲစား လုပ်နေတာ။ ဒီကောင် ...နေရတယ်။ မွနေတာပဲအေ။ ဒီတော့ သူကပြောတယ်၊ ...တာနဲ့ပါ သူကစေတနာနဲ့ပါ။ အို ဟော့လူ တယောကြီး ...မ်းပါဦး။ ကျုပ်ပြောတာ နားထောင်စမ်းပါဦး၊ ခင်ဗျားတို့ ...တွက် ကျုပ် ပြောနေတာ'

လေးလေး ကြည်အောင်က လေးလေး ကိုလေး တယော ... 'ချစ်သောမင်း'ကို ထိုးကြည့်နေတဲ့ ကျွန်မခင်ပွန်းကို လှမ်း ...ပြန်တယ်။ 'ဟုတ်ပါပြီ လေးလေးရဲ့ နားထောင်နေပါ တယ်'ဆိုပြီး တယောကို ချတော့မှ သူ့စကားကို ဆက်တယ်။

'အဲဒီတော့ ကလေးမ၊ ဝင်းမြင့်ဆိုတာ သိတဲ့အတိုင်း ဒီကောင်က စာဝါသနာပါတယ်။ စာဖတ်တယ်။ တို့ကို ချစ်ခင် လေးစားတယ်။ ဒါကြောင့် သူက ဆရာတို့ လုပ်မလား၊ ဆရာတို့ လုပ်ချင်ရင် ကျွန်တော် လုပ်ပေးမယ်။ ဆရာတို့ ဘာမှ လုပ်စရာ မလိုဘူး။ ဆရာတို့ တတ်နိုင်တဲ့ငွေပဲထည့်၊ ရှင်းရှင်းပြောရရင် ကလေးမရာ ဒီကောင်က သူ ရမယ့် အမြတ် ထဲက တို့ကို တမင်ခွဲပေးတဲ့ သဘောပဲ၊ ရှင်းပြီလား။ အဲ အမြတ်ငွေက အများကြီးတော့လည်း မဟုတ်ဘူးပေါ့လေ။ တို့ကလည်း ပိုက်ဆံအများကြီး မထည့်နိုင်ပါဘူး။ တစ်ယောက် နှစ်သောင်းစီ ထည့်မယ်။ လေး ငါးထောင်လောက် မြတ်မယ် ပေါ့အေ၊ ဘယ်လောက်ဖြစ်ဖြစ်ပေါ့။ ညည်း သိတဲ့အတိုင်း ကလေးမ၊ ငွေတွင်းက သိပ်နက်တာနော့ ကလေးမ။ မဟုတ် ဘူးလား ငါပြောတာ…'

'ဟုတ်ပါတယ် လေးလေးရဲ့။ ဟုတ်ပါပြီ'

'ဒီတော့ ကလေးမ၊ ညည်းတို့ ဇနီးမောင်နှံကို ငါ ပြော မယ်။ ညည်းတို့မှာ ပိုက်ဆံအပို နှစ်သောင်းရှိရင် ထည့်နိုင် တယ်။ ညည်းကို အမြတ်တစ်စု ခွဲပေးမယ်။ တစ်ခုတော့ ပြောမယ်နော် ကလေးမ၊ ညည်းမို့လို့နော်။ ညည်းမို့လို့ အပါခံ တာ။ အခြားလူ ဘယ်ရမတုံးအေ။ ဟောဒီကောင် ဝင်းမြင့် ညည်းမေးကြည့်။ တခြားလူ ဘယ်ရမတုံး။ ကိုယ်မြတ်မယ့် အထဲက ခွဲပေးရမယ့်ကိစ္စ ဘယ်ရလိမ့်မတုံး။ ကိုလေး ဟုတ် ဘူးလား ငါပြောတာ'

'မှန်ကြောင်းပါ၊ မှန်ကြောင်းပါ'

'အဲဒီတော့ ကလေးမ နောက်ဆုံး ငါပြောချင်တာက ညည်းတို့ ဇနီးမောင်နှံ တိုင်ပင်ကြ၊ ဒါပဲ'

'အို လေးလေးကလည်း ကြာသလားလို့ တိုင်ပင်မနေပါ ဘူးဗျာ'

'ကုန်တော့မယ်၊ ကုန်တော့မယ်၊ စာမူခ ငွေယားလေးတွေ ကုန်တော့မယ်'

လေးလေး ကိုလေး နောက်တာကို ကျွန်မက ရယ်ပေမဲ့ လေးလေး ကြည်အောင်က တကယ်မျက်စိမျက်နှာ ပျက်သွား တယ်။

'ဟော့ကောင် ကိုလေး မင်းပါးစပ်ပုပ်ကြီးနဲ့ မဦးမချွတ် တွေ လျှောက်မပြောစမ်းနဲ့ကွာ'

'နောက်တာပါကွာ မင်းကလဲ၊ ဒါက သေချာပေါက် ကိစ္စ။ ငါသိတယ်ကွ၊ ပွဲစားရော၊ ပွဲကတော် ပေါက်စလေးရော ငါမေးပြီးသားကွ။ မြတ်မှာကွ။ တို့သုံးယောက် ပဲမြစ် မြတ် မှာကွ'

လေးလေး ကြည်အောင်က အဲဒီကျမှ ပြုံးတုံ့တုံ့ မျက်နှာနဲ့ ဝင်းမြင့်ဘက်ကို လှည့်ပြန်တယ်။

'အဲဒီတော့ ဝင်းမြင့် မင်းဘက်က ဝီရိယ မပေါ့စေနဲ့ကွာ။ မင်းကို တို့က ပုံလိုက်မှာပဲ၊ ဟုတ်ပြီလား။ ငွေနှစ်သောင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

တို့ စာရေးဆရာ၊ ကဗျာဆရာတွေအဖို့ ရှာဖို့ မလွယ်ဘူးကွ။ ငွေတွင်းက သိပ်နက်တာ။ ပြီးတော့ ဝင်းမြင့် မင်းသိထားဖို့က ငါက အသက်ရှစ်ဆယ်ကျော် မိခင်အိုကြီးကို လုပ်ကျွေးနေရတဲ့ သူပါကွာ'

လေးလေး ကြည်အောင့် အပြောကို အားလုံးက သဘောတကျ ဝိုင်းရယ်ကြရင်းက လေးလေး ကိုလေးက ထအော်တယ်။

'အံ့မယ်လေး ဝင်းမြင့်ရဲ့၊ ငါလည်း ဇနီးအိုကြီးကို လုပ်ကျွေးနေရတဲ့သူပါကွာ၊ သူပါကွာ'

'ကိုလေးကွာ၊ မင်းနဲ့တော့ စကားကောင်းကို ပြောလို့ မရပါဘူး။ ဝင်းမြင့်၊ ငါပြောတာတွေ မှတ်မိတယ်နော်'

'မှတ်မိပါတယ် ဆရာ'

'နေပါဦး လေးလေးရဲ့၊ ဝင်းမြင့် ခု ပဲမြစ်ရာသီက ကုန်တော့မှာ မဟုတ်လားကွ'

ပွဲစားလေး ဝင်းမြင့်ခမျာ လေးလေး ကြည်အောင့်ဘက်ကနေ ကျွန်မဘက်ကို လှည့်ရပြန်တယ်။

'နှစ်လလောက် လိုသေးတာပေါ့ ဆရာမ။ ဟိုဟာလေ ပုံမှန်သိမ်းချိန်က နတ်တော်က တပေါင်းထိပေါ့။ တပေါင်းဆို ရာသီကုန်ပြီပေါ့'

'ပဲမြစ်က တို့ ပဲထောပတ်တို့၊ စွန်တာနီတို့လို ရေကျမှ စစိုက်တာ မဟုတ်ဘူးနော်'

'ဟာ… မဟုတ်ဘူး။ ဝါဆိုဝါခေါင်ကတည်းက စစိုက်တာလေ။ နတ်တော်ထိ လေးလ ကြာတာပေါ့'

'ပဲမြစ်ကို စိုက်တဲ့အချိန် မမြင်ဖူးဘူး။ ပဲမြစ်ခင်းထဲကို ပဲမြစ်သားသီး(ပဲစောင်းလျားသီး)လေးတွေ သီးနေတဲ့ အချိန်ပဲ ရောက်ဖူးတာ'

'အစ်မကလည်း 'တစ်စိတ်အူပေါက်' မြောင်းလေးတွေ ပေးပြီး အဲဒီမြောင်းပေါင်ပေါ်မှာ ပဲမြစ်စေ့ကို ချတာပဲလေ အစ်မရဲ့'

'တစ်စိတ်အူပေါက်ဆိုတာ ဘာလဲကွ၊ ငါ မသိဘူး'

'အစ်မ… ထွန်ကို သိတယ် မဟုတ်လား။ ထွန်မှာ ထွန်သွား ခုနစ်ချောင်းရှိတယ်လေ။ ထွန် ခုနစ်ချောင်းက အလယ်ထွန်သွားတွေကို ဖြုတ်ပြီး မြေကြီးပေါ် ထွန်လိုက်တော့ ဖြစ်လာတဲ့ မြောင်းလေးတွေကို 'တစ်စိတ်အူပေါက်' မြောင်းလို့ ခေါ်တာ။ အဲဒီ မြောင်းပေါင်ပေါ်မှာ ပဲမြစ်စေ့ကို ပေါက်စဥ်နဲ့ ပေါက်ပြီး ချရတယ်။ ပေါက်စဥ်ဆိုတာ ပေါက်တူး အရှည် ပေါ့'

'ပဲမြစ်မျိုးက ရှမ်းပြည်ဘက်က လာတာနော်၊ ဟုတ် လား'

'ဟုတ်တယ်လေ၊ မျိုးကလည်း ပထမတန်းစား၊ ဒုတိယ တန်းစား ရှိသေးတယ်။ ကျွန်တော်တို့ကတော့ အထက်မျိုး အောက်မျိုး ခေါ်တာပေါ့။ အထက်မျိုးက ဘန့်ပွေးတို့၊ ဝက်[illegible] တို့က ထွက်တယ်။ သူက အလုံးအဖန် ထွားတယ်၊ လေးထောင့် ပင်ပင်လည်း ရှိတယ်။ အောက်မျိုးကတော့ ကျွန်တော်တို့ဒေသ ထွက်မျိုးနဲ့ ပြင်စာက ထွက်တဲ့မျိုးပေါ့။ သူက အလုံးသေး တယ်၊ အရသာပေါ့တယ်လေ။ အကောင်းဆုံး၊ အလေးဆုံးက တော့ စနယ်မြေနက်မှာစိုက်တဲ့ ပဲမြစ်ပဲ'

'မျိုးစေ့က ဘယ်လောက်ပေးရလဲ'

'မျိုးစေ့က အထက်မျိုးဆိုရင် တစ်တင်းကို နှစ်ထောင် ကျော်တာပေါ့'

'စိုက်တော့ တစ်ဧကကို ဘယ်နှပြည် စိုက်ရလဲ'

'တစ်ဧကကို ဆယ်ပြည် ဆယ့်နှစ်ပြည်ပေါ့ အစ်မရာ'

'အဲဒီကျ ထွက်တော့ တစ်ဧကကို ပဲမြစ်အချိန် ဘယ် လောက်ထွက်လဲ'

'အချိန် ထောင့်နှစ်ရာလောက် ထွက်တယ်'

'အခု တစ်ပိဿာကို ဆယ့်ငါးကျပ်လောက် ရှိတယ် နော်။ ငါတို့ ငယ်ငယ်တုန်းကတော့ တစ်ပိဿာ သုံးကျပ်ပဲ'

'အိုဗျာ၊ ဒီလိုကြေးဆို ကျပ်တို့ ငယ်ငယ်တုန်းက တစ် မတ်လား၊ ပြားနှစ်ဆယ်လား'

'အင်းနော်၊ ဟုတ်တာပေါ့ ဘကြီး ခင်မောင်နော်'

'အို…သွား…သွား အဲ ဈေးတွေ လာပြောမနေနဲ့ဟ သုံးကျပ်လည်း မဟုတ်ဘူး တစ်မတ်လည်း မဟုတ်ဘူး ဈေးတွေတက်မှာ၊ တအား တက်မှာဟဲ့။ တို့ပဲမြစ်တွေ တရုတ်တွေက ဝယ်မှာ၊ ငါ သိတယ်'

လေးလေး ကိုလေးတော့ ပြောရင်းနဲ့ သူဟာသူ သဘော ကျပြီး ရယ်နေတယ်။

'နေပါဦးကွ၊ ဒီလိုဆို အခု ပဲမြစ်ဈေးကို ဆယ့်ငါးကျပ် အာဏာကုန်ပြီလား၊ ဒီသဘောထား'

လေးလေး ကြည်အောင်ရဲ့ ပူပန်တဲ့ အမေးကို ခင်မောင် ရွှေက ဆေးလိပ်မီးညှိရာက ခေါင်းယမ်းတယ်။

'မဟုတ်ပါဘူးဆရာ၊ ဆယ့်ငါးကျပ်ဆိုတာက အလယ် အလတ် ပဲမြစ်ဈေးလေ။ အကောင်းစားက ဆယ့်ရှစ်ရှိတယ်။ ဘိတ်ဆုံးက တစ်ဆယ်ရှိတယ်။ ပဲမြစ်က ဒီနှစ် တွင်နိုင်

> လေးလေး ကြည်အောင့် အပြောကို
> အားလုံးက သဘောတကျ ဝိုင်းရယ်ကြရင်းက
> လေးလေး ကိုလေးက ထအော်တယ်
> 'အံ့မယ်လေး ဝင်းမြင့်ရဲ့၊ ငါလည်း
> ဇနီးအိုကြီးကို လုပ်ကျွေးနေရတဲ့သူပါကွာ၊ သူပါကွာ'



www.burmeseclassic.com

www.burmeseclassic.com

တယ်'

'ဝင်းမြင့် မင်းက ကိုယ့်ဘာသာကိုယ် အလုပ်သမား ရှုမှာနော်'

'ဟုတ်တယ်လေ ဆရာမ'

'ပဲမြစ် ဘယ်လိုတူးတာလဲဗျ၊ ကျွန်တော် မသိလို့ပါ။ ကျွန်တော်တို့ဘက်မှာ မစိုက်ကြဘူးလေ။ အစားလည်း နည်း တယ်'

အားလုံးက 'ကျွန်မခင်ပွန်း' ကိုကြည့်ပြီး ပြုံးကြတယ်။ လေး ကြည်အောင်က…' ကဲ ဝင်းမြင့် မြေလတ်သားကို မ်းပါဦးကွာ' တဲ့။

'တူးတာက ဆရာ၊ ယောကျ်ား၊ မိန်းမ တူးလူရှိတာကိုး။ ယောကျ်ားတူးလူက အပေါ်ပိုင်း ပဲမြစ်နွယ်တွေကို ရိတ်ပြီး ပေါင်းနဲ့ တူးပေးတဲ့ ပဲမြစ်တွေကို အမျိုးသမီးတွေက ခေါင်းနဲ့ မြေတွေကို ဖြတ်ပေးရတယ်။ ပဲမြစ်တစ်ပြည်စိုက်ကို သူတစ်ယောက်၊ ဖြတ်သူတစ်ယောက် ထားတယ်။ တစ်တွဲ တာပေါ့'

'သူတို့က လုပ်ခ ဘယ်လောက်ရလဲ'

'တူးလူဖြတ်လူ တစ်တွဲကို ခုနစ်ဆယ့်ငါးကျပ်ရတယ်။ ယောကျ်ားလေးက လေးဆယ့်ငါးကျပ်၊ မိန်းမက သုံးဆယ်။ ကို နေ့လယ် အမြည်းကျွေးရရင်တော့ တစ်ဆယ်လျှော့ တယ်၊ တစ်တွဲကို ခြောက်ဆယ့်ငါးကျပ်ပဲ ရတော့တယ်'

'အမြည်းက ဘာတွေ ကျွေးတာလဲ'

'ပဲမြစ်ပြုတ်ပဲလေ ဆရာမ။ ပဲမြစ်ပြုတ် တစ်ယောက်ကို ဆယ်သားနှုန်းနဲ့ ကျွေးတယ်'

'သြော်'

'တူးလူတွေ အကုန်လုံးကို စည်းခေါင်းတွေက ကိုင်ထား တယ်။ စည်းခေါင်း တစ်ခေါင်းမှာ အတွဲနှစ်ဆယ်၊ သုံးဆယ်ရှိ တယ်၊ စည်းခေါင်းက အလုပ်ရအောင် လိုက်ရှာတာပေါ့ ဆရာမရယ်။ စည်းခေါင်းက တူးလူတွေ လုပ်ခရဲ့ ဆယ်ရာခိုင် နှုန်းယူတယ်။ စည်းခေါင်းအတွက် တစ်ရာသီကို သုံးထောင်နဲ့ ထောင်ကြား ဝင်တယ်'

'အခင်းပိုင်ရှင်တွေကရော တစ်နှစ်ဝင်ငွေ ဘယ်လောက်ရှိ လဲ'

'စိုက်ဧကအပေါ်မှာ မူတည်တာပေါ့ ဆရာမရာ။ အများ ဆုံးကတော့ တစ်ဧကလောက် စိုက်တဲ့သူပေါ့။ တစ်နှစ်ကို နှစ်သောင်းလောက် ဝင်ငွေရှိတယ်'

'ကဲ… လုပ်ပါဦး၊ ပွဲစားကဏ္ဍလေး လုပ်ပါဦး'

'ပွဲစားကတော့ သီတင်းကျွတ်လောက်မှာ အခင်းရှင်ကို ကြိုပေးထားရတယ်။ ပဲမြစ်တစ်ခင်းကို သုံးထောင်၊ ငါး ထောင် စသည်ဖြင့် ကြိုပေးထားပေါ့။ ပဲမြစ်ပေါ်ပြီး ဈေးဖြတ် အခါကျတော့မှ ပေါက်ဈေးနဲ့ ဖြတ်ပေးရတယ်။ ပွဲစားရတာ တော့ တစ်ဆွဲခေါင်းကို ငါးကျပ်လောက်ရတယ်။ တစ်ဆွဲ ဆိုတာ အချိန်တစ်ဆယ်ပေါ့။ ပွဲစားက ဖောက်သည်တွေကို အခင်း ဘယ်နေ့ ဖွင့်မယ်ဆိုပြီး ကြေညာပြီး ဖွင့်တဲ့နေ့ကျ ဖောက်သည်တွေကို တစ်နိုင်အချိန်သုံးဆယ်ကနေ တစ်ရာ့ငါး ဆယ်အထိ ပေးတယ်။ ဖောက်သည်တွေက လက်လီပြန် ရောင်းတဲ့ သူတွေလေ။ ပြန်ခါချေပေါ့။ ပိုက်ဆံကို ပြန်မှပေး ကြတာ'

'နေပါဦး၊ ဈေးကိုကျ ဘယ်သူက ဖြတ်ထားတာလဲ'

'အဲဒါကတော့ အခင်းရှင်ရယ်၊ ပွဲစားရယ်၊ ဖောက်သည် ရယ် သုံးဦးညှိပြီး ဖြတ်လိုက်ရတာပါပဲ'

'ဘာပဲဖြစ်ဖြစ်ကွာ၊ အရေးကြီးတာကတော့ ပွဲစားကတော့ မရှုံးတာ သေချာတယ် မဟုတ်လား'

'ဟာ… ဆရာ၊ ဒီလိုတော့လည်း ဘယ်ဟုတ်မလဲ။ ပွဲစားမှာလည်း ရင်တထိတ်ထိတ်ရယ်။ ကိုယ့်အခင်း ဖော်ပြီ တူးပြီဆိုရင် ဒီနေ့ အချိန်ဘယ်လောက် ထွက်တယ်။ နောက်နေ့ ကျ ဘယ်နှယောက်တူးရှိတော့တယ်။ ဆယ်ယောက်တူးလား ဟ၊ ငါးယောက်တူးလားဟ။ အမယ်လေး သုံးယောက်တူး၊ နှစ်ယောက်တူးလောက် ရှိတော့တယ်ဆိုရင်တော့ ပျာပြီ… သွားပြီ။ ပြီးတော့ ဈေးအတက်အကျကိုလည်း စနည်းနာနေရ တယ်။ ကိုယ့်အခင်းတွေ ဖော်တုန်းက ပဲမြစ်တွေ မလှိုင်ပါစေနဲ့ လို့ ဆုတောင်းရတာကတစ်မျိုး၊ အခု ပဲမြစ်စိုက်တဲ့ နယ်တွေက လည်း များလာပြီဆရာရဲ့။ ကျွန်တော်တို့ နယ်ကိုပဲကြည့်။ အရင် ကျွန်တော်တို့ မန်ကျည်းတောရွာပဲ စိုက်တာ။ အခု ဟောဒီကောင်တွေ စံကားအင်းက လိုက်စိုက်ကုန်ပြီ'

'စိုက်မှာပေါ့ကွ၊ မြေရှိ စိုက်မှာပေါ့၊ ဘာဖြစ်လဲ'

ခင်မောင်ရွှေနဲ့ ကျော်ကျော်လွင် စံကားအင်းသားနှစ် ယောက်က မန်ကျည်းတောသား ဝင်းမြင့်ကို ပြုံးဖြဖြနဲ့ ရန်စ တယ်။

'စိုက်ပါ မောင်။ ဘယ်လောက်စိုက်စိုက် မန်ကျည်းတော နဲ့ စံကားအင်း ပဲမြစ်ချင်း ယှဉ်စားကြည့်တော့ သိပါလိမ့်မယ်။ ငါတို့ပဲမြစ်က လှသမှ သနပ်ခါးရောင်လေး သန်းနေတဲ့ ဘန့် ပွေးမျိုး လုံးချောကို စင်းပြီးလာတာ။ ဓားဖြတ်ဖို့ နေရာလေး ကိုက ဘုလေးပါပြီးသား၊ ဟေ့ကောင်'

'ကဲပါကွာ၊ ဘာပဲဖြစ်ဖြစ် အရေးကြီးတာက ပွဲစားရှုံးမှာ လား မရှုံးဘူးလားကွာ'

'ကျွန်တော်လုပ်စားတဲ့ ပွဲစားသက်တမ်းမှာတော့ တစ်ခါ မှ မရှုံးသေးဘူးဆရာ'

'ကြိုက်သွားပြီ'

လေးလေး ကိုလေးဆီက လက်ခေါက်မှုတ်သံ ထွက်လာ တယ်။

'ကြိုက်သွားပြီ၊ ဒါလိုချင်တာ၊ လိုချင်တာဒါပဲ၊ ပွိုင့်က ဒါပဲ။ မြတ်တော့မယ်ဟေ့နော်၊ ကဲ ကလေးမ၊ မြတ်လို့ရှိရင် ညည်း အဲဒီပိုက်ဆံတွေ ဘာလုပ်မှာတုံးဟ။ ငါကတော့ မန္တလေးက ဟို တရုတ်မ ခြေသေးကြီးရောင်းတဲ့ ရွှေမန်းစတိုး က စပို့ရှပ်တွေ အကုန်ဝယ်ဝတ်ပစ်မယ် မှတ်ထားကွ'



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက လေးလေး ကိုလေးကို ရယ်မောရင်း…

'ကျွန်တော်လည်း အင်္ကျီတွေ ဝယ်မှာပေါ့။ ကျွန်တော့် အမြတ်နဲ့ အရင်းကိုတော့ မေမေတို့သာပေးလိုက်။ ရန်ကုန်ကို သူတို့ပို့ပေးလိမ့်မယ်။ ပြီးတော့ ကျွန်တော် တစ်ခုပြောခဲ့မယ်။ ကျွန်တော်ရမယ့် အမြတ်ထဲက ဟောဒီဝိုင်းအတွက် ငါးရာ၊ ငါးရာဖိုး စားလိုက်ပါ'

ကျွန်မ စကားမဆုံးခင် ဝိုင်းတော်သားတွေရဲ့ ဟေးခနဲ ကျေနပ်အားရသံကြီး ထွက်ပေါ်လာတယ်။

'ကဲ ကဲ၊ တစ်ယောက်က ဝိုင်းအတွက် ငါးရာတဲ့။ ကျန်တဲ့ နှစ်ယောက်ကရော ဘယ်လိုလဲ။ မြည်တမ်းပါ၊ မြည်တမ်းပါ'

ဘကြီး ခင်မောင်က မတ်တတ်ရပ်ပြီး လက်ညှိုး တထောင်ထောင်နဲ့ အော်တော့တယ်။ လေးလေး ကိုလေးက မချိုမချဉ် မျက်နှာနဲ့ သူ့သူငယ်ချင်းကို ကြည့်တယ်။

'ကဲ ကိုကြည်လင် ဘယ်လိုလဲ။ ကောင်မလေးက ငါးရာ တဲ့။ တို့က ငါးမရာလို့ကတော့ ခွေးဖြစ်ပြီသာ မှတ်ရှောမောင်'

'အိုကွာ ဘယ်ဟုတ်မလဲကွ၊ ဒီမှာ ကလေးမ'

ကျွန်မတို့အားလုံးက လေးလေး ကြည်အောင်ကို လေး လေးကိုလေးလို မချိုမချဉ်မျက်နှာတွေနဲ့ ဝိုင်းကြည့်လိုက်ကြ တယ်။

'လောကကြီးမှာ အသင့်အတင့် တရားကို ညည်းနှလုံး သွင်းစမ်းပါ၊ ငါ ကြားချလိုက်မယ်၊ တစ်ယောက်တစ်ရာငါး ဆယ် တော်ပြီ'

တစ်ဝိုင်းလုံး ဝေါခနဲ ဖြစ်သွားကြတယ်။ လေးလေး မျက်နှာက ဘာမှမသိတဲ့မျက်နှာနဲ့ ကျွန်မတို့ကလေ ရိုးလွန်း၊ ချွေတာလွန်း၊ စဉ်းစားလွန်းတဲ့ လေးလေး ဦးကြည်အောင်ကို မစ,ဘဲ၊ မနောက်ဘဲနဲ့ကို မနေနိုင်ကြဘူး။

'ကဲ ကဲ၊ ဒီတော့ စကားကို ချုပ်ရရင် ကလေးမ…'

သူ့ထုံးစံအတိုင်း လေးလေး ကြည်အောင်က ဝိုင်းကို ချုပ်တော့မယ်လေ။

'ကလေးမ၊ ညည်း ဆုံးဖြတ်ပြီးပြီလား၊ ဆုံးဖြတ်ပြီးရင် ဒီမှာ တစ်ခါတည်းပြော၊ နက်ဖြန် ပိုက်ဆံယူခဲ့၊ ဒါပဲ။ ဟုတ် ဘူးလား၊ ငါ ပြောတော၊ ကဲ… ဆုံးဖြတ်'

'သြော် ပါမှာပါဆိုမှ လေးလေးရာ ကဲ… ဆုံးဖြတ်ပြီး၊ ကျွန်တော် နက်ဖြန် ပိုက်ဆံယူခဲ့မယ်'

'အေး ဟုတ်ပြီ၊ ဒီလိုမှ၊ ကဲ ညည်း ဝင်းမြင့်ကို ပြောစရာ ရှိပြော၊ ပြောနိုင်ပါတယ် ကလေးမ။ ညည်း ရှယ်ယာဝင်တစ် ယောက်အနေနဲ့ ပြောနိုင်ပါတယ်'

ကျွန်မ လေးလေးကိုကြည့်ပြီး စ,ချင်လာတယ်။ ဝင်းမြင့် ဘက်ကို မျက်နှာငယ်လေးနဲ့ ကြည့်လိုက်တယ်။

'ဝင်းမြင့်၊ ငါ အထူးမှာချင်တာကတော့ မင်း ဝီရိယ မပေါ့စေနဲ့၊ မင်း သိထားဖို့က ငါဟာ အသက်လေးဆယ် ကျော် ယောကျာ်းအိုကြီးကို လုပ်ကျွေးနေရတဲ့သူပါကွာ'

ကျွန်မတို့ ရယ်မောသံတွေဟာ အင်းဝဂုဏ်ရည် ပုံနှိပ် တဲထဲမှာ ဆူညံသွားခဲ့တယ်။

❑

ရန်ကုန် မတ်လလယ်ရဲ့ တစ်ခုသော နေ့လယ်ခင်းမှာ တော့ သီချင်းလေးတအေးအေးနဲ့ ရေမိုးချိုး၊ သနပ်ခါးလိမ်းနေ တဲ့ ကျွန်မဆီကို စာတစ်စောင် ရောက်ရှိလို့လာခဲ့တယ်။ အိမ်က စာမှန်း ကျွန်မ တန်း,သိလိုက်တယ်။ စာက မေမေ ရေးလိုက် တာ။ *သမီး… မနေ့ကပဲ သမီးတို့ ပဲမြစ်ဖိုးငွေ ၁၇၅၀၀/- လာ ပေးတယ်။* ဟင်… သောင်းခုနှစ်ထောင့်ငါးရာ ဟုတ် လား။ ကျွန်မမျက်လုံးတွေကို ပွတ်သပ်လိုက်တယ်။ မေမေ ကလည်း နှစ်ရေးတာ မပီမသနဲ့ တစ်ဖြစ်သွားတာပေါ့။ ၂၇၅၀၀/- ရေးတာပဲနေမှာ။ စာကို ကျွန်မ ပြန်ဖတ်လိုက် တယ်။ *ပဲမြစ်ဖိုးငွေ ၁၇၅၀၀/- လာပေးတယ်၊ ၂၅၀၀/- ရှုံးတယ်လို့ ပြောတယ်* တဲ့။

နှစ်ထောင့်ငါးရာ ရှုံးတယ်။

သွားပြီ။

ဝင်းမြင့်၊ ငါ အထူးမှာချင်တာကတော့
မင်း ဝီရိယ မပေါ့စေနဲ့၊ မင်း သိထားဖို့က
ငါဟာ အသက်လေးဆယ်ကျော် ယောကျာ်းအိုကြီးကို
လုပ်ကျွေးနေရတဲ့သူပါကွာ

ကျွန်မတို့တော့ ပဲမြစ်ရှုံးပြီ ဒုက္ခပါပဲ၊ ကျွန်မ စာ… လေးတွေတော့ ပါသွားပါပြီ

❑

ဧပြီ ၁၃ သင်္ကြန်အကျ… နံနက်ခင်းမှာတော့ သင်္ကြန်… တွေစိုရွှဲနေတဲ့ ကျွန်မတို့စက်… ကလေး အင်းဝဂုဏ်ရည် ပုံနှိ… တဲရှေ့မှာ ထိုးဆိုက်လိုက်တယ်…

ဝိုင်းတော်သားတွေရဲ့ ဟေးဆိုပြီး ဝမ်းသာအားရ ကြို… သံနဲ့အတူ ထွက်ပေါ်လာတာက လေးလေး ကိုလေးရဲ့ ငိုချင်… ချသံလေ။

'သြော် မြင်ရမြင်ရ မရှင်ပျနိုင်ဘူး၊ သည်းရင်ဝလှိုက်… ဖို အောင်မယ်လေး ဘိုတိုးရဲ့ တို့ပဲမြစ်တွေ ရှုံးပါပေါ့လား'

'ရက်စက်ပါ့ ဝင်းမြင့်ရယ်၊ ရက်စက်လှချည့်လား'

လေးလေး ကိုလေးနဲ့ အချီအချ နောက်နေကြတာ… ကြည့်ပြီး မျက်စိမျက်နှာမကောင်းတဲ့ လေးလေး ကြည်အော… က 'ကိုယ့် လူတွေကတော့ကွာ' တဲ့၊ ညည်းတွားရင်း … ယမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com

'ကဲ လာလာ ကလေးမ၊ အမောဖြေပါဦးအေ၊ ပြီးတော့မှ ...ကြတာပေါ့၊ ဟုတ်လား'

'လေးလေးရာ၊ လေးလေး တစ်ယောက်လုံးရှိလျက်သား ...နော်တို့ ပဲမြစ်ရှူးရတယ်လို့ အဲဒါ တကယ်နာတယ်ဗျာ၊ ...တယ် နာတယ်'

ဝင်းမြင့်ကို ကျွန်မက အသာမျက်စိမှိတ်ပြလိုက်တယ်။ ...ကို ဘယ်တော့မှ မမြင်တတ်တဲ့ ကျွန်မတို့ လေးလေး ...ည်အောင်တစ်ယောက်ကတော့ မျက်စိမျက်နှာ တအားပျက် ... ခေါင်းကိုပဲ တွင်တွင်ယမ်းလို့ နေတော့တယ်။

'ကလေးမ၊ ငါ တကယ်ပြောတာပါ။ ညည်းကို ငါ ...အားနာတာ၊ သိပ်စိတ်မကောင်းဖြစ်တာ ကလေးမ။ ...တ်ပြောတာပါ။ မေးကြည့်ပါ၊ ငါ ဝင်းမြင့်ကို အမြဲပြော ...တာ၊ ဝင်းမြင့်ရာ တို့ကလေးမ စာမူခလေးတွေကို မရှုံးစေနဲ့ ...လို့။ ငါ ပြောနေတာ ကလေးမ။ ဝင်းမြင့်ဘက်ကလည်း ...သမပေါ့ပါဘူး ကလေးမ ကြိုးစားပါတယ်။ ငါတို့မှာ ...ရတာကလည်း ညည်းလေးလေးကြီး ကက်ကူလေတာ ...ောက်ခမန်းဟ ကလေးမ။ ဝင်းမြင့်ရ ဘယ်နှယောက် ... ကျန်သေးတုံးဟနဲ့ မေးရတာကတစ်မျိုး၊ ပဲမြစ်ဈေးအတက် ... စနည်းနာရတာတစ်မျိုးနဲ့ အို··· ကုန်သည်ပွဲစားအလုပ် ...ယ်မှတ်လို့ဟာ ကလေးမရာ။ ရင်ကိုမ,ပြီး ထိတ်နေရတာ။ ...တော့ ကလေးမ ညည်းအနေနဲ့ စာရေးဆရာပီပီ အတွေ့အကြုံ ...စ်ခုလိုပဲ သဘောထားထား၊ ကံတရားလို့ပဲ သဘောထား ...'

'မထားနိုင်ဘူးတဲ့၊ ကလေးမက မထားနိုင်ဘူးတဲ့၊ နှစ် ...ောင့်ငါးရာဟာ နှစ်ထောင့်ငါးရာပဲတဲ့။ ငါ ပြောတယ်၊ ...လေး အင်းဝဂုဏ်ရည် ပြောတယ်'

'ဟုတ်လား၊ မထားနိုင်ဘူးလားဟ၊ ကလေးမ ညည်း ...လေးကြီးကိုလည်း ကြည့်စမ်းပါဦး၊ နှမြောနေလိုက်ပုံ ...တော့ ကြောင်တောင်တောင်ကို ဖြစ်လို့နော်'

လေးလေး ကိုလေးကတော့ တဟားဟားနဲ့ သူ့ သူငယ် ...ကို အော်ရယ်လို့သာ နေတော့တယ်။ အဲဒီအချိန်မှာ ...ကြီး ခင်မောင်က ခပ်ပြုံးပြုံးနဲ့ စကားဝိုင်းထဲ ဝင်လာတယ်။

'ကြောင်တောင်တောင် ဖြစ်ကြတာတော့ အကုန်ပဲ၊ သူတို့ ...တွေတောင် ပြောင်းကုန်ပြီဗျ'

'ဘယ်လိုတုံး၊ ဘကြီး ခင်မောင်ရဲ့ လုပ်ပါဦး'

'ဩော် ကိုကြည်အောင်ရဲ့ နာမည်ကြီး ကဗျာလေ ...တယ် မဟုတ်လား၊ *'ဒီတောင်ရိုး ကျားဆိုးပေါ်ရဲ့၊ မောင့်အချစ် မျှစ်ချိုးလိုက်ခဲ့'* ဆိုတာလေ၊ ခု ဒီလို မဟုတ်ဘူး။ *'ဒီတောင်ရိုး ကျားဆိုးပေါ်ရဲ့၊ မောင့်အချစ် ပဲမြစ်မဝယ်နဲ့'* တဲ့။

တစ်ဝိုင်းလုံး ဝေါခနဲဖြစ်သွားတယ်။ လေးလေးကြည် ...ောင်က ရယ်မောရင်း 'တော်တော် ပုံဖျက်တဲ့လူတွေကွာ' တဲ့။

'ဟော ကိုလေးကျတော့ နာမည်ကျော် *ပျို့သစ်ကဗျာ* ...ပ်လှတဲ့ အပိုဒ်လေး ရှိတယ် မဟုတ်လား။ *မြစ်မရှူးပြီ- မောင်ရှူးပြီ ခင်* တဲ့၊ ဟော ခုတော့ ပဲမြစ်ရှုံးပြီ၊ မောင်ရှူးပြီ ခင်' တဲ့။

'ရှူးပြီ- ရှူးပြီ ရှူးပါပြီခင်ရဲ့'

လေးလေးကိုကြည့်ပြီး ရယ်နေတဲ့ ကျွန်မကိုလည်း ဘကြီး ခင်မောင်က အလွတ်မပေးဘူး။

'ခင်ဗျား ဝတ္ထုလည်း နာမည်ပြောင်းသွားပြီ သိလား၊ 'ရှုံးမှာလားမောင်ရဲ့ ကြောက်တယ်ရှင့်' တဲ့။

တဝေါဝေါဖြစ်နေတဲ့ ကျွန်မတို့ဝိုင်းကို လမ်းပေါ်က သကြံန်မြင်းလှည်းတွေက လှောင်ပြောင်သွားကြတယ်။

'အင်း တို့တော့ ပြောစရာတွေ ဖြစ်ကုန်ပါပြီ ကလေးမရာ။ ဒါနဲ့ နေပါဦး ကလေးမ၊ ငါ မေးဦးမယ်။ အကျိုးအကြောင်း သိရတော့ ညည်း စိတ်ထိခိုက်သွားသေးလား၊ ဟုတ်လား၊ ဘယ်လို ခံစားလိုက်ရလဲဟင် ကလေးမ'

'ခဏတော့ စိတ်ညစ်သွားတာပေါ့ လေးလေးရာ။ ကျွန်တော့် စာမူခလေးတွေကိုး။ ဒါပေမဲ့ အနုပညာသမား စိတ်ဆိုတာ သိတယ်မဟုတ်လား။ စိတ်အနှောင့်အယှက်တစ်ခုခု ဖြစ်နေရင် မနေတတ်တော့ဘူးလေ၊ အဲဒီစိတ်အနှောင့်အယှက်ကို တစ်နည်းနည်းနဲ့ ဖွတ်ဖယ်ထုတ်တာမျိုး မဟုတ်လား၊ ကျွန်တော်ကတော့ နာရီပိုင်းပဲ စိတ်အနှောင့်အယှက်ဖြစ်လိုက်တယ်'

'အင်း··· အင်း လုပ်စမ်းပါဦး၊ ညည်းက ဘယ်လို ဖယ်ထုတ်လိုက်တုံး'

'အိမ်ကစာလာပြီး ကျွန်တော် စိတ်တွေတွေနဲ့ ထိုင်ငေါင်နေတုန်း ဟိုကောင်တွေ အောင်ကျော်ဆန်းတို့ အောင်သန်းဦးတို့ ရောက်လာကြတယ်။ နတ်ပွဲသွားမလို့ လာခေါ်တာတဲ့။ နတ်ဆိုင်းသံနဲ့ နတ်ချင်းတွေကို သဘောကျတော့ ကျွန်တော်တို့ အကုန်လုံး နတ်ပွဲဆို သွားတာပဲ။ အဲဒီနေ့ကတော့ ကျွန်တော် သိပ်စိတ်မပါဘူး ဖြစ်နေတယ်။ ဟိုကောင်တွေက လာပါအစ်မရာ စိတ်ညစ်မနေစမ်းပါနဲ့ ဘာညာဆိုပြီး ဆွဲခေါ်တော့ ပါသွားရော၊ ဒါပေမဲ့ ဟိုမှာ ထိုင်သာနေရတယ် စိတ်က ခိုးလိုးခုလုနဲ့ မကြည်ဘူး။ သူတို့ကတော့ ဆိုင်းနားမှာ ထုံးစံအတိုင်း သီချင်းတွေဆို လက်ခုပ်တီးနဲ့လုပ်နေကြတာပေါ့။ ခဏနေတော့ ကနားစီးက ပခန်းဆင်းရော၊ ကိုကြီးကျော်ပူးတာကို ပြောတာ။ ကိုကြီးကျော်က က,ရင်းနဲ့ ဖြုန်းဆို ကျွန်တော့်နား ထိုင်ချလိုက်တယ်'

'အင်း အင်း လုပ်စမ်းပါဦး'

'ဟဲ့ အခြေကြီးတဲ့ စနေသမီး ဟုတ်ရဲ့လားဟဲ့ တဲ့၊ ဟုတ်ပါတယ်ပေါ့။ အဲဒီတော့ ဆက်ပြီး သူက··· 'ဟင် နင် အခု ကြာသပတေးနံကြောင့် စိတ်ညစ်နေရပြီ မဟုတ်လား' တဲ့။ ရုတ်တရက် ကျွန်တော် ကြောင်သွားတယ်၊ ပြဿနာပဲပေါ့။ ဘာတွေ လျှောက်ဟောပြီလဲ မသိဘူးပေါ့။ သူက ဆက်ပြောတယ်။ 'ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်တဲ့ဟဲ့။ လင်ကုန်သာ မရှုံးစေနဲ့၊ ကုန်ရှုံး


www.burmeseclassic.com

www.burmeseclassic.com

တာလောက်ကတော့ ကိုကြီး မ,မယ်ဟဲ့’တဲ့။ အဲဒီကျမှ ကြာသပတေးနံ ပဲမြစ်ကို သဘောပေါက်ပြီး ကျွန်တော် အံ့အားသင့်သွားတုန်း ဟိုကောင်တွေဆီ လှမ်းကြည့်တော့ စပ်ဖြဲဖြဲတွေနဲ့လေ၊ လိပ်ပြာရှင် ကနားစီးနဲ့ ဘယ်အချိန်က လက်ဝါးချင်း ရိုက်လိုက်ကြတယ် မသိဘူး။ ဟာ ကိုကြီးကျော်က ဆက်ဟော၊ ကျွန်တော့်မှာ ရယ်ချင်လိုက်တာ အလိုက်အထိုက်ကလည်း ပြောရသေးတယ်။ အဲဒီအချိန်မှာ ကျွန်တော် ကြည်သွားတာပဲ’

‘ဟုတ်လား’

‘ဟုတ်တယ်၊ နတ်ပွဲက ပြန်လာတော့ ကျွန်တော့်ရင်ထဲမှာ ဘာမှ မရှိတော့ဘူး။ အကုန် ပျောက်သွားပြီ’

‘ဟဲ့ အဲဒါ တို့ဖေကြီးကျော် မ,တာဟဲ့၊ ဖေကြီးကျော် မ,တာ’

‘နေဦး လေးလေးက ကျွန်တော့်သာမေးနေ၊ လေးလေး ကြည်အောင်၊ လေးလေးရော ဘယ်လို ခံစားရမလဲ၊ စိတ်မထိခိုက်ဘူးလား’

‘အို ထိခိုက်လိုက်သမှ အေ၊ ဘာပြောကောင်းမတုံး’

လေးလေး ကြည်အောင်က ‘အင်း’ဆိုပြီး စကားပြောဖို့ ချိန်ဆတုန်း လေးလေး ကိုလေးက ဝင်ပြောတယ်။

‘ကဲ ညည်း ငါပြောမယ်။ တို့ တံတားဦးက ဆေးကျောင်း တက်နေတဲ့ ကောင်လေးတွေ ကျောင်းပိတ်လို့ ပြန်လာရော၊ လမ်းမှာ ဆရာသခင် ကိုကြည်လင်နဲ့ တွေ့ကြရော။ အဲဒီတော့ ဟော့ကောင်လေးတွေ ကျောင်းပိတ်ပြီလား။ စာမေးပွဲ ဖြေခဲ့ပြီလား။ ဟုတ်ကဲ့၊ ပိတ်ပြီခင်ဗျ ဖြေခဲ့ပြီ ခင်ဗျပေါ့။ အေး- မင်းတို့တော့ တစ်နှစ်ပြီးသွားပြီ ပေါ့ကွာ။ တို့တော့ ပဲမြစ်တွေ ရှုံးတယ်ဟေ့တဲ့။ ကဲ ဘာဆိုင်တုံး၊ အဲ့ဒါ ဘာဆိုင်တုံး၊ ညည်း စဉ်းစားပါ ကလေးမရဲ့’

ကျွန်မတို့ တဝေါဝေါ သဘောကျနေသလောက် လေးလေး ကြည်အောင်က ရှက်မျက်နှာနဲ့ ‘ကိုလေးကွာ ကိုလေးကွာ’နဲ့ ခေါင်းကိုပဲ ယမ်းနေတော့တယ်။

‘ကဲ ပွဲစားလေးကလည်း လုပ်ပါဦးကွာ၊ အတွေ့အကြုံ ရှင်းလင်းပွဲလေး လုပ်ပါဦး’

ပွဲစားလေး ဝင်းမြင့်ခမျာ ကျွန်မတို့ကို အားနာနေရှာ ဟန် တူတယ်။ ခေါင်းကိုကုတ်ရင်း ‘အဖြစ်ကတော့ မပြောချင်ပါဘူး ဆရာမရာ’တဲ့။

‘မပြောချင် မရှိပါနဲ့ကွာ၊ မင်းက လုပ်အားရော ငွေရော အများကြီး ရှုံးထားရတာပဲ။ တို့ကို ဘာမှ အားနာမနေနဲ့’

အရေးထဲ ဟိုကောင် ကျော်ကျော်လွင်က ‘ဩော် စာရေးဆရာများ ခက်တယ်။ ပွဲစား ညည်းပြတာကိုများ ယုံတယ်’တဲ့။ ဝင်နှောင့်သေးတယ်။ ဝင်းမြင့်က ဂြိုဟ်ကြည့်ကြည့်မှ တဟဲဟဲနဲ့ လုပ်နေတယ်။

‘ကျွန်တော် တွက်မိသလောက်ကတော့ အချက်သုံးချက် ရှိတယ် ဆရာမ။ တစ်ချက်က ဆန်ဈေးပဲ။ ဆန်ဈေး ကြီးလွန်းတော့ ပဲမြစ်စားနှုန်း နည်းသွားတယ်။ ပဲမြစ်ဆိုတာ နေ့လယ် ညဘက်ကလေးမှာ သရေစာအဖြစ် စားတဲ့ အရာကိုး။ ဆန်ဘက် လုနေရတော့ ဒီဘက် ချုံထားလိုက်ရတာပေါ့။ နောက်တစ်ချက်က ပဲမြစ်စိုက်နယ်တွေ တစ်ပြည်လုံးမှာ ကျယ် ပြန့်လာတာလည်း ပါတယ်။ ပဲမြစ်ထွက်နှုန်းက သိပ်များပြီး ဖြန့်အားက မရှိတော့ဘူး ဖြစ်တာပေါ့။ ပြီးတော့ မနှစ်က မိုးကောင်းသွားတဲ့ အချက်တစ်ချက်လည်း ပါတယ်။ မိုး ကောင်းတော့ အပေါ်ပိုင်း ပဲပင်တွေပဲ တအားကြီး၊ တအား ပြီး အောက်ထဲ ပဲမြစ်ကျတော့ မကောင်းတော့ဘူး။ ‘ဥ’ အားတိတ်ပြီး လှီသွားတော့တာပေါ့။ ဒီအချက်တွေ ပေါင်းပြီး ပဲမြစ်ဈေးက ထိုးကျသွားတာပဲ။ စဖွင့်တုန်းက ဆယ့်ရှစ်ကျော် နဲ့ ဖွင့်တာနော်။ မသေးဘူး နောက်ကျလည်းကျရော ကိုးကျပ် ထိ ထိုးဆင်းသွားတာ။ အဲဒီမှာ သွားတော့တာပဲ’

‘ဩော်’

‘ဟာ ဒီနှစ်မျိုး တစ်ခါမှ မကြုံဖူးသေးဘူး။ တစ်ခါမှ မဖြစ်ဖူးဘူး’

‘ဟဲ့ တို့လုပ်တဲ့ နှစ်ကျမှ ဖြစ်ရသလား ဟဲ့ ပဲမြစ်ရဲ့’

‘ပဲမြစ်နဲ့ မဆိုင်ဘူး လေးလေးရဲ့။ အဲဒါကျ ကိုကြီးကျော် ပြောတာမှန်တယ်။ ကိုယ့်ဘာသာကိုယ် စာလေး အေးအေး ရေးမနေဘဲ ကုန်သည်လုပ်ချင်ဦး။ ခုတော့ ခွက်ခွက်လန်အောင် ရှုံးပြီ မဟုတ်လား’တဲ့။

လေးလေး ကိုလေးက တဟားဟား ရယ်ပြီး ခေါင်း ညိတ် ထောက်ခံပေမဲ့ ကျော်ကျော်လွင်က လိုက်ရယ်ရင်း ကျွန်မကို လှမ်းပြောတယ်။

‘အစ်မရာ၊ ခွက်ခွက်လန်အောင်တော့ မဟုတ်ပါဘူး နှစ်ထောင့်ငါးရာဆိုတာ အစ်မ လုံးချင်းတစ်ပုဒ်ရဲ့ အစအနလေး ပါဗျာ’

‘ဟော့ကောင် နှစ်ထောင့်ငါးရာဟာ လုံးချင်းအနေနဲ့ အစအနလေးကွ၊ မဂ္ဂဇင်းမှာကျတော့ ဝတ္ထုရှည်နှစ်ပုဒ်နဲ့ ဝတ္ထု တစ်ပုဒ်၊ သုံးပုဒ်စာကွ၊ သုံးပုဒ်စာ’

ကျော်ကျော်လွင်ကို ပြန်ပြောတဲ့ ကျွန်မကို လေးလေး ဦးကြည်အောင်က စကားတစ်ခွန်း လှမ်းပြောတယ်။ အဲ စကား တစ်ခွန်းနဲ့အတူ ကျွန်မ ရုတ်တရက် ‘အ’သွားပြီး တစ်ခါလောက် ကျွန်မဦးလေး ကဗျာဆရာနှစ်ယောက် သနားတာတော့ မရှိတော့ဘူး။

လေးလေးက ပြောရှာတယ်လေ။

‘ကလေးမရာ၊ ညည်းတို့ ဝတ္ထုရေးဆရာကသာ ဝတ္ထု သုံးပုဒ်စာအေ့။ တို့ ကဗျာဆရာကျတော့ နှစ်ဆယ့်ငါးပုဒ် ကလေးမ၊ နှစ်ဆယ့်ငါးပုဒ်စာ’တဲ့။

နုနုရည်၊အင်း

*(ရှင်ခုန်ပွင့်မ*

*စက်တင်ဘာလ၊ ၁၉*



www.burmeseclassic.com

www.burmeseclassic.com

RIVER
HOUSE

# စာနဒီစာအုပ်တိုက်

## တာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ

- ရှင်ဝိရိယ [တောင်စွန်း]
  ည်းမှုအောင်ပွဲနှင့် အာဇာနည်တို့လာရာလမ်း / ၉၀၀ိ -
  မြမ်းကိုပြောင်းလဲစေခဲ့သောသာမဏေနှင့်
  ဘွေ့ရှု / ၂၀၀၀ိ -
- သန)
  ညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
  etics and Philosophy of Art Criticism
  erome Stolnitz / ၂၂၀၀ိ -
- ...
  တ်ကာလ မပွင့်သေးသောဘုရားများအား
  င့်ခေသင့်နှင့် ဘာသာရေးဖြတ်ထုံးများ / ၁၂၀၀ိ -
  နှင့် သီဟိုဠ်မွေ့ဝတ္ထုတိုများ / ၁၅၀၀ိ -
- သ(ဝန်ကြီးဟောင်း)
  ငအပျာက်စေဆရာကြီး ရပ်စပြုတင် / ၂၀၀၀ိ -
- တ်ကြီးဦးတင့်ဆွေ
  ရေစီစိတ်ထား / ၇၀၀ိ -
- ဘီတာ(စမ်းချောင်း)
  လက်ဆင့်ကမ်း Message to Teen / ၂၀၀၀ိ -
  ကျော်တို့ ဆုံးဖြတ်ရမည့် အရေးကြီးဆုံးအချက်(၆)ချက် / ၂၀၀၀ိ -
- ကြွင့်ဇော်
  နက်သားကြောင်နက်ရှုပ်နှင့်သည်းထိတ်ဖိုဝတ္ထုတိုများ / ၁၆၀၀ိ -
- ကျွမ်းခြံကုန်း
  ကြီးကတောင်ကန်မြောက်ကန် / ၁၂၀၀ိ -
  ရင်စက်မယ် / ၁၅၀၀ိ -
- ဆက်ဆည်မောင်မောင်
  လွတ်လပ်ရေးသမိုင်း၊ဝင်စစ်မြေပြင်စရီးကြမ်းနှင့်
  ယ်တွေ့မှတ်တမ်း / ၂၅၀၀ိ -
- ...
  တာလေးနဲ့ မနီ / ၃၀၀၀ိ -
  ဘာက်မှ သရဇီသို့ / ၁၂၀၀ိ -
  င်မိုး ဝေ ကဗျာ ဝေ / ၂၀၀၀ိ -
- ဝေနိုင်(ဟင်္သာတ)
  ရှင်တို့စကား အရှင်တို့တရား / ၁၅၀၀ိ -
- ငြိမ်း
  ကြောင်းရေးတစ်ကြောင်းဖြစ် / ၃၅၀၀ိ -
- ဒေါက်တာအရှင်သာမိန
  ဗုဒ္ဓ၏ ခြေတော်ရာစက်(၁၀၈)ကွက် / ၃၀၀၀ိ -
  ချက်ရည်တွေဘယ်ကိုရောက်နှင့်
  သာရေးအတွေးဆောင်းပါးများ / ၂၀၀၀ိ -
- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ / ၂၅၀၀ိ -
- နတ်စည် (ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ ကာရိုက်တာပြပွဲ / ၂၅၀၀ိ -
- သာထက်အောင်
  တွေးမိသမျှ ပေးမိသမျှ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေ့အကြုံ
  (ဩစတေးလျအတွေ့အကြုံဆောင်းပါးများ) / ၃၅၀၀ိ -
- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံအထူးမူရင်း ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်) / ၄၅၀၀ိ -
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဇာတ်လမ်း / ၂၅၀၀ိ -
- မောင်သိင်္ခ
  ရှပ်မွားတော်ကိုးကွယ်မှုနှင့်အကျိုးအာနိသင်များ / ၂၅၀၀ိ -
- ဝဏ္ဏသိရိ
  ရှုပ်ရာငြိမ်းရာ / ၁၀၀၀ိ -
- နှစ်ဖက်လှ ဦးကျော်လွင်
  ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာအမေးနှစ်ရာအဖြေနှစ်ထောင် / ၂၅၀၀ိ -
  နှစ်ဘက်လှ တဏှာသီလတရားများ / ၄၀၀၀ိ -
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက် / ၁၂၀၀ိ -







## ယခုထွက်ရှိသည့် စာအုပ်များ

- **တင်မောင်မြင့်**
  ကန်သာရေရိပ်မှာ
  In the Pond by Ha Jin / ၁၅၀၀ိ -
- **ပေလေးပင်နတ်မှီတောရ အရှင်ဆန္ဒာဓိက**
  မေတ္တာစစ်သည်တော် / ၁၅၀၀ိ -
- **မသီတာ(စမ်းချောင်း)**
  မပြယ်မယ့် စကားများ
  IMMORTAL WORDS
  by Terry Breverton / ၃၅၀၀ိ -




ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမပြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ ၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၇ ၁၃၉၆၊ ၀၉ ၅၀၇ ၁၃၉၇။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



*(ယခင်လမှအဆက်…)*
ဝန်ကြီးလည်းပြန်သွားရော
ဆရာညိန်းက
ဒီနှစ်သကြံန်မှာ ရေးဖို့
စိတ်ကူးထားတဲ့ *စံရာတောင်ကျွန်း*
ကြိုးသီချင်းကို
ရေးလိုက်မယ်ဆိုပြီး ဆရာညိန်းနဲ့
ဦးရင်လေးတို့နှစ်ယောက်
ချက်ချင်းရေးပြီး တီးမယ့်လူတွေ
အခေါ်ခိုင်းလိုက်တယ်။ တင်အေး၊
ဘိုခင်၊ မောင်ပေါ၊ မောင်ဝင်း၊
အေးဖေ၊ မောင်ကြည်၊ ထွန်းရင်၊
မောင်အောင်နဲ့
အဆို ကိုသန်းမောင်(ရွှေ)တို့
ဖြစ်ကြပါတယ်။
တီးမယ့်အဖွဲ့ရောက်လာတော့
*စံရာတောင်ကျွန်း* ကြိုးသီချင်းကို

အခြေခံရေးဖွဲ့ထားတဲ့ *မြို့မှောင်ဝေကင်း* သီချင်းကို တီးလုံးတိုက်ကြတယ်။ အားလုံး ကောင်းမှကောင်းပေါ့ဗျာ။

နောက်နေ့ ဝန်ကြီးလာတော့ ကျွန်တော်တို့မြို့မအသင်းမှ ပထမဆုံး ကိုတင်အေးက မှုတ်ပြတယ်၊ ဒုတိယ ကိုပေါ မှုတ်ပြ၊ တတိယ ကိုမောင်ဝင်း မှုတ်ပြ။ ဘာသီချင်းမှန်း မသိရပါ။ နောက်ဆုံး ကိုအေးဖေ၊ ကိုတင်အေးတို့ပါ တူရိယာသမားများ အားလုံးတစ်ပြိုင်နက်တည်း အဆိုနဲ့တကွ မှုတ်ပြလိုက်တော့မှ သီချင်းရဲ့စာသား၊ တီးကွက် အားလုံးကောင်းပါတယ်ဗျာ ဆိုပြီး ဝန်ကြီး သဘောကျသွားတယ်။ နောက်များ မကြာမီ ရန်ကုန်ရောမန္တလေးမှာပါ ပန်တျာကျော်ဖြစ်မြောက်ရေး အကောင်အထည်ဖော်တော့တာပါပဲ။

သင်္ကြန်နားနီးလာတော့ ဦးရင်လေး တစ်ယောက် အသင်းတိုက်ကို ရောက်လာတယ်။ ဦးရင်လေးက-

'ဒီနှစ်သင်္ကြန်မှာ မောင်ညိန်း လာမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတာတော့ ငါလည်း မသိဘူး၊ ငါ့ကို တာဝန်ပေးသွားတယ်။ ဒီတော့ တူးပို့တူးပို့ သီချင်းတစ်ပုဒ် ရေးပေးသွားတယ်။ နောက်ပြီး ဝန်ကြီး ဦးထွန်းဖေကိုတီးပြခဲ့တဲ့ *မြို့မှောင်ဝေကင်း* အဲဒါရယ်၊ နောက်ပြီး အောင်သပြေရယ် ဒါပဲ သုံးပုဒ် တော်ပြီကွာ။ အသင်းတိုက်က ထွက်ရင် *မြို့မှောင်ဝေကင်း* နဲ့စထွက်မယ်။ အားတက်သရော စိတ်ပါလက်ပါ တီးကြမှုတ်ကြဖို့ပါပဲ'

ဦးရင်လေး ပြောတဲ့အတိုင်း *မြို့မှောင်*

# အတိတ်လမ်းသို့ အလွမ်းပြေ မြို့မကိုပေါ်

အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း
အမှတ်တရစာစု



www.burmeseclassic.com

www.burmeseclassic.com

*ဝေကောင်း* ကို ကိုသန်းမောင်ကသီဆိုပြီး စထွက်ကြပါတယ်။ *မြူမှောင်ဝေကောင်း* ပြီးတော့ *အောင်သပြေ* ကို ခိုင်ပြုံးက ဆိုပါတယ်။ *အောင်သပြေ* သီချင်းပြီးသွားတဲ့အချိန် ကျားခေါင်းကြီးနဲ့ ထိပ်တိုက်ဝင်တိုးတယ်။ ကြည့်လိုက်တော့ ဒါတရုတ်အသင်းပဲ။ သူတို့လည်း ဖယ်မသွားဘူး၊ ကျွန်တော်တို့ကလည်း မဖယ်ဘူး။ အဲဒီတင် သူတို့ဘာတီးလဲဆိုတော့ Rock သီချင်းကို လွှလို သံပြားကြီးကို ခုံးတင်ထားပြီး ဘိုးတံနဲ့ ထိုးတီးတာ၊ သူတို့ပြီးတော့ ကျွန်တော်တို့ဘက်က ဦးရင်လေးက ဘာပြောလဲဆိုတော့ This is Burmese Music Song *မြူမှောင်ဝေကောင်း* လို့ မိုက်ကရိုဖုန်းနဲ့ အော်လိုက်တော့ ကျွန်တော်တို့အဖွဲ့ကလည်း *မြူမှောင်ဝေကောင်း* ကို ဝန်ကြီးဦးထွန်းဖေကိုတီးပြတဲ့အတိုင်း စနစ်တကျတီးကြတာပေါ့။ ကျွန်တော်တို့တီးပြီးသွားတော့ သူတို့က Rock သီချင်းတစ်မျိုး တီးပြကြသေးတယ်။ သူတို့လည်း ပြီးသွားရော ဦးရင်လေးက ဟော့ကောင်တွေ ရွှေအိုးစည် လို့ပြောလိုက်တော့ ရွှေအိုးစည် စာရွက်တွေထုတ်ပြီး သီဆိုသူ ကိုသန်းမောင်၊ သောင်းတင်လတ်၊ ခိုင်ပြုံး၊ ညွန့်ဝေ။ ဦးရင်လေးက Burmese Rock Music Song လို့ မိုက်ကရိုဖုန်းနဲ့ကြေညာလိုက်တော့ အသင်းက 'ရွှေအိုးစည် လွယ်သလေလေ့ လွယ်သလေလေ လွယ်သလေလေ လွယ်သလေလေ' ဆိုတဲ့ 'ရွှေအိုးစည်' မြန်မာ့ရိုးရာ တေးသီချင်းကို အမြူးဆုံး၊ အမြိုင်ဆိုင်ဆုံး အားတက်သရော ပျော်မြူးပြီး တီးကြတာပေါ့ဗျာ။ ကျွန်တော်တို့တောင် တီးလို့မပြီးသေးဘူး သူတို့ကားကြီး နောက်ဆုတ်ပြီး ရှောင်ထွက်သွားကြပါတော့တယ်။ အဲဒီနှစ်က အပျော်ဆုံးပဲဗျာ။

ဒီလိုနဲ့ သင်္ကြန်ကာလတွေ ကုန်ဆုံးခဲ့ပြီးတဲ့ နောက် ကျွန်တော်လည်း မြို့မအသင်းပွဲတီးကိစ္စတွေနဲ့အတူ ဆရာသန့်ရဲ့လုပ်ငန်းလေးတွေကို ဝင်ကူလုပ်ရင်းနဲ့အချိန်တွေကို ဖြတ်သန်းနေခဲ့ပါတယ်။

ကသာအင်းရွာက ဒေါ်မြိုင်ရဲ့သစ်ဖောင် မြစ်ဆိပ်ကို ရောက်ပြီလို့ အလုပ်သမားတစ်ယောက်က လာပြောတဲ့အတွက် နောက်နေ့ ဦးသန့်က ကျွန်တော့်ကိုခေါ်ပြီး မြစ်ဆိပ်ကို သွားကြပါတယ်။ သစ်လုံးပေါင်း ၁၆၅ လုံး၊ ဒီသစ်လုံးတွေကို မန္တလေးသစ်စက်ပိုင်ရှင်များက ဝယ်ယူမှာဖြစ်ပါတယ်။ ဒီသစ်လုံးတွေကို ကြိမ်နဲ့ပတ်ပြီးတိုင်းရပါတယ် (ဒါကို သစ်ပတ်တယ်လို့ ခေါ်ပါတယ်)။ လုံးပတ်၊ ပေရှည်တိုင်းပြီး တွက်လို့ရ... တဲ့ ကုဗပေကို ဈေးနှုန်းနဲ့သင့်ပြီး သစ်တန်ဘယ်ရွေ့ဘယ်မျှ... အတွက် ကျသင့်ငွေ ဘယ်လောက်ဆိုတာတွေ ကျွန်တော်က... တွက်ချက်ပြီး ဦးသန့်ကို ပေးရပါတယ်။ အဲဒီလို သစ်စာရေး... အလုပ်တွေကိုလည်း ကျွန်တော် လုပ်ခဲ့ရပါတယ်။ တစ်ခါတ... လေ မြို့မ ဥက္ကဋ္ဌ၊ ပန်းချီဆရာကြီး ဦးဘငွေက–

'မောင်ပေါရေ အဲဒီနဂါးဒေါ်ဦး ဆေးလိပ်ဆိုင်းဘုတ်ကို... ငါ မအားလို့ မရေးနိုင်သေးတာ။ မင်း အားရင်လုပ်ပေးစမ်း... ပါဦးကွာ' ဆိုပြီး အကူအညီတောင်းလာရင်လည်း ကျွန်တော်... ရေးပေးပါတယ်။ တော်ကြာ ညနေဘောလုံးကန်ဖို့ ဘောလုံး... သမားတွေလာခေါ်ရင်လည်း လိုက်သွားတာပဲ။ ဒါ့ကြောင့်... ကျွန်တော့်အမေက တစ်နေ့တော့–

'နင်က ကိုယ်တတ်တဲ့ပညာနဲ့ အလုပ်ကိုတော့ မလုပ်... ချင်ဘူး။ ကိုယ်နဲ့မဆိုင်တဲ့အလုပ်တွေကျတော့ လိုက်လုပ်... ပေးတယ်။ နင့်ကို ဒီအတိုင်းကြည့်နေလို့တော့ မဖြစ်တော့ဘူး... မိန်းမပေးစားမှဖြစ်တော့မယ်' ဆိုပြီး နှစ်ပတ်လောက်နေတော့... ဦးယန်းမြ၊ ဒေါ်မြိုင်တို့ရဲ့သမီးနဲ့ လူကြီးချင်းပြောဆိုပေးစားလိုက်... ကြပါတယ်။ ဒီတော့မှ ကျွန်တော်လည်း အလုပ်မလုပ်ရင်မဖြစ်... တော့ဘူးဆိုပြီး ရွှေပန်းထိမ်ဆိုင် ထောင်လိုက်ပါတယ်။ ပန်း... ထိမ်ဆိုင်ထောင်လိုက်တယ်ဆိုရင်ပဲ ကျွန်တော်ဟာ အရင် က... မြို့မပွဲတီးတွေ မှန်မှန်မလိုက်နိုင်တော့ဘူး။ ပန်းထိမ်အလုပ်... နားတဲ့ ဥပုသ်နေ့လို ရက်မျိုးနဲ့ကြုံရင်တော့ လိုက်တီးနိုင်ပါ... တယ်။ ခုအချိန်မှာတော့ မိန်းမရနေပြီဆိုတာက တစ်ကြောင်း... လုပ်ငန်းကလည်း အားချင်းထူထောင်ထားတာ တစ်ကြောင်း... ဆိုတော့ မကြိုးစားလို့ကို မဖြစ်... ဘူးမဟုတ်လား။

ဒီလိုနဲ့ ကြိုးစားနေတဲ့... အချိန်။ ၁၉၅၄ အကုန် ၅၅ ခုနှစ်အဝင်လောက်မှာ မန္တလေး... မြို့မျက်နှာဖုံး ပိုက်ဆံရှိသူဌေး... များဖြစ်ကြတဲ့ ကျွန်တော့်ဆရာ... ဦးသန့်၊ ရတနာပုံဆီစက်ပိုင်ရှင်... ဦးအေးမောင်၊ ပွဲစားကုန်သည်... ဦးမောင်ကို၊ ဝင်းမင်းဘရားသား ရုပ်ရှင်ရုံပိုင်များ(ဦးကျော်ဝင်း... ဦးကျော်မင်း၊ ဦးစိန်ဝင်း)၊ ရေချို ဦးအေးမောင်၊ ရွှေမန်း... ဦးတင်မောင်၊ ဆင်နှစ်ကောင် ဦးထွန်းရှင်၊ ဦးမောင်မောင်နှင့်... ရှယ်ယာဝင်လူကြီးများ ၁၅ ဦးတို့က မန္တလေးရုပ်ရှင်ကုမ္ပဏီ... လီမိတက်ကို တည်ထောင်လိုက်ကြပါတယ်။ မန္တလေးရုပ်ရှင်... ကုမ္ပဏီမှ ကျွန်တော်တို့မြို့မ ဆရာညိန်းကို သီချင်းနှင့်ဂီတ... ဆိုင်ရာကိစ္စရပ်များ တာဝန်ပေးပါတယ်။ ဖလင်ဆေး၊ ဖလင်... ကူးခြင်းဆိုင်ရာလုပ်ငန်းများကို ဦးလှလေးက တာဝန်ယူ... တွဲဖက်လက်ထောက်အဖြစ် ကျွန်တော်က လုပ်ဆောင်... တယ်။

၁၉၅၄ အကုန် ၅၅ ခုနှစ်အဝင်လောက်မှာ မန္တလေး မြို့မျက်နှာဖုံး ပိုက်ဆံရှိသူဌေးများဖြစ်ကြတဲ့ ကျွန်တော့်ဆရာ ဦးသန့် ရတနာပုံဆီစက်ပိုင်ရှင် ဦးအေးမောင်၊ ပွဲစားကုန်သည် ဦးမောင်ကို ဝင်းမင်းဘရားသား ရုပ်ရှင်ရုံပိုင်များ(ဦးကျော်ဝင်း၊ ဦးကျော်မင်း ဦးစိန်ဝင်း) ရေချို ဦးအေးမောင် ရွှေမန်း ဦးတင်မောင်၊ ဆင်နှစ်ကောင် ဦးထွန်းရှင် ဦးမောင်မောင်နှင့် ရှယ်ယာဝင်လူကြီးများ ၁၅ ဦးတို့က မန္တလေးရုပ်ရှင်ကုမ္ပဏီလီမိတက်ကို တည်ထောင်လိုက်ကြပါတယ်



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာဦးသုခနဲ့ မရိုက်ခင် ဦးသန့်နဲ့ဆရာညိန်း၊ ဦး ...တို့ အရုပ်များ၊ အသံများစမ်းသပ်ရိုက်ကူးရန် *တိမ်လွှာ ...ပွင့်* သီချင်း၊ *အိမ်သူဗီဇီ* တီးလုံး ကကြိုးကကွက်များကို ...ရှင်မင်းသမီး ကြည်ကြည်မေ၊ ခင်လေး၊ ခင်ထွေးတို့ရဲ့ ...ကြိုးကကွက်များနဲ့ ရိုက်ကူးအပြီး ဆရာညိန်းကို အိမ်ပြန်ပို့ခဲ့ ...ပါတယ်။

နောက်တစ်နေ့မနက် ၉ နာရီလောက်မှာ ဆရာညိန်း ...တိုက်ခံရပြီး ဆုံးသွားတယ်လို့သိလိုက်ရပါတယ်။ ကျွန် ...တော့ ဘယ်လို ပြောရမှန်းမသိအောင် စိတ်မကောင်းဖြစ် ...ပါတယ်။ နှမြောလွန်းပြီး ဝမ်းနည်းမိပေမဲ့ ဘာမှမတတ်နိုင် ...ပါဘူး။

ဆရာညိန်း မရှိတော့တဲ့နောက် ကျွန်တော်တို့မြို့မ ဘယ် ...နည်းနဲ့မှ ပျက်စီးမသွားဘူးဆိုတာတော့ ကျွန်တော်ယုံ ...ကြည်ပါတယ်။ ဒါပေမဲ့ ရေရှည်မှာ အတီးအင်အား၊ အဆို ...အင်အားတွေ နိမ့်ကျမသွားဖို့တော့ ထိန်းသိမ်းရမှာပဲ။ များ ...ကြောမီရက်များအတွင်းမှာ အမှုဆောင်ကော်မတီ အစည်းအ ...ဝေးလုပ်ကြပြီး မြို့မအသင်းကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ...ဦးရင်လေးကို တာဝန်ပေးကြတော့ ဦးရင်လေးက-

'ငါ့အနေနဲ့တာဝန်ယူရတာတော့ ဝန်မလေးပါဘူးကွာ၊ ...ပေမဲ့ ငါကလည်း အသင်းတိုက်ကို နေ့တိုင်းလာနိုင်တာ ...တော့ဘူး။ ဒီတော့ အသင်းပစ္စည်းတွေ ခေတ္တယူသွားပြီး ...အိမ်မှာပဲလုပ်ကိုင်နေပြီး အရှိန်ရလာတော့မှ ငါလည်းအနားယူ၊ ...တို့လည်း အသင်းတိုက်မှာ ပြန်ယူသွားကြပြီး ဆက်လုပ်ကြ ...ကွာ။ အဲသလိုဆိုရင်တော့ ငါတာဝန်ယူပါမယ်'လို့ပြော ...တော့ အသင်းလူကြီးတွေကလည်း-

'ကောင်းပါတယ်ဗျာ အသင်းမပျက်ရင် ပြီးတာပါပဲ' ...လို့ ဆိုပြီး သဘောတူလိုက်ကြပါတယ်။

'ဒါးတန်းဝင်းမှာရှိတဲ့ အသင်းတိုက်ကတော့ သော့ခတ် ...ထားပြီး သော့ကို ကိုပေါ်ထံမှာ အပ်ထားလိုက်ပါ'

ဒီလိုနဲ့ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြပါတယ်။

အဲဒီနောက် ၁၉၅၉-၆၀ လောက်မှာပဲ ရန်ကုန်မြို့ ...မှုအရုပ်ရှင်မှ **ကောလိပ်ဂျင်** ဇာတ်ကားရိုက်ဖို့အတွက် ...မြို့အသင်းကိုခေါ်တော့ ဦးရင်လေးနဲ့ ကိုဘိုခင် ဦးစီးပြီးလုပ် ...ကိုင်ပေးလိုက်တာ အောင်အောင်မြင်မြင် ပြီးမြောက်သွားပါ ...တယ်။ နောက်တစ်နှစ်လောက်ရှိတော့ ဦးရင်လေး ဆုံးပါးသွား ...ခဲ့ပါတယ်။

အဲဒီနောက်ပိုင်း ကိုဘိုခင်ကပစ္စည်းတွေအားလုံး မလွှန်ရပ် ...က သူ့အိမ်ကိုသယ်သွားကြပြီး လုပ်ကိုင်နေကြပါတယ်။ အဲဒီ ...လို ကိုဘိုခင် လုပ်နေပုံကို ကျွန်တော်သိပ်မကြိုက်ပါ။ ကျွန်တော် ...ကိုဗစိန်ကို ပြောတော့ ကိုဗစိန်က-

'နေပါစေကွာ အသင်းမပျက်ရင်ပြီးတာပါပဲ' လို့ ပြော ...တာပါတယ်။ 'မဟုတ်ဘူးလေဗျာ၊ ဒီလိုလုပ်မယ်ဆိုရင်လည်း ...အစည်းအဝေးလေး ဘာလေးတော့ လုပ်ဖို့ကောင်းပါတယ်'

'ပြောမနေပါနဲ့ကွာ၊ မင်းလည်း မလုပ်နိုင်ဘူး၊ ငါလည်း မလုပ်နိုင်ဘူးဆိုတော့ ပြောနေလည်း ဘာထူးမှာလဲ'

'ကိုဗစိန်ကလည်းဗျာ ခင်ဗျားမလုပ်နိုင်တာ၊ ကျွန်တော် မလုပ်နိုင်တာနဲ့ မဆိုင်ဘူးလေ၊ တစ်ယောက်တည်းဆုပ်ကိုင်ပြီး သူ လုပ်ချင်တာ လုပ်နေမှာစိုးလို့ ပြောတာပါ။ အများနဲ့ဖွဲ့စည်းတည်ထောင်ထားတဲ့ကိစ္စ၊ တစ်ယောက်တည်းကိုယ်ပိုင် ကိုယ်ဆိုင်တာမှ မဟုတ်တာ၊ ဒီပုံစံမျိုးလုပ်နေရင် အမှုဆောင်တို့ ဘာတို့ဖွဲ့စည်းထားတာ ဘာလုပ်ဖို့လဲ'လို့ပြောလိုက်တော့-

'အေးကွာ မင်း ပြောတာလည်း မှန်ပါတယ်။ ငါတော့ ဘာမှမပြောချင်တော့ပါဘူးကွာ။ ငါ့အလုပ်ကလည်း ရန်ကုန် သွားလိုက် မန္တလေးပြန်လာလိုက်နဲ့ အလုပ်ကရှုပ်နေတာ။ အသင်းနဲ့ပတ်သက်ရင် မင်းပဲရှိတာ၊ မင်းပဲ ကြည့်ပြောတော့ ကွာ၊ ငါပြန်တော့မယ်'လို့ ပြောပြီးပြန်သွားတယ်။ ဒီတော့ ကျွန်တော်ကိုယ်၌က မန္တလေးရုပ်ရှင်ရဲ့ဝန်ထမ်းဖြစ်နေပြီး ကိုယ့်အလုပ်ကို လေ့လာကြိုးစားနေရတဲ့ အချိန်၊ ပြီးတော့ ကျွန်တော် လုပ်ရတဲ့အလုပ်က ဖလင်ကူးခြင်း၊ ဖလင်ဆေးခြင်းဆိုပေမဲ့ မန္တလေးရုပ်ရှင်ကုမ္ပဏီမှာ ဝန်ထမ်းကလည်း ပြည့်ပြည့်စုံစုံမရှိ သေးတော့ ဇာတ်ကားရိုက်ရာမှာ ကလက်ရိုက်မယ့်သူမရှိသေး တာမျိုးဆိုရင် ကျွန်တော်ဝင်ရိုက်ပေးရပါတယ်။ တစ်ခါတလေ သရုပ်ဆောင်အဝတ်အစားမှတ်တမ်းတွေလည်း ကျွန်တော်ပဲ ရေးပေးရပါတယ်။ အားလုံးရိုက်ကူးပြီးတော့ အားလုံးဆက် ပေးရတာ ပါပါသေးတယ်။ ကားဆက်ပြီးတော့လည်း နောက်ခံတီးလုံးနဲ့ သီချင်းအသံသွင်းရာမှာလည်း လူလိုရင်ဝင် တီးပေးရသေးတယ်။ ဒီလောက် လုပ်ကိုင်ပေးနေတာတောင်မှ အကောင်းမြင် မခံရပါဘူး။

ဆရာညိန်းဆုံးသွားပြီးတဲ့နောက် ကျွန်တော်လည်း တော်တော်နဲ့ ဖြေဖျောက်လို့မရဘူး။ စိတ်ထဲမှာ ယူကျုံးမရဖြစ် ရ နှမြောရလွန်းလို့၊ တွေးမိတိုင်းစိတ်မကောင်းတာနဲ့ ကျွန်တော့် အလုပ်အားနေတုန်း ခြံထဲက သပြေပင်ကြီးအောက်မှာ တစ် ယောက်တည်းထိုင် ငိုင်နေစဉ် အချိန်ပေါ့။ မြို့မအသင်းက ကိုသောင်းနဲ့အေးကိုရောက်လာကြပြီး ကိုသောင်းက ခင်ဗျား လုပ်ငန်းအဆင်ပြေလား ဘာလားမေးပါတယ်။ သူကလည်း ဆရာညိန်းအတွက် စိတ်မကောင်းကြောင်းပြောပါတယ်။ ကျွန်တော်လည်း ပြောဖြစ်တော့တာပေါ့။

'ဆရာညိန်းဟာ အလွန်သဘောကောင်းတဲ့လူ၊ အလွန် သိတတ်တဲ့လူ၊ တစ်ဖက်သားကို မကောင်းကြောင်း ပြောတာ ကျွန်တော် မကြားဖူးဘူး၊ သူ မကြိုက်ရင် သူပဲ အနစ်နာခံ လိုက်တာပဲ။ ကျွန်တော် ဖျောက်လို့မရဘူးဆိုတာ ဘာလဲဆို တော့ ဆရာညိန်း ညနေအိမ်ပြန်ရင် ကျွန်တော်စက်ဘီးနဲ့ လိုက် ပို့ပေးတဲ့အခါ ဘေးကပ်၊ ဘေးကပ်လို့ အမြဲသတိပေးတယ်။ ကျွန်တော်ကလည်း သူ စိတ်ချမ်းသာအောင် ကျောက်လမ်း ဘေးက မြေသားလမ်းအထိချပြီး နင်းတာ။ ဒါကိုပဲ နောက်က ကားဟွန်းသံကြားရင် ဘေးကပ်၊ ဘေးကပ်လို့ ပြောသေး



www.burmeseclassic.com

www.burmeseclassic.com

တာ။ အဲသလောက် ကားတိုက်ခံရမှာ ကြောက်ရှာတာ။ ခု ဘယ်လိုဆုံးသွားသလဲဆိုတာ ခင်ဗျားတို့လည်း ကြားကြမှာပါ'

ဆရာညိန်း ဆုံးတာ ၁၉၅၅ခုနှစ်က ဖြစ်ခဲ့တာ၊ အခု ၂၀၁၄ ခုနှစ်မှာ ကျွန်တော့်ကို ဦးကြည်သာ(ပွဲကြိုက်ခင်)က အင်တာဗျူးတော့ မြို့မမှာ ဆရာညိန်းနဲ့နေခဲ့ရစဉ်က တီးဝိုင်းကိစ္စ၊ သီချင်းကိစ္စတွေ မေးတာပေါ့ဗျာ။ ကျွန်တော်က ဘာသွားမြင်လဲဆိုတော့ ဆရာညိန်း မဆုံးခင်နှစ်ရက်လောက်က ဦးရင်လေးက ဆရာညိန်း သီချင်းရေးတာကို ကုန်းပြီးကြည့်နေတယ်။ ဆရာညိန်း သီချင်းရေးတာက သေသေချာချာ စားပွဲနဲ့ ကုလားထိုင်နဲ့ စမတ်ကျကျထိုင်ပြီး ရေးနေတာမဟုတ်ဘူး၊ နဂိုကထိုင်နေမိတဲ့ ခုံကလေးမှာထိုင်ရင်း ညာဒူးတစ်ဖက်ကို ထောင်ထားပြီး စာရွက်ပေါ်မှာ အာရုံစိုက်ပြီး ခဲတံတိုကလေးနဲ့ ရေးနေတာ။ ခဲတံကမထင်ဘဲ မှိန်နေရင် အဲဒီခဲတံကို ပါးစပ်က တံတွေးနဲ့ဆွတ်လိုက်သေးတယ်။ ဆရာညိန်းကိုကြည့်ရတာ ဘာဟန်ဆောင်မှုမှ မရှိဘူး။ အင်မတန်မှ လွတ်လပ်မှုကိုကြိုက်တဲ့သူဖြစ်သလို အကယ်၍များ တင်ပျဉ်ခွေထိုင်နေတယ်ဆိုရင်လည်း တင်ပျဉ်ခွေထိုင်နေရင်းကနေ ရေးနေမှာပဲလို့ ကျွန်တော် ထင်တယ်။ အဲဒီဆရာညိန်းရဲ့ ပုံစံကိုတွေးမြင်မိရင် ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်လာတယ်မသိဘူး မျက်ရည်တွေဝဲပြီး ဆင်းလာလိုက်တာ မကျမိအောင် မျက်တောင်ပုတ်ခတ်ပြီးထိန်းနေရတာ။ ဒါရိုက်တာ ဦးကြည်သာက ရိုက်ကူးရေးသမားများကို Close up လို့လှမ်းအော်ပြောသံကြားလိုက်ပါတယ်။ ဒီနောက် ဦးကြည်သာက ကျွန်တော့်ကို ဘာမှ

ဦးသန့်နဲ့ဆရာညိန်း။ ဦးသုခတို့ အရုပ်များ၊ အသံများ စမ်းသပ်ရိုက်ကူးရန် *တိမ်လွှာမို့မို့လွင် သီချင်း အိမ်သူတီဗီ* တီးလုံး ကကြိုးကကွက်များကို ရုပ်ရှင်မင်းသမီး ကြည်ကြည်မေ၊ ခင်လေး၊ ခင်ထွေးတို့ရဲ့ကကြိုးကကွက်များနဲ့ ရိုက်ကူးအပြီး ဆရာညိန်းကို အိမ်ပြန်ပို့ခဲ့ကြပါတယ် နောက်တစ်နေ့မနက် ၉ နာရီလောက်မှာ ဆရာညိန်း ကားတိုက်ခံရပြီး ဆုံးသွားတယ်လို့ သိလိုက်ရပါတယ်

မေးမြန်းခန်းတွေဘာတွေဆက်မလုပ်ကြတော့ဘဲ လုပ်ငန်းသိမ်းလိုက်ကြပါတယ်။

ဒါရိုက်တာ ဦးသုခခေါ်လာတဲ့ ရန်ကုန်က ကင်မရာမင်း ကိုထွန်းလှိုင်က **ဘဝသံသရာ** ဇာတ်ကားနဲ့ **မြတ်ပန်းဝတ်ရည်** ဇာတ်ကားတွေရိုက်ပြီးတော့ သူ့ရဲ့မူရင်းလုပ်ငန်းရှိရာ ရန်ကုန်မြို့ ဗဟိုရ်ရုပ်ရှင်သို့ ပြန်သွားရပါတယ်။ ဒီတော့ မန္တလေးရုပ်ရှင်ကနောက်ရိုက်မယ့် **ဤလူ့ဘောင်တွင်** ဇာတ်ကားအတွက် ကင်မရာမင်းလိုအပ်လာတာ သိရတဲ့အချိန်မှာပဲ မန္တလေးရုပ်ရှင် အုပ်ချုပ်ရေးတာဝန်ခံ လူကြီးများက ရန်ကုန်က ကင်မရာမင်း အခြားဘယ်သူရှိသေးလဲ၊ ဘယ်သူ့ကို ခေါ်မှာလဲ စသည်ဖြင့်စကားများ ပြောကြဆိုကြရင်း ဝင်းလိုက် ရုပ်ရှင်ရုံပိုင် ဦးကျော်ဝင်းက ဦးသန့်ကိုခေါ်ပြီး တိုင်ပင်ကြတာပေါ့ ဆိုပြီး ဦးသန့်ကို ခေါ်လိုက်ကြတယ်။

ဦးသန့် ပြောတာကတော့-

'ရန်ကုန်က ဘယ်သူ့ခေါ်ခေါ်လွယ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ခေါ်တဲ့လူက သူ့ကိုကျွန်တော်တို့မပိုင်ဘူး မဟုတ်လား၊ အကယ်၍ ရန်ကုန်က ဒီလူကို ရိုက်စရာလေး ကျန်နေတာ လာရိုက်ပေးဖို့ခေါ်တဲ့အခါ သူပြန်သွားပြီးလုပ်ပေးရမှာပဲ။ ဒီတော့ ကျွန်တော်တို့က သူပြန်လာတဲ့အထိ စောင့်နေရမှာ၊ ခုပဲကြည့်လေ ကင်မရာမင်း ကိုထွန်းလှိုင်လည်း ပြန်သွားပြီ၊ သူတို့က ဟိုမှာမလုပ်ရင် မဖြစ်ဘူးမဟုတ်လား။ ဒီတော့ မန္တလေးရုပ်ရှင်အနေနဲ့ ကျွန်တော့်ရဲ့ရည်ရွယ်ချက်ကို ပြောရရင် သရုပ်ဆောင်အလုပ်တွေက လွဲလို့ အလုပ်လုပ်ငန်းစဉ်တွေ လုပ်တဲ့အခါမှာ ကိုယ့်ခြေကိုယ့်လက်ဖြစ်ဖို့ပါပဲ။ ဒါရိုက်တာတွေက ရိုက်မယ်ဆိုရင် ညသန်းခေါင်အချိန်မှာပဲ ထရိုက် ရိုက်၊ နံနက် ၄ နာရီအချိန်မှာပဲ ထရိုက်မလား ရတယ်၊ ကျွန်တော်တို့ လူတွေကအဲသလိုလူတွေဖြစ်ရမယ်။ ဒါ့ကြောင့် ခု ကင်မရာမင်း လိုအပ်လာတယ် မဟုတ်လား။ ဘာမှမပူ... မောင်ပေါ ရှိတယ်'တာဝန်ခံလူကြီးများက ဘာမှမပြောဘဲ ငြိမ် နေကြတယ်။ ဦးသန့်က ဆက်ပြောတယ်။

'ခင်ဗျားတို့က မောင်ပေါနဲ့ ဖြစ်မှဖြစ်ပါ့မလားလို့ထင် ချင်ထင်ကြလိမ့်မယ်၊ **ဘဝသံသရာ** ဇာတ်ကားမရိုက်ခင် ကတည်းကိုက ရောက်လာတဲ့ ကင်မရာကို ကျွန်တော်က မောင်ပေါကို သင်ပြပေးခဲ့လို့ ဒီကောင်အားလုံးလုပ်တတ်နေပြီ ပြီးတော့ ရုပ်ရှင်နဲ့ပတ်သက်... ကလက်ရိုက်တာ၊ မှတ်တမ်း... ရေးတာ၊ ဇာတ်ကားတည်း... ဖြတ်တာ၊ ဖလင်ဆေး၊ ဖလင်... ကူး၊ အားလုံးပြောပြ သင်ပြ... ပေးထားလို့ အားလုံးသဘော... ပေါက်နားလည်နေပြီ။ ဒီတော့ ခုရောက်လာတဲ့ မြင်ကွင်းကျယ်... စီနီမာစကုတ်ကင်မရာကြီး... လည်း ဒီကောင် လေ့လာကြည့်ပြီးသွားပြီ၊ အဲဒီတော့ ဒါရိုက်တာ ရွှေဒုံးဘီအောင်ရဲ့ **ဤလူ့ဘောင်တွင်** ဇာတ်ကား... ကင်မရာမင်းအဖြစ် မောင်ပေါက တာဝန်ယူရိုက်ပေး... မယ်'လို့ပြောပြီး ဆွေးနွေးပွဲပြီးသွားပါတယ်။ အဲဒီနောက် ... ကန်တော့ပွဲပေးပြီး **ဤလူ့ဘောင်တွင်** ဇာတ်ကားကို စတင်... အတွင်း တိုက်ခန်းအဆောက်အဦးမှာ မြင့်မြင့်ခင်နဲ့ ဦးကျော်... လုံး၊ ဦးချမ်းထွန်းတို့ကို စတင်ရိုက်ကြပါတယ်။ မန္တလေး... ရှင်မှ တာဝန်ရှိလူကြီးများလည်း လာရောက် ကြည့်ရှု... တယ်။ ကျွန်တော်ကိုယ်တိုင် စီနီမာဘိုင်စကုတ်ကင်မရာ... နေရာအရွှေ့အပြောင်း၊ အနိမ့်အမြင့်၊ အနီးအဝေး စသည်...



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ချက်များရိုက်ပြီး၊ နောက်ထပ် သံပိုက်လုံးခင်းထရော်လီနဲ့ ရှေ့တိုးနောက်ဆုတ်။ စသည့် စသည့် ရိုက်ချက်များ ကျင်လည်စွာ ကိုင်တွယ်ရိုက်ကူးနေတာကို တာဝန်ရှိသူများက ကျွန်တော့်ကို ယုံကြည်စိတ်ချတဲ့ဟန်တွေနဲ့ ကြည့်ပြီး ပြုံးပြုံးဆက်သွားကြပါတယ်။

ဒီအခန်းပြီးသွားပြီးတဲ့နောက် ကျွန်တော်တို့ အောက်ဒိုးမြင်ထွက်ရိုက်ဖို့ စီစဉ်ကြပါတယ်။ ဘာအခန်းလဲဆိုတော့ ရွှေနန်းဆီသို့ သီချင်းနဲ့ မြင့်မြင့်ခင်ကို မန္တလေးတောင်ပေါ်မှာ သွားရိုက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကင်မရာကြီးကို ဒါးလုံးမှာကြိုးများနဲ့ ချည်၊ လူနှစ်ယောက်ထမ်းစေပြီးတော့ တောင်ပေါ်တက်ရပါတယ်။ နောက်ပြီး အောင်ပင်လယ်ရွာ၊ နန်းကင်းတောင်၊ ဧရာဝတီမြစ်၊ ချောင်၊ မင်းကွန်း၊ ရွှေကြက်ယက်ဘုရား၊ မဟာမြတ်မုနိဘုရား အဲသလို ရှုခင်းတွေပါ လှည့်ပတ်ရိုက်ခဲ့ရပါတယ်။ ပါဝင်သူဇာတ်ဆောင်များက ထွန်းဝေ၊ မြင့်မြင့်ခင်၊ မောင်မောင်တာ၊ ဦးကျောက်လုံး၊ ဦးချန်ထွန်းတို့ ဖြစ်ကြပါတယ်။

ဒါရိုက်တာ ရွှေဒုံးဘီအောင်ရဲ့ **ဤလူ့ဘောင်တွင်** ဇာတ်ကား ရိုက်ပြီးသွားတော့ မင်းသားထွန်းဝေက ကျွန်တော်မန္တလေးမှာ ရှိနေတုန်း ခင်ဗျားတို့ ဇာတ်လမ်းအဆင်သင့်ရှိလို့ ဆက်ရိုက်ချင်ရင် ကျွန်တော်ရန်ကုန်မပြန်သေးဘဲ အပြီးထိရိုက်ပေးနိုင်ပါတယ်လို့ တာဝန်ရှိသူများကိုပြောတော့ လူကြီးများကလည်း ဒါရိုက်တာ လှမြင့်နဲ့ မင်းသမီးခင်ယုမေကို ဖုန်းဆက်အကြောင်းကြားပြီး မင်းသားထွန်းဝေ၊ ခင်ယုမေ၊ ဇာတ်ကားအမည် **ကိုယ်ပိုင်မေတ္တာ** ကြော်ငြာထည့်လိုက်ပြီး ဆူလွယ်နပ်သွယ် ရိုက်လိုက်ကြပါတယ်။

ရိုက်ပြီးဖလင်များ ရေစိမ်နေတဲ့အချိန် ကျွန်တော်လည်းအနားရလို့ အိမ်မှာရှိနေတုန်း ARRI FLEX ကင်မရာများ ရေဆေးဆိုလိုက်သန့်ရှင်းရေးလုပ်နေစဉ် မန္တလေးရုပ်ရှင်၏ကုမ္ပဏီပိုင်ရှယာဝင်လူကြီးများဖြစ်ကြသည့် ဦးကျော်မင်း၊ ဦးကျော်ဝင်း (မင်းမင်းဘုရားသားရုပ်ရှင်ရုံပိုင်များ)တို့ဧည့်သည်တစ်ယောက်နဲ့ အတူရောက်ရှိလာကြပြီး ကျွန်တော်နဲ့ မလှမ်းမကမ်းက အပြေပြင်အောက်ကထိုင်ခုံမှာ သွားထိုင်လိုက်ကြပါတယ်။ ခဏနေတော့ ဦးကျော်မင်းက-

'ကိုပေါ်ရေ ခဏလာပါဦး'လို့လှမ်းခေါ်တော့ ကျွန်တော်တို့အနားသွားထိုင်လိုက်တယ်။ အဲဒီအချိန်မှာပဲ ဦးသန့်က ကျွန်တော် ပထမထိုင်နေတဲ့ နေရာလေးမှာ လာထိုင်ပြီး စာဖတ်နေတယ်။

ဦးကျော်မင်းက သူ ခေါ်လာတဲ့ဧည့်သည်ကို ဘာပြောဆိုတော့-

'ဒီမယ် ကိုဝင်းမောင် ကျွန်တော်တို့မှာ ရှိတဲ့ ကင်မရာက မြန်မာနိုင်ငံက ARRI FLEX အမျိုးအစားပဲ။ ခင်ဗျားတို့ ဟာက ဘယ်လိုဟာလဲ'

'ကျွန်တော်တို့ ကင်မရာက MICHELL အမျိုးအစား၊ ဈေးသိပ်ကြီးတယ်ဗျ၊ ဒီကင်မရာက Fade in fade out လုပ်လို့ရတယ်။ Mix လည်း လုပ်လို့ရတယ်။ နောက်ပြီး နှစ်ကိုယ်ခွဲတာလည်း လုပ်လို့ရတယ်။ ခင်ဗျားတို့ ARRI FLEX ကင်မရာတွေက အမှန်မှာတော့ သတင်းရိုက်တဲ့ကင်မရာတွေဗျ။ Fade တို့ Mix တို့လုပ်လို့မရဘူး။ ကျွန်တော်တို့က သိပ်မကြိုက်ဘူး'

ဒါနဲ့ ဦးကျော်မင်းက ကျွန်တော့်ကို-

'ခုနကပြောတဲ့ ကင်မရာကိုမြင်ဖူးလား'လို့မေးတော့ ကျွန်တော်က-

'မြင်ဖူးပါတယ်'လို့ ဖြေလိုက်တော့-

'ဘယ်မှာ မြင်ဖူးတာလဲ'လို့ ထပ်မေးတယ်။

'ညွှန့်မြန်မာရုပ်ရှင်မှာ ရှိပါတယ်'

'အဲဒါ ဘယ့်နှယ်နေလဲ'

'ကျွန်တော်ကတော့ မကြိုက်ဘူး ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မကိုက်ဘူး။ MICHELL ကင်မရာက တန်ဖိုးလည်း ကြီးတယ်၊ လေးလည်းလေးတယ်၊ လူနှစ်ယောက် သုံးယောက်မ,ရတယ်။ အလုပ်လုပ်ရာမှာ မတွင်ကျယ်ဘူး၊ အချိန်ကုန်တယ်၊ ကျွန်တော်တို့ကင်မရာက တစ်ယောက်တည်းလည်း ဆွဲယူသွားလို့ရတယ်၊ ပေ ၂၀ -၃၀ လောက်များ ရိုက်မယ်ဆိုရင် ဒေါက်တင်ဖို့တောင် မလိုဘူး။ ပခုံးပေါ်တင်ပြီးရိုက်လိုက်တာနဲ့ ကိစ္စပြီးတယ်၊ အချိန်မကုန်ဘူး၊ အလုပ်တွင်ကျယ်တယ်၊ အရုပ်ထွက်လည်း ကောင်းတယ်'လို့ ပြောလိုက်တော့ ကိုဝင်းမောင်က-

'ဒါပေမဲ့ မှန်ဘီလူးကျတော့ မတူဘူးဗျ'လို့ပြောပါတယ်။ ဒီတော့ ကျွန်တော်က-

'ခင်ဗျားတို့ မှန်ဘီလူးက ဘာအမျိုးအစားလဲ'လို့မေးလိုက်တော့ သူ ဘာပြောရမှန်း မသိဘူး၊ ကျွန်တော့်ကို အမ်းပြီးကြည့်နေတယ်။

ဒီတော့ ဦးသန့်က စာဖတ်နေရာမှ ထလာပြီး ပြောပါတယ်။

'ဒီ MICHELLကင်မရာဆိုတာ ကောင်းပါတယ်ကွာ၊ စတူဒီယိုတွေထဲမှာ ကရိန်းပေါ်တင်ထားပြီး ရိုက်ကြတာ။ ရှေ့တိုးနောက်ဆုတ်၊ အပေါ်အောက်၊ နံဘေးပတ်လည် ကြိုက်သလို ရိုက်လို့ရတယ်၊ ဈေးလည်းကြီးတယ်၊ စီးစီးပိုင်ပိုင်ရှိတယ်။ မောင်ပေါ်ပြောသလို ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့တော့ မကိုက်ဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံက လူတွေက ပေါ့ပေါ့ပါးပါးပြေပြေလွှားလွှားရိုက်ကြတာမျိုး ကြိုက်တာ။ အချိန်မြန်မြန်ပြီးတယ်။ ကွာလတီဖြစ်ဖို့တွေဘာတွေ ဦးစားပေး စဉ်းစားနိုင်တာ မဟုတ်ဘူး၊ မြန်မြန်ပြီးဖို့ပဲ။ MICHELL ကင်မရာက ဈေးလည်းကြီးတယ်။ ကောင်းလည်းကောင်းတယ်။ ကျွန်တော် နောက်ဆုံးပြောချင်တာက နောက်တော့ ရန်ကုန်က လူတွေကပါ MICHELL ကင်မရာကို ဝယ်သုံးကြပါလိမ့်မယ်၊ ဒါလောက်ပဲ ပြောပါရစေ'

www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက် ဦးသန့်နဲ့သူတို့ စကားတွေ ဆက်ပြောနေကြပြီးခဏနေတော့ ဦးကျော်ဝင်းတို့ပြန်သွားကြတဲ့အခါ ဦးသန့်က ကျွန်တော့်ကို ခေါ်ပြောပါတယ်။

'ညည်သည်နဲ့မင်း ရန်ဖြစ်မှာစိုးလို့ ငါ ဝင်ပြောရတာ။ ဟိုလူက သူ့ကင်မရာ မှန်ဘီလူးကောင်းကြောင်းပြောနေတာ။ မင်းက ခင်ဗျားမှန်ဘီလူးဘာအမျိုးအစားလဲလို့ မေးလိုက်တော့ ဟိုလူ ဘာပြောရမှန်းမသိဘူး။ ကြောင်သွားတယ်။ သူက မင်းကို အန်းကြည့်နေတယ်။ ဒါ့ကြောင့် ငါလာပြီး သူ့ကင်မရာကောင်းကြောင်း ပြောပြလိုက်တာပါ။ နောက်ကို ဘယ်သူတွေ ဘာပြောပြော မင်းဘာမှပြန်မပြောနဲ့။ ခုငါပြောချင်တာက မင်းတို့တစ်တွေ ရုပ်ရှင်နဲ့ ပတ်သက်လို့ လုပ်နိုင်ကိုင်နိုင်နေကြပါပြီ။ ငါ အနားယူတော့မယ့်အကြောင်း ပြောလိုက်ပါဦးမယ်။ ဒီတော့ မင်းသာ ဒီလူတွေနဲ့သင့်မြတ်အောင်ကြည့်နေပေါ့ကွာ' လို့ ပြောပြီးပြန်သွားပါတယ်။

ဒီလိုနဲ့ကျွန်တော် ရုပ်ရှင်လုပ်ငန်းတွေနဲ့ မအားမလပ်အောင်ဖြစ်နေတုန်း တစ်နေ့တော့ ကိုဗစိန်နဲ့ ကိုအေးဖေတို့ ကျွန်တော့်ဆီရောက်လာကြပြီး ဘာပြောလဲဆိုတော့-

'ကိုဘိုခင်က မြို့မအသင်းအမှုဆောင်ဖွဲ့ဖို့ ကိုပေါကိုလည်း ခေါ်ခဲ့ပါလို့ ပြောတယ်တဲ့'

'ဒါတော့ အဓိပ္ပာယ် မရှိဘူးဗျာ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါ။ ကိုဘိုခင်က အသင်းကလူကြီးတွေကို အရေးမစိုက်ဘဲ သူ့ခြေသူ့လက် ကိုယ်ပိုင်ထောင်ထားတဲ့ အဖွဲ့လိုလုပ်နေတာ လေးငါးနှစ်ရှိနေပြီ ခင်ဗျားတို့လည်း အသိပဲ။ ဒီလူ တစ်ခုခုဖြစ်နေလို့ အမှုဆောင်ဖွဲ့ရအောင်တို့ ဘာတို့ပြောနေတာ။ ခင်ဗျားတို့သွားချင်သွား၊ ကျွန်တော်တော့ မလိုက်ချင်ဘူး' လို့ပြောလိုက်တော့ ကိုဗစိန်တို့ပြန်သွားကြတယ်။ နောက်တစ်နေ့မနက် ကိုဗစိန်နဲ့ကိုအေးဖေတို့နှစ်ယောက် ကျွန်တော့်ဆီ တစ်ခေါက်ပြန်လာကြပြီး ပြောကြပြန်ပါတယ်။

'ဘိုခင်က တီးဝိုင်းပစ္စည်းတွေကို ဇမ္ဗူအေးရုပ်ရှင်က ဒေါ်မြင့်မြင့်ဆီမှာ ထားခဲ့တယ်လို့ပြောတယ်။ အတွင်းရေးမှူး ဦးဘကြင်ကလည်း အသင်းက ထွက်စာပေးသွားတယ်'

'အဲဒါ မဟုတ်သေးပါဘူးဗျာ။ ဘာအဓိပ္ပာယ်မှ မရှိပါဘူး' လို့ ကျွန်တော်ပြောပြီး ကိုဗစိန်၊ ကိုအေးဖေနဲ့ ကျွန်တော်တို့ သုံးယောက်စကားပြောနေတုန်း ကလာရီနက် ကိုကောင်းညွန့်က တက်ထောင်မောင်းနှင်းရောက်လာပြီး-

'မောင်ပေါတို့၊ ကိုဗစိန်တို့ ဘိုခင်လုပ်ပေါက် မဟုတ်ဘူး နော်။ ငါကတော့ တိုင်မှာဗျ။ ငါ လက်ဖက်ရည်ဆိုင်မှာ ထွန်းစိန်ပြောတာ ကြားလာလို့ မင်းတို့ဆီပြေးလာတာ'

'ကျွန်တော်တို့လည်း ခုပဲ ကိုဘိုခင်အကြောင်းပြောနေကြ တာ။ ဒီတော့ ခင်ဗျား ပြောသလို အလွဲသုံးစားလုပ်တယ်ဲ ထား။ စကားတွေမပွခင် ကျွန်တော်ကိုယ်တိုင်သွားပြီး မေး ပါဦးမယ်' လို့ ပြောလိုက်တော့ ကိုဗစိန်၊ ကိုအေးဖေနဲ့ ကိုကောင်းညွန့်တို့ ပြန်သွားကြတယ်။

ကျွန်တော်လည်း ကိုဘိုခင်ဆီမသွားခင် သူ့ကိစ္စစဉ်းစား နေတုန်း အမှတ်မထင် ကိုဘိုခင် ကျွန်တော့်ဆီရောက်လာပါ တယ်။ ကျွန်တော်က သူ့ကိုဘာမှမပြောခင် သူက-

'ခင်ဗျားလည်း ကျွန်တော့်အကြောင်း ကြားပြီးရောပေါ့ ကိုကောင်းညွန့်ကတော့ တိုင်မယ်တကဲကဲလုပ်တယ်လို့ ကြား တယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိတော့ပါဘူးဗျာ'

'ခုတိုင်း ကျွန်တော် သိရသလောက်တော့ ခင်ဗျား လုပ် တွေ မဟုတ်ဘူး'

'ဟုတ်ပါတယ် ကိုပေါရာ၊ ကျွန်တော် မှားပါတယ်။ လွန်လက်လွန်တွေ လုပ်မိပြီးမှ သတိရတော့ ဘာမှမတတ်နိုင် တော့ဘူးဗျာ'

'ဒီကိစ္စမျိုးတွေက ပြောရဆိုရ ရှင်းရလင်းရတာ မလွယ်ဘူးနော်။ ဘာပြုလို့လဲဆိုတော့ မြို့မတူရိယာ အသင်း ဟာ ဘယ်သူ့အသင်းလဲလို့မေးရင် ခင်ဗျား ဘယ်လိုပြော လဲ'

'ဟုတ်ပါတယ် ကို ရာ။ ဘယ်သူမှမပိုင်ဘူးဆို သိပါတယ်ဗျာ'

'ခင်ဗျားကလည်း ပြ နာဖြစ်လာမှပဲ သိတော့တာ မြို့မဆိုတာ နာယကလူကြီး တွေ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စာရင်းစစ်၊ ဂီတမှူး၊ ဝိုင်းအ စသည်ဖြင့် ဖွဲ့စည်းထား အသင်း၊ ဒါကိုခင်ဗျားက ခင်ဗျားအိမ်ကို အသင်းပစ္စည်း ပြောင်းရွှေ့ယူသွားပြီး ကိုယ်ပိုင်ထောင်ထားတဲ့ အဖွဲ့လို ဖွဲ့စည်းထားတဲ့ အမှုဆောင်ဆိုတာကိုလည်း သတိမရ။ ယောက်တည်း ဆုပ်ကိုင်ထားပြီးလုပ်နေတာ ဘယ်ဟုတ် ဗျ။ ဖြစ်လာတဲ့အပြစ်တွေပြောနေလို့လည်း ဘာမှထူးလာ မဟုတ်ဘူး၊ ဒီတော့ ခင်ဗျား ဘာလုပ်မလဲ'

'ကျွန်တော်လည်း ဘာမှမလုပ်တတ်တော့ပါဘူး ခင်ဗျားတို့ ကြိုက်သလိုသာ လုပ်ကြပါတော့'

'ခင်ဗျား အဲသလို လက်လွှတ်စပယ်တော့ မပြော အသင်းနာမည် ပျက်မယ်ဗျ။ အသင်းတော့ နာ အ

ဆရာညိန်း သီချင်းရေးတာက သေသေချာချာ စားပွဲနဲ့ ကုလားထိုင်နဲ့ စမတ်ကျကျထိုင်ပြီး ရေးနေတာမဟုတ်ဘူး နဂိုကထိုင်နေမိတဲ့ ခုံကလေးမှာထိုင်ရင်း ညာဒူးတစ်ဖက်ကို ထောင်ထားပြီး စာရွက်ပေါ်မှာ အာရုံစိုက်ပြီး ခဲတံတိုကလေးနဲ့ ရေးနေတာ။ ခဲတံကမထင်ဘဲ မှိန်နေရင် အဲဒီခဲတံကို ပါးစပ်က တံတွေးနဲ့ဆွတ်လိုက်သေးတယ် ဆရာညိန်းကိုကြည့်ရတာ ဘာဟန်ဆောင်မှုမှ မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီဘူး။ ကဲ ဒီတော့ဒီလိုလုပ်၊ ခင်ဗျားအနေနဲ့စာရေးလိုက်၊ အကြောင်းကတော့ ကိုဘိုခင်တီးဝိုင်းထောင်ပြီး ကြေးစားလုပ်တော့မယ်လို့ စိတ်ကူးပါတယ်။ ဒါ့ကြောင့် မြို့မအပျော်တမ်းဂီယာအသင်းမှ ထွက်ခွင့်ပြုပါမည့်အကြောင်း စကားလှအောင် ကြည့်ရေးလိုက်ပေါ့ဗျာ။ ခင်ဗျားရဲ့စီးပွားရေးပဲ၊ ကျွန်တော် အကြံရသလောက်တော့ ဒါပဲ။ အသင်းအနေနဲ့ကတော့ ပစ္စည်းတွေကို ကျွန်တော်ကိုယ်တိုင်သွားပြီး ပြောဆိုယူခဲ့ရမှာပေါ့ဗျာ။ ဗမ္ဗုအေးရုပ်ရှင်ဒေါ်မြင့်မြင့်ဆိုတာ ကျွန်တော်နဲ့ခင်ပါတယ်။ ရုပ်ရှင်သမားအချင်းချင်းဆိုတော့ ပြောရဆိုရတာ နားလည်မှု ရှိမှာပါ'

ဒီလိုနဲ့ နောက်များမကြာမီ ကိုဘိုခင်က ယူနီဗာဆယ်ခန်းမှာ မြို့မနဲ့ပတ်သက်တဲ့လူကြီးများနဲ့ အသင်းသားများအားလုံးကို ဖိတ်ကြားပြီး သူ့ကိစ္စကို တင်ပြရာ လူကြီးများက ဘာမှထူးထူးထွေထွေမပြောတော့ဘဲ အသင်းမှထွက်ခွင့်ပြုလိုက်ပါတယ်။ ဒီနောက် လူကြီးများက မြို့မအသင်းတည်တံ့ ခိုင်မြဲအောင် စည်းကမ်းရှိရှိညီညီညွတ်ညွတ် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြဖို့ ဆုံးမစကားများ ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြပါတယ်။

မြို့မအသင်းက ကိုဘိုခင်ထွက်သွားတော့ တီးမှုတ်သူသုံးယောက် (ကလာရီနက်၊ ထရန်ပက်၊ ဆိုက်ဖိုဖုန်း)နဲ့ တေးသံရှင်ကိုဖူးအုံ၊ ပေါင်းလေးယောက် ကိုဘိုခင်နောက်လိုက်သွားကြပါတယ်။ (နောက်သိပ်မကြာမီမှာဘဲ ကိုဘိုခင်တည်ထောင်တဲ့ 'ဒီဂီ' ဆိုတဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ပေါ်ပေါက်လာပါတယ်။)

ကျွန်တော်လည်း ရက်မဆိုင်းတော့ဘဲ ရန်ကုန်ကို ဆင်းသွားပါတယ်။ ဗမ္ဗုအေးရုပ်ရှင် ဒေါ်မြင့်မြင့်နဲ့ တွေ့တော့မှ ကျွန်တော် အကြောင်းစုံသိရတော့ ကျွန်တော်က ဒေါ်မြင့်မြင့်ကို တောင်းပန်ရင်း ပြောပြရတယ်။

'ဒီတော့ မမမြင့်ရယ် ကျွန်တော့်အနေနဲ့ ခုလောလောဆယ် ဒီပစ္စည်းတွေကို ယူသွားပြီး ပွဲတီးပြီး ပြန်ဆပ်ပါ့မယ်'လို့ အာမခံပြီးလက်မှတ်ထိုးယူခဲ့ရပါတယ်။ အဲဒီနောက် ရန်ကုန်မှာ အခြေထောင်ကျနေတဲ့ မြို့မအသင်းသား ဦးလှဒင်(တာပလာဦးလှဒင်၊ မြို့မ ကနဦးတည်ထောင်သူများမှတစ်ဦး)ကို မန္တလေးအတူလိုက်ခဲ့ဖို့ ကျွန်တော် ခေါ်လာခဲ့ပါတယ်။

ကျွန်တော် မန္တလေးရောက်ပြီးနောက်တစ်နေ့ မြို့မနာယကကြီး ရတနာပုံဆီစက်ပိုင်ရှင် ဦးအေးမောင်က ကျွန်တော့်ကို ခေါ်ပြီးပြောပါတယ်။

'မင်းခုလို အသင်းအတွက် ပျက်စီးမသွားအောင် ထိန်းသိမ်းစောင့်ရှောက်နေတာ ကောင်းပါတယ်ကွာ။ မြို့မအသင်းကို ဒါးတန်းဝင်းထဲရောက်လာကတည်းက ငါ့အနေနဲ့ အသင်းအတွက်လိုအပ်တာမှန်သမျှ ငါလုပ်ပေးနေတာပဲ၊ မြို့မငြိမ်းဆိုရင်လည်း အသင်းအတွက် သီချင်းရေးလာပြီဆိုရင် ငါ့အနေနဲ့အမြဲတမ်း ဉာဏ်ပူဇော်ခချီးမြှင့်ခဲ့တာပဲ မဟုတ်လား။ နောက်ပြီး ရွှေခန်းထိမ် ဦးအောတို့၊ ဝါးတန်းဦးစိန်ကြည်၊ ဝင်း-မင်း-ဝင်းဘရားသားတို့၊ စောင်းကောက်ကိုချစ်ဆွေ၊ ရွှေမဝကို တင်မောင်တို့ ကုန်ကုန်ပြောရရင် မန္တလေးမြို့ကုန်သည်၊ ပွဲစားဦးမောင်ကိုတို့၊ ဈေးချိုသူ၊ ဈေးချိုသား၊ တစ်မြို့လုံးဆိုပါတော့ကွာ မင်းတို့မြို့မကို မြှောက်စားခဲ့တာပဲ မဟုတ်လား။ မင်းက လူရင်းဖြစ်နေတော့ မင်းဆရာဦးသန့်လည်း ရှိနေတာပဲ၊ ဘာမှအားမငယ်ပါနဲ့၊ အကြောင်းရှိရင်ပြောပေါ့'

ဒါနဲ့ အဲဒီနှစ်(၁၉၆၅ခုနှစ်)ထဲမှာပဲ ကျွန်တော် အားချင်း အစည်းအဝေးခေါ်ပေးပြီး မြို့မအသင်းအုပ်ချုပ် လုပ်ကိုင်ဖို့အတွက် အမှုဆောင်ကော်မတီရွေးချယ်ဖို့ ဆောင်ရွက်ပါတယ်။ ဦးလှဒင်နဲ့ ဦးသောင်းတို့က ရွေးချယ်တင်မြှောက်ပေးတဲ့ အသင်းသားများက-

ဥက္ကဋ္ဌ-----------ဦးသောင်း
အတွင်းရေးမှူး-------ကိုအေးဖေ
တွဲဖက်အတွင်းရေးမှူး--ကိုပေါ
စာရင်းစစ်---------ကိုမြမောင်(ရွှေဆိုင်)
ဘဏ္ဍာရေးမှူး-------ကိုဇစိန်
ပစ္စည်းထိန်း------မောင်ညွန့်ဝေနဲ့ ကိုစိန်ဝင်း
ပြန်ကြားရေး------မောင်ထွန်းစိန်တို့ ဖြစ်ကြပါတယ်။

ခုလိုဖွဲ့စည်းပြီး ပထမဆုံးတီးရတဲ့ပွဲကတော့ ကျောက်သွေးတန်းဗမာ့ခေတ်သတင်းစာတိုက် ဖွင့်ပွဲပါပဲ။ ကျွန်တော်တို့ လောလောဆယ် လိုအပ်နေသော စန္ဒရားကို စန္ဒရားပြုပြင်ရေးဦးစိန်ထံမှ ငှားပြီး ပွဲဦးထွက်စတင်တီးပေးရပါတယ်။ အဲဒီလိုနဲ့ တဖြည်းဖြည်းပွဲတီးတွေ အတော်လိုက်နေရပြီး အရှိန်ရလာချိန်မှာ အတွင်းရေးမှူး ကိုအေးဖေရဲ့အုပ်ချုပ်လုပ်ကိုင်ပုံများကို မကျေနပ်ကြလို့ အမှုဆောင်ဆုံးဖြတ်ချက်နဲ့ ကိုအေးဖေ အသင်းမှ နုတ်ထွက်သွားရပါတယ်။ ဒီတော့ ပထမအတွင်းရေးမှူးနေရာမှာ ကျွန်တော့်ကို တင်မြှောက်လိုက်ကြပါတယ်။ ဒီတော့ ကျွန်တော်က-

'ခုလိုတင်မြှောက်တာ ကျွန်တော့်အနေနဲ့ဝမ်းသာပါတယ်။ သို့သော်လည်း ကျွန်တော်က မန္တလေးရုပ်ရှင်ရဲ့ ကင်မရာမင်း ဖြစ်နေတော့ ရုပ်ရှင်ရိုက်ကြပြီဆိုရင် ဇာတ်လမ်းအရ မပြီးမချင်း သွားချင်တဲ့နေရာသွား၊ ရောက်ချင်တဲ့နေရာ ရောက်ပြီး ရိုက်ကြရတော့ ကျွန်တော့်အနေနဲ့ အသင်းနဲ့ကင်းကွာနေရတာ မကောင်းပါဘူး။ ဒီတော့ကျွန်တော့်ကို မတင်ကြပါနဲ့လို့ ပြောချင်ပါတယ်'လို့ ကျွန်တော်က ပြောတော့ ဥက္ကဋ္ဌကြီး ဦးသောင်းက-

'မင်းကိုငါတို့က အချိန်အခါနဲ့ လတ်တလောကို ကြည့်ပြီး ပြောတာပါ။ မင်းလုပ်မှကို ဖြစ်မှာမို့လို့ ငါတို့ကတင်ကြတာပါ၊ ဘာကြောင့်လဲဆိုတော့ ဘိုခင်ကိစ္စကို မင်းကဖြေရှင်းလုပ်ကိုင်ပေးလိုက်လို့ ခုလိုအေးအေးဆေးဆေး အဆင်ပြေသွားတာ။ နို့မဟုတ်ရင် ဘိုခင်လည်း ဒုက္ခများမယ်။ ငါတို့အသင်းလည်း နာမည်ပျက်မယ်။ နောက်ပြီး ဘာကြာသေးလို့လဲ။ ကိုအေးဖေ ကိစ္စလည်း မင်းပဲ အဆင်ပြေအောင်လုပ်လို့ ကိုအေးဖေလည်း နာမည်မထိခိုက်ဘဲ အေးအေးဆေးဆေးပဲ မဟုတ်လား။ ဒါ့


www.burmeseclassic.com

www.burmeseclassic.com

ကြောင့် မင်း လုပ်မှဖြစ်မှာမို့လို့ ငါတို့က ပြောတာပါ။ အဲဒီတော့ ဒီတစ်နှစ်လောက်တော့ မင်း လုပ်နိုင်မှာပါ'

'ခင်ဗျားတို့ ခုလောက်ပြောနေမှတော့ ကျွန်တော် လုပ်ပါ့မယ်။ ဒါပေမဲ့ ကျွန်တော့်ကိစ္စကိုတော့ ခင်ဗျားတို့ကို ပြောထားမယ်။ ဘာလဲဆိုတော့ ဒါရိုက်တာ ကိုမြတ်လေးက ဇာတ်ကား ၃ ကား ရိုက်ဖို့ ပြင်ဆင်ထားတယ်။ အဲဒါ မင်း ရိုက်ပေးရမယ် ဆိုပြီး ကျွန်တော့်ကို ပြောထားတာရှိတယ်။ ခုလောလောဆယ်တော့ မဟုတ်သေးပါဘူးတဲ့'

'အေးပါကွာ၊ ခု မင်းလုပ်လိုက်ပါဦး။ မင်းကိစ္စ၊ မင်းသွားရမယ့်နေ့ကျတော့ သွားပေါ့။ ငါတို့ ကျေနပ်ပါတယ်'

**ကျောက်ဘီလူးနဲ့ပပဝင်း** ဇာတ်ကားရိုက်ပြီးလို့ ဇာတ်ကား ကားဆက်မည့်အချိန်ရောက်တဲ့အခါ ရန်ကုန်မှ ကားဆက်ဆရာ တစ်ယောက် ခေါ်ထားသဖြင့် ကားဆက်ဆရာက ရိုက်ပြီး ဖလင်တွေကို စိစစ်တဲ့အခါမှာ ဖလင်ပေပေါင်း ခုနစ်သောင်းကျော်ရိုက်ထားကြောင်း သိရှိသွားပါတယ်။ ပယ်ရမည့် ဖလင်တွေကိုရွေးထုတ်တာက ပေပေါင်း ၂၀၈၀၀ ပစ်လိုက်ရပါတယ်။ ဆက်ရမည့် ဖလင်တွေကို ရွေးထုတ်လိုက်တော့ ပေပေါင်း ၅၄၂၀၀ကို ဆက်ရမှာ ဖြစ်ပါတယ်။ အဲဒါ သုံးရက် လုပ်တာဖြစ်ပါတယ်။ သူ့တွက်ကိန်းက ၅၄၂၀၀ ပေကို ၁၃၅၀၀ သို့မဟုတ် ၁၄၀၀၀ ပေရဖို့ ဆက်ရမယ်ဆိုတော့ ပေပေါင်း ၄၀၀၀၀ ဖြတ်မှ လိုချင်တဲ့ ၁၄၀၀၀ ပေကိုရုံတင်ပြသရမှာဖြစ်ပါတယ်။ ဒီတော့ သူ့ခမျာ အတော်ဦးနှောက်ခြောက်သွားပုံရပါတယ်။ ဒါနဲ့ ရန်ကုန်မှာ လက်စသတ်စရာလေးဖြတ်ဖို့ ဖုန်းဆက်ပြောလို့ နှစ်ရက်လုပ်ပြီး ပြန်လာခဲ့မယ် ပြောပြီး ပြန်သွားတာပေါ်မလာတော့ပါဘူး။ ဒီတော့ မန်နေဂျာက မောင်ပေါကို အလုပ်ခိုင်းမယ်ဆိုပြီး ကျွန်တော့်ကို ခေါ်ပြောပါတယ်။ ကျွန်တော်က ဘယ်လောက်ပေးမှာလဲလို့ မေးလိုက်တော့ မန်နေဂျာက ငါ လူကြီးတွေကို ပြောပြလိုက်ပါဦးမယ်ဆိုပြီး ဖုန်းနဲ့သွားပြောတယ်။ ပြီးတော့မှပြန်လာပြီး ကျွန်တော့်ကို ပြောတယ်။ သုံးထောင်တော့ မလုပ်ပါနဲ့တဲ့ တစ်ထောင်ယူပါလို့ ပြောတယ်။ ဒီတော့ ကျွန်တော် ပြန်ပြောလိုက်တာက-

'ရန်ကုန်ကလူကို ခင်ဗျားတို့ပေးရင်လည်း သုံးထောင်ပေးရမှာပဲ မဟုတ်လား။ ကျွန်တော့်ကိုတော့ ဘာလို့မပေးနိုင်ရတာလဲ။ တကယ်တမ်းစေတနာရှိရင် ငါးထောင်တောင် ပေးဖို့ကောင်းတယ်။ ဘာပြုလို့လဲဆိုတော့ ခင်ဗျားတို့ ဝန်ထမ်းမပြည့်စုံခင်တုန်းက ကျွန်တော်လုပ်ပေးခဲ့တဲ့ အလုပ်တွေကို ကြည့်ရင် ကျွန်တော် တောင်းတာ နည်းတောင် နည်းနေပါသေးတယ်။ ကျွန်တော်က မိသားစုစိတ်ဓာတ်နဲ့ လုပ်ပေးနေတာ'လို့ပြောလိုက်တော့ နောက်ဆုံးမန်နေဂျာက ဒါဆိုလည်း နေပစေတော့ကွာတဲ့။ ဒါနဲ့ကျွန်တော် လကုန်ထိ စောင့်နေသေးတယ်။ လကုန်ရက်ရောက်မှရစရာရှိတဲ့ လစာလေးထုတ်ပြီး ထွက်စာတင်ကာ ထွက်ခဲ့ပါတယ်။

အဲဒီအချိန်မှာ ဦးဘသိန်းက'သင်္ဂဟ'၊ ပြီးတော့'တေး ချစ်သူ'တေးဂီတ၊ မြောက်ပြင်မှ'ဂီတလှိုင်တေးဂီတ'ဆိုပြီး တေးဂီတအဖွဲ့တွေ တစ်သင်းနဲ့တစ်သင်းအပြိုင်အဆိုင် ကြိုးစား နေကြတဲ့အချိန်။ အဲဒီအချိန်မှာပဲ နန်းတွင်း နမခ တီးဝိုင်းမှ စန္ဒရားကိုမောင်မောင်ကြီး၊ ထရန်ပက်ကိုရွှန်းမြိုင် (ဆရာညိမ်း ရဲ့သားအလတ်)၊ ဆိုက်ဇိုဖုန်း ကိုမောင်မောင်လေး၊ ထရန်ဘုန်း ကိုဝင်းမြင့်တို့လေးယောက် မြို့မအသင်းထဲကို အသင်းသား အဖြစ် ဝင်ရောက်လာကြပါတယ်။ ဒီတော့ ကျွန်တော်တို့မြို့မ မှာ အတီးအင်အား၊ လူအင်အားကောင်းလာတဲ့အချိန် နောက် ထပ်'ရှု(လ်)တေးဂီတ'၊ 'ယဉ်မွန်တေး ဂီတ'တို့အပြင် နောက် ထပ်'မိုးကောသီ'(သီဂီတေးဂီတမှ ခွဲထွက်လာသော ကိုဘိုခင် အသစ်ဖွဲ့စည်းသည့်)တီးဝိုင်းဆိုတာလည်း ပေါ်ထွက်လာကြ ပြန်ပါတယ်။ အဲဒီလို အပြိုင်အဆိုင်တွေပေါ်ထွက်လာတဲ့အချိန် ကျွန်တော်တို့မြို့မကလည်း မကြိုးစားလို့မဖြစ်ဘူး မဟုတ် လား။ အဲဒီလိုအချိန်အခါမျိုးမှာ ကိုရွှန်းမြိုင်ကလည်း ပွဲတီး မလိုက်ဖြစ်တာများတယ်။ နောက်ပြီး မြို့မအသင်းထဲကို အထူး တူဝင်လာကြတဲ့ စန္ဒယားမောင်မောင်ကြီးနဲ့လည်း သဟဇာတ သိပ်မဖြစ်ကြဘူး။ ကိုရွှန်းမြိုင်က အင်တာနေရှင်နယ်မြူးဇစ် နုတ်သမား၊ မောင်မောင်ကြီးက ဒို၊ ရေ၊ မီ၊ ဖာ သမား သူတို့နှစ်ယောက် သင်္ကေတနုတ်(စ်)နဲ့ ပတ်သက်ပြီး မကျေ မလည်ဖြစ်ကြတာလည်း ပါပါလိမ့်မယ်။ နောက်ပြီး မောင် မောင်ကြီးကလည်း အသင်းအလုပ်ခွင်မှာ ပြဿနာတချို့ရှိပါ တယ်။ ဥပမာ သူရေးတဲ့သီချင်းကို Arrangement လုပ်ထား တဲ့နုတ်စာရွက်၊ ဥပမာ ဆိုက်ဇိုဖုန်းအတွက် ၄ ရွက် ရေးပေး ထားရင် ပွဲတီးတဲ့အခါ ဆိုက်ဇိုဖုန်းက ၄ယောက်ပြည့်အောင် မလာဘဲ သုံးယောက်ပဲ လာတယ်ဆိုပါတော့။ စာရွက်ဖျော့ လိုက်သိမ်းပြီး ပြန်ယူသွားတဲ့လူ။ ဒီတော့ ကျွန်တော်က လူမ အောင် တာဝန်ယူပါမယ်၊ ခင်ဗျားပုံမှန်လာနိုင်မလား မေးတော့ လည်း သူက အာမမခံနိုင်ပြန်ဘူး။

ဒီအထဲ ကျွန်တော်တို့ မြို့မက မိုးကောသီကို ရင်ပေါင် မတန်းနိုင်ဖြစ်လာတယ်။ အဲဒီလို ဒုက္ခ၊ သုက္ခတွေ များပါတယ် ဆိုမှ မြို့မအသင်းတိုက်ထဲကိုလာနေတဲ့ ကိုအောင်သိန်းတို့ထ မယားက တစ်မျှောင့်၊ ဘာဖြစ်ကြလဲဆိုတော့ နေ့လယ် သီချင်း တိုက်လာတဲ့ အသင်းသားလေးတွေနဲ့ ကိုအောင်သိန်းမိန်းမ စကားပြော အဆင်မပြေဖြစ်ကြရာကစလို့ ကိုအောင်သိန်းက နာယကကြီး ဦးအေးမောင်ကို သွားပြောတယ်။ နာယကကြီး ဦးအေးမောင်က ဥက္ကဋ္ဌဦးသောင်းနဲ့ ကျွန်တော့်ကိုခေါ်ပြီး အ သဘောလိုလို အပြစ်တင်တဲ့သဘောမျိုးပြောတော့ ဥက္ကဋ္ဌ ဦးသောင်း တာဝန်မှအနားယူသွားတယ်။ ကျွန်တော့်အနေနဲ့ တော့ ပြန်ပြောလို့မဖြစ်တဲ့ မိဘအရာမှာရှိတဲ့ အကြီးအကဲ ဆရာသမားတွေဆိုတော့ ကျွန်တော်ဘာမှ ပြန်မပြောတော့ ကျွန်တော်နေတဲ့အိမ်ကလေးမှာပဲ သီချင်းတိုက်ကြရပါတယ်။ ဒီအဖြစ်မျိုးတွေကို ကလာရီနက် ကိုကောင်းညွန့်က



www.burmeseclassic.com

www.burmeseclassic.com

…င်ဖြစ်လာပြီး ရုပ်ကွက်လူကြီးတွေနဲ့ ရဲဌာနကိုပါ တိုင်တန်း…တော့ ရုပ်ကွက်ရုံးရောက်၊ ရဲဌာနရောက်ဖြစ်ကုန်ကြတာ…ပါ။ နောက်ဆုံးကျတော့ မြို့မအသင်းတိုက်ထဲကနေ …အောင်သိန်း ထွက်ပေးလိုက်ရပါတယ်။

ကျွန်တော့် အနေနဲ့ပြောရရင်တော့ မြို့မကို အရှိန်လေးရ…အောင် လုပ်ပေးလိုက်၊ အရှိန်လေး ရလာရင်ပဲ ပြဿနာ တစ်ခု…တစ်ခုဖြစ်လာလိုက်ဆိုတော့ တေးချစ်သူ၊ သီရိမွန်၊ ယဉ်…(လ်)၊ မိုးကေသီတို့အသင်းတွေ အောင်မြင်ကျော်ကြား…တဲ့ အချိန်မှာ ကျွန်တော်တို့မြို့မက ငြိမ်နေရတယ်။

ဒီအချိန်မှာပဲ မိုးကေသီတေးဂီတနဲ့ အောင်မြင်နေပြီဖြစ်တဲ့ …ခင်က တစ်နေ့မှာ ကျွန်တော်နဲ့ဆုံတော့ ကျွန်တော့်ကိုပြော…တယ်။

'ကိုပေါ…ကျွန်တော် မြို့မကို တိုက်နေတာ'တဲ့။ ဒါနဲ့ …တော်လည်း ပြောလိုက်တယ်။

'တိုက်ပါ။ ခင်ဗျားအသင်း ကောင်းပါတယ်။ အတီးရော …ရော ပြောစရာကို မရှိဘူး။ ခင်ဗျားက ပညာအနေနဲ့လည်း …ကောင်းတယ်။ ပြီးတော့ တီးမှုတ်သူပလေရာတွေအနေနဲ့က …တစ်ချိန်က မြို့မအသင်းကလူတွေဆိုတော့ ဆရာအနေနဲ့ …ခင်ဗျားက ဖြစ်နေပြန်တယ်။ ဒါပေမဲ့ တစ်ခုတော့ပြော…မယ်။ ခင်ဗျားအခု ထိပ်ဆုံးမှာရှိပေမဲ့ ခင်ဗျား မြို့မကို …စရာဘူး၊ ကျွန်တော် ရဲရဲကြီးပြောရဲတယ်'လို့ သူ့ကိုပြော…တော့ သူက ရယ်ကျဲကျဲနဲ့-

'ခင်ဗျား ဘယ်လိုလုပ်မှာလဲ'လို့မေးတော့ ကျွန်တော် …-

'ဒါတွေမေးမနေနဲ့။ ကျွန်တော် လုပ်ပြမယ် ကြည့်နေ'လို့ …ပြောလိုက်တယ်။

အဲဒီနောက် ကျွန်တော် အစည်းအဝေးခေါ်ပြီး လစ်လပ်…တဲ့ ဥက္ကဋ္ဌနေရာမှာ ဈေးချိုက ကုန်သည် ဦးစော…ကို ဥက္ကဋ္ဌတင်မြှောက်လိုက်ကြပါတယ်။ ဘဏ္ဍာရေးမှူး …စိန်ကလည်း အရောင်းအဝယ်ကိစ္စနဲ့ ရန်ကုန်သွားနေရမှာ…လို့ ရွှေဆိုင်တန်းက တယောကိုသန်းမောင်ကို ဘဏ္ဍာရေး…အောင်မြှောက်ကြပါတယ်။ အတီးအား၊ အဆိုအားများဖြည့်…ပြီး အသင်းမှာ စန္ဒရား မရှိတော့ ဆရာသန့်ရဲ့ သမက် …ရီမြင့်ရဲ့ခင်ပွန်း၊ ရီမြင့်ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေး ပိုင်ရှင် …ဖော်မြင့်ဏ်ဖခင်) ဦးတင်မြင့်ထံ ကျွန်တော်သွားပြီး စန္ဒရား…ပြောတော့ သူက-

'မြို့မမှာ ခင်ဗျား ခေါင်းဆောင်မှာလား၊ ခင်ဗျားလုပ်မယ်…ရင် ကျွန်တော် ဝယ်ပေးမယ်'လို့ ပြောပါတယ်။

'ကျွန်တော် အခုကိုပဲ မြို့မမှာ အတွင်းရေးမှူးလည်းလုပ်…ရပါတယ်၊ ဂီတမှူးလည်းလုပ်နေရပါတယ်'လို့ ပြောတော့မှ …မောင်မောင်ကြီးမိတ်ဆွေထံမှ စန္ဒရားကိုဝယ်ပြီး မြို့မကို လှူပါ…တယ်။ ဒါနဲ့ ကျွန်တော်လည်း ဝမ်းသာအားရဖြစ်ပြီး ရန်ကုန်…ကို ဆင်းသွားတယ်။ ရန်ကုန်ရောက်တော့ ကိုဝင်းဦးနဲ့တွေ့ပြီး ဆရာညိန်းသီချင်းတွေ အသံသွင်းဖို့ တိုင်ပင်ပြောဆိုကြတော့ ကိုဝင်းဦးက သူဆိုချင်တဲ့ သီချင်းခေါင်းစဉ်တွေ ရေးပေးလိုက်ပါတယ်။

အဲဒီအချိန် (၁၉၆၆ခုနှစ်) မှာတော့ ကျွန်တော်တို့ မြို့မအသင်းရဲ့ အတီးအင်အား၊ အဆိုအင်အားကတော့

ဆိုက်ဖိုဖုန်း- ကိုလှကျော်၊ ခင်မောင်အေး၊ မောင်အေး၊ ရစ်ချက်။
ထရန်ပက်- ကိုအေးကို၊ ကိုဝင်းမြင့်။
ဘာရီတုန်း- မောင်ဝင်း၊ မောင်မောင်လေး။
တယော- ကိုငြိမ်းလေး၊ ကိုသန်းမောင်(ရွှေ)။
စန္ဒရား- ကိုသိန်းမောင်၊ ကိုမောင်မောင်ကြီး။
ဒိုး- ကိုထွန်းရင်။
အုပ်စုံ- မောင်အောင်(တာပလာဦးလှဒင်ရဲ့သား)
တေးသံရှင်များ-ကိုသောင်းတင်၊ ကျော်ကျော်၊ မကြွယ်ကြွယ်၊ တင်တင်မာ၊ မဝင်းဝင်း၊ မြမြ၊ မဝင်းမြင့်၊ ခင်စန်းတင့်တို့ဖြစ်ကြပါတယ်။

ဒီလိုနဲ့ ၁၉၆၆ ခုနှစ်ထဲမှာ ကိုဝင်းဦး ရွေးချယ်ထားတဲ့ *'တိမ်လွှာမို့မို့လွင်'*၊ *'မပြီးသေးသော ပန်းချီကား'*၊ *'သစ္စာ'*၊ *'ပြီးတဲ့မေ'* နဲ့ မြန်မာသီချင်းသုံးလေးပုဒ် လောင်းပလေးဓာတ်ပြားသွင်းမယ်ဆိုတဲ့အကြောင်း၊ ရန်ကုန်အဝေမ်းရုပ်ရှင်မှ အသံဖမ်းဆရာဦးဘစံနဲ့ မန္တလေးရုပ်ရှင်ခြံမှာ အသံသွင်းမည်ဖြစ်ကြောင်းနဲ့ အသံသွင်းမယ့်သီချင်းများကို မြို့မက ဂီတမှူးများဖြစ်ကြတဲ့ စန္ဒရားသိန်းမောင်၊ ကိုရွှန်းမြိုင်၊ ကိုမောင်မောင်ကြီးတို့ထံ တီးကွက် Arrangements များ စီစဉ်လုပ်ကိုင်ထားကြဖို့ ကိုသိန်းမောင်ကို ပြောလိုက်ပါတယ်။ ကိုသိန်းမောင်ကတော့ မြန်မာသီချင်းတွေကို စီစဉ်ထားပါတယ်။ ကိုမောင်မောင်ကြီးကတော့ *တိမ်လွှာမို့မို့လွင်* နဲ့ *မပြီးသေးသောပန်းချီကား*၊ ကိုရွှန်းမြိုင်ကတော့ မလာဖြစ်၊ မလုပ်ဖြစ်လိုက်ပါဘူး။

'သစ္စာ'သီချင်းတစ်ပုဒ်ကျန်နေတာကို ဘယ်သူမှ မလုပ်ဖြစ်တဲ့အတူတူ ကျွန်တော် လုပ်မယ်ဆိုပြီး တယောတွေနဲ့ စမ်းသပ်ချင်တာနဲ့ တယောသင်္ကေတနုတ်(စ်)တွေရေးပြီး အသင်းသားထဲမှ လူသုံးယောက်ကို လေ့ကျင့်ခိုင်းတော့ သူတို့ကလည်း အပြင်းအထန် အားတက်သရော လေ့ကျင့်ကြတာ ဖွဲ့တော့ အတော်ကောင်းတဲ့လူတွေပါ။ ကျွန်တော်ကလည်း စိတ်အားတက်ကြွပြီးသာ လုပ်လိုက်တာ။ တကယ်တော့ ကိုငြိမ်းလေးနဲ့ ဒေါက်တာညွန့်လွင် (ဆရာညိန်းရဲ့သားငယ်-နောင်အခါ အထူးကုသမားတော်ကြီးဖြစ်လာသူ)က လွဲရင် ဘယ်သူမှ တယောကို စနစ်တကျ ကိုင်တွယ်ပုံ၊ ကိုင်တွယ်နည်းတောင် သေချာ နားမလည်ကြသေးပါဘူး။ တယောသမားတွေကို နှစ်ရက်နဲ့ရအောင်လေ့ကျင့်ခိုင်းရတာ။ ဆရာညိန်းရှိတုန်းက *အိမ်သူဗီဗီ* သီချင်းကို တယောတွေနဲ့ လုပ်ခဲ့တာအားကျလို့ ကျွန်တော်လည်း *သစ္စာ* သီချင်းကို အစူးထပြီး လုပ်ကြည့်တာပါ။

ဘာပဲဖြစ်ဖြစ် ကိုယ့်ငါးချဉ်တော့ ကိုယ်ချဉ်ရမှာပဲ။ နောက်နေ့ အသံသွင်းကြတော့ ကိုသိန်းမောင်နဲ့သွင်းတဲ့ဗမာ



www.burmeseclassic.com

www.burmeseclassic.com

သီချင်းတွေအားလုံး အိုကေ၊ ကိုမောင်မောင်ကြီးသွင်းတဲ့ *တိမ်လွှာမို့မို့လွင်* နဲ့ *မငြိုးသေးသော ပန်းချီကား* ကလည်း အိုကေပဲဗျို့။ ကျွန်တော် သွင်းတဲ့သီချင်းတစ်ပုဒ်ကတော့ ကိုယ်ထိုးရမယ့်မြူးဇစ်နုတ်(စ်) မမှားရင်ပြီးရောဆိုပြီး ထိုးကြတာပေါ့ဗျာ။ အသံသွင်းလို့ပြီးသွားတော့ အောဝမ်းက အသံဖမ်းဆရာဦးဘစံက-

'ကိုပေါ်ရေ ခင်ဗျား တယောဝိုင်းလေး မဆိုးဘူးဗျ'တဲ့၊ ကိုဝင်းဦးလည်း-

'ကိုပေါက မြို့မမူနဲ့ လုပ်ထားတာ'လို့ အတည်ပေါက်ကြီးပြောနေတာဆိုတော့ ကျွန်တော်တောင် ရှုးချင်သလိုလိုဖြစ်သွားတယ်။ ဘာပြုလို့လဲဆိုတော့ တွေးကြည့်ရင် အတော်စွန့်စားရာရောက်ပါတယ်။ တကယ်ဆိုရင် တယောဆိုတာဆယ်နှစ်ဆယ်မိုးသင်ထားတာတောင်မှ အကောင်းစား အဆင့်ကို မဖြစ်နိုင်သေးဘူး၊ ခု ကျွန်တော်တို့က(ကိုညွန့်လွင်၊ ကိုငြိမ်းလေးတို့နှစ်ယောက်ကလွဲရင်) တယောအကြောင်းကောင်းကောင်း မသိသေးတဲ့သူတွေကို နှစ်ရက်တည်းနဲ့ လေ့ကျင့်ပြီးလောင်းပလေး ဓာတ်ပြားသွင်းတာကို မဆိုးဘူးလို့ ပြောတော့ မောင်ပေါ် ရှုးသွားနိုင်တယ်။ ဒါ့ကြောင့် ကျွန်တော်နဲ့ ညီအစ်ကိုလို ဆဲမနာ၊ ဆိုမနာနေကြတဲ့ သူငယ်ချင်းက လာနားထောင်ပြီးတော့-

'မောင်ပေါ်ရေ သတိလေးတော့ ထားဦး။ မြို့မငြိမ်းက အုတ်ကား၊ မင်းက သဲကား'လို့ ပြောပြီး သူ့ဟာသူ တဟားဟားနဲ့ သဘောကျရယ်နေတယ်။

'အေးပါကွာ၊ မင်းက ငါဖြစ်ခဲ့တာတွေ မသိသေးတော့ ရယ်နိုင်တာပေါ့။ မင်းကို ငါပြောပြမယ်။ ခု ငါတို့ မြို့မမှာအုပ်ချုပ် လုပ်ကိုင်နေရတာ လွယ်တာမဟုတ်ဘူးကွ။ အမြင်အားဖြင့် ညီညီညွတ်ညွတ် တီးမှုတ်ပျော်ရွှင်နေကြတယ်လို့ ဘယ်သူမဆိုထင်ကြမှာပဲ၊ တစ်ယောက်နဲ့တစ်ယောက် သဟဇာတမဖြစ်ပဲ စကားများနေကြတာတွေ၊ ပြဿနာ...တဲ့ဆို ကျေလည်အောင် ဖြေရှင်းပေးလိုက်တာပါပဲ။ အတွင်းရေးမှူးကတော့ ပွဲတီးတွေလက်ခံရတယ်၊ စာရင်းလည်း ရေးရတယ်။ ပြောရရင်တော့ကွာ ဝင်ငွေ၊ ထွက်ငွေအားလုံး သူ့တာဝန်ပဲဆိုပါတော့။ စာရင်းရေးတဲ့စာရေး မထားဘူး။ အတွင်းရေးမှူး တစ်ယောက်တည်း လုပ်ကိုင်ပေးရတာ၊ အလုပ်များရင် ဒုတိယ အတွင်းရေးမှူးက ကူညီပေးရတယ်။ နှစ်ပတ်လည်ကျတော့ ဥက္ကဋ္ဌတို့ အတွင်းရေးမှူးတို့ဆိုတာတွေလည်း အပြောင်းအလဲရှိတဲ့အခါရှိတယ်။ မရှိတဲ့အခါလည်း မရှိဘူး။ ဒါကတော့ အကြောင်းအမျိုးမျိုးပေါ့။ ဥက္ကဋ္ဌကတော့ အပြောင်းအလဲ မရှိလှပါဘူး။ သူ့ရဲ့ကိုယ်ပိုင်လုပ်ငန်း မအားရင်သာ အသင်းကအနားယူသွားတာပဲ။ ပြောမယ်ဆိုရင် ဆရာညိန်း ဆုံးပါးသွားတော့ အသင်းက ဦးရင်လေးနဲ့ကိုဘိုခင်ကို တင်မြှောက်ကြတယ်။ ကိုဘိုခင်ရဲ့ လုပ်ရပ်က အပြစ်ကြီးတယ်။ ထုတ်ပယ်ခံရမယ့် သဘောပါပဲ။ ဒါကို ငါက လူအများမသိအောင် အတတ်နိုင်ဆုံး အကူအညီပေးလိုက်ပါတယ်။ ဒါပေမဲ့ ကိုဘိုခင်လည်း အသင်းက ထွက်သွားပါတယ်။ အဲဒီနောက် ကိုအေးဖေကို အသင်းက တင်မြှောက်ပါတယ်။ ကိုအေးဖေကျတော့လည်း သူ့အပြစ်နဲ့သူမို့လို့ အသင်းက ထွက်သွားခဲ့ရပြန်တယ်'

'အခုတစ်ခါ ငါ့ကိုတင်မြှောက်ကြတယ်၊ မောင်ပေါ် ဘာလုပ်ရလဲဆိုတော့ ခုလောလောဆယ်ဆယ် ငါတို့မြို့မလို အသင်းလေးငါးခြောက်သင်းထွက်ပေါ်လာပြီး နာမည်တွေကျော်ကြားလာနေချိန်မှာ ငါတို့မြို့မ မှိန်သွားတယ် ဆိုပါတော့ကွာ၊ ဒီတော့ငါက ကိုဝင်းဦးနဲ့ ဆရာညိန်းသီချင်းတွေကို ဓာတ်ပြားသွင်းတယ်၊ သူ့အားကိုယ့်အားပေါင်းပြီး အားကောင်းအောင်လုပ်တဲ့သဘောပေါ့။ ဝင်းဦးကလည်း တို့ဆရာမြို့မငြိမ်းသီချင်းတွေကို အလွန်မြတ်နိုးပြီး အလွန်ကိုဆိုချင်နေတဲ့သူ မြို့မကြီးကို မှီချင်တယ် (နောက်ပိုင်း မြို့မအသင်းသားအဖြစ်တောင် ခံယူသွားသူပါ)။ မြို့မကလည်း ကိုဝင်းဦး ဖြစ်ချင်တာကို လုပ်ပေးနိုင်တဲ့အပိုင်းက လုပ်ပေးတာပဲ'

အဲဒီလို ကျွန်တော် ကိုဝင်းဦးနဲ့ အသံသွင်းလိုက်တာ 'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်'လို့ပဲပြောပြော မြို့မပွဲတီးတွေ လိုက်နေရပါတယ်။ မန္တလေးမှာ အလှူမင်္ဂလာဆောင်အတွက်ဆိုရင် ရက်ရွေးမနေနဲ့. မြို့မတီးဝိုင်းအားတဲ့ရက်ဟာ ရက်ရာဇာပဲလို့ဆိုရလောက်အောင် မြို့မက အရေးပါလာပါတယ်။

အဲဒီနောက် ၁၉၆၇ ခုနှစ်ကစလို့ သင်္ကြန်ကာလ ရောက်ပြီဆိုရင် ကျွန်တော်တို့မန္တလေးသင်္ကြန်မှာ အဆိုတော် ရုပ်ရှင်မင်းသားကိုဝင်းဦးကလည်း ရန်ကုန်ကနေရောက်ရှိလာပြီး မြို့မအသင်းကားနဲ့လိုက်ပါလို့ မြို့လူထုကို မြို့မသီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ် သီဆိုဖျော်ဖြေတဲ့အခါ မြို့လူထုက သောင်းသောင်းဖြဖြ အားပေးလိုက်ကြတာ အံ့သြဖွယ်ကောင်းလောက်အောင်ပါပဲ။ ကျွန်တော်တို့လည်း မြို့လူထုအပေါ် တာဝန်တွေကျေခွင့်ရကြလို့ အလွန်ဝမ်းသာပီတိဖြစ်ကြရပါတယ်။ အဲဒီနောက် နှစ်စဉ်နှစ်တိုင်းပဲ သင်္ကြန်ကာလ ရောက်ပြီဆိုရင် 'ဝင်းဦးနဲ့ မြို့မ'ဟာ ခွဲခြားမရဘူးလို့ ပြောကြရတဲ့အထိ မန္တလေးသင်္ကြန် သမိုင်းမှတ်တမ်းတင်ခံခဲ့ရပါတယ်။ အဲဒီနောက် ရုပ်ရှင် ဒါရိုက်တာကြီး ဦးမြတ်လေးနဲ့ ရုပ်ရှင်... ကားများရိုက်ပေးရန် ရန်ကုန်ကိုဆင်းသွားဖို့အချိန်... လာတော့ ကျွန်တော် မြို့မအသင်းအတွင်းရေးမှူးတာဝန်မှ နုတ်ထွက်ပြီး ဒုတိယအတွင်းရေးမှူး ကိုအေးချွန်ကို ... မြှောက်ပေးခဲ့ကာ ရန်ကုန်သို့ ထွက်ခဲ့ပါတယ်။ အဲဒါ ၁၉... ခုနှစ်အကုန် ၇၁ ခုနှစ်ဆန်းပိုင်း ကာလတွေလောက်ကဖြစ်... ထင်ပါတယ်။

ကျွန်တော်နဲ့မြို့မဂီတဘဝမှတ်တမ်းလေးကို ... ရာတွင်ခေတ္တရပ်နားထားပြီး ရုပ်ရှင်အတွေ့အကြုံ... မှတ်တမ်းကို ရေးပါဦးမယ်။

ကျွန်တော် ရန်ကုန်ကိုရောက်တော့ ကိုမြတ်...



www.burmeseclassic.com

www.burmeseclassic.com

'ကိုပေါ်ရေ…ငါတို့တောင်ကြီးမသွားခင် ငါမင်းကို အကူအညီတစ်ခုတော့ တောင်းချင်တယ်ကွာ၊ ငါရိုက်ထားတဲ့ **သူက ည ကိုယ်က လ** ဇာတ်ကားမှာ ကျားက ငါ့ခြေထောက်ကို ခုန်ကိုက်ဖို့ ကြိုးစားတဲ့အခန်းရိုက်ချင်တာ။ အဲဒါ မင်း ရိုက်ပေးနိုင်မလားလို့မေးကြည့်တာ' လို့ပြောတော့ ကျွန်တော်က- 'ရပါတယ်ဗျာ ကြိုက်သလိုလုပ်ပါ' လို့ ပြောလိုက်တယ်။ ကိုမြတ်လေးက-

'ဟာ..ဒါဆို နေရာကျပြီကွ' လို့ ပြောပြီး နောက်နေ့ တိရစ္ဆာန်ရုံကို သွားကြပါတယ်။ ကျွန်တော်က ကျားလှောင်အိမ်အတွင်းဝင်ပြီး နေရာယူ၊ ကိုမြတ်လေးက လှောင်အိမ်အမိုးပေါ်တက်ပြီး ခြေထောက်ကို အပေါက်မှာတွဲလောင်းချထား၊ ကျားက ကိုမြတ်လေးရဲ့ ခြေထောက်ကို ခုန်ကိုက်မယ့်ပုံ၊ အမျိုးမျိုးရိုက်ထားတာပေါ့လေ။ ကျားက ဘယ်လောက်ခုန်ခုန် ကိုမြတ်လေးရဲ့ ခြေထောက်နားကို ရောက်အောင်မခုန်နိုင်ဘူး။ ဘာလို့လဲဆိုတော့ ကိုမြတ်လေးရဲ့ခြေထောက်က သိပ်မြင့်နေလို့။ ဒီတော့ ကြည့်မကောင်းဘူးပေါ့။ ဒါနဲ့ကိုမြတ်လေးက တစ်မျိုးကြံပြန်တယ်။ အဲဒီအချိန်မှာ ကျားကကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ကင်မရာပစ္စည်းကလည်း အနက်ကြီးမဟုတ်လား၊ ကျားစောင့်တော့ ရှိတာပေါ့လေ။ အဲဒီကျမှ ကျားကိုသေသေချာချာ ကြည့်ပြီးကြောက်လာတယ်။ စောစောကတော့ ဇာတ်ကားရိုက်တဲ့အထဲ စိတ်ဝင်စားနေတော့ ကြောက်ရမှန်းမသိဘူး။

အဲဒီအချိန်မှာ ကိုမြတ်လေးက အပေါ်ကနေ ကြက်တစ်ကောင်ကို ကြိုးနဲ့ချည်ပြီးတွဲလောင်းချ၊ ကျားက ခုန်ကိုက်ရင် ကြိုးကို မ,ပေးမယ်ပေါ့။

'ငါရိုက်ဆိုရင် ရိုက်ပေတော့' လို့ ပြောပြီး ကြက်ကိုကျားခုန်ရင်မီလောက်မယ့် နေရာလောက်မှာ တွဲလောင်းချထားတယ်။ ကြက်ကြီးကလည်း အသက်ဘေးဆိုတော့ ကြောက်လို့ အတောင်တွေ တဖြန်းဖြန်းခတ်ပြီး အော်တာပေါ့ဗျာ။ ကျားက တစ်ချက်တော့ မော့ကြည့်လိုက်ပြီး ရှေ့ကိုတစ်လှမ်းနှစ်လှမ်း သွားလိုက်ပြီးမှ အမှတ်မထင်ဖြုန်းဆို နောက်ကျွမ်းထိုးပြီး ခုန်အုပ်လိုက်တာ သူ့ပါးစပ်ထဲ ကြက်ကြီးပါသွားရောဗျို့။ မြန်လိုက်တဲ့ အကောင်ကြီးဗျာ။ ကျွန်တော်လည်း ချက်ချင်းလှောင်အိမ်ထဲက ထွက်ခဲ့ရတယ်။ ကိုမြတ်လေးလည်း ကြောက်ဒူးတွေ တုန်တုန်ယင်ယင်နဲ့ လှောင်အိမ်ပေါ်က ဆင်းလာပြီး-

'စောစောက ရိုက်လို့ရတာလေးပဲ ထည့်တော့မယ်ကွာ' လို့ ပြောပြီးပြန်ခဲ့ကြတယ်။

ကျွန်တော် ညအိပ်ရာဝင်တော့ ကျားလှောင်အိမ်အတွင်း ဝင်ရိုက်တာကိုတွေးပြီး ကြောက်လာတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျားက ကျွန်တော့်ကို စိုက်ကြည့်နေခဲ့တာကိုး။ ဘာကယ်လို့များ ခုန်အုပ်လိုက်လို့ကတော့ အသေပဲ။ ကျားစောင့်ကလည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ အဲဒီလိုမျိုး တွေးပြီး ကြောက်နေတယ်။ နောက်နေ့ တောင်ကြီးကို မသွားခင် လက်ဖက်ရည်ဆိုင်မှာ ကိုမြတ်လေးက လက်သီးမောင်မောင်တို့ရှေ့မှာ ကျွန်တော့်ကို ချီးမွမ်းခန်းဖွင့်နေတယ်။ ကိုပေါ်ဆိုတဲ့လူ ကျားလှောင်အိမ်ထဲဝင်ပြီး ကျားကို ရုပ်ရှင်ရိုက်ခဲ့တဲ့အကြောင်းပေါ့။ ကိုမြတ်လေးကသာ ချီးမွမ်းခန်းဖွင့်နေတာ ညက ကျွန်တော် အိပ်ခါနီးတွေးပြီးကြောက်နေတာ သူမှမသိဘဲ။ ခုလည်း တောင်ကြီးမရောက်ခင် အောင်ပန်းမြို့က အထွက်လမ်းတစ်နေရာလေးမှာ ကိုမြတ်လေးက ကားကိုအရပ်ခိုင်းပြီး ကားလမ်းရဲ့ညာဘက်က လယ်ကန်သင်းရိုးပေါ်မှာ ရိုက်မယ်ဆိုပြီး စီစဉ်တယ်။ ကိုမြတ်လေးက လယ်ကန်သင်းရိုးအတိုင်း လျှောက်သွားရင်း စကားပြောတဲ့အခန်းကို သူ့ဟာသူဖလင်ပေ ဘယ်လောက်ကုန်မလဲ သိချင်တာနဲ့ အစမ်းစကားပြောရင်း လျှောက်သွားကြည့်တော့ ပေ ၄၀၀ တစ်ဘူးကုန်မယ်။ ဒါဆိုရတယ်ဆိုပြီး ရိုက်ကြမယ်ပေါ့။ ကားလမ်းပေါ်ကနေ လင့်ရှိဘာကားနဲ့သွားရင်းရိုက်ကြမယ်ဆိုတော့ ကိုပေါ်အနေနဲ့ ကင်မရာကို ငြိမ်ဖို့ အရေးကြီးတယ်၊ အဲဒါ ကိုပေါ်ဖြစ်မလား' လို့ မေးတယ်။

'တစ်ခါတုန်းက ဒီလမ်းမျိုးပါပဲ ရိုက်ဖူးတယ်။ ပေ ၄၀၀ မပြောနဲ့ ပေ ၁၅၀ လောက်ရိုက်တာကိုပဲ မှုးနောက်နေတာ ငါကြုံဖူးတယ်။ ဒါ့ကြောင့် မင်းကိုမေးကြည့်တာ။ မင်းလက်ခံနိုင်လောက်တဲ့အဆင့်ရမယ်ဆိုရင် ငါရိုက်မယ်ကွာ' လို့ ပြောတော့ ကျွန်တော်က- 'ဒါဆိုရင် ကျွန်တော့်အတွက် လိုအပ်တာ တစ်ခုကတော့ စက်ဘီးကျွတ်ပဲ။ အောင်ပန်းကအထွက် စက်ဘီးဆိုင်လေးတစ်ခု ကျွန်တော် မြင်ခဲ့တယ်။ အဲဒီစက်ဘီးဆိုင်က စက်ဘီးကျွတ်နဲ့ လေထိုးတံလေး ခဏငှားပေးပါလား' လို့ ပြောလိုက်တော့ ကိုမြတ်လေးက ကျွန်တော့်ကို ယုံကြည်သွားတဲ့ သဘောနဲ့-

'အေး၊ အဲဒါ ကိုပေါ်ကို ငှားပေးလိုက်ကြကွာ' လို့ ပြောလိုက်ပြီး လယ်ကန်သင်းရိုးဘက်ထွက်သွားပြီးတော့ နေရာယူထားလိုက်တယ်။ ထုတ်လုပ်သူပိုင်ရှင်များကလည်း ကျွန်တော်နဲ့ ကိုမြတ်လေးကိုကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်နေပုံပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဖလင်က သိပ်ရှားနေတဲ့အချိန်။ ကိုမြတ်လေးနဲ့ ကျွန်တော် တစ်ယောက်ယောက်က မကြိုက်လို့ ပြန်ရိုက်မယ်လို့များ ဖြစ်လာခဲ့ရင်ဒုက္ခပါပဲကွာဆိုတဲ့ ပုံစံမျိုး။ ဒီလိုနဲ့ ကိုမြတ်လေးက လယ်ကန်သင်းရိုးမှာ အဆင်သင့်နေရာယူထားပြီး ကျွန်တော်ကလည်း လင့်ရှိဘာကားကိုင်းမှာ စက်ဘီးကျွတ်ချိတ်ဆွဲ၊ ကင်မရာကို ကျွတ်ပေါ်မှာတင်ထားပြီး ကြည့်လိုက်တော့ ကိုမြတ်လေး ရပ်နေတဲ့အရပ်က ထင်ထင်ရှားရှားအံဝင်ခွင်ကျ ဖြစ်နေတာ တွေ့ရတယ်။ ကျွန်တော့်စိတ်ထဲ သိပ်ဝမ်းသာသွားတယ်။ ဒါနဲ့ ရိုက်မယ်ဆိုပြီး ရိုက်ကြတယ်။

*(ဆက်လက်ဖော်ပြပါမည်။)*

■

*မြို့မချစ်မိတ်ဆွေများအား လေးစားစွာဖြင့်*

**မြို့မကိုပေါ်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ညှော်ခန်းတစ်နေရာမှာ ပြင်ဆင်ထားတဲ့
အလောင်းစင်ရှေ့မှာ ရပ်လိုက်မိတာနဲ့
ဒေါ်လုံးရင်ထဲက ပြောမိတဲ့ စကားတစ်ခွန်းက
'ဒေါ်လုံး ရောက်လာပြန်ပြီ ဆရာ'
ဆိုတဲ့ စကားပါ။ လွန်ခဲ့တဲ့ သုံးနှစ်က
ခင်ခင်ဆုံးစဉ်ကာလ ဒီလိုပဲ
ဒေါ်လုံးရောက်လာဖူးတာလေ။
ဒေါ်လုံးတစ်ယောက် ခင်ခင့်အလောင်း
ခုတင်တိုင်ကို နဖူးနဲ့တိုက်နေချိန်မှာ
ဆရာက အပေါ်ထပ်ကနေ ဆင်းလာပြီး
'ဒေါ်လုံးရေ ခင်ခင်တော့ သွားနှင့်ပြီကွယ်'
လို့ မချိတင်ကဲ စကားဆို နှုတ်ဆက်ခဲ့တာ
မှတ်မိပါသေးတယ်။ အခု ဆရာ့အလှည့်ပေါ့
နော်။ ၇၅ နှစ်ဆိုတဲ့ အသက်ဟာ
လူ့လောကမှာ နေမယ်ဆို နေနိုင်သေးတဲ့



အရွယ်ပါ။ ဒေါ်လုံးတို့က
ကလေးတွေခေါ်သလို
အဖေကြီးလို့ခေါ်တဲ့
ဆရာ့အဖေတောင် အသက် ၉၅ နှစ်အထိ
နေသွားသေးတာ။ တကယ်ဆို
အဖေကြီးတို့အမျိုးက အသက်ရှည်မျိုး၊
ဆရာလည်း အသက်ရှည်ရမှာပေါ့။
လူတစ်ယောက် အသက်ရှင် အသက်ရှည်ဖို့က
ဘာတွေ လိုအပ်သလဲ။ ဒေါ်လုံး
ကြားဖူးတာက ကံ၊ စိတ်၊ ဥတု၊ အာဟာရတဲ့။
ဒီလေးခု ညီမျှမှ အသက်ရှင်နိုင်မှာတဲ့။
ဒါတွေ စဉ်းစားရင် ခင်ခင့်ကို သတိမရဘဲ



www.burmeseclassic.com

www.burmeseclassic.com

မနေနိုင်ဘူး။ ခင်ခင်ဆုံးတာ သားအိမ်ကင်ဆာနဲ့ပါ။ ခင်ခင့်မှာ ရောဂါရှိနေပြီဆိုတာ သိတဲ့အချိန်၊ ရန်ကုန်ကို နှစ်ခေါက်တက်ပြီးချိန် နောက်ဆုံးတစ်ခေါက် ဆရာဝန် လက်လွှတ်ပြီး ပြန်ခေါ်လာတာ အိမ်ရောက်ပြီး တစ်ပတ်အကြာ အသက်စွန့်တော့တာပါ။ ဒီတုန်းက ဒေါ်လုံး တရားစခန်းဝင်နေလို့ အိမ်ပြန်ခေါ်လာတဲ့သတင်းကို မရလိုက်ဘူး။ ဒေါ်လုံးလည်း တရားစခန်းကထွက် အိမ်ရောက် ခင်ခင့်ဆုံးသတင်းက ဆီးကြိုနေတော့တာ။ ဒေါ်လုံးနေတဲ့ ရွာနဲ့ ခင်ခင်တို့မြို့နဲ့က အတော်ကလေး လှမ်းသေးတာပါ။ ဒေါ်လုံးရောက်တော့ အလောင်းစင် ပြင်ထားပြီးပြီ။

အလှမက်၊ အလှကြိုက်၊ လှလည်းလှခဲ့တဲ့ ခင်ခင်ရဲ့ မရှိတော့တဲ့ အလှကိုငေးရင်း ဒေါ်လုံး သံဝေဂယူခဲ့ပါတယ်။ ဟုတ်တယ်။ လောကကြီးမှာ ဘာမှမမြဲဘူး။ လှတဲ့သူလည်း တစ်နေ့ ဒီလမ်းသွားရမှာပဲ။ ရုပ်၊ နာမ် နှစ်ဝ ရှိနေမှတော့ သင်္ခါရဘေးကြီးက ဘယ်ပြေးလွတ်ပါ့မလဲ။ တစ်ခုပါပဲ။ ခင်ခင့်ကို နေစေချင်သေးတာ။ သူ ပင်ပင်ပန်းပန်း ရှာထားခဲ့တဲ့ စည်းစိမ်ပေါ်မှာ မြိန်မြိန်ရှက်ရှက်ကြီး စံစားရမယ့်အချိန်ကျတော့မှ သေမင်းရဲ့ မောင်းနှင်တောထုတ်ခြင်းကို ခံရတယ်ရယ်လို့။

ဒေါ်လုံးမျက်စိထဲ ခင်ခင် စီးပွားရှာခဲ့ပုံကို မြင်ယောင်နေတယ်။ အရာရှိကတော်ဖြစ်ပြီး ကတော်လိုမနေ၊ မှောင်ခိုတစ်ခေတ်မှာ ကယ်ရီ

**တစ်သက်လုံး**
**မောင်နှမ**
**ရင်းချာလို**
**နေခဲ့ကြတဲ့**
**အစ်မနဲ့**
**မောင်ဟာ**
**ဘယ်အချိန်က**
**စပြီး**
**သွေးကွဲသွားတာလဲ**

ဒိုင်လည်း လုပ်လိုက်တာပဲ။ ပစ္စည်းကိုက်ရင် ကိုယ်တိုင်လည်း သယ်လိုက်တာပဲ။ လားရှိုးဘက် တက်လာရတာနဲ့၊ တာချီလိတ်ဘက် တက်ရတာနဲ့။ မှောင်ခိုတွေ ခေတ်ကုန်သွားတော့ သူ့မှာ မနားအား၊ ဈေးကြီးထဲမှာ ကိုက်ထိုးအထည်ဆိုင်ဖွင့်၊ ရယ်ဒီမိတ်အင်္ကျီတွေ ဂျင်းဘောင်းဘီတွေ တင်ရောင်းသေးရဲ့။ ဆိုင်နဲ့ ဘာနဲ့ဖြစ်သွားလို့ ငွေကြေးချမ်းသာသွားပေမဲ့ လောဘဇောက အတောမသတ်နိုင်ခဲ့ဘူး။

ခင်ခင်တစ်ယောက် ဘာလို့ စီးပွားကို သဲကြီးမဲကြီး ရှာနေသလဲ၊ ဒေါ်လုံး မတွေးတတ်နိုင်ခဲ့ဘူး။ ခင်ပွန်းဖြစ်သူရဲ့ အရာရှိကြီးလစာနဲ့ အရပ်ထဲမှာ ငွေတိုးချထားတာနဲ့ စားလောက်သောက်လောက် ဖြစ်နေတဲ့ဟာ ဘာလို့များ။ သမီးတစ်ယောက်၊ သားတစ်ယောက် မြို့လယ်ကောင်မှာ ဝင်းနဲ့ခြံနဲ့ တိုက်ခံကြီးနဲ့ နေပါလေ့။ ခင်ခင် ဘယ်တုန်းကမှ သက်သောင့်သက်သာ မနေခဲ့ဘူး။ ရှာတယ်၊ ဖွေတယ်၊ စုဆောင်းတယ်။ အထုပ်သေးကနေ အထုပ်ကြီးဖြစ်အောင် ကျစ်ကျစ်ထုပ်တယ်။

ခင်ခင်စုဆောင်းခဲ့တဲ့ ပစ္စည်းတွေ ဒေါ်လုံးသိတာပေါ့။ ဖက်ထုပ် စိန်နားကပ်ကြီးတို့၊ နှစ်ကျပ်သား အမ်စီကြိုးတို့၊ ပွတ်လုံးပြောင်ချောလက်ကောက် ခုနစ်ကွင်းတို့။ သရဖူပုံ စိန်လော့ကက်၊ ခြောက်တန်းသွား စိန်လက်စွပ်၊ အင်း…နောက်ပြီး ဒေါ်လုံးမမှတ်မိတဲ့ (ခင်ခင်သိပ်ထုတ်မဝတ်တဲ့) နီလာဆက်၊ ပတ္တမြားဆက်တွေလည်း ရှိသေးရဲ့။

ပွဲလမ်းသဘင် အလှူမင်္ဂလာပွဲတွေ ရှိလို့ကတော့ ခင်ခင်က တစ်ကိုယ်လုံး ဖိတ်ဖိတ်လက်အောင်ကို ဝတ်တော့တာ။ အဝတ်အစားအကောင်းစားတွေအပြင် လက်ဝတ်လက်စားတွေပါ ဆင်လိုက်တော့ နဂိုရှိရင်းစွဲအလှမှာ ကျက်သရေတိုးပြီး တင့်တယ်နေတော့တာပေါ့။

'ဒေါ်လုံးရေ စိန်လော့ကက်က ရင်ညွန့်မှာပေါ်အောင် ကြိုးကို တိုချင်တာ၊ အနောက်က အပ်ချည်ကြိုးနဲ့ ချည်ပေးပါဦး'

'ဒီပန်းလက်ကော က ခလုတ်သိပ်မမြဲဘူး။ ဒီ နားမှာ တိပ်ကလေးနဲ့ စိတ်ချ ရအောင် ပတ်ပေးပါဦး'

'ကူပါဦး ဒေါ်လုံးရဲ့ ခါးသေးအောင် ကြိုးထ တစ်ဖက်စကို ခပ်တင်းတင်း ကလေး ဆွဲပေးပါဦး'

'ဘာလိုသေးလဲဟင် မိတ်ကပ်တွေ ကွက်နေလား နှုတ်ခမ်းနီ ရဲလွန်းနေလား ဆံထုံးပေါ်က ပန်းအနေအထား ကြည့်ပါဦး'

ပွဲလမ်းသွားစရာရှိ ခင်ခင်အလှပြင်နေရင် ဒေါ်လုံးက ဘေးကနေ ကူညီ ပေးရတာပါ။ ခင်ခင် ဒေါ်လုံးကို အားကိုးရှာတယ် အားကိုးဆို သူ့မှာ အိမ်ထော မှုမှ မနိုင်ဘဲကိုး။ အပြင် စီးပွားရှာ တော်သလော အိမ်မှုကိစ္စ မီးဖိုချောင် အကွက်မဆိုက်လှဘူး။ ဒီ ဒေါ်လုံးဟာ ခင်ခင့်လ ဖြစ်လာတော့တာပေါ့။ ခင် ယောကျ်ား ယစ်မျိုး အ ကြီးက တစ်ဖက်က ကျ လည်းသင်သေးတော့ ဒေ သားလေး ကျူရှင်အပ် ကျူရှင်ကြိုရင်း မီးဖိုမနိုင် ခင်ခင့်ကို ကူရင်း နောက် သားတက္ကသိုလ်စရိတ်အ အိမ်မှာ အပြီးတိုင်နေတ ရောက်တော့တယ်။

ခုတော့လည်း အ ဟာ ပြောင်းလဲကုန် သားလည်း မလေးရှား ဒေါ်လုံးလည်း ဇာတိ ရောက်၊ ခင်ခင်လည်း ဟော အခု ဆရာပါ ပေါ့။ ဒေါ်လုံးဟာ ပိ တဲ့ နားသယ်စပ်ဆံ



www.burmeseclassic.com

www.burmeseclassic.com

သွေ့ခြောက်ခြောက် င်တွေကို ကြည့်ပြီး ဖို့ ခဲ့က ဖျတ်လတ် သွက် ခဲ့တဲ့ မြို့မျက်နှာဖုံး ခင်မောင်ကျော်ရဲ့အသွင် ဏ္ဍာန်ကို ရေးရေးမြင်နေမိ တယ်။ လက်ရှိ ရာထူးအပြင် ရှင်ဆရာဆိုတဲ့ ဂုဏ် ကြောင့် မြို့မှာ လက်ညှိုးထိုး ခဲ့ တပည့်တွေကြားမှာ ထင်ထည်သူကြီး။ ခင်ခင် ရှေ့သွားနောက်လိုက်ညီစွာ ပြားတဲ့ရုပ်ရည်နဲ့ ဆရာမို့ စ်ကော်လာ လည်ကတုံး ကြိုဝတ်ပြီဆို သူ့မိန်းမ ခင်ထားတဲ့ စိန်ကြယ်သီးက ချပ်လက်လို့။

ယောကျ်ားတွေဟာ မတွေ မရှိတော့တာနဲ့ ရောဂါဘယဝင်ပြီး အရွယ် သွားတတ်တာ ဘာကြောင့် ခင်ခင်ဆုံးပြီး မကြာခင် ကျန်းမာရေး သတင်း ကြားရတော့တာပဲ။ မေ့ကုန်ပြီ ဘာမှ သတိမရတော့ တဲ့။ အယ်လ်ဇိုင်းမား ရောဂါဆိုလား၊ ဒေါ်လုံး သိပ် မလည်ဘူး။ ဒီကြားထဲ ဒေါ်လုံး ခရီးသွားဟန်လွှဲ စ်ခေါက်ဝင်လာတော့ ကြားထားတာလောက် မဆိုး ဘူး။ ဒေါ်လုံးလေ-မှတ်မိ ဆရာဆိုတော့ မှတ်မိတာ ပဲတဲ့။ ဆရာ တကယ်မှတ်မိ လား၊ မှတ်မိချင်ယောင် ဆောင်တာလား ဆိုတာကို တော့ ဒေါ်လုံး စစ်ဆေးမနေ တော့ပါဘူး။

အဲဒီအခေါက်က ဆရာ့ ရောက်ပြီး ရပ်ကွက်ထဲက တော့ ကြားရတဲ့သတင်း တော့ မကောင်းလှပါဘူး။ ဒေါ်လုံး ဒီအိမ်မှာ နှစ်ရှည်လ မျှားနေသွားတာ အရပ်က သိနေတော့ ဒေါ်လုံးကိုမြင်ရင် ပြောချင်ဆိုချင် နှုတ်ဆက်ချင် ကြတာကိုး။

'ဒေါ်လုံးတို့ ဆရာလည်း သူ့မိန်းမဆုံးပြီး မြင်ကွင်းမလှပါဘူး။ တပည့်တွေမြင်ရင် ငါ့ကို လက်ဖက်ရည်တိုက်စမ်းပါ၊ ငါ့ကို မုန့်ဟင်းခါး ကျွေးစမ်းပါနဲ့။ တကယ်ဆို အဖေအိုလက်ထဲ သူစားချင်ရာစားဖို့ ငွေနည်းနည်းပါးပါး မထည့်သင့်ပေဘူးလား။ အခုတော့ တပည့်တွေဆီမှာ တောင်းစားရတယ်လို့'

နှစ်အိမ်ကျော်က တပည့်ဟောင်းတစ်ယောက်က ပြောတဲ့စကားပါ။ စကားထဲမှာ ဆရာနေရတဲ့ အနေအထားကို ပြနေတာမို့ ဒေါ်လုံး စိတ်မကောင်းလှဘူး။ မျက်စောင်းထိုးခြံက မိန်းမကတော့…

'ဒီအရွယ်လူအို စိတ်ကလည်း သိတစ်ချက် မသိတစ်ချက် လူမျိုးကို အိမ်မှာ သော့ခတ်ပြီး ညအိပ်ညနေ ခရီးသွားကြသတဲ့။ အိမ်နီးနားချင်းက ထမင်းဟင်း ပို့ကျွေးချင်ရင်တောင် ပန်းကန်သွင်းမရလို့ ပြတင်းပေါက်သံတိုင်ကြားက ကြွပ်ကြွပ်အိတ်နဲ့ သွင်းပေးရတဲ့အဖြစ်။ အဘိုးကြီး သူ့ဘာသာ ချက်စားတော့ရော ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးမလောင်ဘူးလို့ ပြောနိုင်မလား။ အရေးအကြောင်းဆို အိမ်ထဲက ဘယ်လိုထွက်မလဲ။ မကြံကောင်း မစည်ရာ ဖအေကို သော့ခတ်ထားခဲ့ရတယ်လို့'

အဲဒီလို ပတ်ဝန်းကျင်စကား သောသောညံအောင် ကြားရတော့ ဒေါ်လုံးစိတ်ထဲ အတော်ကြီးကို ထိခိုက်လှတယ်။ ဩော် ဆရာရဲ့ အိုဇာတာက ဒီလိုကိုးလို့ မှတ်ချက်ချရုံအပြင် ဘာလုပ်နိုင်မှာတဲ့လဲ။ ဒေါ်လုံး ကြောက်တယ် မေသော်တာကို၊ သမီးဦးမို့ အလိုလိုက်များပြီး လူကြီးမှန်း လူငယ်မှန်းမသိ ရိုင်းပျတတ်တဲ့ ဆရာနဲ့ ခင်ခင်တို့ရဲ့သမီး မေသော်တာကို ဒေါ်လုံး ကြောက်တယ်။

အခုလည်းကြည့်လေ၊ ဒေါ်လုံး ဘယ်တုန်းကရောက်လဲလို့တောင် နှုတ်ဆက်ဖော်မရ။ အင်းလေ၊ နှုတ်မဆက်နိုင်လောက်အောင် ဒေသြ့ခံနေရတာလည်း ပါမှာပေါ့။ ဆရာက မြို့မျက်နှာဖုံး တပည့်ပေါသူမို့ နာရေးအိမ်မှာ သတင်းမေးသူတွေ အုန်းအုန်းကျွက်ကျွက်၊ နာရေးအကူငွေတွေကလည်း ဝင်လာမစဲ တသဲသဲပေါ့။

'ဖေဖေက ဘာမှ ထွေထွေထူးထူး မခံစားသွားရပါဘူး၊ အိပ်ရာထဲမှာ သက်သောင့်သက်သာနဲ့ပဲ ဘဝကူးသွားတာပါ။ ဟုတ်ကဲ့၊ စ, ဖြစ်တာက သူ့သားဆီ ခဏသွားနေရင်း ပေါင်ဆစ်ပြုတ်သွားရာက အိပ်ရာထဲ လဲသွားတာ။ ဖေဖေက သမီးလက်ထဲမှာ ဘာမှမဖြစ်ဘူး။ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်ကို မြည်လို့။ သူ့သားဆီ ရောက်သွားပြီး ဘာမှ မကြာဘူး အသံကြားရတော့တာပဲ'

မေသော်တာ့စကားက တစ်ယောက်ယောက်ကို အဖျားခတ်နေတာ သေချာပါတယ်။ အဲဒီတစ်ယောက်ဆိုတာ ဘယ်သူရှိမှာလဲ။ သူ့သားလို့ ပြောနေတဲ့ အငယ်ကောင် သားငယ်လေးပေါ့။ သားငယ်လေးက မြစ်ဝကျွန်းပေါ် မြို့ကြီးတစ်မြို့မှာ ရာထူးကြီးကြီးနဲ့ ကုမ္ပဏီတစ်ခုမှာ လုပ်နေလေတော့ အဖေဖြစ်သူကို သူရှိရာမြို့ အလည်အပတ်ခေါ်ရင်း ပေါင်ဆစ်ပြုတ်တဲ့ဆီ ရောက်ရတာပါ။

'ဟင်း ဟင်း သားငယ်တို့များ အဖေကို ခေါ်သွားပြီး လဲကျတာလား၊ လဲမကျဘဲ သူ့အလိုလို ဖြစ်တာလားတောင် အတပ်မပြောနိုင်ဘူး။ တာဝန်မယူနိုင်ရင် အစကတည်းက မခေါ်နဲ့ပေါ့။ ဟုတ်ကဲ့၊ ရန်ကုန်မှာ ဆေးရုံတင်လိုက်ရသေးတာပေါ့။ ခွဲစိတ်ပြီးတော့လည်း ဒီကိုပဲ ပြန်ရောက်လာတာပေါ့။ အကြောင်းပြချက်တွေက ကောင်းတယ်လေ၊ နောက်ဆုံးတော့ ဖေဖေက ဒီသမီးလက်ပေါ်မှာပဲ…'

အသုဘရှုလာသူတွေကို ပြောနေတဲ့စကားက အစွန်းမလွတ်တာမို့ ဒေါ်လုံးလည်း စကားသံတွေနဲ့ဝေးရာ မီးဖိုဘက်ကို ထွက်လာပါတော့တယ်။ ဘာပဲဖြစ်ဖြစ် ဆရာ့ကျေးဇူး၊ ခင်ခင့်ကျေးဇူးက ရှိသေးတာဆိုတော့ မီးဖိုချောင်မှာ ဘာတွေ ကူညီလုပ်ကိုင်ပေးရမလဲ။ မီးဖိုမှာ အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရတဲ့အခါမှာတော့ ဒေါ်လုံး ခြေလှမ်းတွေ တန့်သွားပါတော့တယ်။ အသံစူးရှရှ ကျယ်လောင်လောင် စီမံခန့်ခွဲနေတဲ့ မိန်းမဟာ ဒီနေရာမှာ ပိုင်စိုးပိုင်နင်း လက်ကြီးဝင်နေလိုက်ပုံက၊ သူ ဒေါ်မြ



www.burmeseclassic.com

www.burmeseclassic.com

စမ်းရီ။

အစ်မဝမ်းကွဲဖြစ်သူ ခင်ခင်ဆုံးစဉ်ကတောင် မလာဘဲ ခဲအိုဆုံးမှ ရောက်လာပြီး အိမ်ကို စီမံနေလိုက်ပုံက။ ဒေါ်လုံးဟာ သူ နှစ်ပေါင်းများစွာ လက်ကြီးဝင် လက်ပွန်းတတီး နေထိုင်ခဲ့တဲ့ အိမ်ဖြစ်ပေမဲ့ အခုအခါမှာ မြင်ကွင်းစိမ်း၊ ရနံ့စိမ်းတွေနဲ့ အေးစက်စိမ်းကားမှုတွေကြားမှာ အနေခက်လှတာမို့ မီးဖိုထဲလည်း မဝင်ဖြစ်တော့ဘဲ အပြင်ဘက် ထွက်လာရင်း သူ့တစ်ကိုယ်ကြား တီးတိုးရေရွတ် လိုက်မိပါတယ်။

'အင်း မိုးမှောင်ကို ရာမှ ဖြစ်တော့မယ်'

❑

တကယ်တော့ ဘာက စပြီး မှားခဲ့တယ်ဆိုတာ အတန်းပညာ သိပ်မတတ်တဲ့ ဒေါ်လုံး မသိပေမဲ့ မှားခဲ့တာတော့ အသေအချာပါ။ ဆရာနဲ့ ခင်ခင့်မှာ ကလေးမရနိုင်ဘူးဆိုပြီး ခင်ခင့်ညီမဝမ်းကွဲရဲ့ကလေးကို ရက်သားကလေးနဲ့ယူပြီး မွေးစားလိုက်မိတာက စမှားတာလား။ ကလေးကို လိုအပ်တာထက် ပိုပြီး အလိုလိုက်မိတာက မှားတာလား။ မမျှော်လင့်ဘဲ မေသော်တာကို မွေးစားပြီး ၁၀ နှစ်အကြာမှာမှ စွံစွံရှားရှား သားလေးတစ်ယောက် မွေးလာတာက မှားတာလား။

ဒေါ်လုံးလည်း အမေတစ်ယောက်ပါပဲ။ အမေဟာ သားသမီးတွေအပေါ် ဘယ်လောက် အတိုင်းအတာအထိ အလိုလိုက်သင့်ပါသလဲ။ ခင်ခင်ဟာ မေသော်တာအပေါ်မှာ မျက်ကန်းချစ်တွေ

> တော်ကြပါတော့
> တော်ကြပါတော့
> အဖေ့အလောင်း
> အခုပဲ
> မြေကျတယ်
> အခုပဲ
> ပွက်လော်ရိုက်
> နေတယ်
> ဆိုတာ
> ပတ်ဝန်းကျင်
> ကြားမကောင်းဘူး
> မဟုတ်လား

နဲ့ ပုံအောပြီး ချစ်ခဲ့ပါလိမ့်မယ်။ ဒါဆိုရင် ဆရာကရော၊ သူ့မိန်းမဘက်က စပ်ရင် အမျိုးတော်တဲ့ သမီးလေးကို သူ့မိန်းမထက် မလျော့တဲ့ ချစ်ခြင်းနဲ့ ချစ်ခဲ့တာ သေချာပါတယ်။

အိပ်ရေးပျက်ခံလို့ မရတဲ့ ခင်ခင့်ကိုယ်စား ဆရာကပဲ ညဘက်ထပြီး နို့ဘူးဖျော်ရတာတွေ၊ ကလေး လေနာထလို့ ပခုံးပေါ်ထမ်းပြီး သိပ်ခဲ့ရတာတွေ၊ ဆရာကိုယ်တိုင်ကလေးကို မူကြိုပို့နေတဲ့ မြင်ကွင်း၊ မူလတန်းကျောင်းသူကြီး ဖြစ်တော့လည်း ကလေးကို ကျောင်းကြိုကျောင်းပို့ ဆရာကိုယ်တိုင်။ ခင်ခင်ရှေ့မှာ စီးပွားရေးလောဘ တက်နေသလောက် ဆရာ့မှာ ကလေး ဝေယျာဝစ္စနဲ့ လုံးချာလိုက်ခဲ့တာတွေဟာ ပတ်ဝန်းကျင်အတွက် မမြင်ချင်အဆုံး မြင်ကွင်းတွေပေါ့။

ကလေးဆိုးကြီးလို ကြီးပြင်းလာတဲ့ မေသော်တာဟာ ကျောင်းမှာလည်း စာမတော်လှဘူး။ ကျောင်းစာ လိုက်နိုင်ရုံ၊ တစ်နှစ်တစ်တန်း မှန်မှန်အောင်ရုံနဲ့ ဘွဲ့ရအောင်တောင် ဖျစ်ဖျစ်ညှစ်ညှစ်မည်အောင် လုပ်ခဲ့ရတာ ဒေါ်လုံးအသိ။ ဒီလို အတွင်းသိ အစင်းသိဖြစ်လို့လည်း ဒေါ်လုံးဆို မေသော်တာက သိပ်ကြည်လင်တာ မဟုတ်။ အပျိုကလေးဖြစ်လာတော့ အနေအထိုင်နဲ့ ပတ်သက်ပြီး မနေနိုင် မထိုင်နိုင် ဆုံးမမိတဲ့ ဒေါ်လုံး၊ နောက်ဆုံးရလဒ်က ဒီအိမ်က အပြီးထွက်သွားရတော့တာပါပဲ။

'မဆိုင်ဘဲနဲ့ ဝင်မပါချင်စမ်းပါနဲ့။ ဒေါ်လုံး ကိုယ့်နေရာ ကိုယ်သိမှပေါ့။ ဒါ သော်တာ့အိမ်၊ သော်တာ့ကို သြဝါဒလာမပေးနဲ့။ သော်တာက အဖေအမေတောင် သြဝါဒခံချင်မှခံတာ၊ ဒေါ်လုံးလောက်တော့ အကင်းပဲ မနေနိုင်ရင် ကြွချင်တဲ့ဆီကြွ'

ဒေါ်လုံးနားထဲ သံရည်ပူလောင်းထည့်သလို အဝင်ဆိုးတဲ့ စကားတွေကြားပြီး သိပ်မကြာ ဒေါ်လုံး ရွာပြန်ခဲ့တော့တယ်။ သားငယ်လေးလည်းကြီးပြီဆိုတော့ ဒီအိမ်မှာ ဒေါ်လုံး မလိုတော့ဘူးလေ။ ခင်ခင်ကတော့ ဒေါ်လုံးကို လက်မလွှတ်ချင်ရှာဘူး၊

မိသားစုလို ဖြစ်နေပြီကို
သံယောဇဉ်မကုန်တဲ့ ဒေါ်လုံး
ကတော့ ဒီအိမ်မှာ အလှူလုပ်
တဲ့အခါမျိုး အလုပ်အကိုင်
ဝိုင်းလုပ်ရင်းနဲ့ ရောက်လာ
လေ့ရှိတယ်။ မိဘတွေ
မျက်နှာနဲ့ ဒေါ်လုံးကို ဘာ
မပြောပေမဲ့ မေသော်တာ
တော့ မကြည်မလင် ဖြစ်
နေဆဲ၊ ဆက်ဆံရေး တန်း
ဆဲ။

ခင်ခင်ဆုံးပြီဆိုတော့
ရောက်ရာအရပ်က ပြေးလာ
ရက်လည်ပြီးတဲ့အထိ အောင်
ခြေသိမ်းအလုပ်တွေ ကျုံးလုပ်
ခဲ့တာ ဒေါ်လုံးပေါ့။ သူ့စိမ်း
ပေမဲ့ ကိုယ်မစိမ်းနိုင်တာ ဒီ
အိမ်နဲ့ ပတ်သက်တဲ့ ဝဋ်
ယူဆရမယ် ထင်တယ်။ အ
လည်း ကြားကြားချင်းပါပဲ
မြို့ကို ဈေးဝယ်လာရင်း ဈေး
ကနေ ကြားလိုက်တဲ့ သတင်း
က ဆရာ ဆုံးပြီတဲ့။

'အဖေကြီး ကျန်းမာ
တုန်းကတောင် ကောင်း
ကောင်းမထားတာ၊ အိမ်
ထဲလဲပြီး ပြန်ရောက်လာတော့
ပြုစုမှာတဲ့လား။ ဆရာ
တာ ဝဋ်ကျွတ်သွားတာပေါ့
နို့မဟုတ် သူ့သမီး ညှဉ်း
တာ ခံနေရဦးမယ်'

ဘုရား ဘုရား၊ ဈေး
စကား ဈေးပါးစပ် ကြော
စရာ ကောင်းလှပါလား
အိမ်ထောင်ကျပြီး ကလေး
တစ်ယောက်အမေ ဖြစ်သွား
တဲ့ မေသော်တာတစ်ယောက်
ရင့်ကျက်သင့်သလောက်
မရင့်ကျက်သေးတာလား
အမေဆုံးပြီး ကျန်ရစ်ခဲ့တဲ့
အဖေကို အစွမ်းကုန် ပြု
ဝတ္တရားရှိနေရက် က
ဘယ်လိုက ဘယ်လို ဒေါ်လုံး



www.burmeseclassic.com

www.burmeseclassic.com

သိချင်စိတ်တွေ တလိမ့် ...ကက်လို့ မိုးမှောင်ရှိရာ ...ကွက်ကလေးထဲ ရောက် ...တော့တယ်။

...မှောင်ဆိုတာ ဆရာက ...ယ်ရှိရာ မြစ်ဝကျွန်း ... မြို့ကလေးဆီ အလည် ... သွားမယ်ဆိုတော့ ...အဖြစ် ထည့်လိုက်တဲ့ ...ယ်လေးပါ။ သူက ဆရာ့ ...ဝစ္စကို အနီးကပ် ပြု ...သူဆိုတော့ မိုးမှောင် ...ကို ဒေါ်လုံး ကြားချင် ...ဘိ။

သိပ်မရှာရပါဘူး။ ...လုံးကို မြင်တာနဲ့ မိုးမှောင် ...ဓက်ရည်ဆိုင်ကို လိုက် ...လာတယ်။ မျက်နှာ ...ကောင်းဘူး။ သူလည်း ...အပေါ် သံယောဇဉ်ရှိ ...ဆိုတော့ ခံစားနေရမှာပါ ...

'ဒေါ်လုံးရယ်၊ ...တော် တကယ်စိတ် ...ကောင်းဘူး။ ဘဘက ...း ကျန်းမာမာကြီးကကို ...သွားတာ။ ကျွန်တော်နဲ့ ...သွားတာ တစ်လျှောက် ...အကောင်း၊ နေရင်းထိုင် ...က ပေါင်ဆစ်ပြုတ်သွား ... နာတယ်၊ နာတယ်ဆိုမှ ...တာ၊ ရန်ကုန်ဆေးရုံကြီး ...င်လိုက်တာပေါ့။ ကိုငယ် ...လည်း လိုက်လာပြီး ...ပါတယ်။ အော်ပရေးရှင်း ...ပ်ပြီး ကိုငယ်လေးတစ် ...ကာက်တည်း အလုပ်တစ် ...နဲ့ဆိုတော့ မမသော်တာ ...မှာပဲ သင့်တယ်ဆိုပြီး လာ ...ပို့တာပါ။ ဒီရောက် ...တည်းက အဆင်မပြေဘူး၊ ...ကို ပြန်လက်မခံချင် ...တော့တဲ့ သဘောပေါ့။ ခေါ် တုန်းက ခေါ်သွားပြီး ဖြစ်လာမှ လာပြန်ထိုးထည့်တယ် ဆိုတာမျိုး ပြောင်နေတော့တာပေါ့။ ကျွန်တော့်ကိုလည်း လာစရာမလိုတော့ဘူးဆိုပြီး တခြားလူတစ်ယောက်နဲ့ အစားထိုးလိုက်တယ်။ လူနာပြုရမယ့် သူကလည်း တကယ့်ငယ်ငယ်လေး၊ ဒီကလေးက ဘာလုပ်ပေးနိုင်မှာတုံး။ ကျွန်တော် စိတ်မချလို့သွားချောင်းကြည့်တော့'

မိုးမှောင်က စကားမဆက်နိုင်သလို အဝေးကိုငေးနေတယ်။ ဒေါ်လုံးလည်း အဆွေးတွေ ကူးစက်လို့ မိုးမှောင်ပြောတာတွေ ကြားလည်းကြားချင်၊ မကြားလည်း မကြားရက်။

'ဒေါ်လုံး စဉ်းစားကြည့်၊ အော်ပရေးရှင်းလုပ်ပြီး စတီးချောင်းထည့်ထားတဲ့ လူနာတစ်ယောက်ကို သူ့ဘာသာ ထထိုင်ခိုင်းသတဲ့။ ပြီးတော့ ဆုံလည်ကုလားထိုင်မှာ ထိုင်ခိုင်းသတဲ့။ လူနာက တစ်ဖက်လည်ပြီး ထိုင်နေရာက ကျသွားတော့တာပေါ့။ ဘဘမှာလေ နာတယ်၊ နာတယ် ဖြစ်နေတော့တာ။ အဲဒါ ကျွန်တော့်စိတ်ထင် နောက်တစ်ဖက်ပါ ထပ်ကျိုးသွားလား မသိဘူး။ ဒီကတည်းက နာလန်မထူတော့တာ။ အစားလည်း မဝင်တော့ဘူး။ အစားမဝင်ရင် ချော့ကျွေးရမှာ၊ အားရှိတာ ကြိုးဆပြီး ကျွေးရမှာ၊ အခုတော့ အဖေကို ခနောခနဲ့ပြုတ်နဲ့ လွှတ်ထားသတဲ့။ မူလတန်းကျောင်းသားလောက်ရှိတဲ့ လူနာပြုစုတဲ့ အဲဒီကလေးက ဘာနားလည်မှာလဲ။ စားရင် ကျွေးမယ်၊ မစားရင် ထားထားမယ်။ ဒါနဲ့ ဘဘမှာ အာဟာရပြတ်သွားတာနေမှာ။ အစားမမှန်သလို၊ ဆေးတိုက်လည်း မှန်ဟန်မတူဘူး။ လူနာကို အိပ်ဆေးတွေပေးပြီး အိပ်ခိုင်းထားမှာပေါ့။ ပုံမှန်အချိန်နဲ့ တိုက်ရမယ့် ဆေးတွေရှိတယ်။ ဆေးပတ်လည်အောင် မတိုက်ဘူး။ အစာဝင်အောင် မကျွေးဘူး။ ဒီလူနာ ဘယ်လို အသက်ရှင်မလဲ'

မိုးမှောင်ပြောတဲ့ စကားထဲမှာ လူတစ်ယောက် အသက်ရှင် အသက်ရှည်ဖို့ ဘာတွေ လိုအပ်သလဲ အဖြေပါသွားပါပြီ။ ဆရာ့အတွက် ဒေါ်လုံး ရင်နာလို့ မဆုံးဘူး။ သမီးရင်းနဲ့မခြား ပြုစုစောင့်ရှောက်ပြီး လူဖြစ်အောင် မွေးခဲ့ရတဲ့ နောက်ဆုံးရလဒ်က ဒါပဲလား။ ခင်ခင်သာ ရှိမယ်ဆိုရင် ဒီလို ဖြစ်ပါ့မလား။ သူ့ယောက်ျားကို အစွမ်းကုန်ပြုစုမှာသေချာတယ်။ ခင်ခင်ချန်ရစ်တဲ့ ငွေကြေးဥစ္စာနဲ့ အပြုစုကောင်းမယ်ဆို အသက်ရှည်ဦးမယ့် ဆရာအတွက် ဒေါ်လုံး နှမြောလို့ မဆုံးဘူး။

'ဒီနေ့ ကိုငယ်လေး ရောက်လာမယ်၊ အလောင်းမြေကျပြီးရင်တော့ ပွဲကြီးပွဲကောင်းပဲ'

မိုးမှောင်ရဲ့ နောက်ဆုံး အပိတ်စကားက ဒေါ်လုံးကို ရင်တုန်စိုးထိတ်စေတယ်။ မောင်နှမတွေ စိတ်ဝမ်းမကွဲစေချင်ဘူး။ ဒီအချိန်ကျမှ အဖေသေတာ သူ့ကြောင့် ငါ့ကြောင့် အပြစ်ပုံတော့ရော ဘာထူးမှာလဲ။ ဘာတွေများ ဖြစ်ကြဦးမှာလဲ။

❑

တကယ်တမ်း သားငယ်လေး ရောက်လာတော့ သူ့အဖေ အလောင်းစင်နားမှာ ငိုင်နေတာမှ အကြာကြီး။ ရန်ကုန်ကနေ ကျန်းမာရေး စစ်ချက်အဖြေကောင်းကောင်း၊ ဝမ်းတွင်းရောဂါ ဘာမှမရှိတဲ့ အခြေအနေနဲ့ သူကိုယ်တိုင် လာပို့သွားတဲ့ အဖေဟာ အခုပြန်တွေ့တော့ သက်မဲ့ရုပ်အလောင်းအနေနဲ့ဖြစ်နေပြီ။ ဘယ်ဖြေသာပါ့မလဲ။ မျက်နှာကြီး ရဲပြီး အံကိုတင်းတင်း ကြိတ်လို့။

ဆရာ့ အသုဘဟာ မြို့မျက်နှာဖုံး တစ်ယောက်အနေနဲ့ စည်ကားပါပေရဲ့။ ခင်ခင့်ဘက်က မေသော်တာ့အမေလို ဆွေမျိုးတွေလာသလို၊ ဆရာ့နှမတွေလည်း ရန်ကုန်က ရောက်ချလာတယ်။ အသုဘချအပြီး ဆွေမျိုးစုံတုန်း ပစ္စည်းခန်းကိစ္စ စ, တော့တာပဲ။

သူ့အဖေကို အစ်မဖြစ်သူက ကောင်းကောင်းမပြုစုလို့ ဒီလိုဖြစ်ရတယ်ဆိုတဲ့ စိတ်အခံနဲ့ သားငယ်လေးက ဒေါသပါနေသလောက် မေသော်တာက အေးဆေးပါပဲ။

'အမေ့ စိန်နားကပ်ကြီးရော'

'အပေါင်ဆိုင်မှာ…'

'အမ်စီကြိုးကြီးရော'

'အပေါင်ဆိုင်မှာ…'

'……'

'အပေါင်ဆိုင်မှာ'

'ဒါဆိုရင် အပေါင်ဆိုင်ဘောက်ချာပြ'

နားထောင်လို့ မကောင်းတဲ့ အမေးအဖြေတွေပါ။ မေသော်တာက ထိမထင်



www.burmeseclassic.com

www.burmeseclassic.com

> **သမီးကို သိပ်ချစ်ခဲ့တဲ့ အဖေဟာ သိစိတ်နဲ့ မသိစိတ်ကြားမှာ သူ့သမီး သူ့အပေါ် ရက်စက်နေပြီ ဆိုတာ သိသွားပြီလား**

အပြုံး အမေဆုံးပြီးကတည်းက အတွင်းပစ္စည်းတွေကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်ခဲ့ရလို့ ကျေနပ်အားရနေတဲ့ မျက်နှာဟာ သားငယ်လေးကို ဒေါသပွားစေတယ်။ ဘာတွေ ကျန်သေးလဲ၊ အခု ထုတ်ပြဆိုတော့ ဘာမှ တန်ဖိုးမရှိတဲ့ နားကပ်ကလေးတွေ၊ လက်စွပ်ကလေးတွေ။ အဖေ့စိန်ကြယ်သီးဟာရော…

ဟိုပစ္စည်း ဒီပစ္စည်းမေးရင်း မေးလိုက်တိုင်းလည်း ကျေနပ်စရာ အဖြေမရ။ နောက်ဆုံး သားငယ်လေး ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်တော့ သူ့အမေက သူ့သမီးဘက်က အကာအကွယ်ပေးနေတဲ့ မြင်ကွင်းက တော်တော် အကျည်းတန်တဲ့ မြင်ကွင်းပါ။ ဒေါ်လုံးကတော့ မေသော်တာ့အမေ ဒေါ်မြစမ်းရီဆိုတဲ့ မိန်းမကို ကြည့်ပြီး ခင်ခင့်ကိုပဲ သတိရနေတော့တာပါ။

ခင်ခင်ရှိစဉ်က အိမ်ကိုတောင် အလာမခံ၊ ကလေးက အမေအရင်းမှန်း သိသွားမှာစိုးလို့ သူ့မှာ ဖုံးကွယ်ကာရံလိုက်ရတာ။ ဒါမျိုးက ဘူးတစ်ရာကို ဆို့လို့ရချင်ရမယ် ပါးစပ်ပေါက် တစ်ပေါက်ကို ပိတ်လို့ မရဘူးဆိုတဲ့ စကားလိုပဲ ကလေးမသိအောင် ဖုံးရင်းဖုံးရင်းနဲ့ပဲ ကလေးသိတဲ့ ဆီရောက်အောင် အရပ်ပါးစပ်၊ ဈေးပါးစပ်တွေက ပို့ခဲ့တာပေါ့။

ပထမဦးဆုံး မွေးစားသမီးဆိုတာသိပြီး မေသော်တာ ငိုပြီး ပြန်လာတဲ့အရွယ်က လေးတန်းကျောင်းသူအရွယ်ပေါ့။ ဒေါ်လုံး ကောင်းကောင်း မှတ်မိတယ်။ မေသော်တာဟာ အလိုလိုက်ခြင်း ခံရတဲ့ ကလေးတစ်ယောက်ရဲ့ ဖြစ်စဉ်အတိုင်း အိမ်မှာစွာသလို ကျောင်းမှာလည်း ဆတ်ဆတ်ထိ မခံထင်ပါရဲ့။ ကလေးအချင်းချင်းကြားလည်း ဗိုလ်ကျဟန်တူတယ်။ ဒီလိုနဲ့ ကလေးချင်းရန်ဖြစ်ပြီး ဦးခင်မောင်ကျော် သမီးလည်း ဟုတ်ပဲနဲ့၊ မွေးစားသမီးက လူပါးဝတယ် ဆိုတာမျိုးတွေ ထွက်လာတော့ ဆွေ့ဆွေ့ခုန်ပြီး အိမ်ပြန်လာတော့တာပေါ့။

ခင်ခင့်မှာ ပျာယာခတ်ပြီလေ။ ဆရာလည်း မျက်နှာ ဘယ်ကောင်းပါ့မလဲ။ ခင်ခင့် ထုံးစံ ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်၊ ကျောင်းကိုလိုက်သွား၊ တစ်ကျောင်းလုံးကို ခေါက်ဆွဲကြော်ကျွေးပြီး မေသော်တာဟာ ဦးခင်မောင်ကျော် သမီးပါလို့ ပြန်ကြေညာခိုင်းရတာ။ မိဘအရင်းတွေကိုလည်း တစ်နှစ်နေလို့ တစ်ခေါက် အိမ်မလာခိုင်းတော့ဘူး။ ဆွေမျိုးတွေထဲမှာ အကျယ်အကျယ် မငြိမ်းဖွယ် ကိစ္စလေးတွေတော့ ရှိမှာပေါ့။

ဒေါ်လုံး သေးက အမြင်မှာတော့ မိဘအရင်းတွေဘက်က စာနာကြည့်ရင် ဒီလိုဆိုရင် ခင်ခင်တို့ လွန်တာပေါ့။ ဒါပေမဲ့ မေသော်တာကို သူ့ရင်နဲ့ လွယ်မွေးထားသလို ချစ်တာကတော့ ခြွင်းချက်မရှိဆိုတာ ဒေါ်လုံး မြင်နေပြန်တော့ ခင်ခင်တို့ လွန်တယ်လို့ မပြောရက်ပြန်ဘူး။ အမှန်တရားဆိုတာ အချိန်နှောက်ကျချင်ကျမယ်၊ မပေါ်ဘဲတော့ မနေဘူး။ နောက်တစ်ခါ ပြဿနာပေါ်တော့ မေသော်တာ ဆယ်တန်းတက်တဲ့နှစ်ထင်တယ်။

ဒီအရွယ်က စပ်ကူးမပ်ကူး စိတ်ကစားတဲ့ အရွယ်ဆိုတော့ ရည်းစားသနာကိစ္စကလေးကလည်း ပေါ်လာ၊ အမေလုပ်သူက သမီးကို ဆုံးမပြောဆို ကြပ်မတ်တာကလေးတွေလည်း ရှိမှာပေါ့။ တစ်သက်လုံး အကိုင်မခံလာဘဲ ကြီးပြင်းလာရသူမို့ ဒီအရွယ်ရောက်မှ အမေရဲ့ ဆုံးမမှုတွေမှာ မေသော်တာ ဘယ်အသားကျပါ့မလဲ။ ကလေးဆိုတာ ငယ်စဉ်ကတည်းက

သေဝပ်ခဲ့မှ ကြီးတော့ ဆိုဒ်… လို့ ရမှာလေ။

အမေက နည်းနည်း… ကလေး ဆူလိုက်တာနဲ့ မော်… လမြိုင်ဘက် သူ့အမေအရင်း… ဆီ ပြေးသွားလိုက်တာ… မေသော်တာ့အမေ ဒေါ်မြစမ်း… ရီက မော်လမြိုင်ကနေ ဆက်… သွားရတဲ့ တရုန်းတို့ … ဘိန်းတို့သွားတဲ့လမ်းပေါ်… ရွာမှာနေတာဆိုတော့ မေသော်… တာ ဘယ်နေနိုင်ပါ့မလဲ။ ဒီ… က ဝင်းနဲ့ခြံနဲ့ အိမ်သာ… ဘိုထိုင်နဲ့။ မကြာဘူး ပြန်… ရောက်လာတော့တယ်။

ဘယ်တူနိုင်ပါ့မလဲ… ရေခံမြေခံလည်း မတူဘူး… အသိုင်းအဝိုင်းလည်း မ… ဘူး။ အကောင်းကြိုက်… မေသော်တာ ကောင်းကောင်း… စား၊ လှလှဝတ်ရမှ ကျေ… တဲ့ မေသော်တာ ပြန်ပြေး… တော့တာပေါ့။ ရောက်… အပိုးကျိုးမယ်လိုလိုနဲ့ နော… တော့ ဒုံရင်းအတိုင်း။ ဆ… တို့ ခင်ခင်တို့ကိုက လိုတာ… လေ။ ဒီအဖေ ဒီအမေ… အထာကို မေသော်တာ… ကောင်းကောင်းသိနေပြီ၊ … သမီး ထွက်သွားတော့ ဆ… မှာ သွေးတွေတိုးပြီး ဆေး… တောင် တင်လိုက်ရတာ…

မိဘက သားသမီး… ချစ်ရင် အိပ်ပျော်မှ ခိုးနမ်း… ဆိုတဲ့စကား ရှိတယ်မဟုတ်… လား။ အခုတော့ အမေ… အမေရော သမီးအပေါ်… တာ မြင်သာ သိသာ… တယ်။ ဒီတော့ ပြီးပြီပေါ့… မွေးစားသမီးမို့လို့ မချစ်… ထင်မှာစိုးပြီး နှစ်ဆတိုး… လိုက်တဲ့ အချိန်နဲ့ တစ်… ပြန် ဆိုးချင်လာတဲ့ မေ…



www.burmeseclassic.com

www.burmeseclassic.com

ရိုက်နဲ့ ကောင်းကောင်း တွေ့ပြီပေါ့။

ဒေါ်လုံး အံ့သြတာက သော်တာဟာ ကြီးလာ ခင်ခင့်ခြေရာ နင်းလေ ခင်ခင်က စီးပွားရေးလော သိပ်ရှိတာ။ စီးပွားရေး အကွက်အကွင်း မြင်တယ်။ စပါး ရမလား၊ ပဲလှောင်ရ အိမ်ပေါင်၊ ရွှေပေါင်၊ ဆုံး ပင်စင်စာအုပ်ပါ ပေါင်ခံတာမျိုးအထိ ဖြစ် တော့ ဆရာက သိပ် ကြိုက်ဘူး။ မကြိုက်လည်း ခင်က တစ်သက်လုံး မိုးလာသူဆိုတော့ လက် ကြည့်နေရတော့တာ

မသော်တာ အရွယ် ကလာတော့ စီးပွားရေး အမေ့ခြေရာ နင်းတာ များခါလောက်တယ်။ စာယူနဲ့ ဘွဲ့ပြီးပြီးချင်း သက်တဲ့သူနဲ့ မင်္ဂလာ ပေးလိုက်တဲ့ အချိန်က မသော်တာတို့ အိမ်ခြံ ရေးကွက်ထဲ ရောက်သွား တာ သူ့အမေ ခင်ခင် လိုက်လို့ မမီဘူး။

ခင်ခင်ဆုံးတော့ လုံးအသုဘပို့လာရင်း သတင်းတွေ နားနဲ့ မဆံ့ ကြားရပါသေးတယ်။

'သမီးလုပ်သူက လည် တာမှ မွတ်နေရော၊ သူ့ ခွင်ကိုပါ လှမ်းကိုင်တာ။ မေ အိပ်ရာထဲလဲတာ ဒီ လည်း ပါမှာပေါ့။ ကိုယ် တဲ့မျောက် ကိုယ့်ကို ပြန် ကိုက်တာလေ။ ခင်ခင်က ည်ရုံပဲလည်တာ သူ့သမီး ဂျင်ပေါ်က ထုံး'

ဒေါ်လုံးအနေနဲ့ နောက်ပိုင်း အဝင်အထွက် ကျဲသွားပြီမို့ သားအမိတွေ ဘာဖြစ်ကြတယ်ဆိုတာ အသေးစိတ် မသိနိုင်တော့ပါဘူး။ ဒါပေမဲ့ အမေ့နာရေးမှာ အကူငွေတွေ အများကြီး ရထားရဲ့နဲ့ အမေ့အတွက် အမှတ်တရ အုတ်ဂူကလေးတောင် မလုပ်ရကောင်းလားဆိုပြီး ဆွေမျိုးတွေနဲ့ ပြဿနာဖြစ်လိုက်သေးတာတော့ ဒေါ်လုံးရှေ့မှာတင်။ သားငယ်လေးက ဒီတုန်းက နိုင်ငံခြားမှာ ပညာသွားသင်နေတာမို့ အမေ့နောက်ဆုံးခရီးကို မမြင်လိုက်ရ၊ မပို့လိုက်ရတဲ့ အခြေအနေကိုး။ ဒီတော့ ဆွေမျိုးတွေက သားငယ်လေး ပြန်လာရင် သူ့အမေ့ဂူသချိုင်းကို ကန်တော့နိုင်အောင် ဂူသွင်းစေချင်တာပါ။ ဒီတုန်းက အိုမင်းမစွမ်းဖြစ်လာလို့ မပြောသာတဲ့ ဆရာ့ရင်ထဲမှာလည်း ဒီသဘောတွေ ရှိမှာပါ။ တစ်သက်လုံး သမီးအပေါ် သြဇာမရှိခဲ့တဲ့ ဆရာဟာ အသက်ကြီးလာတော့ ပိုဆိုးတာပေါ့။

မသော်တာ့ သဘော၊ မသော်တာ ခြယ်လှယ်သမျှ ဖြစ်နေတာဟာလည်း ဆရာရဲ့ နေဝင်ဆည်းဆာ ကုသိုလ်လို့ပဲ ဆိုလေမလား။ ခင်ခင်ဆုံးပြီး ဆရာက ပိုအိုစာလာ၊ ပိုအားငယ်လာ၊ အဖေအိုအပေါ် မသော်တာ သြဇာတွေ ပိုညောင်းလာ။ မိုးလင်းကမိုးချုပ် သမီးစီမံသမျှနာခံ၊ သမီးအော်ငေါက်ရင်လည်းခံ၊ နောက်ဆုံးကုန်ကုန် မသော်တာက မွေးထားတဲ့ ကျောင်းနေစအရွယ် မြေးကလေးရဲ့ အဘိုးကို အဘိုးမှန်းမသိ၊ ပြန်လှန်ပြောဆိုမှုတွေပါ ရှိလာလေတော့ ဒါတွေကပဲ ဆရာ့ကို အသက်တိုသွားစေသလား။

ပစ္စည်းခန်းကို ပြန်ကောက်ရရင် သားငယ်လေးက အငယ်လည်းဖြစ်၊ ယောကျ်ားလေးလည်းဖြစ် ဘာမှ မက်မက်မောမော ရှိလှသူ မဟုတ်ဘူး။ ပစ္စည်းအကြောင်း မေးမြန်းရမှာကိုတောင် ရှက်လှပြီဆိုတာလို။ အခုဟာက အဖေအိုကြီးရဲ့ နောက်ဆုံးခရီးကို ပစ်စလက်ခတ် လုပ်လိုက်မှုအပေါ် ဘယ်လိုမှ ဖြေမပြေလို့ လက်သီးကျစ်ကျစ် ဆုပ်နေတာလို့ ဒေါ်လုံးမြင်တယ်။ တစ်ခု မေးလိုက်တိုင်း မေးလိုက်တိုင်း ကျေနပ်တဲ့ အဖြေကမရ၊ သူ့အဖေအမေမှာ ဘာပစ္စည်းတွေ ကျန်ခဲ့လဲဆိုတာတောင် အကုန်မသိနိုင်တဲ့ သားငယ်လေးရဲ့ ပစ္စည်းမေးခန်းဟာ မသော်တာအတွက်တော့ ကျိတ်ရယ်စရာတောင် ဖြစ်နေပါဦးမယ်။

တစ်သက်လုံး အန်တီစမ်း ခေါ်လာခဲ့ရတဲ့ အမေအရင်းကို မသော်တာက အခုတော့ အမေစမ်းတဲ့။ ခေါ်ရတာ စေးစေးပိုင်ပိုင်ရှိသလို၊ ဒေါ်မြစမ်းရီရင်ထဲလည်း ဘယ်လောက် ပီတိဖြာဝေနေလိမ့်မလဲ။ အခုမှတော့ သူကလည်း အမေအရင်းမှန်းသိအောင် မဏ္ဍပ်တိုင် တက်ပြရမယ့် အချိန်ရောက်နေပြီကိုး။ သူ့သမီး ထိရဲရင် ထိကြည့်ပေါ့။

တစ်သက်လုံး မောင်နှမရင်းချာလို နေခဲ့ကြတဲ့ အစ်မနဲ့မောင်ဟာ ဘယ်အချိန်ကစပြီး သွေးကွဲသွားတာလဲ ဒေါ်လုံး စိတ်မချမ်းမသာနဲ့ တွေးနေမိတယ်။ မိဘတွေရှိစဉ်က အမြော်အမြင်ကြီးကြီးနဲ့ ပစ္စည်းတွေ ပိုင်ဆိုင်မှုကို တရားဝင် ခွဲခြမ်းမပေးခဲ့တာကလည်း ထင်ရာစိုင်းချင်သူအတွက် အခွင့်ကောင်းရသွားတယ်လို့ ဆိုနိုင်ပါတယ်။

အဲဒီညနေက တစ်ညနေလုံး ဒေါ်လုံးမှာ သားငယ်လေးကို ထ,ထဆွဲရလွန်းလို့ ကိုယ်လက်တွေကို နာလို့။ ပစ္စည်းတစ်ခုမေးတိုင်း အပေါင်ဆိုင်မှာဆိုတဲ့ မထီတထီ ပြန်ဖြေသံဟာ သားငယ်လေးရဲ့ အခံစိတ်ကို ဆွပေးသလိုဖြစ်ပြီး 'နင် ငါ့အဖေကို ဘယ်လိုထားလဲ တစ်ရပ်ကွက်လုံး သိတယ်' ဆိုတဲ့ စကားမျိုး ပြောမိပါရော။ အဖေ့ကို အိမ်ထဲမှာ သော့ပိတ်ပြီး ခရီးထွက်သွားကြတဲ့ ကိစ္စက ဒေါ်လုံးတောင် ကြားတာ၊ သားငယ်လည်း ကြားမှာပဲ။ ပြန်ဖြေတဲ့ အဖြေက ရှင်းတယ်လေ။ 'နင့်အဖေက ဂေါက်နေတာကိုး' ဟဲ့'တဲ့။ သားငယ်လေး ဝုန်းခနဲ ခုန်ထတာ အိမ်ပါတုန်တယ်။

တော်ကြပါတော့၊ တော်ကြပါတော့။ အဖေ့အလောင်း အခုပဲ မြေကျတယ်၊ အခုပဲ ပွက်လောညံ့နေတယ်ဆိုတာ ပတ်ဝန်းကျင် ကြားမကောင်းဘူး မဟုတ်လား။ ဆွေမျိုးတွေ ဝိုင်းဖျောင်းဖျကြရတာပေါ့။ တော်ကြာနေတော့ ဆရာ့ညီတစ်ယောက် ရောက်လာပြီး၊ ပစ္စည်းကိစ္စ လွန်တဲ့ဟာ လွန်ပြီ။ လက်ရှိဝင်းနဲ့ အိမ်ကို သားငယ်လေး ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

မပါဘဲ မရောင်းချ၊ မပေါင်နှံ ရဆိုတဲ့ စာချုပ် ချုပ်ပေးပြီး အဆုံး သတ်လိုက်တော့တယ်။ ဟုတ်တယ်လေ။ မောင်နှမနှစ်ယောက်ရှိတာ၊ အညီအမျှဖြစ်ရမှာ မဟုတ်လား။

❑

ဒေါ်လုံး စဉ်းစားကြည့်နေမိတယ်။ ဆရာရဲ့ နောက်ဆုံးအချိန်တွေကိုပါ။ သမီးကို သိပ်ချစ်ခဲ့တဲ့ အဖေဟာ သိစိတ်နဲ့ မသိစိတ်ကြားမှာ သူ့သမီး သူ့အပေါ် ရက်စက်နေပြီဆိုတာ သိသွားပြီလား။ မိုးမှောင် ပြောစကားအရ ဆေးရုံမှာ နှာပိစ်မလေးတွေ ဆရာ ဆီးပေါက်မထွက်လို့ ဆီးပိုက်လာထည့်တော့ မိုးမှောင်က စချင်နောက်ချင်တာနဲ့၊ အခု ဘဘကို လာလုပ်ပေးနေတာ ဘယ်သူလဲသိလားလို့ မေးလိုက်တာ၊ သိတာပေါ့ အချစ်ဆုံးသမီးလို့ ပြန်ဖြေသတဲ့။ ဆွေမျိုးထဲက တူမတွေ ရောက်လာပြီး နှိပ်ပေးတော့လည်း အချစ်ဆုံးသမီးပဲ။ သူ့ရဲ့ သိစိတ်တစ်နေရာမှာ ငယ်စဉ်က ချီပိုးထိန်းကျောင်း တယုတယ ပိုးမွေးသလို မွေးခဲ့ရတဲ့ သမီးကို ချစ်ရှာမှာပါပဲ။ သူ့ကိုလည်း ဒီလိုပဲ ချစ်လိမ့်မယ်လို့ ထင်ထားတာ သေချာပါတယ်။

ဆေးရုံက ဆင်းပြီး အိပ်ရာထဲက မထနိုင်တဲ့ အခြေအနေရောက်တော့ သူ့သမီးရဲ့ အညှာအတာကင်းတဲ့ ဆက်ဆံရေးနဲ့ ကြုံရတဲ့အခါ၊ သြော်ငါ့သမီးရဲ့ သဘောထားက ငါ့အပေါ်မှာ ဒီလိုကိုး။ အရင်းအချာမဟုတ်တော့ သင်းရက်စက်ပြီပေါ့ဆိုတဲ့ အသိမျိုး သိသွားလေသလား။

**ဒီအချိန်မှာ**
**ဒေါ်လုံး**
**မငိုချင်တော့ပါဘူး**
**စိတ်ဓာတ်တွေ**
**ငြိမ်သက်ပြီး**
**သီလရှင်**
**ဆရာလေးတွေရဲ့**
**သံပြိုင်ရွတ်ဆိုမှု**
**သံဝေဂလင်္ကာမှာ**
**အာရုံစူးစိုက်**
**ထားမိပါတော့တယ်**

ပေါင်ကျိုးထားတဲ့ အဖေကို ထူမဖို့ စိတ်မကူးဘဲ ကိုယ့်ဘာသာကိုယ် ထခိုင်းတယ်ဆိုတာ ဆရာရယ် ဘယ်လောက်များ နာကျင်ရှာလိမ့်မလဲ။ အမှန်ကို အမှန်တိုင်း သိသွားတဲ့အခါ နှလုံးလေရိုက်ပြီး အိပ်ရာပေါ်မှာပဲ ဆုံးရှာလေသလား။

ဆရာ့မှာ ဝမ်းတွင်းရောဂါမရှိ၊ ဆီးချို၊ သွေးချို၊ သွေးတိုးမရှိဆိုတဲ့ ဆေးစစ်ချက်တွေဟာ အသက်ရှည်ရေးအတွက် အားသာချက်တွေဖြစ်ပေမဲ့ တကယ်တမ်းကျတော့ ဒီအားသာချက်တွေက ဆရာရဲ့ အသက်ဇီဝကို ကယ်တင်ဆယ်မခြင်း မပြုနိုင်ကြပါလား ဆရာရယ်။

ဒေါ်လုံးဟာ ဆို့နင့်ကြေကွဲခြင်းတွေကို မနိုင်မနင်း ပွေ့ငင်ရင်းနဲ့ပဲ ရက်လည်ဆွမ်းသွတ်တဲ့နေ့ဆီ ရောက်ခဲ့တော့တယ်။ နယ်ထုံးစံ ၇ ရက်နဲ့ မလည်ဘဲ ၅ ရက်နဲ့ လည်တော့လည်း ကောင်းတာပါပဲ။ ဒေါ်လုံး ရှာပြန်ချင်နေပြီ။ ဒီအိမ်မှာ ဆရာလည်းမရှိ၊ ခင်ခင်လည်းမရှိ၊ မေသော်တာကလည်း စကားဟဟမပြော၊ သားငယ်လေး တစ်မျက်နှာနဲ့ အသုဘချပြီးပြီးချင်း ပြန်သွားရင် မကောင်းတတ်လို့ ဆက်နေနေရတာ တကယ်တော့ ဒေါ်လုံး ပြန်ချင်နေပြီ။

ဒေါ်လုံးရင်ထဲမှာ လူတစ်ယောက်ရဲ့ ဘဝနိဂုံးဆိုတာထက် နက်ရှိုင်းကျယ်ပြန့်တဲ့ အတွေးခံစားမှုတွေ နှိပ်စက်နေတာဟာလည်း အမြန်ပြန်ချင်စိတ်ကို နှိုးဆော်နေတော့တယ်။ ပစ္စည်းကိစ္စတွေ ရှင်းပြီးတဲ့ညနေက မပြေမလည်ဖြစ်တဲ့ စိတ်အခံနဲ့ သားငယ်လေးက အပေါ်ထပ်တက်ပြီး သူ့အဖေရဲ့ စာအုပ်စင်က စာအုပ်တွေ သယ်ချလာတဲ့မြင်ကွင်း ဒေါ်လုံးရင်ကို ဆုပ်ခြေနေလိုက်တာ။ ဆရာက စာအုပ်တွေကို သိပ်ချစ်တယ်။ သူ့ စာကြည့်ခန်းထဲမှာ စာအုပ်တွေကို စနစ်တကျ စီစီရီရီ စည်းကမ်းတကျထားပြီး သူလည်းဖတ် သားငယ်လေးကိုလည်း ဖတ်စေတာပါ။

အခု ဒီစာအုပ်တွေကို သားငယ်လေးက သူ့အ... အမွေအဖြစ် ယူမယ့်သဘော... ပေါ့။ ကောင်းပါတယ်။ ... အုပ်စာပေဆိုတာ တန်ဖိုးထား... သူ့လက်ထဲမှာ ရှိနေမှ တန်... တက်တာကလား။ အပေါ်... ထပ် တစ်ထပ်လုံး သန့်ရှင်း... ရေးမလုပ်လို့ ရှုပ်ပွနေ... အနေအထားဟာ မေသော်... တာတစ်ယောက် အိမ်ပေါ်... စိတ်ဝင်စားမှု မရှိဘူးဆို... ပြနေတော့တာပေါ့။ ဘုရား... စင်မှာလည်း ဘုရား... မလန်း၊ ဆီမီးမရှိ။ ခင်ခင်... စဉ်တုန်းက သပ္ပာယ်ကြည်... ညိုဖွယ် ဂရုတစိုက် ရှိလှ... ဘုရားခန်းဟာ အခုတော့ ... ခြောက်သွေ့မှိန်းရော်လို့။

'ဒေါ်လုံးနှယ် မေသော်... တာက အမေအရင်ဆုံး... တော့ အထိန်းအကွပ်မဲ့... တာပါ။ အဖေ့ကိုလည်း ... က လေးစားကြောက်ရွံ့... သူ၊ ရထားတဲ့အိမ်ထောင်... ကလည်း သူ့အပေါ် ... မညောင်း၊ တစ်ခါတ... လင်မယားနှစ်ယောက် ... ကြီးသန်းခေါင်မှ ပြန်လာ... မျိုး၊ အရက်တွေဘာ... သောက်စားလာတဲ့ ပုံစံမျိုး... တစ်ခါတလေလည်း အိမ်... မှာ လာဝိုင်းဖွဲ့တဲ့ ပုံစံမျိုး... တွေ့လာရတယ်။ အိမ်ထော... ရှင် မိန်းမတစ်ယောက်ရဲ့ ... ကျက်တည်ငြိမ်မှု၊ အိမ်ထော... ကို အုပ်ထိန်းနိုင်မယ့် ... အထိုင်မျိုး မတွေ့ရတော့... ဒါတွေကို ဆရာ့အနေနဲ့ ... တွေ့ကြားသိ စိတ်ဆင်း... ခဲ့မှာ အမှန်ပါပဲ။ အခု... မြန်မြန် နိဂုံးချုပ်သွား... ပေါ့'

အိမ်နီးနားချင်းဆ...



www.burmeseclassic.com

www.burmeseclassic.com

ည့်တစ်ယောက်ရဲ့ ရင်ဖွင့် ာ ဒေါ်လုံးသောကတွေ ဆပ်ဆင့်ပိုစေခဲ့ပြီ။ တစ် က စည်ပင်ခဲ့တဲ့ အိမ်ကြီး အခု လူတွေတစ်ယောက် တစ်ယောက် စွန့်ခွာ၊ မိဘ ရှိတော့တဲ့အချိန် မောင် စ်ယောက်ရဲ့ ချစ်ခြင်းက ည်း ဝါးအစည်းပြေသလို။

သားငယ်လေး စာအုပ် သိမ်းနေတာကိုကြည့်ပြီး လုံး ဘာကို ကြေကွဲနေ သေသိ၊ ဘာကို လွမ်းတနေ သေသိ မျက်ရည်တွေ ဖြိုင် ကျနေတော့တယ်။ သား ယ်လေးက စာအုပ်တွေသာ ဓာတ်ပုံတွေပါ ဖြုတ်ယူ ပြီ၊ သူ့အဖေနဲ့အမေရဲ့ စုံတွဲ အဘိုးအဘွားတွေနဲ့ တစ် ကွဲ မောင်နှမတွေ စုရိုက် တဲ့ဓာတ်ပုံ၊ သူနဲ့ သက် င်တဲ့ အရာတွေအားလုံး ယူ သွားတော့မယ်ဆိုတဲ့သဘော။ လည်း သဘာဝကျနေတာ ဘယ်သူမှ မတားကြဘူး။ သော်တာအနေနဲ့လည်း ဒါ လောက်တော့ မမက်မော ဘူး။ လိုချင်တာ ယူဆို မျက်နှာပေးနဲ့။ ဒေါ်လုံးမှာ ာ ရင်ထဲမှာ လစ်လစ်ဟာ ာနဲ့ ဘာကို ဝမ်းနည်းလို့ နည်းမှန်းမသိ စံစားချက် တွေ ပြည့်နှင့်လာတော့တယ်။

သားငယ်လေးကို ကူညီ အနေနဲ့ စာအုပ်တွေကို စက္ကူ ထဲ စီရီထည့် ပေးနေမိ တယ်။ ဒါမှ သယ်ယူရ လွယ် ကိုး။ စာအုပ်တွေ ထည့်နေ င်း ဒိုင်ယာယီ စာအုပ်တစ် အုပ်ကို တွေ့လို့ ဆရာလက် ရေးကို အလွမ်းပြေ လှန် ကြည့်မိတဲ့အခါ တစ်နေရာမှာ ရေးထားပုံက…

'ဒီအိမ်မှာ ဒေါ်မေသော် တာက ဘုရင်မကြီးပါပဲ'လို့ ရေးထားတဲ့ စာတန်းက ဒေါ် လုံးကို တထိတ်တလန့် ဖြစ် စေတယ်။ ဘာတွေများ အဖေ အပေါ် ဩဇာပေးလို့ အဖေ က ဒိုင်ယာယီမှာ ဒီလိုစာ သားမျိုး ရေးမှတ်ခဲ့ရတာလဲ။ မထူးတော့တဲ့ အကြောင်းတွေ ကို ဒေါ်လုံး အသေးစိတ် မသိချင်တော့ပါဘူး။ ဖြစ်မှ ဖြစ်ရလေ ဆရာရယ်လို့သာ လူမကြား သူမကြား မြည် တမ်းနေမိတော့တယ်။

ဒေါ်လုံးရင်ထဲမှာတော့ မိဘကို မိဘမှန်း မသိတဲ့ သမီးကို တစ်ယောက် ယောက်က ဆုံးမစေချင် တယ်။ အခုဆိုရင် ပိုလွတ် တော့မှာလေ။ ဒါပေမဲ့ ရက် လည်ဆွမ်းကပ်တဲ့ အချိန်မှာ တော့ မထင်မှတ်ထားတဲ့ အဖြစ်အပျက်တစ်ခုဟာ ဒေါ်လုံးရဲ့ ဆန္ဒတွေကို ဖြည့် ဆည်းပေးသလို ဖြစ်သွား တော့တယ်။ အဲဒီနေ့က ဆရာ တို့ ခင်ခင်တို့ရဲ့ ဆရာရင်း တောင်ခြေ ကျောင်းဆရာ တော်ကိုယ်တိုင် ကြွရောက်ပြီး အသုဘဆွမ်းကျွေးတရား ချီးမြှင့်ပါတယ်။ ဟိုတုန်းက ဆို အခါကြီးရက်ကြီးတွေ တောင်ခြေကျောင်းမှာ ဥပုသ် သီလ သွားယူကြ၊ အိမ်မှာ အလှူလုပ်ရင်လည်း ဆရာ တော်ကိုယ်တိုင်ကြွနေကျ ဆရာရင်း ဒကာရင်းတွေလို့ ပြောရင်ရပါတယ်။

ဆွမ်းကပ်ပြီး တရားနာ ရေစက်ချတော့ ထုံးစံအတိုင်း မေသော်တာတို့ မောင်နှမ ရေ စက်ခွက် ကိုင်ကြရတာပေါ့။ လူပရိသတ်ကလည်း ခြည့် ခန်းနဲ့အပြည့် တရားနာနေ ချိန်၊ ဆရာတော်က အသုဘရှု တရားကို ဟောနေချိန်…

'ဟေ့…ဒကာမလေး မေသော်တာ နင့်မျက်လုံးက ဘယ်ရောက်နေတာလဲ။ အခု နင့်အဖေကို ရေစက်ချဖို့ တရားနာနေတာလေ။ စိတ် တွေ ဘယ်ကို ပျံ့လွင့်နေတာ လဲ။ စိတ်ကို ပြန်ခေါ်စမ်း၊ စုစည်းစမ်း၊ ဘာ ပေါ့သေး သေး လုပ်နေတာလဲ။ ဒါ အဖေလုပ်သူရဲ့ နောက်ဆုံး ခရီး၊ ကောင်းရာမွန်ရာရောက် ဖို့ ကောင်းမှုကုသိုလ် လုပ် ပေးရမှာ ကျန်ရစ်သူ သား သမီးတွေမှာ တာဝန်ရှိတယ်။ သားသမီးတွေ ဝတ္တရားကျေ ပွန်ဖို့ စိတ်ကို တည်တည်ငြိမ် ငြိမ်ထားစမ်း၊ အဖေကို အာရုံ ပြုစမ်း'

ဆရာတော်ရဲ့ သဟိန်း သဟောက်သံဟာ တရားနာ ပရိသတ်ကို အံ့အားတသင့် ဖြစ်သွားစေတယ်။ ရှေ့ဆုံး တန်း ဆရာတော်ရဲ့ အနီးဆုံး မှာထိုင်ပြီး ဘယ်လိုပုံစံ မျက်စိနောက်အောင်နေလို့များ ဆရာတော်ကတောင် မနေနိုင် ဘဲ လူပုံလယ်မှာ ထအော်ရ တယ်မသိ။ ဒေါ်လုံးရင်ထဲ ဝမ်းနည်းကြေကွဲနေရာကနေ ဒါမျိုးကို ဒီလိုဆုံးမပေးမှလို့ ကျေနပ်ဝမ်းသာ ဖြစ်သွား တော့တယ်။ မေသော်တာ အပိုးမကျိုးပုံကို လူပုံအလယ် မှာ ဆုံးမပေးလို့ ဆရာတော် ကိုလည်း ကျေးဇူးတင်လိုက် တာ။

'ကွယ်လွန်သွားပြီဖြစ် တဲ့ ယစ်မျိုးအရာရှိ ဦးခင် မောင်ကျော်နှင့်တကွ ကြား…ကြားသမျှ…'

ဟော့ ဒေါ်လုံး အတွေး လွန်နေတာနဲ့ အမျှတောင်ဝေ နေပြီပါလား။ ဆရာတို့၊ ခင်ခင်တို့အဆုံးမ နည်းခဲ့လို့ မလိမ်မိုး မလိမ္မာဖြစ်နေတဲ့ သမီးရဲ့အဖြစ်ကို ဆရာ မြင် နေရပြီလား။ သွားနှင့်ပါတော့ ဆရာရယ်။ ဆရာသွားနှင့်ပြီး တဲ့အခါ ဒေါ်လုံးတို့ နောက် ကလိုက်ကြရမှာပါ။ ဒီအချိန် မှာ ဒေါ်လုံး မငိုချင်တော့ပါ ဘူး။ စိတ်ဓာတ်တွေ ငြိမ် သက်ပြီး သီလရှင် ဆရာလေး တွေရဲ့ သံပြိုင်ရွတ်ဆိုမှု သံဝေဂလင်္ကာမှာ အာရုံစူးစိုက် ထားမိပါတော့တယ်။

*'မှတ်ခါခွဲယူ များဖိုလ် လူတို့၊ နိဗ္ဗူမရ ဆင်းရဲကြ လိမ့်၊ လောကသုံးခွင် ဘုံ အပြင်ဝယ်၊ ဖြစ်လျှင်ပျက်မြဲ မှန်မလွဲတည်း၊ သုံးစွဲဖို့ရာ မြတ်ဥစ္စာတို့၊ ကံကြမ္မာပေး ရပြန်သေးလည်း၊ ပျက်ရေး တစ်ဖန် တွေ့ကြုံပြန်၏။ ချစ် လှဲ့ဝေဝေ ချစ်ဆွေတွေနှင့်၊ ချစ်လေသမျှ ပေါင်းဆုံရ လည်း၊ ခွဲရမည်မှာ မလွဲသာ တည့်။ ရှည်စွာအသက် တည် ရှိလျက်လည်း၊ ပုခက်နှင့်ပေ ဝေလေလေတည့်၊ နီးလေ ပျဉ်ခေါင်း အမှန်အောင်းလိမ့်၊ အကြောင်းမလျော် သုံးရက် ကျော်က၊ ပုပ်စော်ညှီနံ့ ရှန် တွေ့ပြန်သို့၊ အမှန်ချစ်သူ မကပ်မူဘဲ၊ လျစ်လျူရှုသုံး တကယ်မှန်း၏။ နောက်ဆုံး ရောက်ခါ မြို့ပြည်ရွာနှင့်၊ သွားရအပြီး လူမနီးသည့်၊ တောကြီးမြိုင်ယံ မြေသုသာန် ၌၊ ရောက်ပြန်မရှိ မြုပ်နှံဘိ ချင်း၊ ခြောက်ပေတွင်း ဝယ်….. …..'* ■

မိချမ်းဝေ



www.burmeseclassic.com

www.burmeseclassic.com

**ဘာသာစကား ပြောင်းလဲမှုသဘော**
ယခုခေတ်တွင် ဘာသာဗေဒ
ပညာရပ်သည် နိုင်ငံတကာတွင်
ဖွံ့ဖြိုးနေပြီ ဖြစ်သည်။
ဘာသာစကားများကို
ရှုမြင်လေ့လာရာတွင် ဘာသာဗေဒ
အမြင်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်လေ့
လာနေကြပြီဖြစ်သည်။ သို့သော်
ဤ အခြေအနေသို့
မရောက်မီ
ကာလတွင်
ဘာသာစကားနှင့်
ပတ်သက်သည့်
အမြင်အမျိုးမျိုး၊
ယုံကြည်မှု
အမျိုးမျိုးတို့သည်
လူ့အဖွဲ့အစည်း
အသီးသီးတွင်
ထင်ထင်ရှားရှား
ရှိခဲ့ကြပါသည်။
ဘာသာစကားသည်
လူတိုင်း နေ့စဉ်မသုံးမဖြစ်
အသုံးပြုနေရသော
အသုံးအဆောင်
ဖြစ်သည့်အလျောက်
လူ့အဖွဲ့အစည်းတွင်
ဘာသာစကားသည်
အရေးပါသောနေရာမှာ
ရှိနေသည်။
လူမှုကိစ္စများကို
ဘာသာစကားက
သြဇာလွှမ်းမိုးသည်။
စကားကလေးတစ်ခွန်းကြောင့်
စစ်မက်ဖြစ်ပွားသည်အထိ
အခြေအနေ ဆိုးဝါးသွားနိုင်သကဲ့သို့
ငြိမ်းချမ်းရေးရသည်အထိလည်း
အခြေအနေ ကောင်းမွန်လာနိုင်သည်။
တစ်ချိန်ကဆိုလျှင် လူတို့သည်
ထိုမျှ အရေးပါသော
ဘာသာစကားဆိုသည့်
အသုံးအဆောင်ကို
'ခြောက်ပြစ်ကင်း'သည့်
အသုံးအဆောင်အဖြစ်



အမြဲတည်တံ့နေစေရန် စံများ သတ်မှတ်
ပြဋ္ဌာန်းကြသည်။ အသံထွက်၊ သဒ္ဒါ
ဝေါဟာရအသုံးအနှုန်းတို့နှင့် ပတ်သက်
၍ စည်းကမ်းများသတ်မှတ်ပြီး ထိုစည်း
ကမ်းများနှင့်အညီ အသုံးပြုရန် အလေး
အနက် ဆောင်ရွက်ခဲ့ကြသည်။ မြန်မာ
မှုနယ်ပယ်တွင် အသုံးပြုသော 'စာတစ်
လုံး ဘုရားတစ်ဆူ' ဆိုသည့် စကားသည်
စာဖြင့် အက္ခရာတင်သည့် ဘာသာ
စကားကို အမွန်အမြတ်ထားသည့်
သဘောထားကို ဖော်ပြနေသည်။
ဘာသာစကား အသီးသီးတွင် စံသတ်
မှတ်ချက်နှင့်အညီ အသုံးပြုမှုသာ အသုံး
မှန်ဟု လက်ခံ၍ ထိုစံနှင့် သွေဖည်လျှင်
ပျက်ယွင်းသော အသုံးမှားများဟု မှတ်
ယူကြသည်။

နိုင်ငံအချို့တွင် ဘာသာစကား
မပျက်ယွင်းအောင် ထိန်းသိမ်းစော
ရှောက်ရန် 'အကယ်ဒမီ' များ တည်
ထောင်ကြသည်။ ၁၅၈၂ ခုနှစ်တွင်
အီတလီနိုင်ငံ၌ Academia Della Crus
ခေါ် အကယ်ဒမီကို အီတလီဘာသာ
စကားသန့်စင်ရေး ရည်ရွယ်ချက်ဖြင့်
တည်ထောင်သည်။ ၁၆၃၅ ခုနှစ်တွင်
ပြင်သစ်နိုင်ငံ၌ သြဇာအာဏာကြီး
သော 'ကာဒီနယ်ရစ်ချလျူး' က အကယ်
ဒမီ တည်ထောင်ပြီး ပြင်သစ်စကား
ဝိဇ္ဇာသိပ္ပံ ပညာရပ်များအတွက် သန့်
စင်စင် ချောချောမွေ့မွေ့ အသုံးပြုနိုင်
စည်းကမ်းများ တိတိကျကျ ချမှတ်
သည်။ ၁၈၊ ၁၉ ရာစုများတွင်
ဆွီဒင်၊ ဆီးရီးယား၊ အီရတ်၊ အီဂျစ်
များတွင် အလားတူ အကယ်ဒမီများ
တည်ထောင်ကြသည်။

၁၇ ရာစုတွင် အင်္ဂလန်နိုင်ငံ
'ဂျွန်ဒရိုင်ဒင်'၊ 'ဒယ်နီယယ်
စသည့် စာရေးဆရာများ၏ အား
ဖြင့် အကယ်ဒမီ တည်ထောင်ရန်
သည်။ ဒယ်နီယယ်ဒီဖိုးက အကယ်
တွင် ဘာသာစကား အသုံးပြုမှု
အကဲဖြတ်ပုဂ္ဂိုလ်များ ထားရန်
ကြောင်း၊ ထိုပုဂ္ဂိုလ်များ၏
ခွင့်ပြုမှု မရှိဘဲ မည်သည့်စာရေး



www.burmeseclassic.com

www.burmeseclassic.com

စကားလုံးသစ် တီထွင်ခြင်းဟူသော 'ရိုင်းပျသည့် အပြုအမူ'ကို ပြုခွင့်မရှိကြောင်း၊ စကားလုံးသစ် တီထွင်ခြင်းသည် တရားမဝင် ငွေစက္ကူ ပြုလုပ်ခြင်းကဲ့သို့ ရာဇဝတ်မှုမြောက်ကြောင်း ဖော်ပြသည်။

'ဂျိုနာသန်ဆွစ်'က အင်္ဂလိပ်ဘာသာစကား အသုံးမှန်ကန်ရေး၊ ဖွံ့ဖြိုးရေးအတွက် အဆိုပြုရာတွင် ဘာသာစကား၏ နေ့စဉ်ဖွံ့ဖြိုးမှုနှင့် နေ့စဉ်ပျက်ယွင်းမှုတို့ အချိုးမမျှပုံကို ဖော်ပြပြီး ဘာသာစကားတစ်ခုသည် မရပ်မနား ပြောင်းလဲနေခြင်းထက် 'ခြောက်ပြစ်ကင်း သဲလဲစင်'ဖြစ်မနေခြင်းက တော်သေးသည်ဟု မိမိအမြင်ကို ဖော်ပြသည်။

သို့သော် ဘာသာစကား ရွေ့လျောပြောင်းလဲမှုကို အကယ်ဒမီများက တားဆီးကာကွယ်ခြင်း မပြုနိုင်ကြောင်း အထင်အရှား တွေ့လာရသည်။ ဘာသာစကား ပြောင်းလဲမှုသည် အများ သတိမူသော၊ စိတ်ဝင်စားသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ပြောင်းလဲခြင်းဟူသည် ဆုတ်ယုတ်ပျက်ယွင်းခြင်း ဖြစ်သည်ဟု အများက ယူဆကြသည်။ လူငယ်များ ပြောဆိုသည့် စကားကို လူကြီးများက ကိမ်းချော် ပျက်ယွင်းလာသည့် စကားများအဖြစ် မှတ်ယူကြသည်။ စံမမီတော့သော ဆုတ်ယုတ်ကျဆင်းလာသည့် လက္ခဏာများအဖြစ် မှတ်ယူပြီး စာသင်ကျောင်းများ၊ အသံလွှင့်ဌာနများကို အပြစ်တင်ကြသည်။ ဥရောပမှာဆိုလျှင် ဤ အယူအဆ ကျယ်ပြန့်လာပြီး 'အမေရိကန်- အင်္ဂလိပ်စကား'၏ ကျူးကျော်မှုအဖြစ် မှတ်ယူကာ ဆန့်ကျင်ခဲ့ကြသည်။ ၁၉ ရာစု အလယ်ကာလကဆိုလျှင် ကြိုတင် ဟောကိန်းထုတ်သည့် အဆိုတစ်ခုပင် ပေါ်ပေါက်ခဲ့သည်။ 'အနှစ်တစ်ရာအတွင်းတွင် ဗြိတိသျှ-အင်္ဂလိပ် စကား'နှင့် 'အမေရိကန် အင်္ဂလိပ်စကား'တို့သည် အပြန်အလှန် အဓိပ္ပာယ် နားမလည်နိုင်သည့် အခြေအနေသို့ပင် ရောက်လာလိမ့်မည်' ဟူသော အဆိုပင် ဖြစ်သည်။

'ရှိတ်စပီးယားပြောသော ဘာသာစကားကို ဆက်လက် ထိန်းသိမ်းထားကြပါစို့'ဟူသော ကြွေးကြော်သံကို ကြည့်လျှင် ဘာသာစကား ရွေ့လျောပြောင်းလဲမှုကို ဆန့်ကျင်သည့်သဘောထားဖြစ်ကြောင်း တွေ့နိုင်သည်။ စင်စစ်အားဖြင့် ဘာသာစကား ရွေ့လျောပြောင်းလဲရခြင်းမှာ လူ့အဖွဲ့အစည်း ရွေ့လျောပြောင်းလဲမှုကြောင့် ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ အခြေအနေများ ရွေ့လျောပြောင်းလဲသည်နှင့် အညီ ပြောဆိုရေးသားသော ဘာသာစကားသည်လည်း ရွေ့လျောပြောင်းလဲသည်သာ ဖြစ်သည်။

ပုဂံခေတ်က မြန်မာ့လူ့အဖွဲ့အစည်းသည် ယနေ့ခေတ်အထိ တစ်စတစ်စ ပြောင်းလဲလာသည်နှင့်အတူ ပုဂံခေတ်က မြန်မာဘာသာစကားသည်လည်း ယနေ့ခေတ်အထိ တစ်စတစ်စ ရွေ့လျောပြောင်းလဲလာသည်မှာ သဘာဝပင် ဖြစ်သည်။

ဘာသာစကားပြောင်းလဲမှုကို ရှောင်လွှဲ၍ မရသကဲ့သို့ ကြိုတင်ခန့်မှန်း၍လည်း မရနိုင်ပါ။ ထို့ကြောင့် အသစ်အသစ် ပြောင်းလဲလာသော ဘာသာစကားသွင်ပြင်များကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းနှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို စဉ်းစားဆောင်ရွက်သင့်ကြောင်း ပညာရှင်တို့က ဆိုကြသည်။ ဘာသာစကား၏သဘာဝကို ပို၍သတိမူမိပြီး ပြောင်းလဲမှုကို လက်ခံသည့် အယူအဆများ ဖွံ့ဖြိုးလာရန် လိုအပ်ကြောင်းလည်း မိန့်ဆိုကြသည်။

သာဓကအဖြစ် တင်ပြရလျှင် ယနေ့ မြန်မာစာပေ အရေးအဖွဲ့များတွင် နှုတ်ပြောစကား(အပြောဘာသာစကား) ဘက်သို့ တိမ်းညွှတ်သော အရေးအသားများ တစ်စတစ်စ အားကောင်းလာခြင်းမှာ အသုံးပြုနေသော လူ့အဖွဲ့အစည်းနှင့် လိုက်လျောညီထွေမှုရှိစွာ ပြောင်းလဲလာခြင်းဖြစ်၍ ထိုပြောင်းလဲမှုကို ဟန့်တားပိတ်ပင်နိုင်မည် မဟုတ်ပါ။ ပို၍ပို၍

ထိုပုဂ္ဂိုလ်များ၏ သဘောတူ ခွင့်ပြုမှု မရှိဘဲ မည်သည့် စာရေးဆရာမျှ စကားလုံးသစ် တီထွင်ခြင်းဟူသော 'ရိုင်းပျသည့် အပြုအမူ'ကို ပြုခွင့်မရှိကြောင်း စကားလုံးသစ် တီထွင်ခြင်းသည် တရားမဝင် ငွေစက္ကူ ပြုလုပ်ခြင်း ကဲ့သို့ ရာဇဝတ်မှု မြောက်ကြောင်း ဖော်ပြသည်



www.burmeseclassic.com

www.burmeseclassic.com

အားကောင်းလာမည့် သဘောရှိသည့်အတွက် ပြောင်းလဲမှု၏ သဘာဝကို လက်ခံသော ဘာသာစကားအမြင်ဖြင့် ရှုမြင်ရန် လိုအပ်မည် ဖြစ်ပါသည်။ စာသင်ကျောင်းများ၌ တစ်ဖက်တွင် အများကျင့်သုံး လိုက်နာရန် စံတစ်ခု သတ်မှတ်ပြီး ထိုစံကို ထိန်းသိမ်းရေးအတွက် သင်ကြားပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်တွင် ဘာသာစကား၏ ကွဲပြားတတ်သော သဘာဝနှင့် တန်ဖိုးကို လက်ခံအသိအမှတ်ပြုရန် လိုအပ်ပါသည်။ ဤသဘောအရ ဘာသာစကားအတွင်း စကားလုံးသစ်များ၊ အဓိပ္ပာယ်သစ်များ၊ အသံထွက်အသစ်များ၊ သဒ္ဒါဖွဲ့စည်းပုံအသစ်များ ပေါ်ပေါက်လာခြင်းမှာ သဘာဝပင်ဖြစ်ကြောင်း ခံယူရန် လိုအပ်ပါသည်။ ဘာသာစကား ရွေ့လျောပြောင်းလဲမှုဟူသည် မရှောင်မလွှဲနိုင်သော သဘောဖြစ်ကြောင်းနှင့် ထိုပြောင်းလဲမှုကြောင့် ပေါ်ပေါက်လာသော အကျိုးသက်ရောက်မှုများကို နားလည်ရန် လိုအပ်ပါသည်။

ဘာသာဗေဒ အမြင်အရဆိုလျှင် ဘာသာစကားသည် ဖွံ့ဖြိုးခြင်းလည်းမရှိ၊ ဆုတ်ယုတ်ပျက်ယွင်းခြင်းလည်းမရှိ။ လူ့အဖွဲ့အစည်း ပြောင်းလဲသလို ပြောင်းလဲခြင်းသာ ရှိပါသည်။ ဘာသာစကားတစ်ခု ပျောက်ကွယ်သွားသည်ဆိုလျှင် သက်တမ်း ကြာရှည်လွန်းသောကြောင့် ပျောက်ကွယ်သွားခြင်းလည်း မဟုတ်။ ရှုပ်ထွေးလွန်းသောကြောင့် ပျောက်ကွယ်သွားခြင်းလည်း မဟုတ်ပါ။ အခြားယဉ်ကျေးမှုများ၊ ဘာသာစကားများက အစားဝင်လာသောကြောင့် ရွေ့လျောပြောင်းလဲသွားခြင်းသာ ဖြစ်ပါသည်။ (တစ်ချိန်က ဧရာဝတီမြစ်၏ ပထမမြစ်ကျဉ်းတစ်ဝိုက်တွင် 'ဖွန်း'ခေါ် ဘာသာစကားတစ်ခု အထင်အရှားရှိကြောင်း၊ ဖွန်းဘာသာစကား ပြောသူများသည် ရှမ်းဘာသာစကား ပြောသူများနှင့် ရောနှောသွားရာမှ ယခုဆိုလျှင် ဖွန်းဘာသာစကား ပြောသူများ ပျောက်ကွယ်သွားပြီဖြစ်ကြောင်း သိရပါသည်။)

ဘာသာစကား ပြောင်းလဲသည်ဆိုရာ၌ ကြိုတင်သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပြောင်းလဲသည် မဟုတ်ပါ။ ဘာသာစကား ပြောင်းလဲရာ၌ ဗျည်းသံအချို့ တိုးပွားလာပြီး သရသံအချို့ လျော့ပါးသွားပုံမျိုး ကဲ့သို့ အတိုးအလျော့များ ရှိတတ်ပါသည်။ ဝိဘတ်များ တိုးလာခြင်း၊ လျော့ပါးသွားခြင်းမျိုးလည်း ရှိတတ်ပါသည်။ ဝါကျအတွင်း သဒ္ဒါအနေအထား ပြောင်းလဲသွားခြင်းမျိုးလည်း ရှိတတ်ပါသည်။ သာဓကအားဖြင့် ပုဂံခေတ် မြန်မာစကားတွင် လဆွဲဗျည်းသံများ(ကျွောင်၊ မ္လောက်စသည်)အသုံးပြုသော်လည်း ယခုအခါ လဆွဲဗျည်းသံများ မသုံးတော့ပါ။ ပျောက်ကွယ်သွားပါပြီ။ (ထားဝယ်ဒေသိယစကားတွင်မူ လဆွဲဗျည်းသံကို ဆက်လက်ထိန်းသိမ်းထားဆဲ ဖြစ်သည်။) မွေးစားစကားလုံးများကို အကြောင်းပြု၍ မြန်မာစကားတွင် ယခင်ကမရှိသော 'f' သံ 'v' သံ များသည် ယခုခေတ် မြန်မာစကားတွင် နေရာယူလျက် ရှိနေပါပြီ။

သို့ဖြင့် ဘာသာစကား ပြောင်းလဲရာတွင် တစ်ဖက်တွင် တိုးပွားသည့် အစိတ်အပိုင်းများ ရှိသလို တစ်ဖက်တွင် ယုတ်လျော့သည့် လက္ခဏာများ ရှိသည့်အတွက် အတိုးနှင့်အလျော့ ဟန်ချက်မျှမှုသဘော၊ မဲတင်းမှုသဘော ရှိနေပါသည်။ တစ်နည်းဆိုရလျှင် ဒီရေကဲ့သို့ အတက်အကျရှိသော ပြောင်းလဲမှုမျိုး ဖြစ်ပါသည်။

ဘာသာစကားသည် ပြောင်းလဲတတ်သော သဘောရှိသည်နှင့်အညီ ဘာသာစကားတစ်ခု၏ စကားသံ၊ စကားလုံး၊ ဝါကျ၊ ဝေါဟာရ အသုံးအနှုန်း၊ အနက်အဓိပ္ပာယ်ဟူသော အစိတ်အပိုင်းများသည် ခေတ်အဆက်ဆက် ပြောင်းလဲခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍လည်း ပြောင်းလဲနေမည်ပင် ဖြစ်သည်။ ■

**မောင်ခင်မင်၊ဓနုဖြူ**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၉၈၂၂၀



www.burmeseclassic.com


www.burmeseclassic.com


# မိမိုး

စတုတ္ထအကြိမ်မြောက် ရွှေအမြုတေစာပေဆု ဝတ္ထုတိုဆုရ

## မဆာတတ်သူများနှင့်

အခြားဝတ္ထုတိုများ




ထွက်ပြီ

ဖြန့်ချိရေး– မျိုးဆက်သစ်စာပေ

(၃၄)၊(၄လွှာ–ယာ)ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉၄၂၀၀၈၃၆၈၈၊ ရုံး–၀၉၄ ၂၂၂၉၆၂


www.burmeseclassic.com

www.burmeseclassic.com



# မြက်ပေါင်းပင်

၁။

ကျွန်တော်တို့ မိသားစုမှာ ပေ ၁၀၀ ပတ်လည်ခန့် ကျယ်ဝန်းသော အိမ်ဝင်းတစ်ခု ပိုင်ဆိုင်ခဲ့ဖူးပါသည်။ အိမ်ခြံမြေဈေး အဆမတန် ခေါင်ခိုက်သော မြို့ကြီး၊ ပြကြီးတွေမှာ မဟုတ်ပါ။ မြို့နယ်ခွဲဟု ခေါ်သော နယ်မြို့ကလေးမှာပဲ ဖြစ်ပါသည်။ ခြံဝင်းထဲမှာ သွပ်မိုး၊ ပျဉ်ကာ၊ အင်္ဂတေခင်း ၄ ပင် ၃ ခန်း တစ်ထပ်အိမ်ကလေး ဆောက်ပြီးတာတောင်မှ အိမ်ရှေ့၊ အိမ်နောက်၊ အိမ်ဘေးနှစ်ဖက်မှာ မြေနေရာအများကြီး ပိုနေခဲ့သည်။ ဒီတော့ အိမ်ရှေ့မျက်နှာစာ ရေတွင်းဘေးကနေ ခြံတံခါးဝအထိ ပန်းခြံကလေး ဖန်တီးခဲ့သည်။ အုတ်ခဲလေးတွေကို တစောင်းစီပြီး ထုံးဖြူဖြူ သုတ်ထားတော့ ပန်းခြံလေးက အိမ်ဝင်းထဲဝင်လာသူ အားလုံးကို ဖမ်းစားနိုင်ခဲ့သည်ဟု ထင်ပါသည်။ အိမ်နောက်ဘက်တွင် ကြက်တောင်ကွင်း၊ အိမ်ခေါင်းရင်းဘက်တွင် သရက်ပင် ၅ ပင်တို့လည်း ရှိပါသေးသည်။ သရက်ပင်များက စိမ်းစား သရက်ပင် ၁ ပင်၊ ရင်ကွဲ ၃ ပင်တို့ ဖြစ်ပါသည်။ စိမ်းစားသရက်သီးလေးများက အစိမ်းစားလျှင် ချိုမွှေးသော အရသာရှိသည်။ ပန်းခြံလေးထဲမှာ နှင်းဆီရောင်စုံ၊ စံပယ်ရုံ၊ ခွန်ပန်းရုံ၊ ဒေလီယာ၊ ရွက်လှပင်မျိုးစုံတို့ စိုက်ပျိုးထားသည်မို့ ၁၂ ရာသီ ပွင့်လန်းမွှေးပျံ့နေပါသည်။ ပန်းခြံလေးကို အလှဆင် မာန်ဝင့်ပေးနေသော အပင်နှစ်ပင် ရှိနေပါသေးသည်။ ရေတွင်းဘေး ခြံစည်းရိုးနှင့် ကပ်လျက် သနပ်ခါးပင်ပျိုနှင့် ယုဇနပင်ပျိုတို့ပဲ ဖြစ်ပါသည်။ အဆုပ်အဆုပ်လိုက်ပွင့်သော



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ယုဇနပန်းတို့၏ ချိုရနံ့၊ စိမ်းမြမြအရွက်တွေကြားက ဝါဝင်းသောအခက်ကလေးတွေ ပင်လုံးပြည့်ပွင့်သော သနပ်ခါးပန်းလေးများ၏ယဉ်ရနံ့တို့ပဲ ဖြစ်ပါသည်။ ပန်းခြံလေး၏အလှကို ဝန်းရံပေးသည်ဟု ဆိုချင်ပါသည်။

တစ်ရက်မှာတော့ အဖေက ယူကလစ် ပျိုးပင်ငယ်လေး ၄ ပင်ကို ယူလာပေးပါသည်။ ပန်းခြံလေးနှင့် ရေတွင်းကြားမှာတစ်ပင်၊ ခြံဝင်းတံခါးပေါက်နားမှာတစ်ပင်၊ အဲဒီအပင်နှင့် ၁၀ ပေခန့်အကွာ စိမ်းစားသရက်ပင်နှင့် ကပ်လျက်မှာတစ်ပင်၊ ခေါင်းရင်း ခြံထောင့်မှာတစ်ပင် စိုက်ပျိုးလိုက်ရာ ယူကလစ်ပင်ကလေးများက မျက်စိရှေ့မှာပင် တစ်ဟုန်ထိုး ကြီးပြင်းလာသည်။ ကျွန်တော်တို့ မောင်နှမတွေ အရွက်ကလေးကို ဆွဲချိုးလုံးခြေပြီး နှာခေါင်းဝတွေ ရှူရှိုက်သည့်ဒဏ်ကို ယူကလစ်ပင်များက လုံးဝ မမှုသည့်အလား ကြီးထွားရှန်းမြန်လွန်းလှသည်။ ပင်စည်တွေ တုတ်တုတ်ခိုင်ခိုင် ဖြစ်လာသည့်အပြင် မိုးယံသို့ ထိုးတက်တော့မည့်အလား သန်စွမ်းလှပါသည်။ သန်စွမ်းသည်မှ စိမ်းစားသရက်ပင်လေးကိုပင် ကျော်တက်သွားပါတော့သည်။ ယူကလစ်ပင် ထွားထွားကြီးတွေအောက်မှာ ပန်းခြံကလေး၊ ယုဇနပင်၊ သနပ်ခါးပင်တို့ ဂုဏ်ယူရအောင် အမြင်တင့်သည်ဟု ထင်ကောင်းထင်နိုင်ပါသည်။

သို့သော်... ဒီအထင်လွဲပြီ ဆိုသည်ကို ကျွန်တော်တို့ သိလိုက်ချိန်မှာ စိမ်းစားသရက်ပင်ကလေး ကိုင်းခြောက်တွေ များလာကာ ညှိုးရော်လာသည်။ ရေတွင်းကလေးသည် ကန်းသွားမတတ် ရေထွက်နည်းနေခဲ့ပါပြီ။ တတ်ကျွမ်းနားလည်သူ ပညာရှင်မရှိသော မြို့ကလေး၏ ရေတွင်းတူးဆရာများက ကျောက်ဖျာရှိသည်ဆိုပြီး လွန်နှင့် ဖောက်လိုဖောက်၊ အုန်းပွဲ ငှက်ပျောပွဲပေးဖြင့် ရေတွင်းလေးကို အသက်ဆက်ဖို့ ကြိုးစားသော်လည်း နွေကာလများမှာ ရေတစ်စည်ရဖို့ တစ်နေ့လုံး စောင့်ခပ်ရတော့

> ယူကလစ်ပင်တွေကို
> အိမ်ဝင်းထဲ
> လာစိုက်မိတာ
> အလွန်မှားတယ်
> သူတို့
> ရှင်သန်သင့်တာက
> တောထဲ
> တောင်ထဲမှာပဲ
> သူ့တန်ဖိုးနဲ့သူ
> ရှိတဲ့အပင်တွေပါ
> နေရာမှားပြီး
> ရှင်သန်တော့
> ကျန်တဲ့ဂေဟာစနစ်တွေ
> ပျက်စီးပြီး
> သူတို့ကပဲ
> ရေ
> မြေဩဇာမြေနှစ်တွေကို
> စုပ်ယူဝါးမျိုပစ်တာလေ

သည်။ တစ်ချိန်က ရပ်ကွက်လေး၏ အိမ်အများစု အားကိုးရာ ရေတွင်းလေး ဘာကြောင့် ခြောက်ခန်းသွားသည်၊ စိမ်းစားသရက်ပင်လေး ဘယ့်အတွက်ကြောင့် ခြောက်သယောင်းသွားသည်ကို ဖြေရခက်နေဆဲမှာပဲ အစ်ကိုကြီး၏ သူငယ်ချင်း စိုက်ပျိုးရေးအထက်တန်းကျောင်းဆင်း ကိုသက်နိုင်ဝင်း ပြောပြတော့မှ ယူကလစ်ပင်ကြီးတွေ၏ရေစုပ်အားကြောင့် ရေတွင်းကလေး ကန်းလုလုဖြစ်သွားရသည်ကို သိနားလည်ရတော့သည်။

ကျွန်တော်တို့ အိမ်ရှေ့ ဖြတ်သန်းသွားသူတိုင်း ဦးထုပ်၊ ခမောက် ကျွတ်ကျလောက်အောင် မော့ကြည့်ရသည့် ယူကလစ်ပင်ကြီးများက ကျွန်တော်တို့ အိမ်အတွက် အကျိုးထက် အဆိုးကို ဖြစ်စေခဲ့သည်ပေါ့။ ဒီအသိကို ရလိုက်သော အဖေက တုံ့ဆိုင်းတွေဝေမနေဘဲ သံယောဇဉ်ကင်းစွာ ခုတ်လှဲစေတော့သည်။ ၃-၄ နှစ်သား ပင်ထွားကြီးတွေကို ခုတ်လှဲလိုက်သည်ကို မြင်တွေ့သူ အားလုံး

က စုတ်တသပ်သပ်။ ဝေဖန်ရေး... အမျိုးမျိုး။ အဖေကတော့ ပြတ်သည်...

"ကျွန်တော် ယူကလစ်ပင်တွေကို အိမ်ဝင်းထဲ လာစိုက်မိတာ အလွန်မှား... တယ်။ သူတို့ ရှင်သန်သင့်တာက တော... ထဲ တောင်ထဲမှာပဲ။ သူ့တန်ဖိုးနဲ့သူ ရှိ... အပင်တွေပါ။ နေရာမှားပြီး ရှင်သန်တော့ ကျန်တဲ့ဂေဟာစနစ်တွေ ပျက်စီးပြီး သူတို့ကပဲ ရေ၊ မြေဩဇာမြေနှစ်တွေကို စုပ်ယူဝါး... မျိုပစ်တာလေ။ ကြာရင် ယုဇနပင်... သနပ်ခါးပင်လေးပါ အစာ၊ ရေစာပြတ်... ပြီး သေသွားလိမ့်မယ်။ အခုတောင်... သရက်ပင်တစ်ပင်က သေမလိုဖြစ်နေ..."

အဖေ့ရှင်းပြချက်ကို တချို့... လည်သဘောပေါက်သွားပေမဲ့ တချို့... တော့ မဆီမဆိုင်ဟု ထင်နေပုံရပါသည်...

သူ့တန်ဖိုးနှင့်သူ ရှိမှာပေမဲ့ နေ... မှား ရှင်သန်ကာ အလှတရား ရှိပြီး... ဝန်းကျင်ကောင်းကိုပျက်စီးစေသည့် ယူ... ကလစ်ပင်ကြီးများသည် ကျွန်တော်... အိမ်အတွက် ပေါင်းပင်ပဲ ဖြစ်ပါလိမ့်... ❑

၂။

ကျွန်တော် ရထားသင်တန်း... ကျောင်း နည်းပြတာဝန်ကျချိန်မှာ... ထပ်ကျောင်းဆောင်သစ်ကြီး ဆော... ပန္နက်ချနေပြီ ဖြစ်ပါသည်။ ၂... လောက်အတွင်းမှာ ကျောင်းဆောင်သ... ကြီးက ခမ်းနားစွာဖြစ်တည်လာပါသည်... ဒီအတိုင်းတော့ ဖြစ်တည်လာ... မဟုတ်၊ ပြုတ်တဲ့သူပြုတ်၊ ပြောင်း... သူပြောင်း၊ ရာထူးကျတဲ့သူ ကျ... ဖြစ်တည်လာခြင်းပင်။

အသစ်ရောက်လာသော ကျော... အုပ်ကြီးက အစွန်းအထင်း ဖြစ်ခဲ့သော... အဆောက်အဦကြီးကို အကောင်းဆုံး... ဖြစ်ရန် ပြင်ဆင်ပေးရာမှာ ကျောင်း... မျက်နှာစာကို မြသားကမ္ဗလာခင်း... စိတ်ကူးတော့သည်။ စိတ်ကူး အ... အထည်ဖော်ဖို့ အဓိက ကုန်ပစ္စည်း... စပျစ်ခြံထဲမှ ထိန်းမနိုင် သိမ်းမရ... ပင်များပါပဲ။ စပျစ်ခြံထဲမှာ... အတော့်ကိုစိတ်ပျက်စရာကော...



www.burmeseclassic.com

www.burmeseclassic.com

ထုထဲထဲ သန့်စွမ်းသော မြက်ပင်များ
 နေရာမှန်သို့ ရွှေ့လိုက်သောအခါ
ဖိုးတန်အပင်များ ဖြစ်နေတော့သည်။

စောစောပိုင်း ကာလတွေတုန်းက
ချစ်ခြံထဲရှိ ပေါင်းမြက်များကို နည်း
မ်းပေါင်းစုံဖြင့် ချေမှုန်းခဲ့ရသည်။
သင်တန်းသားတွေလည်း ပေါက်ပြား
ိုင်၊ မြက်ယမ်းစားကိုင်၊ ပေါင်းသတ်
ဆေးဖျန်း ဒါလည်းမရ။ အမြစ်ပါ
အောင် လက်ဖြင့် ဆွဲနုတ်ရတာများ
သားမာတွေပင် တက်ကုန်ကြပြီ။ လုပ်
အားပေး ကြီးကြပ်ဆိုပြီး ကျွန်တော်တို့
ည်းပြဆရာများလည်း မနားရပါ။ ဒုက္ခ
ပေးခဲ့သော ပေါင်းပင်များပဲ ဖြစ်
သည်။ ဟော…အခုတော့ သကောင့်
သားများက ကျောင်းဆောင်သစ်ကြီး
မှာ အခန့်သား နေရာယူနေပြီ။
လျင်အမြန် ကြီးထွားသန့်စွမ်းဖို့
ဆွေးရော မြေက တစ်ထပ်၊ ဖွဲပြာက
တစ်ထပ်ခင်းပြီး မြက်ပင်လေးတွေကို
ိုက်သည်။ သူတို့ ကြိုက်သော မြေသြ
ဆေးတို့ ပက်ဖျန်းပေးပြီး နေလောင်
ခံရအောင် ကောက်ရိုးတစ်ထပ် အုပ်ရ
သေးသည်။ မနက်၊ နေ့၊ ညနေ တစ်နေ့
ကြိမ် ရေပန်းကရားဖြင့် ရေလောင်း
ရသည်။ မြက်ခင်း စိုက်ပျိုးရေး
ပညာရှင် ဆိုသူ၏ အစီအမံများပဲ
ပါသည်။ ဒီလိုနှင့် အိပ့်အိပ့် ရှင်သန်
တော့သည်။ တန်ဖိုးမရှိခင်ကတစ်
ဖွံ့ဖွံ့မှုတ် အရိပ်တကြည့်ကြည့်
နေတော့တစ်မျိုး မသန့်စွမ်းဟု
ချင်စရာကောင်းသည်။ အစိုးမရဟု
ချင်လှပါသည်။

သင်တန်းကျောင်းအုပ်ကြီး ရည်
ရာအတိုင်း မြသားကမ္ဘလာ ဖြစ်သွား
တော့ မနင်းရက် မထိရက်စရာအဖြစ်
မြင့်သွားတော့သည်။ ပတ်လည်
ရေပန်းငုတ်လေးပါ တပ်လိုက်
၂၄ နာရီ ရွှဲရွှဲစိုပြီး စိမ်းလဲ့လို့နေ
သည်။ သွေးကြီးသွားပုံများ ဆိုင်းဘုတ်
လေးစိုက် အကာအကွယ် ပေးထားရ
သည်။ မြက်ခင်းပေါ် မနင်းရ တဲ့လေ။
❑

**နှစ်ကာလများ**
**သိပ်မကြာလိုက်**
**သေးခင်မှာဘဲ**
**စိုက်ခင်းကြီး**
**တစ်ခုလုံးက**
**ပေါင်းပင်တွေနှင့်**
**ဖုံးလွှမ်းသွားပါပြီ**
**ပေါင်းတွေ**
**ထူမှတော့**
**အသီးအပွင့်တွေလည်း**
**သေးကွေးကျုံ့လို့**
**ကောထွက်သွားသော**
**စိုက်ခင်းကြီးဟု**
**ဆိုရချိမ့်မည်**

ဂေါက်ကွင်းတွေဆီကို ကစား
သမားအဖြစ် မဟုတ်ဘဲ ကျွန်တော်
အကြိမ်ကြိမ် ရောက်ခဲ့ဖူးပါသည်။ ဌာန
အကြီးအကဲများ၏ အိတ်ဆွဲ၊ ပုလင်းကိုင်
လိုက်ရတော့ ဂေါက်ကွင်းမြက်ခင်း၏
အရေးပါပုံကို သတိထားမိသည်။
ဂေါက်သီးလေးက မြက်ခင်းပေါ်မှာပဲ
လိမ့်နေမှာပဲ မဟုတ်လား။ ခြေလှမ်းတွေ
ကလည်း မြက်ခင်းစိမ်းပေါ် တရွရွလှမ်း
ရမှာပဲ မဟုတ်လား။ မြေတလင်း
ပြောင်ပြောင်မှာဆိုလျှင် ဂေါက်ရိုက်
ကစားနည်းက စိတ်ဝင်စားဖို့ ကောင်း
လိမ့်မည်မထင်။ ဒီတော့ ဂေါက်ကွင်း
တစ်ကွင်း၏ အဆင့်မြင့်မှုက ကတ္တီပါစ
လို နူးညံ့ညီညာ ပြန့်ပြူးသော မြက်ခင်း
ပြင်ပဲ ဖြစ်ရပါလိမ့်မည်။

ဒီလို ဆိုပြန်တော့ မြက်ပင်များက
နေရာမှန်သို့ အရွှေ့ခံလိုက်ရသည့်အခါ
တန်ဖိုးရှိ အပင်ဖြစ်ပြီး သိပ်သိပ်သည်း
သည်း ဖြစ်သွားသည့်အခါမှာတော့
သူတို့ထဲမှာ ကပ်ကပ်ရပ်ရပ် ထီးတည်း
ပေါက်လာသော စပျစ်ပင်လေးက
သုတ်သင်ခံလိုက်ရမှာပဲ ဖြစ်ပါသည်။
စပျစ်ပင်ခမျာ ပေါင်းအဖြစ် သတ်မှတ်ခံ
လိုက်ရတာပါပဲ။
❑

၃။

'ဒီတစ်ခေါက် ဌာနကို ပြောင်း
လာတာ ၇၀ တောင်တဲ့။ ဘီပိုးတွေပေါ့'

'ဟင်… ဟိုတစ်လောကလေးပင်
ကြက်ဆူအုပ်စုတွေ ဝင်လာသေးတာကို'

'နောက်ထပ်လည်း ထပ်ပို့ဦးမှာ
တဲ့'

ဆူညံနေသော အသံများကြားမှာ
စားပွဲတွေ တိုးလာသည်။ ကုလားထိုင်
တွေ တိုးလာသည်။ ကုလားထိုင်တွေက
လည်း အမြင့်တွေချည်း။ ခုံအနိမ့် မပါ။
ထိုင်ခုံသာ မြင့်တာ၊ အတွေ့အကြုံနှင့်
အသိက စိုးစဉ်းမျှ မရှိတော့ ယောင်
တောင်တောင် နတတ။ သင်ယူချင်စိတ်
ရှိသူက နည်းပါသည်။ ဘယ်နေရာ၊
ဘာအခွင့်အရေး ရမလဲဆိုတာကိုပဲ
ခြောင်းနေသူတွေမို့ နဂိုရှိပြီးသားသူတွေ
နှင့် မိတ်ဖက် မဖြစ်တော့။ လှေကားထစ်
တွေမှာ ပိတ်ရပ်နေကြသူတွေအဖြစ် မြင်
ယောင်ကြပြီ ထင်ပါသည်။ လှေကား
ခြေရင်းမှာတော့ အလဲလဲ အပြိုပြိုဖြစ်ပြီး
အစုအဖွဲ့တွေက နေရာအနှံ့ ရောက်သွား
ချေပြီ။ နှစ်ကာလများ သိပ်မကြာလိုက်
သေးခင်မှာဘဲ စိုက်ခင်းကြီး တစ်ခုလုံး
က ပေါင်းပင်တွေနှင့် ဖုံးလွှမ်းသွားပါပြီ။
ပေါင်းတွေ ထူမှတော့ အသီးအပွင့်တွေ
လည်း သေးကွေးကျုံ့လို့။ ကောထွက်
သွားသော စိုက်ခင်းကြီးဟု ဆိုရချိမ့်
မည်။ ပေါင်းပင်တွေက မြေဆီမြေနှစ်
ရေအရင်းအမြစ်တို့ကို စိတ်ကြိုက် လုယူ
သွားမှတော့ စိုက်ခင်းသီးနှံများ သီးနှံစဉ်
မမီတာ မဆန်းဟု ထင်ပါသည်။ ကြာ
လျှင် စိုက်ခင်းလား၊ ပေါင်းပင်လား
ဝေခွဲရ ခက်တော့မည်။
❑

နေရာမှား၍ ရှင်သန်လျှင်တော့
ပေါင်းပင်တွေပဲ ဖြစ်သွားတတ်ပါသည်။

■ **ရဲသျှမ်း**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပြတင်း ပေါက်နောက်မှာ

ကလေးဘဝ၏မှတ်မိ ဉာဏ်အများစုမှာ ပင်လယ်ကမ်းခြေ သဲသောင်ပြင်ပေါ်မှ ခြေရာများနည်းတူ ကြာရှည်မတည်မြဲ၊ နိစ္စဓူဝမဟုတ်၊ ရေပွက်ပမာမျှသာ။ သို့ဖြစ်ပါသော်လည်း ပင်လယ်ကမ်းခြေသဲသောင်ပြင်တစ်နေရာမှာ နက်ရှိုင်းစွာ အမြစ်တွယ်လျက် လှိုင်းဒဏ်ရေဒဏ်ကို ကြံ့ကြံ့ခံရင်း ထိုးထိုးထောင်ထောင် ရပ်တည်နေခဲ့သော ကျောက်ချွန်းကျောက်ဆောင်ကြီးတစ်ခုကမူ အချိန်ကာလရွေ့လျားကြီးရင့်မှုကို အံတုစိန်ခေါ်ကာ ကမ္ဘာပျက်သည့်တိုင် သခ်ါရတရားကို အနိုင်ယူသွားပေလိမ့်မည်။

'ဒေါ်မယ်မယ်'သည် ကျွန်တော့်အဖို့ရာ ပင်လယ်ကမ်းခြေသဲသောင်ပြင်မှ သတ္တုဒြပ်ပေါင်းစုဖြင့် ဖွဲ့စည်းထားသည့် 'ဂရန်နိုက်'သလင်းကျောက်ဆောင်ကျောက်ချွန်းကြီးတစ်ခုနှင့် တူနေပါသည်။ ကျွန်တော်၏ အသက်နှင့်သွေးသားခန္ဓာ မပျက်မယွင်းမချင်း 'ဒေါ်မယ်မယ်'ကို ကျွန်တော် မေ့ပျောက်ခြင်းငှာ စွမ်းနိုင်ဖွယ်မရှိ။

လွန်ခဲ့သော (၅၅)နှစ်ကာလတုန်းက ကျွန်တော်သည် ၁၀ နှစ်အရွယ်၊ အလွန်အဆော့သန်သော ပိန်ခြောက်ခြောက်ကောင်ကလေးတစ်ယောက်သာ ဖြစ်ခဲ့သည်။ အိမ်မှာ ထမင်း နပ်မှန်မှန်စား၍ မုန့်ဖိုးပဲဖိုး ဖောဖောသီသီရရှိတတ်သည့်ကြားက အမြဲတမ်းလိုလို ကျွန်တော်သည် တစ်ခုခုကို ဆာလောင်တောင့်တနေတတ်၏။

ကျွန်တော်၏ အိမ်နီးချင်း ရွယ်တူကစားဖော်များဖြစ်ကြသော သံခဲ၊ ဘိုကြီး၊ အငယ်လေးတို့မှာလည်း ကျွန်တော့်နည်းတူ အမြဲလိုလို ဆာလောင်မွတ်သိပ်နေတတ်ကြသူတွေ ဖြစ်ကြသည်။ ကံကောင်းသည်မှာ ကျွန်တော်တို့ရပ်ကွက်သည် ရန်ကုန်မြို့၏အချက်အချာ မြို့လယ်ကောင်မှ ၄ မိုင်ခန့်သာ ဝေးကွာသည့်နေရာဖြစ်သည့်တိုင် စိမ်းစိုသော တောကြီးမျက်မည်းဆန်နေပါသည်။ ရပ်ကွက်၏မြောက်ဘက် လျှိုထဲတွင် ရေအိုင်ကြီးတစ်အိုင် ရှိနေပြီး ရေအိုင်ပတ်ဝန်းကျင်မှာ တောင်ငှက်ပျောပင်တွေ ထူထပ်ပြွတ်သိပ်စွာ ပေါက်ရောက်ရှင်သန်နေကြသည်။ တောင်ငှက်ပျောပင်များမှ တောင်ငှက်ပျောသီးများမှာ အစေ့များ ပါရှိကြသော်လည်း သကြားရည်စိမ်ထားသည့်အလား ချိုရဲနေကြသည်။ ကျွန်တော်တို့တစ်တွေ ကျောင်းအားရက် ဗိုက်ဆာလျှင် တောငှက်ပျောပင်များရှိရာသို့ စုဝေးတိုးဝင်ကြကာ တောင်ငှက်ပျောသီးတွေ တဝစားကြသည်။

ကျွန်တော်တို့ ကလေးတစ်သိုက်ကြောင့်ပင် တောငှက်ပျောပင်တွေမှာ အသီးမသီးရဲလောက်အောင် မြူသွားကြ၊ အသီးတုံးသွားကြသလား မဆိုနိုင်။ နောက်ထပ်အပင်သစ်တွေမှ အသီးသစ်တွေ ရရှိရန် ကျွန်တော်တို့သည် လနှင့်ချီ၍ ကြာအောင်စောင့်ဆိုင်းကြရပြန်သည်။ တောင်ငှက်ပျောသီးအစားတခြားစားစရာတစ်ခုခုကို ကျွန်တော်တို့ ရှာဖွေကြရပြန်သည်။ စားစရာတော့ တွေ့ပါပြီ။ သို့သော် တောင်ငှက်ပျောသီးမှည့်လို အခန့်သင့်စား



www.burmeseclassic.com

www.burmeseclassic.com

သုံး၍မရနိုင်ပါ။ ကျွန်တော်တို့ရပ်ကွက်မှ ရဲသားကြီး ဦးသောင်းညွန့် ပိုင်ဆိုင်သော မန်ဒါလီဘဲအုပ်ကြီးက ဥချသည့် မန်ဒါလီဥများပင် ဖြစ်သည်။

ရဲသားကြီး ဦးသောင်းညွန့်၏ မန်ဒါလီဘဲအုပ်မှာ အကောင် ၂၀ ခန့်ရှိမည်ဖြစ်ပြီး သူတို့သည် သွားချင်ရာသွား၊ စားချင်ရာစားပြီး ဥချင်ရာ ဥချတတ်သည့် လေလွင့်ဘဲအုပ်ကြီးနှင့် တူလှသည်။ ထိုစဉ်က ကျွန်တော်တို့ရပ်ကွက်မှာ ကြက်ဘဲပျောက်ဖို့ မဆိုထားနှင့် စက်ဘီးတစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးကို ပင် ညဘက် အိမ်ပြင်မှာ ရပ်ထား၍သော်မျှ ခိုးဝှက်သယ်ဆောင်မည့်သူ မရှိပါ။ ကုန်ကုန်ပြောရလျှင် ကျွန်တော်တို့ရပ်ကွက်ထဲရှိ အိမ်အများစုမှာ ခြံစည်းရိုးပင် မရှိကြပါ။ ခြံစည်းရိုးရှိသော အိမ်အချို့မှာ အိမ်ကြီးအိမ်ကောင်း သုံး၊ လေးလုံးမျှသာ ဖြစ်ကြသည်။ ထိုအိမ်ကြီးများတွင် နေထိုင်သူများမှာ မျက်နှာဖြူကပြားနွယ်ဝင်များနှင့် အင်ဂလိုအင်ဒီးယန်းများသာ ဖြစ်ကြသည်။ စနေညများ၌ ထိုအိမ်ကြီးများ၌ မီးတထိန်ထိန်၊ ပုလင်းသံဖန်ခွက်သံ တချွင်ချွင်နှင့် ပါတီပွဲများ ကျင်းပလေ့ရှိကြသည်။

အိမ်ကြီးအိမ်ကောင်းတစ်လုံးကတော့ ပါတီပွဲကျင်းပလေ့မရှိ။ ခြံစည်းရိုးကလည်း ကြခတ်ဝါးရုံများသာ ဖြစ်ကြပြီး ခြံရှေ့မျက်နှာစာမှာ သံတံခါးကြီးရှိ၍ အမြဲလိုလို ခြံတံခါးကို ပိတ်ထားတတ်သည်။ ထိုအိမ်ကြီးမှာ

ဒေါ်မယ်မယ့်
ခြံထဲကို
ယောင်လို့တောင်မှ
မဝင်မိစေနဲ့နော်
နင်တို့
အပြုစား
ခံရလိမ့်မယ်
ဒေါ်မယ်မယ်
ဆိုတဲ့
မိန်းမကြီးက
စုန်းမကြီး
ဘာမှတ်သလဲ

နေထိုင်သူက နိုင်ငံခြားသားအနွယ်ဝင်မဟုတ်။ မြန်မာလူမျိုးသာ ဖြစ်သည်။ ထူးခြားသည်ကတော့ ထိုအိမ်ကြီးက အရွယ်အစား ကြီးမားသလောက် အိမ်ထဲမှာ နေထိုင်သူက နှစ်ယောက်တည်းသာ ရှိသည်။ အသက် ၅၀ ကျော်ခန့် မိန်းမကြီးတစ်ယောက်နှင့် သူ၏အိမ်ဖော်ဖြစ်ပာန်တူသော အသက် ၂၀ ခန့် အမျိုးသမီးတစ်ယောက်တို့ ဖြစ်ကြသည်။

ရေနံချေးတွေ ဝ,အောင် နစ်အောင် သုတ်လူးထားသဖြင့် တစ်အိမ်လုံးလိုလို မည်းမှောင်နေသော ထိုအိမ်ကြီးကို ကလေးတွေက 'အိမ်မည်းကြီး'ဟု ခေါ်တတ်ကြပြီး လူကြီးတွေကတော့ 'ဒေါ်မယ်မယ့်အိမ်'ဟု ခေါ်လေ့ရှိကြ၏။ ဒေါ်မယ်မယ်၏ခင်ပွန်းမှာ တပ်မတော်အရာရှိကြီးတစ်ယောက်ဟု သိရပြီး ထိုအိမ်ကြီးတွင် နေထိုင်ခြင်းမရှိ။ သားသမီးတွေကလည်း တခြားမှာ နေထိုင်ကြသည်ဟု ဆိုပါသည်။

အိမ်ကြီးတစ်လုံးထဲမှာ အိမ်ဖော်မိန်းကလေးတစ်ယောက်နှင့်သာ အတူနေထိုင်သော အရာရှိကတော်ကြီးတစ်ယောက်၏အဖြစ်မှာ စိတ်ဝင်စားစရာကောင်းမှန်း ထိုစဉ်က ကျွန်တော် မတွေးတတ်ခဲ့သေးပါ။ ကျွန်တော့်မိခင်ကတော့ ကျွန်တော့်အား မကြာခဏ သတိပေးစကားပြောတတ်ပါသည်။

'ဒေါ်မယ်မယ့်ခြံထဲကို ယောင်လို့တောင်မှ မဝင်မိစေနဲ့နော်။ နင်တို့ အပြုစားခံရလိမ့်မယ်။ ဒေါ်မယ်မယ်ဆိုတဲ့ မိန်းမကြီးက စုန်းမကြီး ဘာမှတ်သလဲ'

'စုန်းမ'ဟူသော စကားလုံး၏အဓိပ္ပာယ်ကို (ကြောက်စရာကောင်းသည်)မှ အပ ကောင်းစွာ သဘောပေါက်နားလည်ခြင်းမရှိသောကြောင့် ကျွန်တော်များစွာ စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်ပါ။

'ပြုစားတယ်ဆိုတာ ဘယ်လိုလုပ်တာလဲ အမေ' ဟု ကျွန်တော်က မေးသောအခါ အမေ၏မျက်နှာထားက ပိုမိုလေးနက်သွားပြီး-

'သူ ပြုစားလိုက်ရင် နင် ရူးသွားလိမ့်မယ်၊ လမ်းထိပ်က ကုလားကြီးဟာရီးလို ရူးသွားမှာ၊ အရူးဟာရီးလို ဖြစ်သွားမှာ၊ နားလည်လား'

အရူးဟာရီမှာ အသက် ၄၀ ခန့် အခြေအနေမဲ့၊ လမ်း
ဘေးအိပ်လမ်းဘေးစား အင်
ဒီးယန်းတစ်ယောက်ဖြစ်သည်
သူ့မျက်နှာမည်းမည်းမှာ ရှည်
လျားရှုပ်ပွသော ဆံပင်များ
မုတ်ဆိတ်ကျင်စွယ်များအောက်
တွင် ပျောက်ကွယ်လုမတတ်
ဖြစ်နေသည်။ မြန်မာနိုင်ငံ
လွတ်လပ်ရေးရ၍ ကိုလို
အင်္ဂလိပ်စစ်တပ်များ ပြန်လည်
ထွက်ခွာသွားသည့်အခါ
နောက်ပျက်နေသော ဟာရီး
ကို ချန်ထားရစ်ခဲ့(သို့မဟုတ်
ဟာရီးက ရန်ကုန်မြို့မှာ ကျ
နေရစ်ခဲ့ပါသည်။ သူသည်
အခါခပ်သိမ်း ရေချိုးသန့်
မှုမရှိ။ ဖာရာထေးရာ ဗရပွ
ညစ်ပေသော အင်္ဂလိပ်စစ်
နီဖောင်းအစုတ်ကြီး ဖိုးရိုး
ရားဝတ်လျက် ဘတ်စ်ကား
မှတ်တိုင်တစ်ဝိုက်မှာ
လည်တောင်းရမ်းနေတတ်
သည်။

စုန်းမ ပြုစားခြင်း
အပြုစားခံရ၍ ရူးသွပ်သွား
ခြင်းတို့မှာ နားလည်သ
ပေါက်သူအတွက် ကြော
မက်ဖွယ်ဖြစ်နိုင်သော်လည်း
စူးစမ်းစွန့်စားလိုစိတ်
သန်ပြင်းပြသော ကျွန်တော်
တို့ ကလေးအုပ်စုအတွက်
'ဒေါ်မယ်မယ်၏အိမ်မည်း
မှာ စိတ်ဝင်စားစရာ
တစ်ခုသာ ဖြစ်ခဲ့ပါသည်
အိမ်မည်းကြီး၏
ဘယ်ညာတွင် လူနေအိမ်
ဘဲ ဧကဝက်ခန့် ကျယ်
သော ခြံလွတ်ကြီးတွေ
ရှိကြသည်။ အိမ်မည်းကြီး
နောက်ဘက်မှာလည်း
လပ်ကြီးသာ ရှိသည်၊
မည်းကြီး၏ရှေ့မှာတော့
နှင့်လိပ်သဲကျောက်တွေ
နှောခင်းထားသည်



www.burmeseclassic.com

www.burmeseclassic.com

...း ယှဉ်မောင်းနိုင်အောင် ...သော ဖုထစ်ကြမ်းတမ်း ...လမ်း ရှိသည်။

အိမ်မည်းကြီးကို လေး ...လေးတန်မှ ကာရံထား ...များမှာ ကွက်တစ်ကောင် ...လျှင် အလွယ်တကူ တိုး ...နိုင်သော ကြခတ်ဝါးရုံ ...များ ဖြစ်ကြသည်။ အိမ် ...ချက်နှာစာရှိ လူတစ်ရပ် ...သော သွပ်ပြားပိတ် တံ ...ကြီးက လွဲလျှင် ခြံဝင်း ...ခုလုံး ကြခတ်ဝါးရုံတွေ ...ပိတ်မှောင်နေရာ အိမ်မည်း ...ကို ထင်ရှားကွဲပြားစွာ ...ရပါ။ အိမ်မည်းကြီး၏ ...ဘက်ခြံစည်းရိုးသဖွယ် ...သော ကြခတ်ဝါးရုံများ ... များစွာ သန်စွမ်းခြင်း ...ဘဲ ကျိုးကျိုးကျဲကျဲနှင့် ...မည်းကြီး၏နောက်ကျော ...မြင်ကွင်းကို လှစ်ပြနေ ...သည်။ ထို့ပြင် အိမ်မည်းကြီး ...ကျောပိုင်းသည် ခြံစည်းရိုး ...ခတ်ဝါးရုံများနှင့် ပိုမို၍ ...ကပ်သည်။ ၁၀ ပေကျော် ...ကျော်ပဲ ဝေးကွာမည်ဟု ထင် ...ပါသည်။ အိမ်မည်းကြီး ...သည် အခြားမြန်မာအိမ်များ ...သို့ မီးဖိုဆောင်ကို အိမ် ...နောက်ဘက်မှာ မထားပါ။ ...မ်ခြေရင်းဘက်သို့ အဖီ ...အဆောင်)ထုတ်၍ တည် ...ဆောက်ထားပါသည်။ ထို ...ကြောင့် အိမ်မည်းကြီး၏ ...ကျောဘက်နံရံမှ ပြတင်း ...ပေါက်ကြီး နှစ်ပေါက်မှာ ...ခတ်ဝါးရုံများဘက်သို့ ...မျက်နှာမူထားကြသည်နှင့် ...တူသည်။

အိမ်မည်းကြီး၏ ကျော ...ဘက်မြေကွက်လပ်ထဲတွင် ချုံ ...ပင်မြက်ပင်တွေသာ ရှိကြပြီး ခွေးလှေးယားပင်အချို့လည်း ချုံတွေမှာ ရစ်ပတ်နွယ်တက်နေကြသဖြင့် ကျွန်တော်တို့သည် ထိုမြေကွက်လပ်ဘက်သို့ မရောက်တတ်ကြပါ။ ကျွန်တော်တို့က ထိုမြေကွက်လပ်ဘက်သို့ မရောက်တတ်ကြသော်လည်း ရဲသားကြီး ဦးသောင်းညွန့်၏ မန်ဒါလီဘဲအုပ်ကတော့ ထိုမြေကွက်လပ်ဘက်အထိ ခြေဆန့်၍ အစားအသောက် ရှာဖွေတတ်ကြသည်။

ကျောင်းပိတ်ရက်တစ်ရက်တွင် ကျွန်တော်တို့ တွဲနေကျ အပေါင်းအဖော် သုံးဦးဆုံစည်းမိကြသည်။ ဒီကနေ့ အငယ်လေးဆိုသော သူငယ်ချင်း မပါဝင်ဘဲ ကျွန်တော်၊ သံခဲနှင့်ဘိုကြီးတို့ သုံးယောက် ကျောင်းပိတ်ရက်တိုင်း ပျော်ရွှင်တက်ကြွစွာ ဆောင်ရွက်နေကျ 'မန်ဒါလီဥရှာဖွေရေး' လုပ်ငန်း စတင်ကြတော့မည် ဖြစ်သည်။ ရဲသားကြီး ဦးသောင်းညွန့်၏ မန်ဒါလီအုပ်စုသည် ခြေဦးတည့်ရာ လျှောက်သွားကြကာ ဥချင်သည့်နေရာမှာ ဥချခဲ့ကြသဖြင့် ကျွန်တော်တို့မှာ နေရာအနှံ့ကို ကလေးမျက်လုံးဖြင့် စူးစမ်းရှာဖွေကြရသည်။ ခြံစည်းရိုးအစပ်များ၊ ငှက်ပျောတောများ၊ ရေစပ်စပ်ရှိသော ပိန်းတောများ၊ အပေါ်ရှုပ်၍ အောက်ခြေရှင်းသော ချုံပုတ်များအောက်မှာ မန်ဒါလီတွေက ဥတွေ ဥချတတ်ခဲ့ကြသည်။ မန်ဒါလီပိုင်ရှင်မိသားစုက သူတို့အိမ်အနီးမှာ တွေ့သော ဥများကိုသာ ကောက်ယူထိန်းသိမ်းပါသည်။ ဝေးဝေးလံလံမှ ဥများကိုတော့ ပယျာလကန် ပြုလိုက်ကြပါသည် (လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ဘဲဥ၊ ကြက်ဥတစ်လုံး၏ ဈေးနှုန်းတန်ဖိုးကို ယခုခေတ်ပြိုင်လူငယ်များ ယုံနိုင်စရာပင် မရှိ။ ထိုခေတ်အခါက ဘဲဥ၊ ကြက်ဥတစ်လုံး၏တန်ဖိုးမှာ ထိုခေတ်အခါက ၂၅ ပြားဆိုသော လက်ဖက်ရည်တစ်ခွက်ဖိုးမျှပင် မရှိ။ အကြော်တစ်ခုပါရှိသော မုန့်ဟင်းခါးတစ်ပွဲဖိုးမျှပင် မရှိ။ ထိုကြောင့်လည်း ရဲသားကြီး ဦးသောင်းညွန့်က သူ၏မန်ဒါလီများကို ဘေးမဲ့ဆန်ဆန် လွှတ်ထားခဲ့ခြင်းဖြစ်ပါလိမ့်မည်။)။ ကျွန်တော်တို့အတွက်လည်း မန်ဒါလီဥများမှာ ဆော့ကစားစရာတစ်မျိုးဖြစ်ပြီး တစ်ခါတစ်ရံတော့ ဘိုကြီးတို့အိမ်မှာ ပြုတ်စားတတ်ကြပါသည်။

ကျွန်တော်တို့သည် မန်ဒါလီအုပ်ကို ခြေရာခံရင်း အိမ်မည်းကြီး၏နောက်ကျောဘက် ချုံပုတ်များ ဖုံးလွှမ်းနေရာ ကွက်လပ်ထဲသို့ရောက်ရှိသွားခဲ့ကြသည်။ မန်ဒါလီအုပ်ကိုလည်း မျက်ခြည်ပြတ်သွားသည်။

'ဟော့ကောင် ဟိုမှာ ကြည့်လိုက်စမ်း' ဟု သံခဲက ကျွန်တော့်ကို လက်တို့ရင်း ခေါင်းဆတ်ပြလိုက်ရာ သူကြည့်ရာဘက်သို့ ကျွန်တော်ကော ဘိုကြီးပါ ပြိုင်တူလှည့်ကြည့်မိကြသည်။ အပင်ကျဲသော ကြခတ်ဝါးရုံများနောက်ဘက်မှ အိမ်မည်းကြီး၏ ကျောဘက်ကို တွေ့ရပါသည်။ ပြတင်းပေါက်ကြီးနှစ်ပေါက်က ပွင့်လျက်သား ရှိနေကြပြီး နေရောင်ခြည်ကြောင့် မြင်ကွင်းက လင်းလင်းကျင်းကျင်း ရှိလှပါသည်။

ကျွန်တော် ကြက်သီးဖြန်းခနဲထ,မိသော်လည်း ကြောက်လန့်စိတ်ကို အံ့သြစိတ်က လွှမ်းမိုးထားသဖြင့် မြင်ကွင်း၏ဗဟိုချက်ဆီသို့သာ ငေးနေမိသည်။ ပြတင်းပေါက်ကြီးတစ်ပေါက်နောက်မှာ မိန်းမကြီးတစ်ယောက် ရပ်၍ ကျွန်တော်တို့ကို ကြည့်နေသည်။ ပြတင်းပေါက်၏ အောက်ဘက်ပေါင်က မိန်းမကြီး၏ ရင်ညွန့်နေရာလောက်မှာ ကန့်ထားပါသည်။ မိန်းမကြီးက ဆံပင်ဖားလျားနှင့်ဖြစ်ကာ အင်္ကျီဝတ်ဆင်ထားခြင်း မရှိ။

'ဒေါ်မယ်မယ်ဆိုတဲ့ စုန်းမကြီး' ဟု သံခဲက လေသံကလေးဖြင့် မြည်ဟလိုက်သည်။

ကျွန်တော်က သေချာစူးစိုက်ကြည့်လိုက်သောအခါ ဆံပင်ဖိုသီဖတ်သီကြားမှ မိန်းမကြီး၏မျက်နှာက ကြည်လင်ပြုံးပြနေကြောင်း သတိပြုမိသည်။ သူ့မျက်နှာထားက ရုပ်ရှင်များ၊ ကာတွန်းစာအုပ်များထဲက စုန်းမမျက်နှာမျိုး မဟုတ်သည်ကတော့ သေချာသည်။

'ကလေးတွေ မုန့်စားကြမလား' ဟူသော မိန်းမကြီး၏အသံမှာ ကျွန်တော်တို့ ကျောင်းမှ အလွန်သဘောကောင်းလှသော ကရင်တိုင်းရင်းသူဆရာမကြီး၏အသံနှင့် တူကြောင်း ကျွန်တော် ခံစားမိသည်။ သို့သော် ကျွန်တော် တုံ့ပြန်ဖို့ မေ့လျော့နေပါသည်။ အရာရာအပေါ် တုံ့ပြန်မှုမြန်



www.burmeseclassic.com

www.burmeseclassic.com

ဆန်သော သံခဲက-

'စားမယ် အဘွား၊ စားမယ်'ဟု အော်ဟစ်လိုက်စဉ် ဘိုကြီးကလည်း 'ကျွန်တော်တို့လည်း စားမယ် အဘွား' ဟု ဝှံ့ဝှံ့စားစား အော်ပြောလိုက်သည်။ ကျွန်တော် တစ်ယောက်တည်း ငေးတိငေးကြောင် ရပ်နေမိသည်။

'စားချင်ရင် ခဏစောင့်ကြဦး'ဟု ဆိုကာ မိန်းမကြီး ပြတင်းပေါက်မှ ပျောက်သွားသည်။

ကျွန်တော်တို့အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ 'ငါတို့ အလှည့်စားခံကြရပြီလား'ဟူသော သံသယ အကြည့်မျိုးတွေဖြင့်ဖြစ်သည်။ ကျွန်တော့်စိတ်ထဲမှာလည်း မိန်းမကြီးကို 'စုန်းမကြီး'ဟုသာ ထင်ပြီး လိပ်ပြာမသန့် သရိုးသရီခံစားနေရသည်။ သံခဲက ပြတင်းပေါက်ဆီသို့ မျှော်ကြည့်ရင်း-

'စုန်းမကြီးက ဘာမုန့်တွေ ပေးမလဲ မသိဘူး'ဟု သူ့ဘာသာသူ ရေရွတ်နေသည်။

'စုန်းမကြီးလို့ မပြောပါနဲ့ကွ၊ သူ ကြားသွားရင် မုန့်မပေးဘဲနေဦးမယ်'ဟု ဘိုကြီးက ခပ်တိုးတိုးဟန့်တားသည်။

'ငါတော့ မယုံဘူး'ဟု ကျွန်တော်က အသံအစ်အစ် တိမ်တိမ်ဖြင့် ပြောလိုက်သည်။ ကြောက်စိတ်ကြောင့် ကျွန်တော်၏ ခြေဖျားလက်ဖျားတွေ ရုတ်ခြည်း အေးစက်လာကြဟန် ရှိသည်။

ကျွန်တော့် ထင်မြင်ချက် လွဲချော်သွားပါပြီ။ ပြတင်းပေါက်မှာ မိန်းမကြီး ပြန်ပေါ်လာကာ စက္ကူဘူးတစ်ခု

သူ
ပြုစားလိုက်ရင်
နင်
ရူးသွားလိမ့်မယ်
လမ်းထိပ်က
ကုလားကြီး
ဟာရီးလို
ရူးသွားမှာ
အရူးဟာရီးလို
ဖြစ်သွားမှာ
နားလည်လား

ကို မြှောက်ပြသည်။

'ဟောဒီမှာ မုန့်၊ ငါ လှမ်းပစ်လိုက်မယ်။ မပြီးသေးဘူးနော်။ နောက်ထပ် စားစရာတွေ ထပ်ပစ်ပေးဦးမယ်'

မိန်းမကြီးက ဘီစကွတ်မုန့်စက္ကူကတ်ဘူးကို ပြတင်းပေါက်ကနေ ဝါးပင်တွေကို ကျော်အောင် လှမ်းပစ်သည်။ သံခဲက အားရဝမ်းသာပြေးကောက်သည်။ ကျွန်တော်တို့ မစားဖူးကြသော နိုင်ငံခြားဖြစ် ဘီစကွတ်ကတ်ဘူးဖြစ်သည်။

'ရော့ ဟောဒီမှာ ချောကလက်ဘူး'

မိန်းမကြီး၏ အော်သံနှင့်အတူ ဝါးပင်တွေကို ကျော်ဖြတ်လျက် အဝါရောင်ကတ်ထူဘူးရှည်ရှည်ကလေးတစ်ခု ကျလာပြန်သည်။

'လာပြီဟေ့ ကိတ်ခြောက်သေတ္တာ'ဟူသော အသံနောက်မှာ၊ နီညိုရောင် သံဖြူပုံးကလေးတစ်ပုံးက ဝဲပျံကျလာသည်။ သံဖြူပုံးကိုတော့ ကျွန်တော်က အမိအရ ကောက်ယူလိုက်သည်။

'မင်းတို့ ထောပတ်စားကြမလား'

မိန်းမကြီးက ပျော်ရွှင်မြူးထူးသံဖြင့် လှမ်းမေးစဉ် ကျွန်တော်တို့ အချင်းချင်း တိုင်ပင်သလို ကြည့်လိုက်ကြသည်။ ကျွန်တော်က လက်ဖက်ရည်ဆိုင်မှာ ပေါင်မုန့် ထောပတ်သုတ်စားနေကျဖြစ်၍ ထောပတ်ကြိုက်သည်။

'စားမယ် အဘွား စားမယ်'ဟု ကျွန်တော်က ခုန်၍ အော်ဟစ်လိုက်စဉ် စက္ကူဖြင့် ပတ်ထားသော ထောပတ်သံဘူးကလေးက ကျွန်တော်တို့ အနီးသို့ ကျလာသည်။ ကျွန်တော်နှင့် ဘိုကြီးတို့ အလုအယက်ကောက်ကြရာ ဘိုကြီးက လက်ဦးသွားသည်။

'မလုကြပါနဲ့ကွယ်၊ သူငယ်ချင်းသုံးယောက် ညီတူမျှတူ ခွဲပြီးစားကြပေါ့'ဟု မိန်းမကြီးက လှမ်းအော်သည်။

'ဟုတ်ကဲ့ပါ အဘွား၊ ကျွန်တော်တို့ ဝေစားကြမှာပါ'ဟု နှုတ်သွက်လျှာသွက် သမား သံခဲကလည်း ပြန်အော်သည်။

'နောက်တစ်ပတ် အခုလို တနင်္ဂနွေနေ့ အခုလို အချိန်ကျရင်လည်း လာခဲ့ကြဦး။ မင်းတို့ စားစရာတွေ ရမယ်။ တစ်ခုတော့ မှတ်ထားနော်။ မင်းတို့သုံးယောက်ပဲ

လာကြ၊ တခြားသူတွေ …
မလာနဲ့။ ဟုတ်ပြီလား'
သည် တစ် ကြိမ် …
တော့ ကျွန်တော်တို့ …
ယောက်က သံပြိုင်ညီညီ …
ညာနှင့် 'ဟုတ်ကဲ့ အဘွား'
ဟု အော်ကြသည်။

မိန်းမကြီး ပြတင်း…
ပေါက်နောက်သို့ ပျောက်…
ကွယ်မသွားမီ ကျွန်တော်တို့…
လည်း စားစရာတွေ …
ပိုက်ရင်း ဝါးရုံရိပ်အောက်…
ထွက်လာခဲ့ကြသည်။ ထို…
က ပျော်ရွှင်ကြည်နူးမှုနှင့် …
သြမှုတို့ ပေါင်းစပ်ထားသော …
ခံစားမှုမျိုးကို ကျွန်တော့်…
သက်တွင် နောက်တစ်ကြိမ် …
ထပ်မံမရရှိတော့ပါ။ ထို့အ…
ပြတင်းပေါက်မှ အင်္ဂလိပ်…
သောမိန်းမကြီး(ဝါ)ဒေါ်မယ်…
မယ်ကိုလည်း နောက်တစ်…
ကြိမ် တွေ့မြင်ရခြင်း မရှိတော့…
ပါ။

နောက်တနင်္ဂနွေနေ့…
ကျွန်တော်တို့သုံးယောက် …
မည်းကြီး၏ ကျောဘက်…
ရောက်သွားကြသည့်အခါ…
ပိတ်ထားသောပြတင်းပေါက်…
များကိုသာ တွေ့ကြရသည်…
စင်စစ် တစ်အိမ်လုံးမှာ …
မျှသော တံခါးတွေ ပိတ်ထား…
ခြင်းဖြစ်သည်။ ဒေါ်မယ်မယ်…
နှင့် အိမ်ဖော်တို့ ဘယ်ရောက်…
သွားမှန်း ဘယ်သူမျှ ပြော…
ပြနိုင်ကြပါ။

မိနစ် အနည်းငယ်မျှသာ…
ကြာအောင် တွေ့မြင်ခဲ့ရသော…
ဒေါ်မယ်မယ်၏ ပုံပန်းရုပ်သွင်…
ကို နှစ်ပေါင်း ၅၅ နှစ်ကြာ…
ခဲ့သည့် ယနေ့တိုင် ကျွန်တော်…
၏ မှတ်မိဉာဏ်လွှာထဲ…
မပျက်မယွင်း ထိန်း…
ထားနိုင်ခဲ့ခြင်းမှာ …



www.burmeseclassic.com

www.burmeseclassic.com

ကြောင့်ပါလဲ။ ကျွန်တော်၏ ဘာ ထက်မြက် အား ကောင်းခြင်းကြောင့် လား။ ကျွန်တော် ပြောခဲ့သလို ယ်မယ်၏ ရုပ်သွင် ည် ပင်လယ်ကမ်းစပ်မှ ကျောက်ချွန်းကျောက် စိုင် တစ်ခုနှင့် တူနေသည်။ ကြာအောင် လှိုင်းတွေ တ်ခတ်တွန်းတိုက်ခဲ့ကြ ည်ဖြစ်စေ မတုန်မလှုပ်၊ မ်းမရွေ့ ရပ်တည်မြဲရပ် နေခဲ့ခြင်းသာ ဖြစ်ချိမ့်

အိမ်မည်းကြီးတံခါး လုံး ပိတ်၊ တိတ်ဆိတ် ခြင်းကို တွေ့မြင်ပြီးခဲ့ပြီး အိမ်သို့ရောက်ချိန်တွင် တော်က မိဘများရှေ့မှာ ကြေညာလိုက်ပါသည်။

'အိမ်မည်းကြီးက လူ ပြောင်းသွားပြီ။ တစ်ယောက် ရှိတော့ဘူး'

အမေက 'ဟုတ်လား ရဲ့'ဟုဆိုကာ မျက်ခုံး ပင့်လျက်၊ မျက်လုံးတွေ ဝိုင်းသား ဖြစ်နေသည်။ အဖေကတော့ စိတ်လှုပ်ရှား မပြဘဲ ကျွန်တော့်ကို လုံးစွေကြည့်သည်။

'ဘာမှ မထူးပါဘူးကွာ၊ အိမ်မှာ လူတွေရှိတုန်းက ည်း ခြံတံခါးနဲ့ အိမ်ရှေ့ ခါးကြီး အမြဲတမ်းပိတ်ပြီး တစ်ယောက်မှ မရှိသလို ကြတာပဲ။ အခုကော ဘာ လို့လဲ'

'နှစ်ယောက်တည်း နေ ကြတာပါ။ စုန်းမကြီးနဲ့ အိမ် ကောင်မလေးတစ်ယောက် ည်းရယ်'ဟု အမေက မပွင့် ပွင့် ပြောသည်။

'အဘွားကြီးက အင်္ကျီလည်း မဝတ်ဘူး'ဟု ကျွန်တော်က ပြောသောအခါ အမေက 'ဟဲ့ ကောင်လေး'ဟု စကားမဆက်ရန် တားမြစ်သလို လေသံမာမာနှင့် ဟန့်ပါသည်။

'ထဘီလည်း ဝတ်မှာ မဟုတ်ပါဘူးကွာ'ဟု အဖေက ရယ်သံစွက်၍ ပြောလိုက်ခြင်းကို ထိုစဉ်က ကျွန်တော် ရှင်းလင်းစွာ နားမလည်နိုင်ခဲ့ပါ။ အမေက 'အို ကျက်သရေမရှိတဲ့ ဒီစုန်းမကြီး အကြောင်း ပြောမနေစမ်းပါနဲ့။ အဲဒီအိမ်မည်းကြီးမှာ လူရှိရှိ မရှိရှိ အဲဒီအိမ်နားကို မသွားနဲ့နော်။ စုန်းမကြီးက မနေတော့ပေမဲ့ အဲဒီအိမ်မှာ သူ မွေးထားတဲ့ သရဲတွေ ထားချင်ထားခဲ့မှာ'ဟု ကျွန်တော့် မျက်နှာအနီးသို့ ငုံ့၍ သတိပေးပြန်ပါသည်။

အဖေက ရယ်မောနေစဉ် ကျွန်တော်က ကြက်သီးတစ်ချက် ထသွားမိကာ ပခုံးအစုံကို ကျုံ့ပစ်လိုက်၏။ ကျွန်တော်သာ ကြောက်တတ်မည်ဆိုပါက အမေ ပြောသော သရဲဆိုသည်ထက် ကျွန်တော် မြင်ခဲ့တွေ့ခဲ့ရသော စုန်းမကြီး (ဝါ)ဒေါ်မယ်မယ်ကိုသာ ပို၍ ကြောက်မက်ထိတ်လန့်မိမှာ ဖြစ်သည်။ ဒေါ်မယ်မယ်၏ ဆံပင်များက နက်မှောင်ခြင်းလည်း မရှိ၊ ဖြောင့်တန်းစွာ သွယ်ကျခြင်းလည်း မရှိဘဲ ဖရိုဖရဲ ငှက်သိုက်အပျက်တစ်ခုလို သူ့မျက်နှာနှင့် ပခုံးနှစ်ဖက်ပေါ်မှာ ဝဲကျဖုံးလွှမ်းနေကြပုံကို ကျွန်တော့်မျက်စိထဲ စွဲနေသည်။ သူ့မျက်လုံးတွေက မျက်တောင်မခတ်ကြဟု ကျွန်တော် ထင်မှတ်ခဲ့ခြင်းကို အမှတ်ရနေသည်။ သူ့အသံက ခြောက်ကပ်ကပ် အက်ကွဲကွဲနှင့် အလုံပိတ်အခန်းတစ်ခန်းထဲမှ(သို့မဟုတ်) အဖုံးပိတ်ထားသော သေတ္တာတစ်လုံးထဲမှ ထွက်လာဟန်မျိုးလည်း ဖြစ်သည်။

နောက်ရက်အနည်းငယ်ကြာသောအခါ အဖေက ထမင်းဝိုင်းမှာ အမှတ်တမဲ့ စကား စ,သည်။

'အဘွားကြီးကို ငါတို့ တစ်ရပ်ကွက်လုံးကသာ ဒေါ်မယ်မယ်လို့ ခေါ်နေကြတာ။ သူ့နာမည်ရင်းက ရွှေဇင်မယ်တဲ့။ ဒါပေမဲ့ သူ့ယောကျ်ား အပါအဝင် သူ့သားသမီးတွေ၊ သူ့ဆွေမျိုးတွေ၊ သူ့အိမ်ဖော်တွေအားလုံးက မယ်မယ်လို့ ခေါ်ကြတာနဲ့ တို့ပါလိုက်ပြီး ဒေါ်မယ်မယ်လို့ ခေါ်ကြတာ။ တကယ်ပြောရရင် ဒီရပ်ကွက်မှာ ဒေါ်မယ်မယ်နဲ့ တစ်မိနစ်ကြာအောင် စကားပြောဖူးတဲ့သူ တစ်ယောက်မှ မရှိဘူး'

'ဘာဖြစ်လို့လဲ၊ အဘွားကြီးက စစ်ဗိုလ်ကတော်ဆိုပြီး မာနကြီးလို့လား'ဟု အမေက မလိုတမာသံဖြင့် မေးသည်။

'မဟုတ်ဘူး၊ မာနကြီးတာ မဟုတ်ဘူး။ အဘွားကြီးက ဘယ်သူနဲ့မှကို အတွေ့မခံတာ။ သူ့ယောကျ်ားစစ်ဗိုလ်ကြီးနဲ့လည်း စကားမပြောဘူးတဲ့။ စကားမပြောလို့ ဒီအိမ်မည်းကြီးမှာ အိမ်ဖော်နဲ့ လာနေတာ။ စစ်ဗိုလ်ကြီးက တပ်ထဲမှာ နေတာ။ သားသမီးတွေကိုလည်း စကားမပြောဘူးတဲ့'

'ဦးနှောက်ပျက်လို့ ရူးနေတဲ့ဟာ ဘယ် စကားပြောပါတော့မလဲ'ဟု အမေက မျက်စောင်းထိုး၍ မဲ့မဲ့ရွဲ့ရွဲ့ ပြောပြန်သည်။

'ရူးပေမဲ့ သူက သဘောကောင်းပါတယ်။ သားတို့ကို မုန့်တွေ အများကြီး ပေးဖူးတယ်'ဟု ကျွန်တော်က ဖွင့်ပြောလိုက်ချင်သော်လည်း စိတ်ထိန်းပြီး ပါးစပ်စေ့ထားလိုက်ပါသည်။ ကျွန်တော်တို့ ရခဲ့သော မုန့်တွေ၊ ချောကလက်တွေအကြောင်း ကျွန်တော်တို့ သုံးယောက်မှအပ ဘယ်သူမျှ မသိကြပါ။

'သူနဲ့အတူ နေတဲ့ အိမ်ဖော်ကောင်မလေးနဲ့တော့ စကားပြောချင်ပြောမှာပေါ့'ဟု အမေက စကားဆက်သောအခါ အဖေသည် ပင့်သက်ပါးပါးကလေး ရှူထုတ်လိုက်သည်။

'မပြောတတ်ဘူးလေ၊ ငါတို့တစ်ရပ်ကွက်လုံး သိတာကတော့ အဲဒီ ဒေါ်မယ်မယ်လို့ ခေါ်တဲ့ ရွှေဇင်မယ်ဟာ လူကုံထံမျိုးကြီးရိုးကြီးထဲကပဲ ဖြစ်မယ်။ အကြောင်းတစ်ခုခုကြောင့် စိတ္တဇဝေဒနာ ရသွားတာလည်း ဖြစ်နိုင်တယ်။ ဒီတော့ ရူးတာနဲ့ ဘဝင်မြင့်တာ နှစ်ခုပေါင်းပြီး ဘယ်သူနဲ့မှ စကားမပြောတော့ဘဲ အိမ်တွင်းပုန်းလုပ်နေတာလို့ ငါ ထင်တယ်။ ပစ္စည်းဥစ္စာပြည့်စုံလျက်သားနဲ့ ဒီလိုဘဝမျိုးရောက်နေတာတော့ ငါ နားမလည်ချင်ဘူး'

'နားလည်စရာလည်း မလိုပါဘူးလေ'ဟု အမေက သူ မတွေ့ဖူး၊ စကားမပြောဖူးသော ဒေါ်မယ်မယ့်အပေါ် မရှုဆိတ်နိုင်ခြင်းကို မဲ့ကာရွဲ့ကာ ဖော်ထုတ်လိုက်သည်။ အဖေကတော့ ဘာမျှမပြော။ ကျွန်တော့်ရင်ထဲမှာတော့



www.burmeseclassic.com

www.burmeseclassic.com

'စုန်းမကြီး'ဘက်မှ ခံပြင်းသယောင်ယောင် အုံ့ပုန်းခံစားလိုက်ရသည်။ အကယ်၍ အိမ်မည်းကြီးမှာ ဒေါ်မယ်မယ် ဆက်လက်နေထိုင်ခဲ့ပါက ကျွန်တော်တို့သူငယ်ချင်းတွေလည်း နိုင်ငံခြားဖြစ် မုန့်ကောင်းကောင်းတွေ စားခွင့်ရနေကြမှာ ဖြစ်သည်။ ယခင်က အိမ်မည်းကြီးကို အဝေးကကြည့်၍ စိတ်ထဲတွင် မသိုးမသန့် ဖြစ်ခဲ့သော်လည်း ယခုအခါ အိမ်မည်းကြီးကို မြင်တိုင်း ကျွန်တော့်ရင်မှာ လစ်ဟာလာမိတတ်၏။ ဝမ်းနည်းကြေကွဲခြင်း အမျိုးအစားတစ်ခုခုလည်း ဖြစ်ကောင်းဖြစ်ပေမည်။ သေချာသည်ကတော့ စိတ်ပျက်စရာ ရုပ်သွင်ကြီးကို မမေ့နိုင်ခြင်းသာ ဖြစ်တော့သည်။

နောက်နှစ်အနည်းငယ်အတွင်း ကျွန်တော်တို့မိသားစုသည် ရန်ကုန်မြို့တော် အစွန်အဖျားရပ်ကွက်တစ်ခုသို့ ပြောင်းရွှေ့အခြေချခဲ့ကြသည်။ မွေးရပ်ဇာတိမြေတွင် ငယ်သူငယ်ချင်း သံခဲ၊ ဘိုကြီး၊ အငယ်လေးတို့ကို ချန်ထားရစ်ခဲ့ရသော်လည်း (ချန်ထား၍ ရနိုင်ခဲ့သော်လည်း)အိမ်မည်းကြီးနှင့် ကြောက်မက်စိုးရွံ့ဖွယ် ရုပ်လွှာကြီးတို့ကတော့ ကျွန်တော်၏နှလုံးသားမှာ စွဲကပ်ရင်း ကျွန်တော်သွားရာသို့ လိုက်ပါလာခဲ့သည်။ ကျွန်တော်သည် ကြုံတောင့်ကြုံခဲ ထောပတ်၊ ချောကလက်နှင့် ဘီစကွတ်တို့ကို စားခွင့်ရတုန်း 'ရွှေဇင်မယ်' စွန့်ကြဲခဲ့သော ထောပတ်၊ ချောကလက်အရသာနှင့် ဘီစကွတ်၏ ကြွပ်ရှမှုတို့ကို ယောင်မှားခံစားမိတတ်ဆဲသာ ဖြစ်ပါသည်။

၉/၁၀ နှစ်ကာလသည် အတိတ်ထဲသို့ လျင်မြန်စွာ တိုးဝင်ကျန်ရစ်ခဲ့သည်။ ကျွန်တော်ပင်လျှင် အရွယ်အသိနှင့် အတွေ့အကြုံတို့ကြောင့် အိမ်မည်းကြီးနှင့် ရွှေဇင်မယ်ကို မေ့သယောင်ယောင် ဖြစ်နေခဲ့ပါပြီ။

တစ်နေ့တွင် အမေသည် ခေါင်းရွက်ကုန်စိမ်းသည်မိန်းမတစ်ယောက်ကို လှမ်းခေါ်ပြီး ဈေးဝယ်ရင်း မိနစ်အတန်ကြာအောင် တရင်းတနှီး စကားပြောနေခဲ့ပါသည်။ သူတို့က အိမ်ရှေ့ခြံဝမှာ စကားပြောနေကြခြင်းဖြစ်ရာ သူတို့ဘာတွေ ပြောမှန်းတော့ ကျွန်တော် မသိ။ ခေါင်းရွက်ဈေးသည်အမျိုးသမီးများ၌ စကားလက်ဆုံကျတတ်သော အမေ့အကျင့်ကို ကျွန်တော်သိပြီးဖြစ်၍ ထူးထူးခြားခြား စိတ်မဝင်စားတတ်တော့ပါ။

ခေါင်းရွက်ကုန်စိမ်းသည် ပြန်ထွက်သွားပြီးနောက် ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက်စည်းတွေ ပွေ့ကာ အိမ်ပေါ် ပြန်တက်လာသော အမေ့မျက်နှာက အေးစက်ဖြူဖျော့နေကြောင်း ကျွန်တော် ချက်ချင်းအကဲခတ်မိလိုက်သည်။ အမေ ဘာဖြစ်ပါလိမ့်။

'သား အဲဒီကုန်စိမ်းသည်ကို မှတ်မိလား'

အမေက စိတ်ရှုပ်ထွေးမှုကြားမှ အပြုံးသုံ့သုံ့ဖြင့် မေးသည်။ ကျွန်တော် ခေါင်းခါပြလိုက်ပါသည်။ ကုန်စိမ်းသည်အမျိုးသမီးမှာ သူစိမ်းပြင်ပြင်၊ မည်းမည်းပိန်ပိန် သူဆင်းရဲမတစ်ယောက်သာ ဖြစ်ပါသည်။

'သူ့နာမည်က မစန်းရီတဲ့။ အိမ်မည်းကြီးမှာ ဒေါ်မယ်မယ်နဲ့ နောက်ဆုံးနေခဲ့ဖူးတဲ့ အိမ်ဖော်ပေါ့။ ဟိုတုန်းက သူနဲ့အမေနဲ့ မျက်မှန်းတန်းခဲ့ဖူးတော့ မှတ်မိနေတာ'

ကျွန်တော့်ရင်ခေါင်းတစ်နေရာမှာ အပူလှိုင်းကလေးတစ်လုံး လွင့်လူးစပြုလာသည်။ ဘယ်လိုစေ့ဆော်ချက်ကြောင့်မှန်းတော့ မသိ။

'ဒေါ်မယ်မယ်ကော အခု ဘယ်မှာတဲ့လဲ အမေ'

'အဘွားကြီးက ဆုံးတာ ကြာပြီတဲ့။ အိမ်မည်းကြီးမှာ နေတုန်းကတည်းက ထမင်းမစား၊ ဟင်းမစားနဲ့ အခြေအနေ ဆိုးနေတာ။ နောက်ပိုင်း အဝတ်အစား မကပ်တော့လို့ စိတ္တဇဆေးရုံကို ပို့လိုက်ရသတဲ့။ ဆေးရုံမှာပဲ ဆုံးသွားတာလို့ ခုနက မစန်းရီက ပြောသွားတယ်။ မစန်းရီက အဘွားကြီးကို ဆေးရုံပို့လိုက်မှပဲ အရှုးစောင့်အိမ်ဖော်အလုပ်က အနားယူလိုက်တာတဲ့။ မစန်းရီကိုယ်တိုင်က အရူးမကြီးနဲ့ တစ်အိမ်တည်း အကြာကြီးနေခဲ့ရတော့ အရူးမကြီးကို သနားပြီး သံယောဇဉ်တောင် ဖြစ်မိသတဲ့ကွယ်'

အမေ့စကားကြောင့် ကျွန်တော် တစ်ဈိုတစ်ရာအတွက် ဝမ်းနည်းတသ၊ သလို လှိုက်ခနဲ ခံစားလိုက်ရ၏။ ကျွန်တော်ကိုယ်တိုင် ဒေါ်မယ်မယ်ကို ပြိုးပြိုးပြတ်ပြတ် မေ့မပစ်နိုင်ခြင်းကသည်ပင်လျှင် နှောင်တွယ်သော သံယောဇဉ်တစ်မျိုး မဖြစ်နိုင်ပေဘူးလား။

'ဒေါ်မယ်မယ်က ...
ဂုဏ်ရှိရဲ့သားနဲ့ ဘာလို့...
စိတ္တဇဖြစ်ပြီး သေသွားရ...
လဲဗျာ' ဟု ကျွန်တော့်နှုတ်...
မှ ညည်းဟသံပေါ်လာ...
အခါ အမေက ကျွန်တော့်...
တစ်ချက်ကြည့်လိုက်...
သက်ပြင်းရှိုက်၍ မျက်နှာ...
သည်။

'ဒေါ်မယ်မယ်ရဲ့သား...
အကြီးဆုံးက တက္ကသို...
ကျောင်းသားတဲ့။ ဒေါ်မ...
မယ် အချစ်ဆုံးတဲ့။ ဆူ...
ကြ စစ်တွေ ဖြစ်ကြတော့ ...
သားဟာ တောခိုသွားသ...
တောခိုသွားပြီး ၆ လ...
မကြာဘူး။ အဲဒီသား တို...
ကျသွားတာတဲ့။ သူပုန်...
တိုက်တဲ့တပ်က ဒေါ်မယ်...
ယောကျ်ား စစ်ဗိုလ်...
ခေါင်းဆောင်တဲ့ တပ်တဲ့...
ပေမဲ့ တိုက်ပွဲမှာ စစ်ဗိုလ်...
မပါဘူးတဲ့။ သူက မြို့...
ကင်းစခန်းမှာ ကျန်ခဲ့တာ...
ဒေါ်မယ်မယ်ကတော့ ...
သားကို သတ်လိုက်တာ ...
ယောကျ်ားပဲလို့ တစ်ထ...
ယုံကြည်ပြီး စိတ်ဖောက်...
လိုက်တာ သေတဲ့အထိ...
သားအပေါ် ချစ်...
လိုက်ပုံများတော့ ...
တောင် သူ့လို ချစ်တ...
မလား မသိ' ဟုဆိုရင်း ...
က ထွက်ခွာသွားပါသ...

အမေ့ကို ပို၍ချစ်...
မြတ်နိုးတတ်အောင် တ...
ကနေ ကျွန်တော့်ကို ...
ကြားပေးနိုင်သူကတော့ ...
ဆိုးရွာသူ ဒေါ်မယ်မ...
သည့် အမျိုးသမီးကြီး...
ဖြစ်လိမ့်မည်။


www.burmeseclassic.com

www.burmeseclassic.com



# ဟောလိဝုဒ်နှင့် တရုတ်

ထွန်းသိန်းဦး



ဒီနှစ်လယ်ပိုင်းက ပြသွားတဲ့ နောက်ဆုံးထွက် စိတ်ကူးယဉ် စက်ရုပ်ကား Transformers: Age of Extinction မှာ သတိမပြုဘဲ မနေနိုင်တဲ့အခန်းတစ်ခုက အမေရိကန်အလံတွေပါပဲ။ ဇာတ်လိုက်တို့သားအဖ အိမ်ရှေ့မှာ လွှင့်ထူထားတဲ့ အမေရိကန်အလံတဖျပ်ဖျပ် လွှင့်နေပုံဟာ ဇာတ်ကားအစပိုင်းမှာ မကြာခဏပါတာ တွေ့ရပါမယ်။ ဇာတ်လမ်းအရ လိုအပ်လို့လား၊ အမေရိကန်မိသားစုတွေဟာ နိုင်ငံတော်အလံကို အိမ်ရှေ့မှာ အမြဲတမ်း လွှင့်ထူထားကြသလား၊ ဒါမှမဟုတ် အမေရိကန်ဖြစ်ခြင်းကို ဂုဏ်ယူတဲ့မိသားစုလို့ ပုံဖော်ပြချင်တာလား၊ ဘာပဲဖြစ်ဖြစ် အမေရိကန်ပြည်ထောင်စု ရုပ်ရှင်မြို့တော် ဟောလိဝုဒ်က ထုတ်လုပ်လိုက်တဲ့ဇာတ်ကားတွေမှာ အမေရိကန်ရဲ့ပုံရိပ်တွေ ထင်ဟပ်နေတာကတော့

www.burmeseclassic.com

www.burmeseclassic.com



မဆန်းပါဘူး။ ရုပ်ရှင်ဆိုတာ ပေးလိုတဲ့ အကြောင်းအရာတစ်ခုကို တစ်ချိန်တည်းမှာ ပရိသတ်အများအပြားဆီကို ရောက် အောင် ပို့နိုင်တဲ့ ဂလိုဘယ်မီဒီယာတစ်ခု ဖြစ်ပါတယ်။ တကယ်တော့ ဟောလီဝုဒ်ရုပ်ရှင်တွေဟာ အမေရိကန်တန်ဖိုးကို မြှင့်တင်နေတာ၊ အမေရိကန်ပုံရိပ်တွေကို မသိမသာရော၊ သိသိသာသာပါ ကမ္ဘာအနှံ့ ဖြန့်ချိနေခဲ့တာ ဒုတိယကမ္ဘာစစ်အပြီး အမေရိကန် စူပါပါဝါဖြစ်လာမှုနဲ့အတူ ၇၀၊ ၈၀ ပြည့်လွန် စစ်အေးတိုက်ပွဲကာလ တစ်လျှောက်လုံးကနေ အခုအထိပါပဲ။ အမေရိကားဟာ ကမ္ဘာ့နိုင်ငံအတော်များများကို ဖျော်ဖြေရေးလုပ်ငန်းတွေဖြစ်တဲ့ ဂီတ၊ ရုပ်ရှင် စတဲ့ ပါဝါအပျော့နဲ့ လွှမ်းမိုးထားပြီး အနောက်ယဉ်ကျေးမှုလေ့စရိုက်တွေကို တင်ပို့နေတာ ကြာခဲ့ပြီ။ ဒီလိုနဲ့ အနောက်တိုင်း ပေါ့ပ်ယဉ်ကျေးမှုဟာ တစ်ကမ္ဘာလုံးက လူငယ်တွေရဲ့နှလုံးသားကို သိမ်းပိုက်ထားခဲ့တယ် အခုတော့ ကိုရီးယားရဲ့ ပါဝါအပျော့က အာရှနိုင်ငံတွေသာမက အနောက်ကိုပါ စတင်ထိုးဖောက်စပြုနေပြီလို့ ဆိုရမယ်။

www.burmeseclassic.com

www.burmeseclassic.com



Seven Years in Tibet ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း



Man In Black ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း



The Day After Tomorrow ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း



World War Z ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

ဒါပေမဲ့ ဟောလိဝုဒ်ရုပ်ရှင်တွေရဲ့တီထွင် ဖန်တီးနိုင်စွမ်းအားနဲ့ အမေရိကန်သာ ကောင်းကြောင်း ဇာတ်လမ်းဇာတ်ကွက် တွေကို အကန့်အသတ်ပြုမယ့် အန္တ အယောင်တွေတွေ့နေရပြီ။ အဲဒါကတော့ အခြားမဟုတ်ဘူး။ စီးပွားရေးအင်အား တောင့်တင်းလာမှုနဲ့အတူ ဒေသအတွင်း မှာ စွာကျယ်ကျယ်လုပ်လာနေတဲ့ တရုတ်ပါပဲ။

တကယ်တော့ လူဦးရေ ၁.၃ ဘီလျံ (၁ဘီလျံ=သန်း၁၀၀၀)ရှိတဲ့ တရုတ်နိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး ရုပ်ရှင် ဈေးကွက်ကြီး ဖြစ်နေပါပြီ။ ၂၀၁၁ ခုနှစ် အထိ တရုတ်တစ်နိုင်ငံလုံးမှာ ရုပ်ရှင်ရုံ ပေါင်း ၅၀၀၀ ကျော်ရှိပြီး မနှစ်တစ် နှစ်တည်းမှာတင် ရုပ်ရှင်ရုံသစ် ၉၀ ကျော် တိုးလာတယ်။ ဒါပေမဲ့ ဟော ဝုဒ်ရုပ်ရှင်တွေအတွက် အဓိက အခ အခဲက တရုတ်အစိုးရက နိုင်ငံခြား ရုပ် ရှင်တွေကို တစ်နှစ် ကား ၂၀ ပဲ ပြ မယ်လို့ ကန့်သတ်ထားတာပဲ။ ပြ ခွင့်ရတဲ့ ဇာတ်ကားတွေကိုလည်း အ အမင်း ဆင်ဆာဖြတ်ပြီးမှ သတ်မှ ထားတဲ့ ရုပ်ရှင်ရုံတွေမှာ ပြသခွင့် တယ်။ နောက်ပြီး ဟောလိဝုဒ်ရုပ် စတူဒီယိုတွေဟာ လက်မှတ်ရောင်း ထဲက သတ်မှတ်ထားတဲ့ အချိုး အတိုင်း တရုတ်အစိုးရကို အခွန်အခ ရသေးတာမို့ ဝင်ငွေရဲ့ ၁၃ ရာခိုင် သာ ခံစားခွင့်ရတယ်(အဲဒီ ပမာဏ တခြားနိုင်ငံတွေမှာပြသရင် ရတဲ့ ကြေးရဲ့ ထက်ဝက်ပါ။ အခု ၂၀၁၇က စပြီး တစ်နှစ် ၃၄ ကား ပြသခွင့်ရအောင် ညှိနှိုင်းနေကြ တဲ့)။ ဒါ့အပြင် ရုပ်ရှင်ဇာတ်ကား ရုံတင်ပြီးရင် ချက်ချင်း ထွက်လာ တရားမဝင် ခိုးကူးဈေးကွက်ကြီး လည်း တရုတ်အစိုးရက ထိထိရော ရောက် မနှိမ်နင်းဘူး။ ဒါကြောင့် အ ကားရဲ့ အကြီးဆုံး ပို့ကုန်လုပ်ငန်းဖြ ရုပ်ရှင်လုပ်ငန်းဟာ တရုတ်နိုင်ငံမှာ အလုပ်မဖြစ်လှဘူး။

ဒါပေမဲ့လည်း အလျှော့မပေး

www.burmeseclassic.com

www.burmeseclassic.com



Skyfall ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

သွားကျယ်ပြန့်လာနေတဲ့ တရုတ်ရုပ်ရှင်ဈေးကွက်ကို ဟောလိဝုဒ်က လက်လွှတ်ခံနိုင်ဘူး။ ၂၀၁၃ ခုနှစ်ထဲမှာ စစ်တမ်းကောက်ယူချက်အရ တစ်ကမ္ဘာလုံး ရုပ်ရှင်ကြည့်သူ ၃၅.၉ ဘီလျံရှိတဲ့ အနက် ၃၊၅ ဘီလျံက တရုတ်နိုင်ငံက ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ရုပ်ရှင်ကြည့်သူအရေအတွက်ဟာ ၂၀၁၂ ခုနှစ်ကထက် ၂၇ ရာခိုင်နှုန်း တိုးလာတယ်။ ဒါကြောင့် ဟောလိဝုဒ်ရုပ်ရှင် ကုမ္ပဏီတွေနဲ့ ဒါရိုက်တာတွေဟာ သူတို့ဇာတ်ကားတွေ တရုတ်နိုင်ငံမှာ ပြသခွင့်ရဖို့ တရုတ်အစိုးရ သဘောမကျတဲ့ အကြောင်းအရာ၊ ဇာတ်ကွက်တွေ ပြင်ဆင် ပယ်ဖြုတ်ကြပြီး တရုတ်ရုပ်ရှင် ပရိသတ်နှစ်သက်ယထင်တဲ့ ဇာတ်ကွက်တွေ ထပ်ဖြည့်ကြတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်အစိုးရဟာ ရုပ်ရှင်ဇာတ်လမ်းတွေမှာ တရုတ်နိုင်ငံအကြောင်း အဆိုးမြင်ရှုထောင့်ကနေ ထည့်သွင်းရိုက်ကူးထားတာကို မကြိုက်လို့။ ၁၉၇၇ ခုနှစ်၊ ဘရက်ပစ်ပါတဲ့ **Seven Years in Tibet** က စလို့ပဲ။

တရုတ်နိုင်ငံဈေးကွက်အတွက် ရည်ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ခဲ့တဲ့ ဟောလိဝုဒ်ဇာတ်ကားတွေထဲက နောက်ဆုံးထွက် ဂျိမ်းစ်ဘွန်းကား **Skyfall** (2012)မှာ လူသတ်သမားက တရုတ် လုံခြုံရေးဝန်ထမ်းကို ပစ်သတ်တဲ့ အခန်းတို့၊ ပြည့်တန်ဆာနဲ့ တရုတ်အာဏာပိုင်တွေ လာဘ်စားတဲ့အကြောင်းတွေပါတဲ့ အခန်းတို့ကို ဖြုတ်ပစ်ခဲ့ရတယ်။ ဘွန်းက မကာအို လောင်းကစားရုံမှာ သူ ခြေရာခံနေတဲ့ လူဆိုးနဲ့ ပတ်သက်နေတဲ့ တရုတ်မကို တွေ့တဲ့အခါ သူ့လက်ကောက်ဝတ်က ဆေးမင်ကြောင်ဟာ ပြည့်တန်ဆာ လုပ်ငန်းတစ်ခုရဲ့အမှတ်တံဆိပ်လားလို့ စုံစမ်းတဲ့အခန်းမှာ လူဆိုးဂိုဏ်းတစ်ခုရဲ့ အမှတ်အသားလားလို့ ပြင်ပြီး စာတန်းထိုးရတယ်။

ပြီးခဲ့တဲ့နှစ်က ဘရက်ပစ်ပါဝင်တဲ့ ဇမ်ဘီဇာတ်ကား ဒေါ်လာ သန်း ၂၀၀ လောက်အကုန်အကျခံပြီး ကြီးကြီးကျယ်ကျယ်ရိုက်ကူးထားတဲ့ **World War Z**(2013) မှာ မူလ ဇာတ်လမ်းအရ တစ်ကမ္ဘာလုံးကို ကူးစက်သွားစေတဲ့ ဗိုင်းရပ်ပိုး စတင်တဲ့နေရာဟာ တရုတ်နိုင်ငံပါ။ ဒါပေမဲ့ တရုတ်အစိုးရက သူ့နိုင်ငံထဲမှာ ပြသခွင့် မပေးမှာစိုးလို့ တိုင်ပေလို့ ပြောင်းခဲ့ရတယ်။


ဘယ်လောက်အထိ တရုတ်အစိုးရဟာ ဆတ်ဆတ်ထိမခံ ဖြစ်သလဲဆိုရင် ဇာတ်လမ်းအရ ဘာမှ အရေးမကြီးတဲ့ အခန်းတွေမှာတောင် တရုတ်နဲ့ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

ပြီး အကောင်းဘက်က ပြရင် ပြ၊ မဟုတ်ရင် နည်းနည်းမှ အထိမခံဘူး။ ဝီလ်စမစ်နဲ့ တွမ်မီလီဂျုန်းတို့ရဲ့ **Man In Black 3**(2013)မှာ တရုတ် တန်းမှာ ဂြိုဟ်သားတွေကို ပစ်ခတ်နှိမ်နင်းတဲ့ အခန်းကိုဖြတ်တောက်ခဲ့ရသလို **Pirate of the Caribbean: At World's End**(2007)မှာတော့ တရုတ်နိုင်ငံကို အသရေဖျက်သလို ဖြစ်နေလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ တရုတ်ပင်လယ်ဓားပြအဖြစ် ချောင်ယွင်ဖက်ပါတဲ့ အခန်းတွေ မိနစ်အတော်များများ ဖြတ်ပစ်ရတယ်။ **Mission Impossible 3**(2007) မှာလည်း ဇာတ်လိုက် အီသန်ဟော့(တွမ်ခရု)က တရုတ်စစ်သားတွေကို









လှည့်စားတဲ့အခန်း၊ လူဆိုးတွေက မင်းသမီးကို ဓားစာခံအဖြစ် ခေါ်ထားတဲ့ အခန်းမှာ တရုတ်အဘိုးကြီးတွေ မာကျောက် ကစားတဲ့အခန်းတွေ ဖြတ်ပစ်ခဲ့ရတယ်။ Thor မင်းသား ခရစ်ဟမ်းဝဒ်ပါတဲ့ Red Dawn(2012) မှာတော့ ဇာတ်လမ်းအရ အမေရိကန်မြို့တစ်မြို့ကို ဝင်စီးနင်းတဲ့ စစ်တပ်ကို တရုတ်လို့ ပေးထားရာက ရိုက်ကူးပြီးစီးမှ တရုတ်နဲ့ ပတ်သက်တာတွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ မြောက်ကိုရီးယားလို့ ပြင်ဆင်တည်းဖြတ်ခဲ့ရတယ်။ ဟောလိဝုဒ်ဟာ တရုတ်နိုင်ငံအတွက် ဖြန့်ချိတဲ့ ရုပ်ရှင်ဇာတ်ကားထုပ်တွေကို အဲလိုမျိုး အထူးတည်းဖြတ်ပြင်ဆင်ပြီးမှပို့ရတယ်။

တရုတ်အစိုးရရဲ့ သည်းညည်းမခံတဲ့ မူဝါဒကို နားလည်သွားပြီးနောက် **Iron Man 3** မှာတော့ မာဗဲရုပ်ရှင်စတူဒီယိုက ပိုပိုသာသာကို လုပ်လိုက်ကြတယ်။ အဲဒါကတော့ တရုတ်နိုင်ငံအတွက် ဖြန့်ချိတဲ့ဇာတ်ကားတွေမှာ တရုတ်ပရိသတ်အတွက် အထူးရည်ရွယ်တဲ့ ဇာတ်ကွက်တစ်ကွက် လေးမိနစ်စာလောက် ထည့်လိုက်တာပါပဲ။ အဲဒီအခန်းကတော့ နောက်ဆုံးဇာတ်သိမ်းပိုင်းမှာ အသေအလဲ တိုက်ခိုက်ကြပြီး ဒဏ်ရာရသွားတဲ့ အိုင်းရွန်းမင်း တိုနီ တရုတ်နိုင်ငံထိ သွားပြီး ဆေးကုရတဲ့ အခန်းပေါ့။ အဲဒီမှာ တိုနီကို ဆေးကုပေးတဲ့ ဆရာဝန်တွေအဖြစ် တရုတ်မင်းသားကြီး ဝမ်းရှေးချီ(Wang Xueqi)နဲ့ နာမည်ကြီး တရုတ်မင်းသမီး ဖန်ဘင့်ဘီ(Fan Bingbing)တို့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒါပေမဲ့လည်း မူလဇာတ်လမ်းကို မထိခိုက်စေပေမဲ့ တရုတ်ပရိသတ်ကတော့ နှစ်သက်ပုံ မရပါဘူး။ ဇာတ်လမ်းနဲ့လည်း ဘာမှ မဆိုင်ဘဲ ထပ်ဖြည့်ထားတာ အားမပေးတဲ့အပြင် ပရိသတ်ကို ကလေးကလား မလေးမစားလာလုပ်သလိုပဲဆိုပြီး တရုတ်ပရိသတ်ဆီက အသံထွက်လာတယ်။ အင်တာနက် ရုပ်ရှင်ဝက်ဆိုက်တွေမှာလည်း လှောင်ထားတယ်။ 'ဆေးကုဖို့ တိုနီက

တရုတ်နိုင်ငံအထိ သွားစရာ မလိုပါဘူး။ အိုဘားမား ကျန်းမာရေး စောင့်ရှောက်မှု(Obama Care) ရှိသားပဲ'တဲ့။ အဲဒီ အချိန်က သမ္မတအိုဘားမားရဲ့ ကျန်းမာရေးစောင့်ရှောက်မှုပြုပြင်ပြောင်းလဲရေး လုပ်နေတဲ့ အချိန်လေ။

အခုနောက်ဆုံး စူပါ ဟီးရိုးဇာတ်ကား **X-Men: Days of Future Past** (2014)မှာလည်း စိတ်စွမ်းအားရှင်မလေး ဘလင့်(Blink)အဖြစ် ဖန်ဘင်ဘီ ပါဝင်ထားပြန်တယ်။ တကယ်တော့ မူရင်း မာဗဲရုပ်ပြမှာ ဘလင့်ရဲ့ ဇာတ်ရုပ်က တရုတ် မဟုတ်သလို အရှေ့တိုင်း ဇာတ်ရုပ်လည်း မဟုတ်ပါဘူး။ တရုတ် ရုပ်ရှင်ဈေးကွက်ကို ရည်ရွယ်ပြီး တရုတ် မင်းသမီးကို ရွေးသလား၊ ဒါမှမဟုတ် အပြောင်းအလဲ ထူးထူးခြားခြား… အောင် လုပ်တာလားဆိုတာတော့ ဒါရိုက်တာ ဘရိုင်ယန်ဆင်းဂါးပဲ သိ… ပဲ။ ဒီဇာတ်ကားလည်း တရုတ်နိုင်ငံ… ဝင်ငွေကောင်း အောင်မြင်ခဲ့တ… ၂၀၁၆ မှာ ရုံတင်မယ့် နောက်ဆက်… X-Men: Apocalypse မှာလည်း ဘ… ပြန်ပါဦးမယ်တဲ့။

**Transformers** အက်ရှင်ဇာတ်ကားတွဲတွေရဲ့ ဒါရိုက်တာ မိုက်… ဘေး(Michael Bay)ဟာ အောင်မြင်… ဒါရိုက်တာတစ်ယောက်ပါပဲ။ သူ့… ကားတွေက လူငယ်နဲ့ ကလေး…

www.burmeseclassic.com

www.burmeseclassic.com

အတွက် အဓိကဦးတည်တဲ့ ဖျော်ဖြေရေး သက်သက်ဖြစ်ပြီး အလေးအနက်ထား ပြီး ကြည့်ရတဲ့ တန်းမြင့်ဇာတ်ကားတွေ တော့ မဟုတ်ဘူး။ ရုပ်ရှင်ဝေဖန်သူတွေ က သူ့ဇာတ်ကားတွေကို ခပ်စပ်စပ် ဝေဖန်လေ့ရှိပေမဲ့ သူ့ဇာတ်ကားတွေဟာ ငွေကောင်းကောင်း ရတာမို့ ထုတ် လုပ်သူတွေ နှစ်သက်လေ့ရှိတဲ့ ဒါရိုက် တာမျိုးပေါ့။ သူဟာ အပစ်အခတ်၊ မီး လောင်ပေါက်ကွဲခန်းတွေ၊ ကြီးကြီးမား မား ဆက်တင်အပြင်အဆင်တွေနဲ့ ရင် သပ်ရှုမောဖြစ်အောင် ရိုက်တတ်သူလို့ နာမည်ကြီးပြီး ဇာတ်ကောင်တွေရဲ့ စရိုက်တည်ဆောက်မှု ပိုပြင်ရေးထက် ဇာတ်ကားလှဖို့ အာရုံထားတယ်။ သူ့

ပြန်လို့ နယူးယောက်မြို့ကြီး ရေတွေ ကြီးပြီး ရေခဲခေတ် ပြန်ရောက်သွားတာ ကို ရိုက်ကူးထားတဲ့ **The Day After Tomorrow** မှာဆို ခွေးနာမည်ကို ဗုဒ္ဓလို့ တောင် ပေးထားတယ်။)

အခုအချိန်ထိ တရုတ်နိုင်ငံမှာ ဝင် ငွေအကောင်းဆုံးရနေတဲ့ **Transformers** ဇာတ်ကားရဲ့ နောက်ဆုံးပိတ် ဇာတ်ရှိန် အမြင့်ဆုံး တိုက်ပွဲခန်းနေရာအဖြစ် ဟောင်ကောင်ကို ရွေးထားပြီး တရုတ် မင်းသမီး လီဘင်လီနဲ့ လက်ဝှေ့သမား ကျိုးရှီမင်းတို့လည်း ဇာတ်ပို့သရုပ်ဆောင် အဖြစ် ပါဝင်ထားတယ်။ တရုတ်အစိုးရ ပိုင် ရုပ်ရှင်ကုမ္ပဏီတွေကလည်း ငွေ ကြေးပံ့ပိုးထားတာမို့ တရုတ်ပါဝင်ပတ်

**Ryan**(1998) စတဲ့ အမေရိကန်ကို ဂုဏ် တင်တဲ့ ဇာတ်ကားတွေ ရိုက်ကူးခဲ့၊ **Letters from Iwo Jima** နဲ့ **Flags of Our Fathers**(2006) စတဲ့ ဇာတ်ကား တွေ ပူးတွဲထုတ်လုပ်ခဲ့တဲ့ စပီးဘတ်ဟာ **Transformers** ဇာတ်ကားမှာ တရုတ် ကို အကောင်းဘက်က သရုပ်ဖော်ထား တာ အံ့ဩစရာလို့ မှတ်ချက်ချကြတာ တွေလည်း တွေ့ရတယ်။

အမေရိကန် အကျိုးစီးပွားသက် သက်အတွက် မဟုတ်တော့ဘဲ တရုတ် ဈေးကွက်ပါ ရဖို့အတွက် တရုတ်အစိုးရ ကျေနပ်အောင်လည်း လုပ်ရတဲ့ ဟောလီ ဝုဒ်ဇာတ်ကားတွေရဲ့ အနာဂတ်ဟာ စိတ် ဝင်စားစရာလည်းကောင်း၊ စောင့်ကြည့်





ဇာတ်ကားတွေမှာ ပုံစံကျဟောလီဝုဒ် ဇာတ်ကားတွေလိုပဲ အမေရိကန်ကလွဲရင် တခြားလူမျိုး၊ နိုင်ငံတွေကို သရော် စရာတွေအဖြစ် ဖော်ပြထားတတ်သလို လူမျိုးရေးခွဲခြားတဲ့ စကားပြောခန်းတွေ နဲ့ မိန်းမတွေကို နိမ့်ချတဲ့ ရိုက်ချက်တွေ လည်းပါတယ်။ (ဟောလီဝုဒ်ဇာတ်ကား တွေမှာ လူမျိုး၊ နိုင်ငံ၊ ဘာသာတရား တွေကို သရော်စော်ကားတာတွေက တော့ မဆန်းတော့ပါဘူး။ သဘာဝ ဘေးအန္တရာယ် ကျရောက်ပြီး ကမ္ဘာကြီး ပျက်စီးတာတွေ ရိုက်ကူးလေ့ ရှိတဲ့ ဒါရိုက်တာ ရိုလန်အန်းမရစ်ရဲ့ ၂၀၀၄ ခုနှစ်က ဇာတ်ကား၊ ရာသီဥတု ဖောက်

သက်တဲ့ ဟောလီဝုဒ်ဇာတ်ကားလို့ ဆို ရမယ်။ ဒီဇာတ်ကားမှာ တရုတ်အစိုးရ ကို ကူညီတတ်သူ၊ နိုင်ငံသားတွေကို ကယ်တင်သူအဖြစ် ပုံဖော်ပြသထားပြီး အမေရိကန်တွေကိုတော့ အဆင်ခြင်မဲ့ ရမ်းကားသူ၊ အသုံးမကျသူ၊ ဗီလိန်တွေ လို့ ဇာတ်ရုပ်နေရာချထားတယ်။ ဇာတ် လမ်းအရ လူဆိုး C.A.I တွေဟာ တရုတ် ဇာတ်ဆောင်ရဲ့ အနိုင်ယူ တိုက်ခိုက်တာ တွေလည်း ခံရတယ်။ ဇာတ်ကား ထုတ်လုပ်သူက နာမည်ကြီး ဒါရိုက်တာ စတီဗင်စပီးဘတ်မို့ အမေရိကန်သမ္မတ လင်ကွန်း Lincoln (2012) တို့၊ ဒုတိယ ကမ္ဘာစစ်နောက်ခံ **Saving Private**

ဖို့လည်းကောင်းပါတယ်။ သေချာတာ ကတော့ တရုတ်ကို ဘယ်သူမှ ဖယ်ချန် မထားရဲတော့တာ ဟောလီဝုဒ်က သက်သေပြနေပါတယ်။ ။

■

**ထွန်းသိန်းဦး**

**ကိုးကား။**

MPAA:

Theatrical Market Statistics 2013

www.variety.com

www.dailymail.co.uk

www.theguardian.com

www.imdb.com



www.burmeseclassic.com

၁။

အချိန်ကား မွန်းလွဲ ၁ နာရီတိတိ။

နေရာမှာ စုံတောမဟာမြိုင် တောအုပ်ကြီးတစ်နေရာ။

တိရစ္ဆာန်ပေါင်းစုံ ညီညွတ်ရေးညီလာခံကြီး စတင်ကျင်းပနေခြင်း ဖြစ်သည်။

တိရစ္ဆာန်များအားလုံးတွင် နာရီမရှိ။ သို့သော် ဇီဝနာရီစနစ်၏ သဘာဝအသိကြောင့် အစည်းအဝေးစတင်ကျင်းပချိန်တွင် နောက်ကျသူ မရှိ၊ လွန်စွာ အချိန်တိကျကြသည်။ ညီလာခံကျင်းပရာ တောအုပ်ကြီးအလယ်တွင် နေရာလွတ်မရှိခြင်းကလည်း ပျက်ကွက်သူမရှိကြောင်း ထင်ရှားစေပြန်၏။ ညီလာခံကျင်းပရေး ကော်မတီဥက္ကဋ္ဌအဖြစ်ရော၊ သဘာပတိအဖြစ်ပါ ဆောင်ရွက်နေသူမှာ သားစားကြူးသည်ဟု နာမည်ထွက်နေသော ခွေးဘီလူး။

ခွေးဘီလူးဆိုသူမှာ တိရစ္ဆာန်ပေါင်းစုံ ပျော်မွေ့ကျက်စားရာ စုံတောမဟာမြိုင်တောအုပ်ကြီးကို သားစဉ်မြေးဆက် မူပိုင်လုပ်အုပ်ချုပ်ခဲ့သော ခွေးမျိုးနွယ်စုတို့၏ ကိုယ်စားလှယ်၊ ခွေးကောင်စီဝင်တစ်ကောင်ဖြစ်သည်။ ထိုသို့ အများပိုင်တောအုပ်ကြီးကို ဘိုးဘွားပိုင်ပစ္စည်းတစ်ခုလို ထင်သလိုလုပ် အုပ်ချုပ်နေသော စနစ်ဆိုးကို တောတွင်းနေ တိရစ္ဆာန်ပေါင်းစုံက ဆန့်ကျင်ကန့်ကွက်မှုများဖြစ်လာသောကြောင့် တိရစ္ဆာန်ပေါင်းစုံ ညီညွ…
ရေးညီလာခံကြီးကျင်းပ…
ဖြစ်သည်။

တိရစ္ဆာန်ပေါင်းစုံ …
စွာရောက်ရှိလာကြပြီဖြ…
သဘာပတိ ခွေးဘီလူး…
အဖွင့်အမှာစကားပြော…
ရန် သွားကြားညပ်နေသော…
အသားဖတ်ကို လက်သည်…
ဖြင့် ကလော်ထုတ်လိုက်…
လည်ချောင်းရှင်းသွေး…
ကျင့်ခန်း လုပ်လိုက်သည်…

'အဟမ်း… အဟ…

ထိုစဉ် အတိုက်အခံ…
ခြေနှစ်ချောင်းတိရစ္ဆာန်အုပ်…
ကျီးနက်မက ဖြန့်းခနဲ ထ…
လိုက်ပြီး-

'သဘာပတိကြီး…
တိရစ္ဆာန်ပေါင်းစုံ ညီ…
ရေးညီလာခံဆိုတာ …
မြိုင်တောအုပ်ကြီးထဲမှာ …
ထိုင်ကြတဲ့ တိရစ္ဆာန်အား…
ပါဝင်နိုင်ဖို့ လိုပါတယ်။ …
ညီလာခံ စတင်ကျင်း…
အချိန် နေ့လယ် ၁ နာရီ…
ကျွန်မတို့လို အတောင်…
ပါတဲ့ ခြေနှစ်ချောင်း ငှ…





www.burmeseclassic.com

www.burmeseclassic.com



...တွေ ဥပမာ ဗီးကွက်၊
...တ်၊ လင်းနို့တို့လို
...အမှောင်မှာ
...ကျော်မွေ့တတ်တဲ့
...ရွှောန်တွေအတွက်
...ကြီးမားသော စိန်ခေါ်မှုတွေ
...နေပါတယ်။ ဒါကြောင့်
...ညီ ညီလာခံကျင်းပချိန်ကို
...ဦးပိုင်းမှာ
...င်ဆင်သတ်မှတ်ပေးဖို့
...ကောင်းဆိုပါတယ်'
...ကျီးနက်မ၏
...ကားအဆုံးမှာ
...ခစ်ပင်အထက်ဆီမှ
...ကြက်ဖတစ်ကောင်၏
...နှိ့ကွက်သံ ထွက်ပေါ်လာ
...သည်။
'ကျီးနက်မရဲ့အဆိုကို
...သဘောကန့်ကွက်ပါတယ်။
...ကျီးနက်မရဲ့
...အဆိုဟာ
...သမှာ
...ပွဲ
...တတ်တဲ့
...ပြန့်စ်ချောင်း
...ရွှောန်တွေ
...အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်စားမပြုပါဘူး။ ကျွန်တော်တို့ တောကြက်တွေဆိုတာ နေဝင်တာနဲ့ မျက်စိအမြင်တွေ မကောင်းတော့ပါဘူး။ ကြက်မျက်သင့်တယ်ဆိုတဲ့စကား ကြားဖူးကြမှာပါ။ ညအမှောင်ဆိုတာ ကျွန်တော်တို့ကြက်မျိုးနွယ်တွေအတွက် လုံခြုံမှု မရှိနိုင်ပါဘူး။ ဒါကြောင့် ကျီးနက်မရဲ့ အဆိုကို လုံးဝကန့်ကွက်ပါတယ်'

တောကြက်ဖ၏ ဝေဖန်ကန့်ကွက်ခြင်းကို ခံလိုက်ရသော ကျီးနက်မသည် သူ၏ လက်စွဲဝါဒဖြစ်သည့် 'ကျီးနက်မကသာ ဝေဖန်မည်၊ ကျီးနက်မကို မဝေဖန်ရ' ဟူသော လွတ်လပ်စွာ ဝေဖန်ပြောကြားခွင့်ဝါဒ အလဲထိုးရိုက်ချိုးလိုက်သလို ဖြစ်နေသောကြောင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားကာ အတောင်ပံနှစ်ဖက်ကို ပြင်းစွာခတ်၍ 'အာ… အာ… အာ' ဟု ကျယ်လောင်စွာ အာသံပြုလိုက်သည်တွင် ညီလာခံတက်ရောက်လာကြသော ကျီးကန်းအပေါင်းတို့က အလိုက်တသိ ဝိုင်းအာကြပါတော့၏။

ညီလာခံ တက်ရောက်လာကြသော တိရစ္ဆာန်များအားလုံးလည်း လှုပ်လှုပ်ရွရွဖြစ်ကုန်ကြသည်။ ကျီးကန်းတို့၏ အင်အားသုံးရန်စမှုကို တုံ့ပြန်သည့်အနေဖြင့် တောကြက်များကလည်း သူတို့၏ ထက်လှစွာသော အတက်များကို တထောင်ထောင်ဟန်ရေးပြ၍ 'ဘယ်ညာ…ဘယ်ညာ' သံပြိုင်ကြွေးကြော်နေလေ၏။ တွေ့ဆုံဆွေးနွေးရေးမှသည် စစ်ပွဲဆီသို့ ဦးတည်

> ကျီးနက်မရဲ့
> အဆိုကို
> လုံးဝ
> ကန့်ကွက်ပါတယ်
> ကျီးနက်မရဲ့
> အဆိုဟာ
> လေမှာ
> ပျံဝဲ
> တက်တဲ့
> ခြေနှစ်ချောင်း
> တိရစ္ဆာန်တွေ
> အားလုံးကို
> ကိုယ်စားမပြုပါဘူး

နေကြသော အခြေအနေကို ကျန်တိရစ္ဆာန်များအားလုံး ရင်တမမဖြင့် စောင့်ကြည့်နေကြသည်။ ထိုစဉ် အလန့်တကြား အော်လိုက်သံတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ဒီမှာ ကြည့်ကြပါဦး၊ သဘာပတိကြီးကို သူ့ရဲ့ ကိုယ်ရေးအရာရှိ ခွေးအ,က စားပွဲအောက်ကနေ အသားတုံးပေးနေတယ်။ ဒါ အန်ဒါတေဘယ်(Under Table)လုပ်တာပဲ'

မြေကြွက် အော်လိုက်သောအသံကြောင့် လက်နက်အပြိုင်အဆိုင်တပ်ဆင်နေကြသော ကျီးကန်း၊ တောကြက်တို့အပါအဝင် ညီလာခံတက်ရောက်လာကြသော တိရစ္ဆာန်အားလုံး၏အာရုံသည် သဘာပတိ ခွေးဘီလူးဆီသို့ စုပုံကျရောက်သွားလေတော့၏။ ခိုးထုပ်ခိုးထည်နှင့် မိသွားသော ခွေးဘီလူးက ရုတ်တရက်ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ရရှိလာသော အခွင့်အရေးကို အပြည့်အဝ အသုံးချလိုက်သူက ကျီးနက်မ။

'ကဲ အားလုံး မျက်ဝါးထင်ထင် တွေ့ကြပြီ မဟုတ်လား။ သဘာပတိကြီးကိုယ်တိုင် လာဘ်စားနေတာ။ ကျွန်မ အစောကြီးကတည်းက ပြောခဲ့သားပဲ။ အခုကျင်းပနေတဲ့ တိရစ္ဆာန်ပေါင်းစုံညီညွတ်ရေး ညီလာခံကြီးဆိုတာ တရားမျှတမှု မရှိဘူး။ ယုံကြည်စရာ မရှိဘူး။ အမျိုးမျိုး ကွဲပြားနေတဲ့တိရစ္ဆာန်အားလုံး ပြန်လည်သင့်မြတ်ရေးကို အာမခံချက် မပေးနိုင်ပါဘူးလို့ ကျွန်မ မကြာခဏပြောခဲ့ပါတယ်။ သူတို့စားချင်တိုင်းစားနေခွင့်ရနေချိန်မှာ အများမှာ တော်နေကြရတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မတို့လည်း သူတို့မှီဝဲသုံးဆောင်နေတဲ့ အာဟာရမျိုးတွေ စားချင်တာပဲ။ ဥပဒေရဲ့အောက်မှာ အညီအမျှ ခံစားခွင့်ရှိရမယ်။ လက်တစ်ဆုပ်စာမျိုးနွယ်စုတစ်စု စားချင်တိုင်းစားနေတာကို ခွင့်မပြုနိုင်ဘူး။ ဒါကို ရပ်တန့်ပစ်ရမယ်။ ဒါကြောင့် ဒီညီလာခံကြီးကို သမိုင်းပေးတာဝန်အရ ဆန့်ကျင်တယ်။ ကျွန်မတို့ ကျီးကန်းတွေ ညီလာခံက ထွက်ပြီ တာ့… တာ အာ… အာ'

ကျီးနက်မ၏ တောလုံး[…] ပြည့် အာဟစ်သံနှင့်အတူ[…] ကျီးကန်းအပေါင်းတို့[…] ညီညာဖြဖြ ဝိုင်းအာလိုက်[…] ကုန်သော ကျီးအာသံများ[…] ကမ္ဘာအနှံ့ ပျံ့နှံ့ရောက်ရှိသွား[…] ပြီး၊ ကျီးကန်းအပေါင်းလည်း[…] ညီလာခံမှ ပျံထွက်သွား[…] လေတော့၏။ ကျန်ရစ်ခဲ့သော[…] တိရစ္ဆာန်များမှာလည်း ကျီး[…] ကန်းများနောက် လိုက်[…] ကောင်းနိုးနိုး၊ ဆက်နေ[…] ကောင်းနိုးနိုးနှင့် နီးရာ[…] လည်း ကြောက်နေရပြန်[…] သည်။

ခွေးမျိုးနွယ်အုပ်စု[…] များဖြစ်ကြသော ခွေးဘီလူး[…] ခွေးဝံစား၊ ခွေးအ၊ မြေ[…] ဝံပုလွေတို့သည် တိရစ္ဆာ[…] အလယ်မှာ အရှက်တ[…] အကျိုးနည်းဖြစ်ခဲ့ရ[…] ကြောင့် ကျီးနက်မအပါ[…] ကျီးကန်းဟူသမျှကို [...] ကြွေးသော်လည်း ဥဒ[…] မကျေနိုင်။

ထိုအမည်းမကို ခွေး[…] ကိုက်ပစ်မည်ဟု သန္နိ[…] လိုက်ကြလေတော့သည်။

❑

၂။

အချိန်ကား ညီ[…] မသိတသိအချိန်။

နေရာမှာ ကျော[…] တော်ဟု တိရစ္ဆာန်အများ[…] ထားကြသော ကျော[…] တောင်တစ်ခု၏လိုဏ်[…]

ခွေးမျိုးနွယ်စုတို့[…] ဝှက်အစည်းအဝေး ကျင်း[…] ခြင်းဖြစ်သည်။ အကြီးအ[…] က ဝံပုလွေအိုကြီးခက်[…] ခွေးမျိုးနွယ်တို့၏ မူလ[…] ဥပဓိမှ ကွဲထွက်၍ […] တစ်ကောင်လို ခွ[…]

www.burmeseclassic.com

www.burmeseclassic.com

...သောမျက်နှာပိုင်ရှင်ဖြစ်ခြင်း ...ကြောင့် ခွက်ပြားဟု နာမည် ...ပြောင်ရရှိထားသူ ဖြစ်သည်။ ...သော် ထိုနာမည်ပြောင်ကို ...ရှေ့မှာ ခေါ်ဝံ့ဖို့ဝေးစွ၊ ...နှာတော်ကိုပင် မော် ...ကြည့်ဝံ့သူမရှိ။ ဝံပုလွေခွက် ... အစည်းအဝေးခန်းမထဲ ... ခြေတရွတ်တိုက်ဆွဲဝင် ...သည်။ ခွေးမျိုးနွယ်များ ...အားလုံး ခေါင်းငုံ့ဦးတုပ်နေ ...ရသည်။ နားရွက်မခတ်ရဲ၊ ... မမြောက်ရဲ။

'မင်းတြားကြီးကို မော် ...'

လုံခြုံရေးအရာရှိ ခွေး ...တစ်ကောင်၏ ခွင့်ပြုမိန့် ...ထွက်ပေါ်လာမှ ခွေး ...အားလုံး မော်ဖူးခွင့်ရကြ ...သည်။ ထိုအခါ ဝံပုလွေ ...ခွက်ပြားက သူ့ကို မော် ...နေကြသော ကျေးတော် ... ကျွန်တော်မျိုးတို့ကို ချစ် ...အားဖြင့် ပြုံးပြနှုတ်ဆက် ...စဉ် ရွှေကပ်ထားသော ...နှစ်ချောင်းဆီမှ ပြိုးပြိုး ...ပြက် အရောင်များ ထွက် ...လာခြင်းနှင့်အတူ အာခံ ...ဆီမှ ညှီစို့စို့ အသားပုပ် ...များလည်း ကြိုင်လှိုင်စွာ ...ပေါ်လာတော့သည်။

'မောင်မင်းတို့ရဲ့ ရီပို့ ...အားလုံး ဖတ်ပြီးပြီဆို ... အမည်းမကို မင်းတို့ ...လုပ်ကြမလဲ'

သူတို့က ကျီးနက်မကို ...ည်းမဟု ခေါ်ကြသည်။ ...မြေခွေးဗိုလ်ကလိမ်က ...ကတန်း ထ,လျှောက် ...သည်။

'မဟာဗျူဟာမြောက် ...ပစ်ခြင်းမှလွဲ၍ အခြား ...ပါဘုရား'

ကြက်မျက်သင့်
တယ်
ဆိုတဲ့
စကား
ကြားဖူးကြမှာပါ
ညအမှောင်
ဆိုတာ
ကျွန်တော်တို့
ကြက်မျိုးနွယ်တွေ
အတွက်
လုံခြုံမှု
မရှိနိုင်ပါဘူး
ဒါကြောင့်
ကျီးနက်မရဲ့
အဆိုကို
လုံးဝ
ကန့်ကွက်ပါတယ်

'ဆိုပါဦးကွ၊ ရှင်းပစ် တာတော့ ဟုတ်ပါပြီ၊ မဟာ ဗျူဟာမြောက်ဆိုတာ ဘာလဲ။ ဒီအဆီအနှစ်မရှိတဲ့ ကျီးမျိုး ဆိုတာ ဟုတ်ဟုတ် မဟုတ် ဟုတ် ဝိုင်းအာတတ်ကြတယ် ဆိုတာ မမေ့နဲ့'

မြေခွေးဗိုလ်ကလိမ်က သူ့တစ်ကိုယ်လုံးကို အားရ ပါးရ ခါယမ်းလိုက်ပြီး-

'အရှင်မင်းကြီး စိတ်ချ တော်မူပါ။ ဒီအမည်းမ သွား လာလှုပ်ရှားတတ်တဲ့ စား ကျက်နေရာမှန်သမျှ ကျွန်တော်မျိုးတို့ရဲ့ 'စစ် သတ်'(စစ်ကြောသတ်ဖြတ် ရေး)တပ်ဖွဲ့ဝင်တွေက အသေးစိတ် စုံစမ်းထောက် လှမ်းပြီးပါပြီ။ အများသူငါ မျက်ခြည်ပြတ်တဲ့နေရာ တစ်ခု မှာ ပုံခွင့်၊ အော်ခွင့် မရအောင် ချောင်ပိတ်ကိုက်လိုက်ရင် အမွေးတစ်မှင်မှ သဲလွန်စ မကျန်စေရပါ ဘုရား။ ကျွန်တော်မျိုးကို တာဝန်ပေး အပ်ရင် ဘုန်းတော်ကြောင့် ကျေပွန်အောင် ထမ်းဆောင် နိုင်ပါတယ်ဘုရား'

မြေခွေးဗိုလ်ကလိမ်၏ ဇာတ်သံပါပါလျှောက်တင်မှု အဆုံးတွင် ဝံပုလွေခွက်ပြား က လွန်စွာအားရကျေနပ် တော်မူဟန်ဖြင့်-

'အိမ်း… မောင်မင်း တာဝန်ကျေပါစေကွဲ့။ ဒါ ပေသိ အနောက်တောအုပ်ဆီ က လင်းယုန်စုတ်၊ ဂဠုန်စုတ် တွေက သူတို့အမျိုးတူ ကျီးကန်းတွေကို မြှောက်ထိုး ပင့်ကော်လုပ်နေကြတယ်။ ဒီကောင်တွေက အင်အားကြီး ပြီး နေရာတကာမှာ မထင်ရင် မထင်သလို လုပ်တတ်ကြ တယ်။ တို့တွေတောင် နန်း တော်ပြောင်းထားရတာကြည့် ပေါ့'

ဟုပြောကာ မသက် မသာ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။ ထို အချိန်တွင် ခွေးဝဲစားတစ် ကောင်က မဝံ့မရဲ ရှေ့သို့တိုး လာပြီး လေသံပျော့ပျော့ဖြင့် သံတော်ဦးတင်လိုက်သည်။

'အနောက်တောအုပ်က လင်းယုန်စုတ်၊ ဂဠုန်စုတ်တွေ ရဲ့ အန္တရာယ်ကို ကာကွယ် ပေးနိုင်တဲ့သူတွေ ရှိပါတယ် ဘုရား'

'ဟေ ဟုတ်ရဲ့လား၊ ဘယ်သူတွေများလဲကွဲ့။ ငါ ကိုယ်တော်မြတ်ကို မြန်မြန် သံတော်ဦးတင်စမ်း၊ အခုချက် ချင်း မဟာမိတ်ဖွဲ့ရအောင်'

ဝံပုလွေခွက်ပြားမှာ ရာဇက္ကုန္ဒြေပင်မဆောင်နိုင်တော့ ဘဲ ပျာပျာသလဲ မေးမြန်း လိုက်သည်။ ခွေးဝဲစားက ယုံကြည်မှုအပြည့်ဖြင့်-

'အရှေ့တောအုပ်ဆီက နဂါးမျိုးနွယ်များဖြစ်ကြောင်း ပါဘုရား'

'ကောင်းလေစွ… ကောင်းလေစွ… ကောင်း လေစွ။ ဘုရားတောင် အမှီရှိမှ ပွင့်တော်မူတယ်ဆိုတော့ တို့ လည်း မှီလိုက်ကြရအောင် ကွယ်'

စကားအဆုံးတွင် ဝံပု လွေခွက်ပြားသည် တစ်စုံ တစ်ရာကို သတိရသွားဟန် ဖြင့် မျက်နှာ မသာမယာဖြစ် သွားသည်။ ပြီးမှ လေးလေး ပင်ပင် စကားတစ်ခွန်းဆိုလာ သည်။

'နောက်တစ်ခုရှိတာက တို့နယ်စပ်က ကန်တော် မင်္ဂလာရေအိုင်ကြီးဆီမှာ မိကျောင်းတွေ၊ လိပ်တွေ၊ ဖား တွေ ဦးဆောင်တဲ့ ရေသတ္တဝါ များလွတ်မြောက်ရေးတပ်ဦးဆို တဲ့ မျိုးမစစ်တွေရဲ့ ပြဿနာ က ရှိသေးတယ်'

ဝံပုလွေခွက်ပြားကြီးမှ စကားမဆုံးသေး၊ ခွေးအတစ် ကောင် မှောက်လျားထိုး ဝပ်စင်း၍ သံတော်ဦးတင် လိုက်သည်။

'အရှင်မင်းကြီးရဲ့ ဘုန်း တန်ခိုးတော်နဲ့ မဟာကရုဏာ တော်တို့ကို နားလည်ခံယူနိုင် စွမ်းမရှိတဲ့ အမိုက်အမဲကောင် တွေ၊ ကုန်းတစ်ပိုင်း ရေတစ် ပိုင်း မျိုးမစစ်ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com

အတွက် အဖြေတွေရှိပြီးသားပါဘုရား။ ကျွန်တော်မျိုးတာဝန်သာထားပါဘုရား'

ဝံပုလွေခွက်ပြား၏ မျက်နှာ ဝင်းထိန်သွားသည်။

'ဟေ တယ်ဟုတ်ပါလားကွယ်ရို့၊ အဖြေတောင်ရှိနေဆိုပဲ။ ကဲ ကဲ လင်းစမ်းပါဦး၊ မောင်မင်း အဖြေကို'

ခွေးအ,ကလည်း လည်ချောင်းရှင်းသလိုဖြင့် အဟွတ်ခနဲ အသံပြုလိုက်၏။

'အလွန်တရာ လွယ်ကူလှပါတယ်ဘုရား။ ခွေးခွဲ အုပ်ချုပ်ရေးစနစ်နဲ့ စိတ်ပညာနည်းစနစ်ကို ပေါင်းစပ်လိုက်ရင် လွတ်မြောက်ရေးတပ်ဦးဆိုတဲ့ကောင်တွေ လွတ်လွတ်လပ်လပ် ကွဲကြပြိုကြပါလိမ့်မယ်ဘုရား။ နည်းဗျူဟာကတော့ မိကျောင်းတွေ၊ လိပ်တွေ၊ ဖားတွေကို ကုန်းမြေပေါ်မှာ ကျက်စားပိုင်ခွင့် မဆိုသလောက်လေး ချကျွေးလိုက်မယ်ဆိုရင် အငတ်ဆုံးဘဝမှာ မဝရေစာစားခွင့်ရရင်ကိုပဲ ကျေးဇူးတော်တွေတင်လို့ အရှင်မင်းကြီးရဲ့ဘုန်းတော်ရိပ်အောက်ကို ခိုဝင်လာကြပါလိမ့်မယ်။ ဒီအခါမှာ လုံးဝမစားရတဲ့ငါး၊ ပုစွန်တွေနဲ့ သူတို့အချင်းချင်း ပြဿနာဖြစ်ပြီး ချကုန်ကြပါလိမ့်မယ်။ ဘယ်လက်က မုန့်ဝေ၊ ညာလက်က တုတ်ဝေဗျူဟာဖြစ်ပါတယ် ဘုရား'

'လက်စသတ်တော့ တစ်ဖက်ကိုမြှောက်၊ တစ်ဖက်ကိုခြောက်ဆိုတဲ့သဘောကိုး' ဟု ဝံပုလွေခွက်ပြားကြီးက မှတ်ချက်ပြုသည်တွင်–

'ဘုန်းတော်ကြောင့် မှန်လှပါဘုရား'

သူတို့
စားချင်တိုင်း
စားနေခွင့်
ရနေချိန်မှာ
အများမှာ
ငတ်နေကြရတယ်
ပွင့်ပွင့်လင်းလင်း
ပြောရရင်
ကျွန်မတို့လည်း
သူတို့
မှီဝဲသုံး
ဆောင်နေတဲ့
အာဟာရမျိုးတွေ
စားချင်တာပဲ
ဥပဒေရဲ့
အောက်မှာ
အညီအမျှ
ခံစားခွင့်ရှိရမယ်

'အိမ်း… ဒီကနေ့ အစည်းအဝေးမှာ ပြောခဲ့တဲ့ ကိစ္စရပ်တွေအတွက် တာဝန်ခံတွေအားလုံးကို ထင်ရာစိုင်းခွင့် အထူးအာဏာကုန် လွှဲအပ်လိုက်ပြီ။ အမိန့်တော်'

ထိုနေ့မှစ၍ စုံတောမြိုင်တောအုပ်ကြီးထဲတွင် 'ခွေးမျိုးညီညွတ်ရေးလမ်းစဉ်'ဆိုသော လျှို့ဝှက်စစ်ဆင်ရေး တစ်ရပ်ထွက်ပေါ်လာပြီး တစ်ဖက်က ငြိမ်းချမ်းရေးအသံတညံညံပေးကာ၊ အခြားတစ်ဖက်ကလည်း 'စစ်သတ်' (စစ်ကြောသတ်ဖြတ်ရေး) အထူးတပ်ဖွဲ့ဝင်များက ရေ၊ မြေ၊ လေ နေရာလွတ်မကျန်အောင် 'နေ့ဆွဲ၊ ညဆွဲ' ဆွဲခေါ်စစ်ဆေး၍ သတ်ဖြတ် နှိပ်စက်ခြင်းလုပ်ငန်းများကို လက်ရဲဇက်ရဲ လုပ်ကိုင်လာကြပါတော့သည်။

❑

၃။

စုံတောမဟာမြိုင် တိရစ္ဆာန်များထဲတွင် 'ရန်-ငါ' (ရန်သူနှင့်ငါ) စည်းခြားမှု အတင်းမာဆုံး အချိန်ကာလတစ်ခုကို ဖြတ်သန်းနေစဉ်ဖြစ်၍ အုပ်ချုပ်ခံတိရစ္ဆာန်အများစုမှာ မျက်စိသူငယ်၊ နားသူငယ် ဖြစ်နေကြရသည်။ ကိုယ့်အချင်းချင်းလည်း မယုံရဲ။ တောသဘာဝ ညနေ ရေသောက်ဆင်းကြသည့်အခါများမှာတောင် ခွေးမျိုးများအကြောင်း၊ ကျီးကန်းများအကြောင်းကို တစ်လုံးတစ်ပါဒမျှ မပြောရဲမဆိုရဲဖြစ်နေကြသည်။

တိရစ္ဆာန်တစ်ကောင်ချင်းစီသို့ လျင်မြန်စွာကူးစက်ရောက်ရှိလာသော အကြောက်တရားက သူတို့၏ မွေးရာပါ လွတ်လပ်ခွင့်များကို ဝါးမျိုစားသောက်ပစ်လိုက်၏။ စိတ်ကူးနှင့်ပင် လွတ်လပ်စွာ တွေးတောခြင်းအမှုကို မပြုဝံ့ရှာတော့ပေ။ ခွေးမျိုးဝံပုလွေခွက်ပြားနှင့် ပုလင်းတူဘူးဆို့များက ထိုသို့ လုံခြုံမှုကင်းမဲ့ခြင်း၊ လွတ်လပ်မှုကင်းမဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသော အကြောက်စိတ်နှင့် အကျဉ်းစိတ်တို့ကို စည်းကမ်းပြည့်ဝခြင်း၊ ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ယဉ်ကျေးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကာ သူတို့လက်ထက်တွင် 'တိရစ္ဆာန်လောကကြီး ဖွံ့ဖြိုး… တိုးတက်လာပြီ'ဟု အသံ… ကောင်းဟစ်လေ့ရှိကြသည်။

ဖြိုင်ပွဲအချိန်ကြာမြင့်… လာသည်နှင့်အမျှ ဆုံးရှုံး… များကြာမြင့်လာခြင်းနှင့်အ… ပွဲပန်းမှုဒဏ်ကို တောတွင်း… တိရစ္ဆာန်များ ခါးစည်းခံခဲ့ကြ… ရသည်။ လွတ်လပ်ရေးတိုက်… ပွဲ၏ မလွတ်လပ်မှုများ… မျက်ဝါးထင်ထင်တွေ့မြင်လာ… ရသောအခါ တစ်ချိန်က… လင့်ခဲ့ကြဖူးသော ကောင်း… ကင်းသစ် ဖွင့်လှစ်ရေးဝါ… သည် သံပတ်ပြုတ်နာရီတ… လုံးကို ညှော်ခန်းမှာ ချိတ်… ထားသကဲ့သို့ဖြင့်သာ စိ… အာသာဖြေခဲ့ရရှာတော့… အသိဉာဏ်နည်းပါးခြင်း… ငတ်မွတ်ခေါင်းပါးခြင်း၊ ဆ… ရဲမဲ့တေခြင်း ဒုက္ခဆိုးများ… တိရစ္ဆာန်ကျင့်ဝတ်များ… ချောက်ထဲတွန်းချပစ်ခဲ့သည်…

ခြသေ့ာတွေလည်း မြ… စားကုန်ကြပြီ။

ငါးတွေလည်း ခြေ… နေလေပြီ။

ကောင်းကင်သစ်ကြ… က အကျဉ်းကျနေဆဲ…။

တစ်နေ့မှာ အရုဏ်… အလင်းမရောက်မီ ဦး… ပထမ နိုးထလေ့ရှိကြ… ငှက်မျိုးနွယ်စုတို့ ဝရန်း… ကား အော်ဟစ်ဆူညံနေ… သည်။ မကြာမီ အ… တိရစ္ဆာန်များပါ နိုးထလာ… ရာ မကြုံစဖူးထူးကဲ… အခြင်းအရာကြီးကြ… ကမ္ဘာပျက်မတတ်တုန်… ချောက်ချားကုန်ကြသည်… တို့ ဝိုင်းအုံကြည့်နေကြ… မှာ မြောက်မှ ‌… မျက်စိတစ်ဆုံး…



www.burmeseclassic.com

www.burmeseclassic.com

သော ရောမစွတ်ကြောင်း တစ်ခု။ ထိုစွတ်ကြောင်း ဖြတ်သန်းရာလမ်းတစ် ကျောက်တွင် သစ်ပင်များက သဲလဲ အပြိုပြို။ တောင် န်းများလည်း နေ့ချင်းည င်း ဘယ်ပျောက်ကုန်သည် ။ သေကျေပျက်စီးလျက် သော တိရစ္ဆာန်များ၏ ရုပ် လောင်းများက မြင် ကောင်း ရှုမကောင်း။ တစ် ကောင်မျက်နှာ တစ်ကောင် ကြည့်၍ 'ဘာဖြစ်တာလဲ' သော အဖြေမရှိသည့် ခွန်းကိုသာ အပြိုင် မေး ကြသည်။ တချို့ကလည်း န်းခေါင်ယံတွင် တော် ည်းသံကြီး ကြားလိုက်ရ သည်ဟု ပြောကြသည်။ ကောင်ကမ်းပါးယံတွင် ထင် ရစ်ခဲ့သော လက်သည်း ကြီးများက ကျွဲတစ် ကောင်ဝပ်၍ရအောင် ကြီးမား န်းလှသည်။

မကြာမီ ခွေးအ,များ ရောက်လာကာ ဝိုင်းအုံကြည့် သော တိရစ္ဆာန်များကို ကောင်းထုတ်သည်။ ထိုကိစ္စ အရပ်ထဲမှာ လျှောက်ပြော င် ဖမ်းမည်၊ ဆီးမည်ဟု ခြောက်သည်။ သို့သော် ည့်ဂှက်များဖြစ်ကြသည့် ကွက်၊ ဒီးဒုတ်တို့၏ မျက် သက်သေထွက်ဆိုချက်အရ ါးမင်းကြီး ကန်တော် လာကန်ဆီသို့ ရေသောက် ခင်းသည်ဟုသိလိုက်ရသည်။

ကြာကြာဝါးမှ ခါးမှန်း ရသလို မိမိထက် အင်အား ကြီးသူကို ပေါင်းဖော်ရခြင်း သည် 'အမျှော်'နှင့်အတူ 'အကြောက်'ပါ ဒွန်တွဲ၍ ပါ တတ်ကြောင်း သိလိုက်ရ

**ခွေးမျိုးနွယ်**
**အုပ်စုဝင်များ**
**ဖြစ်ကြသော**
**ခွေးဘီလူး**
**ခွေးဝံစား**
**ခွေးအ**
**မြေခွေး**
**ဝံပုလွေ**
**တို့သည်**
**တိရစ္ဆာန်ပုံ**
**အလယ်မှာ**
**အရုက်တကွဲ**
**အကျိုးနည်း**
**ဖြစ်ခဲ့ရခြင်းကြောင့်**
**ကျီးနက်မ**
**အပါအဝင်**
**ကျီးကန်း**
**ဟူသမျှကို**
**ကမ္ဘာ**
**ကြေသော်လည်း**
**ဥဒါန်း မကျေနိုင်**

သောအခါ မဟာမြိုင်သားတို့မှာ အတွင်းဒဏ်ရာများဖြင့် ပြည့်နှက်နေခဲ့ပြီ။ ဆန့်ကျင်မှုများ တိုးပွားလာလေပြီ။ ထိုအတိုင်းဆိုလျှင် အစားကြူးသော နဂါးမင်း၏ ငတ်မွတ်မှုက ကိုယ်၏ ငတ်မွတ်မှုဖြစ်လာပေတော့မည်။ ခွေးသုခမိန်တို့၏အကြံပေးချက်အရ အလုံးစုံသော တင်းမာမှုများကို လျှော့ချရန်နှင့် အင်အားချိန်ခွင်လျှာညှိရန်မှာ ကျီးကန်းတို့၏ မဟာမိတ်နှင့် မဟာမိတ်ဖွဲ့ရန်မှတစ်ပါး အခြားမရှိပြီ။ လိုက်လျောမှုရေစီးကြောင်းကြီးထဲတွင် အလိုက်သင့် မျောပါရန် အန္တရာယ်မရှိသော အပြောင်းအလဲတစ်ခု လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ကြပါတော့သည်။

ပထမဦးစွာ ကျီးနက်မဦးဆောင်သော ငှက်မျိုးနွယ်စုများနှင့်တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် လင်းယုန်များ၊ ဂဠုန်များ အလည်အပတ်ရောက်လာသည်။

ရုံ့တောမဟာမြိုင်မှ တိရစ္ဆာန်များ ပျော်မြူးနေကြသည်။

ခန္ဓာကိုယ်ကို အင်အားဖြစ်စေသော အစာအာဟာရသည် ခန္ဓာကိုယ်၏ ပြင်ပတွင်တည်ရှိသည်။ ထို့ကြောင့် ပြည့်အင်အား ပြည်ပမှာသာရှိဆိုသော လမ်းစဉ်ကို မဟာမြိုင်သားတို့ ပြောင်းလဲကျင့်သုံးလိုက်ကြသည်။

ဝံပုလွေခွက်ပြားက အန္တရာယ်မရှိသော ပြောင်းလဲမှုကို ဦးဆောင်မောင်းနှင်မည့်သူများအား ဖဲဖျက်နည်း၊ ဖဲချိုးနည်း၊ ဖဲဝေနည်း၊ ဖဲငုတ်နည်း စသော တစ်ပွဲတိုးဖဲလိမ်ရိုက်နည်းများကို စနစ်တကျ သင်ကြားပေးကာ ကိုယ့်ဖဲကိုယ်ဖျက်၊ ကိုယ့်ဖဲကိုယ်ချိုး၊ ကိုယ့်ဖဲကိုယ်ဝေ လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်ပြီး တောတွင်းဥပဒေသများ (Jungle Laws) ကို အတည်ပြု ပြဋ္ဌာန်းစေလိုက်သည်။ ထိုဖဲဝိုင်းတွင် ကျီးနက်မလည်း အိမ်ဖြည့်အဖြစ် ပါဝင်ကစားနေလေပြီ။

တချို့ ဖဲသမားများက ဖဲတက်ကောင်းစေရန် ရည်ရွယ်၍ 'တိရစ္ဆာန်ထုတစ်ရပ်လုံးအတွက်' ဟု ဟာစ်အော်ရင်း ဆွဲဖဲကို ဖြန်းခနဲ ရိုက်ချတတ်ကြသည်။ တချို့က လည်း 'တိရစ္ဆာန်အခွင့်အရေးအတွက်'၊ တချို့ကလည်း 'တရားဥပဒေစိုးမိုးရေးအတွက်'၊ တချို့ကလည်း 'ငြိမ်းချမ်းရေးအတွက်'ဟု ကောင်းနိုးရာရာ ဩဝါဒ်ပေးဟာစ်အော်ရင်း တဖြန်းဖြန်း ရိုက်နေကြပါတော့သည်။ မည်သို့ပင် လိမ်ဆင်ဝိုင်းဖြစ်စေကာမူ အထူးစည်ကားသိုက်မြိုက်လှပါ၏။

တိရစ္ဆာန်များအားလုံး ခေါင်းတမော့မော့၊ လည်တမော့မော့ဖြင့် အိပ်ရေးပျက်ပေါင်းများလှပြီ။

ငတ်မွတ်မှုများက တိုး၍သာ တိုးလာမြဲ။

မွတ်သိပ်မှုများက ကျောပြင်မှာ ကပ်နေဆဲ။

တိရစ္ဆာန်များအားလုံး မိမိရသင့်ရထိုက်သော ဝေစုတစ်ခု၊ လွတ်လပ်စွာရှင်သန်နေထိုင်ခွင့်ရှိသော ဘဝအာမခံချက်တစ်ခုအတွက် အနာဂတ်ကို ရော်ရမ်းမျှော်မှန်းနေကြစဉ်တွင် တရွေ့ရွေ့ရောက်ရှိလာသော မွတ်သိပ်မှုတိမ်တိုက်ကြီးက ရုံ့တောမဟာမြိုင်တောအုပ်တစ်ခုလုံးကို ရစ်သိုင်းလွှမ်းခြုံသွားပါတော့သည်။

မွတ်သိပ်မှု အမှောင်တိုက်ကြီးအတွင်းမှ ဝံပုလွေတစ်ကောင်၏ အူလှိုက်သည်းလှိုက် ရယ်မောသံတစ်ခု ညစဉ်ညတိုင်း ထွက်ပေါ်လာသည်။

'ဂလွတ် ဗွီး... ဂလုဗွီး...'

တိရစ္ဆာန်အားလုံး အတိတ်မေ့နေကြသည်။

■

**မွတ်သိပ်မှုများစွာဖြင့်**
**ညီငယ်[illegible]**



www.burmeseclassic.com

# ရသစာတမ်း၊ အစမ်းစာ စာတန်းငယ် နှင့် စာမွန်အက်ဆေး

ညနိုရှုးမေ၊ ရေဦး၊

ရသစာတမ်းအရေးအသားသည် ယနေ့ မြန်မာစာပေချက်နှာစာတွင် လှုပ်ရှားဝင်းပနေရာရလျက် ရှိ၏။ ယနေ့ ထွက်ရှိနေသည့် များလှစွာသော မဂ္ဂဇင်းများတွင် မဂ္ဂဇင်းအလိုက် ဦးတည်ချက် အမျိုးမျိုး ရှိကြသော်လည်း အခြားကဗျာကဗျာ၊ ကာတွန်းတဖွာသာလျှင် ချန်လှပ်ချန်မည် များသောအားဖြင့် ရသစာတမ်းကိုတော့ ထည့်သွင်းဖော်ပြကြသည်။ အချို့မဂ္ဂဇင်းများဆိုလျှင် ရသစာတမ်းတစ်ပုဒ်မက နှစ်ပုဒ်၊ သုံးပုဒ်အထိ နေရာပေး၍ ဖော်ပြလာကြသည်။ မဂ္ဂဇင်းများတွင် ဖော်ပြရုံသာမက ယခုအခါ ရသစာတမ်းဆရာတစ်ဦးချင်းစီ၏ ရသစာတမ်းပေါင်းချုပ်စာအုပ်များ အသီးသီး ထွက်ရှိနေကြသည်။ ၎င်းတို့ အပြင် **'မြန်မာအက်ဆေးတစ်ရာ'** စာအုပ်ကြီးအဖြစ် ခိုင်ခိုင်ထည်ထည် ထွက်ပေါ်လာသည်မှာ မြန်မာစာပေအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် ကောင်းလှပေသည်။ ဤသို့ ရသ[illegible] ကို နေရာပေးဖော်ပြလာခြင်းသည် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွန်[illegible] ပြည့်ဝသော အာဟာရပင် ဖြစ်ပေတော့၏။

❑

**ပထမဆုံး အက်ဆေးဆရာ**

ပထမဆုံး အက်ဆေးဆရာနှင့် ပတ်သက်၍ ဆရာ မြသန်းတင့် ဘာသာပြန်[illegible] **၁၉ ရာစုမတိုင်မီ ပြင်သစ်စကားပြေ** မှာ ဤသို့ လေ့လာတွေ့ရှိရသည်။

*'ရွေးချယ်တတ်သူတို့အဖို့ စာအုပ်များ၌ အထူးအထူး အပြားပြားသော အ[illegible] အချင်းတို့ ရှိကြပေ၏'* ဟု မွန်တိန်းက ပြောခဲ့ဖူးသည်။ ၁၆ ရာစု ပြင်သစ်စကား[illegible] ကိုယ်ပိုင်ဟန်ရှိပြီး နှစ်သက်ဖွယ်ကောင်းသည့် တွေးခေါ်ရှင် စာရေးဆရာကြီး[illegible] စာရင်းတွင် မွန်တိန်းသည် ရှေ့တန်းမှ ပါဝင်ခဲ့၏။ မွန်တိန်းသည် စာပေကျမ်း[illegible] နှစ်ပသည်။ ဂန္ထဝင်ကို နှစ်ပသည်။ ပြင်သစ်စကားပြေကို ကိုယ်နည်းနှင့်ကိုယ် ပြ[illegible] အောင်လုပ်ခဲ့သူ၊ အင်္ဂလိပ်ရသ စာတမ်းရေးဆရာများနှင့် သရော်စာရေးသူများ[illegible] မှာ များစွာသြဇာလွှမ်းမိုးခဲ့သူဟု အဆိုရှိသည်။

မွန်တိန်းသည် ယခုခေတ် 'ရသစာတမ်း'ဟု ခေါ်နေကြသည့် အက်ဆေ[illegible] ပထမဆုံး ရေးခဲ့သည့် စာရေးဆရာဟု ဆိုကြသည်။ ၁၅၇၁ ခုနှစ် မတ်လ[illegible] မွန်တိန်းသည် ဆူညံလှသည့် လောကကြီးကို ရှောင်ခွာပြီး ကျေးလက်မှာရှိ[illegible] သူ၏ရဲတိုက်တွင် သွားရောက်ခိုလှုံသည်။ ထိုရဲတိုက်တွင် တစ်ယောက်တည်း[illegible] သူ့အကြောင်းကို သူ့ဘာသာသူ ပြန်ပြောသည်။ သူ့အကြောင်းကို သူနှင့် [illegible] စကားပြောခြင်းဖြစ်သည်။ ဤသို့ ပြောဆိုရင်း အက်ဆေးဆိုသည့် စာပေပုံသဏ္ဍာ[illegible] ပေါက်လာခြင်း ဖြစ်သည်။ နောင် ၉ နှစ် အကြာမှာ သူ့အကြောင်းကို သူကို[illegible] ပြန်ပြောသည့် စာပေအရေးအသားသည် ပုံနှိပ်စာလုံးအဖြစ်နှင့် ပေါ်ထွက်လာ[illegible] ဤသို့ဖြင့်ပင် သူ၏ Essais ဆိုတဲ့ကျမ်းပေါ်ထွက်လာခဲ့သည်။

ပထမဆုံးသော အက်ဆေးဆရာ၏ ပထမဆုံးသော အက်ဆေးများ[illegible]



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ခုအထိ ပေါ်ထွက်လာသမျှ အက်ဆေး တွေထဲမှာ အကောင်းဆုံးဟု ဆိုကြသည်။

❑

**အမည်အမျိုးမျိုး သဘောအတွေတွေ**

၁၅ ရာစုမှ စခဲ့သော အက်ဆေး အရေးအသားသည် ၂၀ ရာစုတိုင်အောင် ညီမထိုင်သေးဘဲ မှုကွဲဝါဒကွဲ အမျိုးမျိုးအဖုံဖုံနှင့် ပုံစံများပြားလျက်ရှိနေကြောင်း ဆရာ ဦးသန်းထွတ်မှ **မြန်မာအက်ဆေးခရီးစဉ်** မှာ ဤသို့ ထောက်ပြခဲ့သည်။

Essay ဆိုသော အင်္ဂလိပ်စကားလုံးသည် မူလပြင်သစ်ဘာသာစကားဖြစ်သော Essai မှ ဆင်းသက်လာသည်ဟု ဆရာဇော်ဂျီက ဆိုထားသည်။ George Crabb က Essay ဟူသော စကားလုံးမှာ လက်တင်ဘာသာ Exagium စကား မှ ဆင်းသက်လာသျက် အဓိပ္ပာယ်အားဖြင့် 'လှုံ့ဆော်ရန်၊ နိုးကြွရန်၊ လှုပ်ရှားရန်' ကြိုးပမ်းဆောင်ရွက်မှုဟု ဆိုသည်။

Essay ဆိုသည်မှာ အတိအကျ ကြံရွယ်စိတ်ကူး၍ ရေးသားခြင်းမျိုး မဟုတ်ဘဲ အက်အခဲမရှိ ကောက်ကာငင်ကာ ရေးသားလိုက်သော အရေးအသားဖြစ်သည်ဟု Crabb က ဆိုထားသည်။

တကယ်တော့ စာရေးသူ၏ အသိဉာဏ်အတွေးအခေါ် အတိမ်အနက်ကို လိုက်၍ အက်ဆေးတွင်ပါဝင်သော အကြောင်းအရာ တင်ပြချက်တို့သည် လေးနက်ပုံချင်း ညီနိုင်မည် မဟုတ်ပေ။ သို့သော် လိုရင်းအဓိပ္ပာယ်မှာ စာရေးသူသည် မိမိ၏ အတွေးတောမှု၊ သဘောပေါက်မှုကို အခြားသူအား အသိပေးခြင်းပင် ဖြစ်သည်။ ထိုသို့ သဘောဆောင်သော Essay ကို ကျောင်းသားဘဝမှာ 'စာစီစာကုံး' အသွင် နားလည်ထားကြသည်။

အဘိဓာန်၏ဖွင့်ဆိုချက်မှာ Essay ကို 'စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်း'ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဤဝင်ရင်း အဓိပ္ပာယ်နှင့် မွန်တိန်း၏ အဓိက ရည်ရွယ်ချက်ကို နှလုံးသွင်းပြီး ရန်ကုန်တက္ကသိုလ် ပါမောက္ခဆရာကြီး ဦးဖေမောင်တင် အမှူးပြုသော တက္ကသိုလ်ဆရာများက ဤစာအဖွဲ့မျိုးကို 'အစမ်းစာ'ဟု အမည်ပေးခဲ့သည်။ 'အစမ်းစာ' ဟူသော ဝေါဟာရ မပေါ်ခင်က ဤစာမျိုးကို ဆောင်းပါးဟူ၍ သာဘုယျ ခေါ်ကြသေးသည်။

ဤစာမျိုးသည် စာစီစာကုံးဆောင်းပါး 'အစမ်းစာ'ဟူသော အမည်များတွင် သာမက 'စာတန်း'ဟူသော အမည်သစ်နှင့် ထွန်းကားလာပြန်သည်။

ဤအချက်နှင့်ပတ်သက်၍ ကုံကော်မြိုင်စာတန်းမှ ဆရာ ဇော်ဂျီ၏ သဘောထားမှာ မှတ်သားစရာ ကောင်းလှသည်။

*'အစမ်းစာ'ဟု ခေါ်ကြရာ၌ အင်္ဂလိပ်ဘာသာစကားဖြစ်သော Essay ၏ အဘိဓာန်အနက်အရသော် ဆိုခဲ့သည့်အတိုင်း စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်း အနက်ထင်သဖြင့် အစမ်းစာဟု ခေါ်ချင်၍ခေါ်သဖြင့် မမှားပါ။ သို့ရာတွင် အစမ်းစာဟူသော အမည်သည် ကဗျာကဲ့သို့လည်းကောင်း၊ ဝတ္ထုကဲ့သို့လည်းကောင်း၊ ပြဇာတ်ကဲ့သို့လည်းကောင်း ရသစာပေအဖွဲ့တစ်ခု၏ အမည်အဖြစ်ဖြင့် တစ်ခုခုလိုနေသေးသယောင်ယောင် တွေးမိပါသည်။ စင်စစ်မှာ အင်္ဂလိပ်စာပေသမိုင်း၌ပင် Essay ၏ အနက်သည် ၁၅ ရာစုနှစ်မှစ၍ ခေတ်အဆက်ဆက် စာတန်းဆရာများ၏ ရည်ရွယ်ချက်များကို လိုက်၍လည်းကောင်း၊ အကြောင်းအရာများကိုလိုက်၍လည်းကောင်း၊ ပုံသဏ္ဌာန်များကိုလိုက်၍လည်းကောင်း ကျယ်ဝန်းလာသည်ကို တွေ့ရပါသည်။ ယခုအချိန်၌ Essay ဆိုလျှင် အများပရိသတ်အဖို့မှာ ကျယ်ဝန်းသော အနက်ကိုသာ ရေးသားပြဆိုတတ်ကြသဖြင့် အင်္ဂလိပ်စာပေလောက၌ပင် 'စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်း' အနက်ကို မမြင်ကြတော့ပြီ။ ထို့ကြောင့် ဤစာစောင်၌ပါသော စာများကို အစမ်းစာအစား စာတန်း ဟူ၍ အမည်တပ်လိုက်ခြင်းဖြစ်သည်။*

ဤသို့ဖြင့် **စိန်ပန်းမြိုင်စာတန်း၊ ဓမ္မယျာစာတန်း** စသည်ဖြင့် Essay ၏ ထူးခြားသောဂုဏ်ကို ဖော်ကျူး၍ ဝေါဟာရသစ်တစ်ခု မြန်မာစာပေလောကတွင် တိုးတက်ပေါ်ပေါက်လာတော့သည်။

တစ်ဖန် Essay မှာ 'စာစီစာကုံး၊ ဆောင်းပါး၊ အစမ်းစာ၊ စာတန်း'တို့တွင် ရပ်မနေဘဲ 'စာမွန်'ဟုလည်း ခေါ်ကြပြန်သည်။ 'စာမွန်'သည် 'စာတန်း' ထက် စော၍ပေါ်ခဲ့၏။ 'စာမွန်'၏ အဓိပ္ပာယ်မှာ အကြောင်းအရာတစ်ခုကို စိတ်ကူးဉာဏ်ကွန့်၍စကားပြေဖြင့် စာပေမြောက်အောင် ရေးဖွဲ့သည့်စာဖြစ်သည်ဟု ဝိဂြိုဟ်ပြုကြ၏။ တကယ်တော့ စာမွန်သည် စာတန်းထက်စောသော်လည်း 'စာမွန်'အမည်သစ်ကို လူအများလက်ခံသုံးစွဲခြင်း မရှိ၍ မှေးမှိန်သွားခြင်းဖြစ်ပေမည်။

ယခုတင်ပြပြီးသမျှအရ ဤသို့သော စာပေပုံစံမျိုးစုံကို 'ဆောင်းပါးလား၊ စာစီစာကုံးလား၊ အစမ်းစာလား၊ စာတန်းလား၊ စာမွန်လား'ဟု လားပေါင်းများစွာနှင့် ဝေခွဲရခက်ပေလိမ့်မည်။ နောက်ထပ် 'တစ်လား'ကိုလည်း ဗဟုသုတအဖြစ် ထပ်မံတင်ပြလိုက်ရပါဦးမည်။ ၎င်းမှာ 'စာကွန့်' ဟူသော အမည်ဖြစ်သည်။

စာကွန့်ကို အဓိပ္ပာယ်ဖွင့်ပုံမှာ 'ဤစာမျိုးသည် အတွေ့အကြုံကိုမှီ၍ အတွေး ကွန့်ထားသောစာမျိုးဖြစ်သည်။ အတွေးလည်းကွန့်၊ အရေးအသားလည်းကွန့်၊ ဖတ်သူတလည်း ဉာဏ်ကွန့်၍ ဖတ်ရသည်။ ထို့ကြောင့် ဤစာမျိုးကို စာကွန့် ဟူသော အနွတ္ထသညာ နှင်းအပ်လိုက်ပါသည်'ဟု အဓိပ္ပာယ်ဖွင့်ခဲ့သည်။ စာကွန့်မှာလည်း စာမွန်ကဲ့သို့ လူအများ လက်ခံသုံးစွဲမှုနည်း၍ မှေးမှိန်သွားခဲ့သည်။ ယခု လက်ရှိတွင်မူ အက်ဆေးနှင့် ရသ စာတမ်းဟူသော ဝေါဟာရသည် စာပေနယ်တွင် အသုံးတွင်ကျယ်လျက်ရှိ၏။ (စာတန်းသတ်ပုံနှင့်ပတ်သက်၍ ယခင်က 'န'သတ် ရော၊ 'မ'သတ်ပါ တွေ့ရ၏။ ယခုအခါ

www.burmeseclassic.com

'မ'သတ်နှင့် ရေးကြ၏။)

❑

**ရသစာတမ်းရေးဟန်နှင့်**
**သူတို့အမြင်**

ရသစာတမ်းရေးဟန်အပိုင်းတွင် ဆရာကြီးများ၏ ရသစာတမ်းရေးဟန်နှင့် ပတ်သက်သည့် အမြင်များကို တင်ပြသွားပါမည်။

*'အက်ဆေးသည် ဆောင်းပါးပုံစံနှင့် တူသယောင်ရှိသော်လည်း အနှစ်သာရအားဖြင့် ဆောင်းပါးနှင့် ကွာလေသည်။ အက်ဆေးသည် ရင်ဖွင့်စာ (သို့မဟုတ်) ရင်ဖွင့်သံဖြစ်သည်'* ဟု ဆရာ တိုက်စိုးက ဆိုထားသည်။

ဘဲလက်အဖွဲ့ စာမွှန်အက်ဆေးကို စကားပြေစာမွှန်ဟု သုံးနှုန်းတတ်သူ ဆရာ မောင်ထင်ကမူ ဤစာအဖွဲ့မျိုးသည် *'ကိုယ်တိုင်ခံစားရသော အကြောင်းအရာတစ်ခုခုကို ကျမ်းကြီးကျမ်းခိုင်အဖြစ် မရေးဘဲ ကိုယ်ရေးကိုယ်တာဆန်ဆန် ပေါ့ပေါ့ပါးပါး၊ ရင်းရင်းနှီးနှီး၊ လွတ်လွတ်လပ်လပ်၊ ရသပါပါ မတိုမရှည်ရေးရသည့်အဖွဲ့မျိုးဖြစ်သည်'* ဟု ဖွင့်ပြခဲ့သည့်အပြင် *'အက်ဆေးဟာ ဆောင်းပါးနှင့် မတူစေရဘူး၊ ကိုယ်တွေ့ကြုံရတာ၊ ရင်ထဲခံစားရတာကို စာဖတ်သူ သိသွားအောင် ရင်းရင်းနှီးနှီးရေးပြ၊ ပွင့်ပွင့်လင်းလင်း ရသပါပါ တိုတိုတုတ်တုတ်ပြောပြ၊ စာဖတ်သူကို ဘာလုပ်သင့်တယ်၊ ညာလုပ်သင့်တယ်လို့ ဘယ်တော့မှ ဩဝါဒမပေးနဲ့၊ ဆရာ မလုပ်နဲ့'* ဟု မှာခဲ့ဖူးကြောင်း လေ့လာမှတ်သားဖူးပါသည်။

ရသစာတမ်းရေးသည့် အကြောင်းအရာပိုင်းနှင့် ပတ်သက်၍မူ *'စာတန်းငယ်ဆရာ၏ အာရုံကျက်စားရာသည် စလောင်းဖုံးတစ်ချပ် ဖြစ်ချင်လည်း ဖြစ်မည်၊ ပန်းတစ်ပွင့် ဖြစ်ချင်လည်း ဖြစ်မည်၊ ပုဂံမြို့ကြီး ဖြစ်ချင်လည်း ဖြစ်ပါလိမ့်မည်။ သေးဖွဲသည်၊ ကြီးကျယ်သည်မဟူ။ မရှက်မရွံ့သော စူးစမ်းမှုမျိုးဖြင့် စူးစမ်းကာ စာဖတ်သူအနေဖြင့် တစ်ခါမှ ဆက်စပ်မတွေးဖူးသော*

စာတမ်းအရေးအဖွဲ့ကို
ဖတ်ရသည်မှာ
စာကို
ဖတ်ရသည်နှင့်မတူ
အနီးတွင်
လူတစ်ဦးက
နှစ်သက်စဖွယ်
ကောင်းအောင်
အတွေးစဉ်
အမျှင်တန်းတို့ကို
ဆက်စပ်၍
ပြောနေသကဲ့သို့
ထင်ရသည်
ထို့ကြောင့်
စာတမ်း၏
အကြောင်းအရာသည်
ကိုယ်ရေးကိုယ်တာ
မဆန်သော်လည်း
စာတမ်းအဖွဲ့အနွဲ့
ပုံသဏ္ဌာန်မှာ
ကိုယ်ရေးကိုယ်တာ
ဆန်သည်

*အတွေးမျိုးကိုလည်း လင်းခနဲ လက်ခနဲ ပြနိုင်စွမ်းရှိပါသည်'* ဟု ဆရာ မောင်ခင်မင်(ဓနုဖြူ)က မိန့်ဆိုဖူးပါသည်။

ရသစာတမ်းရေးပုံနှင့် ပတ်သက်၍ မြန်မာစာပါမောက္ခ ဆရာမကြီး ဒေါက်တာ ခင်သန်းဦး၏အဆိုအမိန့်ကလည်း မှတ်သားစရာ ကောင်းလှပါသည်။

ရသစာတမ်းဟာ *'စာရေးသူရဲ့ စိတ်မှာ ထိတွေ့ခံစားရသည့်အတိုင်း အကြောင်းအရာတစ်ရပ်ကို ပေါ့ပေါ့ကလေး ရေးဖွဲ့ထားတဲ့စာမျိုးပါ၊ ရသစာတမ်းရဲ့သွင်ပြင်လက္ခဏာတွေကတော့ စာရေးသူ၏ ကိုယ်ရည်ကိုယ်သွေးပေါ်နေခြင်း၊ အကြောင်းအရာထက် အတွေးအမြင်ခံစားမှုကို အားပြုခြင်း၊ စာဖတ်သူကို ဆွဲဆောင်နိုင်တဲ့ စကားပြေအရေး[...] အဖွဲ့မျိုးဖြစ်ခြင်း၊ တိုတိုကျဉ်းကျဉ်း[...] ဖွဲ့ထားတဲ့ အရေးအဖွဲ့မျိုးဖြစ်ခြင်းတို့[...] ပါတယ်'* ဟူ၍ ရှင်းပြထားပါသည်။

ရသစာတမ်း ဆရာ ကြည်နိုင်[...] **မိုးမိုး(အင်းလျား)နှင့်** တွေ့ဆုံခြင်းမှာ[...] ပြောခဲ့သည်များကလည်း တန်ဖိုးရှိ[...] ပါသည်။ *'အက်ဆေးမှာတော့ ဝတ္ထု[...] တစ်ပုဒ်လို အတတ်ပညာဖွဲ့စည်းမှုအပိုင်း[...] က ထင်းမနေနိုင်ပါဘူး၊ ဒါဖြင့်ရင် အက်ဆေးမှာ စည်းဘောင်မရှိဘူးလား[...] တော့ အလွန်သိမ်မွေ့တဲ့ 'စည်း'ရှိတယ်[...] လို့ ဆိုချင်ပါတယ်။ ကဗျာရဲ့ ခံစား[...] ရသမျိုး၊ ဝတ္ထုတို့ရဲ့ရသမျိုးတွေလည်း[...] အက်ဆေးကောင်းတို့မှာ တွေ့နိုင်[...] မယ်လို့ ထင်ပါတယ်။ ခံစားမှုလှိုင်း[...] သဘော၊ လေးငြိမ်တဲ့ရစ်သမ်သဘော[...] အက်ဆေးမှာ ရှိနေတယ်လို့ ယူဆ[...] တယ်။ ဝေဖန်ရေးသဘော တွေး[...] မြော်မြင်မှုသဘော၊ ဒဿနသဘော[...] အနုပညာရဲ့ အသိမ်အမွေ့သဘော[...] ပေါင်းစည်းပါဝင်နိုင်ပါတယ်။ ဝတ္ထု[...] ကောင်းတို့မှာ ဖတ်ပြီးမှ အတွေး[...] လို့ ဆရာတို့က ဆိုကြပါတယ်။ အ[...] ဆေးကတော့ ဒီထက်ပိုနိုင်တယ်[...] ထင်ပါတယ်'* ကိုယ်တိုင်ဖန်တီးသူများ[...] သာ ခံစားနိုင်သော ခံစားမှုအမြင်များ[...] ဖြစ်ပါသည်။

❑

**ရသစာတမ်းနှင့် ရသခံစားမှု**

ရသစာတမ်းများကို ဖတ်ပြီး ခံ[...] ရပုံနှင့် ပတ်သက်၍မူ ဆရာ မြသန်း[...] က ဤသို့ ခံစားပြခဲ့သည်။

*'စာတမ်းအရေးအဖွဲ့ကို [...] သည်မှာ စာကိုဖတ်ရသည်နှင့်မ[...] အနီးတွင် လူတစ်ဦးက နှစ်သက်[...] ကောင်းအောင် အတွေးစဉ်အမျှင်တန်း[...] ကို ဆက်စပ်၍ ပြောနေသကဲ့သို့ ထ[...] သည်။ ထို့ကြောင့် စာတမ်း[...] အကြောင်းအရာသည် ကိုယ်ရေး[...] တာ မဆန်သော်လည်း စာတမ်း[...] အနွဲ့ ပုံသဏ္ဌာန်မှာ ကိုယ်ရေးကို[...] ဆန်သည်။ ပုဂ္ဂလိကသဘော[...]*

www.burmeseclassic.com

www.burmeseclassic.com

…သည်။ သူပြောပုံသည် ပရိသတ်ထဲတွင် …ပုံနှင့်မတူ၊ အချက်အလက်တို့ စီစဉ် … စာရွက်ကိုကြည့်၍ ပြောနေပုံနှင့် … လွတ်လပ်သည်။ သူ ပြောပုံသည် …လွတ်လပ်သည်။ ရင်းနှီးသည်။ ဟန် …ဆောင်မှု ကင်းသည်။

ရသစာတမ်းကပေးသောရသမှာ …လွမ်းလည်းမဟုတ်၊ စိတ်ညစ်စရာ …ည်းမဟုတ်၊ ဟာသလည်းမဟုတ်၊ …ဖြစ်သည်။ ရသစာတမ်းတစ်ပုဒ်ကို …ပြီး ပီတိမဖြစ်ရသည့်အခါဟူ၍ … ကြည်နူးစရာ၊ နှစ်သက်စရာ၊ တွေး …စရာ၊ ဆင်ခြင်စရာ၊ သတိရစရာ … ပေါင်းဆုံနေသော ပီတိတစ်မျိုးကို …ရသည်။'

ယခု တင်ပြခဲ့သော ဆရာကြီး၊ …ဆရာမကြီးများ၏ ရသစာတမ်းနှင့် …သက်သောသဘောထားများ၊ အယူ …အဆများ၊ အမြင်များ၏အနှစ်ကို ထင် …ဟပ်နေသော ဆရာ ဇော်ဂျီဖြစ်စေလို …သည့်ရသစာတမ်းအရေးအသား သဘော …တရားမှာ အလွန် အရေးကြီးလှပါသည်။ …ရသစာတမ်းရေးမည်၊ ဖတ်မည်ဆိုလျှင် မလုပ်မဖြစ်သည့် တွေးတောဆင်ခြင်ရမည့်အချက်များ ဖြစ်ပါသည်။

'အရေးအကြီးဆုံးဟု ယူဆသော အချက်သည် ဤစာစောင်၌ပါသော စာတမ်းအရေးအသားမျိုး၏ သဘောဖြစ်သည်။ ထိုသဘောတွင်လည်း အရေးအကြီးဆုံးဟု ယူဆသောအချက်သည် ရသဖြစ်သည်။ မည်သည့်ရည်ရွယ်ချက်ရှိရှိ၊ မည်သည့်အကြောင်းကိုရေးရေး၊ မည်သည့်ပုံသဏ္ဌာန်ကိုဖော်ဖော် ထိုစာမတိုမရှည်သည် စာဖတ်ပရိသတ်၌ နှစ်သက်မှုရသကို ဖြစ်စေသင့်သည်။ ရသဖြစ်သည်နှင့်အတူတကွ ဘဝ(သို့မဟုတ်) ပတ်ဝန်းကျင် အသိအမြင်ကိုလည်း ဖြစ်လာစေသင့်သည်။ ကဗျာကောင်းတစ်ပုဒ်ကို ဖတ်လိုက်ရသကဲ့သို့ ဖြစ်သင့်သည်။ ဤကား ဖြစ်စေလိုသော စာတမ်းအရေးအသားမျိုး၏ ယေဘုယျသဘော ဖြစ်သည်။'

**(ဝန်ခံချက်။ ။ ရသစာတမ်း၏သဘော၊ ရသစာတမ်း၏ရေးဟန်နှင့် ပတ်သက်၍ လေ့လာလိုသူများအတွက် ဆင်ခြင်စဉ်းစားနိုင်ရန် ကိုယ်ချင်းစာမှုစေတနာမှ ပေါက်ဖွားလာသောအသိဖြင့် မိမိလက်လှမ်းမီသလောက် လေ့လာထားမှုများကို စုစည်းတင်ပြလိုက်ခြင်း ဖြစ်ပါသည်။)**

■

**ညွန့်ဖူးဝေ၊ရွှေဦး၊**

*ကျမ်းကိုး။ ။*

*မြသန်းတင့်နှင့်*
*နိုင်ငံတကာ စာပေရှုခင်း။*
*ကုံကော်မြိုင်စာတမ်း။*
*မောင်ထင်ရဲ့စာတွေ၊*
*မောင်ထင်ရဲ့လေ*
*(မောင်ကြည်သန့်)*
*မြန်မာစာသင်ကြားရေး*
*(သန်းထွတ်)* (B.A,B.Ed)
*သက်တံရောင်ရသစာတမ်း*
*(ကြည်နိုင်)*
*ဆရာ ဇော်ဂျီနှင့်*
*ရသစာတမ်းရှင်တို့၏*
*တွေးဟန်နှင့် ရေးဟန်များ*
*(မိုးမြေ)*
*မြတ်ပညာဂျာနယ် (၃၀.၉.၂၀၁၃)*
*စံပယ်ဖြူမဂ္ဂဇင်း (၁၉၉၀ မတ်လ)*


ဘာသာစကား သင်တန်း

**English Language Classes**

**U San Lin Tun**

B.E (Metallurgy),Y.I.T
M.A(Thesis),ITBMU

**Basic English Conversation**
**Vocabulary Enrichment Course (Basic)**
**Phonetics**
**Basic Writing Course (Academics)**
**Advanced English/Creative Writing Course**

**Chinese Language Classes**

**Daw Moe Moe Lwin**

B.A (History)
Dip in Chinese ( Y.U.F.L )

နိုင်ငံခြားသွားမည့်သူများအတွက် စကားပြော (၂) လ နှင့် ပုံမှန် (ရေး၊ ဖတ်၊ ပြော ) တန်းခွဲသစ်ရှိသည်။ ကျောင်းသူ၊ ကျောင်းသား၊ ရုံးဝန်ထမ်းများအတွက် တရုတ်စာ **4 skills** တတ်မြောက်စေရန် သင်ကြားပေးသည်။

သင်တန်းတည်နေရာ

၃၃၇ (စတုတ္ထထပ်)၊ မဟာဗန္ဓုလလမ်း၊ (လမ်း – ၄၀ထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
✆ 01 245211, 01 251850, 09 49329071, 09 250280028





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အနွံလှိုင်းကြောင့် ရိုင်းရနှလုံးသား

ဒယ်အိုးထဲမှ ကြော်လှော်ပြီး ဆီစစ်ထားသော ငါးပိကြော်နှင့် ကြော်ပြီးငါးခြောက်ကြော်များကို အိတ်အကြည်ထဲ ထည့်ပိတ်လိုက်ရင်း အိမ်ရှေ့ခန်းမှတီးတိုးထွက် ငြင်းခုံသံတစ်စွန်းတစ်စဆီ အာရုံပျံ့လွင့်သွားသည်။

'အမေ့ဘာသာ အမေ အဲဒီလူကြီးကို သိပ်ကိုးကွယ်ချင်ရင် တခြားနေရာမှာသွားကိုးကွယ်။ ဒီအိမ်မှာတော့ လာမကိုးကွယ်နဲ့။ ဦးနဲ့အန်တီ မျက်နှာလည်း နည်းနည်းပါးပါးထောက်ဦး။ အခု ဦး ထောင်ကျနေတဲ့အချိန်မှာ ဒီလူကြီးတော်ကြောင်း ကောင်းကြောင်းတွေ အမေမို့ပြော ထွက်တယ်။ သမီးတို့မှာအော့နှလုံးနာလွန်းလို့။ ဒီလောက် လူမုန်းများတဲ့ဟာကြီးကို အမေတစ်ယောက်ပဲ ကြည်ညိုနေတာ သမီးဖြင့် နားကိုမလည်နိုင်ဘူး'

အစ်မဝမ်းကွဲ မနေခြည်၏အသံမှာ ဒေါသဖြင့် တုန်ယင်ကာ မာရေကျောရေရှိလှသည်။ နယ်မှ သူ့အမေ ဒေါ်ကြီးမြ တစ်ပတ်ဆယ်ရက်ခန့် ကျွန်မတို့အိမ် လာနေ

တိုင်း ယခုလိုပြဿနာမျိုးကြုံရတတ်သည်မှာ မဆန်းသော်လည်း ဧည့်သည်ဖြစ်ပြီး အိမ်ရှင်တွေကိုဂရုမစိုက်၊ သူ့အယူ သူ့အစွဲအတိုင်း တစ်ဖွတ်ထိုး ပြောတတ်သော ဒေါ်ကြီးမြက အလွန်စိတ်ပျက်ဖို့ကောင်းသည်။



မခေါ်ချင်လျှင်ရ၊
မတော်ချင်လျှင်မရ
ဆိုသည့်ဆိုရိုးအတိုင်း
အမေ့အစ်မရင်းမို့သာ
ဧည့်သည်အဖြစ် ကြိတ်မှိတ်
လက်ခံနေခြင်းဖြစ်ပြီး သူ့ပါးစပ်မှ ထွက်
ကျလာသည့် စကားလုံးတိုင်း ကျွန်မတို့မိသားစုအနေနှင့် အသည်းနာစရာတွေချည်း ဖြစ်လို့နေသည်။

'ဘာပဲဖြစ်ဖြစ်အေ၊ အဲဒီလို အမုန်းခံပြီး လုပ်သင့်လုပ်ထိုက်တာကို လုပ်နေတာကိုကလည်း တိုင်းပြည်ကို ချစ်လို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

> သူသည်
> မျက်နှာ
> ပြောင်တိုက်စွာ
> ကျွန်မတို့အနား
> ပြန်ရောက်
> လာပြီးသည့်
> သကာလ
> အပြစ်မဲ့သူ
> တစ်ဦးလိုပင်
> သူ့အတိတ်၏
> အရိပ်တွေ
> အောက်မှာ
> လိပ်ပြာလုံ့စွာ
> အပြုံးမပျက်ဘဲ
> သူ့အနာဂတ်ဆီ
> လျှောက်လှမ်းလျက်
> ရှိသည်

ညည်းတို့အားလုံး တစ်နေ့ကျမှ သူတို့စေတနာကို သိကြမှာ။ ငါကတော့ တိုင်းပြည် ကျွန်ပြန်မဖြစ်စေရဘူးဆိုတာ တစ်ခုနဲ့ကို သူတို့ကို လေးစားနေတာ'

သူ့စကားအဆုံးတွင် မနေခြည်ဆီမှ ဘာစောဒက တက်သံမျှ မကြားရသေးခင် စက်ချုပ်နေရာမှ ဝုန်းဆိုသည့် ကုလားထိုင်ကို နောက်သို့ဆွဲယူထလိုက်သောအသံနှင့်အတူ အိမ်ရှေ့ခန်းသို့ဆောင့်နင်းထွက်သွားသော မေမေ့နောက်ကျောကို မြင်လိုက်ရသည်။ မီးဖိုချောင်ထဲက ပန်းကန်တွေကို အသာထားခဲ့ပြီး မေမေနှင့်အတူ ကပ်လိုက်သွားကာ အခြေအနေကို စပ်စုလိုက်မိသည်။ အမေက ဒေါသကို ကြိုးစားချုပ်ထိန်းထားဟန်နှင့် ဒေါ်ကြီးမြကို ရင်ဆိုင်လိုက်ပြီး-

'မမမြ၊ မပြောချင်လို့ ငြိမ်နေတာကို ကိုယ့်ကိုယ်ကို ဟုတ်နေပြီလို့ ထင်မနေပါနဲ့။ ကိုလေးမရှိတဲ့ ဒီလိုအချိန်မျိုးမှာ ခုလိုစကားတွေ ဆက်ပြောနေဦးမယ်ဆို ကျွန်မအိမ် မလာပါနဲ့တော့။ ကြာရင် မမမြကို ကျွန်မ ဆက်သည်းခံနိုင်မှာ မဟုတ်တော့ဘူး'

အမေ့စကားအဆုံးတွင် ဒေါ်ကြီးမြ၏ မောဟမျက်လုံးများ အရောင်ပြောင်းသွားပြီး ပြေရာပြေကြောင်း လေပြေထိုးစကားလုံးများသာ သူ့နှုတ်မှ အလုအယက် ထွက်ကျလာသည်ကို တွေ့လိုက်ရသည်။

'ဩော် . . . ဘာရယ် မဟုတ်ပါဘူး သက်ရယ်။ မမမြကို စိတ်မဆိုးပါနဲ့။ သမီးကို လူကြီးသူကြီးတွေ မပြစ်မှားစေချင်လို့ ပြောတာပါ။ သက် မကြိုက်ရင်နောက် မမမြ မပြောတော့ပါဘူး'

အဲ့ဒီတုန်းကတော့ ထိတ်ထိတ်ပျာပျာပြောလာသော ဒေါ်ကြီးမြစကားကို ကျွန်မ ယုံကြည်မိခဲ့ဖူးသည်။ အမှန်က ထိုသို့မဟုတ်။ သူရန်ကုန်လာတုန်းခဏမှာ သူကိုးကွယ်သူကြီးနှင့် အပေါင်းအပါများ မတရားလုပ်နေသမျှ ဆန့်ကျင်မိ၍ ဒုတိယအကြိမ် ထောင်ထဲရောက်နေပြန်သော ဖေဖေ့အိမ်နှင့် မကင်းနိုင်သဖြင့် အလိုက်အထိုက် စကားလျှောချခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် သူတာဝန်မဲ့စွာ ပစ်ထားခဲ့သည်ကို ဖေဖေက ကျောင်းခေါ်ထားပေးသော သူ့သမီး မမနေခြည် နေထိုင်ရာဖြစ်သော ကျွန်မတို့အရိပ်မှာအတူ လာခိုနားခွင့်ရလိုသဖြင့် မေမေ့ရှေ့တွင် ထိုလူကြီးအကြောင်း ဆက်မပြောရဲခဲ့တာဖြစ်သည်။ မေမေအိမ်မှာ မရှိသည့်အချိန် မေမေ့ကွယ်ရာတွင်တော့ ကျွန်မတို့မိသားစု ယုံကြည်စွာ လျှောက်သောလမ်းနှင့်ဆန့်ကျင်ရာမှာ အမြဲရှိနေသော ထိုလူကြီးကို ချီးမွမ်းခန်းတို့ကို ကျွန်မတို့ကလေးတွေရှေ့မှာပင် တဖွဖွပြောဆိုနေတတ်သည်။ ထိုလူကြီးကို ချီးကျူးရဖို့ မမောနိုင်သလို ထိုလူကြီးတော်ကြောင်း ကောင်းကြောင်းတစေ့တစောင်း သိရလျှင်ပင် ထမင်းမေ့ဟင်းမေ့နားထောင်ချင်ကာ ထိုသူကြီးကို ပုတ်ခတ်ပြောဆိုသူများရှိလျှင်လည်း သူ့ကဆတ်ဆတ်ထိမခံ၊ စကားလုံး အကြီးကြီးတွေနှင့် ပြန်ရန်တွေ့တတ်သေးသည်။

သို့ဖြင့် ထောင်ကျနေသော မတ်ဖြစ်သူ အိမ်ပေါ်က ထမင်းကိုစားရင်း အားမနာပါးမနာဖြင့် အိမ်ရှင်နှင့် လက်တွဲဖော် လူမျိုးတွေအား နှိပ်စက်စော်ကားနေကျ ထိုလူကြီးမျိုးကို တဖွဖွချီးကျူးလေးစားသမုပြုနေသော ဒေါ်ကြီးမြလိုလူစားတွေ ကျွန်မတို့နိုင်ငံမှာ ဘယ်လောက်တောင်များနေမလဲလို့ တစ်ခါတစ်ရံ ကျွန်မစဉ်းစားကြည့်မိသေးသည်။ ထိုသို့စဉ်းစားလိုက်တိုင်းလည်း ကျွန်မအာရုံထဲ ဒေါ်ကြီး လေးစားကြည်ညိုသည့် ရီဝေဝေမျက်လုံးမျိုးနှင့် ရီတီတီအပြုံးတုတစ်ခုကို အမြဲတန်းဆာဆင်ထားတတ်သောသနားကမား[...] မျက်နှာဖြင့် ထိုလူကြီးကိုသာ[...] ဆက်စပ်မြင်ယောင်မိတတ်[...] လေသည်။

❑

ဖေဖေ့ဆီ နှစ်ပတ်တစ်[...] ခါ ထောင်ဝင်စာတွေ့ဖို့ မေမေ[...] သွားတိုင်း ကျွန်မက အမြဲ[...] အဖြစ် အမြဲလိုက်ပါတတ်[...] သည်။ မနက်ငါးနာရီ[...] ပန်းကန်များ ထုပ်ပိုး သ[...] ဆောင်ပြီး အင်းစိန်သို့သွား[...] မည့် ဘတ်စ်ကားဂိတ်အ[...] ကြွပ်ကြွပ်အိတ်ကြီးများ [...] မနင်းဆွဲပြီး လမ်းလျှောက်[...] အချောင်ဆုံးကား၏ ရှေ့[...] ဆုံးမှာ အမြဲနေရာယူ[...] သော ကျွန်မတို့သားအမိ[...] ဘတ်စ်ကားစပယ်ယာ[...] အများစုက မျက်မှန်း[...] နေကြသည်။ အင်းစိန်ထော[...] ရှေ့ဂိတ်သို့ရောက်လျှင်[...] ကျွန်မတို့လက်ထဲမှ [...] ထုပ်များကို ကူညီသ[...] ပေးကြသည်။ သားအမိ[...] ယောက် အထုပ်တွေကို [...] နှစ်ဖက်အပြည့် တရွတ်[...] နီးနီးဆွဲလျက် ထောင်ဝ[...] တွေ့ဖို့ စာရင်းပေးရန်[...] လက်မှနာရီက မနက် [...] သို့ ညွှန်ပြပြီးသားဖြစ်[...] ဖြစ်သည်။ ထောင်ဝ[...] စောစောတွေ့နိုင်ဖို့ ထော[...] ထဲသို့ မနက် အရုဏ်[...] ခင် ရောက်အောင်လာ[...] ပင် ဖေဖေနှင့် အစောဆုံး[...] ရသောအချိန်မှာ နေ့လယ်[...] နာရီ၊ နှစ်နာရီခန့်ဖြစ်[...] သည်။ ထို့ကြောင့် ထော[...] စာတွေ့သောနေ့မျိုးဆို[...] အဆာပြေစားဖို့ အာလူး[...] ပေါင်မုန့်၊ ဘီစကွတ်[...] မုန့်ပဲသရေစာများ [...]



www.burmeseclassic.com

www.burmeseclassic.com

သူလာတတ်ပေမဲ့ မေမေက ထိုနေ့မျိုးမှာ အစာစားဖို့ စိတ်ပေါ်တတ်သူမို့ ထောင်ဝင်စာနေ့တိုင်းလိုလိုပင် အမြဲ မနက်စာလွတ်စမြဲ ဖြစ်သည်။

တခြားယောကျ်ားတွေ အိမ်မှာမရှိတတ်သော ညနေလိုမျိုး၊ ညဦးပိုင်းလိုမျိုးအချိန်တွေမှာပင် မိသားစုနှင့်အတူ နေ့စဉ်လိုလို အိမ်မှာရှိနေခဲ့ဖူးသော အဖေနှင့်တွေ့နိုင်ဖို့အရေးကိုလို အုတ်တံတိုင်းအနီကြီးတွေဖြတ်ပြီး လာရလိမ့်မည်ဟု တစ်ခါမှ အိပ်မက်တောင်မက်ဖူးကြသူတွေမို့ ထောင်ဝင်စာတွေ့ရသည့်နှစ်တွေ တစ်နှစ်ပြီးတစ်နှစ်ကုန်သွားသည့်တိုင် ကျွန်မနှင့်ထောင်သည် မိမ်းမြဲစိမ်းနေသေးသည်။ နှစ်ပတ်တစ်ခါ ထောင်ပတ်ဝန်းကျင်မြင်ကွင်းမှာ ကျွန်မအတွက် ရိုးနိုင်အောင် စိတ်ဝင်စားရာကောင်းနေပြီး ထောင်ဝင်စာလာတွေ့ကြသူအသီးသီးတဲ့ အသွေးအရောင်၊ အဆင့်အတန်း၊ ပညာအရည်အချင်းများပါ ကွာခြားနေတတ်သော ထိုလူ့အသိုင်းအဝိုင်းလေးကို တွေ့တော့ ကျွန်မ အသိဉာဏ်လေးနှင့် မဆုံနိုင်အောင်အတွေးတွေ နယ်ချဲ့ခဲ့ဖူးသည်။

စိန်နားကပ်ကြီးတဝင်းဝင်း၊ ရွှေလက်ကောက်သံချွင်ချွင်နှင့် ကီမိုနိုဝမ်းဆက် အန်တီကြီးက ကျွန်မတို့မိသားစု ယုံယုံကြည်ကြည်လျှောက်နေသည့်လမ်းနှင့် ဦးတည်ချက်ချင်းတူသူမို့ မေမေ့ကို ဖေဖေ့အကြောင်းမေးရင်း သူ့ယောကျ်ား ဆရာဝန်ကြီး အကြောင်းတွေ ပြောပြတိုင်း ကျွန်မ စိတ်ဝင်တစား နားထောင်မိတတ်သည်။ သူ့နံဘေးက အန်တီရဲ့ယောကျ်ားကတော့ နာမည်ကြီးရှေ့နေဖြစ်ပြီး ချက်ဆိုနားခွက်က မီးတောက်တတ်ကြောင်း၊ စိတ်ကလည်း တိုလွယ်ကြောင်း၊ ယခုထောင်ထဲကနေပင် စိတ်မထင်ရင်မထင်သလို သူ့အပေါ် ဒေါသတကြီး ဆူပူကြိမ်းမောင်းတတ်ကြောင်း ရယ်စရာလုပ် ပြောနေပြန်သည်။ နောက်စာအုပ်ရောင်းသည်ဟုသိရသော ဘဘကြီးတစ်ယောက်ကတော့ သမီးကို ထောင်ဝင်စာလာတွေ့ရသည်မို့ သူကြုံတွေ့နေရတတ်သော အခက်အခဲတချို့ကို ပြုံးလျက်ပြောပြသည်။ အဖေနှင့် သမီးနှစ်ယောက်တည်းဘဝတွင် သမီးလေးထောင်ကျသွားတော့ တစ်ယောက်တည်းကျန်ခဲ့ကာ အိမ်နီးချင်းတချို့က သမီးထောင်ဝင်စာအတွက် ဝိုင်းဝန်းကူညီချက်ပြုတ်ပေးကြကြောင်း ပြောပြတတ်သည်။ ယိုင်နဲ့နဲ့ သူ့ခန္ဓာကိုယ်ကို ကျွန်မစိတ်မကောင်းစွာ လှမ်းကြည့်ရင်း သူချစ်မြတ်နိုးအားကိုးပုံပေါ်သည့် သမီးလေး မရှိချိန်တွင် တစ်ယောက်တည်း ဘယ်လိုများ ရှင်သန်နေထိုင်ပါလိမ့်ဟု စဉ်းစားမိတော့ အတွေးတွေ ပူလောင်မွန်းကျပ်သွားသည်။ ကျွန်မတို့အားလုံးတွင် မတူညီသော ဘယ်လိုဘဝမျိုးကပဲလာလာ တူညီသောခံယူချက်တွေ တစ်ထပ်တည်းကျနေတာမို့ ကျွန်မတို့၏မျက်ဝန်းများသည် ရာဇဝတ်ပြစ်မှုကြောင့် ပေးဆပ်နေရသော အပြစ်သားများကို လာရောက်တွေ့ဆုံပုံမျိုးမဟုတ်ဘဲ ယုံကြည်ချက်ဖြင့် ရပ်တည်နေသော ထောင်နံရံတွေထဲက ချစ်ခင်သူများထံလာရောက် အားပေးနှစ်သိမ့်ပုံမျိုးသာ ဖြစ်သည်။ မေမေ့ဆီတွင်လည်း ထိုမျက်ဝန်းများကို ကျွန်မတွေ့ရလေ့ရှိသည်။

ကျွန်မတို့ အဖေနှင့် ထောင်ဝင်စာတွေ့ခွင့်ရချိန်သည် ဆယ့်ငါးမိနစ်သာ ဖြစ်ပြီး အဲ့ဒီအချိန်လေးအတွင်း ကျွန်မတို့ ပြောသမျှအားလုံးကို ထောင်ဝန်ထမ်းများက တစ်လုံးမကျန် လိုက်မှတ်တတ်သည်မို့ စိတ်အနှောင့်အယှက် ဖြစ်ကြရသေးသည်။ ထို့ပြင် ကျွန်မတို့သယ်လာသောစားစရာတွေကို အထုပ်ဖြေပြီး တူနှင့်အတင်းမွှေကြည့်တာမျိုး၊ မယုံသင်္ကာပုံစံဖြစ်သော တင်းတင်းကျပ်ကျပ် စစ်ဆေးမှုများ ပြုလုပ်လျှင် မေမေကပြုံးသနားတက်မည်စိုး၍ သည်းခံတတ်ပေမဲ့ ရှေ့နေကတော်၊ ဆရာဝန်ကတော် အန်တီများကတော့ လုံးဝ သည်းမခံတတ်ပေ။

'နင်တို့တွေ တော်ရုံတန်ရုံပဲစစ်ပေါ့။ ဘာတွေများ လျှောက်မွှေနေတာလဲ' လို့ မေးတော့ သူတို့က မပွင့်တပွင့်ဖြင့် 'ဘိန်းတွေဘာတွေပါလာမှာစိုးလို့ပါ' ဟု ပြန်ဖြေသည့်အခါ 'ဟဲ့ ဘိန်းပါလာရအောင် အထဲက ဘယ်လိုလူမျိုးလဲ၊ ဘယ်လိုအတန်းအစားလဲဆိုတာ နင်တို့မသိဘူးလား' ဆိုပြီး အသည်းတဆတ်ဆတ်နာသည့် ဒေါသသံများဖြင့် တုံ့ပြန်သည်ကို ကျွန်မ အကြိမ်ကြိမ် နားစွဲခဲ့ဖူးသည်။

သံဆန်ခါနှစ်ထပ်ကြားမှ အဖြူဝမ်းဆက်နှင့် မြင်ရသော ဖေဖေ့မျက်နှာကိုမော့ ငေးရင်း ကျွန်မနှင့်မေမေက အထဲမှာ ဘယ်လိုနေရထိုင်ရသလဲလို့ မေးကြည့်တိုင်း 'အဆင်ပြေပါတယ်၊ စိတ်မပူပါနဲ့' ဆိုသော နှစ်သိမ့်စကားကိုသာ ကြားရတတ်လေသည်။ တချို့လူတွေဆီက တစ်ဆင့်စကားကြားရသည့် ဆယ်ပေပတ်လည်အခန်းထဲ ခရမ်းချဉ်သီးလုံးလောက် မီးလုံးမှိန်မှိန်အောက် ခြင်ထောင်မဲ့ ကွပ်ပျစ်ကျဉ်းလေးပေါ်တွင် ကွေးကွေးလေးအိပ်ပြီး နှစ်ဆယ့်လေးနာရီကိုစောင့်ဖြုန်းနေရသော ဘဝသည် မည်သို့ အဓိပ္ပာယ်ရှိနိုင်ပါမလဲ။ အဓိပ္ပာယ်မဲ့ဘဝထဲသို့ အရာရာကို စွန့်ပြီးတိုးဝင်သူတွေဟု ဖေဖေနှင့်သူ့လက်တွဲဖော်တွေကို ကျွန်မတို့ အပြစ်မတင်ရက်ပါ။ အပြစ်မတင်ရက်သည့်အပြင် အနာဂတ်လမ်းမှာ လက်တွဲညီညီ ယုံကြည်စွာ ဆက်ပြီးလက်တွဲလျှောက်နိုင်ဖို့မျှော်လင့်ခြင်းတွေက ကျွန်မတို့နှလုံးသားထဲတွင် ကိုယ်စီကိုယ်ငခိုအောင်းလို့နေသည်။

ဖေဖေ ထောင်ကျနေသည့် အချိန်ကာလအတွင်း ကျွန်မတို့ကို ကူညီစောင့်ရှောက်ဖို့ဟု အကြောင်းပြကာ ဒေါ်ကြီးမြတစ်ယောက် အိမ်ကို ပိုဝင်ထွက်လာသည်။ ထိုအချိန်များတွင် မေမေ့ရှေ့မှောက် မဟုတ်သော်ငြား ကွယ်ရာမှာဖြင့် သူကြည်ညိုရသူကြီး၏ဘုန်းတော်ဘွဲ့ ချီးမွမ်းခန်း အမြဲပါစမြဲပင်။ ဒေါ်ကြီးက ကျွန်မတို့လို အနာဂတ်မျိုးဆက်သစ်တို့၏ ပညာရေးအဆင့်အတန်း ပိုမြင့်လာတော့မည့်အကြောင်း၊ အဓိ



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်သွားရာလမ်းသည် အရင်ကလို ငြီးငွေ့ဖွယ်မဟုတ်တော့ဘဲ မြို့နယ်တိုင်းမှာ အဆင့်မြင့်အကြိုအပို့ကားများနှင့် ကျောင်းထဲအရောက်ပို့မည့်အကြောင်းများ ပြောတတ်လေသည်။ သရုပ်ပျက်ဝတ်ခွင့်မပေးဘဲ မြန်မာ့ရိုးရာအဝတ်အစားကိုသာ ဝတ်ဆင်ရပြီး ကွန်ပျူတာခန်း၊ လက်တွေ့သိပ္ပံခန်းတို့တွင် ကျောင်းသားကျောင်းသူများ စိတ်တိုင်းကျပညာသင်ယူနိုင်ပုံကို ဒေါ်ကြီးမြက သူကိုယ်တိုင် ပညာသင်ယူခွင့်ရသည့်အလား စကားကြုံတိုင်း ချီးမွမ်းခန်းဖွင့်ပြီးယင်းမှာ သူကြည်ညိုလေးစားသော လူကြီး၏အမြော်အမြင်ကြီးကြီးဖြင့် စီမံအုပ်ချုပ်မှုကြောင့်ဟုဆိုတတ်သေးသည်။

သက္ကရာဇ်ငါးခုကို အချိန်တရွေ့ရွေ့ တိုက်စားပြီးနောက် တစ်ခုသော နွေလယ်ခင်းတွင် ဖေဖေ အိမ်ပြန်လာနိုင်ခဲ့သည်။ ဖေဖေ မိသားစုထံ ပြန်ရောက်ပေမဲ့ သူယုံကြည်ရာလမ်းကို အန္တရာယ်တွေကြားမှ ဆက်လျှောက် နေစဉ်တွင် ကံဆိုးသော လက်တွဲဖော်တချို့မှာတော့ အရင်နေရာဟောင်း အင်းစိန်ထောင်ကြီးသို့ နောက်ထပ်တစ်ခေါက်မက ဝင်ချည်ထွက်ချည်သံသရာလည်လျက်ရှိနေသေးသည်။ မိသားစုတချို့မှာ ကစဉ့်ကလျားဖြစ်ကုန်ပြီး တချို့က ဟိုးအဝေးတစ်နယ်တိမ်းရှောင်ကြရသလို အချို့မှာ စားဝတ်နေရေးလှိုင်းထဲမြုပ်ချည်ပေါ်ချည် ကူးခပ်ရင်းအိမ်ထောင်ဦးစီးဖြစ်ခဲ့သူဆီသွားမတွေ့နိုင်တော့သောအဖြစ်မျိုးတွေလည်း ရှိသည်။

တစ်ဦးချင်း၏ ကိုယ်စီဘဝယန်းတိုင်တွေထက် အများပြည်သူ၏ဘဝမျှော်လင့်ချက်များစွာနှင့် ဆန္ဒတွေကြားထဲရှင်သန်နေကြသော လှုပ်ရှားရုန်းကန်ကြသူတွေကြားကသက်ပြင်းရှိုက်သံတွေကို ကျွန်မနှလုံးသားက ထိတွေ့ခံစားမိရင်း တစ်နေ့တော့ တရုတ်သိုင်းကားဇာတ်လမ်းရှည်များတွင်နောက်ဆုံးဇာတ်သိမ်းခါနီးကြည့်ရသော အကွက်မျိုးနှင့်ဆင်ဆင် ထူးဆန်းသော သတင်းတစ်ပုဒ်ကို ကြားရသည်။ ထိုကိစ္စသည် အိမ်ကိုရောက်နေသော ဒေါ်ကြီးမြအတွက် စုတ်တသပ်သပ်နှင့် ကြေကွဲစရာ သတင်းတစ်ပုဒ်ဖြစ်သွားသည်။ ယင်းသတင်းက သူလေးစားသော လူကြီးမိသားစုမှာ ကျွန်မတို့မိသားစုများ ကြုံရသော အဖြစ်ဆိုးမျိုး တန်ပြန်ကြုံရပြီး သူ့မိသားစုဝင်တိုင်းကံတူအကျိုးပေးဖြစ်ကာ ထောင်ဝင်စာတွေ့မည့်သူပင်မရှိသည့်အဖြစ်မျိုးပင်ဖြစ်ခဲ့ရသဖြင့်ဖြစ်သည်။ ဟိုးအရင်တုန်းကတော့ သူ့ကြောင့် လူပေါင်းများစွာ ဒုက္ခရောက်ခဲ့စဉ် ဒေါ်ကြီးမြတစ်ယောက် ဝမ်းနည်းရမှန်းမသိခဲ့သော်လည်း ယခုချိန်တော့ထိုလူကြီးအတွက် ဆွေမျိုးရင်းခြာတစ်ယောက် အကျဉ်းကျခံရသလို ဝမ်းနည်းပူဆွေးနေလေသည်။

'ငါ့မှာလေ စိတ်ကိုမကောင်းဘူး။ ဖြစ်မှဖြစ်ရလေ'

'ဒီအသက်ဒီအရွယ်မှာမှအေ၊ ခုလို ကံဆိုးရှာတာ တကယ်တရားကျတယ်' စသဖြင့် သူပြောနေပုံကပင် တကယ်တရားကျချင်စရာဖြစ်နေလေသည်။ မတရားမှုများကို အောင်ပွဲခံသလို လက်မ ထောင်ခဲ့သော ထိုလူကြီး၏ကျဆုံးခန်းတွင် ဒေါ်ကြီးမြလို ဝမ်းနည်းမျက်ရည်ဝေသူတွေ ဘယ်နှယောက်တောင်ရှိနေနိုင်မလဲ ကျွန်မ သိချင်မိသည်။ ထိုစဉ်က ကျွန်မရင်ထဲမှာ ထိုလူကြီးနှင့်ပတ်သက်ပြီးကြီးမားသော အမုန်းအာဃာတတွေနှင့် သူ့ကျဆုံးခန်းကို ကျေနပ်စွာအရသာခံကြည့်ချင်နေသူတစ်ဦးတော့မဟုတ်ခဲ့ပါ။ အကျဉ်းသားမိသားစုဝင်ဖြစ်ခဲ့ဖူးသမို့ လွတ်လပ်ခြင်း၏ အငွေ့အသက်ပျောက်ဆုံးသော၊ မွန်းကျပ်သိမ်ငယ်မှုများနှင့် ဖွဲ့စည်းထားသောသံတိုင်တွေကြား ငြီးငွေ့စွာနာရီတွေ ရေတွက်နေရသောဘဝမျိုးကို စာနာနားလည်နိုင်ပါသည်။ အရင်တုန်းကတော့ သူသည် အပြစ်မဲ့သူတို့ကို အမှောင်ချောက်ထဲအရောက် တွန်းပို့နိုင်ခဲ့သူ၊ အခုတော့ ကြမ္မာရဟတ်တစ်ပတ်အလည်မှာ ယင်းအမှောင်ထဲကျွမ်းထိုးမှောက်ခုံ ပြန်ကျသွားသူ။ ထို့ကြောင့် ကျွန်မမှာ ယင်းသတင်းကြောင့်ပျော်သည်လည်း မဟုတ်သလို အမှန်အတိုင်း ဝန်ခံရလျှင် ဝမ်းနည်းစိတ်မကောင်းဖြစ်သော ခံစားချက်မျိုးလည်း မဖြစ်ပေါ်ဘဲ အနည်းငယ် အံ့အားသင့်မိကာ ကံတရားအလှည့်အပြောင်းကိုသာ မယုံနိုင်သလိုဖြစ်ခဲ့သည်။ တစ်ချိန်တုန်းက သူ့အတွက် ပေးဆပ်ခဲ့ရသော လူတွေ၏နေရာသို့ အစားထိုးဝင်ရောက်သွားရသော သူ့အတွက် ထိုနေရာသည် အံဝင်ခွင်ကျဖြစ်နိုင်ပါ့မလား။ သူ့အတွက် အရာရာထိတ်လန့်

တုန်လှုပ်စရာ နှောင်တရစရာ
နေရာမျိုးဖြစ်နိုင်မလား။ သူ
ရင်ထဲ တစ်ခါမျှပေါ်ဖူးပုံမ
သော ကိုယ်ချင်းစာတရား
ဒီအချိန်မှာမှ ရုတ်တရက်
လည်ပေါ်ထွန်းလာနိုင်ပါ့မလား
စသဖြင့် တွေးချင်စရာတွေ
များနေခဲ့သည်။ သို့သော်
နောက်ဆုံးတော့ သူဘာတွေ
ဖြစ်နေနေ၊ ကျွန်မ မသိချင်
တော့သလို သိခွင့်လည်း
ပါစေနဲ့လို့ စိတ်ထဲကျိတ်
သိမ့်မိသည်။ ဖြစ်နိုင်လျှင်
ဘယ်တော့မှ ကျွန်မတို့အ
တွေထဲ သူပြန်မလာပါနဲ့
ဟုသာ ဆန္ဒပြုချင်မိပါသည်။

သို့နှင့် ကျွန်မ၏ ဘ
နေ့ရက်များတွင် ဘဝ
လမ်းအတွက် ကြိုးစား
စားဝတ်နေရေးအတွက်
ကန်ရင်း၊ ဝါသနာပါရာ
အနုပညာလမ်းကို စမ်းတ
ဝါးလျှောက်လှမ်းရင်းဖြတ်
ခဲ့ချိန်၊ တစ်နေ့မှာမေ့လျော့
သောသူ့အကြောင်း သတ
တစ်ရပ် လူ့သတင်း လူ
ဆောင်ကာ ကျွန်မဆီရော
ရှိလာသည်။ သူအိမ်
ရောက်လာပြီဟု ဆိုသည်
သူ့ဆီမှာဟိုးအရင်ကလို
လွှားမောက်မာမှု ရက်
ကြမ်းကြုတ်မှုတွေ မ
တော့ဘဲ သူ့အမှားတွေ၊
တွေကို အတိုင်းအတာ
ထိပေးဆပ်ပြီးပြီလို့ သူယုံ
နေပုံပေါ်သည်။ သူ့အ
တွင်တွေ့ရသော သူ့အ
သည်ကျန်ရှိနေမည့် သူ
လက်ကျန်နေ့ရက်တွေ
အသက်ဆက်ရပ်တည်
အတွက် လိပ်ပြာသန့်
အသက်ရှင်လိုပုံရသည်
က ပရဟိတဟူသော



www.burmeseclassic.com

www.burmeseclassic.com

အောက်တွင်သာ သူ ကျန်ရှိနေရက်များကိုကုန်ဆုံးလိုကြောင်း ပြောခဲ့သည်ဟုဆိုသည်။

ကျွန်မတို့၏ ဒေါ်ကြီးမြနှင့် သူ့လိုလူတချို့သည် ထိုလူကြီး၏အိမ်ပြန်ခရီးအတွက် ချက်ရည်ဝဲလျက် ဝမ်းသာလှိုက်လှဲစွာကြိုဆိုကြသည်။ ကျွန်မ၏ပတ်ဝန်းကျင်တွင် ထိုလူကြီးအတွက် မုဒိတာစကားတွေ အားမဆုံအောင်ကြားရစဉ်တွင် တစ်ချိန်က နာကျင်ခဲ့ဖူးသော အတိတ်နေ့ရက်များကို မေ့ပစ်နိုင်လွန်းသော လူတချို့ကို ကျွန်မ မယုံနိုင်အောင်အံ့သြမိတော့သည်။ သူတို့တွေသည် အမှားနှင့်အမှန်ကို ယုတ္တိရှိရှိ ခွဲခြားနိုင်သူတွေလား၊ ကိုယ်နှင့်တစ်ဘို့သာ သိသူများပီပီ အမှန်တရားအတွက် မရုန်းကန်ခဲ့ဖူးသည်မို့ မနစ်နာခဲ့ဖူးသူတွေလား၊ အတိတ်က အဖြစ်အပျက်တွေကို သိနားလည်သော်လည်း ကိုယ်တိုင် နစ်နစ်နာနာ မခံစားဖူးလေတော့ ဆောယောင် ခွင့်လွှတ်နိုင်စွမ်းကြီးမားလွန်းသူတွေလား။ ဘာပဲဖြစ်ဖြစ် ကျွန်မတစ်ယောက်တည်းအဖို့တော့ ထိုလူကြီးအိမ်အပြန် သတင်းကို ဘာခံစားချက်မှ မရှိသော သာမန်သတင်းတစ်ပုဒ်အဖြစ် နားထောင်နိုင်ခြင်းအတွက် ကိုယ့်ကိုယ်ကိုအံ့သြနေမိပါသည်။ ကျွန်မမှာ ဒီလူကြီးနှင့်ပတ်သက်ပြီး ခံစားချက်တို့သည် အေးစက်နေသော ရေခဲပြင်မှာ တည်ငြိမ်လျက်ရှိနေသည်။ အမုန်းလည်းမရှိ၊ ဒေါသလည်းမရှိ၊ အာဃာတလည်းမရှိ။ ထူးဆန်းလှစွာပင်။

သို့ပေမဲ့ ကျွန်မ၏ ထိုထင်မြင်ချက်တို့မှာ ယုတ္တိတန်သော မှားယွင်းသည့်အမှားများဖြစ်ကြောင်း မကြာမီအချိန်တွင် ကျွန်မခိုင်မာစွာ သိရှိရလေသည်။ သူသည်မျက်နှာပြောင်တိုက်စွာ ကျွန်မတို့အနားပြန်ရောက်လာပြီးသည့်သကာလ အပြစ်မဲ့သူတစ်ဦးလိုပင် သူ့အတိတ်၏အရိပ်တွေအောက်မှာ လိပ်ပြာလုံစွာ အပြုံးမပျက်ဘဲ သူ့အနာဂတ်ဆီလျှောက်လှမ်းလျက်ရှိသည်။

အခု ဆို လျှင် မီ ဒီ ယာတွေ ပိုမိုဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတချို့မှာ ကြားရသလိုပင် မှားယွင်းမှုတွေဖြစ် တိုင်းပြည်သူတွေ ကျေနပ်အောင် တောင်းပန်မှုမျိုးပြုလုပ်လေ့ရှိသည်မို့ ဘယ်အချိန်များ သူ့ဆီမှ တောင်းပန်သံကြားရမလဲလို့ ကျွန်မ တိတ်တဆိတ်နားစွင့်မိသည်။ သို့သော်လည်း သူ့ဆီမှ တောင်းပန်သံများ ဝေးစွ၊ ကံတရားကပဲ မျက်စိမှောက်များပြီး သူ့ကိုမြင့်ရာမှ နိမ့်ရာသို့ ဖွတ်တရွတ်ဆွဲချလိုက်ပုံမျိုး၊ တခြားလူမျိုး၏ အပြစ်တွေအတွက် သူကကူညီဆေးကြောပေးဆပ်ရသူမျိုးဖြင့် သူ့အပြုံးများမှာ ရက်ရွံ့ခြင်းကင်းမဲ့စွာ စာမျက်နှာများထက်မှာ ပြန်လည် အသက်ဝင်တောက်ပ လာသည်။ ကျွန်မ ရေးနေကျ အပတ်စဉ်ဂျာနယ်များမှာ မမြင်ချင်မှအဆုံး တွေ့နေရသော သူ့မျက်နှာ၊ ဖေ့ဘွတ်နှင့် တခြားသတင်းမီဒီယာများမှာ နေ့စဉ်လိုလို သတင်းကြီးနေသော သူ့အကြောင်းကြောင့် တည်ငြိမ်နေပြီဟု ထင်ရသော ကျွန်မနှလုံးသားရေပြင်တွင် ဒေါသလှိုင်း ကြက်ခွပ်လေးများ မရပ်မနားပြေးလွှားလှုပ်ရှားသွားကြသည်။

ကြည့်စမ်းပါဦး သူ့လိုလူအတွက် တခမ်းတနားနေရာ ပေးချင်သောဂျာနယ်များ၊ ဒေါ်ကြီးမြတို့လို သူ့ကိုဘုရားတစ်ဆူလို ကိုးကွယ်သောလူတွေ၏ ဖရဏာပီတိ ဂွမ်းဆီထိလောက်သည့် ကြည်နူးပီတိစကားသံများ၊ ဒီလူကြီး၏အမှောင်နေ့ရက်တွေအတွက် စုတ်တသယ်သယ်နှင့် သနားကြင်နာမဆုံးသောစကားသံများ၊ အဲ့ဒီစကားသံတွေ၊ ရုပ်ပုံလွှာအကြိမ်ကြိမ်မြင်တွေ့ရင်း ကျွန်မအံ့သြကြေကွဲမိသည်။ ထိုလူတွေသည် အတိတ်အိပ်မက်ဆိုးကြီးကို ကာလရှည်ကြာမဖြတ်သန်းခဲ့ဖူးသူတွေလို အရာရာကို မေ့လျော့ထားနိုင်ကြသည်။ နေ့သစ်တွေအတွက် ဘဝပေးရင်းနှီးခဲ့ရသော အချိန်တွေ၊ နေ့ရက်တွေ၊ အဖြစ်အပျက်တွေ အားလုံးတို့တွင် မပါဝင်၊ မပတ်သက်ဖူးသူတွေအဖို့တော့ ကျွန်မ ရင်ထဲမှ ခံစားရသော နာကျင်မှုဒဏ်ရာ အပိုင်းအစတွေကိုလည်း နားလည်သဘောပေါက်မည်မထင်။ ကျွန်မသည်လည်း ပတ်ဝန်းကျင်မှာ ရှိနေသော ဒေါ်ကြီးမြတို့လို လူတွေနှင့် ဒေါ်ကြီးမြနှင့် နှလုံးသားတူပုံရသောပေါ်ပင် ဂျာနယ်သမားတချို့ကြောင့် ကျွန်မရင်ထဲမှာ တည်ရှိနေသော ကျောက်ဖြစ် ရုပ်ကြွင်း အမုန်းတရားတို့သည် သက်ဝင်လှုပ်ရှားလာကာ ထိုလူကြီးပေါ်စုပြုံကျလာတော့သည်။

ထိုအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် အတိတ်ကဖြစ်ရပ်တွေနှင့် ပတ်သက်ပြီးဂျာနယ်စာမျက်နှာများမှ တစ်ဆင့် ထိုလူကြီး ဖြေရှင်းဖော်ပြချက်တွေနှင့်အတူ အတိတ်ပုံရိပ်တွေထင်ဟပ်ထားသည့် စာအုပ်ထွက်လာသည်။ ထိုစာအုပ်ကိုဖတ်ခွင့်ရလျှင် ကျွန်မဒေါသတွေကို ဖြေဖျောက်နိုင်မည်ထင်၍ တကူးတက ရှာဖွေဖတ်ခဲ့သည်။ သို့ပေမဲ့ ကျွန်မထင်သလို မဖြစ်ဘဲ မီးငြိမ်းစေလို၍ ဖျန်းခဲ့သောရေက ဓာတ်ဆီဖြစ်နေမှန်း နောက်မှ သိရသလိုမျိုး ထိုစာအုပ်ကို ဖတ်ခါမှ ဒေါသတွေပိုပြီး အလိပ်လိပ်တက်လာခဲ့ရသည်။ သူက သူ့အပြစ်တွေကို ဖုံးဖို့အတွက် သူ့ကြောင့် နစ်နာခဲ့ရသူများကိုပင် အားမနာပါးမနာ ဆက်အပြစ်တင်ထားသလို၊ မှားခဲ့သမျှကိုလည်း မတောင်းပန်၊ တိုင်းပြည်ကို သူတို့သားအဖညီအစ်ကိုတွေ ကယ်ခဲ့တယ်ဆိုသော လေသံဟောင်းကိုလည်း တစ်ပြားမျှ မလျှော့။

ဒီတော့ ကျွန်မဒေါသတွေဖြစ်ရင်းနှင့် အရင်ကမေ့ထားသော ကြေကွဲစရာပုံရိပ်တွေကို ပြန်မြင်ယောင်မိတော့သည်။ ထိုခံစားချက်များကို ပြေလိုပြေငြား စာတစ်ပုဒ်ကို ရင်ဖွင့်ပြီး ကျွန်မရေးလိုက်မိပါသည်။ ဒီစာကို တစ်နေရာမှာ ဖော်ပြခွင့်ရလျှင်ဖြင့် ရရှိသောစာမူခနှင့် အကုသိုလ်များလှသော ကျွန်မအတွက် ကုသိုလ်ကောင်းမှု တစ်ခုခုလုပ်ဦးမှဖြစ်မည်ထင်ပါရဲ့။ ထိုသို့လုပ်ဖြစ်ခဲ့လျှင်တော့ ယင်းရရှိလာသောကုသိုလ်အတွက် ထိုလူကြီးကို အမျှပေးဝေနိုင်လောက်အောင် ကျွန်မနှလုံးသားကို ကျွန်မ ပြန်ဆုံးမနိုင်လိမ့်မည်ဟု ထင်ပါသည်။ ■

စုသဲ့နေ

www.burmeseclassic.com

www.burmeseclassic.com




# ဆရာ ဗန်းမော်တင်အောင် အကြောင်း

**အောင်မိုးဆောင်း**

အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

အမှတ်တရစာစု

၁။

ရာစုနှစ်တစ်ခုမှာ မျိုးဆက်လေး
ရှိတယ်။ ၁၈၈၅ ခုနှစ်နောက်ပိုင်း ကိုလို
ခေတ်ကာစပြီး တို့အဘိုးတွေဟာ နယ်
ကို တော်လှန်လာခဲ့ကြတယ်။ အဖေ
လက်ထက်ကျတော့ အမျိုးသား
တာဝန်ကိုထမ်းဆောင်ခြင်းပြုခဲ့ကြတယ်
သားတို့ဟာ ဒီရာစု (၁၈၈၅-၁၉၈၅)
ခုနှစ်ရဲ့ နောက်ဆုံးမျိုးဆက်တွေပဲ။ အ
ဟာ သမိုင်းရဲ့ တာဝန်တွေကို ရဲရဲရင့်
ထမ်းဆောင်ခဲ့ကြတယ်။ အချို့ကျတော့
သမိုင်းတာဝန်ကို မကျေပွန်ကြဘူး။

လူတစ်ယောက်ရဲ့တန်ဖိုးဟာ
ဖြတ်သန်းကျော်လွှားနေတဲ့ခေတ်ကြီး
သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်း
တာဝန်တွေကို သူ ဘယ်လောက်သ
ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့အချက်
တိုင်းတာရမှာပဲ။

**ဗန်းမော်တင်အောင် မကွယ်လွန်မီ (၂၀.၁၀.၁၉၇၈ ရက်)က သူ့သား ပြောကြားခဲ့သည့် စကားရပ်အချို့ ကောက်နုတ်ချက် (နာရေးယပ်တောင် စာသားများ)။**

'ကျွန်မ သူ့ကို စောစောပိုင်း
အတော်ကလေး အထင်သေးခဲ့တယ်
သူ့ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ခဲ့တယ်
သူဟာ သူ့သားမယား၊ သူ့အိမ်ထောင်
ဂရုမစိုက်ဘူး။ သူ့နိုင်ငံရေး၊ သူ့စာ
ရေးနဲ့သာပျော်မွေ့နေခဲ့တယ်။ စီးပွား
တို့ ဘာတို့ဆိုတာကို လုံးဝ ထည့်မတွ
ဘူး။ ကျွန်မတို့ကတော့ ဝတ်တစ်လု
ပြုတ်တစ်လှည့်ပဲ။ ကျွန်မ သူ့အ
အတော် မကျေမနပ် ဖြစ်မိခဲ့တယ်။ အ
တော့ ကျွန်မမှာ မှားမှန်းသိရပါပြီ။ သူ
အခုလို ပြည်သူလူထုက လေးစား
ညှိမှန်းသိရတော့ ကျွန်မ ကြက်သီး
မိတယ်။ ဒီလိုပြည်သူလူထုရဲ့လေး
ကြည်ညိုမှုကို ကျွန်မအရင်ကအထင်
ခဲ့တဲ့ ငွေကြေးနဲ့ စီးပွားရေးနဲ့ ဝယ်လို့
ဘူးဆိုတာ ကျွန်မ အခုသဘောပေါက်
ပြီ။ သူ့အပေါ်လည်းအမြင်မှန်ရပါပြီ

**ဒေါ်ခင်ဦး (ဗန်းမော်တင်အောင် ဇနီး)၏စကားစုမှ။**

www.burmeseclassic.com

www.burmeseclassic.com

*တရားစောင့်သူကို တရားက ပြန်စောင့်သည်။*
*ပြည်သူကို ချစ်သူအား ပြည်သူက ပြန်ချစ်သည်။*
*လူကိုလေးစားသူအား လူက ပြန်လေးစားသည်။*
*ဤကား အလွန်ရိုးစင်းသော ဒဿနတစ်ရပ်ပင်ဖြစ်သည်။*
**ဝါရင့်-ဘာသာတရားနှစ်ခုဆုံခြင်း ဆောင်းပါးမှ**
**(မှုရင်း-မိုးဝေမဂ္ဂဇင်း၊ ဒီဇင်ဘာလ ၁၉၇၈)**

ပဲခူးစာတိုဖွားပေမင့် ဗန်းမော်ရောက်ကျောင်းသား၊ နံ့ရုံကပ်စာစောင် ကလောင် ...ည်တူကြောင့် ဗန်းမော်တင်အောင် ဖြစ် ...သူ၊ ဂေါ်ကီ၏ နင်းပြားဘဝသရုပ်ဖော် ...တွက်များကို နှစ်သက်သူ၊ ဘားနတ် ...၏ လှောင်ပြောင်ဟန်ကို မွေ့လျော်ဟန်ရှိသူ၊ ...လန်ဒန်၏ လူ့အားမာန်နှင့် အတည်အခံ့ ...လုံးအနှမ်းကို ခိုကိုးဟန်ရှိသူ၊ ပီမိုးနင်း၏ ...စာအရေးအသားကို လေးစားအားကျ ... လက်ဝှေ့ထိုးဒဏ်ကြောင့် အံကပ်သွား ...တပ်ထားရသူ၊ လူချောလူခန့် အရပ် ...င်း၊ မျက်လုံးမျက်ဖန်၊ နှာတံ၊ နှုတ် ...လှပမှုကြောင့် ဆရာ သုခကပင်လျှင် ... ဝတ္ထုကို ရုပ်ရှင်ဇာတ်ဆောင် မြင့်မောင် ...ဖြစ်ပြောရာ ရှက်တတ်မှုကြောင့်၊ ဝါသနာ ...ည်း မပါမှုကြောင့် သရုပ်ဆောင်မဖြစ်ခဲ့ ...။ အတ္တ(စိတ်)ဆို၍ မခင်ဦးကိုချစ်တဲ့ ...ချစ်တစ်ခုတည်းသာရှိခဲ့သူဟု ဥဒါန်း ...ဖူးခဲ့သူ။ သူ သူသည်ကား ကျွန်တော် ... ကြည်ညိုလေးစားပါသော **ပြည်သူ့ ...သတင်းစာဆရာ၊ ပြည်သူ့စာရေးဆရာ ...န်းမော်တင်အောင် (၉.၆.၁၉၂၀-၂၃. ...-၁၉၇၈)**၏ ရုပ်ပုံလွှာကားချပ်ပါ စာအုပ် ...မှ ကောက်နုတ်ထုတ်ပြမိသော စာစု ...ချို။ အဓိကကား ရွှေကျေးစာပေထုတ် ...ခွင့်ဖြင့် မြနန္ဒာစာအုပ်တိုက်မှ နှစ်ကြိမ် ...ဖြစ်ပြန်၍ ရိုက်နှိပ်ဖြန့်ချိလိုက်သော ...အုပ်ခံ့ခံ့လေး၊ စာမျက်နှာ ၂၄၀၊ တန်ဖိုး ၂၀၀၀(တံဆိပ် ရိုက်မင်)၊ C.I.P နံပါတ် ...၁၀ မဖြစ်အပ်၊ ၈၉၅-၈၀၉၂ ဖြစ်သင့်သည်။ (စာရေးဆရာ၊ ကဗျာဆရာ အရေ ...အတွက် သုံးဆယ်ခန့်ကို **ကလောင်စုံ**ဟု စာရေးသူအဖြစ် သုံးနှုန်းပြထားသည်။)




❑

၂။

မည်သို့ဖြစ်စေ ဆောင်းပါး ၂၄ ပုဒ်၊ ကဗျာ ၅ ပုဒ်၊ စာတမ်းတစ်စောင်၊ ...င်တာဗျူးတစ်ပုဒ်၊ စာမူဆောင်းပါး၊ ကဗျာအသစ်ချည်းတော့ မဟုတ် **ဗန်းမော် ...တင်အောင်ငြိုကာ**(လင်းလင်းစာပေထုတ်ဝေခွင့်ဖြင့် အားမာန်သစ်စာပေ၊ ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလထုတ်မှ စာမူအများစု ပါရှိထားကြောင်း သတိမူမိသည်။) ပုံးတွဲ ...က်နှာဖုံး၊ ကျောဖုံးပါ စာအုပ်နှင့် စာမူအသစ် အသစ်အချို့ကို စုစည်းပေးထား ...ခြင်းဖြစ်သည်။ အထူးပြုဖော်ပြစရာမှာ ဗန်းမော်တင်အောင်၏သမီးကြီး ဒေါ်တင်

သန်းယု (ဟိုတယ်/ခရီးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရာထူးမှ အငြိမ်းစား၊ ထွန်းဖောင်ဒေးရှင်း ၂၀၀၆ ခုနှစ် စာပေဆုရှင်၏ တင်သန်းယု(သမီးကြီး) ကလောင်အမည်ပါမူရင်းစာမူမှာ **စာရေးဆရာ၊ သတင်းစာဆရာ ဗန်းမော်တင်အောင်၏ ကွယ်လွန်ခြင်း ၂၅ နှစ်ပြည့် အမှတ်တရ လက်ကမ်းစာစောင်မှ**စာမူ (ထို့နောက် ၂၀၀၃ ဒီဇင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်းနှင့် မြားနတ်မောင် မဂ္ဂဇင်း ၂ စောင်လုံးတွင် ပြိုင်တူဖော်ပြထားခဲ့ဖူးသောစာမူ)တွင် ဆင်ဆာလား၊ ကွန်ပျူတာစာစီပုံနှိပ်မှုကြောင့်လား(ယခု မြနန္ဒာတိုက်ဖြန့်စာအုပ်၊ စာမျက်နှာ ၉၄ ပထမစာပိုဒ်အပြီးတွင် *'ပြည်ခွဲနေထိုင်စဉ် အဖေနှင့် အမေတို့ တွေ့ဆုံကြပြီး ညနေ ရောက်ပါက ဖေဖေက မေမေ့ပခုံးကို*



www.burmeseclassic.com

www.burmeseclassic.com

*ဖက်၍လှုပြတ်သော ဧရာဝတီမြစ်ကမ်းဘေးရှိ ချောက်ကမ်းပါးကြီးပေါ်တွင်* ... *ယောက်သားလမ်းလျှောက်စကားပြောနေကြသည်ကိုလည်းမျက်လုံးထဲတွင် မြင်ယော*... *နေသည်။* ' ဟူသော စာပိုဒ်ကျန်ရစ်နေပါကြောင်း ဖြည့်စွက်ပါရစေ။(စကားချပ်...

အမိကအားဖြင့် ယခု မြန်နှာတိုက်ထုတ်(ပူးတွဲမျက်နှာဖုံး၊ ကျောဖုံး)စာအုပ်... **ဗန်းမော်တင်အောင်နှင့် လင်းယုန်မောင်မောင်တို့တွေ့ဆုံခြင်း**(အင်တာဗျူး... မူရင်း-လမ်းစဉ်သတင်းစာ၊ တွဲ ၂၊ အမှတ် ၄၊ ၂၇.၈.၁၉၆၀၊ စနေနေ့ထုတ်)နှင့် ... **မီယာ နန်းတွင်းလုပ်ကြံမှုကြီး၊ ဆင်သေကို ဘယ်သားရေနှင့်ဖုံးကြဦးမည်နည်း** (... ယုန်ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၊ ... ၁၉၅၈၊ ဆောင်းပါးအစဉ်းဖော်ပြချက် ... တစ်မျက်နှာ) အပါအဝင်သတင်း ... များမှာ ဆရာ ဗန်းမော်တင်အောင်အ... တကယ့်အမှတ်တရသက်သေကောင်း... ပဲ မဟုတ်လား။

'*ကျွန်တော့်မှာ အပြစ်မရှိဘဲ ရှို...* *လို့တော့ ဝန်မခံနိုင်ပါဘူး။ တကယ်...* *ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်ရှိတယ်...* *ယုံကြည်ယူဆရင် ကျွန်တော်ကိုယ်တိုင်...* *တိုင်းပြည်ကိုဝန်ခံပါ့မယ်*' ဟူသော ဗန်း... တင်အောင်၏ ယုံကြည်ချက်စာသား... လေးစားအားကျအပ်စရာပင်။

❑

၃။

ဆရာ ဗန်းမော်တင်အောင်တွင် ... **အောင်**ဟူသော ကလောင်အမည်ကွဲ... သာမက (မောင်တင်အောင်ဟိုက်... ကျောင်း၊ ရန်ကုန်-မည်သော အ... ကလောင်အမည်၊ မောင်တင်အောင်အ... ရင်း ကလောင်အမည်တို့ ရှိခဲ့ဖူးပါသည်... ဇာတာအမည်ကား မောင်တင်ဦး၊ ... နေ့ဖွားဟူ၏။ စကားချပ်။) အယ်ဒီ... ပီသစွာ အမည်မခံဘဲ ရေးခဲ့မှု၊ အယ်ဒီ... အာဘော် အလားစာမှုများလည်းရှိခဲ့သ... ဆရာ့ဘဝတွင် စာပေဆုအဖြစ် ၁၉... ပြည့်နှစ် စာပေဗိမာန်(စာ ပေ)ဆုတွင် **...** **လင်း၏ အရိုင်းစံပယ်** ဝတ္ထုရှည်နှင့်... ဆရာ၏ **မမကြီး** (ဝတ္ထုရှည်၊ မြင့်မိုရ်... 




တိုက်ထုတ်စာအုပ်၊ စာမျက်နှာ ၂၈၀၊ စာအုပ် တန်ဖိုး ၂ ကျပ်)စာအုပ်... ပူးတွဲချီးမြှင့်ပေးခဲ့ဖူးပါသည်။ မြန်မာဝတ္ထုရှည်ကဏ္ဍအတွက် မြန်မာ့အိမ်ထောင်... ရသဇာတ်လမ်းဖြစ်သော **မမကြီး** အမိကဇာတ်ဆောင်၊ ပင်ကိုရေးဝတ္ထုရှည်ကို **Y...** **at heart** (အမေရိကန် ?)နိုင်ငံခြား ရုပ်ရှင်ဇာတ်လမ်းတစ်ခုမှ အတွေးပွားရေးသ... သော **အောင်လင်း၏အရိုင်းစံပယ်** ဝတ္ထုနှင့်ယှဉ်၍ ဆုပူးတွဲပေးအပ်သဖြင့် ... မနပ်ဖြစ်ကာ ဆုလက်ခံရယူခြင်းမပြုလုပ်ခဲ့ဟု သိမှတ်ဖူးပါသည်။ ပိုမိုသိရှိ... ဖွင့်ဟသင့်ပါပြီဟုသော အဆိုပြုတင်ပြပါရစေ။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဖြစ်စေ **ဗန်းမော်တင်အောင်ဋီကာ**စာအုပ် (၂၀၀၀ ပြည့်နှစ် အောက်တိုဘာ ...)မှ ဒဂုန်တာရာ၊ ပါရဂူ၊ မြသန်းတင့်၊ နတ်နွယ်၊ လေထီး(ဦး)အုန်းမောင်၊ ...တာဆွေ၊ မောင်ညိုပြာဟူသော စာရေးဆရာတို့သည် ယခု မြန်နွှာတိုက်ထုတ် ...သူ့သတင်းစာဆရာ၊ ပြည်သူ့စာရေးဆရာ ဗန်းမော်တင်အောင်စာအုပ်တွင် ...ည်ဖော်ပြခံရရာ၌ ဒဂုန်တာရာ (ကလောင်ကွဲ ၅၅ ခုအထိ တိကျစွာ သက်သေ ...ပါသော ရန်သူမရှိ၊ မိတ်ဆွေသာရှိပြီး ကွယ်လွန်ရှာခဲ့သူ၏ ကလောင်ကွဲတစ်ခု ...အဝင်) စာမူ သုံးပုဒ်ပါရှိလာသည်ကို တွေ့ရှိရသည်။ အထူးသဖြင့် ဗိုလ်မှူး ...ဟောင်း ကျော်ဇော၊ တိုက်ပွဲဝင် ရဲဘော် ...ဦး(အရှည်ဆုံးစာမူရှင်၊ သမိုင်းဝင် ...လေးဆယ်တိုက်ပွဲဖြစ်စဉ်များဖြစ်၍ ...သင့်အပ်သောဖြစ်စဉ်များဟုဆိုချင်သည်။ ...သူတိုက်ပွဲဝင် ရဲဘော်တစ်ဦးမှာ မည်သူ ...သိမ့်။ ပွင့်လင်းမြင်သာလာပါသော ...ကာလမှာ အဘယ်သူဟု သိရှိထားနှင့် ...တို့က ဖော်ထုတ်ဖွင့်ဆိုအပ်ပြီ ထင်ပါ ...ည်။ စကားချပ်။)၊ ဇော်ဝင်းကို၊ မြတ်နိုး၊ ...အောင်မော်(ဗန်းမော်တင်အောင်၏ နောက် ...သက်ရာ၊ ဗန်းမော်တင်အောင် မမြင်သွား ...သော မူလ မိုးဝေမဂ္ဂဇင်းရှိ ဘာသာပြန် ...၊ ဂျက်လန်ဒန် သူ့ဘဝ သူ့စာပေစာအုပ် ... အမှာစာကောင်း၊ အမှာစာရေးသူ ဆရာ ...အောင်မော်၏ စာကိုဖတ်ခြင်းနှင့် လူကို ...တ်ခြင်းခေါင်းစဉ်ပါစာမူ၊ ဗန်းမော်တင် ...အောင်၏ စာရေးဆရာဘဝ တကယ့်ရုပ်ပုံ ...ွာ စာမူသန့်သန့်လေး။ သူ့ဇာတ်ကောင်၊ ...ဝတ္ထု၊ သူ့စာရေးဆရာ လုံးချင်းစာအုပ် ...၁၉၇၇)ကိုပါ တွေးမြင်နိုင်စရာပါတကား။ ...ကားချပ်)စသူတို့၏ စာများကလည်း ...သမားတို့ အကြိုက် ဖြစ်ထိုက်ကြမည် ...င်ပါသတည်း။

❑

၄။

အပြီး နိဂုံးအဖြစ်မူ ယခုမြန်နွှာ စာအုပ် တိုက်မှ စီစဉ်ဖြန့်ချိလိုက်သော **ပြည်သူ့သတင်းစာဆရာ၊ ပြည်သူ့စာရေးဆရာ ဗန်းမော်တင်အောင်** စာအုပ်တွင် ဤစာရေးသူ အထူးနှစ်သက်မိသော စာမူတစ်ပုဒ်ကို အထူး ပြည့်ညွှန်းဆိုပါရစေ။ ဟာသဝိဇ္ဇာသာမက ဘဝသရုပ်ဖော် ဝတ္ထုတိုကောင်းများစွာကို ရေးသားသွားနိုင်ခဲ့သော စာပေဆုများရှင်(သုံးဆုရှင်)ဆရာ သော်တာဆွေ (၂၆.၅.၁၉၁၉-၄.၃.၁၉၉၅)၏ ဗန်းမော်တင်အောင် (အမည်ပါစာမူ၊ မူရင်း ရှုမဝရုပ်စုံမဂ္ဂဇင်း ၁၉၇၈ ဒီဇင်ဘာလထုတ်တွင် ဖော်ပြခဲ့သည်ကို သော်တာဆွေ စာစုစာရင်းနှင့်ပင် တိကျစွာ စိစစ်နိုင်သည်။) စာမူကောင်း စာအုပ်စာမျက်နှာ ၈၃-၉၂ အထိ ရေးပြထားရာတွင် စာမျက်နှာ ၉၁ ရှိ(ဒီမှာဗျ ကိုတင်အောင်-အစချီမှသည်) စာမျက်နှာ ၉၂ ရှိ (လူသေ လူဖြစ်သတဲ့ဗျာ/ အဲဒါ မသေချာဘူး၊ ပြာဖြစ်တာကတော့မဟာအစစ်ပဲဗျို့




အထိ) ဆရာသော်တာဆွေ၏ကဗျာဆန် သော၊ ကာရန်ပါစကားပြေကို ရှာဖွေ ကာ ဖတ်မိပါလျှင် ပြုံးတမြမြဖြစ်စရာမို့ စာအုပ်ကိုသာ ရှာဝယ်ဖတ်ရင်း ဆရာ ဗန်းမော်တင်အောင်အကြောင်း ကောင်း ကောင်း အတွေးရသပွားတတ်ကြစေသ တည်း။ ၁၉၂၀ ပြည့်နှစ် အမိရန်ကုန် တက္ကသိုလ်၏ရာပြည့်ကာလများနှင့်အပြိုင် မမေ့နိုင်၊ မမေ့အပ်သော၊ လေးစားကြည် ညိုဖွယ်ရာ စာရေးဆရာ၊ သတင်းစာ ဆရာကောင်း ဗန်းမော်တင်အောင်၏ ရာပြည့်နှစ်၊ ရက်လများ (၂၀၂၀ ပြည့် ကာလများ)သို့ အမှတ်တရ ရည်ညွှန်း အပ်ပါကြောင်း။ ■ **အောင်မိုးဆောင်း**



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပြင်ပေါ်မှာ

မောင်ကိုကို
(အမရပူရ)




၁။
အမေ့ကို
ကျွန်တော် သတိထားပြီး
ကြည့်မိသည်။
အမေသည်
ပျော်ရွှင်ဟန်လည်းမပြ။
ဝမ်းနည်းဟန်လည်းမပြ။
အမေ ဘာစကားမျှမဟ။
လုံးဝ နှုတ်ဆိတ်သွား၏။
ကျွန်တော်တို့ ညီအစ်ကို
မောင်နှမတွေကို
ဆုံးမသွန်သင်မှုလည်း
အမေမပြုတော့။
အမေက
အမေ့တာဝန်များကို
ယူထားသည်။
□
၂။
လှေပြုလုပ်သူထံမှာ
အမေက သူ့အတွက်
အပေါ့စား တစ်ယောက်စီး
သစ်ထွင်းလှေကလေး
မှာကြား၏။
အဝါရောင်သစ်လုံးကို
ထွင်းပြီး ပြုလုပ်ထားသော
လှေကလေးသည်
လှလှပပ အကောင်အထည်
ပေါ်လာသည်။
ကျွန်တော်က
ထိုလှေကလေးကို
တအံ့တသြ ကြည့်နေမိ၏။
"ဒီလှေနဲ့ ရှင်က
ဘယ်လိုများ အချိန်တွေ
ဖြုန်းတီးပစ်မှာလဲ။
ငှက်ပစ်မှာလား။
ငါးဖမ်းမှာလား"
အမေကတော့
အမေ့ကိုလည်း
ဘာမျှ ပြန်မပြော။
ကျွန်တော်တို့လည်း
လှေကလေးနှင့်ပတ်သက်ပြီး
ဘာမျှပြောမပြ။
□
၃။
အမေ၏ လှေကလေး
မြစ်ကမ်းစပ်မှာ အဆင်သင့်
ဖြစ်နေသည့် နေ့ကလေးကို
ကျွန်တော့်ဘဝတွင်
အမြဲမှတ်မိနေမည်။
အမေက သူ့ဦးထုပ်ကို
ကောက်ဆောင်းလိုက်၏။
ကျွန်တော်သည်
အမေ့၏ ဆုံးမစကားလေး
တစ်ခွန်းလောက်ကိုတော့
မျှော်လင့်နေမိသည်။
အမေက နှုတ်ခမ်းများကို
သွားနှင့် ကိုက်ထား၏။
"ရှင် သွားတော့မယ်ပေါ့
နော်"
အမေက ဘာမျှမပြောပါ။
အမေက အမေ့အစီအစဉ်ကို
သိနေသလိုပင်။
"ရှင် အဲဒီမှာပဲ
နေတော့မှာပေါ့၊
ဟုတ်လား"
အမေ နှုတ်ဆိတ်နေသည်။
"ရှင် ဘယ်တော့မှ
အိမ်ကို ပြန်မလာ
တော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဖေက ကျွန်တော့်မျက်နှာကို တစ်ချက်ကြည့်သည်။ အဖေ့အကြည့်ထဲမှာ တောင်းပန်ခြင်းအရိပ်များ ထိုးကျနေ၏။ ကျွန်တော်သည် အဖေ့ကို အားနာသွား၏။ ကျွန်တော်သည် အဖေနှင့်အတူ ကမ်းစပ်ဆီသို့ လိုက်လာမိ၏။

'ကျွန်တော်လည်း အဖေနဲ့အတူတူ အဖေ့လှေကလေးနဲ့ လိုက်ခဲ့မယ်။ ဘယ်လိုလဲအဖေ။ ဖြစ်တယ်မဟုတ်လား'

အဖေက ကျွန်တော့်သဘောထားကို နားလည်ဟန်ပြသည်။ ပြီးတော့ လက်ကာပြ၏။

ကျွန်တော်သည် မြစ်ကမ်းစပ်က သစ်ပင်လေးတစ်ပင်အောက်မှာ ရပ်နေမိ၏။ အဖေက လှေကလေးရှိရာသို့ ဆင်းသွားပြီ။ လှေကလေး၏ ကြိုးကို အဖေဖြုတ်ပြီ။ အဖေသည် လှေကလေး၏ ပဲ့ပိုင်းမှာ ထိုင်ကာ တက်ကိုကိုင်ပြီး လှော်ခတ်သွားပြီ။

မြစ်ရေပြင်ပေါ်မှာ အဖေ၏အရိပ် ထင်ဟပ်နေသည်။ အဖေနှင့်အတူ ရေပြင်ပေါ်မှ အရိပ်က ကျွန်တော်နှင့် ဝေးကွာသွား၏။ မိကျောင်းတစ်ကောင် မြစ်ထဲဆင်းပြီး ကူးသွားသလို အဖေသည် လှေကလေးကို လှော်ခတ်သွားသည်။

❑

၄။

အဖေသည် ကျွန်တော်တို့မိသားစုထံသို့ တစ်ခါတစ်ခေါက်မှ ပြန်လှည့်မလာခဲ့ပါ။ ကျွန်တော်တို့ရွာမှာ၊ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မည်သူမျှ အဖေကဲ့သို့ မပြုမူပါ။ အဖေ့အကြောင်းကို ရွာက လူများက ပြောဆိုနေကြသည်။ အမေသည် ငြိမ်ဆိတ်သွား၏။ ဆွေမျိုးများက ကျွန်တော်တို့အိမ်သို့ရောက်လာကြသည်။ အဖေ့သတင်းကိုမေးကြသည်။

'စားစရာပြတ်ရင် ပြန်လာမှာပါကွာ'

ကျွန်တော့်ဘကြီးက ပြောသည်။

ငါးဖမ်းသမားများ၊ ငှက်ဖမ်းသမားများ၊ ထင်းဆယ်သူများက မြစ်ထဲမှာ အဖေနှင့် အဖေ့လှေကလေးကို တွေ့မြင်ကြရသည်။

'မြစ်ထဲမှာ ဦးတည်ရာမဲ့ လျှောက်လှော်နေတာ ငါတို့သူ့လှေအနား ကပ်လို့မရဘူး။ ငါတို့ကို မြင်ရတာနဲ့ သူ့လှေကို အတင်းလှော်ခတ်ပြီး ပြေးတော့တာပဲ'

သူတို့က ပြောကြသည်။

အဖေ ဘယ်အထိ လှော်ခတ်နေမှာလဲ။

❑

၅။

အဖေ့အတွက် မြစ်ပြင်ထဲမှာ စားစရာရိက္ခာ ပြတ်မသွားနိုင်ပါ။ ကျွန်တော်သည် ကမ်းစပ်သို့ သွားပြီး အဖေမြင်အောင် လက်ထဲမှ စားစရာများကိုပြသည်။ ပြီးတော့ ကမ်းစပ်က ချုံပုတ်ပေါ် ကျွန်တော် တင်ထားခဲ့၏။ အဖေသည် ကျွန်တော်ရှိနေလျှင် လာမယူပါ။ လူလစ်လျှင် ကျွန်တော်ချထားခဲ့သော စားစရာကို သုတ်ခနဲ ယူဆောင်သွားတတ်ပါသည်။ ကျွန်တော် ဤသို့လုပ်နေမှန်း အမေ သိပါသည်။ အမေက မသိဟန်ဆောင်နေ၏။ ကျွန်တော် ယူဆောင်နိုင်အောင် အမေက မီးဖိုချောင်ထဲမှာ စားစရာတွေကို ပိုပိုလျှံလျှံ ချန်ချန်ထားတတ်သည်။ အဖေနှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ သင်္ကေတဆန်နေ၏။ ထိုဆက်ဆံရေးကို အမေက ဝင်ရောက်ကူညီအားပေးနေခြင်းကလည်း သင်္ကေတဆန်နေပြန်၏။

❑

၆။

ကျွန်တော်တို့ အိမ်က လယ်ယာလုပ်ငန်းကို ဦးလေးက ဝင်လုပ်ပေးနေ၏။ ကျွန်တော်ကလည်း ကျောင်းသွားမြဲ သွားနေသည်။ အမေက လူရင်းတွေကို မြစ်ပြင်ဆီသို့ စေလွှတ်ပြီး အဖေ့ကို ပြန်ခေါ်ခိုင်းသည်။ အဖေကတော့ သူ့လှေအနားသို့ အခြားလှေ အကပ်မခံ။ အဖေသည် မြစ်ထဲမှာ လှစ်ခနဲ လှစ်ခနဲ ပျောက်ပျောက်သွားသည်ဟု သူတို့က ပြန်ပြောကြ၏။

နေ့များ၊ ညများ၊ နေရောင်၊ လရောင်၊ မိုးရေ၊ နှင်းစက်၊ မိုးသက်မုန်တိုင်း၊ လေပြင်း၊ မိုးခြိမ်းသံ အားလုံးကို အဖေက သူ့ဦးထုပ်ကလေးတစ်လုံးနှင့် ခံယူနေရှာသည်။ အဖေသည် ညအိပ်လျှင်လည်း သူ့လှေကလေးပေါ်မှာပင် အိပ်သည်။ နေ့မှာလည်း သူ့လှေကလေးနှင့် ဦးတည်ရာမဲ့ လှော်ခတ်နေသည်။ ကျွန်တော်ကတော့ မြစ်ကမ်းစပ်က ကျောက်တုံးကြီးပေါ်မှာ [illegible] အဖေ့အတွက် အဝတ်အထည် [illegible] စားစရာ ရိက္ခာခြောက်[illegible] ချပေးထားမြဲပါ။ အဖေသည် [illegible] ကျွန်တော် ချပေးထား[illegible] စားစရာများကို အကုန်အ[illegible] ယူသွားလေ့ မရှိပါ။

ကျွန်တော်သည် သ[illegible] ပင်ချုံနွယ်များကို အ[illegible] အကွယ်ယူလျက် ကျွန်တော်[illegible] အဖေကို ပုန်းလျှိုးကွယ်လျှို[illegible] ကြည့်တတ်သည်။ အဖေ [illegible] ကျသွားသည်။ အဖေ့ဆံပင်[illegible] များသည် ရှည်လျားလာ[illegible]

'မင်းလည်း မင်းအဖေ[illegible] တူတူလာတယ်'

သူငယ်ချင်းများ[illegible] ကျွန်တော့်ကို ပြောသည်[illegible] ကျွန်တော့်စိတ်ထဲမှ ဒ[illegible] ကို ကျွန်တော်ပဲသိ၏။ [illegible] တော့်ခံစားချက်ကို သူ[illegible] ချင်းများအား ကျွန်တော်[illegible] ပြောမပြပါ။

❑

၇။

ကျွန်တော့်ညီမ[illegible] မင်္ဂလာဆောင်သွားသည်[illegible] ညီမလေး၏ လက်ထပ်မင်္ဂလာ[illegible] ပွဲတွင် မိသားဖသား စုံ[illegible] စေချင်၏။ အဖေကတော့[illegible] မြစ်ထဲမှာ။ မြစ်ရေပေါ်မှာ[illegible] ညီမလေး၏ မင်္ဂလာပွဲ[illegible] ကိတ်မုန့်များကို ကျွန်တော်[illegible] နေကျနည်းအတိုင်း မြစ်ပြ[illegible] ပေါ်မှ အဖေ့ထံသို့ ရော[illegible] အောင် ပို့နိုင်ခဲ့သည်။

အဖေသည် အိမ်[illegible] အေးအေးဆေးဆေး နေ[illegible] အသက်အရွယ်မှာ ဘာ[illegible] များ မြစ်ပြင်ပေါ်မှာ [illegible] ယောက်တည်း နိစ္စဓူဝ [illegible] သန်နေပါလိမ့်။ အဖေ[illegible] ဤဒုက္ခကြီးကို သ[illegible]



www.burmeseclassic.com

www.burmeseclassic.com

များ ရွေးချင်ပါလိမ့်။

ဤသို့ဖြင့် ကျွန်တော့် ညီမလေးသည် သားဦးလေး မွေးဖွားလာသည်။

တစ်နေ့တွင် ညီမလေး က အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။ ညီမလေးတို့ ဇနီးမောင်နှံရယ်၊ ကျွန်တော်ရယ်၊ သားဦးလေးကို ပွေ့ချီပြီး မြစ်ကမ်းပါးထိပ်သို့ သွားကြသည်။

မြစ်ပြင်ပေါ်မှာ အဖေနှင့်အတူ တစ်သားတည်းဖြစ်နေသည့် အဖေ့လှေကလေးကို ကျွန်တော်တို့တစ်တွေ ရှာဖွေနေကြသည်။

ညီမလေးသည် လက်ထဲမှ သားငယ်လေးကို ချီမြှောက်ပြသည်။

'အဖေ…ရေ…'

'အဖေ…ဘယ်မှာလဲ…'

ကျွန်တော်သည် 'အဖေ'ဟု ကျယ်လောင်စွာ အော်ခေါ်မိသည်။

အဖေ့လှေကလေးကို ကျွန်တော်တို့ မတွေ့ကြရပါ။ အဖေ၏ အရိပ်အယောင်မျှပင် ကျွန်တော်တို့ မတွေ့ရပါ။

ညီမလေးသည် မြစ်ကမ်းစပ်တွင် ထိုင်ချပြီး ရှိုက်ကြီးတငင် ငိုပါတော့သည်။

ကျွန်တော်လည်း ညီမလေးကို သိုင်းဖက်လျက် ငိုမိသည်။ ယောက်ဖလည်း ငိုသည်။ နောက်ဆုံး သားကလေးပါ လိုက်ငိုသည်။

❑

၈။

ကျွန်တော့် ညီသည် မြို့ပြဆီသို့ ဦးတည်လျက် ရွာမှ ထွက်ခွာသွားပါပြီ။ ကျွန်တော့်ညီမလေးလည်း ခင်ပွန်းသည်နှင့်အတူ တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့သွားသည်။ အမေက ညီမလေးတို့နှင့်အတူ လိုက်သွားသည်။ ရွာထဲက အဖေ့ကို လှေထွင်းပေးခဲ့သူလည်း သေဆုံးသွားပြီ။

အိမ်မှာ ကျွန်တော်တစ်ယောက်တည်းသာ ကျန်ရစ်တော့၏။ မည်သည့်နေရာကိုမျှ ကျွန်တော်သည် ဤရွာမှ၊ ဤအိမ်မှ ထွက်ခွာသွားမည် မဟုတ်ပါ။

မြစ်ပြင်ပေါ်မှာ ကျွန်တော့်အဖေသည် လှေတစ်စင်းနှင့် လှော်ခတ်နေသည်။ မြစ်ကမ်းပါးက ကျောက်တုံးကြီးပေါ်မှာ ကျွန်တော်ကတော့ အဖေ့အတွက် စားစရာများကို ထားမြဲထားသည်။

အဖေကတော့ မြစ်ကမ်းပါးသို့ ယခင်လို ချဉ်းကပ်လာဟန် မတူတော့ပါ။ ကျွန်တော်ချထားခဲ့သော စားစရာများကို ကျီးကန်းများက ချီသွားတတ်ကြသည်ဟု လူတွေက ပြောကြ၏။

မြစ်ကြီးသည် စီးဆင်းမြဲ စီးဆင်းနေ၏။

ကျွန်တော့်ရင်ထဲမှာလည်း မြစ်ကြီးက စီးဆင်းနေသည်။ မြစ်သည် ကျွန်တော့်ရင်ထဲမှာ ကြီးထွားဖွံ့ဖြိုးလာနေ၏။ ကျွန်တော့်သွေးစီးသံမှာ မြစ်ရေစီးသံ။ ကျွန်တော့် နှလုံးခုန်သံသည် မြစ်၏အသံ။

လှိုင်းတံပိုးများ၏ ကြောက်ဖွယ်အော်ဟစ်မှုထဲမှာ အဖေပျောက်ဆုံးသွားပြီလား။

ကျွန်တော် အရူးလို အော်ဟစ်နေမိသည်။

အဖေရှိသေးရဲ့လား။ အဖေ အသက်ရှင်သေးရဲ့လား။

❑

၉။

ကျွန်တော်သည် မြစ်ကမ်းပါးထိပ်ဆီသို့ အရူးလို ပြေးသွား၏။ ကျွန်တော်သည် ကမ်းပါးမှာရပ်လျက် ပဝါအဖြူကို ဝှေ့ယမ်းပြသနေမိသည်။

'အဖေ'

'အဖေ'

'အဖေ'

ကျွန်တော်သည် မဆုံးနိုင်အောင် အော်ဟစ်နေမိ၏။ မြစ်ရေစီးသံထဲမှာ ကျွန်တော်၏ အော်သံသည် မျောပါသွား၏။ ပဝါဖြူကလေးမှာ လေထဲတွင် လွင့်နေသည်။

'အဖေ'

'အဖေ'

အဖေသည် မြစ်ကြီး တစ်ခု ဖြစ်နေသည်။ မြစ်ထဲမှာ အရိပ်ကလေးတစ်ခု ရွေ့လျားလာနေသည်။

ဟော အဖေရဲ့လှေကလေး။

အဖေသည် လှေကလေး၏ ပဲ့ပိုင်းမှာ ထိုင်နေ၏။ တကယ်တော့ အဖေသည် မြစ်ပြင်ပေါ်မှာ သေးငယ်လွန်းလှသည်။

အဖေသည်လှေကလေးပေါ်မှနေ၍ ကျွန်တော့်အား တစ်စုံတစ်ရာ ပြန်ပြောနေသည်။

ကျွန်တော်သည် အဖေ့ကို ပီပီသသကြီး အော်ပြောလိုက်၏။

'အဖေလုပ်ချင်တာတွေ အဖေလုပ်ပြီးပြီ။ အဖေအိုလှပြီ။ အဖေ့တာဝန် ကုန်ဆုံးပြီ။ အဖေ ပြန်လာခဲ့ပါတော့။ အဖေလုပ်ချင်တာတွေကို ကျွန်တော် ဆက်လုပ်မယ်'

ကျွန်တော့် အသံကို အဖေကြားသည်။ သေချာသည်။ အဖေကောင်းကောင်းကြား၏။

❑

၁၀။

အဖေသည် ငြိမ်သက်နေရာမှ တက်ကို ကိုင်လိုက်၏။ ကျွန်တော့်ဆီသို့ ဦးတည်၍ အဖေသည် လှေကလေးကို လှော်ခတ်လျက် လာနေပြီ။

အဖေနှင့်ကျွန်တော် နေရာချင်း လဲလှယ်ရန် အဖေ သဘောတူသွားပြီ။ မြစ်ရန့်သင်းသော လေကလေးက တိုက်ခတ်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံး အေးစိမ့်နေ၏။ ကျွန်တော့်တာဝန်မှာ အဖေ၏ လှေကလေးထဲသို့ ဝင်ရတော့မည်။ ကျွန်တော် ကြောက်နေသလား။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကမ်းပါးထိပ်မှ မြစ်ဆီသို့ ဆင်းသက်သွားပါပြီ။

လှေကလေးပေါ်သို့ ကျွန်တော် ရောက်သွားပြီ။ အဖေ၏ လှော်တက်ကို ကျွန်တော် ယူလိုက်သည်။ အဖေက လှေကလေးပေါ်မှ ဆင်းသက်သွား၏။ ကမ်းပေါ်သို့ အဖေတက်သွားပြီ။ ကျွန်တော်သည် မြစ်ပြင်လယ်ဆီသို့ လှေကလေးကို လှော်ခတ်သွား၏။ မြစ်ပြင်ပေါ်မှာ·····ကျွန်တော်။

■

**မောင်ကိုကို(အမရပူရ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



## ဝါဝါဝင်းရွှေ၏

# ၄၄ နှစ်မြောက် နှစ်ပတ်လည်မင်္ဂလာ

**မောင်သန်းဆွေ၊ ထားဝယ်၊**

၁၆.၈.၂၀၁၄ နေ့က စာရေးသူ ရန်ကုန်သို့ ရောက်ပါသည်။ နေ့လယ် ၁၂ နာရီခွဲခန့်တွင် ၅၂ လမ်းရှိ ရွှေအမြုတေ မဂ္ဂဇင်းရုံးခန်းသို့သွားသည်။ အပေါ်ထပ်မတက်မီ လမ်းပေါ်တွင်ပင် ဆရာ မျိုးမြင့်ညိမ်းနှင့် တွေ့သည်။ နှုတ်ဆက်ကြရာ စာရေးသူက-

"ဆရာနဲ့လည်း တွေ့ရဦးမယ်၊ PEN Myanmar နဲ့ ပတ်သက်ပြီးပြောချင်လို့"

"ဘာဖြစ်လို့လဲ ဆရာ"

"စာရေးဆရာမ အဖြူရောင်(ရွှေ) က PEN Myanmar အသင်းဝင်မယ့် ကျွန်တော့်ဖောင်မှာ ဖြည့်စရာတွေ ရှိသေးလို့တဲ့။ အဲဒါ ကျွန်တော် အခုရောက်တုန်း ဖြည့်ပေးမလို့ပါ"

"ကျွန်တော်တို့က ဟိုဘက်အခန်းမှာ ဆရာ၊ ဖြည့်မယ့်ဖောင် ကျွန်တော် ဒီဘက် ရွှေအမြုတေအခန်းကို ပို့လိုက်ပါ့မယ်" ဟု ပြောသွားသည်။

စာရေးသူသည် ကိုယ်ရေးအရာရှိနှင့်အတူ ရွှေအမြုတေမဂ္ဂဇင်းရုံးခန်းသို့ ဓာတ်လှေကားဖြင့် တက်သွား၏။

ရုံးခန်းထဲသို့ ဝင်သွားသောအခါ တာဝန်ရှိသူ မအေးမြတ်မြတ်ချိုက စာရေးသူကို မြင်သည်နှင့် ဆရာ ဝင်းငြိမ်းအခန်းသို့ ဝင်သွားသည်။ စာရေးသူတို့နှစ်ယောက်လည်း ဧည့်ခန်းတွင် ထိုင်စောင့်နေလိုက်ကြ၏။ မကြာမီပင် စာရေးဆရာမ မသီတာ(စမ်းချောင်း) ရောက်လာသည်။ သူ့လက်ထဲတွင် Pen Myanmar အသင်းဝင်ဖောင် ပါလာသည်။

စာရေးသူ ရေးသည့် **"ကံ့ကော်မြေသို့ အလွမ်းပြေ"** စာအုပ်မှရသော ငွေအားလုံးကို PEN Myanmar အသင်းသို့ လှူလိုက်သည်။ စာအုပ်ထုတ်ဝေသူ စာရေးဆရာမ အဖြူရောင်(ရွှေ)က စာရေးသူအတွက် တစ်နှစ်စာကြေးကို သွင်းပေးထားသည်။ ထို့ကြောင့် ဖောင်တွင်ဖြည့်ရန် ကိစ္စပေါ်ပေါက်လာခြင်းဖြစ်၏။ ဆရာမ မသီတာ(စမ်း



www.burmeseclassic.com

www.burmeseclassic.com

ချောင်း)နှင့် PEN Myanmar ကိစ္စပြောနေစဉ် ဆရာ ဝင်းငြိမ်းထွက်လာသည်။ သူက ဝင်ထိုင်ရင်း စာရေးသူကို-

'ဆရာ ဘယ်တော့ နေပြည်တော် ပြန်မှာလဲ'

'မနက်ဖြန် နေ့လယ်လောက် ပြန်မယ်လေ'

သို့ ပြောလိုက်သည်နှင့် ဆရာဝင်းငြိမ်းသည် တစ်စုံတစ်ယောက်သော သူအား ဟန်းဖုန်းနှင့် လှမ်းဆက်တော့သည်။

စာရေးသူကလည်း ဆရာမ မသီတာ(စမ်းချောင်း)နှင့် ဆက်စကား ပြောနေလိုက်သည်။ ဆရာ ဝင်းငြိမ်းသည် တစ်ဖက်မှ ဖုန်းရသည်နှင့် စာရေးသူကို-

'ဝါဝါဝင်းရွှေနဲ့ ပြောလိုက်ပါဦး'ဟု ပြောသည်။ စာရေးသူက ဟန်းဖုန်းလှမ်းယူပြီး နားထောင်လိုက်သောအခါ-

'တိုနီလား၊ အဲလစ်လေ'

'ဟုတ်တယ်၊ ယူ နေကောင်းရဲ့လား'

'ကောင်းတယ်ဆိုပါတော့ကွယ်၊ ယူ ရန်ကုန်ရောက်နေတာလား'



စာရေးသူနှင့်အတူ ဒေါ်ဝါဝါဝင်းရွှေ

'ဟုတ်တယ်'

'အဲဒီလိုဆိုရင် ဖုန်းနဲ့ပဲ ဖိတ်လိုက်တော့မယ်၊ မနက်ဖြန် ParkRoyal ဟိုတယ်မှာ ကိုယ်တို့လင်မယား ၄၄ နှစ်မြောက် မင်္ဂလာပွဲ ကျင်းပမယ်၊ အဲဒါ ယူလာခဲ့ပါလား၊ ဝန်ကြီးကို ဖုန်းနဲ့ဖိတ်ရတာဆိုတော့ မရှိမသေတော့ ဖြစ်တာပေါ့ကွယ်'

'ဒါတွေ ခေါက်ထားလိုက်စမ်းပါ၊ ကိုယ်လာခဲ့ပါ့မယ်'

'အိုကေနော်၊ စိတ်ချမယ်' ဟူ၍ ဖုန်းချသွားပါသည်။

စာရေးသူသည် စာရေးဆရာမ မသီတာ(စမ်းချောင်း)နှင့် ဖောင်တွင် လိုအပ်သည်များဖြည့်စွက်ပြီး လက်မှတ်ထိုးပေးလိုက်ရပါသည်။ ထိုကိစ္စပြီးမှ ဆရာ ဝင်းငြိမ်းနှင့် စကားပြောရသည်။ ဆရာသည် အရမ်းဝလာပြီး ချောင်းလည်း ဆိုးနေသည်။ ဖျားလည်း ဖျားနေသည်ဟု ပြောပါသည်။ ဆရာ့ကျန်းမာရေးအတွက် စိတ်ပူမိသည်။ စာရေးသူထက် ဆရာက ၅ နှစ်ခန့် ငယ်သော်လည်း ဆရာ့ကျန်းမာရေးက စာရေးသူနှယ် မကောင်းပါ။ စာရေးသူတို့နှစ်ယောက်သည် ဆရာဝင်းငြိမ်းနှင့် စကားပြော

ဆိုပြီးနောက် မအေးမြတ်မြတ်ချို
ပေးသည့် နောက်ဆုံးထုတ်မဂ္ဂ
ယူပြီး ပြန်လာခဲ့ကြသည်။ ၁၇-၈-
တနင်္ဂနွေနေ့ နံနက်တွင် ရန်ကုန်
ဆောင်ရွက်ရန်ရှိသည့် ကိစ္စဝိစ္စများ
၈ နာရီ၌ အိမ်က ထွက်ခဲ့ပါ
လမ်းတွင်ပင် နေပြည်တော်မှ ဖုန်း
လာသည်။ ထိုနေ့ ၄ နာရီ
နေပြည်တော်သို့ပြန်လာခဲ့ရန်ဆိုပါ
သို့ဆိုလျှင် ဝါဝါဝင်းရွှေ၏ ၄၄
မြောက် မင်္ဂလာပွဲသို့ သွားရောက်နိုင်
မဟုတ်တော့ပါ။ ထို့ကြောင့် ဝင်း
လမ်း၌ရှိသော သမီးအိမ်သို့သွားပြီး
ကလေးနှင့်တွေ့သည်။ ပြီးနောက်
ချင်းပင် ဓမ္မစေတီလမ်းရှိ FLORA
SERVICE & GIFT CENTRE သို့
ကိုမောင်းခိုင်းရသည်။ ထိုဆိုင်မှာ
သူနှင့်တူမ တော်သော စင်ဒီ၏ ဆိုင်
သည်။ စင်ဒီသည် ဒေါက်တာ
မြင့်နှင့် ဒေါ်ကေဇင်လတ်တို့၏
တစ်ယောက်ဖြစ်၏။ ဒေါက်တာ
သန်းမြင့်မှာ စာရေးသူနှင့် ညီအစ်
တော်သည်။ (အဘိုးချင်း ညီအစ်
အရင်းဖြစ်၏။) သူတို့အားလုံး နိုင်ငံ
မှာဖြစ်သည်။ စင်ဒီလည်း အခေ
သို့ရောက်နေသည်ဟု ဆိုင်မှအမျိုး
လေးများက ပြောပြပါသည်။

စာရေးသူက ဝါဝါဝင်းရွှေ
မင်္ဂလာပွဲသို့ မသွားရောက်နိုင်
သည့်အတွက် အိမ်ကိုသွားပြီး
ဆောင်ပေးရန် ပန်းစည်းလှလှကြီး
စည်း စည်းခိုင်းလိုက်သည်။ ပန်း
များနှင့် ဖြစ်၏။ အမှန်တော့ ကြို
အော်ဒါပေးထားရမည်။ ဆိုင်မှ အမျိုး
သမီးကလေးများကလည်း သူတို့
ရှင်နှင့် အမျိုးတော်မှန်း သိကြ
ကြောင့် ချက်ချင်းပင်လုပ်ပေးကြပါ
စာရေးသူအနေဖြင့် ဘာပန်းနှင့်
ဟူ၍ပင် ကြေးမများနိုင်တော့ပါ။
၃၀ ခန့် စောင့်ရန်ပြောသော်လည်း
ရင်းစောင့်ရင်း ၁ နာရီခန့် ကြာ
သည်။ သို့ကြောင့် ဝါဝါဝင်းရွှေထံ
၍ ဖုန်းဆက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

'ရပါတယ် တိုနီရယ် လက်ဆောင်တွေဘာတွေ မလိုပါဘူး'

'မဟုတ်ဘူး၊ ကိုယ် မှာပြီးနေပြီ၊ သူ့အိမ်ကိုလာပေးမှာ'

ပန်းစည်းပြီးသွားသောအခါ ...ကွိုင်းလမ်းရှိ ဝါဝါဝင်းရွှေအိမ်သို့ ...ပြီးရသည်။ ရုပ်ရှင်မင်းသမီးအိမ်ဆိုတော့ အဝင်အထွက် စိစစ်ရပုံရ၏။ ဂိတ်တွင် ယူနီဖောင်းဝတ်ထားသော ဂိတ်မှူးက တံခါးလာဖွင့်ပေးသည်။ သူ့အိမ်ပေါ်တီကိုအောက်ရောက်သောအခါ ကြိုတင်မှာထား၍ အမျိုးသားလေး တစ်ဦးက စောင့်ကြိုနေသည်။ ကားပေါ်မှဆင်းသည်နှင့် ဝါဝါဝင်းရွှေက အိမ်ထဲမှ ထွက်လာပြီး စာရေးသူအား ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် ထိုင်လိုက်ကြသောအခါ သူ့ကို ပန်းစည်း လက်ဆောင်ပေးလိုက်သည်။

'ယူတို့ဘဝကလည်း မလွယ်ပါလားနော်'

'ဟုတ်တယ်၊ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် မဟုတ်ဘူး၊ မလွတ်လပ်ဘူးလေ၊ ...ောက် တစ်နှစ်ခွဲလောက်ပဲ ကျန်ပါတော့ ...ယ်ကွယ်'ဟုပြောလိုက်ရသည်။ ဝါဝါဝင်းရွှေက သူ့အိမ်မှ အမျိုးသားလေးကို ခေါ်ပြီး စာရေးသူတို့နှစ်ယောက်ကို ဓာတ်ပုံရိုက်စေသည်။ ထို့ကြောင့် စာရေးသူ၏ ကိုယ်ရေးအရာရှိကလည်း ကားထဲမှ ကင်မရာပြန်ယူပြီး ဓာတ်ပုံရိုက်သည်။ ဝါဝါဝင်းရွှေက-

'အန်တီတို့က ဟိုးငယ်ငယ်လေးကတည်းက ကျောင်းနေဖက် သူငယ်ချင်းတွေ'ဟု ပြောလိုက်သည်။ စာရေးသူတို့နှစ်ယောက် ဓာတ်ပုံရိုက်ပြီးမှ စကားပြောကြရ၏။ စာရေးသူက ဝါဝါဝင်းရွှေကို ကြည့်ပြီး-

'ယူ မအိုသွားသေးဘူးဟ'

'ဟုတ်လား၊ ယူလည်း အတူတူပါပဲ၊ ကိုညွန့်ဝင်းကတော့ တုန်တောင်နေပြီ'ဟု ပြန်ပြောသည်။

'သူတုန်နေတာက ရောဂါကြောင့်လေ၊ သူက တို့ထက် ၄ နှစ်လောက်ကြီးတယ်' ဟု စာရေးသူက ပြောလိုက်သည်။

စာရေးသူနှင့် ဝါဝါဝင်းရွှေတို့သည် အသက်တူတူပင်ဖြစ်၏။ သူက ၇၁ နှစ်ထဲမှာ၊ စာရေးသူက ၇၁ ပြည့်ပြီးပြီ။

'ယူ့ထက် အများကြီးငယ်တဲ့ နောက်မှပေါ်တဲ့ မင်းသမီးကို တစ်လောက အပြင်မှာ တွေ့ရတာ၊ ယူ့ထက် အိုသေးတယ်ကွာ'

'ဟုတ်လား'

'ယူတို့ခေတ်က မင်းသား၊ မင်းသမီးတွေကို အသက် ၅၀ ကျော်တဲ့အထိ ကြည့်ရတုန်းပဲ၊ အခုနောက်မှပေါ်တဲ့ မင်းသား၊ မင်းသမီးတွေ ခဏလေးနဲ့ လူကြီးခန်းရောက်သွားကြတယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့ခေတ်က ဒါရိုက်တာကြီးတစ်ယောက်နဲ့ ဆွေးနွေးကြည့်တယ်။ တို့များခေတ်က ရုပ်ရှင်ပဲ ရှိတယ်လေ။ အဲဒီတော့ မင်းသား၊ မင်းသမီးတွေကို တစ်နှစ်မှ လေးငါးကားလောက်သာ ကြည့်ရတာ မဟုတ်လား။ အခုခေတ် မင်းသား၊ မင်းသမီးတွေကတော့ သူတို့ကိုရုပ်ရှင်မှာလည်း ကြည့်ရ၊ ဗီဒီယိုမှာလည်း ကြည့်ရ၊ ရုပ်ရှင်က တစ်နှစ်တစ်ကား၊ နှစ်ကားသာ ထွက်ပေမဲ့ ဗီဒီယိုတစ်လတစ်လ လေးငါးဆယ်ကားကြည့်နေရတော့ အမြင်ရိုးသွားပြီး ခဏလေးနဲ့ ကျသွားတာလို့ ပြောတယ်'

'ဟုတ်မှာပေါ့လေ'ဟု ပြန်ပြော၏။

'ယူ မြေးရပြီလား'ဟု မေးရာ-

'မြေးယောက်ျားလေး တစ်ယောက်ပဲ ရသေးတယ်' ဟု ဖြေလိုက်ရသည်။ သူက-

'ကိုယ်တော့ သားငယ်က မွေးတဲ့မြေးကို တစ်လောကပဲ အီတလီမှာ လိုက်ကြည့်ရသေးတယ်' ဟု ပြောသည်။ သူ့တွင် သားကြီးရော၊ သားငယ်ပါ အိမ်ထောင်ကျကြသဖြင့် မြေးများ ဝေဝေစည်နေပြီ။ စာရေးသူနှင့် ဝါဝါဝင်းရွှေတို့သည် ငယ်ငယ်လေးကတည်းက ကျောင်းနေဖက်ဖြစ်ပြီး တစ်တန်းတည်း နေခဲ့ကြရသူများ ဖြစ်သည်။

သူ့တွင် မောင်နှမ လေးယောက် ရှိသည်။ သူကအငယ်ဆုံးဖြစ်၏။ သူ့အစ်မအကြီးဆုံးကို စာရေးသူတို့က မမ အက်လစ်စဘက်ဟု ခေါ်သည်။ အင်မတန်ကျက်သရေရှိရှိ လှသူဖြစ်သည်။ သူ့အစ်ကိုအကြီး တစ်ယောက်မှာ အက်လစ်ဟု ခေါ်၏။ အင်္ဂလိပ်လို Alex ဖြစ်သည်။ ဝါဝါဝင်းရွှေ အင်္ဂလိပ်လို နာမည်က အဲလစ် (Alice) ဖြစ်သည်။ သူ့အစ်ကို အက်လစ်သည် အရိုးပျော့ရောဂါနှင့်ဖြစ်၍ ကျောင်းကို ဒရိုင်ဘာက ချီလာရသည်။ ၇ တန်းအရောက်တွင် ဆုံးသွား၏။ ထို့ကြောင့် ၇ နှစ်တန်းတွင် အတော်ဆုံးသူကို အက်လစ် အထိမ်းအမှတ်ဆု ပေးလေ့ရှိသည်။

နောက် အစ်ကိုတစ်ယောက်မှာ အက်ဒဝပ်(Edward) ဖြစ်သည်။ စာရေးသူတို့ထက် အတန်းကြီးသော်လည်း သူက ၁၀ တန်းတွင် ကျနေ၍ စာရေးသူနှင့် ဝါဝါဝင်းရွှေ(Alice)တို့က မီသွားသည်။ စာရေးသူက အက်ဒဝပ်နှင့်လည်း အလွန်ခင်ပါသည်။ သူက ကိုရန်ဝင်းအမည်ဖြင့် ရုပ်ရှင်မင်းသား လုပ်ခဲ့သေးသည်။

စာရေးသူတို့ငယ်စဉ်က ဝါဝါဝင်းရွှေတို့သည် ကမ္ဘာအေးဘုရားလမ်းပေါ်မှ မိဘမဲ့အမျိုးသားများဂေဟာ အပေါ်ထပ်တွင် နေကြသည်။ သူတို့အိမ်ပိုင်က အင်းယားလိတ်ဟိုတယ်သွားသည့် လမ်းသွယ်တစ်ခုတွင်ရှိသည်ဟု ထင်ပါသည်။ သူ့ဖခင် ဦးထွန်းရွှေက ထိုမိဘမဲ့အမျိုးသားဂေဟာတွင် ဘော်ဒါအုပ် ဖြစ်သည်။ လခကြောင့် လုပ်နေခြင်း မဟုတ်ပါ။ ဝါသနာအလျောက် တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါသည်။ စာရေးသူတို့ ငယ်စဉ်အရွယ် ဝါဝါဝင်းရွှေ မွေးနေ့ပွဲလုပ်လျှင် ထိုကမ္ဘာအေးလမ်းရှိ မိဘမဲ့ အမျိုးသားဂေဟာ အပေါ်ထပ်ခန်းမထဲတွင် လုပ်လေ့ရှိသည်ကို မှတ်မိနေပါသည်။ ထိုအပေါ်ထပ်၊ ကွယ်လွန်သွားသည့် သူ့အစ်ကို အက်လစ်အခန်းတွင်

www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်စဉ်ကအတိုင်း လက်ရာမပျက် ထားသည်ကိုလည်း မှတ်မိနေသေး သည်။ အက်ဒဝပ်က ထိုအခန်းထဲတွင် ရှိသည့် ပိုက်ဆံများကို ဝင်နှိုက်ယူတတ် သည်။ သူ့မိခင် ဒေါ်သန်းတင်တွင် ဒေါ်သန်းရင်ဟူသော အစ်မနှင့် ဒေါ်သန်း ခင် ဟူသော ညီမတို့ ရှိ၏။ နှစ်ယောက် လုံးအပျိုကြီးများ ဖြစ်သည်။ စာရေးသူ တို့က အန်တီရင်နှင့် အန်တီခင်ဟု ခေါ် ကြသည်။ အန်တီရင်က ဝဝဖိုင့်ဖိုင့် စိန်ပွဲစားဟု ထင်ပါသည်။ လည်လည် ပတ်ပတ်နှင့် အပြောကောင်းသည်။ သူတို့မိသားတစ်စုလုံး ရုပ်ရှင်ဝါသနာ ပါကြသည်။ ထိုမိဘမဲ့ အမျိုးသား ဂေဟာတွင် အခါအားလျော်စွာ ရုပ်ရှင် များ ပြတတ်၍ စာရေးသူက အက်ဒဝပ် နှင့် လိုက်အိပ်လိုက်စားပြီး ရုပ်ရှင်ကြည့် တတ်သည်။ ရုပ်ရှင်ရုံတွင်ပြသော မြန်မာဇာတ်ကား၊ အင်္ဂလိပ်ဇာတ်ကား၊ ကုလားဇာတ်ကားပါ မကျန် သူတို့ မိသားစု ကြည့်တတ်၏။ ထို့ကြောင့်ပင် သူ ရုပ်ရှင်မင်းသမီး ဖြစ်လာသည်ဟု ထင်မိပါသည်။

သူနှင့် စာရေးသူတို့ ၁၀ တန်း ရောက်သောအခါ အင်းယားလမ်း၊ ရန်ကုန်တက္ကသိုလ်၊ အင်းယားဆောင် ရှေ့ရှိ ရန်ကုန် ရုပ်ရှင်ခြံအတွင်းမှ ဒါရိုက် တာ စံလွင်၏ဇနီး၊ တီချာ မေဘယ်လ် ထံတွင် ကျူရှင်ယူကြသည်။ တီချာ မေဘယ်လ်တွင် သားလေး တစ်ဦးသာ ရှိရာ ကလေးနေမကောင်းသည့်အခါ တီချာက စာမသင်တော့ပါ။ စာရေးသူ တို့ ၁၀ တန်းအရွယ်က အိမ်က ကားနှင့် ကျူရှင်သို့ လာပို့ပြီး၊ ပြန်သွားသော အခါ ပြန်လာကြိုမှပင် အိမ်ပြန်တတ်ပါ သည်။ ကျူရှင်မရှိ၍ ဘတ်စ်ကား နှင့်လည်း အိမ်မပြန်တတ်ပါ။ ထိုစဉ်က တက္ကစီကားများလည်း ယခုကဲ့သို့ မပေါ များသေးပါ။ ထို့ကြောင့် တီချာ မေဘယ်လ် မအား၍ စာမသင်နိုင်သည့် အခါတိုင်း အိမ်ကကား စောင့်ရင်း၊ ရန်ကုန်ရုပ်ရှင်ခြံထဲတွင် ရုပ်ရှင်ကားများ ရိုက်နေသည်ကို လိုက်၍ ကြည့်နေရ တတ်ပါသည်။ ချစ်မောင်၊ မြင့်ဖေတို့ ဖဲဝိုင်းတွင်လည်း ဝင်၍ ရိုက်သည်။ ထို့ကြောင့် ၂၁ ပေါက်၊ ဘူကြီး၊ ကိုးမီး စသည့် ဖဲရိုက်နည်းများကို ထိုကတည်း က တတ်လာပါသည်။

အခြေအနေအရ စာရေးသူက ဤသို့ဆိုလျှင် စာမေးပွဲမအောင်မည် စိုးသဖြင့် အခြား ကျူရှင်သို့ ပြောင်း သွားသည်။ သူတို့မောင်နှမက ကျန်နေ ခဲ့သည်။ သူတို့သည် ရန်ကုန်ရုပ်ရှင် နှင့်လည်း ဆွေမျိုးတော်စပ်သည် ဟု ထင်ပါသည်။ သို့နှင့်ပင် အခြေအနေ ဖန်တီးမှုကြောင့် နီးစပ်ပြီး ရုပ်ရှင် မင်းသမီးဖြစ်သွားရသည် ဟု ထင် သည်။

သို့သော် စာရေးသူတို့ တစ်နှစ် တည်း ၁၀ တန်း အောင်ကြသည်။ စာရေးသူက ဝိဇ္ဇာဘာသာရပ်ယူ၍ ထီးတန်းကောလိပ်သို့ သွားရပြီး၊ ဝါဝါ ဝင်းရွှေက သိပ္ပံဘာသာရပ်ယူ၍ ရန်ကင်းကောလိပ်သို့ တက်ရသည်။ ထိုနှစ်က ထီးတန်းကောလိပ်၏ ဘဲလ် (အလှဆုံးသူ)က ပင်စီဆိုသူဖြစ်ပြီး၊ ရန်ကင်းဘဲလ်က ဝါဝါဝင်းရွှေ ဖြစ်ပါ သည်။ ထိုမှပင် သူ့အမည် ဝါဝါ ဝင်းရွှေဆိုသည်က ထင်ပေါ်လာသည်။ စာရေးသူတို့ ကျောင်းနေစဉ်က သူ၏ အင်္ဂလိပ်နာမည် အဲလစ်နှင့်ပင် သိနေကြ သည်။

ဝါဝါဝင်းရွှေဟု ရုပ်ရှင်နယ်တွင် နာမည်ကြီးလာသောအခါ စာရေးသူတို့ သူငယ်ချင်းတစ်စု အံ့သြနေကြရ၏။ သူ သည် ကျောင်းတုန်းက ဖျတ်ဖျတ် လတ်လတ် သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် မဟုတ်ပါ။ အမူ အရာနှင့်ပင် စကား မပြောတတ်ပါ။ ရိုးရိုးအေးအေး ကုပ်ကုပ်ကလေး ဖြစ် သည်။ သူနှင့် စာရေးသူတို့သည် သူ မင်းသမီးလုပ်နေစဉ် စာရေးသူတို့က လည်း တစ်ဖက်မှ တက္ကသိုလ်တက်ပြီး ပညာရေးလုံးပန်းနေကြရသဖြင့် အဆက် အသွယ် ပြတ်တောက်သွားကြရသည်။ သူ့မိခင် ကွယ်လွန်မှ အသုဘသို့ သွား သဖြင့် ပြန်ဆက်သွယ်မိကြသည်။ ထို စဉ်က အိမ်သည် ယခု သူ နေသည့်အိမ် မဟုတ်ပါ။ ထိုအိမ်၏ ခေါင်းရင်းဘက် လောက်တွင်ရှိသည့် ရှေးတစ်ထပ်တိုက် ဖြစ်သည်။ သူ့မိခင်အလောင်းစင်တွင် သဇင်ပန်းများဖြင့် ဖွေးနေအောင် ပြင် ထားသည်ကို မှတ်မိနေပါသေးသည်။ (အချို့က သဇင်ပန်းမှာ နတ်ပန်းဖြစ်၍ ဤသို့ အလောင်းစင်တွင် မပြင်ကောင်း ဟု စကားတင်း ဆိုသည်ကိုပင် ကြား ရသည်။)

စာရေးသူတို့ ငယ်သူငယ်ချင်း တစ်စုသည် အသက်ကြီးလာလေ တစ်ယောက်နှင့်တစ်ယောက် ပို၍ ခ မင်လာလေလေ ဖြစ်သည်။ ၂၀ ခုနှစ်က ဆရာ ဝင်းငြိမ်း၏ ခွေးနေ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်း စဉ်က ဝါဝါဝင်းရွှေသည် အနီး ရှိသော မာမာအေးကို တစ်ဖက်၊ စာရေး သူကို တစ်ဖက်ထားကာ ဓာတ်ပုံရိုက် ဖေ့စ်ဘုတ်တွင် တင်လိုက်သည်ကို တူမတစ်ယောက်က ပြ၍ မြင်ရ သည်။ မာမာအေးပုံအောက်တွင် "မ အေး" ဟု ရေးထားပြီး၊ စာရေးသူ ပုံအောက်တွင် "ငယ်သူငယ်ချင်း" ရေးထားသည်။

ဝါဝါဝင်းရွှေနှင့် ခင်ပွန်း ကိုသ ထွန်းတို့သည် သူတို့ မင်္ဂလာနှစ်ပတ် လည်နေ့တိုင်း ဤသို့ပင် အထိမ်းအမှတ် မင်္ဂလာပွဲ ကျင်းပလေ့ ရှိပါသည် တစ်ခါက ဤသို့ ကျင်းပသည့် သူတို့ ပွဲတွင် ဗိုလ်မှူးကြီး စောမြင့် ဇနီးသော် က မင်္ဂလာပန်းကုံး စွပ်ပေးခဲ့သည် လည်း စာရေးသူ မှတ်မိနေပါသည် ကိုသန်းထွန်းနှင့် ငယ်သူငယ်ချင်း အဲ (ဝါဝါဝင်းရွှေ)တို့ နောက်နှစ် ၄၅ မြောက် နှစ်ပတ်လည်မင်္ဂလာမှ ဆက် ဆက်၍ ရွှေရတု၊ စိန်ရတုများအထိ ပတ်လည် မင်္ဂလာပွဲများ ကျင်းပနိုင် စေဟု ဆုတောင်းလျက်…။

**မောင်သန်း**




www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေတိုက်



၁၅၀၀ ကျပ်




၃၅၀၀ ကျပ်



၂၅၀၀ ကျပ်



၁၅၀၀ ကျပ်




၂၅၀၀ ကျပ်




၈၀၀ ကျပ်

ထွက်ပြီ

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

မှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။

ဖုန်း -၀၁-၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉- ၄၂၁၇ ၁၉ ၇၁၂

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# တောင်တချရေ

နီနီနိုင်၊ သထုံ၊

အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄
ရုပ်ပုံမဂ္ဂဇင်း
ဈေး၂၅၀၀/ကျပ်

၁။

နွေနှောင်းရာသီက နှုတ်မဆက်ဘဲ
ရုတ်တရက် ထွက်ခွာသွားတော့မလိုလို
ဟန်ရေးပြင်နေပေမဲ့ မထွက်ခွာနိုင်
ဖြစ်နေလေရဲ့။ သူ့နေရာကို
အစားထိုးဝင်ရောက်လာတော့မယ့်
မိုးဝသန်မင်းသမီးလေးကလည်း ပေါ်မလာနိုင်။
နွေဆိုတဲ့ ကိုရွှေမင်းသားကြီးလည်း
သူ မထွက်ခွာမီ အင်အားတွေ အပြည့်သုံးလို့
အစွမ်းပြနေလိုက်တာ
ပူပြီးရင်း ပူနေတော့တာပဲ။
ပူလောင်အိုက်စပ်လွန်းတဲ့ညဟာ
လွန်စွာမှ အရုပ်ဆိုး အကျည်းတန်နေတယ်လို့
ဒေါ်မြင့်မြင့် ထင်နေမိတယ်။ သဘာဝက
လက်ဆောင်ပေးတဲ့ ဗဟိဒ္ဓကအပူနဲ့
ရင်တွင်းအပူကပါ ပူးပေါင်းလိုက်တော့
အပူတွေများခဲ့လို့ တစ်ညလုံး ဟိုတွေးဒီတွေးနဲ့
အိပ်မပျော်ခဲ့ဘူး။ ညဥ့်ဦးယံ၊

www.burmeseclassic.com

www.burmeseclassic.com

သန်းခေါင်ယံတို့ကို ပင်ပန်းကြီးစွာ ကျော်ဖြတ်ရင်း မိုးသောက်ယံအချိန် မနက်ပိုင်းသုံးနာရီကျော်မှပဲ အိပ်ပျော်သွားခဲ့တယ်။ အဲဒါကြောင့် မိုးစင်စင်လင်းမှ နိုးတော့တယ်။

အိပ်ရေးမဝလို့ မျက်စိတွေ ကျိန်းစပ်နေပြီး ခေါင်းတစ်ခုလုံး အုံခဲနေပေမဲ့ ဆက်မအိပ်နိုင်ဘူး။ ဈေးသွားဖို့ ချက်ပြုတ်ဖို့ ကမန်းကတမ်း ပြင်ဆင်ရတယ်လေ။ စားအိုးမကြီးပေမဲ့ အိမ်ထောင်ဦးက စလယ်ဝင်အိုးနှစ်ယောက်စာအတိုင်း ကိုယ်မှ မချက်ရင် ထမင်း ဘယ်လိုလုပ် စားရတော့မှာလဲ။ ဒီတော့ လန်းလန်းဆန်းဆန်းဖြစ်သွားအောင် ရေအရင်ချိုးလိုက်တယ်။ ရေမိုးချိုးပြီး တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတယ်လို့ ထင်ရပေမဲ့ လုံးချင်းအိမ်လေးရဲ့ အိမ်ခေါင်မိုးက နိမ့်လွန်းတော့ မနက် ကိုးနာရီသာသာ အချိန်မှာတောင် နေအပူရှိန်က တဖြည်းဖြည်း ဒီဂရီမြင့်လာပြီလေ။ ရေချိုးလိုက်တာလည်း ခဏပဲ အေးတယ်။ ခုဆို ချွေးတွေထပ်ထွက်လာပြန်ပြီ။ ဒါကြောင့် သက်သာလို သက်သာငြား အိမ်ရှေ့ ပိတောက်ပင် အရိပ်အောက် ခုံတန်းလေးပေါ်မှာ ဖျာကြမ်းလေးခင်းပြီး အသာလှဲနေလိုက်တယ်။ ပေနှစ်ဆယ် တစ်ခြံလုံးမှာလည်း အေးရိပ်ဆိုလို့ ဒီတစ်နေရာပဲ ရှိတော့တယ်။ ခေါင်းရင်းတိုက်ခြေရင်းတိုက်တွေက အပူငွေ့တွေကလည်း လာဟပ်လေတော့ ပူပြီးရင်း ပူတော့တာပဲ။

ဟော လေကန်၊ လမ်းလျှောက်၊ လက်ဖက်ရည်သောက်က ပြန်လာတဲ့ အိမ်ဦးနတ်သခင် လင်တော်မောင် အဘိုးကြီးကတော့ သူ့ကိစ္စတွေပြီးလို့ အိမ်ထဲဝင်လာပါပြီ။ သူ့အလုပ်ကိုတော့ အပျက်မခံပါဘူး။ မနက်တိုင်း လမ်းလျှောက်၊ သူ့ရဲ့ အပေါင်းအသင်းတွေကတော့ ပင်စင်စား 'အိုပယ်'ကြီးများ စုစည်းထားတဲ့ အဖွဲ့ပေါ့။ လမ်းလျှောက်စကားပြောပြီးရင် လက်ဖက်ရည်ဆိုင်ထိုင်၊ ဟိုအကြောင်းတွေ သောင်းပြောင်းထွေလာပြော၊ ရယ်စရာရှိရယ်လိုက်၊ မောစရာရှိ

**လေကန်**
**လမ်းလျှောက်**
**လက်ဖက်ရည်**
**သောက်က**
**ပြန်လာတဲ့**
**အိမ်ဦးနတ်သခင်**
**လင်တော်မောင်**
**အဘိုးကြီး**
**ကတော့**
**သူ့ကိစ္စတွေ**
**ပြီးလို့**
**အိမ်ထဲ**
**ဝင်လာပါပြီ**

မောလိုက်၊ သောစရာရှိသောလိုက်နဲ့ ရယ်ရယ်မောမောဆိုတာ သူတို့အုပ်စုပေါ့။ အဲဒါတွေပြီးမှ အိမ်ကို ပြန်လာတတ်သူ အိမ်ဦးနတ်ကြီးပါ။

'ဟေ့ အမေကြီး အိမ်ရှေ့မှာ တုံးလုံးလှဲလို့ ဘာလဲ နေမကောင်းဘူးလား'

'ကောင်းပါတယ်၊ ပူအိုက်ပြီး ချွေးထွက်လွန်းလို့ အေးတဲ့နေရာ နားနေတာ'

လှဲနေရာက မထနိုင် သံပြတ်နဲ့တိုတိုပဲ ပြောလိုက်တယ်။ ရင်ထဲက အပူကို သိသိကြီးနဲ့ စကားမရှိ စကားရှာမေးနေတာကိုး။ အင်း မကြာခင် ရွာတော့မယ့် မိုးကိုလည်း ခပ်ကြောက်ကြောက်ရယ်လေ၊ တစ်လမ်းလုံးဆောက်လိုက်ကြတဲ့ တိုက်တွေတာတွေ တစ်လုံးပြီးတစ်လုံး။ မိုးရွာပြီဆိုရင် သူ့ခြံထဲမှာ လှေလှော်လို့ရတယ်။ ရေဆိုတာ သဘာဝအရ မြင့်ရာကနေ နိမ့်ရာကို စီးဆင်းတတ်တာ ဓမ္မတာပါ။ ပတ်ဝန်းကျင်အိမ်တွေက သူတို့ခြံဝင်းတွေထဲမှာ မြေကြီးတွေဖို့၊ တိုက်ဆောက်တော့ တစ်ပေကျော်မြင့်လို့မို့လို့ သူတို့တစ်အိမ်ပဲ မြေမဖို့နိုင်သေးတော့ ချိုင့်ဝှမ်းဖြစ်နေတာ၊ မိုးများလေ ဆိုးလေပေါ့။

'ဗျို့··· ဆရာကြီး ဦးအောင်ကြည် သွားကြစို့လေ၊ ဒီအချိန်သွားမှ အတော်ပဲ'

လာပါပြီ၊ အိမ်ရှေ့မှာ အိုပယ်နှစ်ယောက် စက်ဘီးကိုယ်စီနဲ့ရပ်လို့ အိမ်က ဆရာကြီးကို လာခေါ်နေကြပြီ။ ဒေါ်မြင့်မြင့် လှဲနေရာက ထိုင်လိုက်တယ်။

'အဖေကြီးရေ ခေါင်း
ဖြီးတုန်း ရေမွှေးဆွတ်တုန်း
လား၊ မြန်မြန်လုပ် အိမ်ရှေ့မှာ
ဘော်ဒါတွေ လှမ်းခေါ်နေကြ
ပြီ။ ရှင့်ကိုယ်ရှင် လူငယ်လေး
လို့ ထင်မနေနဲ့ဦးနော်၊
ထောင်နေပြီ။ နေပူတယ်
လေး၊ ဦးထုပ်လေး ယူသွား'

'စာရွက်စာတမ်းတွေ
စုံအောင် ယူနေလို့ ပြီး
လာပြီဗျို့ လာပြီ'

ပါးစပ်က ပြောလည်း
ပြော အသက် ၇၀ အရွယ်
မလိုက်အောင် စက်ဘီး
တွန်းထွက်သွားလိုက်တာ
လမ်းမပေါ် ရောက်သွား
ခြံတံခါးကိုတောင် ပြန်ပိတ်
ပေးနေသေးတယ်။

'အဖေကြီး ဟိုစပါး
လား၊ စမတ်ကတ်ဆို
ပျောက်မယ်နော်၊ ရတာ
မကြာသေးဘူး၊ တိုး
ပင်စင်လည်း စာရင်းပါ
ကြည့်ခဲ့ဦး'

'အေးပါ အမေကြီး
ငါ့ကို ထမင်းစား မစောင့်
ချွေးထွက်ရင် ဓာတ်ဆား
သောက်ဖို့လည်း မမေ့နဲ့
သွားပြီ၊ သွားပြီ'

ပင်စင်စား အဘိုး
သုံးယောက် ထွက်သွား
ဒေါ်မြင့်မြင့် စောစော
ပြန်လှဲနေလိုက်တယ်။
တစ်စုံတစ်ရာကို သတိ
ပြီး ဂဏန်းပေါင်းစက်
ယူ တိုးမြင့်လစာနှစ်
ကို လုပ်သက်နဲ့မြှောက်
ဆယ်နဲ့စား၊ ဘယ်လို
တစ်သောင်းကျော်ကျော်
အရင်လစာနဲ့ပေါင်းရင်
သောင်း မဆိုးပါဘူး။
တစ်ထောင်လောက်
ပင်စင်စားဘဝက

www.burmeseclassic.com

www.burmeseclassic.com

တိုးမြှင့်လိုက်ကတည်းက ခင်ပွန်းသင်ပေးထားလို့ ဏာန်းပေါင်းစက်တစ်လုံးနဲ့ အမြဲအလုပ်ရှုပ်နေတော့တယ်။

သူတို့ဘဝကလည်း မြို့သစ်မှာ မြေကွက်ပေး တော့ ရဲတပ်ကြပ်ကြီးဖြစ် တဲ့ ခင်ပွန်းက ပြည်ထဲရေး ကွက်မှာ ရတယ်။ အရင် န်းကတော့ ခင်ပွန်းသည် ာဝန်ကျလို့ ပြောင်းတဲ့နေရာ ာ မုန့်ဟင်းခါးရောင်းပြီး သားကြီး အောင်မြင့်မြတ်နဲ့ သမီးငယ် ကြည်လှဝင်းကို ဘထက် သာစေချင်၊ မော့ ကြည့်ချင်လွန်းလို့ ကျောင်း ထားပေးခဲ့တယ်။ ခင်ပွန်း ဦးအောင်ကြည်က ခုနစ်တန်း လောက်ပဲတတ်တော့ တပ် ကြပ်ကြီးရာထူးနဲ့တင် ဂိတ် ဆုံးသွားပြီ။ အပိုဝင်ငွေရတဲ့ နေရာလည်း ရှားတယ်။ ရိုး ဏ်နဲ့ နေတတ်၊ ကြောက် တတ်သူမို့ လစာအပြင် ဘာမှ ဘူး။ ဒီတော့ ဒေါ်မြင့်မြင့် ည်း မနေသာ တစ်ဖက် စ်လမ်းက သားနဲ့သမီး အတွက် ကျောင်းစရိတ်ရှာရ တော့တယ်။

သားနဲ့သမီးက စာ တော်တော့ ဒေါ်မြင့်မြင့် အမောပြေကျေနပ်ရတယ်။ သားကြီးက ဆယ်တန်းမှာ ါးဘာသာဂုဏ်ထူးနဲ့ အောင် တယ်။ အဖေနဲ့အမေ မျက်နှာ င့်လိုက်တာ မပြောပါနဲ့ တော့။ ဆေးတက္ကသိုလ်ဝင်ခွင့် ရတယ်ဆိုတော့ ဒေါ်မြင့်မြင့် အိမ်ဆိုင်လေးပါတွဲပြီး ဖွင့်ရ တော့တယ်။ သားကြီး ဆေး ကျောင်းတက်ဆဲမှာပဲ သမီး ကလည်း ဂုဏ်ထူးနှစ်ဘာ သာနဲ့ အောင်ပြန်ရော။ သမီး က ပညာရေးတက္ကသိုလ် တက်တယ်။ မိဘက ခြိုးခြံ ချွေတာပြီး ကျောင်းပြီးအောင် ထားပေးခဲ့တဲ့ အကျိုးဆက် ကြောင့် အဖေဖြစ်သူ တပ် ကြပ်ကြီး ဦးအောင်ကြည်၊ ဒေါ်မြင့်မြင့်တို့ အိမ်ထောင်ဦး ပစ္စည်းတွေလည်း ပြောင် တလင်းခါပါလေရော။ ကုန် ပါစေ။ သားသမီးကောင်းစား ရေးမို့ ကျေနပ်ပီတိဖြစ်ကြပါ တယ်။

လုပ်သက်လည်းရပြီ။ ပင်စင်ယူဖို့ သိပ်မလိုတော့ ဘူး။ အိုးပိုင်အိမ်ပိုင်ဘဝက တော့ ဝေးတဲ့အခြေအနေပေါ့။ အင်း ကံကောင်းတယ်ပဲဆိုရ တော့မလား။ မြို့သစ်မှာ ပေ ၆၀×၄၀ မြေတစ်ကွက်ရလိုက် လို့ အဆင်ပြေသွားလေ တယ်။ ရတဲ့မြေကွက်ကို လာ ကြည့်တဲ့နေ့မှာ ဒေါ်မြင့်မြင့် ဝမ်းသာလွန်းလို့ ထမင်း တောင် မစားနိုင်ဘူး။ မြေ တော့ ရှိပါပြီ။ အိမ်၊ ဟုတ် တယ်။ အိမ်ဆောက်ဖို့ငွေက လုံလုံလောက်လောက် မရှိ ဘူး။ ကံအားလျော်စွာပဲ ရုံးက ငွေတစ်သိန်း ချေးတယ်။ ဦးအောင်ကြည်တို့ အခြား အဆင့် ဝန်ထမ်းတွေကို လုံး ချင်းတစ်ထပ်အိမ်လေးတွေ ဆောက်ပေးတယ်။

သူ့ခြံကိုယ့်ခြံတွေမှာ သစ်ပင်တွေစိုက်လိုက်ကြတာ အပြိုင်ပဲ။ သုံးနှစ်လောက် အတွင်းမှာ လွင်တီးခေါင် ခေါင်ကနေ အိုအေစစ်လေး ဖြစ်လာတယ်။ မကြာခဏ မြေကို ပြုပြင်ပေးရတယ်။ ပင်စင်က နှစ်ပိုင်းလိုသေး ပေမဲ့ ကိုယ့်အိမ်ကိုယ့်ယာဖြစ် တော့ မနေနိုင်ဘူး။ အိမ်ပြီး ပြီးချင်း ပြောင်းနေဖြစ်ကြ တယ်။ တစ်လမ်းလုံးတိုက် အိမ်ဆိုလို့ တစ်လုံးပဲ ရှိတယ်။ အားလုံးက သစ်သားအိမ်လုံး လေးတွေပဲ။ အဲ အများထဲမှာ သာတဲ့လူကတော့ အဝီစိတွင်း တူးနိုင်တဲ့အိမ်ပေါ့။

ဒေါ်မြင့်မြင့်တို့မှာ သား က ဆရာဝန်၊ သမီးက ကျောင်းဆရာမဆိုတဲ့ အရှိန်နဲ့ သူများအိမ်မှာ ရေဝယ်သုံးရင် မျက်နှာငယ်၊ အောက်ကျ တယ်ထင်ပြီး လက်ကျန် ပစ္စည်းလေး ထုခွဲရောင်းချပြီး အဝီစိတွင်း တူးလိုက်တယ်။ ဒီတော့ အခြားအိမ်တွေက ရေ ရောင်းပါတဲ့။ မရောင်းပါဘူး။ ရေအကျိုးဆယ်ပါး ခံစားရ အောင် လေးငါးအိမ်လောက် လှူလိုက်တယ်။

မကြာပါဘူး။ ခန့်စာ စောင့်နေတဲ့သားကြီး အောင် မြင့်မြတ်က သူနဲ့အတန်းတူ တက်ခဲ့တဲ့ လုပ်ငန်းရှင် သူဌေး သမီးတစ်ဦးနဲ့ လက်ထပ် တော့မယ်တဲ့။ အဲဒီတော့ ခြံမြေဈေးတွေ တက်နေတာနဲ့ ကြုံလို့ ပေ ၂၀ ခွဲပြီးရောင်း၊ မင်္ဂလာကြေး တင်ပေးလိုက် လို့ အရိပ်ရပင် မှန်သမျှ မကျန်တော့ဘူး။ အိမ်ရှေ့မှာ ပိတောက်ပင်ပျိုနဲ့ မဟော်ဂနီ တစ်ပင်သာ ရှိတော့တယ်။

ဒီအထဲ သားကြီး ဩရ သနဲ့ ပတ်သက်လို့ ဒေါ်မြင့် မြင့် ရင်ဘတ်တစ်ခုလုံး နာ ကျင်နေရတဲ့ အချက်တစ်ချက် က ဆရာဝန်မလုပ်တော့ဘဲ ယောက္ခမရဲ့ စီးပွားရေးလုပ် ငန်းတွေမှာ ဝင်ရောက်လုပ် ကိုင်သွားတဲ့အတွက် စကား ဟဟတောင် ပြောချင်စိတ် မရှိဘူး။

သမီးကလည်း ဘာထူး လို့လဲ။ ဒုရဲအုပ်တစ်ယောက် နဲ့ မေတ္တာမျှကြပြီး လက်ထပ် လိုက်ပြန်ရော။ အခု နေပြည် တော်ရောက်နေပြီ။ သူတို့ အသိုက်အမြုံက ခွဲထွက်သွား ကြတော့ အဖေ အဘိုးကြီးနဲ့ အမေ အဘွားကြီးတို့ အထီး ကျန်လို့နေပြီး၊ အိမ်ထောင် ဘဝအစကလို စလယ်ဝင်အိုး လေးနဲ့ ဒွေးထွေးအောင် နေ တတ်သလို ဖန်တီးနေကြရ တော့တယ်။

❑

၂။

ဦးအောင်ကြည်၊ ဦးတင် မြင့်၊ ဦးအေးသောင်းတို့ သုံး ယောက်ဘဏ်ရောက်တော့ ရှေ့မှာ လူတွေအများကြီး။ နေ ကပူတော့ အရိပ်ရတဲ့ နေရာ စုပြုံနေသလို တိုးမြှင့်ပင်စင် လေးများပါလိုပါငြား စာရင်း ပြေးကြည့်မယ်အလုပ်-

'ဟာ ဦးအောင်ကြည် စမတ်ကတ်ပေးပြီး ကင်မရာ ရှေ့သွားရပ်ဦးလေ လာ လာ'

ဦးတင်မြင့်ခေါ်လေမှ သတိရပြီး ဒီလအတွက် သေချာပေါက်ရမယ့် ပင်စင် အတွက် ပါလာတဲ့ စမတ် ကတ်ထုတ်ပြပြီး ကင်မရာရှေ့ မှာ ရပ်လိုက်တယ်။ စစ်ဆေး ပြီးတော့ ကြေးပြားလေး ထုတ်ပေးတယ်။ နံပါတ် ငါးဆယ်တဲ့။ အင်း ခုထိ မခေါ်သေးတာ ဘယ် လောက်ကြာကြာ စောင့်ရ မယ်ဆိုတာ မသိ။ ပင်စင် လစာလေးက ဆန်ဖိုး၊ ဆီဖိုး၊ ဆေးဖိုးအတွက် အဆင်ပြေနေ တော့ စောင့်ရမှာပဲ။ တိုးမြှင့် ပင်စင်ကြည့်တော့ သူတို့ သုံး ယောက်စလုံး မပါသေး။



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ကြည်တို့ သစ်ပင်ရိပ်မှာ ဖိနပ်ဖင်ခုထိုင်နေခိုက် ခေါင်းသံစတင်ကြားလို့ လူတွေ အလုအယက် ဘဏ်ထဲပြေးဝင်သွားကြတယ်။ ခဏကြာတော့ ပြုံးပြီး ထွက်လာသူရှိသလို ဒေါသဖြစ်ပြီး ထွက်လာတဲ့သူလည်း ရှိရဲ့။ သူတို့အုပ်စုထဲက စပ်စပ်စုစုနိုင်တဲ့ ဦးတင်မြင့်က ဦးအောင်ကြည်တို့အနီး ရောက်လာပြီး သူ သိသမျှ သတင်းပြောပြတယ်။

'ခင်ဗျားတို့ ကျုပ်တို့က ဒီမှာ ငုတ်တုတ်ထိုင်နေတယ်။ ဟိုမှာ တိုးမြှင့်လစာ ရသူတွေက ရကုန်ပြီ။ သူတို့ ပင်စင်ဦးစီးမှာ ပုံစံဖြည့်ပြီး စာရွက်ယူလာကြတာတဲ့။ ကျုပ်တို့လည်း မနက်ဖြန် ပင်စင်ဦးစီးရုံး သွားရအောင်။ ဒီလိုထိုင်စောင့်နေလို့ကတော့ သေခါနီးနေတဲ့ ကျုပ်တို့ တိုးမြှင့်ပင်စင်ငွေ စားသွားရမှာ မဟုတ်ဘူး၊ တောက်...'

ပေါက်ကွဲသံစဉ်များနဲ့ ဒေါသအလိပ်လိုက်တက်နေတဲ့ ဦးတင်မြင့်ကို ဦးအောင်ကြည်က နှစ်သိမ့်ပေးဖို့ ကြိုးစားရတယ်။

'စိတ်မလောပါနဲ့ ဦးတင်မြင့်ရယ်၊ ပင်စင်ဦးစီးက အဝေးကြီး။ ဒီနေ့လည်း ကျုပ်တို့နံပါတ်က ငါးဆယ်၊ ဘယ်အချိန်မှ ပြန်ရမယ်မှန်း မသိသေးဘူး။ သန်ဘက်ခါတော့ သွားကြတာပေါ့'

'ခင်ဗျားက ပြောအားရှိတာပေါ့ ဦးအောင်ကြည်ရာ၊ သားက ဆရာဝန်၊ သူ့ငွေး သမက်မို့ ထောက်ပံ့နေတာကိုး။ ကျုပ်တို့မှာ ဒါလေးနဲ့ အသက်ဆက်နေရတာ၊ ခင်ဗျား မလိုက်ချင်နေဗျာ။ ကျုပ်ကတော့ မနက်ဖြန် သွားမယ်။ ဦးအေးသောင်း ခင်ဗျားကော လိုက်မှာလား'

ဦးအောင်ကြည် စိတ်အိုက်သွားတယ်။ ရွှေဖြူလို့ တင်စားကြတဲ့ ရော်ဘာပင်တော့ စိုက်ထားပါရဲ့၊ ကော်ဇေး အထွက်နည်းတာ သူတို့ မသိ။

'ကဲပါဗျာ လိုက်ပါ့မယ်။ စိတ်ထိန်းပါ။ တော်ကြာ နေကပူရတဲ့အထဲ ခင်ဗျား သွေးတိုးနေဦးမယ်၊ မိုးမရွာသေးတော့ အိုက်စပ်စပ်နဲ့နော်'

ဦးအောင်ကြည် စဉ်းစားမိပြန်တယ်။ ဦးတင်မြင့်နဲ့ ပတ်ဝန်းကျင်ကလူတွေ အထင်ကြီးနေတာကို အချောင်ခံနေရတယ်။ ယောက္ခမနဲ့ မိန်းမလက်အောက်မှာ ပြားပြားမှောက်နေရတဲ့ သားတော်မောင်က တစ်လငါးသောင်း၊ ဆန်တစ်အိတ်၊ ဆီပုံး၊ ဆေးဝါးမတတ်စာလေးတွေ ပါလာတာကလွဲပြီး မပိုပါဘူး။ သူ့မှာလည်း သားသမီးနှစ်ယောက်ကို နိုင်ငံခြားမှာ သူ့ခယ်မနဲ့သွားထားပြီး ကျောင်းစရိတ် ဘယ်လောက်ကုန်တဲ့အကြောင်း ပြောပြတော့ ထပ်တောင်းဖို့ မဟချင်တော့ဘူး။ သမီးငယ် ကြည်လဲ့ဝင်းကလည်း ကလေးစရိတ်ကုန်သလို၊ ယောက္ခမနှစ်ယောက်ခေါ်ထားရတော့ အထက်မီးကို အသာထားပြီး၊ အောက်မီးကိုသာ မီးတွင်တွင် ထိုးနေကြရသူတွေပါ။ ရေဆန်မရှိတာ ဒါမျိုးပဲပေါ့။ အင်း လောကလောက...။

'ဦးအောင်ကြည်ရေ ခေါ်နေပြီဗျို့ လာတော့...'

ဦးအေးသောင်း ထွက်ခေါ်လာတော့ သူ အပြေးတစ်ပိုင်းဝင်သွားတယ်။ အရင်ထုတ်နေကျ ငွေလေးသောင်းတစ်ထောင်၊ မကြာမီ ရတော့မယ့် တိုးမြှင့်ပင်စင်နဲ့ပါဆို ရင် ငါးသောင်း။ ဆန်၊ ဆီ မဝယ်ရတော့ သူတို့ လင်မယား လောက်ငပါတယ်။ သားကြီးနဲ့ ချွေးမကလည်း သူတို့မိသားစုကိစ္စနဲ့၊ လုပ်ငန်းတွေနဲ့ အလုပ်များနေမှာဆိုတော့ ဦးအောင်ကြည်တို့အိမ် အရောက်နည်းပေမဲ့ အရေးအကြောင်းဆို အားကိုးရမှာ။ တစ်လောကတောင် ခမည်းခမက်နှစ်ယောက် ထိုင်းသွားပြီး ဆေးစစ်ကြသေးတယ်တဲ့။ မရှိတဲ့ရောဂါရှာတာ နေမှာပေါ့။ ဒါလည်း သားကြီးငွေနဲ့ ဆန်အိတ်လာပို့တုန်းက ပြောလို့ သိရတာပါ။

အတွေးကွန်ရက် ဖြန့်ကြက်နေရင်း သုံးဦးလုံး ပင်စင်လစာကိုယ်စီပိုက်ပြီး အိမ်ပြန်ဖို့ စက်ဘီးပေါ် တက်လိုက်ကြတယ်။ မွန်းလွဲတစ်နာရီ ထိုးခါနီးပြီ။ ဗိုက်ကလည်း ဟာနေ၊ ဆာနေကြပြီပေါ့။

'ကိုတင်မြင့် နေပူလွန်းတယ်၊ ကြံရည်ဆိုင်ဝင်ကြရအောင်'

ဦးအေးသောင်းက အစပျိုးလိုက်တော့ ကြံရည်ဆိုင်ထဲ ဝင်လိုက်ကြပြန်တယ်။

'ကြံရည် သုံးခွက်ဟေ့၊ လက်ဖက်သုပ်ချဉ်စပ်တစ်ပွဲလည်း လုပ်ကွာ'

အိုယယ်ကြီး သုံးယော[...] တိုးမြှင့်ပင်စင်မရမယ့် အ[...] တူ အေးအေးလူလူ ထိုင်[...] ကြတယ်။ ရတဲ့လူကပြုံး[...] တဲ့လူက ဒေါသဖြစ်နဲ့ တစ်[...] တော့ ရမှာပါလေလို့ တွေး[...] ဖြေသူလည်း ရှိမှာပဲ[...] ဦးအောင်ကြည်တွေး[...] ကြံရည်အေးအေးကို အ[...] ခံသောက်လိုက်၊ လက်[...] သုပ်စားလိုက်နဲ့ အဲဒီနေ[...] အိမ်အပြန်မှာတော့ တစ်[...] ကျော်နေပြီ။

❑

၃။

'အဖေကြီး နေပူထဲ[...] ပြန်လာတာကိုး စမုတ်[...] ကောပါရဲ့လား၊ ပျောက်[...] နော်'

'စမုတ်ကတ်လုပ်[...] ပါကွာ မင်းကလည်း၊ ပါ[...] ပေါ့'

'ပါရင်ပြီးတာပါပဲ[...] ထက် အဖေကြီး တိုး[...] ငွေ...'

'မရခဲ့ဘူးကွ၊ မနက်[...] သန်ဘက်ခါဖြစ်ဖြစ် မြို့[...] ပင်စင်ရုံးသွားရမှာ'

ဦးအောင်ကြည့်[...] ကြောင့် ဒေါ်မြင့်မြင့်[...] ပျက်သွားတယ်။ တချို့[...] လို့ ကြားထားတော့[...] သောင်းတိုးလည်း ဟင်း[...] လေး ခုမိတာပဲလို့ တွေး[...] သေးဘူး၊ အရစ်ရှည်ဦး[...] မယ်။

'အမေကြီး ထမင်း[...] ပြီးပြီလား'

'စားချင်စိတ်လည်း[...] သိပ် မရှိပါဘူး။ နေ[...] တစ်လောက မိုးတစ်[...] လိုက်တာ အိမ်ထဲမှာ[...]

www.burmeseclassic.com

www.burmeseclassic.com

တဲ့ အိမ်အောက်က ဗွက်ပုပ်နံ့ ကလည်းနံ၊ အိမ်အမိုးက နိမ့်တော့ သံပူဦးထုပ်ဆောင်းရသလိုပါပဲ။ မိုးဦးကျ လေတိုက်ရင်လည်း အိမ်ကပြိုမှာကြောက်ရသေးတယ်'

မောမောနဲ့ ပြန်လာတဲ့ ယောက်ျားကို မဆိုင်တဲ့စကားတွေပစ်သွင်းနေတဲ့ မိန်းမကို ဆောင်းခနဲ စိတ်တိုသွားပေမဲ့ တစ်ချိန်တုန်းက မိုးရွာခိုက်မှာ မခံခဲ့တဲ့ အပြစ်သားတစ်ဦးလို ခံစားရပြန်တော့ ဘာမှ ပြန်ပြောမနေတော့ဘဲ ထမင်းကိုသာ ငုံ့လွေးနေမိတော့တယ်။

'အဖေကြီးရယ် မြင့်တို့ တစ်လမ်းလုံး တိုက်တွေ ချည်းပဲမို့ စိန်နားကပ်ရောင်နဲ့ ကိုယ့်အကွက်လေးပါ ဈေးတက်လာပြီမို့ ဝမ်းသာလို့ ဆုံးသေးဘူး။ ဆယ်အိမ်မှူး အောင်အောင်က သူ့တိုက် သစ်တက်ပွဲမှာ ကျုပ်ကို ဘာပြောလဲသိလား။ တစ်လမ်းလုံး အန့်တီမြင့်တို့ တစ်အိမ်ပဲ အိမ်ဟောင်းနေတာ သားဆရာဝန်ကို ပြောပြီး တစ်ထပ်တိုက်လေးဖြစ်ဖြစ် ဆောက်လိုက်ပါလား၊ ဒါမှ ကျွန်တော်တို့လမ်း သားနားသွားမှာတဲ့။ ခုတော့ ကိုယ့်အိမ်စုတ်ကြောင့် သူတို့အိမ်တွေ သိက္ခာကျသလို ဖြစ်နေတယ်တော့၊ ဟင်း…'

'ဘာပြောတယ်၊ ဒီကောင်ရောက်တာဖြင့် မကြာသေးဘူး။ သင်းက ငွေရရင် အကုန်လုပ်ပြီး တိုက်ဆောက်နိုင်တာ သမ္မာအာဇီဝနဲ့ ဆောက်ထားတဲ့ ငါ့အိမ်လေးကို ငါ ဂုဏ်ယူတယ်၊ ဟင်းဘာ… လာချည်သေး…'

'ရှင်ကသာ ဂုဏ်ယူနေ၊ သစ်တွေက ဆွေးနေတာ ရှင်အသိပဲ။ ဆွေးနေတဲ့သစ်တွေ သစ်ကောင်း ပြန်မဖြစ်နိုင်ဘူးဆိုတာ ရှင် သိထားပေါ့'

မှန်တာတွေပြောတတ်တဲ့ ဇနီးကို ဘက်ပြိုင်ပြောမနေချင်တော့၊ ခြံတစ်ဝက်ရောင်းပြီး မိဘဝတ္တရား ကျေပွန်ခဲ့သူတို့မှာ ဝပ်ကျင်းလေးတစ်ခုရှိနေပေမဲ့ လိုအပ်ချက်တွေတော့ ရှိနေဦးမှာပဲ။ တစ်နေ့၊ တစ်ချိန်တုန်းက သူ့လက်အောက်မှာ လုပ်ခဲ့ဖူးတဲ့ တပ်ကြပ်လှသောင်းနဲ့တွေ့တော့ လှသောင်းအိမ် ဝင်လည်မိတယ်။ တစ်ထပ်တိုက်လေး ခေတ်ဆန်ဆန်ဆောက်ထားတာ နေချင့်စဖွယ်လေး။ ဟိုတုန်းက လှသောင်း သူ့ကို ရှာကျွေးမယ်ဆိုလေတိုင်း သူ လက်မခံခဲ့ဘူး။ လှသောင်းက ပါးနပ်တယ်။ သူ့သားနှစ်ယောက်ကို သင်္ဘောပေါ်တင်ပေးလိုက်ပြီး သားတွေ မိန်းမမယူခင် စုမိသမျှနဲ့ သားတွေအပ်တဲ့ပိုက်ဆံတွေကြောင့် ဒီလိုနေနိုင်တာလို့ ပြောတယ်။ အဲဒီအကြောင်းတွေ အမေကြီးကို ပြန်မပြောချင်ဘူး။ အိမ်ကောင်းကောင်း မကောင်းကောင်း သားသမီးတွေကို မော့ကြည့်ရတဲ့ မိဘဖြစ်ရတာလောက် ဂုဏ်ယူစရာကောင်းတာ ရှိပါဦးမလား။

အိမ်က အဘွားကြီးကိုတော့ အသနားပိုမိတယ်။ သူများနည်းတူ သူ့ဆန္ဒလေးကိုလည်း ဖြည့်ဆည်းပေးချင်လို့ အသက် ၇၀ ကျော် ခုချိန်ကျမှ အလုပ်လုပ်ပြန်ရင်လည်း ညစောင့်ပဲရမယ်။ သားသမီးတွေကလည်း သဘောတူမှာ မဟုတ်။ ဒီအခြေအနေနဲ့ တိုက်ဆောက်ဖို့ဆိုတာ နောက်ဘဝကူးတောင် ဆောက်နိုင်ပါဦးမလား။

❑

၄။

ဦးအောင်ကြည်တစ်ယောက် ညနေဘက် လမ်းလျှောက်ထွက်တော့ သူ့ကောင်းသား အောင်အောင်က သူ့တိုက်ရှေ့မှာ ကလေးထိန်းနေတာတွေ့တော့ အိမ်က အမေကြီးပြောစကား မေးကြည့်ဦးမယ်လို့ စိတ်ကူးကာရှိသေး၊ သင်းက မဆီမဆိုင် လက်ပံသား မားနဲ့ လာချိုင်နေတာ ဟားတိုက်ရယ်ဖို့ပင် ကောင်းသေး။

'လမ်းလျှောက်ထွက်လာတာလား အဘ၊ ဩော် အဘကို ပြောရဦးမယ်။ ဒီလမ်းမှာ သစ်သားအိမ်ဆိုလို့ အဘတို့ အိမ်ပဲ ရှိတော့တာ။ ပြီးတော့ အဘတို့အိမ်က မီးသွေးနဲ့ချက်တော့ နွေရောက်ရင် မီးဘေးစိုးရိမ်ရတယ်။ အဘသား ဒီလောက်ချမ်းသာနေတာ တစ်ထပ်တိုက်လေး ဆောက်…'

'ဟေ့ အောင်အောင်တော်တော့၊ မင်း ဒီလမ်းထဲက ငါ့သူငယ်ချင်း စိန်ထွန်းအိမ် ဝယ်လိုက်တုန်းက မင်းအိမ်ကို ပြန်ကြည့်လေကွာ၊ နာဂစ်မုန်တိုင်းတုန်းက အိမ်အမိုးတွေလန်လို့ ငါ့သား သွပ်အသစ်တွေ လာလဲပေးတုန်းက သွပ်ဟောင်းတွေလာတောင်းတာ ဘယ်ကောင်လဲ။ ဘဝမေ့နေတဲ့ မင်းပဲ။ နောက်ထပ် ငါတို့လင်မယားကို ဒီစကား လာမပြောနဲ့။ သားသမီးဆီ အားကိုးတကြီးနဲ့ လက်ဖြန့်ဖို့ စိတ်မကူးဘူး'

'ဟာ ဒီလိုမဟုတ်ပါဘူးအဘရယ်၊ သား ပြောတာ စိတ်မဆိုးပါနဲ့။ အဘတို့ ခေါင်းရင်းတိုက်က မြို့ထဲမှာနေရင် ကာဗွန်နံ့တွေရလို့ ကျန်းမာရေးကြောင့် ဒီကို ပြောင်းလာတာတဲ့။ ခု အဘတို့ မီးမွှေးရင် မီးခိုးစော် နံလို့တဲ့။ အဘကို ပြောရမှာ အားနာတယ်နဲ့ တူပါတယ်ဗျာ…'

အောင်အောင့် အပြောကြောင့် ဦးအောင်ကြည် ဒေါသတွေ ငယ်ထိပ်တွေတက်ပြီး နားထင်ကြောမျှား တောင်ထောင်လို့။

'ဟေ့ အောင်အောင် ပြောကြစတမ်းဆိုရင် သူတို့တပ်ထားတဲ့ Air Con က ကျတဲ့ရေသံဟာ ညဘက် တို့အိပ်ရင် အနှောင့်အယှက်ဖြစ်တယ်။ ဒါပေမဲ့ ငါ ဘာမှ မပြောဘူး၊ ထမင်းဟင်း ချက်တဲ့အခါ ဂက်စ်အနံ့ကလည်း အိမ်ထဲထိ ဝင်တယ်။ ငါ နားလည်ပေးတယ်။ ဒီမှာ မီးသွေးနဲ့၊ ထင်းနဲ့ချက်တာ တို့မြန်မာ့ရိုးရာပါ။ ရှေးခေတ်က ဂက်စ်တွေ ပေါ်နေပြီလားဟင်၊ လျှပ်စစ်မပေါ်ခင်က ဘာနဲ့ချက်ကြသတုံး။ ဒီမှာ အောင်အောင် ဒီလမ်းမှာနေကြတာ ငါက ဝါအရင့်ဆုံးပါကွ။ မြေနီလမ်းကတည်းက အခု ကွန်ကရစ်လမ်းဖြစ်တဲ့အထိပဲ။ အစကတည်းက ငါ့အိမ်စုတ်တာတွေ့ရက်နဲ့ ဘာလို့ လာ ဝယ်နေကြတာလဲ၊ ငါပဲ လမ်းဘေးမြက်



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ အမှိုက်တွေ ရှင်းလာခဲ့တာပါ။ အခု လူကုံထံဆိုသူတွေ အပြိုင်အဆိုင် ရောက်လာမှ ငါတို့က အသုံးမကျ၊ လူရာမဝင်တော့ဘူးလား။ အေး ငါ့ကြောင့် ဂုဏ်ငယ်နေရင် အခုပဲ မီးရှို့ လိုက်မယ် ဟင်း…'

စကား အချီအချပြော နေတဲ့ အဲဒီနေရာကို ပင်စင်စား အရာရှိတစ်ဦးနဲ့ မျက်နှာချင်းဆိုင်တိုက်က လူအချို့ ရောက်လာပြီး ဇနီးသည်လည်း ရောက်လာတယ်။ ပင်စင်စား အရာရှိကြီးက ဖျန်ဖြေရေး လုပ်ပေးတယ်။

'မင်းတို့ လူငယ်တွေက အသက်ကြီးသူတွေကို အိုပယ်ကြီးတွေဆိုပြီး မနှိမ်နဲ့လေကွာ။ အရင်က ဦးအောင်ကြည်ရဲ့ ဂုဏ်သိက္ခာ သမာဓိကြောင့် အားလုံးလေးစားရတာ။ အေး အိုလာတဲ့အရသာ၊ ခံစားချက်ကို မင်းတို့ မသိသေးလို့ပါ။ ဘာပဲဖြစ်ဖြစ် ဖေးမကူညီလက်ဆွဲခေါ်မှပေါ့။ ကဲ ကဲ ဦးအောင်ကြည်လည်း စိတ်လျှော့ပါ၊ သည်းခံပါ။ စိတ်မကောင်းလည်း မဖြစ်ပါနဲ့တော့'

ရန်ပွဲမဟုတ်ပေမဲ့ ကိုယ့်သားလောက်ရှိတဲ့လူက မာန်တက်ပြီး အခံခက်အောင် ပြောလာတယ် ထင်ပြီး၊ ဦးအောင်ကြည် သည်းမခံနိုင်လို့ တစ်သက်နဲ့တစ်ကိုယ် အခုလို အငြင်းပွားပြောဆိုမိပြီးခါမှ ရှက်မိသွားတယ်။ သူ့ကို လက်ဆွဲခေါ်လာတဲ့ မိန်းမကလည်း စိတ်ထိခိုက်ဖြစ်နေဟန် မျက်ရည်စက်လက်နဲ့။

'ဇရာယွင်းယို၊ လူသားအိုတော့ လူမလေး၊ ခွေးမခန့်

> လမ်းလျှောက်
> စကားပြောပြီးရင်
> လက်ဖက်ရည်
> ဆိုင်ထိုင်
> ဟိုအကြောင်းတွေ
> သောင်းပြောင်း
> တွေလာပြော
> ရယ်စရာရှိ
> ရယ်လိုက်
> မောစရာရှိ
> မောလိုက်
> သောစရာရှိ
> သောလိုက်နဲ့
> ရယ်ရယ်မောမော
> ဆိုတာ
> သူတို့အုပ်စုပေါ့

တော့ပါလား…'

ဦးအောင်ကြည်စိတ်ထဲက ရေရွတ်မိတယ်။ ညရောက်တော့ ဦးအောင်ကြည် အိပ်ရာထဲလှဲနေပေမဲ့ ဘယ်လူးညာလှိမ့်နှင့် အိပ်မရဖြစ်နေသလို ဇနီးသည်လည်း အိပ်ပျော်မှာ မဟုတ်မှန်း အလိုလို သိနေတယ်။

'အဖေကြီး မနက်ဖြန် ပင်စင်ရုံး မသွားဘဲ သားကြီးဆီ သွားပါလားဟင်၊ ဒီမှာ မြင့်တို့ခံစားနေရတဲ့အကြောင်း ပြောပြပြီး တစ်ထပ်တိုက်လေးဖြစ်ဖြစ် ဆောက်ပေးဖို့လေ။ မြင့်တို့ မရှိတော့ရင်လည်း သူတို့မောင်နှမ ခွဲယူကြပေါ့။ မြေဈေးအိမ်ဈေး ကျသွားတယ်လို့မှ မရှိတာ'

ဦးအောင်ကြည် အိပ်မရတဲ့ကြားထဲ မျက်လုံးကျယ်ပြီး စိတ်အိုက်သွားရတယ်။ သားသမီးဆီ လက်ဝါးဖြန့်တဲ့ အလုပ်မျိုး ဦးအောင်ကြည် မလုပ်ချင်။ သိတတ်မှုနဲ့ လာလုပ်ပေးရင်တော့ အတိုင်းထက်အလွန်ပေါ့။ ဝန်ထမ်းဘဝမှာကတည်းက ကြွေကျလာတဲ့ အသီးလောက်ကိုသာ မစို့မပို့ စားခဲ့ဖူးသူပါ။ သူတစ်ပါးအိတ်ကပ်ထဲက ငွေကြေးကို အထက်စီးနဲ့ အနိုင်ကျင့်ပြီး ကိုယ့်အိတ်ကပ်ထဲ ရောက်အောင် ဖန်တီးတတ်သူ မဟုတ်။ ဝိစားရယ်စား လာဘ်စားတဲ့အနေအထားကင်းခဲ့သူ အဖြူထည်သက်သက်မို့ ယောက္ခမနဲ့ တစ်စီးပွားတည်း လုပ်ကိုင်နေသူ သားကြီးကိုလည်း အပူကပ်ရမှာ ရှက်တယ်။ အခြေအနေနဲ့ အချိန်အခါကြည့်ပြီး မိဘကို နိုင်တဲ့ဝန်နဲ့ ထောက်ပံ့နေသူပါ။ အားကိုးတကြီးနဲ့ သွားပြောလို့ ကူညီနိုင်ရင် ကောင်းရဲ့၊ မကူညီနိုင်ရင် သားလည်း စိတ်မကောင်းဖြစ်ပေရှာမယ်။

အေးလေ၊ အတောင်စုံလို့ အသိုက်အမြုံ ခွဲထွက်ပျံသန်းသွားကြပြီဆိုတော့ ကိုယ်ရပ်တည်နေတဲ့ အသိုက်ကိုပဲ ကြီးသထက်ကြီးအောင်၊ လုံခြုံသထက်လုံခြုံမှုရှိအောင် သူ့သားသမီးတွေကိုလည်း မော့ကြည့်ရအောင် သူ ပုံဖော်ပေးနေမှာပဲလေ။

'အဖေကြီး မြင့်ပြောတာ ကြားရဲ့လား'

'ဟေ အေး ငါ မအိ
သေးပါဘူးကွာ။ ပင်စင်ရုံး
သွားဖို့က ဖျက်လို့မရဘူး။
ကိုယ့်အိတ်ထဲ သေချာပေါက်
ဝင်မယ့်ကိစ္စကိုတော့ အရင်
လုပ်ရဦးမယ်'

'အဲဒီကအပြန် ဝင်ခဲ့ပါ
လား၊ မြင့်က လွှတ်တယ်
ပဲ ပြောလိုက်ပေါ့။ မဖြစ်
တော့ဘူး၊ အိမ်က ဆွေးနေပြီ
ဝင်လိုက်ပါနော် အဖေကြီး'

'ဟင်း…'

ဇနီးသည်ရဲ့ တစ်ဖွ
ထိုးနိုင်မှုကြောင့် ဦးအောင်
ကြည် သက်ပြင်းချနေပါပြီ
ပြီးမှ စိတ်မပါ့တပါနဲ့ ခပ်
လေးလေး ပြောလိုက်
တယ်။

'အင်းပါကွာ၊ အချိန်
ရရင် ဝင်မယ်၊ မရရင်တော့
နောက်ရက်ပေါ့၊ အိပ်တော့'

ဇနီးသည်ကို ကျေ
အောင်ပြောပြီး သူလည်း အိပ်
ပျော်အောင် ကြိုးစားတယ်
သားကြီးဆီသွားပြီး အကူ
အညီတောင်းရမှာကို တွေး
ရင်မောနေမိတာ အမှန်
တွေးရင်းတွေးရင်း
ဦးအောင်ကြည် မိုးလင်းခါ
မှ အိပ်ပျော်သွားတယ်။

❑

၅။

'ဒေါ်မြင့်မြင့် ကျွန်
တို့ကတော့ ပင်စင်ဦးစီး
က စာရွက်တွေရလာပြီ
ဦးအောင်ကြည်ကတော့
သားတော်မောင်ဆီ ဝင်
တဲ့၊ အဲဒါ အမှာပါးလိုက်
ဝင်ပြောတာ'

'ဟုတ်လား၊ ဒါ
တိုးမြင့် လစာလေး
သေချာသွားပြီပေါ့၊ ဝင်
လိုက်တာ။ အခုလို

www.burmeseclassic.com

www.burmeseclassic.com

ာ ကျေးဇူးပဲနော်'

တကယ်တော့ တိုးမြှင့်င်စင်ထက် သားကြီးဆီဝင်ချင်တာ အဓိကဖြစ်နေတယ်။ သားဆီက ရနိုင်မယ်ထိုတဲ့ မျှော်လင့်ချက်ကြောင့် ါမြင့်မြင့် ဝမ်းသာနေတယ်လေ။ သမီးကတော့ သာမန်ထမ်းဆိုတော့ မထင်စားဝံ့ဘူး။ ဒါပေမဲ့ သမီးကည်း အလိုက်သိပါတယ်။ သူ မဲပေါက်လို့ရတဲ့ တစ်ဆောင့်ငါးရာဖုန်းလေး လူကြုံင် ပေးလိုက်မယ်ဆိုတဲ့ကြောင်း ခုနတင်ကပဲ ဖုန်းဆက်ပြောလို့ ဝမ်းသာလုံး ဆိုနေရတာ။ အဘိုးကြီးကည်း ပြန်မလာသေးဘူး။ မျှော်လင့်ချက်တစ်ခုကြောင့် စောင့်စားရတဲ့အလုပ်လောက် ခံနိုင်စိတ်မောစရာကောင်းတာရှိတော့ဘူး။ ညနေတောင်စောင်းသွားပြီ။ ဟော အိမ်ရှေ့မှာ တက္ကစီတစ်စီး ထိုးဆိုက်လာပြီး ကျေးဇူးရှင်မိဦးနတ်ကြီး ဆင်းလာပါပြီ။

'ကိုကြည် သားကြီးနဲ့တွေ့လား၊ ဘာပြောလဲဟင်'

'ပြောမယ် ပြောမယ်နိုးမရေ၊ ဒါထက် မင်းဆီမှာ ပိုက်ဆံ ဘယ်လောက်ရှိလဲ'

'အဖေကြီးကလည်း ဘာရှိမှာလဲ၊ မနေ့က ပင်စင်နဲ့ပေါင်းမှ တစ်သိန်းကျော်လောက်ပဲရှိတာ သိရဲ့သားနဲ့'

'ဟုတ်ပါပြီ၊ မင်းလက်ထဲမှာ မင်းပိုင်တဲ့ငွေ တစ်သိန်းကျော်ဟာ မင်းရဲ့ သားနဲ့ သမီးလာတောင်းရင် မင်း ကျေကျေနပ်နပ်ပေးမှာပဲ။ ဘပစ္စည်းကို သူတို့ပိုင်တယ်လေ။ မွေ့ခံထိုက်စေဆိုတဲ့စကား ရှိထားတယ်။ ဒါပေမဲ့ မင်းသားကြီးရဲ့ လက်ထဲမှာ သိန်းတစ်ထောင်ရှိတယ် ဆိုပါစို့၊ အဲဒါ မင်းမပိုင်ဘူး။ မင်းသားနဲ့ မင်းမြေးတွေ ပိုင်တာ'

'အို ရှင်ကလည်း ဝေ့လည်ကြောင်ပတ်နဲ့ နားလည်အောင် လိုရင်းပြောပါ'

'အေး ပြောမယ်၊ သားကြီးက သူ့ယောက္ခမခြံထဲမှာ တိုက်တစ်လုံးဆောက်နေလို့ ငွေကုန်များနေတယ်တဲ့။ မင်းချွေးမကလည်း ကလေးတွေဆီသွားနေတယ်။ တို့အိမ်ကိုတော့ သူတို့ အဆင်ပြေတဲ့အချိန် မြေဖို့ပေးမယ်၊ အုတ်ဖိနပ်ခံပေးမယ်၊ ဆွေးတာတွေကို သစ်စားထိုးပြင်ပေးမယ်၊ အိမ်ခေါင်မိုးပြင်ပြီး မျက်နှာကြက်ပါ ရိုက်ပေးမယ်။ ခြံစည်းရိုးလေးကိုလည်း လှအောင်လုပ်ပေးမယ်။ အဲယားကွန်းလည်း တပ်ပေးမယ်တဲ့'

'ဟင် ဒါ ဒါဆို ကျွန်မတို့ တိုက်နဲ့တာနဲ့ ဝေးပြီပေါ့၊ တစ်ထပ်တိုက်လေးများ မြင့်တို့သေရင် သူတို့ပဲ ရမယ့်ဟာ။ ဒီလောက်ကတော့ တတ်နိုင်လောက်ပါတယ်တော်။ ဒါ မောင်နှမနှစ်ယောက် ပိုင်မှာမို့ သက်သက်ကတ်တာ ဟီး... ဟီး... ဟီး...'

'ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်မနေပါနဲ့တော့ အမေကြီးရယ်၊ တိတ်ပါကွာ၊ ငိုမနေပါနဲ့။ အင်း မင်းနေချင်လှတဲ့ တိုက် ငါ ကြိုးစားဆောက်ပေးပါ့မယ်။ အမေကြီး သိထားဖို့က သားသမီးတိုင်းဟာ အိမ်ထောင်ကျလို့ အသိုက်အမြုံခွဲသွားပြီဆိုရင် သူ့အသိုက်အမြုံကိုပဲ မိုးဒဏ်လေဒဏ် ကြံ့ကြံ့ခံနိုင်အောင် ဦးစားပေး လုပ်ကြတာပါကွာ။ ငါ့ကိုပဲကြည့်လေ။ ငါ ငယ်ငယ်က မိဘတွေဇာတိ ဧရာဝတီတိုင်းမှာ စပါးခင်းတွေ ရေမြုပ်ပျက်စီးသွားတော့ တစ်အူထုံ့ဆင်းဖြစ်တဲ့ မောင်နှမငါးယောက် အချင်းချင်း တွက်ကပ်နေကြပြီး ပေးသင့်သလောက်မပေးဘဲ ငါ့သားနဲ့သမီး ကျောင်းစရိတ် ပွန်းပဲ့သွားမှာစိုးခဲ့ကြတာပဲ မဟုတ်လား။ ဒီတော့ မင်းလည်း မျက်ရည်ကျပြီး စိတ်ဆင်းရဲမနေပါနဲ့တော့။ သဘာဝတရားကို ဆင်ခြင်၊ မိဘကို ပူတဲ့မီးက အထက်မီး၊ သားသမီးကိုပူတဲ့မီးက အောက်မီးလို့ခေါ်တယ်။ လူတိုင်းဟာ သဘာဝအရ အောက်မီးကို ပိုပြီး ပူတတ်ကြတယ်။ မင်းလည်း မင်းသားကြီးကို သိပ်ချစ်မှန်း ငါသိပါတယ်။ အပြန်အလှန် သားအမိအချစ်ပိုကြတာပေါ့။ ဒီတော့ မင်း ပျော်ရွှင်ကျေနပ်မဆုံးဖြစ်ခဲ့ရတယ် မဟုတ်လား။ သားလိမ္မာ၊ သမီးလိမ္မာတွေမွေးတဲ့မိခင်ဆိုပြီး မင်း ကျေကျေနပ်နပ် သရဖူဆောင်းခဲ့တာလေ။ အခု လက်ဆင့်ကမ်းပေါ့။ မင်းရဲ့ သရဖူကို ချွေးမနဲ့ မြေးနှစ်ယောက်လက်ထဲ လွှဲပေးလိုက်ရတာ မေ့မနေနဲ့ဦး။ မင်းမှာ သရဖူမရှိတော့သလို တို့လည်း နေညိုချိန်ရောက်နေပြီလေ။ သားကို စိတ်ဆိုးစိတ်ကွက်မလုပ်နဲ့၊ သူလည်း သူနိုင်တဲ့ဝန်နဲ့ လုပ်ပေးနိုင်တာ လုပ်ပေးမယ်လို့ ပြောလိုက်တာပဲ'

'သူ လုပ်ပေးမယ်ဆိုတာက သစ်သားအိမ်ကို ပြင်တာလောက်ပဲ ရှိတာပဲလေ။ သူတို့ကတော့ ဆောက်လိုက်တဲ့ တိုက်ကြီး ဟည်းလို့'

ပြောလေကဲလေ၊ မန်းလေပြလေဆိုတာ ဒါမျိုး ထင်ပါရဲ့။ သွယ်ဝိုက်လို့ တစ်ဖုံ၊ ဥပမာပေးလို့ တစ်သွယ်၊ တဲ့တိုးနဲ့ တစ်နည်း နာငြီးအောင် ပြောပေမဲ့ ဇနီးသည်က နားမဝင်၊ အမြင်မကြည်လင်တော့ ဦးအောင်ကြည် စိတ်ညစ်နေမိတယ်။ တရားသဘောကို မစောကြော လောဘထက် မောဟဖက်ပြီး သေရင်တော့ ဒီမိန်းမ ဒုက္ခပဲ တွေးပြီး ရင်မောမိတယ်။

'မိန်းမရယ်၊ ပြောရတယ်ခက်ပါလား။ မင်း ပြန်စဉ်းစားစမ်း။ တို့လင်မယား မြန်မာနိုင်ငံအနှံ့ တန်ခိုးကြီးဘုရားတွေဖူးမြော်ခွင့်ရတာ သားက လိုက်ပို့၊ သမီးက လိုက်ပို့နဲ့၊ အဲ ဒါတင်က ,ရိုးလား။ ဒီတစ်လမ်းလုံး ပြေးကြည့်ဗုဒ္ဓဂယာဘုရားဖူး သွားရတာ တို့လင်မယားပဲ ရှိတဲ့ဟာ။ အဲဒါ ဘယ်သူပို့တာလဲ၊ သားကြီးပဲ အဓိကတာဝန်ယူတာလေ။ သမီးငယ်တောင် မရှိမဲ့ ရှိမဲ့နဲ့ မိဘတွေ ဗုဒ္ဓဂယာဘုရားဖူးသွားရာမှာ ဒါနမြောက်အောင်ဆိုပြီး လှူဖို့တန်းဖို့ ငွေသုံးသိန်းထည့်ပေးလိုက်သေးတယ်လေ'

ဦးအောင်ကြည် အဆက်မပြတ်ပြောနေသော်လည်း ဇနီးဖြစ်သူ နားလည် သဘောပေါက်မှု မရှိဖြစ်နေတာကိုလည်း ရိပ်စားမိတယ်။ သူမ ရင်ထဲ၊ ခေါင်းထဲ၊ နှလုံးသားထဲမှာ ရှိနေတာက တိုက်အိမ်


www.burmeseclassic.com

www.burmeseclassic.com

ကလေး၊ ပြည့်ပြည့်စုံစုံပြော ရရင် သူဌေးသမက်ဖြစ်သွားတဲ့ သားကြီးရဲ့ အကူအညီနဲ့ ဆောက်မယ့်တိုက်အိမ်လေး ရယ်ပါ။

'အင်း မင်းရင်ထဲက ခံစားချက်ကို ငါ နားလည်ပါတယ်။ ကိုယ်ချင်းစာတယ်။ ဒီတော့ မင်း သိပ်နေချင်လှတဲ့ တိုက်လေးကို အဖေကြီး ဆောက်ပေးမယ်။ ခုတော့ မဟုတ်သေးဘူး။ မင်း အရင် ဘဝကူးလို့ ငါရှိနေသေးရင်ပေါ့။ အုတ်ဂူလှလှလေးနဲ့ မင်းကို ထာဝရထားပေးမှာပါ။ မင်း ဆန္ဒပြည့်စေရမယ်။ မင်းတပ်မက်တဲ့ တိုက်လေး လုံခြုံအောင်လည်း အမိုး၊ အကာလုပ်ပေးမယ်။ ငါ အရင်သေသွားရင်တော့ တစ်မျိုးပေါ့'

'အဖေကြီးကလည်း မပြောကောင်းပြောကောင်းဘာတွေမှန်းလဲ မသိ၊ ဒီမှာ စိတ်ညစ်လို့ ငိုချင်နေရတဲ့အထဲ'

ဇနီးဖြစ်သူက စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ဦးအောင်ကြည်ကို မျက်စောင်းခဲကာ မကျေမချမ်းဘဲ ပြန်ပြောလိုက်ပါတယ်။

'အဖေကြီးပြောတာ အမေကြီး နားမဝင်တာပါကွာ။ သေချာနားထောင်။ လောကမှာ မိဘကျေးဇူး ဆပ်ချင်ရင် တရားဓမ္မနဲ့ ဆပ်တာ အမြတ်ဆုံးပါ။ အလှူတကာ့ အလှူမှာ တရားအလှူက ပို၍ မြတ်တယ်လို့ ဓမ္မကထိကဆရာတော်တွေ ဟောတာ မင်းလည်း နာဖူးပါတယ်။ တို့လင်မယား ဗုဒ္ဓဂယာကပြန်လာတော့ တစ်လမ်းလုံး မင်း ကြွားလို့မဆုံး၊ ဂုဏ်ယူလို့မဆုံးဖြစ်ခဲ့တယ် မဟုတ်လား။ ငါ့မိဘတွေအပေါ် ငါ သိတတ်တာထက် ငါ့သားသမီးတွေက ပိုပါတယ်။ မင်းပဲ သားသမီးတွေကို မော့ကြည့်ချင်တယ်ဆို။ အခုလည်း သူတို့လေးတွေပဲ လိုအပ်တာ စွမ်းနိုင်သမျှ ဖြည့်ပေးနေတာလေ။ တို့ဘဝဟာ နေညိုချိန်ပါ။ လောဘ၊ ဒေါသ၊ မောဟတွေ မရှိသင့်တော့ပါဘူး။ ရှိတာနဲ့ပဲ ရောင့်ရဲတင်းတိမ်တာ အကောင်းဆုံးပဲ။ တိုက်အိမ်နဲ့နေနေ၊ သစ်အိမ် အအိုအဟောင်းနဲ့နေနေ ထာဝရမဟုတ်ပါဘူး။ တဒင်္ဂပါ၊ တစ်နေ့ သေရမှာပဲ။ ဒီတော့ သင်္ချိုင်းခြေတစ်ဖက်နင်းနေပြီဖြစ်တဲ့ ငါတို့အဖို့ အသေတတ်ဖို့၊ အသေမြတ်ဖို့၊ အသေဖြောင့်ဖို့ ကြိုးစားရုံကလွဲလို့ အခြား မရှိတော့ပါဘူးကွာ'

ဦးအောင်ကြည့်စကားအပေါ် နားလည်သွားတာလား၊ ဒါမှမဟုတ် ဆိုင်[...] ဆိုင် မပိုင်တော့တဲ့သား[...] နားလည်သွားလို့ပဲလား၊ [...] ဖူး၊ ကြားဖူး၊ မှတ်သား[...] တရားတော်တွေကို ပြန်[...] သတိရနားလည်သွားလို့[...] မသိ၊ ဒေါ်မြင့်မြင့် ဘာမှ [...] ဒကမတက်၊ စကားမထွ[...] တော့ဘဲ ကျလုလု မျက်[...] စတို့ကိုသာ လက်ဖမိုး[...] သုတ်နေပါတော့တယ်။

မြစ်တို့သည် အထက်[...] အောက်သို့ စီးဆင်း၏။ [...] အတူ တောင်ပေါ်မှ ရေသည်[...] တောင်အောက်သို့ စီးဆင်[...] သည့် တောင်ကျရေသာ [...] သော်လည်း သဘာဝ[...] ဆန့်ကျင်သော တောင်တက်[...] ရေ ဟူသည်ကား ဘယ်[...] အခါမှ ရှိမည် မဟုတ်။ [...] ထုံးစံလည်း မရှိပါလေ[...] ■

နီနီနိုင်၊သ[...]

Dictionary for All

သာလွန်

THALUN
Bookstore
Yangon

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

သာလွန်စာအုပ်တိုက်

၁၆၉၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁၀၈၊ ၂၄၉၂[...]

၅၂၅၊ ကုန်သည်လမ်းနှင့်၁၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၃၈း၁၈၂၂၈၀

၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၈



www.burmeseclassic.com

www.burmeseclassic.com

# ဝါသရုပ်ဆောင်သင်တန်းရဲ့ ကျောင်းသူတက်သစ်လေး

# ရွှေမှုန်ရတီ

Days Interview မှ



**ရွှေမှုန်ရဲ့အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။**
အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာဌွန်းလွင်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**
ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင် သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

**သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။**
ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရိုးလျှော့ကတ်တာလည်း ရှိသေးတယ်။

**ဇာတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။**
ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။

နွေဦးအထူးပညာဒါန သရုပ်ဆောင်(အခြေခံ) သင်တန်းသို့ တက်ရောက်လိုသူများ ဆက်သွယ်တက်ရောက် နိုင်ပါပြီ။

**ရွှေပုပ္ပါးဦးအုံးခိုင်(တာဝန်ခံ)**
**စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း**
အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း – ၅၄၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လှိုက်လှဲသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)
Browser ထဲက facebook.com မှာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရုပ်များ

**ရေအေး**

သူ့လင်
အလုပ်မှ
ပြန်လာချိန်တွင်
'ယောက်ျားရေ'
ဟု အစချီပြီး
သမီးဖြစ်သူ
အကြောင်းကို
ဝမ်းသာအားရ
ပြော၏။
ကျော်မောင်မောင်
ကျော်ကား
ဂုဏ်
ယူဟန်တပြုံးပြုံး
နောက်ဆုံးတွင်မှ
'ကြိုးစားခဲ့သမျှ
အရာထင်ပြီပေါ့'
ဟု ဆိုသည်

၁။ သူမယား ခင်သန္တာဝင့်သည့် သူနှင့် သက်ဆိုင်သည့် ကလေးလေးတစ်ယောက်အား မွေးသန္ဓေ လွယ်ပိုက်ထားရပြီ ဆိုသည့် အကြောင်း သိလျှင် ကျော်မောင်မောင်ကျော်၏ စိတ်တွင် လှိုက်ခနဲဖြစ်၏။ 'ဝါကွ' ဟု အော်ရန်၊ ရုပ်ရှင်ထဲကအတိုင်း 'လူဖြစ်ပြီဟေ့' ဟု လက်သီးလက်မောင်း တန်းရန်း ဂနာမငြိမ်ဖြစ်၏။ 'ဟောဒီမှာ မြင်လား' မျက်မှန်ထူထူ နှုတ်ခမ်း လန်လန်နှင့် ဖြစ်သော်လည်း မျက်နှာချိုသည်ဟု ထင်နေမိသော ဆရာမသည် လက်တစ်ဖက်က ကွန်ပျူတာလိုဟာနှင့် ကြိုးတန်းလန်း ဆက်ထားသည့် လေးထောင့်ပြားလေးကို ပျစ်ချွဲချွဲအရည်များ သုတ်လိမ်းထားသော သူမယား၏ ဗိုက်ပေါ်တွင် ဟို ရွှေ့ဒီရွှေ့ ရွှေ့ရင်း ဆိုသည်။ ကွန်ပျူတာ မျက်နှာပြင်တွင်ကား ဖြူဖြူမည်းမည်း ရောရော ယှက်ယှက်များရှိသည့် လေးထောင့်ကွက်နှင့် သေးမွှားသိမ်မွေ့လှသော အင်္ဂလိပ် စာလေးသေးသေးလေးများသာ ရှိသည်။ ကျော်မောင်မောင်ကျော်ကား ခေါင်းကိုသာ ဖျော့ဖျော့ဝါယမ်း၏။ ထိုအခါ ဆရာမသည် ရှိုးဘောလ်ပြုံးပြီး 'ဟောဒီမှာ' ဟု လေးထောင့်ကွက်အလယ် နားခန့်တွင်ရှိသော အစက်မည်းမည်းလေးအား ထောက်ပြ၏။ ထိုအစက် မည်းမည်းလေးသည် လင်းချည် မှိန်ချည် လှုပ်ရှားနေသလိုတည်း။

'ဒါလေးကတော့ တော်တို့ကလေးလေးပဲ၊ တစ်လကျော် နှစ်လနီးပါးတော့ ရှိပြီ။ အထီးလေးလား အမလေးလားတော့ ခွဲမရသေးဘူး'

ကျော်မောင်မောင်ကျော်၏ ရင်သည် ထိတ်ခနဲခုန်၏။ ထိုစက်ကလေးသည် သူ့ကလေးလေးတဲ့လားဟုလည်း တွေး၏။ သူ့မယားကိုတစ်လှည့်၊ ကွန်ပျူတာ ဖန်သားပြင်ကိုတစ်လှည့် ကြည့်မိသည်။ ထို့နောက်တွင် သူ သတိမထားမိခင်မှာပင် သူ့မျက်နှာသည် မှိုကျင်းတွေ့သည့်လူသဖွယ် နှုတ်ခမ်းစွန်းနှစ်ဖက်မှစကာ ပြုံးလာသည်။ ပါးစုန့်များသည်လည်း တစ်ဖက်တစ်ချက်မှ မြောက်တက်လာ၏။ ခဏမျှကြာလျှင် မျက်စိပေါက်အားလုံး ပိတ်သွားပေသည်။ လက်နှစ်ဖက်သည် ဟိုနားထား အဆင်မပြေ၊ ဒီနားထား အဆင်မပြေ။ နောက်ဆုံးတွင် လက်ဝါးချင်းအပ်ပြီး ခပ်နာနာ ပွတ်လိုက်မှပင် အဆင်ပြေပြီး နေသာထိုင်သာ ရှိသွား၏။

သူ့မယားသည် အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ် ပက်လက်လဲနေရာမှ ဖျတ်ခနဲ ထသည်ကို မြင်လျှင် ကျော်မောင်မောင်ကျော်သည် 'အမယ်လေး' ဟု အသံတိတ် အော်၏။ ပြီးလျှင်မှ ခုတင်ပေါ်မှ ဆင်းလာသော သူ့မယားအား ဖမ်းတွဲရကောင်း၊ ဆီးပွေ့ရကောင်း၊ စူတူတူပင် မဖြစ်သေးသည့် သူ့မယား ဗိုက်ကိုပဲ ပြေးထိန်းရကောင်း ကယောက်ကယက်ဖြစ်ရ၏။ ဆရာမသည် ကလေးအဖေလောင်း လက်သစ်များကို မြင်ဖူးတွေ့ဖူးနေကျဟန်ဖြင့် ပြုံးပြီး 'ကဲကဲ အရှေ့မှာ အိုကျိ မမနဲ့ တိုင်ပင်ကြ' ဟုဆိုသည်။

ကျော်မောင်မောင်ကျော်သည် သူ့မယား မဗိုက်လက်သစ်အား အထူးကုဆေးခန်း အတွင်းမှ တွဲပြီး ထွက်လာချိန်တွင် သူ့စိတ်ထဲ၌ကား သားသမီး မကွဲသေးသော ကလေးအတွက် ခပ်ကြီးကြီး လောဘတစ်ခု ဖြစ်နေလေပြီ။ တက္ကစီပေါ်ထိုင်ချိန်တွင်ကား စိတ်တွင် မမျိုသိပ်နိုင်တော့။

'ကလေးကို ဆရာဝန်ပဲဖြစ်ဖြစ်၊ အင်ဂျင်နီယာပဲဖြစ်ဖြစ် သက်မွေးပညာတစ်ခုခုတော့ ရအောင်လုပ်ပေးရမယ်' ဟု မအောင့်နိုင် မအည်းနိုင် ရေရွတ်၏။ ခင်သန္တာဆင့်သည် 'အမယ်လေး မွေးပဲ မွေးပါစေဦး' ဟူသော မျက်နှာပေးဖြင့် တအံ့တသြ လှည့်ကြည့်သည်။ ကျော်မောင်မောင်ကျော်က 'အင်္ဂလိပ်စာတော့ ရှယ်တတ်ရမယ်ကွ၊ ငယ်ငယ်တည်းနဲ့ အခြေခံကောင်းကောင်းရအောင် ကျင့်ရမယ်' ဟု စကားဆက်လျှင်မူ 'ကဲလွန်းသည်' ဟူသော မျက်နှာပေးဖြင့် တစ်

> အရုပ်မသည် တဖြည်းဖြည်း ကျောင်းပျော် လာသည် ဘာမေးမေး ဒေါက်ခနဲ ပြန်ဖြေ လာနိုင်သည် အားလုံးသည် 'အရုပ်မ တော်တယ် အရုပ်မ တတ်တယ်' ဟု လက်ဖျား ခါရသည်အထိ ဖြစ်လာလေ၏

ဖက်လှည့်သွားပြီး လမ်းပေါ်မှ လူသွားလူလာများကို ငေးနေ၏။

'အင်း ခေတ်ကြီးက တရုတ်ကြီးစိုးတဲ့ ခေတ်ကြီးဆိုတော့ တရုတ်စာလည်း တတ်ဦးမှ'

ခင်သန္တာဆင့်သည် တုတ်တုတ်မလှုပ်။ 'ဘာပြောပြော အနုပညာကိုလည်း ခံစားတတ်အောင် သင်ပေးရမှာပဲ၊ ဂီတ၊ စာပေ၊ ရုပ်ရှင် အားလုံးမှာ တော်နေရမယ်ကွာ' ဟု ကျော်မောင်မောင်ကျော်ဆိုလိုက်ချိန်တွင်ကား ခင်သန္တာဆင့်သည် 'အဟွတ်' ဟု လုပ်ချောင်း ဆိုး၏။ ပြီးလျှင် 'အမယ်လေး ကလေးက ဗိုက်ထဲလည်း နှစ်လပြည့်ပါစေဦး၊ မွေးဖို့ဖွားဖို့သာ ငွေစုဦး ကလေးအဖေကြီးရေ' ဟု ခပ်ငေါ့ငေါ့လေသံဖြင့် ပြော၏။ ကျော်မောင်မောင်ကျော်သည် ချော့သလိုလို ကတိပေးသလိုလိုဖြင့် သူ့မယား၏ လက်ကို ခပ်တင်းတင်း ဆုပ်ညစ်သည်။ နှုတ်မှ ဘာမှ ထုတ်မပြောတော့သော်ငြား စိတ်ထဲတွင်ကား တစ်သီကြီး ပြောနေတွေးနေမိသေး၏။

'အခု ငါတို့တွေလို သင်တန်းဆင်းလက်မှတ်တွေ ရရုံတင်မဟုတ်ဘဲ အမှန်တကယ်လည်း တတ်ရမယ်။ ပညာရပ်တွေအားလုံးကို နှံ့နှံ့စပ်စပ်သိပြီး ပညာနဲ့ အသက်မွေးနိုင်တဲ့သူ ဖြစ်ရမယ်။ ပြီးတော့…'

ကျော်မောင်မောင်ကျော်၏ မျက်လုံးများသည် လမ်းတွင် ဖြတ်ကျော်ထားရစ်ခဲ့သည့် သစ်ပင်ကြီးသစ်ပင်ငယ်တို့အား ကြည့်လျက်ပင် တလက်လက် တောက်ပလာသည်။

❑

၂။(က)

ကျော်မောင်မောင်ကျော်ကြောင့်ပင် ခင်သန္တာဆင့်တွင် နေစရာ နေရာမရှိတော့။ ထမင်းစားပြီး ခေတ္တလှဲဦးမည်ဟု စဉ်းစားမိလျှင် 'လာလမ်းလျှောက်မယ်' ဟု အတင်းဆွဲခေါ်၏။ ချဉ်သောစပ်သော စားစရာလေးတစ်ခုတလေ ကောက်ကိုင်မိလျှင်လည်း 'မစားနဲ့' ဟု ဆွဲယူသည်။ မနက်ခင်း အိပ်ရာနိုးချိန်တွင် ကိုယ်ဝန်ဆောင်အားဆေးတောင့်နှင့် ရေတစ်ခွက်ကို ကိုင်ပြီး အနား တွင် ရပ်၏။ ဒါမှ ကလေး ကောင်းမှာဟုလည်း နှုတ် တကကြွစွာ ဆိုသေး၏။ 'ညနေကို နို့တစ်ခွက်သော အမြဲသောက်မှ' ဟူသော စကားသံနှင့်အတူ ကျော် မောင်မောင်ကျော်နှင့် နို့တ ခွက်သည် ခင်သန္တာဆင့်အား အမြဲစောင့်ဆိုင်းလျက်တည်း။

'ဒါက ဆေးရောင်ခြ ကားချပ်၊ ဒါက အရောင် လေးတွေ မှတ်မိအောင် သ ပေးဖို့ အရုပ်တွေ၊ ဒါ ကလေးကို ငယ်ငယ်ကတည်း ကနေ စာဖတ်ချင်စိတ် အောင် ဆွဲဆောင်ဖို့ အရုပ် နဲ့ပဲ ဓာတ်လမ်းဆင်ထား စာအုပ်၊ စာမပါဘူး' စသ ပညာရေး အထောက်အကူ ပစ္စည်းပစ္စယများကို တ ပြီးတစ်ခု မရိုးရအောင် လာတတ်သော ကျော်မော မောင်ကျော်အား ခင်သ ဆင့်သည် ကနဦးတွင် ကာမော့ကာ ပြော၏။ ' ရေ ကျွန်မတို့နှစ်ယောက် ရုံးဝန်ထမ်းတွေဆိုတာ မ ဦးနော်၊ နှစ်ယောက်ပေါင် လစာက နှစ်သိန်းပြည့် မဟုတ်ဘူးတော်ရေ့' အပျော့ဆွဲတစ်ဖုံ၊ 'ကျွန် လည်း ဝမ်းနဲ့ လွယ်မွေးရ ဆိုတာ သတိရပါဦး၊ ကျ ကလေးကို ကျွန်မလည် တော်စေချင် တတ်စေချင် ပ' ဟု မတင်းတတင်း မျိုး၊ 'မွေးတယ်ဖွားတယ် တာ ပြွတ်ခနဲဆို ပြီးသွား မဟုတ်ဘူးတော်ရေ့ တယ်၊ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com

အခွဲခံရရင် ငွေက သိန်း ချီရောတော့၊ အဖေတွေ တွေကရော့ ဆယ်သိန်း နိုင်တဲ့ ဇောတိကတွေ ကမ်မေ့မနေနဲ့၊ ဘာပညာ ညာ အရေးမပါတာ ကျုပ်တို့ ငယ်ငယ်တုန်း လည်း ဘာမှမသင်ပါဘူး။ တန်တော့လည်း အစိမ်း အနီရယ် ခွဲသိတာပါ ဟု ပွစိပွစိတစ်မျိုး အရေး ၏။ ကျော်မောင်မောင် ကျော်သည် ဘူးခပ်ပြားပြား စ်ခုကို ပိုက်ပြီး အိမ်ပေါ် ဝမ်းသာအားရ ပြေးတက် သော ညနေခင်းတစ်ခု င်ကား ခင်သန္တာဆင့်တွင် ဆိုဘာမှ ပြောချင်စိတ် တော့။

'ဒီခါးပတ်လေးကို ယ်ဝန်ဆောင်တုန်းမှာ ပတ် ားရင် ကလေးဉာဏ် ကောင်းတယ်ဆိုလို့ ဝယ်လာ ။ အဖေနဲ့ အမေအပါ ဝင် နှလုံးခုန်သံ ရှစ်ခု ောက် သူမှတ်နိုင်သတဲ့'

ခင်သန္တာဆင့်သည် ဘူး ပြားလေးထဲမှ ထွက်လာ သော လက်ဝှေ့ချန်ပီယံများ တ်သော ဆုတံဆိပ်နှင့်တူ သည့် ခါးပတ်ကို ပြူးပြူး ပြဲကြည့်ရင်း 'ဘုရား'ဟု စိတ်ထဲတမိ၏။ 'အဲဒါ ဘယ် လောက်လဲ'ဟုလည်း အထစ် တငေါ့ မေးမိတယ်။ ကျော် မောင်မောင်ကျော်ကား သူ့ မိန်းမအကြောကို သတိ ထားမိ။ 'နှစ်သိန်းနှစ် သောင်းတည်းပါ'ဟု ခပ်အေး အေး ဖြေသည်။ မိန်းမဖြစ်သူ ကား ရှေ့ရေးနောက်ရေးကို တွေး၊ စဉ်းစားဆင်ခြင်ခြင်း ရှိသော သူ့လင်ကို စိတ်ကုန် စွာ ကြည့်၏။ 'ဘယ့်နှယ် တော် တော့်ကိုယ်တော် သူဌေး အောက်မေ့မနေနဲ့။ အိမ် တောင် အိမ်ပိုင်မရှိတဲ့ အိမ် ငှား'ဟု တစ်ခွန်းစ နှစ်ခွန်းစ ဒေါနှင့်မာန်နှင့် ရေရွတ်မိသေး ၏။ ပြီးလျှင် စကားသံသည် ဖြည်းဖြည်း တိုးသွားပြီး ပြော ချင်စိတ်မရှိတော့သလို တို့ခနဲ ရပ်သည်။ ထို့နောက်တွင် ကား ခင်သန္တာဆင့်သည် ချန် ပီယံ ခါးပတ်ကြီး တကား ကားဖြင့် သူ့လင်ဝယ်လာ သမျှကို ငုတ်တုတ်ထိုင်ကြည့် နေရ၏။ ကျော်မောင်မောင် ကျော်သည် မိုးဇက်၊ ဗီသို ဘင်တို့၏ ရှားရှားပါးပါး တေးသွားများပါသည့် စီဒီ ပြားများ၊ ရောင်စုံအရုပ်များပါ သော ကြွေစက္ကူချော စာအုပ် များ တစ်ခုပြီးတစ်ခု သယ် ဆောင်လာလျက် 'တေး သီချင်းတွေက ကလေးတွေ ကို ဉာဏ်ကောင်းစေသတဲ့။ ငယ်စဉ်အခါ စာဖတ်ပြထား တဲ့ ကလေးတွေက ကြီးရင် စာသင်တဲ့အခါ အခက်အခဲ မတွေ့ရဘူးတဲ့'ဟု နူတ်မှ တတွတ်တွတ်ရွတ်သည်။ ခင်သန္တာဆင့် သက်ပြင်းကြီး သက်ပြင်းငယ်များကိုသာ အလီလီ ချရပေ၏။

❑

(ခ)

'အရုပ်ကလေးကျနေတာပဲကွာ'

ကျော်မောင်မောင်ကျော်သည် သူ့သမီးအား ပထမဦးဆုံး မြင်လျှင် ထိုသို့ ဆို၏။

'ကြည့်စမ်း ကြည့်စမ်း။ မျက်တောင်လေးကို စင်းလို့၊ နှာခေါင်းကလည်း လုံးလုံးလေး၊ အသားကရဲရဲ၊ နူတ်ခမ်းက ဖူးဖူးဆိုတော့ တကယ်အရုပ်ကလေးကျနေတာပဲ'

ကျော်မောင်မောင်ကျော်သည် ကလေးကို ပီပီလည်း မထိဝံ့။ မထိဘဲလည်း မနေနိုင်၊ မထိတထိစသည်။ ကလေးက တွန့်လိမ်ပြီး ခြေဆန့်လက်ဆန့်လုပ်လျှင် 'ယောယော'ဟု အလန့်တကြားဆိုပြီး တဟားဟား ရယ်၏။ ကလေးက ခေတ္တမျှ ငြိမ်သွားပြန်လျှင် 'ယော သူ့ အဖေသံကို မှတ်မိတယ်'ဟု ဝမ်းသာအားရဆိုသည်။ ထို့နောက် သူ့သမီးအား တစိမ့်စိမ့်ကြည့်ရင်း သူ့မိန်းမကို တတိတိ မှာတမ်းခြွေ၏။

'ရိုးရိုးမွေးတာဆိုတော့ နှစ်ရက်ဆို ဆေးရုံက ဆင်းရမယ်ပြောတာပဲ။ အဲဒါ ဆရာဝန်တွေပြောတဲ့အတိုင်း ကလေးကို နို့ပဲတိုက်ပါ။ ရေတွေ တခြား ဘာတွေမှ မတိုက်နဲ့နော်။ ကလေးကို ခြောက်လအထိ နို့ပဲတိုက်တာက နမိုးနီးယားကို သုံးဆ ခွဲ၊ ဝမ်းပျက်ဝမ်းလျှောကို လေးဆခွဲ ကာကွယ်ပေးသတဲ့'

ခင်သန္တာဆင့်သည် ဗဟုသုတ စုံလင်လွန်းသော သူ့ယောကျ်ားကို ငေးသာကြည့်နေရတော့၏။ ကျော်မောင်မောင်ကျော်ကား သူ့သမီးအား 'အရုပ်မ အရုပ်မလေးလား'ဟု မြူနေလေ၏။

❑

(ဂ)

ကျော်မောင်မောင်ကျော်သည် သူ့သမီးအား ရှည်မှကြိုက်သော ခေတ်နှင့် အညီ နှင်းမြတ်ဖူးငုံထွေးဟု မြတ်မြတ်နိုးနိုး အမည်ပေး၏။ သို့သော် အားလုံးကမူ 'အရုပ်မ'ဟုသာ ဝိုင်းပြီး ခေါ်ကြ၏။ ထိုအရုပ်မ အိမ်သို့ ရောက်လာချိန်တွင် သူတို့အိမ်သည် မိုးဇက်ဂီတသံ၊ ဗီသိုဘင်၏ တေးသွားသံများဖြင့် သောသောညံသည်။ မြေးမွေးသည်ဟူသော သတင်းကြောင့် နယ်မှ ဝမ်းသာအားရ ရောက်လာကြသော နှစ်ဖက် အမေများသည် တစ်ပတ်မကြာလျှင် 'ပြန်မယ်အေ၊ သူ့အဖေနဲ့တင် စိတ်ကုန်လွန်းလို့'ဟု အထုပ်ကိုယ်စီ ဆွဲကာ ပြန်ပြေးကြ၏။ နောက်ပိုင်းတွင်ကား ဂီတသံစဉ်များသာမက တော့ဘဲ 'ညည်းရှောက်ပင်တက်၊ ငါ သံပုရာတက်မယ်' ဟူသော တရုတ်စကားပြောခွေများ၊ 'ဘေးဘီ လေးဒီ'ဟူသော အင်္ဂလိပ်စကားပြောခွေများပါ ဖွင့်၏။ အရုပ်မ သုံးလကျော်လျှင်ကား အတော်ပင် အောင့်အည်းစောင့်နေရပုံပေါ်သော ကျော်မောင်မောင်ကျော်သည် အီစွပ်၏ ပုံပြင်များ၊ အန်ဒါဆင်း၏ ပုံပြင်များကို စတင်ဖတ်ပြသည်။ ခေါင်းကို ဟိုလှည့် ဒီလှည့် လုပ်နေသော သမီး၏ မျက်နှာရှေ့တည့်တည့်သို့ စာအုပ်ကို ရှေ့တိုးကာ 'ဆင် ဆင်၊ ဝူးလို့အော်တယ်'ဟု သင်၏။

ကလေးခြောက်လအရွယ် ငုတ်တုတ်ထိုင်လျှင် ရောင်စုံခြယ် ကြွေစက္ကူချော စာအုပ်ကို ထုတ်ကာ အဖေနှင့်သမီး စာဖတ်ကြ၏။ အဖေက 'ဒါကကြောင်၊ ညောင်လို့ အော်တယ်'ဟုဆို၏။ သမီးကား အဖေ၏ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ စာအုပ်ကို ဆွဲကာ ပါးစပ်နှင့် ကိုက်၏။ ခင်သန္တာဆင့်သည် ထိုအဖြစ်ကို မြင်ပြီး 'မောင့်သမီးက အတော်ကို စာကြိုက်ပုံပဲ'ဟု ထေ့သည်။

အချိန်တို့သည် တဖြည်းဖြည်း ကုန်ခဲ့သည်။ အရုပ်မသည် မတ်တတ်ရပ်၏။ 'ဖေဖေ၊ မေမေ'စခေါ်၏။ ထို့နောက် တရျောင်းရျောင်းပြေး၏။ ကျော်မောင်မောင်ကျော်သည် သူ့သမီး တစ်ခုခုလုပ်တိုင်း ပါးစပ်ကို နားရွက်ချိတ်လုမတတ် ပြုံးကာ 'ဉာဏ်ကောင်းတယ်ဟေ့'ဟု တွင်တွင်ဆိုသည်။ အရုပ်မ သုံးနှစ်သမီးကျော်ကျော်တွင် သမီးလေး တီးဖို့ဟု အော်ဂင်အသေးလေးတစ်လုံး ဝယ်လာ၏။ ခင်သန္တာဆင့်စိတ်တွင် ဆူဆူပူပူ အနည်းငယ်မျှ လုပ်မိသည်။ သို့သော် 'အင်းလေ အခုလို ဂရုစိုက်လို့လည်း သမီးလေးက သူများကလေးတွေထက် ပိုတော်နေတာပဲ' ဟု ဖြေတွေးတွေးပြီး စိတ်ကို လျှော့ချရ၏။ သူမ၏ စိတ်ထဲတွင်လည်း အခြားသော ကလေးများနှင့် ယှဉ်လျှင် သမီးအရုပ်မသည် ပိုပြီး ဉာဏ်ရည်ထက်မြက်သည်ဟု ထင်လာ၏။ စိတ်အလိုဆန္ဒ မပြည့်ခြင်းကိုလည်း အတော်ပင် ထိန်းချုပ်နိုင်ကာ အငိုအရယ် သိပ်မရှိဟု ထင်၏။ နေ့လယ်ခင်းတစ်ခုတွင်မူ ခင်သန္တာဆင့်သည် ထမင်းချက်ရင်း ခြေထောက်ကို အပူလောင်သည်။ အရုပ်မသည် တကျွတ်ကျွတ် ညည်းညူနေသော သူ့အမေ စေခိုင်းခြင်းမရှိဘဲ ရေအေးရေတစ်ဇလုံ ယူပေး၏။ သွားတိုက်ဆေးဘူးကို ယူပေးသည်။ သူ့အမေကား သူ့သမီးကို အံ့သြသဖြင့် နာသည်ကိုပင် မေ့သလိုဖြစ်သွားသည်။ သူ့လင် အလုပ်မှ ပြန်လာချိန်တွင် 'ယောကျ်ားရေ'ဟု အစချီပြီး သမီးဖြစ်သူအကြောင်းကို ဝမ်းသာအားရပြော၏။ ကျော်မောင်မောင်ကျော်ကား ဂုဏ်ယူဟန်တပြုံးပြုံး။ နောက်ဆုံးတွင်မှ 'ကြိုးစားခဲ့သမျှ အရာထင်ပြီပေါ့'ဟု ဆိုသည်။

ဤသို့ဖြင့်ပင် အရုပ်မသည် သူငယ်တန်းကျောင်းသူကြီး ဖြစ်လာ၏။ ကျော်မောင်မောင်ကျော်၏အမေ နယ်မှ ခဏတစ်ဖြုတ် အလည်ရောက်နေသည့် ဘွားအေကြီးကမူ ထိုသူငယ်တန်းကျောင်းသူ အရုပ်မကိုကြည့်ကာ 'ငါ့နယ်အေ၊ ဒီဘဝသေပြီးလို့ နောက်ဘဝ လူပြန်ဖြစ်ရမှာတောင် ကြောက်ကြောက်သေးရဲ့။ သူငယ်တန်းတဲ့အေ ကျူရှင်လေးခု တက်ရတယ်လို့များ ဘယ်ခေတ်ကမှ မကြားဖူးပါဘူး။ ကလေးခမျာ သူ့စာအုပ်အလေးချိန်မှ သူနိုင်ရဲ့လားပဲ။ အင်း သုံးပိဿာလောက်တော့ အသာလေးနေမှာပဲ'ဟု ရေရွတ်ရှာသည်။ ❑

(ဃ)

မည်မျှပင် ဉာဏ်ရည်ထက်မြက်စေကာမူ အရုပ်မသည် ပညာခေတ်၏ လှိုင်းတော့အပုတ်ခံရပေ၏။ အစစ်အမှန်တတ်အောင်သင်သော ဆရာ၏ကျူရှင်၊ အမှတ်ကောင်းရရန်အတွက် တက်သော အတန်းပိုင်ဆရာ၏ ကျူရှင်၊ နွေခင်းတွင် တက်ရသောကျောင်း၊ အဖေနှင့်အမေ၏ လောဘကြောင့် တက်ရသော အင်္ဂလိပ်စကားပြောသင်တန်း၊ တရုတ်စကားပြောသင်တန်းနှင့် စန္ဒရားတီးသင်တန်း ထိုထိုများပြားလှသော သင်တန်းများကြားတွင် အရုပ်မသည် တဖြည်းဖြည်း မောပန်းနွမ်းနယ်ကာ လုံးပါးပါးလာ၏။ ထိုသို့ဖြင့် လေးတန်းအောင် ငါးတန်းတက်သောနှစ်တွင်မူ အရုပ်မသည် ကျောင်းမသွားချင်ဘူးဟု အတင်းငြင်းဆန်သော အဆင့်ဖြစ်လာ၏။ ကျော်မောင်မောင်ကျော်နှင့် ခင်သန္တာဆင့်သည် ရုတ်တရက် အရှိက်ကို အထိုးခံရသလိုပင်တည်း။ သို့သော် လူကြံလျှင် ထရံပင်တုတ်ခနောင်းဖြစ်ရသေးရာ နောက်ဆုံးတွင် လမ်းတွေ့သည်ပင်။ ဤသို့ဖြင့် အနှစ်နှစ် အလလက စုဆောင်းထားသော ပစ္စည်း ဥစ္စာများကို ဖြောကာ အရုပ်မအတွက် နောက်ဆုံးပေါ် ပညာရေးအထောက်အကူပြု စာကျက်ကူစက်ကြီးကို ဝယ်လိုက်ကြလေသည်။

ထိုစက်ကြီး၏ အသုံးဝင်ပုံကား အံ့မခန်းဖြစ်၏။ နေ့လယ်နေ့ခင်းတွင် သင်ကြားခဲ့ရသမျှ သင်ခန်းစာများထဲမှ ကိုယ်လေ့လာလိုသော၊ ကိုယ်မကျေညက်သော သင်ခန်းစာများအား စက်ထဲထည့်မှတ်ပြီး ညအိပ်ချိန်တွင် ထိုစက်၏ အစိတ်အပိုင်းဖြစ်သော ဦးထုပ်တစ်လုံးဆောင်း အိပ်ရုံသာဖြစ်သည်။ ထိုအခါတွင် လူသည် အိပ်ပျော်လျက်သားပင်။ လူ၏ ဦးနှောက်သည် စက်၏ အကူအညီဖြင့် ထိုသင်ခန်းစာအား ထပ်ပြန်တလဲလဲ [illegible] ညက်စေ၏။ ထိုသို့ဖြင့် အ[illegible] မသည်တဖြည်းဖြည်း [illegible] ပျော်လာသည်။ ဘာ[illegible] ဒေါက်ခနဲ ပြန်ဖြေလာ[illegible] သည်။ အားလုံးသည် '[illegible] မတော်တယ်၊ အရုပ်မ [illegible] တယ်'ဟု လက်ဖျား[illegible] သည်အထိ ဖြစ်လာလေ[illegible] ❑

(င)

နှင်းထုထုကြော[illegible] အတန်ငယ်မှောင်သော [illegible] ခင်းတစ်ခုတွင် ခင်သန္တာ[illegible] သည် သူ့လင် ကျော်မော[illegible] မောင်ကျော်အား တီးတိုး[illegible] ကာပြော၏။

'မောင်ရေ သမီး [illegible] အီးမပါတာ ခြောက်ရက်[illegible] နော်။ ခါတိုင်းလိုဆို မနေ့[illegible] အီးအီးပါရမယ့်ရက်၊ [illegible] တစ်ရက်ကျော်သွားပြန်[illegible] အစာကလည်း တစ်ပတ်[illegible] စာ ဆန်နို့ဆီဘူးနှစ်လုံး[illegible] တစ်လုံးခွဲလျော့သွားတ[illegible] ရေကလည်း တစ်ပတ်[illegible] ရေသန့်လေးဘူးစာပဲ သော[illegible] တယ်။ မောင့်အကြံက [illegible] ထိရှာလို့ မရသေးဘူး[illegible] သမီးက တဖြည်းဖြည်း [illegible] ဆိုးလာပြီ'

အရုပ်မသည် ကျော်[illegible] မောင်မောင်ကျော်နှင့် ခင်သ[illegible] ဆင့်၏ မလှမ်းမကမ်း[illegible] စက်ရုပ်သဖွယ် မျက်တော[illegible] ကို ဖွင့်ချည်ပိတ်ချည် တ[illegible] ဖျပ်ခတ်၊ ခြေ၊ လက်နှင့် [illegible] တို့သည် ပျော့ပျောင်းမှု [illegible] ဆတ်တောက်ဆတ်တော[illegible] လမ်းလျှောက်လျက်၊ မ[illegible] မပြုံး တည်တင်းတင်းရှိ[illegible] ကျော်မောင်မောင်ကျော်[illegible] သူ့သမီး မသိမသာ[illegible]

www.burmeseclassic.com

www.burmeseclassic.com

င်းကို တဖြင်းဖြင်းကုတ် စိတ်ထဲကမူ စကျက်ကူ ကြီး ဝယ်စဉ်က ဆိုင်ရှင် ပြောလိုက်သော စကားကို ကြားမိ၏။

'ဆေးတွေလိုပဲဗျ၊ ဘေး က် ဆိုးကျိုးကတော့ နည်းအများတော့ ရှိတာပဲ။ ကိုင်ဖုန်းတွေသုံးရင် ဦး နောက်မှာ ကင်ဆာဖြစ်တယ် လိုပေါ့။ ဒီစက်သုံးရင် က လူစိတ်ပျောက်ပြီး စက် လိုမျိုး ဖြစ်လာတတ်တယ် တော့ တချို့ ပြောကြတာ ဒါကလည်း သိပ်သေချာ မဟုတ်ပါဘူး'

ကျော်မောင်မောင် ကျော် သက်ပြင်းကို ကျိတ် ်မိ၏။ ပြီးလျှင် 'ငါလော ကြီးလို့ဖြစ်ရတာ' ဟု အပြစ် င်မိ၏။ သို့သော် ချက်ချင်း င် 'အင်းလေ အဖေက သမီးကိုတော်စေချင်တာ အပြစ် မှမဟုတ်ဘဲ' ဟုဖြေလျှော့ တွေးမိသေး၏။ သေချာ သည်ကား သူ့သမီး လူအရုပ် မသည် တကယ့်အရုပ်မ ဖြစ် လေပြီတည်း။ ကျော်မောင် မောင်ကျော်သည် 'အီး' ခနဲ ကျိတ်ပြီး ညည်းတွားမိ၏။ ❑

၃။

'အမယ်လေး ပြော တော့ မိုးလားကဲလားနဲ့။ ဆယ်မိနစ်အားရင် ဆယ်မိနစ် အိပ်တဲ့လူကများ သူ့ကလေး ကို ဘက်စုံတော်စေချင်သေး သတဲ့။ ဒီအဖေကနေ မွေးပါ လိမ့်မယ် ဒီလိုကလေး။ ထ တော့ လမ်းထိပ်ရောက်ပြီ'

သူ့မိန်းမ၏ အသံစာစာ ကြောင့် ကျော်မောင်မောင် ကျော်သည် ဖျတ်ခနဲ အသိ ဝင်လာ၏။ ထို့နောက် စက္ကန့် ပိုင်းမျှကြောင်တောင်တောင် ရှိနေရာမှ သြော် ဆေးခန်းက အပြန် ကားပေါ်မှာ စိတ်ကူး ယဉ်လွန်ပြီး အိပ်မက်မက်နေ တာပါလားဟု တွေးမိကာ စိတ်သက်သာရ၏။ ထို့နောက် ရောက်နေသည့် နေရာကို သတိထားမိကာ 'အခုမှလမ်း ထိပ်၊ အရောက်မပို့ဘူးလား' ဟု မေးမိ၏။ သူ့မိန်းမ ခင် သန္တာဆင့်သည် မျက်စောင်း ကို ချိတ်၊ မေးကိုငေါ့ပြီး 'ဟို မှာ' ဟုပြ၏။ ထိုအခါမှပင် ကားရှေ့တွင် ဥဒဟို ဖြတ် သွားလာနေကြသော ကျောင်း သားထုကြီးကို မြင်မိလျက် ကျောင်းဆင်းချိန်နှင့် တိုးပါ ပြီကောဟုတွေးမိကာ တက္ကစီ ပေါ်မှဆင်း၏။

'တော်ကတော့ ရည် မှန်းချက်ကြီးပ။ ခုခေတ်က နောက်ကနေ ငွေကလည်း လိုက်နိုင်ဦးမှ။ ငွေကို လမ်း ခင်းပြီး ပညာရှာရတာတော် ရေ့။ အလကားမရဘူး'

သူ့ကိုပဲ ပြောသလိုလို၊ တခြားသူကိုပဲ ပြောသလိုလို ပြောနေသော သူ့မယား၏ စကားကို ကျော်မောင်မောင် ကျော် သတိမထားနိုင်။ သူ့ အိပ်မက်ထဲကအတိုင်း ကလေး ဘယ်နှယောက်များ အရုပ်ဖြစ် ကုန်ပြီလဲဟု တွေးရင်း ကျော် မောင်မောင်ကျော်သည် ကလေးများကိုသာ သတိ ထားကြည့်မိ၏။ ဟိုမှာတစ် ယောက်…၊ မျက်နှာသေလေး နှင့် လမ်းလျှောက်ပုံက ဆတ် တောက်ဆတ်တောက်။ ဟောဟို မှာနောက်တစ် ယောက်။ ပြီးတော့…။ ထိုသို့ ကြည့်ရင်းပင် ကျော်မောင် မောင်ကျော်သည် ကျိတ်ကာ ဘုရားတမိတော့၏။ ကလေး တိုင်းသည် သူ့မျက်စိထဲတွင် အရုပ်များနှင့် တူနေကြလေ သည်တကား။ ■

**ရေအေး**






www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အမှောင်ကျောက်စာ

အရှုရှာ

တရားသူကြီး၏သမီး တရားသူကြီးပြန်ဖြစ်တာ မထူးဆန်းသလိုလိုနှင့် သူ့အတွက်တော့ ထူးဆန်းနေသည်။ ပြီးတော့ တရားသူကြီးပေါက်စအဖြစ် သမီး စတင်တာဝန်ထမ်းဆောင်ရမည့်နေရာကလည်း သူ မြို့နယ်တရားသူကြီးဘဝနှင့် ဝင်စင်ယှဉ်ခဲ့ရာ မြို့ငယ်လေးဖြစ်နေပြန်သည်။ ချွှေးလေး-မြစ်ကြီးနား ရထားလမ်းပေါ်က စိုက်ပျိုးမွေးမြူရေးကိုသာ အဓိက လုပ်ကိုင်ရသောမြို့လေး။ ဒါပေမဲ့ ထက်အောက်စုန်ဆန် ရထားတွေ အတော်များများ ဆိုက်ရောက်ရာမို့ အနီးဝန်းကျင် ရွာကြီးရွာငယ်တွေ အားထားရာ အချက်အချာ ဘူတာမြို့လေးလည်း ဖြစ်နေပြန်သည်။ တစ်ချိန်က မြို့လေး၏ပုံရိပ်တွေက အာရုံမှာ ထင်ရှားဆဲ။ ဪ ဆယ်နှစ်ဆိုတာ ဘာကြာတာမှတ်လို့။

"မေကြီး ဆင်းရတော့မှာလေ။ ဘာတွေတွေးနေလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဘာလဲ အချစ်ဟောင်းနဲ့ပြန်တွေ့ရတော့မှာမို့လို့ ရင်ခုန်နေတာလား ခစ်…ခစ်…'

'ဟာ…ဒီကလေး လူကြားထဲ ဖအေကို'

ရှေ့ခုံက မိသားစုလေးက သူတို့ကိုကြည့်ပြီး ပြုံးသည်။ ဒီဖအေနှင့် ဒီသမီး ဆက်ဆံရေးက သူတို့အမြင်မှာ ထူးဆန်းနေပေမပေါ့။ ရထားက ဥသြသံရှည်ဆွဲပြီး အရှိန်လျှော့ချလိုက်ပြီမို့ မကြာခင်မှာဘဲ တစ်ချိန်က ကျင်လည်ခဲ့ဖူးသည့်မြို့ဟောင်းလေးဆီ သူ ပြန်လည်ခြေချရဦးတော့မည်။ မြို့အဝင်လမ်းဘေးဝဲယာကို ငေးကြည့်မိတော့ မြင်ကွင်းက ဘာမျှသိသိသာသာပြောင်းလဲမသွား။ စက္ကူပန်းရုံဆင်ဝင်နှင့် အိမ်လေးကလည်း ယခုတိုင်စက္ကူပန်းရောင်စုံလေးတွေ ဖြာတောက်လို့။ ရထားမရပ်ခင်ကတည်းက ဈေးသည်လေးတွေ၏ အော်ဟစ်ရောင်းချသံလေးတွေ ကြွက်ကြွက်ညံနေသည်။ ရထားအဆင်းမှာတော့ တိုးတိုးဝှေ့ဝှေ့ အုတ်အုတ်ကျက်ကျက် အရာရာက အရင်လိုပါပဲလား။

'ဆရာ…ဆရာ… ကျွန်တော်တို့ ဒီမှာ'

ဒီအသံက ကျက်မိနေသည့်အသံ။ လှမ်းကြည့်လိုက်တော့ သူ့တပည့် မောင်မြင့်စိုး။ ဝမ်းသာအားရ တိုးဝှေ့ရောက်လာသည့် မောင်မြင့်စိုးပင် ခေါင်းတွေဖြူပြီး မျက်မှန်တကားကားနှင့် လူကြီးရုပ် ပေါက်နေပြီ။ ကျောက်တံခါးမှာ နောက်ဆုံးတွေ့ခဲ့တုန်းက မောင်မြင့်စိုးအသက်က ရှိလှ ၃၅ ဝန်းကျင်။ အခုဆို ၅၀ ဝန်းကျင်

> လွှန်ခဲ့သည့် ဆယ့်လေးငါးနှစ်က မျက်နှာ ၂ ခု ပြီးတော့ တစ်ညနေခင်းထဲမှာ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့မှ တွေ့တတ်သည့် မျက်နှာ ၂ ခု။ ဒီ ၂ ခုသော မျက်နှာတွေက ဘာကြောင့်များ သူနှင့်မှ ရေစက် လာဆုံနေရသနည်း

ရှိရောပေါ့။ မြို့နယ်တရားသူကြီးတောင် ဖြစ်နေမှကိုး။

'ဆရာ ဖုန်းဆက်တော့ ကျွန်တော် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားတာ။ အရမ်းတွေ့ချင်နေတာ ဆရာရဲ့။ ဘယ်မှာ သွားအထိုင်ချမှန်းလည်း မသိ။ စုံစမ်းလို့လည်း မရ။ နေနိုင်လိုက်တာ ဆရာရယ်။ ဟဲ့…ပေါက်ပေါက်။ ဦးစိုးကို မှတ်မိတယ် မဟုတ်လား။ ကျောက်တံခါးတုန်းက နင်တို့အိမ် နေတာလေ။ အေး…ဘာမှမပူနဲ့ ငါ့တူမ။ ဦးစိုးတစ်ယောက်လုံး ရှိတယ်။ အခု ငါ့တူမတို့သားအဖအတွက် ဦးစိုး အားလုံးစီစဉ်ထားတယ်။ ဒီတစ်ရက်တော့ အိမ်မှာပဲ အိပ်'

ရေပက်မဝင်အောင် ပြောနေသည့် မောင်မြင့်စိုးက ဟိုတုန်းက ဟန်ပန်အတိုင်း ပြောင်းလဲမသွား။ မောင်မြင့်စိုးဘေးမှာ ပါလာသည့်လူတချို့ကို မျက်လုံးဝေ့ကြည့်လိုက်တော့ တစ်ချိန်က ရင်းနှီးခဲ့ဖူးသည့်မြို့ခံတစ်ယောက်ကို သွားတွေ့သည်။ ဒီလူ ၂ ယောက်က သူ့ကိုဝတ်ကျေတမ်းကျေသာ နှုတ်ဆက်ပြီး မောင်မြင့်စိုး အရိပ်အကဲကိုသာ ဂရုတစိုက်ပြုနေကြသည်။ တစ်ချိန်တုန်းကလည်း ဒီလူတွေ ကိုယ့်အနားမှာ ဒီလိုပဲ အရိပ်တကြည့်ကြည့်နေခဲ့ဖူးသည်။ အခုမှ သူတို့မဟုတ်သလို လုပ်နေသည့် သူတို့ကိုကြည့်ပြီး 'သြော်၊ ငါက နန်းကျဘုရင်ဖြစ်သွားပြီကိုး' ဟု ဟာသလေးနှောကာ ဖြေတွေးတွေးလိုက်မိသည်။

ဘူတာအပြင်ဘက်မှာတော့ ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်တွေ စီတန်းလို့။ သူစွဲငြိခဲ့ဖူးသည့် မြင်းလှည်းလေးတွေက ပျောက်ခြင်းမလှ ပျောက်ကွယ်လို့နေပြီကော။

❑

သမီးက ရုံးတက်၊ ကိုယ်က အိမ်စောင့်ဆိုတော့ အိမ်ကို ပစ်မထားချင်တာနှင့်ဘဲ ဦးဘကောင်းတစ်ယောက် ဘယ်မှ သိပ်မထွက်နိုင်။ သတင်းကြား၍ရောက်လာသည့် မိတ်ဟောင်းဆွေဟောင်းတွေနှင့် စကားပြောလိုက်၊ စာအုပ်ဖတ်လိုက်နှင့်ပဲ တစ်နေ့တစ်နေ့ အချိန်ကုန်နေရသည်။ တစ်နေ့ ရုံးပိတ်ရက်ညနေမှာတော့ သမီးကို အဖော်ပြုရင်း မြို့လေးထဲ ကြည့်ချင်သည့်နေရာလေးတွေ အလွမ်းပြေလျှောက်ကြည့်မိသည်။

'ဖေကြီးကလည်း ဒီတိုင်း အိမ်မှာနေရတာ မပျင်းဘူးလား။ ဟိုတုန်းက မိတ်ဟောင်းဆွေဟောင်းအိမ် သွား ပြုလည်ပါလား။ အိမ်က သော့ခတ်ထားရင် ရပါတယ်။ ဘေးအိမ်တွေကြည့်ခိုင်းထား လိုက်ပေါ့'

'မလည်ချင်ပါဘူး သမီးရယ်၊ တစ်ချိန်တုန်းက တော့ မိတ်ဆွေရင်းချာပေါ့ အခုတော့ ဘယ်လိုသဘော ထားကုန်ကြပြီလဲ ဖေကြီးလည်း မပြောတတ်တော့ဘူး။ ဟို တလောတင် သမီးမျက်မြင် ပဲ။ အဲဒီ ဦးကျော်ဆိုတာ ဟို တုန်းက အရမ်းရင်းနှီးတာ ကဲ ဖေကြီးတို့ရောက်တာ လေးငါးလရှိပြီ။ ဘယ်မှာလာ နှုတ်ဆက်ဖော်ရလဲ။ သူ့သား ရိုက်မှုဖြစ်မှ ရောက်လာတာ ဖေကြီးကို တွေ့ချင်လွန်း လာတယ်ဆိုတာ အလကား ပါးစပ်အပြော။ သူ လာတာ သမီးဆီကို။ သူ့သားအ သမီးက ကိုင်ထားတာကိုး'

'ဟုတ်ရဲ့လား ဖေကြီး ရယ်။ ဖေကြီး စိတ်ထင်လို့ မှာပါ'

'ဒါက သမီး စဉ်းစား ဖေကြီး ပြောတာတွေကို မှတ် ထား။ သမီးလည်း လူ့ လောကကြီးကို ဖြတ်သန်း ဦးမှာပဲ။ လူတိုင်းဟာ မကောင်း သလို လူတိုင်းဟာလည်း ကောက်ကျွေ့မနေပါဘူး အခုပြောတာလည်း ဖေကြီး ကို လာနှုတ်ဆက်ဖော်မရ မိတ်ဆွေတွေလို့ သိမ်းကျုံး စွပ်စွဲတာမျိုး မဟုတ်ပါဘူး တချို့လည်း အကြောင်းအမျိုး မျိုးကြောင့် ရောက်မလာ တာရှိမှာပဲ။ ဖေကြီးက တွေးပါတယ်။ ဒါပေမဲ့ ရယ်၊ ဦးကျော်လို



www.burmeseclassic.com

www.burmeseclassic.com

ာ့ မလာစေချင်ဘူး။ ဖေ
ကြီးဆိုလိုတာ သမီး သဘော
ပေါက်ရဲ့လား။ ဒီလိုပါပဲ
။ ကိုယ်က မတွေ့ချင်၊
ချင်ဘူးဆိုတဲ့အရာတွေနဲ့
လည်း တွေ့ကြဆုံကြရမှာပဲ။
လူ့လောက လူ့သဘာဝ
ီး သမီးရဲ့'

သမီးဆီက ဘာသံမျှ
ွက်မလာ။ လမ်းလျှောက်
င်း ငဲ့ကြည့်လိုက်တော့
တစ်စုံတစ်ရာကို အလေး
နက် တွေးနေပုံပေါ်သည်။
တွေး…တွေးစမ်း သမီးရေ။
တွေးတောဆင်ခြင်ခြင်းဟာ
ညာပဲ။ ဦးဘကောင်း ရင်
ထဲကစကား။ သမီးကို သူ့
အတွေးနှင့် သူ လွှတ်ထားပေး
လိုက်သည်။ ကိုယ့်အတွေးနှင့်
ကိုယ် လျှောက်လာကြရင်း
ဆိုင်ကယ်အရောင်းဆိုင်ကြီး
တစ်ဆိုင်ရှေ့အရောက် သမီး
ကို ဆိုင်ကယ်လေးတစ်စီး
ယ်ပေးချင်တာကို သွား
သတိရသည်။ ကြေ့တုန့်ဝင်
ကြည့်ဦးမှ။ သမီးကို လက်တို့
ပြောပြီးဆိုင်ထဲ ဝင်လိုက်ကြ
သည်။ ဆိုင်ကယ်တွေကြည့်
လိုက်၊ ဈေးနှုန်းတွေမေးလိုက်
နှင့် လုပ်နေတုန်းမှာပဲ ဆိုင်ရှေ့
မှာ ခိုပြာရောင်ဟိုင်းလပ်ဆာ့ဖ်
သစ်ကျပ်ချွတ်ကြီးတစ်စီး
ထိုးဆိုက်လာကာ အသားနီ
စပ်စပ်၊ အသက် ၅၀ ခန့်လူ
တစ်ယောက်ဆင်းလာသည်။
ပြောင်းလဲသွားသည့် ဆိုင်ဝန်
ထမ်းလေးတွေ၏အမူအရာကို
ကြည့်ရုံနှင့်တင် ဒီလူဟာ ဆိုင်
ပိုင်ရှင်မှန်း ဦးဘကောင်း
သဘောပေါက်လိုက်သည်။
ငွေ ပိုင်နိုင်ရှိလှသော ဒီလူ့
စံက ချမ်းသာကြွယ်ဝသူ
မှန်း သိသာပေမဲ့ လူယဉ်ကျေး
တစ်ယောက်တော့ ဟုတ်ဟန်
မပြ။ ကားသော့ကို ဆက်တီ
စားပွဲပေါ်ဂလောက်ခနဲပစ်တင်
လိုက်ပြီး ကြယ်သီးမတပ်ဘဲ
ဝတ်လာသည့် ရှပ်အင်္ကျီကို
ချွတ်လိုက်တော့ ထင်းခနဲပေါ်
လာသည့်ဆေးမင်ကြောင်တွေ
ကို ဦးဘကောင်းအတိုင်းသား
လှမ်းတွေ့နေရသည်။ စကား
လုံးတွေကလည်း ကြမ်းရှလွန်း
လှသည်။ ပူလို့အိုက်လို့ညည်း
တာတောင် အဆဲလေးနှင့်။

ဒီလူကို မြင်ဖူးသလိုလို
မို့ အသိဟောင်းထဲကများ
လား ဦးဘကောင်း တွေးမိ
သည်။ ဆိုင်ဝန်ထမ်းလေး
တွေကို အထက်စီးပြောဆိုနေ
သည့် ဒီလူ့အသံကိုလည်း
ကြားဖူးနေသလိုလို။ ဒါပေမဲ့
အသက်အရွယ်ချင်း ချိန်ထွက်
ကြည့်တော့ အသိမိတ်ဆွေ
ဆိုတာ မဖြစ်နိုင်တော့။ ပြီး
တော့ အသိဟောင်းဆိုလျှင်
၇၀ နားကပ်နေသည့်ကိုယ်က
မမှတ်မိရင်တောင် မှတ်မိသည့်
ဒီလူ့အနေနှင့် နှုတ်ဆက်ရမည်
မဟုတ်လား။ ဆိုင်ထဲက
အထွက် ဆိုင်းဘုတ်ကို မော့
ကြည့်လိုက်တော့ 'ရွှေကောင်း
ကင်' တဲ့။ လာလာချည်သေး
ရဲ့။ ဦးဘကောင်း ဟက်ခနဲ
ပြုံးမိသည်။

'ဖေကြီး လျှောက်နိုင်
သေးရင် ဘုတာဈေးတန်း
ဘက်သွားရအောင်၊ ဖေကြီး
ကို ဆီချက်ကျွေးချင်လို့'

'အေး…လျှောက်တာ
ပေါ့။ ဝေးတာမှမဟုတ်ဘဲ။
အပြန်မလျှောက်နိုင်ရင်လည်း
သုံးဘီးဆိုင်ကယ် ငှားစီးသွား
ရုံပေါ့'

'ဆိုင်ကယ်ဆိုလို့ ဟို
ဆိုင်ကယ်ဆိုင်ကလူကို ဖေကြီး
သတိထားမိလား။ တော်
တော်ရိုင်းတဲ့လူ။ ချမ်းသာလို့
မာန်တက်နေတာနေမှာ'

'ချမ်းသာတိုင်းလည်း
မရိုင်းပါဘူး သမီးရယ်။ ဒီ
သူငယ်က နဂို မိုက်တိမိုက်
ကန်းနေမှာပါ'

ဘူတာရှေ့တရုတ်စား
သောက်ဆိုင်မှာ သားအဖနှစ်
ယောက်ဆီချက် အတူစားကြ
သည်။ စားနေရင်း သမီးက
ဘုရားကြီးရှေ့ ခြင်္သေ့ရုပ်ကြီး
ကို မှီထိုင်ပြီးလက်အုပ်ကလေး
ချီကာချီကာနှင့် တောင်းရမ်းစား
နေသည့် သူတောင်းစားတစ်
ယောက်ကို လက်ညှိုးထိုးပြ
သည်။ သူတောင်းစားက
လာသမျှလူကို လိုက်ကြည့်
ကာပါးစပ်က ဆီမန်းမန်း
သလို တတွတ်တွတ်နှင့်…။

'ဖေကြီး ဟိုလူကျ
ဘယ်လောက်ယဉ်ကျေးလဲ။
ဒါပေမဲ့ သန့်သန့်စွမ်းစွမ်းကြီး
အလုပ်လုပ်နိုင်ပါရက်နဲ့
တောင်းစားနေတယ်။ ဘယ်
သူ့မှလည်း ပိုက်ဆံထည့်သွား
တာ မတွေ့ဘူး။ အင်းလေ
သူ့ပုံစံက သနားစရာမှမရှိတာ
ဘယ်သူက ပေးမှာလဲ'

သူ့သမီး ဘာကိုဆိုလို
တယ်ဆိုတာ ဦးဘကောင်း
သဘောပေါက်သည်။ သမီး
က ရွှေကောင်းကင်ပိုင်ရှင်နှင့်
ဒီသူတောင်းစားကို နှိုင်းယှဉ်
ပြလိုက်ခြင်းဖြစ်သည်။ သူ
တို့ အသက်အရွယ်ချင်းက
မတိမ်းမယိမ်းပင် ရှိလိမ့်မည်။
ဒါပေမဲ့ ဘဝချင်းက ဆီနှင့်ရေ
လိုပင်။ ဒီသူတောင်းစား၏
ယဉ်ကျေးမှုမျိုး ရွှေကောင်း
ကင်ပိုင်ရှင်လေးမှာ ရှိလျှင်
ဘယ်လောက်ကောင်းမလဲ။

'ဒီသူတောင်းစားလေး
ရဲ့ ယဉ်ကျေးပုံမျိုး ဆိုင်ကယ်
ဆိုင်က ကောင်လေးဆီမှာရှိ
ရင် ဘယ်လောက်ကောင်း
မလဲ သမီးရယ်'

'ဟာ ဖေကြီးကလည်း
ကဲ ဟိုလူ့လို အရိုင်းအစိုင်း
စိတ် ဒီသူတောင်းစားဆီ
ရောက်သွားရင် ဖေကြီး ဘယ်
လိုလုပ်မလဲ'

'အဲ၊ အေး ငါ့သမီး
ပြောတာ ဟုတ်သားကွ။ ကဲ
ကဲ သူတို့ကို ဒီအတိုင်းပဲထား
လိုက်ရအောင်။ ဖေကြီးတို့က
သူတို့ကို စိတ်ချင်းလဲပေးလိုက်
ရင် ဒီသူတောင်းစား ပိုဘဝ
ပျက်သွားလိမ့်မယ်။ တောင်း
မစားဘဲ ဓားပြတိုက်စားနေမှ
အခက်၊ ဟား…ဟား…ဟား'

သားအဖနှစ်ယောက်
ပြိုင်တူ ရယ်မောမိကြသည်။
စားသောက်ပြီးတော့ သုံးဘီး
ဂိတ်ဆက်လျှောက်သွားကာ
သုံးဘီးငှားသည်။ သုံးဘီး
ဂိတ်က သူတောင်းစားလေးနှင့်
မလှမ်းမကမ်းမှာရှိတော့ ဖြတ်
သွားရင်း သူတောင်းစားလေး
မျက်နှာကို ဖျတ်ခနဲကြည့်မိ
တော့၊ ဟော…။ မြင်ဖူးနေ
ပြန်သလိုလို။ အင်းလေ၊ သူ
ဒီမြို့လေးမှာ ၆ နှစ်ကျော်နေ
ထိုင်ခဲ့တာဆိုတော့ တစ်နေရာ
မဟုတ် တစ်နေရာမှာ မြင်ဖူး
နေမှာပေါ့။ သုံးဘီးဆိုင်ကယ်
တစ်စီးငှားပြီး သူက အရင်
တက်လိုက်သည်။ ဒီအချိန်မှာ
ပဲ သမီးက ဘာစိတ်ကူးပေါက်
သွားသည်မသိ။ ပိုက်ဆံအိတ်
ထဲက နှစ်ရာတန်လေး တစ်
ရွက်ကို ဆွဲထုတ်လိုက်သည်။

'သနားပါတယ်
ဖေကြီးရယ်။ သူ့ကိုဘယ်သူ့
မှလည်း ပိုက်ဆံမထည့်ကြ
ဘူး။ နှစ်ရာလောက်ပေး



www.burmeseclassic.com

www.burmeseclassic.com

လိုက်ဦးမယ်'

သမီးက ပြောပြောဆိုဆို သူတောင်းစားလေးထံ ပြန်လျှောက်ပြီး နှစ်ရာတန်ကို လှမ်းပေးသည်။ သူတောင်းစားက သမီးကိုလေးလေးတွဲ့တွဲ့မော့ကြည့်ပေမဲ့ ကမ်းပေးတဲ့ ပိုက်ဆံကိုတော့ လှမ်းမယူ။ ပါးစပ်ကလည်း တတွတ်တွတ် ငုတ်တုတ်ထိုင်ပြီး လက်အုပ်ကလေးကလည်း ချီထားတော့ 'ငါ့သမီးတော့ ငရဲကြီးတော့မှာပဲ' ဆိုပြီး ဦးဘကောင်း ပြုံးမိသည်။ ပိုက်ဆံကို မယူတော့ သမီးအံ့သြသွားပုံပင်။ ပြီးတော့ ဒီသူတောင်းစားပြောတာကို နားစိုက်ထောင်ရင်း ယောင်နန ဖြစ်နေပုံလည်း ရသည်။

'သမီးရေ…မယူရင်ချထားခဲ့။ လာတော့…လာတော့'

သမီးက နှစ်ရာတန်ကို သူတောင်းစားရှေ့ချကာ၊ ခဲလုံးလေးနဲ့ဖိထားပြီး သူ့ဘက် ပြန်လျှောက်လာသည်။

'ဖေကြီး သူက အရူးလားမသိဘူး။ သူ့ကိုဖမ်းကြပါတဲ့။ သူ လူတစ်ယောက်ကို သတ်ပစ်လိုက်တာတဲ့။ နာမည်တောင် ပြောသေးတယ်။ တာတူးဆိုလား တက်တူးဆိုလား'

'သူ့နာမည်နေမှာပေါ့ သမီးရယ်။ ထားလိုက်ပါကွယ်။ လာလာ တက်တော့ မှောင်နေပြီ။ ကဲ ကောင်လေး မောင်းတော့'

သုံးဘီးကောင်လေးက သုံးဘီးမောင်းရင်း သူတို့သားအဖကို စကားလှမ်းလှမ်းပြောသည်။ စက်သံနှင့်ဆိုတော့ အပြန်အလှန်အော်အော်ပြောရသည်။

'ဘကြီးတို့က ဧည့်သည်တွေနဲ့တူတယ်။ အဲဒါကြောင့် ဂျူးလီကို မသိတာ'

'ဘယ်ဂျူးလီလဲကွဲ့'

'စောစောက အရူးလေ။ သူက ဟိုတုန်းက စာတိုက်မှာစာပို့တဲ့အလုပ်လုပ်တာ။ သနားစရာကောင်းတယ်ဗျ။ သူ့သမီးက မုဒိမ်းကျင့်၊ အဲ ကန်တော့ ကန်တော့ အစော်ကားခံလိုက်ရတာ ဘကြီးရ။ ကြာတော့ကြာပါပြီ။ အဲဒီတုန်းက ကျွန်တော်တောင် ဆယ့်လေးငါးနှစ်ရှိဦးမှာ'

'အခုရော ဘယ်လောက်ရှိပြီလဲ'

'သုံးဆယ်ထဲမှာ ဘကြီး'

'သြော်…သြော်.. ဘကြီးသမီးနဲ့ မတိမ်းမယိမ်းပေါ့'

'ဟုတ်ကဲ့ဘကြီး။ ဟိုတုန်းကတော့ ကလေးပေါ့။ ကျွန်တော်တို့က ထန်းပင်ကုန်းမှာနေတာ။ သုံးဘီးကတော့ စပေါ်ကတည်းကမောင်းတာ ၆ နှစ်ရှိပြီ။ အဲ ဂျူးလီကြီးက ကျွန်တော် စတွေ့တုန်းက ဒီလောက်မဆိုးသေးဘူးဗျ။ သူ့သမီး ကြိုးဆွဲချသေသွားပြီးမှ နည်းနည်းချင်း၊ နည်းနည်းချင်း ရူးသွားတာ'

'သြော် ဖြစ်မှဖြစ်ရလေကွာ။ သနားစရာပဲကွဲ့'

'ကျွန်တော်လည်း သူများပြောလို့သိရတာ။ စိတ်မကောင်းစရာပါ ဘကြီးရယ်။ ကြားရတာတော့ သူ့သမီးကလည်း စိတ်သိပ်မမှန်တော့ဘူးတဲ့။ သေတော့လည်း ယောဂီဝတ်ကြီးနဲ့ဗျ'

'ဖြစ်ရလေကွယ်။ သမီးလေးတွေက ကံဆိုးရှာတာကိုး။ ဒါနဲ့ ဟိုအစော်ကားခံလိုက်ရတယ်ဆိုတဲ့ သမီးကရော…'

'ဗျာ…။ ဟာ ဘကြီးရောသွားပြီ။ သမီးက တစ်ယောက်တည်းလေဗျာ။ ဟိုဟာဖြစ်တုန်းက ဆယ်နှစ်ကျော်လေးရှိသေးတာတဲ့။ နောက်တော့ကျောင်းထွက်ပြီး ယောဂီဝတ်သွားတာတဲ့ဗျ။ ကျောင်းမှာလည်း မျက်နှာငယ်ရရှာမှာပေါ့ဗျာ။ ဂျူးလီကြီးတို့လင်မယားလည်း ကွဲသွားတယ်။ သမီးကိုတော့ မိန်းမဘက်က လိုလေသေးမရှိ ထောက်ပံ့တာပါ။ကျွန်တော်တို့ မျက်မြင်ပဲ ဦးစွာ'

'တော်တော်ရင်နာစရာကောင်းတာပဲနော် ဖေကြီး'

'ဟုတ်တယ် အစ်မကြီးရာ။ မီတဲ့လူတွေပြောပြတာကတော့ ဒီနယ်မှာ ဒီလောက်မိုက်ရိုင်းတဲ့အမှုမျိုး အဲဒီတစ်ကြိမ်ပဲဖြစ်ဖူးတာတဲ့'

'ဘာ…ဘာဖြစ်တယ်'

ဦးဘကောင်း ရင်ထဲဒိတ်ခနဲဖြစ်သွားပြီး ကောင်လေးကို အလောတကြီးပြန်မေးမိသည်။ ထိတ်ထိတ်ပျာပျာဖြစ်သွားသည့်သူ့ကို သမီးက နားမလည်နိုင်စွာကြည့်နေသည်။ ကောင်လေးကတော့ နောက်လှည့်မကြည့်ဘဲ ပြန်အော်ပြောသည်။

'ဟုတ်တယ် ဘကြီး။ အဲဒါမျိုး တစ်မှုပဲဖြစ်ဖူးတာတဲ့။ ပြီးတော့ ဘကြီးရယ်၊ အဲဒီမုဒိမ်းကောင်က ထောင်လေးမဖြစ်စလောက်ကျပြီး ဒီပြန်ရောက်လာတယ်။ ဒီလူ

ပြန်ရောက်လာလို့ ဟိုကောင်
မလေးက ကြိုးဆွဲချသေသွား
တာ။ တစ်မြို့လုံးသိတယ်
အမှန်က ဒီလူသေရမှာဗျ
အခုတော့ ဒီလူက သုံး
ဖြုန်းမကုန် ချမ်းသာနေတယ်
လောကကြီးက မတရား
ဗျာ။ ရွှေကောင်းကင်
ဆိုင်ကယ်ဆိုင်ကြီးဖွင့်
တာ ဟည်းလို့'

ကောင်လေး၏
တွေက ဆူးတွေလိုစိုက်
လာတော့ ဦးဘကောင်း
သားတွေ သွေးစိမ်းရှင်
များပင် ပန်းထွက်ကုန်
ရော့လား မသိတော့။ နား
လိုက်တာ ဘုရား…ဘု
အိမ်ဝရန်တာ ပက်လက်
ထိုင်ပေါ် သူ ဘယ်လို
လာတယ်ဆိုတာတောင်
ကိုယ်တိုင်မသိတော့
အသက်မဲ့သူလိုဖြစ်သွား
သူ့ကြောင့် သူသမီး
ယောက်ယက်ခတ်သွား
မောင်မြင့်စိုးလည်း က
ကရိုက်ပေါက်ချလာသ
သူတို့ဘာမေးမေး သူ
လက်ပဲ ကာပြနေမိသည်

မျက်နှာ ၂ ခ
လွှန်ခဲ့သည့် ဆယ့်လေးငါး
က မျက်နှာ ၂ ခု၊ ပြီး
တစ်ညနေခင်းထဲမှာ
တိုက်ဆိုင်ဆိုင် လာ
တွေ့တတ်သည့် မျက်နှာ
ဒီ ၂ ခုသော မျက်နှာ
ဘာကြောင့်များ သူနှင့်မှ
စက်လာဆုံနေရသနည်း

တစ်ယောက်က
ခံ ဝက်ခြံထဲမှာ မျက်နှာ
အောက်ချပြီး အပြစ်မရှိ
ညှိုးညှိုးငယ်ငယ်။ တ
အပြင်ဘက်မှာတော့ မိ
မျိုးတွေက လူ



www.burmeseclassic.com

www.burmeseclassic.com

အရင်းနှင့် သူ့အပြစ်တွေ မြ တစ်မှုန်စာ တင်ကျန် အောင် မီးကုန်ယမ်းကုန် း ပန်းကြသည်။ ခေတ် လက အပွင့်အခက်တို့ ရွှေ င်တောက်ချိန်။

တစ်ယောက်က တရား င်မှာ ဒေါသတကြီး ဆူညံ ါက်ကွဲခဲ့တဲ့ ရုံးပြာတာ က်နှာမွဲလေး။ မိန်းမလုပ် က အရောင်းအဝယ်ခရီး သွားနေချိန်။ စာပို့စရာရှိလို့ လေးကို ကျောင်းတောင် က်မပို့နိုင်ခဲ့။ ဆူညံပေါက် သံတွေအဆုံးမှာ 'ကျွန်တော် အသုံးမကျလို့ သမီးလေး စ်ရတာ။ ကျွန်တော့်ကိုသာ ပြစ်ပေးလိုက်ပါတော့ဗျာ' လို့ က်ရည်ဖြိုင်ဖြိုင်ကျပြောခဲ့ ။ ဤမျှ ကြီးမားသော စ်ဒဏ်အတွက် သူ ချမှတ်ခဲ့ သည့် ထောင်ဒဏ် ၅ နှစ်ဆို တာ တရားမျှတပါရဲ့လား။ ဟိုတုန်းက တွေးမိသလို အခု လည်း တွေးမိပြန်ပြီ။ ဟိုတုန်းက သူ့မှာဖိအားတွေ ပြွတ်သိပ်လို့။ တစ်ဖက်မှာက ရွှေရောင်တောက်ပနေသူတို့၏ ဖိအား။ ဒီဖိအားက သူ့ကိုရုန်းမလွတ်အောင်အပေါ်က ဖိလာသည်။ တစ်ဖက်မှာက ကိုယ်ချင်းစာ တရားနှင့် တရားမျှတမှုတို့ ပေါင်းဆုံရာက ဖြစ်ပေါ်လာတဲ့ အရှုတ္တဖိအား။ ဒီဖိအားက သူ့ကို အောက်ကနေ ထမ်းတင်ထားသည်။ ပြီးတော့ မိသားစုနောင်ရေး၊ သမီးလေးရဲ့နောင်ရေး၊ ရင်ဆိုင်နေရတဲ့အကျပ်အတည်းကြီးကြားက ကြားနေဝါဒသုံးပြီး ကျွမ်းကျင်စွာ လိမ့်ထွက်နိုင်ခဲ့လို့သာ ပင်စင်ယူခါနီးမှာ ခရိုင်တရားသူကြီးအဖြစ် တစ်ဆင့်တိုးရာထူးရခဲ့တာလို့ ကိုယ့်ကိုယ်ကို ဂုဏ်ယူခဲ့တာ။

အခုတော့ ဝက်ခြံထဲက အပြစ်မရှိသလို ဟန်ဆောင်ထားသည့် တရားခံတင်တိုး (ခေါ်)တက်တူးက ကြီးပွားချမ်းသာနေပြီ။ 'ထောင်' ဆိုသောအရာကလည်း တင်တိုးကို လိမ္မာယဉ်ကျေးသွားအောင် ပြောင်းလဲမပစ်နိုင်ခဲ့။ တစ်ချိန်တုန်းက ရုံးတော်မှာ ယမ်းပုံမီးကျပေါက်ကွဲခဲ့သည့် ချစ်အောင်(ခေါ်)ဂျူးလီကတော့ လမ်းဘေးမှာ အရူးဘဝရောက်နေပြီ။ ရူးပေမဲ့ တက်တူးကိုတော့ မမေ့။ သူ့ မသိစိတ်ထဲမှာ တက်တူးကို အကြိမ်ကြိမ် သတ်နေဆဲ။ တက်တူးကို သတ်သည့်သူ့ကို ဖမ်းဖို့တွေ့သမျှလူကို လက်အုပ်ကလေးချီကာ ချီကာဖြင့် တောင်းပန်ဆဲ။ မြစာပင်လေးကတော့ အဖန်ငါးရာ့ငါးကမ္ဘာ၏ ဘယ်ဘဝေဘဝမှာ ကျင်လည်နေလေပြီ မသိ။ ရူးနေခြင်းထက် ပိုကောင်းသည့်ဘဝ ဂျူးလီမှာ မရှိနိုင်တော့။

ဦးဘကောင်း တွေးသည်။ တင်တိုးကို ထောင် ၅ နှစ်မက၊ ၁၀ နှစ်မက၊ နှစ် ၁၀၀ ပဲ ချစေဦးတော့။ မြစာပင်လေးနှင့် ဂျူးလီတို့ ရသွားသည့်ဒဏ်ရာက ကျေပျက်သွားနိုင်ပါမည်လား။ ဖွဲ့ထုတ်ခံလိုက်ရသည့်ဘဝအလှကို ဖာထေးပေးနိုင်ပါမည်လား။ ပြီးတော့ ဥပဒေဆိုတာ တရားမျှတမှုကို အမှန်တကယ် ကိုယ်စားပြုနိုင်ပါရဲ့လား။ ဦးဘကောင်း တွေးမိသည်။ တရားမျှတမှုအတွက် အဓိက အလိုအပ်ဆုံးအရာမှာ ဥပဒေမဟုတ်။ ကိုယ်ချင်းစာတရားသာဖြစ်သည်။ သို့သော်…။

ညဦးယံက ငှက်ဆိုးထိုးသံကြောင့် ပိုမှောင်နေသယောင်။ ■

အရှုတ္တ


# ဖြစ်ချင်တိုင်း မဖြစ်လာလို့ စိတ်ဓါတ်ကျနေပြီလား?

- ✦ မိမိဘက်မှ ဘယ်လောက်ပေးဆပ်ပေးဆပ် နားမလည်တဲ့ချစ်သူ / ခင်ပွန်းကြောင့် သောကဖြစ်နေပါသလား။
- ✦ သူ့ဘက်မှ သစ္စာမဲ့မှု၊ ရက်စက်မှုတွေကို ခွင့်လွှတ်ထားတာတောင် မိမိပေါ်နားမလည်ပဲ စွန့်လွှတ်ဖို့ သူ့ဘက်ကကြိုးစားနေပြီလား။
- ✦ ဘက်စုံထောင့်စုံက ကြိုးစားပြီး မိမိဘက်ပြန်ပါလာဖို့ စည်းရုံးပေမယ့် ဘာမှဖြစ်မလာလို့ စိတ်ဓါတ်ကျနေပြီလား။
- ✦ တစ်သက်လုံး ကောင်းလာခဲ့သူက လတ်တလော သာယာမှုနောက်ပါပြီး အခြားလူတစ်ယောက်ကဲ့သို့ ပြောင်းလဲသွားပြီလား။
- ✦ ပူလောင်မှုတွေကို ဆက်လက်သည်းမခံနိုင်တော့လို့ ရှေ့ဆက်ရမလား၊ ရပ်လိုက်ရမလားဆိုပြီး ဒွိဟဖြစ်နေပါသလား။

ဖြစ်ချင်တာတွေ ဖြစ်လာစေဖို့

## ဆရာမ ထက်နွေးစန္ဒီ LL.B, LL.M, DBL, DML

(အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ဟောခန်း)

တိုက်- 40 G-2 ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ 41 ရပ်ကွက်၊ မြောက်ဒဂုံ။
Ph : 09 5164326 , 09 73106180 , 09 43094806




www.burmeseclassic.com

www.burmeseclassic.com


# ကြွေရုပ်ကလေး

**မင်းတင်ထွန်း**

၁။
တောက်ထွန်း
တော်တော်အ,တဲ့ကောင်။
တန်ဖိုးရှိတဲ့
ကြွေရုပ်ကလေးလိုလှတဲ့
ငွေမိကိုတော့ မကြိုက်ဘဲ
အဖိုးမတန်တဲ့
ကော်ပတ်ရုပ် နှင်းမေကိုမှ
မေတ္တာရှိရတယ်လို့
ဘယ်လိုသတ္တဝါပါလိမ့်။
ကျုပ် စဉ်းစားလို့ကို
မရဘူး။

❑

၂။
ကျုပ်ကတော့
အလှမကြိုက်တဲ့
ငမိုက်သား မဟုတ်ဘူး။
ငွေမိကို အသေရရ
အရှင်ရရ မတွေ့ရှိခဲ့တာ။
ငွေမိက ကြွေရုပ်လေးလို
မထိရက်၊
မကိုင်ရက်အောင်ကို
လှတယ်။ ခန္ဓာကိုယ်က
ငါးရံ့ကိုယ်လုံးလေး။
အသားအရေက
ဝါဂွမ်းလေးလို
ဖွေးနုနေတာ။
မျက်နှာလေးကလည်း
အမြဲတမ်း မိတ်ကပ်၊
နှုတ်ခမ်းနီ၊ ကာချယ်
ခြယ်သထားတော့
ဖူးဥနေတာ။ ကျုပ်
အနှစ်သက်ဆုံးကတော့
သူမ
ဘယ်ဘက်မေးစေ့ပေါ်က
စံပယ်တင် မှဲ့လေးပဲ။
ငွေမိဆိုတာက
အချစ်ဝတ္ထုကို
သဲသဲမဲမဲ
ဖတ်နေတဲ့
မျက်နှာကို
သေချာ
ကြည့်လိုက်တယ်
ဟင်. . .
ဘယ်ဘက်
မေးစေ့ပေါ်မှာ
စံပယ်တင်မှဲ့ ကြီးနဲ့
ကျုပ်
ရင်ဘတ်ကို
ဖိလိုက်မိတယ်
အလို
ကျုပ်ရဲ့
မပဲ့မကျိုးသေးတဲ့
ကြွေရုပ်ကြီး
ပါလား





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့ ဆင်ခြေဖုံးရပ်ကွက်လေးကို ရွာကနေ ပြောင်းလာတဲ့ မြေတူးခေါင်း ဦးဘမောင်ရဲ့သမီးပါ။ မြေတူးလုပ်ငန်းနဲ့ ကြီးပွားနေတယ်။ ရွာကခေါ်လာတဲ့ မြေတူးသမားတွေဆိုရင် သူ့ဝင်းထဲမှာ တန်းလျားနဲ့ ထားတယ်။

ငွေမိက တစ်ဦးတည်းသောသမီး။ အလိုလိုက်ထားပုံရတယ်။ ကျောင်းသွားတာလည်းမတွေ့ဘူး။ ဘာအလုပ်မှလုပ်နိုင်းတာလည်း မမြင်ဘူး။ အပြင်ဈေးဝယ်တာတောင် သူ့အမေနဲ့ အိမ်အကူကောင်မလေးပဲ ထွက်ဝယ်တာ တွေ့တယ်။

သူ့အမေနာမည်က ဒေါ်စိန်ခင်တဲ့။ ကိုယ်လုံးက ဝဝဖိုင့်ဖိုင့်ကြီး။ လက်မောင်းအိုးတွေက ကျုပ် ပေါင်လုံးထက်ကြီးမယ်။ တစ်ခါတစ်ရံ သူ့အမေနဲ့ အပြင်ထွက်တတ်တယ်။ ဝတ္ထုစာအုပ်ငှားတယ်။ ဗီဒီယိုခွေငှားတယ်။ နောက်ပြီးတော့ မုန့်ဟင်းခါးစားကြတယ်။

ကျုပ်က ညနေတိုင်းဆိုရင် သူလာတတ်တဲ့ နေရာနားက ဆံပင်ညှပ်ဆိုင်မှာ ထိုင်ပြီး စောင့်ကြည့်နေတတ်တယ်။ သူ့အမေပါရင်တော့ အနားမကပ်ပါဘူး။ သူ့အမေမပါရင်တော့ အနားထိ ကပ်သွားတယ်။ ကိုယ်ယောင်ပြတယ်။

ငွေမိနဲ့အတူ သူ့အမေမပါရင် ကောင်လေးတစ်ယောက် ပါလာတတ်တယ်။ ကောင်လေးဆိုပေမဲ့ ကျုပ်ထက်ငယ်ရင် တစ်နှစ်၊ နှစ်နှစ်ပါ။ အရပ်က ကျုပ်ထက်မြင့်တယ်။ ဗလက ကျုပ်ထက်တောင့်တယ်။ အစကဒီကောင်ကို သူ့မောင်လေးလို့ ကျုပ်က ထင်တာ။ ကောင်လေးက ငွေမိနောက်ကပဲ လိုက်တယ်။ ငွေမိစာအုပ်ငှားရင်၊ ဗီဒီယိုခွေငှားရင် ဆိုင်ဝကပဲ ရပ်စောင့်နေတာ။ ငွေမိ မုန့်ဟင်းခါးစားရင်လည်း အတူမစားဘူး။ ဆိုင်နားမှာပဲ ရပ်စောင့်နေတာ။

'ဟဲ့ တောက်ထွန်းလာလေ၊ နင့်အတွက်ပါ မှာထားတာ'

ငွေမိက လှမ်းခေါ်တယ်။ အသံလေးက ကြည်ပြီး လွင်လို့။ ချစ်စရာလေး။

'မငွေမိသာ စားပါ၊ ကျုပ် မုန့်ဟင်းခါး မကြိုက်ဘူး'

တောက်ထွန်းက ငြင်းတယ်။

'နင့် ပိုက်ဆံ မထုတ်ရပါဘူးဟဲ့၊ ကပ်စေးနဲ ကိုကော်တရာရဲ့။ နင်မစားရင် ငါပဲ စားလိုက်တော့မယ်'

ငွေမိက မုန့်ဟင်းခါး တော်တော်ကြိုက်ပုံရတယ်။ မှာထားတဲ့ ၂ ပန်းကန်ကို ခဏလေးနဲ့ စားလိုက်တယ်။ မုန့်ဟင်းခါး စားနေပုံကလည်း လှတာပဲ။

သူတို့ မောင်နှမ မဟုတ်ဘူးဆိုတာ ကျုပ် ရိပ်မိလိုက်ပြီ။ ဒီတော့ ကျုပ် ခွင်ဖန်တော့တာပေါ့။

'ညီလေးက မုန့်ဟင်းခါး မကြိုက်ဘူးဆိုရင် လက်ဖက်ရည် သွားသောက်ပါလား၊ ရော့…'

ကျုပ်က တောက်ထွန်းကို ငွေတစ်ထောင် ပေးလိုက်တယ်။ တောက်ထွန်းက မယူသေးဘူး။ ငွေမိကို လှမ်းကြည့်တယ်။ ငွေမိက ကျုပ်အသံကြားလို့ လှည့်ကြည့်တယ်။ ငွေမိက အကင်းပါးတယ်။ သူအပြင်ထွက်တိုင်း သူ့နားမှာ ကျုပ် တရစ်ဝဲလည်လည် လုပ်နေတာကို သိပုံရတယ်။

'တောက်ထွန်း ယူလိုက်လေ၊ လက်ဖက်ရည်သွားပြီးသောက်ပါလား။ အ,လိုက်တာ၊ ဒါနဲ့များတောင် အမေက သူ့ကို ချီးမွမ်းနေသေးတယ်'

ငွေမိ ပြောလိုက်မှ တောက်ထွန်းက ကျုပ်ဆီက တစ်ထောင်တန်ယူပြီး ထွက်သွားတယ်။ ကျုပ်လည်း ငွေမိနား ကပ်ထိုင်ပြီး မုန့်မှာစားတယ်။ ငွေမိကို မိတ်ဖွဲ့တယ်။ စကားပြောတယ်။ သူစားတဲ့ မုန့်ဖိုးလည်း ရှင်းပေးတယ်။

နောက်တော့ ငွေမိအပြင်ထွက်ရင် တောက်ထွန်းကို ငွေတစ်ထောင်တန်ပေးပြီး ပ,ထုတ်တယ်။ ဝတ္ထုစာအုပ်အတူရွေးတယ်။ ဗီဒီယိုခွေအတူငှားတယ်။ မုန့်ဟင်းခါးအတူစားတယ်။

တောက်ထွန်းက ကျုပ်ပေးတဲ့ငွေနဲ့ လက်ဖက်ရည်ဆိုင် မသွားပါဘူး။ လမ်းဘေးမှာပဲ ရပ်နေတာပါ။

တစ်ရက်တော့ ကျုပ်က တောက်ထွန်းကို ငါးရာတန် ပေးလိုက်တယ်။ မယူဘူး။

'ခါတိုင်းလို တစ်ထောင်တန်ပဲ ပေးလေဗျာ'

လို့ ပြောတယ်။ ကျုပ်က…

'ဪ ငါမေ့သွား…'

လို့ ပြောပြီး အရင်ငါးရာတန်… တစ်ရွက်အပြင် နောက်ထပ်… ငါးရာတန်တစ်ရွက် ထပ်ပေး… တယ်။ တစ်ထောင်ပေါ့… တောက်ထွန်းက မယူဘူး…

'တစ်ထောင်တန်ပေး… ပါ'

လို့ပြောတော့ ကျုပ် … သြသွားတယ်။ မုန့်စားနေ… ငွေမိက လှည့်ကြည့်ပြီး—

'ဟဲ့ တောက်ထွန်း… ငါးရာတန်နဲ့ ငါးရာတန်… ပေါင်းရင် တစ်ထောင်ပေါ့…'

လို့ပြောမှ ယူလိုက်တယ်…

တောက်ထွန်းထွ… သွားတော့ ကျုပ်က ငွေမိ… ဝင်ထိုင်လိုက်တယ်။

'တောက်ထွန်း… ဂေါက်တောက်တောက်…'

ငွေမိနဲ့ ခင်နေပြီမို့ … လိုက်မိတယ်။

'ဂေါက်တာ မဟုတ်… ဘူး။ အ…တာ…။ ခုထ… ထိ ပိုက်ဆံ မရေတတ်ဘူး…'

'စာမတတ်လို့လား'

'စာမတတ်ပေမဲ့ ပိုက်ဆံ… တော့ လူတိုင်း ရေတတ်… တယ်။ တောက်ထွန်းက အ… ကို အ,တာ'

'အမျိုးလား'

'မဟုတ်ဘူး။ ရွာက… မြေလာတူးနေတာ။ အဖေ… အားကိုးရတယ်ဆိုပြီး အိမ်… ထားတာ'

တောက်ထွန်းက ငွေ… တို့ရွာက ဖြစ်တယ်။ မိဘ… က မရှိတော့ဘူး။ တော… ထွန်း ငယ်ငယ်က ရှေ့… နောက်ဆင့် ဆုံးသွားကြ… တောက်ထွန်းက ဟိုအိမ်… နေ၊ ဒီအိမ်ကပ်နေနဲ့…

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ။ လူပျိုပေါက်အရွယ်မှာ ဦးဘမောင်က ရွာကနေ နှလေးကို ခေါ်လာတာ။ မြတူးတယ်။ တောက်ထွန်းက မခိုမကပ်ဘူး။ သူများဆက် ၂ ဆလုပ်တယ်။ ဝီရိယကောင်းတယ်။ မနက်ဆို အစောကြီး ထတယ်။ ဦးဘမောင်တို့ အိမ်မှုကိစ္စတွေကို အောက်ခြေသိမ်းကစ လုပ်ပေးတယ်။ ဒါကြောင့် ဦးဘမောင်က တောက်ထွန်းကို သူ့အိမ်မှာပဲ ထားတာ။ အလုပ်မှာလည်း လက်ထောက်အဖြစ် ခိုင်းထားတာ။

'ဒီကောင် တစ်နေ့ ကြီးလာမှာ ငွေမိနဲ့ပေးစားရမယ်' ဆိုပြီး နားချတယ်။

'ဘာ ဒီလိုကောင်နဲ့ ငွေမိကို နားချတယ် ဟုတ်လား။ ငွေမိက ငြင်းလိုက်တယ် မဟုတ်လား'

အလန့်တကြားနဲ့ ကိုယ်ကြားချင်တဲ့ စကားကို မေးလိုက်တယ်။

'အဖေနဲ့အမေက ကျွန်ုပ်ကို နားချတာ မဟုတ်ဘူး။ တောက်ထွန်းကို နားချတာ'

'ဘာပြုလို့လဲ'

'တောက်ထွန်းက ကျွန်ုပ်ကို ငြင်းနေလို့ပေါ့'

'ဘာ…'

ကျွန်ုပ်ပါးစပ် ဟ,သွားတယ်။ မျက်လုံး ပြူးသွားတယ်။ အဖိုးတန်တဲ့ ကြွေရုပ်ကလေးလိုလှတဲ့ သူကိုမှ သင်းလိုရုပ်ကြမ်းကြီးက ငြင်းတယ်ဆိုတော့ ရူးရင်ရူး မရူးရင် တော်တော်အ,တဲ့ကောင်ပဲ။

❑

၃။

ငွေမိကလည်း ဒီလိုအတတကောင်ကို ကြိုက်မှာ မဟုတ်ပါဘူး။ ကျွန်ုပ်လိုလည်တဲ့ကောင်မှ ကြိုက်မှာပါ။ နောက်ပြီး ကျွန်ုပ် စုံစမ်းပြီးပြီ။ ငွေမိက အပျိုစစ်စစ်။ ၈ တန်းအထိ ပညာသင်ဖူးတယ်။ ကောင်လေးတွေက လိုက်စကားပြောလို့ ကျောင်းဆက်မထားတော့တာ။ ဘာအလုပ်မှ မခိုင်းဘဲ ထားတာ။ အပြင်ပေးမထွက်တာ။ ငွေမိက လှတာကိုး။

ကျွန်ုပ်က ငွေမိကို ကြိုက်နေပေမဲ့ အမေက နှင်းမေနဲ့ ပေးစားချင်တာ။ ကျွန်ုပ်ကို နားချနေတာ။ ကျွန်ုပ်က နှင်းမေကို မယူချင်ဘူးလို့ ငြင်းထားတာ။

နှင်းမေဆိုတာက ပဋ္ဌပါဠိက အစ်မခေါ်လောက်တဲ့သူ။ အသားကမည်းမည်း၊ အရပ်က ကလန်ကလား၊ ရုပ်ကဆိုးဆိုးရယ်။

'အမေကလည်းဗျာ၊ ကျွန်ုပ် ဒီလောက် အလှမက်တာ၊ အရုပ်ဆိုးတဲ့သူမှ ပေးစားရတယ်လို့ ရက်စက်တယ်ဗျာ'

ကျွန်ုပ်က အမေကို အပြစ်တင်တယ်။

'ဟဲ့၊ ရှေးလူကြီးသူကြီး ဆိုရိုးစကား မကြားဖူးဘူးလား၊ လှတာမက်ရင် ညစာခက်တယ်တဲ့။ နှင်းမေက ဒီလောက် ရုပ်မဆိုးပါဘူး။ ညိုချောလေးပါ။ နောက်ပြီး ဘွဲ့ရပေမဲ့ ကြုံရာအလုပ်ကို လုပ်ရဲတဲ့သတ္တိ ရှိတယ် ဟဲ့'

အမေကတော့ နှင်းမေကို ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်တယ်။

ပညာတတ် ဘွဲ့ရတော့ ဘာလုပ်ရမှာလဲ။ ဒီလောက်အရုပ်ဆိုးတော့ ဘယ်ကုမ္ပဏီမှ မခန့်လို့ ကြုံရာအလုပ် လုပ်နေရတာကို ချီးမွမ်းနေတယ်။ အခု မြေတူးလိုက်နေတယ်။

နောက်ပြီး နှင်းမေအဖေက ဝန်ထမ်းပင်စင်စား။ အမေက ဂိလာန။ ကျောင်းထားပေးနေရတဲ့ ညီမ ၂ ယောက်က ရှိသေးတယ်။ နှင်းမေပဲ လုပ်ကျွေးနေရတာ။ နှင်းမေနဲ့သာရရင် ကျွန်ုပ်ပါ သူတို့မိသားစုကို လုပ်ကျွေးနေရမှာ။

ကျွန်ုပ်က မုဆိုးမသားပေမဲ့ ရုပ်ကွက်ထဲမှာ မျက်နှာမငယ်ရဘူး။ အမေက အိမ်မှာ ကုန်စုံဆိုင် ဖွင့်ထားတယ်။ တစ်ဦးတည်းသားမို့ ဘာမှ ပူစရာ မလိုဘူး။

ကျွန်ုပ်က ၁၀ တန်းကို ၅ နှစ်ကျတယ်။ စိတ်မညစ်ပါဘူး။ ၁၀ တန်းကျတာကိုက ကျွန်ုပ်အတွက် အခွင့်အရေး ဖြစ်နေတယ်။ အမေက ကျွန်ုပ်ကို ၁၀ တန်းအောင်စေချင်တယ်။ ဘွဲ့ရစေချင်တယ်။ ဒါကြောင့် ဘာမှ မခိုင်းဘဲ ကျူရှင်ပဲ တက်ခိုင်းတယ်။ ဒီတော့ ကျွန်ုပ်က ကျူရှင်သွားတယ်ဆိုပြီး အိမ်မကပ်ဘူး။

ကျွန်ုပ် ငွေမိကို ပိုးတာ အမေ သိပုံရတယ်။ နှင်းမေနဲ့ ပေးစားမယ်လို့ ဖွတ်ပြောပြန်ရော။ နှင်းမေအမေက ဆိုင်မှာလာပြီး အမေတောက်တိုမည်ရ ခိုင်းနေတာ။ ဆိုင်က အကြွေးယူနေတာ။ ကျွန်ုပ်ကိုလည်း သမက်ဖမ်းချင်နေတာ။ ကျွန်ုပ်သာ ခေါင်းညိတ်ရင် နှင်းမေနဲ့ ပေးစားကြမှာ သေချာတယ်။

ဒါကြောင့် ကျွန်ုပ်က ငွေမိကို အမြန်ချစ်ရေးဆိုရတာ။ ငွေမိက ပါးစပ်က မဖြေဘူး။ စာရေးပြီး ဖြေတယ်။ အောင်မယ်၊ ငွေမိက ရုပ်သာလှတာ မဟုတ်ဘူး။ ရည်းစားစာလည်း အရေးကောင်းတယ်။ သူ့စာဖတ်ရတာ ဝတ္ထုတစ်ပုဒ် ဖတ်နေရသလိုပဲ။ ရုပ်ကလေး လှသလောက် စိတ်ကူးလည်း ယဉ်နိုင်ပါပေ့ မောင့်ကြွေရုပ်လေးရယ်၊ စံပယ်တင် မွှဲလေးရယ်။

❑

၄။

'ဟဲ့ ငအေး၊ နင်ကသာ အလှရှာပုံတော်ဖွင့်နေ။ နှင်းမေက ယောကျ်ားယူတော့မှာ'

'ကောင်းတာပေါ့'

အမေပြောတော့ ကျွန်ုပ် ဝမ်းသာသွားတယ်။

'ဘယ်သူလဲ' မေးတော့–

'သူနဲ့ အလုပ်အတူတူ လုပ်တဲ့ မြေတူးတဲ့ကောင်လေး' လို့အမေက ပြောတယ်။

ဟုတ်တာပေါ့။ သူနဲ့ တူရာတန်ရာ ရမှာပေါ့။ မကြာပါဘူး။ သတင်းကြားတော့ အံ့သြသွားတယ်။ နှင်းမေနဲ့ ယူမှာ တောက်ထွန်းတဲ့။

မကြာပါဘူး။ တောက်ထွန်းနဲ့ နှင်းမေ လက်ထပ်လိုက်ကြတယ်။ နှင်းမေအိမ်မှာပဲ ဘုန်းကြီး ၃ ပါး ဆွမ်းကပ်တယ်။ အိမ်နီးချင်းတွေလောက် ဖိတ်ပြီး လက်ဖက်ရည်နဲ့မုန့် ဧည့်ခံတယ်။

'တောက်ထွန်း မင်းက သွက်လှချည်လားကွ' လို့ မေးတော့…

'မသွက်လို့ မရဘူးဗျ။ အရီးစိန်က ကျွန်ုပ်နဲ့ ငွေမိကို



www.burmeseclassic.com

www.burmeseclassic.com

အတင်းပေးစားဖို့ စီစဉ်နေလို့ ဗျ'လို့ ဖြေတယ်။

တောက်ထွန်းကို ဦးဘမောင်နဲ့ ဒေါ်စိန်ခင်က တော်တော် စိတ်ဆိုးကြတယ်။ အိမ်က နှင်ထုတ်လိုက်သလို၊ အိမ်ကိုလည်း အလာမခံဘူး။ အလုပ်လည်း မပေးတော့ဘူး။

နောက်ပြီး ဦးဘမောင်က အရှိန်ရှိတော့ ဘယ်မြေတူးခေါင်းကမှ တောက်ထွန်းတို့ လင်မယားကို အလုပ်မခေါ်ကြဘူး။ ဒီတော့ တောက်ထွန်းတို့ လင်မယား သဲကား၊ ကျောက်ကား လိုက်ရတော့တယ်။ အိမ်သာကျင်းလောက်ပဲ တူးမယ့်သူ ခေါ်တယ်။

မကြာပါဘူး။ တောက်ထွန်းတို့ ထော်လာဂျီကားတစ်စီး ဝယ်တယ်။ ကျောက်တို့၊ မြေတို့၊ သဲတို့ သယ်တယ်။ တောက်ထွန်းက မောင်းတယ်။ နှင်းမေက နောက်က လိုက်တယ်။ အလုပ်သမား မငှားဘူး။ သူတို့လင်မယားကို ကြည့်ပြီး 'ငါ နှင်းမေကို မယူမိတာ ကံကောင်းတယ်။ ငွေမိ တောက်ထွန်းနဲ့မရတာလည်း ကံကောင်းတယ်'လို့ တွေးလိုက်မိတယ်။

❑

၅။

ကျုပ် ၁၀ တန်းစာမေးပွဲ ထပ်ကျတယ်။ ဒီတော့ ငွေမိကို ခိုးပြေးတယ်။ မိဘတွေက ကျုပ်တို့ကို ရှာခေါ်ပြီး ပေးစားရတယ်။ ဆီဒိုးနားဟိုတယ်မှာ မင်္ဂလာ အကြီးအကျယ် ဆောင်ပေးတယ်။

မင်္ဂလာဆောင်ပြီး မကြာပါဘူး၊ ဦးဘမောင်က ဦးနှောက်သွေးကြောပေါက်ပြီး ရုတ်တရက် ဆုံးသွားတယ်။ ဒေါ်ခင်စိန်က အိမ်နဲ့ဝင်းကို ရောင်းပြီး ရွာပြန်သွားတယ်။ ငွေမိကို အမွေတစ်ဝက် ပေးခဲ့တယ်။ ဒီငွေနဲ့ ငွေမိက ဆွဲကြိုးနဲ့လက်ကောက်၊ လက်စွပ်တွေထပ်လုပ်တယ်။ ကျုပ်က ဘင်ကားတစ်စီး ဝယ်လိုက်တယ်။ လင်မယားနှစ်ယောက် ငွေဆောင်တို့၊ ချောင်းသာတို့၊ ငပလီတို့ထိ ကားနဲ့ ပျားရည်ဆမ်းခရီး ထွက်ကြတယ်။

အမေကလည်း စစ်ကိုင်းကျောင်းမှာ သီလရှင်ဝတ်သွားတယ်။ ငွေမိက ဈေးမရောင်းတတ်ဘူး။ ဒါကြောင့် ဆိုင်ပဲ ထိုင်ခိုင်းပြီး အရောင်းစာရေးမတစ်ယောက် ငှားရတယ်။ ဈေးကို ပစ္စည်းသွားဝယ်ရင် ကျုပ်တစ်လှည့် အရောင်းစာရေးမတစ်လှည့် ဝယ်တယ်။

ငွေမိက ဆိုင်ထိုင်ရတာ ပင်ပန်းတယ်ဆိုတာနဲ့ ထမင်းဟင်းချက်ဖို့နဲ့ အဝတ်လျှော်ဖို့ အိမ်အကူတစ်ယောက် ငှားထားရတယ်။ ငွေမိက ကလေးကို တစ်ယောက်ပြီး တစ်ယောက်မွေးတော့ ဆိုင်မထိုင်နိုင်တော့ဘူး။ ကျုပ်ကလည်းဆိုင်ထိုင်ရတာ ဝါသနာမပါဘူး။ ဒီတော့ ဆိုင်က ပရုတ်လုံးလို တဖြည်းဖြည်း ပါးလာတယ်။ အရောင်းစာရေးမကလည်း ငွေစာရင်း မရှင်းနိုင်ဘူး။ ဆိုင်မလာတော့ဘူး။ ဆိုင်ကို ပိတ်ထားရတယ်။

အရေးထဲ ကားက လူဝင်တိုက်လို့ ဝင်းနဲ့အိမ်ပေါင်ပြီးလျော်လိုက်ရတယ်။ ကားကို ပြန်ရောင်းတော့ ကားဈေးကျတာရယ်၊ လူတိုက်ထားတဲ့ ကားမှန်း သိတော့ ဈေးက သိပ်မရဘူး။ သူခိုးဈေးပဲ ရတယ်။ ရတဲ့ငွေက အကြွေးတောင် မကျေဘူး။

အိမ်နဲ့ဝင်း ပေါင်ထားတာတွေ ရွေးဖို့ ရက်နီးနေပြီ၊ မရွေးနိုင်ရင် ရောင်းပြီး တခြားပြောင်းရတော့မယ်။ ခေါင်းက တစစ်စစ်ကိုက်နေတယ်။

ခါတိုင်း စိတ်ညစ်ရင် အရက်ဆိုင်သွားတယ်။ စိတ်ကလည်း အမြဲတမ်း ညစ်နေတာ။ ဒီတစ်ခါ စိတ်က ညစ်ရုံတင် မကဘူး၊ ဖောက်ထိုးမိုးမျှော်ကျနေတာ။ အရက်မသောက်ချင်တာနဲ့ လမ်း ၃၀ ဘက် လမ်းလျှောက်ထွက်ခဲ့တယ်။ ဒီနေရာက အရင်က လယ်ကွက်တွေ၊ မြို့ကွက်သစ်ဖော်တော့ ၄ ဧကကျယ်တဲ့ ဝင်းတွေ ဖြစ်ကုန်တာ။ တချို့က အုတ်တံတိုင်းကာပြီး မြေဖို့ထားတယ်။ တချို့က အုတ်တံတိုင်းလည်း မကာသေးဘူး၊ မြေလည်း မဖို့သေးဘူး။

လမ်းလျှောက်တယ်ဆိုပေမဲ့ လူက ပိန်ပိန်ချည့်ချည့်၊ နဲ့တဲ့တဲ့မို့ ဝေးဝေးမလျှောက်နိုင်ဘူး။ မောလို့ သစ်ပင်အောက်မှာထိုင်ပြီး နားတယ်။

ကျုပ်နဲ့ မလှမ်းမကမ်းမှာ ဇိမ်ခံမှန်လုံကားတစ်စီး ထိုးရပ်တယ်။ ကားထဲက လူ ၃ ယောက် ဆင်းလာတယ်။ အသားဖြူစပ်စပ်၊ ပုကွကွ၊ ဘောင်းဘီ သရီးစကွဲယား တွေဝတ်လို့။ ဝင်းလွတ်တ... ကို လက်ညှိုးထိုးပြီး စကား... ပြောနေကြတယ်။ သူတို့... စကားမပီဘူး။ ဝဲတာလည်း... မဟုတ်ဘူး။ ဒါပေမဲ့ မန္တလေး... မှာ ဒီလေသံတွေ ကြားနေ... မို့ နားလည်တယ်။ ဝင်းလွတ်... ကို မြေဖို့ဖို့ ပြောနေကြတာ... ကုမ္ပဏီတစ်ခုက သူတို့ပြီးချင်... တဲ့ရက် မရတဲ့အကြောင်း... ပြောနေကြတာ။

မြေဆိုတော့ ကျုပ်စိတ်... ထဲ တောက်ထွန်းကို သွား... သတိရတယ်။ တောက်ထွန်း... တို့က ကျုပ်တို့ ဆင်ခြေဖုံး... နေ ၅၈ လမ်းပေါ် ပြောင်း... သွားကြတာ။ နှင်းမေ... အုတ်၊ ထုံး၊ သဲ၊ ကျောက်... ကုန်မာဆိုင် ဖွင့်ထားတယ်... တောက်ထွန်းက ဆိုင်နဲ့က... ရက်မှာ 'တောက်ထွန်း... ကုမ္ပဏီ' ထောင်ထားတယ်... ထော်လာဂျီကစပြီး ၁၂ ဘီး... ကားကြီးတွေထိ ကား... ထောင်ထားတယ်။ မြေ၊ သဲ... အုတ်၊ ကျောက်သယ်တယ်...

ကျုပ် သူတို့နား ရော... သွားတယ်။

'ခင်ဗျားတို့ မြေဖို့ချင်... လား၊ ကျုပ်သူငယ်ချင်း... လိုက်ပို့မယ်'လို့ ပြောလို... တယ်။

သူတို့ကလည်း မြေ... ချင်တော့၊ ကျုပ်ကို သူတို့... ကားနဲ့ခေါ်ပြီး လိုက်ခဲ့တယ်...

ကုန်စုံဆိုင်ထဲမှာပဲ အ... သင့် တောက်ထွန်းနဲ့ နှင်းမေ... ကို တွေ့ရတယ်။ အလုံ ဝ... စားနေထိုင်ပုံက နှစ်ယော... စလုံး သူဌေးအတိုင်းပဲ။ ကျု... ကိုတွေ့တော့ တောက်ထွန်း... က-

'ဟာ အစ်ကို လာ...

www.burmeseclassic.com

www.burmeseclassic.com

ွေ့တာကြာပြီ' ဆိုပြီး ဖက်ကောင်း ကြိုတယ်။

'ကျွန်တော် ဘာကူညီးရမလဲ' မေးတယ်။

'ငါက အကူအညီ မလိုဘူးကွာ၊ သူတို့ဝင်းမြေဖို့ ချင်တယ်ဆိုလို့ မင်းဆီ ခေါ်တာပါ'

'ဒါဆို ရုံးခန်းထဲ သွားရအောင်'

ကျုပ်တို့ ရုံးခန်းထဲ ရောက်သွားတယ်။ ဆိုဖာ ဆက်တီမှာ ထိုင်ကြတယ်။ နှင်းမေက အအေးဘူးတွေ ာချပေးတယ်။

တောက်ထွန်းနဲ့ ဧည့်သည် ၃ ယောက် လုပ်ငန်း အကြောင်း ပြောကြတယ်။ သူတို့ ပြီးချင်တဲ့ရက်ကို တောက်ထွန်းက အာမခံတော့ အဆင်ပြေသွားတယ်။

မြေကားအတွက် ဈေး ကားကိုတော့ နှင်းမေက ၁င်ပြောတယ်။

'မလျှော့တော့ဘူး သား၊ ကားအများကြီး ယူမှာ လေ'လို့ ပြောတော့ နှင်းမေ က ပြုံးချိုစွာနဲ့…

'စိတ်ချပါရှင်၊ ပုံမှန် ဈေးပါ။ ကျွန်မတို့ ကုမ္ပဏီက အမည်ပျက် မခံပါဘူး။ ၅၃ လမ်း၊ ၅၄ လမ်းနဲ့ လမ်း ၃၀ ဘက်က ဝင်းဆယ်ဝင်း လောက်ကို ကျွန်မတို့ကုမ္ပဏီ ကပဲ မြေဖို့ပေးတာပါ။ မြေက လေးကျင်းအပြည့်ပါပါတယ်။ မပြည့်ဘူးထင်တဲ့ကား လက် ခံပါနဲ့'

နှင်းမေအပြောကြောင့် သဘောတူသွားကြတယ်။ ရန်ငွေပေးတော့ စာချုပ်ကြ တယ်။ စာချုပ် ၂ စောင်ကို နှင်းမေကပဲ ရေးတယ်။

'ဦးစိန် လက်မှတ်ထိုးပါ'

နှင်းမေက စာချုပ်နှစ်ခုကို ယူပြီး လက်မှတ်ထိုးခိုင်းတယ်။ ဧည့်သည်နှစ်ယောက်ကိုလည်း သက်သေနေရာမှာ လက်မှတ်ထိုးခိုင်းတယ်။ တောက်ထွန်းအလှည့် ကျတော့…

'ကျွန်တော်က လက်မှတ် မထိုးတတ်ဘူး။ လက်ဗွေပဲနှိပ်ပေးမယ်'

ဆိုပြီး လက်ဗွေနှိပ်ပေး လိုက်တယ်။ ဟိုဘက်က ဘာမှ မပြောဘူး။ နှင်းမေပေးတဲ့ စာချုပ်တစ်စောင်ကို ယူပြီး ကားနဲ့ ပြန်သွားကြတယ်။

ကျုပ်လည်း နေရာက ထလိုက်တယ်။ ဒီတော့ နှင်းမေက အနားရောက်လာ တယ်။

'ကိုကျောက်ဒိုး ပွဲခရယ်လို့ မဟုတ်ပါဘူး။ ကျေးဇူးရှိလို့ ပေးတာပါ' ဆိုပြီး ကျုပ်လက်ထဲ ငွေထုပ်ထည့်ပေး တယ်။

ငွေကိုင်ထားတဲ့လက်တွေ တုန်နေတယ်။

'ကျေး…ဇူး…ပါ…ပဲ…'

လို့ ပြောပြီး ကျုပ် အိမ်ထဲက အပြေးတစ်ပိုင်း ထွက် ခဲ့တယ်။

❑

၆။

လမ်းသွားရင်းနဲ့ ငွေထုပ်ကို ကြည့်မိတယ်။ တစ်ထောင်အုပ် ၅ အုပ်။ ကျုပ် ဝမ်းသာသွားတယ်။ အိမ်ရွေး နိုင်ပြီ။ အကြွေးလည်း ဖဲ့ဆပ် နိုင်ပြီ။ ကျန်တဲ့ငွေနဲ့ အိမ်ဆိုင် ပြန်ဖွင့်ရမယ်။ အရောင်း စာရေးမ မငှားတော့ဘူး။ လင်မယားနှစ်ယောက် တက် ညီလက်ညီနဲ့ စီးပွားရေးကို ဖိဖိစီးစီး လုပ်တော့မယ်။ တောက်ထွန်းတို့လို ကြီးပွား အောင်လုပ်မယ်။ စိတ်ကူးနဲ့ အိမ်ကို ပြန်ခဲ့တယ်။

အိမ်ရောက်တော့ အကြီး ၂ ကောင်က လမ်းမပေါ်မှာ လုံးထွေးသတ်ပုတ်နေကြ တယ်။

'ဟေ့ကောင်တွေ တော်ကြ၊ ငွေမိ…ငွေမိ…'

ကလေးတစ်ယောက်စီ ကို နားပန်တစ်ချက်စီ တီး လိုက်မှ ထွက်ပြေးသွားကြ တယ်။ ကလေးတွေ ဒီ လောက် ရန်ဖြစ်နေတာကို သူ့အမေ မကြားဘူးလား မသိ။ ဘယ်ရောက်နေတာလဲ။

'အီး အီး ဟီး ဟီး'

အိမ်ထဲက သစ်ပင်ပေါ်မှာ နို့ညှာကလေးက တက် ပြီး မဆင်းနိုင်လို့ အော်ငိုနေ တယ်။ ကျုပ် ပြေးပြီး ကလေးကို သစ်ပင်ပေါ်က ချရတယ်။

'ငွေမိ…ငွေမိ…'

ကျုပ် ငွေမိကို အော်ခေါ် ပြန်တယ်။ ဒီမိန်းမ ဘယ် သွားနေပါလိမ့်။

'အူဝဲ…အူဝဲ…'

အိမ်ရှေ့အဖီထဲရှိ ပုခက် ထဲက နို့စို့ကလေး အော်ငိုနေ လို့၊ ကျုပ် ပြေးပြီး ပွေ့ချီရ ပြန်တယ်။

'ငွေမိ…ငွေမိ…'

ကျုပ် အသံကုန် အော် ခေါ်တယ်။ ပြန်ထူးသံ မကြားရဘူး။ အော်မကြား၊ ခေါ်မကြားနဲ့ ဒီမိန်းမ ဘယ် သွားနေတယ် မသိဘူး။ အပြင်ကို ထွက်ရှာမယ်အလုပ် ကျုပ်မျက်လုံးက ပြတင်း ပေါက်ကနေ အိပ်ခန်းထဲက ခုတင်ဆီ ရောက်သွားတယ်။

အလို ကျုပ်တို့ ခုတင် ပေါ်မှာ ဝဝဖိုင့်ဖိုင့် မိန်းမကြီး တစ်ယောက် ပက်လက်လန် နေတယ်။ ယောက္ခမကြီး ဒေါ်စိန်ခင် ရောက်နေပုံရ တယ်။ သူ့အမေရောက်လို့ ငွေမိက အပြင်ကို တစ်ခုခု သွားဝယ်နေပုံရတယ်။

ယောက္ခမကြီးကို နှုတ် ဆက်ဖို့ အိပ်ခန်းထဲ ဝင်ခဲ့ တယ်။ ကျုပ်ဝင်လာတာ မသိဘူး။ အိပ်နေတာလည်း မဟုတ်ဘူး။ ပက်လက်လန် ပြီး အချစ်ဝတ္ထုတစ်အုပ်ကို ဖတ်နေတာ။

ကျုပ် အသံပြုမယ်လုပ် ပြီးမှ စိတ်ထဲ ဇဝေဇဝါဖြစ် လာလို့ မပြုတော့ဘူး။

အချစ်ဝတ္ထုကို သဲသဲမဲမဲ ဖတ်နေတဲ့ မျက်နှာကို သေချာ ကြည့်လိုက်တယ်။

ဟင်…။ ဘယ်ဘက် မေးစေ့ပေါ်မှာ စံပယ်တင်မှဲ့ ကြီးနဲ့။ ကျုပ် ရင်ဘတ်ကို ဖိလိုက်မိတယ်။ အလို ကျုပ် ရဲ့ မပဲ့မကျိုးသေးတဲ့ ကြွေရုပ် ကြီးပါလား။

ကျုပ်ခေါ်လိုက်ရင် စကားများရတော့မယ်။ ရန်ဖြစ်ရတော့မယ်။ စိတ်ညစ် ရတော့မယ်။ ဒါကြောင့် ကျုပ် ဘာသံမှ မပေးဘဲ အိမ်ခန်း ထဲ က ထွက်ခဲ့တယ်။

လမ်းပေါ်ရောက် တော့…

'တောက်ထွန်းရေ၊ မင်းက လူအ,မဟုတ်ဘူးကွ' လို့ စိတ်ထဲက အော်လိုက်မိ တယ်။ ■

မေတ္တာရည်၍
မင်းတင်ထွဏ်း



www.burmeseclassic.com

www.burmeseclassic.com

သက်ဦးမောင်

ဒီမြို့ ကျဉ်းကျဉ်းလေးမှာ ဒေါ်ဇီးကွက်ဆိုရင် ကလေးကအစ မေးလို့ရသည်။ ဘယ်ဒေါ်ဇီးကွက်လဲဟု ပြန်မေးရလောက်အောင် နာမည်တူတစ်ယောက်မျှ မရှိသလို သူကလည်း အိမ်ပေါက်စေ့နီးနီး ရောက်နေသည့်သူကိုး။ ဘာဖြစ်လို့ အိမ်ပေါက်စေ့ ရောက်တာလဲဆိုတော့ သူ့အလုပ်က နတ်ကတော် ဖြစ်နေသောကြောင့်ပင်။

ဒေါ်ဇီးကွက်က နတ်ကတော်ဆိုလို့ အစားရချောင်တယ်ဆိုပြီး ကမန်းကတန်း ထလုပ်သော ခါတော်မီနတ်ကတော်မဟုတ်ပါ။ မျိုးရိုးစဉ်ဆက်ကကို လက်ဆင့်ကမ်းလုပ်လာခဲ့တဲ့ အခြေအမြစ်ရှိရှိ နတ်ကတော်ဖြစ်သည်။ ဒေါ်ဇီးကွက်ရဲ့ အဘွားလက်ထက်ကတည်းက တစ်မြို့လုံးရဲ့ အသိအမှတ်ပြု နတ်ကတော်ကြီးဖြစ်၏။ နန်းရ ရွှေတိုက်စိုးစာရင်းဝင်အဆင့်ပေါ့။

စကားလုံးအရ အဆင့်က ကြီးကြီးကျယ်ကျယ်မို့ စွတ်ရွတ်အထင်မကြီးစေချင်ပါ။ ဒီရပ်ကွက်ထဲမှာ နတ်ကတော်လုပ်ရသည်မှာ သီးသန့် နတ်ကတော်အလုပ်တစ်ခုတည်းနဲ့ ရပ်တည်လို့ ရလောက်အောင် ရသည်မဟုတ်ပေ။ တစ်ဖက်က စီးပွားရေးတစ်ခု အမာခံထားပြီးမှ ခရီးသွားဟန်လွှဲရသည့် နာမည်ခံ နတ်ကတော်တစ်ယောက်သာဖြစ်၏။

နတ်ကတော်တွေ ချမ်းသာနေတဲ့ခေတ်ထဲမှာ ဘယ်လိုဖြစ်တာလဲလို့မေးရင် ရပ်ကွက် အနေအထားကြောင့်လို့ ပြောရပေမည်။ သူတို့နေသော ရပ်ကွက်ထဲမှာ စီးပွားရေးလုပ်ငန်းရှင် ကြီးကြီးမားမားဟူ၍ ပဲလှော်ဖိုလောက်သာရှိ၏။ စက်မှုလုပ်ငန်းကြီးဟု ပြချင်လျှင် တွင်ခုံတစ်ခုရှိ၏။ လက်မှုလုပ်ငန်းကြီးဆိုလျှင် သံသေတ္တာရိုက်သောအိမ်တစ်အိမ်ရှိ၏။ ကျန်သူအများစုကတော့ ရရစားစား လက်လုပ်လက်စားများပင်။ နတ်ကို အားကိုးတကြီး မစစေရန် အားကိုးပူဇော်ပသနေချိန်မရ။ အားကိုးစရာလည်း မလိုပေ။ သူတို့ဘဝတွေက ရိုးရှင်းသည်။ ဒီနေ့လုပ်လျှင် ဒီနေ့စားရမည်။ မနက်ဖြန်စာအတွက် မနက်ဖြန်လုပ်ရမည်။ မလုပ်သည့်နေ့ မစားရ။

ဒီတော့ နတ်ကိုအပူကပ်၍ မစ ခိုင်းနေချိန်လည်း မရကြပါ။ ဒီတော့ ဒီရပ်ကွက်ထဲမှာနေသော နတ်ကတော် ဘယ်လိုလုပ် ငွေရှာနိုင်ပါမည်နည်း။ ဝါဝင်လျှင် နတ်အုန်းဆွဲတာလောက်၊ နေမကောင်း... ထိုင်မသာဖြစ်လျှင် ရိုးရာ... တောင်းပန်ရုံလောက်သာ... သည်ကိုး။ ဒီတော့ နတ်ကတော်... ရမည့် ဝင်ငွေကို အားကိုး... မရ။ ကိုယ်ကိုယ်တိုင်က ... မဆိုတော့ အားကိုးရာ... အတူနေ သမီးနှင့်သမက်... မှီခိုနေရသည်။

ဒေါ်ဇီးကွက်၏သ... က ဈေးထဲတွင် ကုန်စိမ်း...





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ရောင်းသည်။ သမက်က ဈေးထဲတွင် အထမ်းသမား။ အလုပ်နာမည်က နတ်ကတော် ဆိုသော်လည်း တကယ်လုပ်ရသည်က မြေး သုံးဦးကို အောက်ခြေသိမ်းပြုစု၍ ထိန်းကျောင်းပေးရခြင်းပင်။

'သမီးတော်လေးကို စောင့်ရှောက်ကြကုန်သော ကိုယ်တော်ကြီး၊ ကိုယ်တော်လေး၊ အရှင်ကြီးအရှင်ကောင်းတို့ဘုရား...သမီးတော်လေးရဲ့စားဝတ်နေရေး ကျပ်တည်းကျဉ်းမြောင်းနေတာကို မျက်နှာလွှဲနေတော်မမူကြပါနဲ့ ဘုရား၊ ကြာတပေါင်း နှောင်းတန်ခူး ထူးခြားအောင် မစစောင့်ရှောက်တော်မူကြပါဘုရား'

'အလတ်ကောင်အခြေအနေ ဘယ်လိုလဲ အမေ၊ ပူတုန်းပဲလား၊ ဈေးကလည်း မထွက်လို့ မဖြစ်ဘူး။ အမေ့ဟာ အမေသာ ကြည့်လုပ်လိုက်ပေတော့။ သမီးပြန်လာမှပဲ ဆေးဝယ်ခဲ့တော့မယ်'

ဒေါ်ဇီးကွက်၏ ဆုတောင်းသံနောက်မှာ သမီးဖြစ်သူ၏ အကြောင်းကြားသံက တစ်ထပ်တည်း ကပ်ပါလာခဲ့၏။ ဒေါ်ဇီးကွက်တစ်ကိုယ်လုံး စိတ်ရော၊ လူပါညစ်ညျူးပူလောင်သွားရလေသည်။

'အေးပါအေ၊ သွေးလွန်တုပ်ကွေးတွေ တော်တော်များများ ဖြစ်နေတာဆိုတော့ သူလည်း သွေးလွန်တုပ်ကွေး ဖြစ်မှာပေါ့။ ညနေ ညည်းပြန်လာမှ ဆေးခန်းသွားကြတာပေါ့အေ'

ဒေါ်ဇီးကွက် အသက်အောင့်ပြောပြီး သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။ ယခု ဖျားနေသော

အရှင်ကြီး
အရှင်ကောင်းတို့
ဘုရား...
သမီးတော်လေးရဲ့
စားဝတ်နေရေး
ကျပ်တည်း
ကျဉ်းမြောင်းနေတာကို
မျက်နှာလွှဲနေတော်
မမူကြပါနဲ့
ဘုရား
ကြာတပေါင်း
နှောင်းတန်ခူး
ထူးခြားအောင်
မစ
စောင့်ရှောက်တော်
မူကြပါ
ဘုရား

သက်အောင်ဆိုသည်က ဒေါ်ဇီးကွက်၏ အချစ်ဆုံးမြေး။ ပုစုခရု ၆ ယောက်ထဲတွင် တီတီတာတာနှင့် ဒေါ်ဇီးကွက်၏အသည်းနှလုံးကို ဆုပ်ကိုင်လှုပ်ယမ်းနိုင်ဆုံးသော မြေးအလတ်ဖြစ်၏။ ဖြစ်မယ့်ဖြစ်တော့လည်း ဝါတွင်းကြီး။ ဘယ်အိမ်ကမှ နတ်မတင်သောကာလ။ ကိုယ်ပေါ်တွင် အနီစက်ကလေးများပေါ်၍ နွေးတေးတေး၊ မှိန်းတိန်းတိန်း ဖြစ်နေသည်ကို ဒေါ်ဇီးကွက်သိသည်။ သို့သော် ကွမ်းယာဆိုင်က ဆေးတစ်လုံးဖိုးစာပင် လက်ထဲမှာ မရှိသောကြောင့် ကြံရာမရ ဘုတ်ထိုင်ထိုင်နေခဲ့ရခြင်းဖြစ်၏။ ဈေးရောင်းရာမှ ပြန်လာသော သမီးကို ပြောမည် လုပ်တော့ အရင်းရအောင် အနိုင်နိုင်ရောင်းလာရ၍ ဆန်ဖိုးပင် မပြည့်ကြောင်း အရင်ဆုံးကြားလိုက်ရသဖြင့် ဘာမျှမတတ်နိုင်။ ကလေးက မှိန်း၍သာနေသောကြောင့် ပို၍ စိတ်ပူရသည်။

ဘာပဲဖြစ်ဖြစ် ဆေးတစ်မျိုးမျိုး ဝယ်တိုက်လိုက်လျှင် ချက်ချင်းသက်သာသွားမည်ဟု ထင်နေသော ဒေါ်ဇီးကွက်တစ်ယောက် ငါးကျပ်တန်တစ်ရွက်မျှပင် မကိုင်နိုင်သော နတ်ကတော်ဘဝကို ပထမဦးဆုံးအကြိမ် စိတ်နာမိလေတော့သည်။

❑

'ရော့ အမေ၊ ဒီဆေးကို တိုက်လိုက်။ ကုလားလေးဆေးတဲ့။ တော်တော်ကောင်းတယ်လို့ ပြောတာပဲအမေ'

ဒေါ်ဇီးကွက် အားရဝမ်းသာပင် ဆေးကိုယူ၍ မြေးအနှစ်လေးကို ကမန်းကတန်းတိုက်လိုက်၏။ သို့သော် မည်သို့မျှ မထူးခြားပါ။ ထိုနေ့ညတစ်ညလုံး ဖျားလိုက်သည်မှာ ငါးလူးငါးပုံ။ တစ်အိမ်လုံး မအိပ်နိုင်လောက်အောင်ပင် အခြေအနေက ဆိုးဝါးလွန်းလှပေ၏။

'မနက်ခင်းကျရင် ဆေးခန်းသွားမှ ဖြစ်မယ် သမီး၊ အဖျားတာရှည်သွားရင် မကောင်းဘူး'

ဒေါ်ဇီးကွက် စိုးရိမ်ပူပန်စွာ ပြောသောအခါ သမီးဖြစ်သူက ငိုတော့မလို မျက်နှာဖြစ်သွား၏။

'သမီးပြန်လာမှ သွားပါလားအမေ၊ ဆေးခန်းသွားလိုက်ရင် အရင်းလေးကုန်သွားမှာ၊ အဲဒါမှ ထမင်းမချက်နိုင်လို့ ကျန်တဲ့ကလေးတွေအတွက် တစ်မျိုးပူရဦးမယ်။ သမီးပြန်လာရင် ဒေါ်ခင်ထွေးဆီက နေ့ပြန်တိုးနဲ့ဖြစ်ဖြစ် ဆွဲခဲ့မယ်အမေရယ် နော်'

ငွေရှာနေသော သမီးဖြစ်သူ၏ အစီအစဉ်ကို ဒေါ်ဇီးကွက် စောဒကမတက်ရဲပါ။ သက်ပြင်းချ၍ ခေါင်းသာ ညိတ်ပြလိုက်ရတော့သည်။ သူ တတ်နိုင်သည့် အလုပ်ကတော့ နတ်ရုပ်တွေနှင့် အလုပ်ရှုပ်ခြင်းပင်။ ရှိသမျှ နတ်ပုံတော်တို့ကို ဦးတိုက် ဆုတောင်းပစ်လိုက်မိလေတော့သည်။ နောက်ထပ် တတ်နိုင်သည်က ကွမ်းရွက်များကို အများကြီး ခြွေ၍ မြေးငယ်၏ တစ်ကိုယ်လုံးကို လိမ်းချပေးနေမိသည်။ ကွမ်းရွက်ကြောင့်လား၊ နတ်မ[illegible]လားတော့မသိ မြေးငယ်လေး ထူထူထောင်ထောင် ရွှင်ရွှင်လန်းလန်း ဖြစ်လာသဖြင့် ဒေါ်ဇီးကွက် အူထဲက လိုက်လိုက်လိုက်လိုက်နှင့်နေအောင် ဝမ်းသာနေမိလေသည်။

'ဒေါ်ကြီးဇီးကွက်၊ ဒေါ်ကြီးဇီးကွက်ရှိလား မသိဘူး'

ခြံပေါက်ဝမှ ခေါ်သံကြောင့် မြေးငယ်နားမှ ကမန်းကတန်း ထရပ်ရင်း 'ရှိတယ်ဟေ့' အသံပြုလိုက်ရသည်။ အိမ်ပေါက်ဝမှ လှမ်းကြည့်လိုက်တော့ ပဲလှော်ဖိုပိုင်ရှင် လင်မယားမျက်နှာမသာမယာနှင့်တွေ့လိုက်ရသည်။ ဒေါ်ဇီးကွက် ပျော်သွား၏။ [illegible] မျက်နှာမသာမယာနှင့်လာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

> နတ်ပုံတော်တွေ ရောင်းစမ်းပါရလို့ ပြောထားသော တက်သစ်စ မိန်းမလျာဆီမှာ နတ်ပုံတော် အချို့ကို ရောင်း၍ မနက်ဖြန်တော့ မြေးလေးကို ဆေးခန်းပြ ဖြစ်အောင် ပြမှ ဖြစ်ပေတော့မည်

ဆိုကတည်းက အပျင်းပြေ နတ်မေးရန် မဟုတ်တော့။ ကိစ္စကြီးငယ်တစ်ခု ကြုံတွေ့၍ လာကြခြင်းဖြစ်ကြောင်း သမ္ဘာက သိလိုက်ပြီ။

'ဩော် လှဝင်းကြည်တို့ ပါလား၊ လာဟေ့။ ဘာကိစ္စများ အရေးတကြီးပေါ်လို့လဲ'

လှဝင်းကြည်က မျက်နှာကို အစွမ်းကုန် ညှိုးထားရင်းက…

'ထွေထွေထူးထူးတော့တော့ မဟုတ်ပါဘူး ဒေါ်ကြီးဒီးကွက်ရယ်။ သားလေးနေမကောင်းလို့ပါ။ အဲဒါ ရီးရာလေးဘာလေး နည်းနည်းပါးပါး တောင်းပန်နိုင်ချင်လို့ပါ'

'ဆရာဝန် သွားမပြဘူးလား'ဟု လွှတ်ခနဲ မေးမိမလိုဖြစ်ပြီးမှ ပါးစပ်ကို မနည်းဘရိတ်အုပ်လိုက်ရသည်။ စိတ်ထဲတွင်တော့ 'တော်တော် အချိုးမပြေတဲ့ ဟာတွေပါလား။ ဝမ်းရေးကြောင့်သာ လုပ်စားနေရတာ၊ တော်တော်အကုသိုလ်များတဲ့ အလုပ်ပဲ။ ကြည့်စမ်းပါဦး၊ ကလေးနေမကောင်းတာကို ဆရာဝန်ဆီမသွားဘဲနဲ့ နတ်ကတော်ဆီရောက်လာသတဲ့'

ဒေါ်ဒီးကွက်စိတ်ထဲမှ 'တော်တော်ရယ်စရာကောင်းတဲ့သူတွေပဲ'ဟု ပြောမိလိုက်သော်လည်း ပါးစပ်ကတော့ မထွက်ဝံ့။ ပိုက်ဆံပေးမည့်သူတွေကိုး။ တကယ်တမ်းကျတော့…

'ငါ့မြေးလေးလည်း နေမကောင်းလို့ဟေ့။ ဆေးခန်းပြဖို့ ပိုက်ဆံမရှိလို့၊ ပိုက်ဆံသာရှိလို့ကတော့ ဘယ်နတ်ဆီမှာမှ ဆုတောင်းမနေဘူး။ ဆေးခန်းကို အရင်ဆုံးပြေးပစ်လိုက်မှာ'ဟု ပြောပစ်လိုက်ချင်သည်မှာ ပါးစပ်တွေပင်ယားနေ၏။

ကျန်းမာရေးအတွက် နတ်ကိုဆုတောင်းကြကြေးဆိုလျှင် ဒေါ်ဒီးကွက်အိမ်မှာ ဘယ်သူမျှ အဖျားအနာရှိနိုင်မည်မဟုတ်တော့ချေ။ ဆုတောင်းရမည့် နတ်များက အင်အားတောင့်စွာ ရှိနေကြသည် မဟုတ်လား။ သို့သော် ဒါက အသက်မွေးဝမ်းကျောင်းအလုပ်ဖြစ်သည်။ စိတ်ထဲရှိတိုင်း ပြော၍မဖြစ်သေး။ ဒီတော့ အလိုက်အထိုက်ပင် ပြောရပေမည်။

'အေးပါအေ၊ စိတ်ချစမ်းပါ။ ကိုယ်တော်တွေ အုံလိုက်ကျင်းလိုက် မစ အောင်ငါ တိုင်တည်ပေးပါ့မယ်။ ဟုတ်ပြီလား။ နတ်နဲ့နဂါး မလှည့်စားနဲ့ ဆိုတဲ့စကားလည်း ရှိသားပဲ။ ညည်းသားလေး နေကောင်းသွားရင် ဘာဆက်မယ်ဆိုတာသာ ကတိပေး။ ငါကိုယ်တိုင် အားလုံး အဆင်ပြေသွားအောင် ဆုတောင်းပေးလိုက်မယ်။ ဟုတ်ပြီလား'

'အားကိုးပါတယ် ဒေါ်ဒီးကွက်ရယ်။ သားလေးက ပါရဂူဆီမှာပြတာကို အဖျားတာရှည်နေလို့ ကြံရမရ ဒေါ်ဒီးကွက်ဆီ ထွက်လာတာပါ။ စိတ်ချ ဒေါ်ကြီး သားလေးရှင်းရှင်းပျောက်တာနဲ့ ပဝါတစ်ပိုင်၊ ငွေစင်ကတစ်သောင်း မပျက်မကွက် လာဆက်ပါ့မယ်။ ကတိမပျက်စေရပါဘူး'

'ကောင်းပြီလေ၊ ကတိပျက်တာ၊ မပျက်တာကတော့ ညည်းတို့အပိုင်းပေါ့။ ငါကတော့ အဲဒီအတိုင်း ကတိပေးပြီး တိုင်တည်လိုက်မှာပဲ'

အဟိန်းအဟောက်၊ အခြိမ်းအခြောက်များဖြင့် နတ်နှစ်ပါးခန့်ဝင်ပေးလိုက်သည်။ စိတ်ဆင်းရဲစရာ မရှိအောင် အကောင်းတွေချည်း ဟောပေးလိုက်သဖြင့် အားရကျေနပ်စွာ ငွေနှစ်ထောင် ထုတ်ပေးပြီး ပြန်သွားကြလေသည်။ သူတို့ပြန်သွားသည်နှင့် တစ်ပြိုင်နက် ငွေနှစ်ထောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဒေါ်ဒီးကွက် တစ်ယောက် မြေးနားလေးသို့ ပြေးတော့သည်။

'မြေးလေး ထ ထ၊ ဆရာဝန်ဆီ သွားကြရအောင်။ နင့်အမေကို စောင့်စရာ မလိုတော့ဘူးလေ၊ နတ်မလိုက်ပြီ မြေးလေးရဲ့'

❑

'ဆရာဝန်က ဘာပြောလဲ အမေ'

သမီးဖြစ်သူက ညစာစားရင်း မေး၏။

အင်းလေ၊ သူလည်း မိခင်အရင်းပဲ၊ ပူရှာပေမပေါ့။ ဘယ်လိုမှကို လှည့်မကြည့်နိုင်လို့သာ အဘွားနှင့် လွှတ်ထားရတာ။ ဘယ်မပူဘဲ ရှိပါ့မလဲ။

'အခြေအနေက ချက်ချင်းတော့ ဘာရယ်လို့ မပြောနိုင်သေးဘူး။ ဒီနေ့ပေးလိုက်တဲ့ ဆေးတွေကိုလည်း မပျက်မကွက်တိုက်။ နောက်ထပ် စိတ်ချရတဲ့ အခြေအနေထိလည်း နေ့တိုင်းလာပြရမယ်တဲ့'

'ဟင်…'

သမီးဖြစ်သူက 'ဟင်' တစ်လုံးတည်း ရေရွတ်လိုက်သော်လည်း ဒေါ်ဒီးကွက်ကတော့ စကားလုံးပေါင်းမြောက်မြားစွာကို အဓိပ္ပာယ်ဖော်ပစ်လိုက်နိုင်ခဲ့သည်။ ဟုတ်သည်လေ။ တစ်နေ့လျှင်သုံးထောင် နေ့တိုင်းကုန်ရမည့်ကိစ္စသည် သမီးဖြစ်သူအတွက် သွေးပျက်ဖွယ်ကိစ္စကြီး မဟုတ်လား။ ဆန်ဖိုးပြည့်အောင်ပင် မနည်းရှာဖွေနေရသော သမီးအနေနှင့် ချုံးချုံးကျ စိတ်ညစ်ညူးသွားပေလိမ့်မည်။ သမက်လူဖျင်းက ငွေသာ ကောင်းကောင်းမရှာနိုင်သော်လည်း နေ့စဉ်မူးလာရန်တော့ ဘယ်တော့မှ မပျက်ကွက်တတ်ပါ။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အားကိုးရမည့် စာရင်းထဲကို သားအမိနှစ်ယောက်စလုံး စိတ်ကူးထဲကိုပင် မထည့်မိကြခြင်းဖြစ်၏။

'အဲဒါဆို ဘယ်လိုလုပ်ကြမလဲ အမေ။ ဟိုကောင်ကိုတော့ ခေါင်းထဲထည့်မနေနဲ့။ သူက မိသားစုအရေးကို အိပ်မက်တောင် ထည့်မက်တတ်တဲ့သူ မဟုတ်ဘူး။ အမေနဲ့ သမီးနဲ့ပဲ ကြံရမှာ'

'အမေကလည်း ဝါတွင်းကြီး ဘယ်ကရစရာရှိမှာလဲသမီးရယ်'

အားမတန် မာန်လျှော့ရသော ဒေါ်ဇီးကွက်၏ စကားအဆုံးတွင် သမီးဖြစ်သူက သက်ပြင်းရှည်ကြီးကို မသက်မသာ ဆွဲချလိုက်ရင်း...

'ပူနေလို့လည်း ဘာမှဖြစ်လာမှာမှ မဟုတ်ဘဲအမေရယ်။ အခြေအနေကြည့်ပြီး ကြံသလို ရင်ဆိုင်ကြရတော့မှာပေါ့'

❑

မြေးလေးကို အရိပ်တကြည့်ကြည့်နှင့် စောင့်ကြည့်နေရသော ဒေါ်ဇီးကွက် ရင်ထဲမှာတော့ စိုးရိမ်စိတ်တွေ ဝေစည်နေ၏။ ကြံသလို ကြည့်လုပ်ကြတာပေါ့ အမေရယ်ဟုဆိုသော သမီးကလည်း တကယ်တမ်းကျတော့ ဘယ်လိုမှ မလှည့်သာပါ။ ကိုယ်ပူလိုက်၊ ကျလိုက်နှင့် ငြိမ်ငြိမ်လေး မှိန်းနေတတ်သော မြေးလေးအတွက် အတွင်ကျယ်ဆုံးဆေးကတော့ ကွမ်းရွက်ရည်ပင်ဖြစ်၏။ ဆရာဝန်က ထပ်လာပြပါဆိုသော်လည်း နောက်ထပ်မပြနိုင်တော့ပါ။ ကိုယ့်ဝင်ငွေမရှိသော ဒေါ်ဇီးကွက် ဘာကိုမှ ဦးဆောင်မပြောရ။ ထို့ကြောင့် တတ်နိုင်သမျှ ပြုစုရင်း သုံးရက်ကြာသွား၏။ မြေးလေး၏အဖျားက မပျောက်ပါ။

ဆရာဝန်
အိမ်ရောက်တော့
သားအမိ
နှစ်ယောက်
တစ်လှည့်စီ
ရပ်ကွက်
ပျက်မတတ်
အော်နိုးကြသည်
တစ်ရပ်ကွက်လုံး
နိုးပါး
နိုးကုန်ကြ
လေသည်
ဆရာဝန်အိမ်
ကတော့
တုတ်တုတ်မျှပင်
မလှုပ်ပါ

ဒေါ်ဇီးကွက် ဆုံးဖြတ်ချက် ချလိုက်သည်။

နတ်ပုံတော်တွေ ရောင်းစမ်းပါလို့ ပြောထားသော တက်သစ်စ မိန်းမလျာဆီမှာ နတ်ပုံတော်အချို့ကို ရောင်း၍ မနက်ဖြန်တော့ မြေးလေးကို ဆေးခန်းပြဖြစ်အောင် ပြမှဖြစ်ပေတော့မည်။ ဟိန်းဟောက်၊ ခြိမ်းခြောက်၊ မြူဆွယ်၊ဖြားယောင်း၍ စားရသော နတ်ကတော်အလုပ်ကိုလည်း စိတ်ကုန်လှပြီ။

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချပြီးချိန်တွင် စိတ်ထဲ၌ အနည်းငယ်ပေါ့သလိုတော့ ခံစားလိုက်ရသည်။ ဆုံးဖြတ်ချက် ချပြီးသည်နှင့် တစ်ပြိုင်နက် မိုးမြန်မြန်လင်းရန် ဆုတောင်းနေမိပြန်တော့သည်။

❑

မိုးလင်းသည်နှင့် နတ်ကတော် မိန်းမလျာကလေးကို ရှာပုံတော်ဖွင့်ရလေသည်။ ယခင်က မျက်စိနောက်လောက်အောင် ဖမ်းခတ်နေတတ်သော ဆတ်စလူးမိန်းမလျာက ဒီနေ့ကျတော့လည်း ရှာလို့ပင် မတွေ့ပါ။ သူ့အိမ်အထိ လိုက်သွားတော့...

'နတ်ပွဲသွားတယ်လေ၊ ညနေကျမှ ပြန်လာမှာ'ဟူသောအဖြေကိုသာ ရခဲ့သည်။

'လာရင် ပြောလိုက်စမ်းပါ။ ဒေါ်ဇီးကွက် လာသွားတယ်ဆိုရင် ဘာကိစ္စဆိုတာ သူသိပါတယ်။ ဪ အရေးကြီးတယ်။ ရောက်ရောက်ချင်း လာခဲ့ပါဆိုတာလည်း ထည့်ပြောလိုက်ဦးနော်'

ဟု မှာခဲ့ပြီး ခြေကုန်လက်ပန်းကျကာ ပြန်လာခဲ့ရသည်။ အိမ်ရောက်တော့ မြေးအကြီးဆုံးက...

'ညီလေးလေ ကော်ဖီတွေလို ညိုညိုအရည်တွေ အန်သေးတယ်အဘွား'ဟု စကားလုံးနှင့် ရင်ဝကို ဆီးကန်လေတော့သည်။ ကော်ဖီရောင်မကလို့ စတော်ဘယ်ရီရောင်တွေ၊ ဆီးရောင်တွေပဲ အန်အန် ဘာမျှ မတတ်နိုင်ပါ။ ဒီအတိုင်းသာ ထိုင်ကြည့်နေရပေတော့မည်။

မှောင်ခါနီးလောက်မှာ သမီး ပြန်လာသည်။ ခေါင်းပေါ်က ဈေးတောင်းကို ကြည့်ခြင်းအားဖြင့် ထုံးအတိုင်း အခြေအနေမကောင်းလှကြောင်း မေးစရာမလိုအောင် သိလိုက်ရ၏။ တော်တော်မှောင်တော့ တွေ့ချင်လွန်းနေသော စကြဝဠာမင်း နတ်ကတော်မိန်းမလျာ ရောက်လာလေတော့သည်။ အတန်ကြာအောင် ဈေးစကားပြောပြီး ပုံတော်သုံးခု ဈေးပြတ်သွား၏။ နတ်ကတော်လေးက စရန်တစ်သောင်းကို ဒေါ်ဇီးကွက် လက်ထဲသို့ ထည့်ပြီး ဖင်ကောက် ရင်ကော့၍ ပြန်သွားချိန်တွင် တော်တော် မှောင်နေပြီ။ ဆေးခန်းကို ဘယ်လိုမှ မမီနိုင်တော့ပါ။ ဒေါ်ဇီးကွက်စိတ်ထဲတွင် ပိုက်ဆံတစ်သောင်းကို လက်ထဲမှာတင် မချတမ်း ဆုပ်ကိုင်ထားရင်း ပီတိတွေ တလိပ်လိပ်တက်၍နေလေသည်။ မြေးလေးနေကောင်းသည့်အထိ ပြတ်ပြတ်သားသား တင်းတင်းရင်းရင်း ဆေးကုနိုင်တော့မည်မဟုတ်ပါလား။

❑

ညဉ့်နက်လာသည်နှင့်အမျှ မြေးလေး၏ အခြေအနေက တဖြည်းဖြည်း ပြောင်းလဲပျက်ယွင်းလာခဲ့၏။ ညိုညိုအရည်များ အအန်စိပ်လာခဲ့သည်။ ကိုယ်ပူချိန်တို့များပြီး ကယောင်ကတမ်းတွေ ပြောလာခဲ့၏။

'သမီး ဆရာဝန်ဆီ သွားနှိုးမှဖြစ်မယ်ထင်တယ်။ အမေ့စိတ်ထဲမှာ ထင့်လာတယ်။ မြေးလေး တော်တော် ခံစားနေရပုံပေါ်တယ်။ မနက်

www.burmeseclassic.com

www.burmeseclassic.com

အထိ စောင့်နေလို့ မဖြစ်ဘူး'

သားအမိနှစ်ယောက် မြေးငယ်ကို မနိုင်မနင်း ပွေ့ရင်း ဆရာဝန်အိမ်သို့ ပြေးလာခဲ့သည်။ ကလေးအဖေက ဘာမှ မသိလိုက်။ အမူးလွန်ပြီး အိပ်ပျော်နေသည်မှာ လူသတ်ခံ ထားသလားပင် အောက်မေ့ရ၏။ ဆရာဝန်အိမ်ရောက်တော့ သားအမိနှစ်ယောက် တစ်လှည့်စီ ရပ်ကွက်ပျက်မတတ် အော်နိုးကြသည်။ တစ်ရပ်ကွက်လုံးနီးပါး နိုးကုန်ကြလေသည်။ ဆရာဝန်အိမ်ကတော့ တုတ်တုတ်မျှပင် မလှုပ်ပါ။ မြေးလေးကတော့ အဘွားဖြစ်သူ၏ လက်ထဲတွင် အန်လိုက်၊ ရှန်းလိုက်၊ကန်လိုက်နှင့် နောက်ဆုံးတွင် မျက်ကြောလေးစင်း၍ မလှုပ်နိုင်တော့ပါ။ မိုးကလည်း တဖြည်းဖြည်း လင်းလုနီးအချိန်တွင်တော့…

'သမီး မြေးလေးကို ကြည့်ပါဦးကွယ်'ဟူသော ဒေါ်ဇီးကွက်၏ ငိုသံပါကြီး ထွက်ပေါ်လာခဲ့လေတော့သည်။

❑

မြေးလေးကို သင်္ဂြိုဟ်ပြီးချိန်မှစ၍ ဒေါ်ဇီးကွက်တစ်ယောက် ဘယ်သူ့ကိုမျှ စကားမပြောချင်သောကြောင့် အိမ်ပေါက်ကို ကျောပေး၍ ဆေးလိပ်ထိုင်ဖွာနေမိ၏။ ကလေးအမေကတော့ နားနား၍ မကြာမကြာ ငိုနေလေတော့သည်။ ဒေါ်ဇီးကွက် မငိုပါ။ ဆေးမကုနိုင်၍ မြေးကို အဆုံးခံလိုက်ရသော ဘဝကို နာကြည်းမှုက ကြေကွဲမှုကို ဖုံးလွှမ်းပြီး ဝမ်းနည်းရမည့်အစား ဘာကိုမှန်းမသိ ဒေါသတွေသာ ဖြစ်နေမိတော့သည်။

ငိုလိုက်၊ နားလိုက် လုပ်နေသော သမီးဖြစ်သူကိုပင် နှစ်သိမ့်မပေးချင်တော့လောက်အောင် အားလုံးကို ဥပေက္ခာပြုထားလိုက်မိ၏။

ထိုအချိန်မှာပင်…

'ဒေါ်ကြီးဇီးကွက်၊ ဒေါ်ကြီးဇီးကွက် ရှိလား'

အသံကြား၍ ခြံပေါက်ကို လှမ်းကြည့်လိုက်တော့…

'ဟင် လှ…ဝင်း…ကြည်'

'ဟဲ့ သမီး ခင်စောမူ၊ ငိုတာကို ချက်ချင်းရပ်ပြီး ညည်းမျက်ရည်တွေကို အမြန်ဆုံး သုတ်ပစ်လိုက်စမ်း။ ညည့်သည်တွေ ပြန်သွားမှဆက်ငို၊ သွား သွား။ မျက်နှာသွားသစ်ပြီး ပြုံးပြုံးရွှင်ရွှင် ခဏလောက်နေလိုက်စမ်း'

'ဘာ ဘာဖြစ်လို့လဲ အမေ'

ငိုနေသောသမီး မျက်ရည်တို့ တွန့်ခနဲဖြစ်သွားပြီး အလန့်တကြားပြန်မေးသည်။

'ဘာဖြစ်ရမှာလဲ သမီးရဲ့၊ ခုလာနေတဲ့ လှဝင်းကြည်က သူ့သားလေး ကျန်းမာရေးကောင်းသွားရင် နတ်တွေဆီမှာ အမေတိုင်တည်ပေးလိုက်လို့ ခု သူ့ကတိအတိုင်း ပဝါတစ်ပိုင်နဲ့ ငွေတစ်သောင်း လာဆက်တာနေမှာ။ သူ့သားနေကောင်းဖို့ အမေက ဆုတောင်းပေးနိုင်ပြီးတော့ ကိုယ့်ရဲ့မြေးကျတော့ သေသွားတယ်ဆိုရင် လူကြားလို့ ဘယ်ကောင်းပါ့မလဲ သမီးရယ်။ ဒါကြောင့် သူပြန်သွားမှ ဆက်ငိုတော့။ နောက်ကို နတ်ကတော် မလုပ်စားတော့ဘူးဆိုပေမဲ့ ခုလာဆက်တဲ့ ပဝါတစ်ပိုင်နဲ့ ငွေတစ်သောင်းကတော့ မြေးလေးရဲ့ သင်္ဂြိုဟ်စရိတ်ရအောင် ယူထားလိုက်ရမှာပေါ့ သမီးရယ်'

■

**သက်ဦးမောင်**


# aperture

Advertising photo studio / Digital photo lab & framing

◈ စီးပွားရေးကြော်ငြာဓါတ်ပုံများ ◈ ကျောက်မျက်ရတနာများ ◈ လူသုံးကုန်ပစ္စည်းများ ◈ အဆောက်အဦးများ ◈ ဟိုတယ်ကြီးများ၏အတွင်းအပြင်အလှဆင်ပွဲစည်းမှု ဓါတ်ပုံများ ◈ မော်ဒယ်ဓါတ်ပုံများ ◈ ပက်ရှင်အလှဓါတ်ပုံများ ◈ မင်္ဂလာဆောင်နှင့်ညှင်ကြိုဓါတ်ပုံနှင့်မင်္ဂလာညှင်ခံပွဲဓါတ်ပုံများ ◈ အခြားသောအမှတ်တရဓါတ်ပုံများ ◈ ဓါတ်ပုံ ***Album*** ပြုလုပ်ပေးခြင်း ◈ **4x6 to 12x18 Size** အထိဓါတ်ပုံကူးပေးခြင်း ◈ ***Hand Phone & Tablets*** အမျိုးမျိုးမှ ဓါတ်ပုံကူးပေးခြင်းနှင့် ကော်ဖီခွက်ပေါ်တွင် အမှတ်တရပုံများ ရိုက်နှိပ်ပေးခြင်း ◈ ခေတ်မှီလှပသေသပ်သော ရေစိုခံဓါတ်ပုံဘောင်အမျိုးမျိုးကို လူကြီးမင်းတို့ စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပေးနေပါသည်။

**မိသားစု အမှတ်တရ ဓါတ်ပုံများ၊ ကလေးဓါတ်ပုံများ၊**

**သက်ကြီးရွယ်အိုဘိုးဖွားဓါတ်ပုံများကို**

**အိမ်တိုင်ရာရောက် ရိုက်ကူးပေးပါသည်။**

No.169 (C.1),36th Street (Middle), Kyauktada Tsp,Yangon.
09-73024327, 09-73024328,09-73041734, 09-73041735. Ext:112,126




www.burmeseclassic.com

www.burmeseclassic.com



# ကတ်တာစမှာ ကတ်ချုံးခဲ့ပေမဲ့ ... မြဲ... ထာဝရတော့ဖြင့် မမေ့နိုင်... လွှမ်းပေါင်ပေါင်


နိုကီယာဖုန်းလေး
အော်ရီဂျင်နယ်
ရင်းတုန်းတီးလုံးသံလေးက
အိပ်ရာဘေးမှ သိမ်မွေ့စွာ
မြည်တမ်းလိုက်ပေမဲ့
တဆတ်ဆတ်
တုန်ယင်နေသော
နှလုံးခုန်သံက
ပြန်လည်တုံ့ပြန်
ပြောဆိုဖို့တော့ ခွင့်မပြု။
ဖုန်း၏စကရင်ပေါ်မှာ
ပေါ်ထွက်လာသည့် နံပါတ်

တစ်ခုက သူ့အာရုံတွေကို မွှန်းကျပ်ဝေဝါးနေစေသည်။ ရင်ဘတ်တစ်ခုလုံးလည်း တစ်စုံတစ်ခုနှင့် စည်းနှောင်ခံလိုက်ရသလို တင်းကျပ်စွာ ဆို့နစ်နေ၏။ သူမ ဘာတွေပြောမလို့လဲ၊ ဘယ်လိုများ ခံစားသွားရလို့လဲ။ ခုအကြိမ်နှင့်ဆို သုံးကြိမ်မြောက်ရှိပြီ။ ရုတ်တရက်ချက်ချင်းတော့ သူ မကိုင်ရဲပါ။ သူ့ကို ဘယ်လိုများ အော်ငေါက်ဟစ်ထုတ် ပစ်လိုက်မလဲ။ သူမ၏ ဂုဏ်အရှိန်အဝါ၊ အသက်အရွယ်၊ အောင်မြင်ကျော်ကြားမှုတွေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကို စော်ကားလိုက်သလိုများ ဖြစ်သွားစေသလား။

ဖွန်၊ ဇူလိုင်၏ မိုးစက်ကလေးတွေကလည်း သူ့အိပ်ခန်းအတွင်းသို့ ပြတင်းပေါက်မှတစ်ဆင့် တစ်ချက်တစ်ချက် ဖွေ့ဖွေ့ဝဲဝဲ ဝင်ရောက်လာနေသည်။ သူ အိပ်ရာထက်က မထမိသေး။ မိုးရနံ့ခပ်သင်းသင်းလေးက ဖြည်းဖြည်းညင်းညင်းပင်နှာဝတစ်လျှောက်ဝင်ရောက်လာ၏။ ဒီနေ့က သူ့ အလုပ်အားရက်။ မိုးရာသီနေ့တစ်နေ့၏ အားလပ်ရက်တစ်ရက်မှာ တကယ်ဆို သူ့စိတ်တွေ ပေါ့ပါးလွတ်လပ် နေသင့်၏။ ခုတော့ဖြင့် ထိုင်းမှိုင်းလေးလို့ နေပါလား။ အပြစ်သားတစ်ယောက်လိုပင် စိုးရွံ့ထိတ်လန့်မှု အတွေးစိတ်တို့က သူ့ခန္ဓာကိုယ်အတွင်းသို့ ဟိုမှဒီမှ တိုးဝင်နေသလို ခံစားရ၏။

အိပ်ရာထက်မှာ ဟိုဘက်လိမ့် ဒီဘက်လိမ့်နှင့် အချိန်မည်မျှကြာသွားသည် မသိ၊ စူးရှသောနေရောင်ခြည်အလင်းတန်းတစ်စ သူ့ခန္ဓာအား တို့ထိမိလာချိန်မှ ဖျတ်ခနဲ အိပ်ရာထက်က ထလိုက်ရသည်။

ကမန်းကတန်းရေချိုးခန်းသို့ အဝင် ဖြန်းခနဲ ထွက်လာသည့် အစ်မငယ်နှင့် တိုးတိုက်မိသလိုဖြစ်သွားရသည်။

'ဘယ်လိုလဲ ကိုယ်တော်ချော၊ တော်တော်မှအိပ်ရေးဝ,ခဲ့ပါရဲ့လား၊ ကျုပ်မှာဖြင့် စောစောစီးစီး လူရောစိတ်တွေပါ မောလို့…'

ပြုံးစနဲ့နဲ့ ပွစိပွစိ ပြောဆိုသွားသော အစ်မငယ်အား မချိသွားဖြဲ ပြုံးပြလိုက်

> အချစ်ဆိုတာ 'ရင်ခုန်ခြင်း'ပဲ
> မိန်းမ တစ်ယောက်ယောက်ကို
> ခံစားမှုတစ်ခုခု သက်ဝင်
> ယုံကြည်မှု တစ်စုံတစ်ရာ
> ရှိစွာနှင့် ရင်ခုန်နေလျှင်
> ချစ်လို့ပဲ အဲဒီလို
> ရင်ခုန်နေမှုကို အချစ်လို့
> သုနာမည် ပေးချင်သည်

သည်။

မျက်နှာသစ် သွားတိုက် ရုံမက တစ်လက်စတည်း ရေပါချိုးပြီး ဦးခေါင်းတစ်ခုလုံးအား ဝမ်းအိုဝမ်းခေါင်းလျှော်ရည်ဖြင့် အားရပါးရ ကုတ်လျှော်မိ၏။

အဝတ်အစားဘာညာလဲပြုပြီး ကော်ဖီစားပွဲ၌ ဝင်ထိုင်မိသည်ဆိုလျှင်ပဲ အစ်မငယ် ရှိုးစမိုးဖြင့် မွှေးကြိုင်စွာ သူ့အခန်းထဲမှထွက်လာသည်။

'ဒေါ်လေးနဲ့ သန္တာလင်းတို့ ကြည့်ကြပါဦး။ အဆင်မှ ပြေရဲ့လား'

ပါတိတ်ဝမ်းဆက် အစိမ်းရောင် ဖျော့ဖျော့ကလေး ဝတ်ပြီး နောက်တွဲဆံထုံးလေး ကပိုကရို ထုံး၍ထားသော သူ့အစ်မငယ်က လှသည်ဆိုသည်ထက် ယဉ်ယဉ်ကလေး ရယ်ပါ။ ခါတိုင်း အလှူမင်္ဂလာဆောင်များ သွားလျှင်တော့ မောင်လေးရေ အဆင်ပြေလား၊ အိုကေလားနဲ့ သူ့ကို မေးနေကျဖြစ်ပြီး ခု မနက်မှာတော့ ဒေါ်လေးနှင့် သန္တာလင်းတဲ့။

'အလှူလား၊ မင်္ဂလာဆောင်လား၊ မွေးနေ့လား၊ အိမ်တက်လား'

နှုတ်မှ ဝတ္တရားကျေ တစ်ခုပြီး တစ်ခု တန်းစီပြီး ရွတ်လိုက်မိပေမဲ့ အသက်တော့ဖြင့် ပါမှာ မဟုတ်မှန်း သိပါသည်။ လူဆိုတာ အသွားရှိထားမှ အပြန်လာကြတာ။ သွားထားမှ သွားရမယ်နှင့် ဘာပွဲဖိတ်ဖိတ် မပျက်မကွက်သွားတတ်သည့် သူ့အစ်မငယ်ကတော့ မောသည်မရှိ၊ အပြုံးမပျက်။

'စာပေလောကထဲမှာ ပျော်မွေ့တော့မယ်ဆိုတဲ့ ကိုယ်တော်ချော။ ဒီလက ဘယ်လရောက်နေပြီလဲဆိုတာတောင် မသိတော့ဘူးလား။ ဝါတွင်း ရှင့် ဝါတွင်းကြီး။ ခုကလည်း ဘယ်ပွဲမှ သွားတာမဟုတ်ဘူး။ အုပ်ထိန်းသူ ကွဲမြန်းခဲ့ပါဆိုလို့ သွားရမှာ။ တကတည်း အသက်လေး ဆယ်ကျော်လာမှပဲ အတိုင်ခံရ၊ အတောခံရ၊ အုပ်ထိန်းသူ ကြွခဲ့ပါလို့ အဖိတ်ခံရနဲ့'

နှုတ်က တရစပ်တွန်း ပြောဆိုပြီး စားပွဲပေါ်က လက်မွေ့အိတ်ကလေး ဖျတ်ခနဲ ကောက်ယူကာ ကော့ကော့လေးနှင့် ကြော့ကြော့လေးထွက်သွားသည်။ ဘာတဲ့ အုပ်ထိန်းသူ အဖိတ်ခံရသည်။ ဘယ်... ကြောင့်။ စားလက်စ အ... များက လည်ချောင်းဝမှာ နင်ချင်ချင်…။

'ကဲ…ပြောကြစမ်းပါ ဦး၊ ဘာများဖြစ်ကြတာလဲ အုပ်ထိန်းသူ အဖိတ်ခံရတယ် ဆိုတာ ဘာကိုပြောတာလဲ သန္တာလင်း'

'မနက် ၈ နာရီလောက် က ကိုကို့ဆရာမ ဖုန်းဆက်ခဲ့ တာ။ ပထမက ညီမလေးနဲ့ အရင်တွေ့တာ ကိုကောင်းထွ... မော် အုပ်ထိန်းသူမိဘနဲ့ တွေ့ ချင်လို့တဲ့။ ဘဘက ပြီးခဲ့တဲ့ အပတ်ကမှ ရွာပြန်သွားတာ မမရှိတယ်ဆိုလို မမနဲ့ပြောကြ တာ။ ခု မမက အဲဒီဆရာမနဲ့ သွားတွေ့တာ…'

ဒိန်းခနဲ ရင်ဝသို့ နှလုံး... သွေးများဆောင့်တိုး၏။ အဲ... သလောက်တောင်ပါပဲလား... မမဂျိုလီ။ မှားများသွားလား... ဆိုသည့်အတွေးနှင့် စိုးရွံ့... လှုပ်ခုန်နေသော နှလုံးသား... ဒေါသစိတ်ကြောင့် ဆူပွက်... စွာမြည်ဟည်းလာပြန်သည်။ မိန်းမတစ်ယောက်ကို ချစ်မိ... လို့ ချစ်နေတယ်ပြောမိတာ... အုပ်ထိန်းသူခေါ်တွေ့စရာလို... လို့လား မမဂျိုလီ။ မမ... လွတ်လပ်သည့်အပျိုမိန်းမတစ်... ယောက်ဖြစ်သလို ကျွန်တော်... ကလည်း တစ်ကိုယ်တည်း... ပျိုကြီးပါပဲ မမဂျိုလီ။ အဲ... တစ်ချိန်က သူမနှင့်သူ၊ ဆရာ... နှင့် တပည့်လို ဖြစ်ခဲ့ဖူး... တာက လွဲလို့ပေါ့။

မိန်းမတစ်ယောက်... ကာယကံရှင်ဖြေပျက်ယွင်း... အောင်သူ တစ်ကြိမ်... စ်ခါ...



www.burmeseclassic.com

www.burmeseclassic.com

မနှောင့်ယှက်ဖူးပါ။ သောတဏ္ဍာနွေ့ပျက်သွားခဲ့လျှင်တော့ ငမိုက်သား ကျွန်တော့်မှာ အပြစ်ရှိပါတယ်ပေါ့။ စက္ခုဏ္ဍာနွေ့ပျက်စီးခဲ့တယ်ဆိုလျှင်လည်း ခွင့်လွှတ်ပါခင်ဗျာပေါ့။ သူမကို ဖုန်းထဲမှာ ချစ်တယ်ပြောပြီး ဖုန်းမျက်နှာပြင်မှာ မေတ္တာရှိကြောင်း စာပို့ခဲ့မိတာကိုး…။

အိမ်ပေါ်ထပ်သို့ ဖြည်းညင်းစွာတက်ခဲ့မိသော်လည်း နှလုံးခုန်သံကတော့ သိပ်ကို မြန်ဆန်နေပါသည်။ သူမ ဘာတွေပြောမလို့ပါလိမ့်။ အစ်မငယ်ကလည်း နကိုကတည်းက ခပ်ပြတ်ပြတ်။ ငါကရော မနေ့က ဖုန်းထဲမှာ ချစ်နေမိတယ်၊ ချစ်ခဲ့မိတယ်။ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကလို့ ချစ်ခွန်းဖွဲ့သီရုံမက ဘာတွေပြောမိလိုက်ပါသလဲ။

'ကောင်းထွင့်မော် အစ်မကို စာမူခလေး မပေးရသေးဘူး ထင်တယ်နော်'

မနေ့က နံနက် ၁၀ နာရီခွဲလောက်မှာ ဖုန်းသံလေး မြည်လာတယ်။ ရင်ခုန်စွာဖြင့် ကောက်ကိုင်မိချိန်မှာ သူမထံက ထွက်ပေါ်လာသော တစ်ခွန်းတည်းသောစကားသံ၊ ချက်ချင်းဆိုသလို သူ့မှာ အလုပ်တွေ ရှုပ်သွားမိ၏။ ဒီနေ့ ဒီအချိန် ခုလိုအခြေအနေ အခွင့်အရေးမျိုးကို မျှော်လင့်ခဲ့ရတာ နေ့ပေါင်းများစွာကြာခဲ့ပြီမဟုတ်ပါလား။ အဲဒီမှာ… အဲဒီနောက်…။

ဟော သူ့နိုကီယာရင်းတုန်းလေးက မြည်လာပြန်ပြီ။ ကပျာကယာဖွင့်ကြည့်တော့ သူ့အစ်မဖုန်း။

'အေး…အစ်မ… ပြော၊ နင် ဘယ်ရောက်နေလဲ'

'ကိုယ်တော်ချော တော့် ဆရာမရဲ့ ဖုန်းနံပါတ်လေး ပြောစမ်းပါဦး။ ဒီမှာ ဒီကော်ဖီဆိုင်အပေါ်ထပ်လို့ပြောတာ ဒီဆိုင်က တစ်ထပ်တည်း'

'အစ်မ နင် ဘာတွေ လျှောက်လုပ်နေတာလဲ'

'ပြောမှာသာ ပြောစမ်းပါ မောင်လေးရယ်။ နင့်အရှုပ်ထုပ်ကို လာရှင်းနေတာ အပြန်ကျမှ ပြောပြမယ်'

'၀၉-၂၀…'

ဟူးခနဲသက်ပြင်းမောကို ရှိုက်ထုတ်လိုက်ရင်း အိမ်ပေါ်ထပ်မှာပင် လမ်းလျှောက်နေမိ၏။ ကြာကြာထိုင်လို့လည်းမရ။ ဖွင့်ထားသော တီဗွီအား တစ်လိုင်းပြီး တစ်လိုင်း ပြောင်းကြည့်နေသော်လည်း အာရုံထဲသို့ ဘာတစ်ခုမှ ရောက်မလာ။

'ကောင်းထွင့်မော်၊ ဒီ Full Stop တွေကို ချပြန်ပြီလား။ ခဏ ခဏ ပြောလည်း မရဘူး။ ကဲဟယ်… ကဲဟယ်…'

ကြာခဲ့ပြီ။ ကြာခဲ့ပါပြီ။ အနည်းဆုံး ဆယ့်ငါးနှစ်ကျော်ပေါ့။ ဒါပေမဲ့ မေ့မရ။ ဆယ်တန်း ဒုတိယနှစ်မှာ သူ တက်မိသည့် Day Special ကျောင်းမှာ သူမက အနီးကပ် Guide ဆရာမ။ အင်္ဂလိပ်စာ အရမ်းတော်သည့် ဆရာမလေး။ သူကလည်း စာလုံးတစ်လုံး နှစ်လုံးရေးပြီးတိုင်း ဘောပင်ကို ခဏထောက်ပြီး နားတတ်သည့် အကျင့်က ပြင်မရဘူးဖြစ်နေသည်။ မြန်မာစာမှာ သိပ်မသိသာပေမဲ့ အင်္ဂလိပ်စာကျတော့ အစက်ကလေးတစ်စက်က Full Stop လိုမျိုးဖြစ်နေပြီး ဝါကျတစ်ကြောင်း အဆုံးသတ်သလို ဖြစ်နေတော့ သူမက ခဏ ခဏ သတိပေးသည်။ သူကလည်း ခဏ ခဏ မေ့သည်။ အဲဒီအခါကကတော့ နှာသီးဖျားလေးရဲ့ နေအောင် ဒေါသတွေထွက်သွားပြီး သူ့ခေါင်းကို ပေတံစောင်းနှင့် သုံးချက်တိတိ ခေါက်ခဲ့သည်။ ဖျတ်ခနဲ မော့ကြည့်မိတော့ ဒေါသထွက်နေသည့်သူမ မျက်ဝန်းက စူးရှတောက်ပြောင်နေသည်။ အဲဒီမှာ မထင်မှတ်ဘဲ သူ့နှုတ်က နာမည်တစ်ခုလွှတ်ခနဲထွက်သွားမိသည်။ 'မမဂျူလီ' လို့။

အဲဒီတုန်းက ဟောလိဝုဒ်မင်းသမီး 'အင်ဂျလီနာဂျိုလီ' က ခုလောက်နာမည်မကြီးသေးဘူး။ သူကလည်း တစ်ကားလားပဲ ကြည့်ဖူးသေးတာ။ ဒါပေမဲ့ မင်းသမီးဂျိုလီ၏မျက်ဝန်းညိုကျယ်ကျယ်၊ ညို့တို့တို့ အကြည့်တွေကို မကြာခဏ သတိရနေကျဆိုတော့ အဲဒီအချိန် သူမထံက ကြည့်လာသည့် အကြည့်တို့က ချက်ချင်းဆိုသလို မင်းသမီးဂျိုလီကို သတိရသွားပြီး နှုတ်ဖျားကနေ လွှတ်ခနဲထွက်သွားရသည့်အထိ။

အဲဒီနောက်ပိုင်း သူမ လှပ်ရှားမှု မှန်သမျှကို မကြာခဏ လိုက်လိုက်ကြည့်နေမိ၍ ကျောင်းအုပ်ဆရာမကြီးတောင် သတိပြုမိပြီး သတိပေးခံခဲ့ရသည့်အဖြစ်။

အချစ်ဆိုတာကို တချို့က ပေးဆပ်ခြင်းလို့ သတ်မှတ်ပြီး တချို့ကျပြန်တော့လည်း ရယူခြင်းတဲ့။ အမျိုးမျိုးပဲ သတ်မှတ်ကြသည်။ ခေါ်ဝေါ်ကြသည်၊ ခံယူကြသည်။ သူ့အတွက်တော့ အချစ်ဆိုတာ 'ရင်ခုန်ခြင်း' ပဲ။ မိန်းမတစ်ယောက်ယောက်ကို ခံစားမှုတစ်ခုခု၊ သက်ဝင်ယုံကြည်မှုတစ်စုံတစ်ရာ ရှိစွာနှင့် ရင်ခုန်နေလျှင် ချစ်လို့ပဲ။ အဲဒီလို ရင်ခုန်နေမှုကို အချစ်လို့ သူနာမည်ပေးချင်သည်။ အဲဒီရင်ခုန်မှုမျိုး ခံစားလို့ မရတော့လျှင်တော့ အချစ်ဆိုတာ မရှိတော့ဘူးလို့ယုံကြည်သည်။ အဲဒီလို ရင်ခုန်မှုမျိုးမရှိတော့သည့် မိန်းမတစ်ယောက်ကိုလည်း ချစ်လို့မရတော့ဘူး။ အချစ်ဆိုတာလည်း ပျောက်ဆုံးကွယ်ပျောက်သွားပြီလို့ သူ ယူဆသည်။

ဟော…အဲဒီနေ့ (ခေါင်းအခေါက်ခံရတဲ့နေ့)၏ နောက်ရက်တွေမှာ ကျောင်းသွားရခြင်းတွေဟာ အရင်ကထက် ပိုပြီးအဓိပ္ပာယ်ရှိလာသည်။ နေ့ခင်းထမင်းစားချိန်ဆို အိမ်ပြန်စားတတ်သည့် သူ့မှာနေပူပူမှာ စက်ဘီးနှင့် အသွားအပြန် လုပ်ရတာ မလွယ်ဟု အကြောင်းပြချက်ပေးပြီး အဆောင်နေကျောင်းသားများနှင့်အတူ ထမင်းကို လပေးစားလိုက်တယ်။ စာသင်ဆောင်ကနေ ထမင်းစားဆောင်သွားကြလျှင် သူမလိုGuideဆရာမ တစ်ယောက်ယောက်က ကြပ်မတ်ပြီး ခေါ်သွားတတ်တာကိုး။

ခက်တာက အဲဒီလို ရင်ခုန်ခြင်းတွေကလည်း သူ့အတွက်တော့ အများဆုံးခံလှခြောက်လလောက်ပဲ။ တစ်ခါတစ်ခါ သူ့ကိုယ်သူလည်း နားမလည်ဘူး။ ငါ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com

က ကျိန်စာများ သင့်မိလေသလားဆိုပြီး အတွေးဝင်မိတာလည်း ခဏခဏ။ ချစ်မိတာကို၊ ချစ်သွားတာကို ချစ်နေပါပြီလို့ ဖွင့်ဟပြောဆိုဖို့ကလည်း အဲဒီ Day Special မှာက ဖွင့်ပြီး နှစ်နှစ်မှာ အတွဲလိုက် ကျောင်းထုတ်ပစ်ခဲ့တာ ငါးတွဲရှိခဲ့ပြီးပြီတဲ့။

ဒီလိုပဲ သူမ၏ မကြာခဏခေါင်းအခေါက်ခံရမှုမှာ သာယာနှစ်မျောမိရင်းက စာမေးပွဲကြီးနီးလာတော့ သူမကို အနည်းငယ်သွေးအေးသွားတာကို ဝန်ခံပါသည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်သွားတော့ ထုံးစံအတိုင်း သူ့နှလုံးသားခုန်လှုပ်မှုက ဂျူလီအပေါ် မဟုတ်ပြန်တော့ဘူး။ Top Gun မင်းသမီးလေးဖြစ်သွားပြီ။

ဆယ်စုနှစ်တစ်ခု ကျော်ကျော်မှာ ပြန်တွေ့ကြတော့ သူမက Guide ဆရာမလေး မဟုတ်တော့ဘူး။ နိုင်ငံကျော် စာရေးဆရာမကြီးဖြစ်နေပြီ။ သူမ ဆယ်တန်းအောင်ပြီး ခဏ ဝင်လုပ်နေသည့် Day Special ကျောင်းကလည်း သူမ ပိုင်ဆိုင်သော ကျောင်းကြီးဖြစ်နေလေပြီ။ အံ့သြမှုတွေ မကုန်နိုင် မခန်းနိုင်ပေါ့ မမဂျူလီ။

ကံကြမ္မာအကျိုးပေးကတော့ သူ့ကိုယ်ပေါ်မှာ တဖွဲဖွဲ့ပေါ့လို့များ ကဗျာဆန်စွာ ပြောရလေမလား။ ပိုနေသည့် ဆိုင်ကယ်တစ်စီး ရောင်းအထုတ်မှာ လိုနေလို့ အသိပွဲစားကနေတစ်ဆင့် ဝယ်မိသည့် ရောင်းသူဝယ်သူနှစ်ဦးက သူနှင့်သူမတို့ဖြစ်နေလေ၏။ သူ့အသိ ဆိုင်ကယ်ပွဲစား

**အနောက်တိုင်း ကဗျာဆရာ Robert Frost က ပြောခဲ့သည်တဲ့ 'ကဗျာဆရာဆိုတာ လောကနှင့် သမီးရည်းစားချင်း စိတ်ကောက်သလို စိတ်ကောက်နေတဲ့ လူမျိုး' တဲ့ သူကတော့ ကဗျာဆရာ တစ်ယောက် မဟုတ်ခဲ့ပါ**

က စာရေးဆရာတစ်ယောက်ဖြစ်နေပြီး သူမက ရေးဖော်ရေးဖက် စာရေးသူတစ်ယောက် ဖြစ်လို့နေခြင်းက သူ့အတွက် ကံကောင်းခြင်းရဲ့အစ ဒါမှမဟုတ် ကံဆိုးမှုအတွက် နိဒါန်းလို့များ ပြောရလေမလား…။

'တီ…တီ…'

ရုတ်တရက် အိမ်အောက်ထပ်မှ ဟွန်းသံနှစ်ချက် ဆက်တိုက်ကြားလိုက်ရလို့ ဆက်တိုက်နောက်ပြန်ဆုတ်သွားသည့် သူ့အတွေးများက ချက်ချင်းပစ္စုပ္ပန်သို့ ပြန်ရောက်လာသည်။ ယောင်ပြီး

ပိတ်မိလိုက်သည့် TVခလုတ်ကြောင့် အောက်ထပ်မှ စကားသံများက အိမ်ပေါ်ထပ်သို့ အပြေးရောက်လာကြသည်။ ပြန်လာပြီ။ သူ့အစ်မ ပြန်လာပြီ။ ဘာတွေပြောဖြစ်ခဲ့ပြီး ဘယ်လိုတွေများဖြစ်ကြသေးပါလိမ့်။ ချက်ချင်းတော့ ဖြင့်မဆင်းရဲ။ ဟိုဘက်ဒီဘက်ကို တစ်ပတ် နှစ်ပတ်လောက် လမ်းလျှောက်မိသေး၏။

ကုလားထိုင်တစ်လုံးမှာ ထိုင်ပြီး ရေသောက်နေသော သူ့အစ်မငယ်က သူ့ကို မြင်သည်နှင့် ထိုင်ခုံတစ်လုံးအား မေးဆတ်ပြသည်။ သူ့အစ်မ မျက်ဝန်းကို စူးစူးစိုက်စိုက်ကြည့်တော့ ဘာအဓိပ္ပာယ်ရှိနေမှန်း သူ မဝေခွဲတတ်။

'ငါ့မောင်ကို အစ်မ သနားတယ်'

'ဗျာ'

သူ့အစ်မပုံစံက မဝယ်နိုင်လောက်သည့် ပစ္စည်းတစ်ခုကို သူက အရမ်းလိုချင်နေလျှင် ပွေ့ဖက်ကာ ချော့မြူတတ်သော ငယ်ငယ်တုန်းကလို အပြောမျိုး။

'သူပြောခဲ့တာတွေကလည်း တကယ်တော့ အမှန်တွေချည်းပဲ မောင်လေးရဲ့'

'ဗျာ'

ဘာတွေလဲ…ဘာတွေ ပြောခဲ့ပါလိမ့်။

'နေပါဦး…နင်က ဘာကိစ္စနဲ့ အဲဒီစာမူခကို ပိုက်ဆံအနုပ်တွေ ပေးလိုက်ရတာလဲပြောပါဦး။ ငါ စဉ်းစားလို့ မရလို့…'

'ဗျာ'

ဒါဆို သူမ အကုန်ပြောလိုက်ပြီပေါ့။ မနေ့က ကိစ္စတွေကို အကုန်ပြောလိုက်ပြီ

ပေါ့။

'အဲဒါက ဟိုတကယ်တော့ အသစ်ကလေးတွေပါ'

'အေးပါ ခါတိုင်း တခြားစာရေးဆရာတွေကို ပေးတော့မယ်ဆို ငါးထောင်တန်အသစ်တွေ ငါ့ဆီမှာ လဲနေကျပါ။ ခု သူ့ကျမှ တစ်ရာတန် နှစ်ရာတန်ရော ငါးရာတန် တစ်ထောင်တန် ပါစုံလို့ ငါ့ကို အကုန်ပြတယ် သူ့ပိုက်ဆံအိတ်ထဲမှာ'

နှလုံးခုန်သံတွေ မြန် လာပြန်ပြီ မမဂျူလီ။

'ဒါက ရှာက အမေ့ကို လည်း အဲလိုပဲ လတိုင်း အသစ်ကလေးတွေ(အနု ကလေးတွေ)ပေးနေကျလေ အမေ့လိုပဲ သူ့ကို ချစ်လို့လေ စားလို့ မြတ်နိုးလို့ အဲဒီလိုလေ တယ်ဆိုတဲ့သဘော'

'ဘာမှမဆိုင်ဘူး ကလေးကလား သူ ပြောသ ပဲ ဒါ သူ့သိက္ခာကို စော်ကား သလိုဖြစ်နေတယ်။ နင်စာအု မထုတ်ဘဲ စာရေးပါလား မဆိုင်တဲ့အတွေးတွေနဲ့ သိ စိတ်ကူးယဉ်တာပဲ'

'နောက် ဘာတွေပြော သေးလဲ'

'သူ ပြောတာတွေက အများကြီး ဒါပေမဲ့ နင့်ကို သိစေချင်တဲ့ အချက်သုံးချက် တော့ ငါပြောပြမယ်'

ပြောပြီးမှ သူ့အစ်မ မျက်နှာပြင်မှာ အနည်းငယ် သွေးရောင်လွှမ်းသွားသလိုပဲ ရုတ်တရက်ခဏလည်းတိတ် သွားသည်။

'ပွင့်ပွင့်လင်းလင်း ပြော ရရင် သူက နင့်ကိုယောက်ျား တစ်ယောက်လို့ မမြင်ဘူး

'ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'အေး နင်က စကားတွေကို ဒီကစကားဟိုပို့၊ ဟိုကစကား ဒီပို့နဲ့ တော်တော်မွှေခဲ့တဲ့ အမွှေကောင်တဲ့…'

ပြောပါ မမဂျိုလီ ပြောပါ။ တကယ်တော့ ဒီအကြောင်းတွေ ဘယ်သူ့ဆီကနေ မမဆီ ရောက်သွားတယ်ဆိုတာ သူ သိပါသည်။ ပြောရမယ်ဆိုလျှင်တော့ ခုနောက်ဆုံးထွက်သွားသည့် စာအုပ်က အမွှေစာအုပ်လို့ ပြောလို့ရပါသည်။ တော်တော်မွှေခဲ့သည့်စာအုပ်ပါ။ ဒီစာအုပ်၏မျက်နှာဖုံး ပန်းချီဆရာနှင့် စာအုပ်ကိုအစအဆုံး ပြုလုပ်ပေးသော ဒီဇိုင်နာအစ်မက ပြီးခဲ့သည့် တခြားတိုက်က စာအုပ်တစ်အုပ် လုပ်စဉ်မှာကတည်းက သိပ်မပြေလည်ကြတာကို သူက မသိ။ ပန်းချီဆရာနှင့် ကလည်း ရင်းနှီးပြီးသား။ စာအုပ်လုပ်သည့်အစ်မ၏ လက်ရာကိုလည်း သဘောကျ။ အကုန်လုံးပြောပြီးမှ အဖြစ်မှန်ကို ရိပ်မိတယ်။ ဒီတော့ မထူးဘူးဆိုပြီး စာအုပ်လုပ်နေစဉ်မှာ လိုအပ်တာမှန်သမျှ တစ်ယောက်နှင့် တစ်ယောက်ကို ကြားကနေ သူကဆက်သွယ်ပေးခဲ့ရသည်။

နောက်ဆုံးပိတ် ပြဿနာအဖြစ်နှင့် ပေါက်ကွဲကြတာ 'အနှောင့်နှင့်ဒု' ဆိုတာ ပြုလုပ်စဉ်မှာ။ တကယ်ဆို သူတို့အချင်းချင်း ဖုန်းလေးတစ်ချက်လောက်လှမ်းဆက်ပြီး ပြောလိုက်လျှင် ပြီးသွားမည့် ကိစ္စ။ သူကလည်း စာအုပ်ထုတ်ဝေရေးလုပ်တာ ၅ အုပ်မြောက်သာ ရောက်လာတာ ဘာမျှရေရေရာရာ မသိသေးဘူး။

အဲဒီတော့ လုပ်ရမည့် ပြောရမည့်စကားတွေက မရေမရာနှင့် လိုတိုးပိုလျှော့တွေ ဖြစ်ကုန်ရော။ ခါတိုင်း ပန်းချီဒီဇိုင်းရရင် စာအုပ်လုပ်သည့် သူက သူ့ဘာသာ စာမျက်နှာအရေအတွက်အရ အနှောင့်နှင့် ဒုဆိုတာကို ချိန်ပြီးလုပ်သွားတာ ဘာမျှအလုပ်ရှုပ်စရာ အကြောင်းမရှိခဲ့ဘူး။ ခုတော့ ပန်းချီဆရာက သူ့အတွက် အကုန်အကျသက်သာလို သက်သာငြား စေတနာထားပြီး လုပ်ပေးလိုက်တာ အဆင်မပြေတော့ အချေအတင်တွေ ဖြစ်ကုန်ရော။ ဒီဘက်က စာစီတာ စာမျက်နှာအတိအကျ မသိသေးဘူး၊ ဟိုဘက်က အလောတကြီး သိချင်။ အဲဒီတော့ ကြားက သူ့မှာစကားတွေ ဖာထေးပြီး ပြောပေးရ။ နောက်ဆုံးတော့ သူကပဲ စကားတွေကို ဟိုဘက်တစ်မျိုး ဒီဘက်တစ်မျိုးပြောနေတယ် ဖြစ်သွားရသည်။

ဒါတွေက တကယ်တမ်းကျတော့ မမဂျိုလီကြောင့်ပါလို့ ပြောလျှင် မမ အံ့ဩသွားသည်။ ဟုတ်တယ် မမဂျိုလီ။ စာအုပ်ထုတ်ဝေရေး အလုပ်ဆိုတာ သူတို့မိသားစု ရပ်တည်မှုနှင့် ဘာမျှမဆိုင်၊ တော်တော်လေး အလှမ်းဝေးတယ်လို့ ပြောလို့ရသည်။ ရွာမှာ ဈေးရောင်း ကြံခင်းစိုက်ပြီး မြို့တက်လာတာ။ မြို့ရောက်တော့လည်း ဈေးရောင်းပြီး ဆက်နွယ်မှုရှိသည့် ပွဲရုံလုပ်ငန်းလုပ်ခဲ့တာ၊ အပြင်စာဖတ်ဖို့ မပြောနှင့် ကျောင်းစာကိုတောင် သူ့အစ်မနှစ်ယောက်လုံး ဆယ်တန်းအောင်သည်အထိတောင် မနေခဲ့ကြ။ စာအုပ်စာပေ လူ့မိတ်ဆွေဆိုတာကို မသိမဟုတ် သိခဲ့ကြပေမဲ့ ဘဝစာမျက်နှာကိုသာ တစ်ရွက်ပြီးတစ်ရွက် လှန်ဖတ်ဖြစ်ခဲ့ကြတာလေ။

၂၀၁၀ ခုနှစ်မှာ သူမနှင့် ပြန်တွေ့ကြတော့ နိုင်ငံကျော် စာရေးဆရာမကြီးဖြစ်နေသည့် သူမကြောင့် စာအုပ်ထုတ်ဝေရေးဆိုပြီး သူ့အသိ ပွဲစားစာရေးဆရာ၏ အကူအညီနှင့် လုပ်ဖြစ်ခဲ့သည်။ စာရေးဆရာမကို ချစ်မိမှတော့ စာပေလောကဆိုတာထဲကို ဝင်ပြီး ကြိုးစားမှဖြစ်မှ မဟုတ်လား။

'အဲဒါက တစ်ချက်၊ နောက် စာရေးဆရာတချို့က နင့်ကိုဆို ရယ်ရတဲ့ပေါ်တစ်ယောက်လို့ ပြောနေကြတယ်တဲ့'

'ထားလိုက်ပါ၊ တခြားသူတွေ ဘယ်လိုထင်ထင် ဂရုမစိုက်ပါဘူး။ သူကရော ဘယ်လိုထင်တယ်ပြောသလဲ'

'နေဦး၊ နောက်တစ်ချက်ပြောဦးမယ်။ နင့်က ခုဆို စာအုပ် ၅ အုပ်ထုတ်ပြီးပြီ။ ဒါပေမဲ့ လူရာမဝင်သေးဘူးတဲ့။ တခြားသူဆို ၂ အုပ် ၃ အုပ်လောက်နဲ့ လူရာဝင်နေပြီတဲ့'

'လူရာဝင်တယ်။ ဘာကိုဆိုလိုတာလဲ။ အဲဒီလူရာဝင်တယ် မဝင်ဘူးဆိုတာ ဘာကိုကြည့်ပြီး တိုင်းတာတာလဲ။ လူရာဝင်တော့ရော ဘာဖြစ်သွားမှာလဲ၊ မဝင်တော့ရော ဘာဖြစ်သလဲ'

'ဟဲ့…နင်ပဲ သူ့ကိုချစ်နေတယ်ဆို။ သူ့ကိုချစ်ရင် သူဖြစ်ချင်တာ၊ သူလိုချင်တာကို ဖြစ်အောင်လုပ်ပြမှ နင့်ကို သူက အသိအမှတ်ပြုမှာပေါ့။ သူက လူရာဝင်တဲ့သူမျိုးမှ စိတ်ဝင်စားရင် နင်က လူရာဝင်အောင် ကြိုးစားပြရမှာပေါ့။ ဒါမှ လူရာဝင်ပြီး လူရာဝင်တဲ့လူမှ ချစ်ချင်တဲ့ သူ့ရင်ထဲကို လူရာဝင်ဝင်နဲ့ ရောက်သွားမှာပေါ့ ငတုံးရဲ့'

'ကျွတ်…ရှုပ်နေတာကိုပဲ။ အဲဒီလူရာဝင်တာတွေက'

တကယ်ကိုပဲ သူ့ခေါင်းထဲမှာ ရှုပ်ထွေးလာပါသည်။ စာအုပ်ထုတ်ဝေရေးလုပ်တာ လူရာဝင်ဖို့မှ မဟုတ်ဘဲ။ စာဖတ်သူတွေ သိသွားအောင် ရင်းနှီးအောင် လိုအပ်ပါတယ်ဆိုသည့် မီဒီယာကတစ်ဆင့် ကြော်ငြာရသည့် စာအုပ်မိတ်ဆက်ပွဲဆိုတာတောင် သူတစ်ကြိမ်မှ မလုပ်ခဲ့ဘဲ။ အဓိကက သူမ သူ့ကို အသိအမှတ်ပြုဖို့ရာပဲလေ။ မမဂျိုလီအနားမှာ နေချင်လို့ နီးစပ်မှုရှိအောင် ပြုလုပ်ခဲ့ခြင်းပဲ။ လူတွေထဲမှာ လူရာဝင်ဖို့ အောင်မြင်ကျော်ကြားဖို့ သူလုပ်ခဲ့တာမှ မဟုတ်ဘဲ။ မမဂျိုလီက အောင်မြင်ကျော်ကြားမှုကို အဲဒီလောက်ထိ တပ်မက်မောပါသလား။

'အဲဒီတော့ မောင်လေးရယ်။ နင့် အသက်လည်း ၄၀ ထဲရောက်လာပြီ။ ငယ်တော့တာမှ မဟုတ်ဘဲ။ စိတ်ကူးယဉ်ခြင်းတွေကို ရပ်လိုက်ပါတော့။ အေး…သေချာတာတစ်ခု အစ်မပြောချင်တာက သူ့လို မိန်းမတစ်ယောက်က နင့်လောက်ယောကျ်ားတစ်ယောက်ကိုတော့ စဉ်းစားမှာ မဟုတ်ဘူးဆိုတာပဲ'

'ကျွန်တော်လည်း


www.burmeseclassic.com

www.burmeseclassic.com

အခြေအနေမဲ့မှ မဟုတ်ဘဲ။ အလုပ်နဲ့အကိုင်နဲ့။ မိန်းမတစ်ယောက်ကိုတော့ လုပ်ကျွေးနိုင်ပါတယ်ဗျာ…'

'မဟုတ်ဘူး မောင်လေးရဲ့ အစ်မက မိန်းမအချင်းချင်းမို့ သိနေတယ်။ သူ့ကို သာမန်စာရေးဆရာမတစ်ယောက်လို့ အစ်မ မမြင်ဘူး။ သာမန်စာပေသမားလည်း မဖြစ်နိုင်ဘူး။ ဘယ်နေရာက လူဖြစ်ဖြစ် အောင်မြင်ကျော်ကြားမှုကိုတော့ လိုချင်တာ အပြစ်တော့ မဟုတ်လောက်ပါဘူး။ အဲ…ဒါပေမဲ့ အသက် ၄၀ ကျော်ပြီးတဲ့ လူလွတ်မိန်းမတစ်ယောက်အင်း အောင်မြင်နေတဲ့ မိန်းမတစ်ယောက်ကတော့ သာမန်ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ အလွယ်တကူ လက်ထပ်မှာ မဟုတ်ဘူး။ နောက် အသက် ၄၀ လောက်ထိ တစ်ကိုယ်ထီးတည်းနေခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးသားဆိုတာလည်း ပန်းသီးတစ်လုံးလောက်တောင် မချိုမြိန်နိုင်တော့ဘူး။ အဲဒါ အသေအချာပဲ'

ကဲ…ကြည့်စမ်းပါဦး။ အသက် ၂၅ နှစ်ထိပဲ ဝတ္ထုဖတ်ခဲ့သည်။ အဲဒီနောက်ပိုင်း ဘာစာမှ မဖတ်ဘူးလို့ ကြွေးကြော်ခဲ့သည့် အသက် ၄၃ နှစ်အရွယ် အမျိုးသမီးတစ်ယောက်၏ အချစ်ဒဿနကလည်း မှတ်သားစရာ။

သူ့အခန်းထဲ ပြန်ရောက်တော့ ခေါင်းတွေက ချာချာလည်နေသလိုပဲ။ စာကြည့်စားပွဲမှာ ဘာရယ်မှ မဟုတ်ဘဲ ထိုင်ချလိုက်မိသည်။ နားထဲမှာ သူအစ်မငယ်၏ 'မေ့ပစ်လိုက်ပါ မောင်လေးရယ်၊ ဒီတစ်ယောက်လည်း မကြာခင် နှင့် ဦးနှောက်ထဲက ပျောက်သွားမှာပဲ မဟုတ်လား။ အေး…သူ့ဝတ္ထု ၃၊ ၄ ပုဒ်လောက်တော့ အစ်မကို ပေးဖတ်ပါဦး။ ဖတ်ကြည့်လိုက်ရအောင်' ဆိုသည့်အသံက အနောက်ကနေ ကပ်ပြီး လိုက်လာသည်။

ဒီတစ်ယောက်ကိုလည်း ခုမှတွေ့ပြီး ခုမှစိတ်ဝင်စားခဲ့တယ်လို့ သူအစ်မက ထင်နေပုံရသည်။ ကြာခဲ့ပြီ အစ်မရဲ့၊ ကြာခဲ့ပါပြီ။ မမဂျူလီကို ချစ်ခဲ့တာ ဟိုး ငယ်ရွယ်စဉ်ဆယ်တန်းကျောင်းသားဘဝကတည်းကပေါ့။ အဖူးအငုံ ဘဝအစက ရင်ခုန်ခဲ့တာ အပွင့်အငုံ လန်းစွင့်လို့ အပွင့်အခက်တွေ အလီလီခြောက်သွေ့နွမ်းရော်ခဲ့ပြီးပြီလေ။ နွမ်းရော်ခဲ့ပြီးပါပြီ။

ဗလာစာအုပ် စာအုပ်ကို ဆွဲယူပြီး ရှေ့ဆုံးစာမျက်နှာမှာ စာတစ်ကြောင်း သူချရေးလိုက်မိသည်။ 'လူရာမဝင်မာတိကာ' လို့…။

ကဗျာတွေ စာတွေ ရေးချင်စိတ်က သူ့နှလုံးသားသွေးလွှတ်ကြောမှတစ်ဆင့် တစ်ကိုယ်လုံးရှိ သွေးကြောများသို့ စိမ့်၍ စိမ့်၍ ပျံ့နှံ့ကုန်ပြီ။ ကဗျာဆရာ စာရေးဆရာ သစ္စာနီ ပြောတာ တစ်ဆင့်တော့ ကြားဖူးခဲ့၏။ အသည်းကွဲရာမှ မတော်တဆ ကဗျာဆရာဖြစ်လာသည်တဲ့။ သူကတော့ အသည်းကွဲတာလား၊ အရှက်ကွဲတာလား မသေချာဘဲ စာလုံးလေးတွေ ရေးချမိလိုက်ပြီ။ ဒါဟာ ကဗျာလား၊ အသည်းကွဲစကား၊ အရှက်ကွဲစကားတွေလား။

*ဒီလိုနဲ့ အိပ်ရာအပေါ်*
*အိပ်စက်ခဲ့တာချင်း အတူတူ*
*နိုးထမှုက လူရာမဝင်ခဲ့ဘူး။*
*ဒီလိုပဲ*
*စာမျက်နှာပေါ်က*
*စကားလုံးတိုင်း*
*ဝါကျ ရှည်ခဲ့လို့*
*အထာမကျမှုက*
*လူရာမဝင်ခဲ့ဘူး။*
*ဒီလိုနဲ့ နိုင်ငံတော်အရွေ့*
*ငါ့အရွေ့*
*စည်းချက်ညီညီ*
*ကစားမိတော့*
*ချစ်တယ်၊ ချစ်မိတယ်*
*လူရာမဝင်ခဲ့ဘူး။*
*ဒီလိုပဲ စေတနာ*
*သုံးတန်ပြည့်ဝှန်း ခံရ*
*ကရုဏာဒေါ်သသာ*
*ပြန်ဆိုတေးအဖြစ်*
*ဦးနှောက်ဗဟိုပြု*
*မထင်ဟပ်နိုင်တဲ့*
*လူရာဝင်မှုမှာ*
*လူသူလေးပါး မကျန်*
*မျက်နှာပြောင်တိုက်မယ်*
*ကိုယ့်ဝန် ကိုယ့်ချစ်ခြင်းနဲ့*
*ဗီလိန်ကောက်ကြောင်းကို*
*နာခံယူတော့လည်း*
*လူရာမဝင်ခဲ့ဘူး။*
*ပန်းတစ်စည်းနဲ့*
*ချောကလက်*
*အလိုမရှိတဲ့နေ့*
*အလိုရှိရာ*
*ရောက်ခဲ့ပြန်လည်း*
*အစွန်းထင်းမရှိတဲ့*
*မုံ့တစ်ပေါက်*
*လူရာမဝင်ခဲ့ဘူး။*
*ပြောင်းလဲခြင်း*
*ဝိသေသတစ်ခုရဲ့*
*နာမဝိသေသတွေ*
*အကြိမ်ကြိမ်*
*အမှားတရားစီရင်မှုအဖြစ်*
*လူရာမဝင်ခဲ့ဘူး။*
*ကံ၊ စိတ်၊ ဥတု၊*
*အာဟာရ ကာလတစ်ခု*
*ပယောဂ မကင်းတဲ့*
*လျှစ်လျူရှုမှာ*
*လူက လူကို လူလိုသိဖို့*
*လူရာမဝင်ခဲ့ဘူး။*
*ကိုင်း…*
*လူရာဝင် တေးတစ်ပုဒ်*
*အိပ်ရာဝင်တိုင်း*
*သီဆိုနိုင်ဖို့*
*ဘဝဆက်တိုင်း*
*သံစဉ်မလိုဘဲ*
*ရွတ်ဆိုမယ်*
*အိပ်မက်တော့*
*မလိုဘူး။ ။*

ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏စာအုပ်တစ်အုပ်မှာ ဖတ်မှတ်ခဲ့ဖူးသည်။ အနောက်တိုင်းကဗျာဆရာ Robe[rt] Frost က ပြောခဲ့သည်တဲ့။

'ကဗျာဆရာဆို တာ… လောကနှင့် သမီးရည်းစား… ချင်း စိတ်ကောက်သလို စိတ်ကောက်နေတဲ့လူမျိုး' တဲ့။

သူကတော့ ကဗျာ… ဆရာတစ်ယောက် မဟုတ်ခဲ့… ပါ။ ဒါပေမဲ့ အသည်းလည်းကွဲ၊ အရှက်လည်းကွဲလိုက်… တော့ ကဗျာတစ်ပုဒ်ရေး… လိုက်မိပြီ။ ဒါကဗျာတစ်ပုဒ်… ရော ဖြစ်သွားရဲ့လားတော့ မသေချာဘူးပေါ့။


အသက် ၄၀ မှ ဘဝ… စ,တယ်လို့ အနောက်တိုင်း… စကားပုံတစ်ခုကြားဖူးခဲ့ပါ၏။ သူ့အတွက်တော့ အဲဒီဘဝ… တယ်ဆိုသည့်အရွယ်မှာ ဘဝ… က ဆုံးခဲ့ပြီ။ သြော် ဒါပေမဲ့… ထာဝရတော့ဖြင့် မမုန်းနိုင်ပါ… ဘူး မမဂျူလီ၊ ထာဝရတော့… ဖြင့် မမုန်းနိုင်ပါဘူး။ ■

**လွှမ်းမေ…မောင်**



www.burmeseclassic.com

www.burmeseclassic.com



# တည်းဖြတ်မှုနဲ့ တည်းဖြတ်သူများရဲ့ အခန်းကဏ္ဍ

**မသီတာ၊ စမ်းချောင်း၊**

ခုတလော ပုံနှိပ်စာမျက်နှာတွေပေါ်မှာ အွန်လိုင်းသမားတွေရဲ့စာတွေ ဖော်ပြခြင်းနဲ့ပတ်သက်ပြီး အသံတွေအမျိုးမျိုး ကြားနေရပါတယ်။ အင်တာနက်ခေတ် ဖြစ်တာနဲ့အမျှ အွန်လိုင်းစာမျက်နှာတွေမှာ ရေးသားသူတွေ အုံနဲ့ကျင်းနဲ့ ရှိနေပြီး ပုံနှိပ်စာမျက်နှာတွေပေါ်ကိုလည်း သူတို့ရဲ့စာတွေ၊ ကဗျာတွေ ရောက်လာတာ အဆန်းတကြယ်ကိစ္စ မဟုတ်ပါဘူး။ အွန်လိုင်းရေးသူတွေဟာ ပုံနှိပ်မှာရေးသူတွေလိုပဲ စာရေးဆရာ၊ စာရေးဆရာမအဖြစ် အသိအမှတ် ပြုခံရသင့်တယ်ဆိုတာလည်း ငြင်းစရာ မလိုတဲ့ သဘောထားပါပဲ။ ဒီနေရာမှာ ပြောဖို့လိုလာတာက တည်းဖြတ်မှုနဲ့ တည်းဖြတ်သူရဲ့ အခန်းကဏ္ဍပါပဲ။

တည်းဖြတ်မှုနဲ့ တည်းဖြတ်သူအကြောင်းပြောရရင် မြန်မာနိုင်ငံမှာ စာအုပ်တွေ [illegible] စာအုပ်စဉ်မမီတော့တဲ့ ကိစ္စကနေ စပြောရမှာ ဖြစ်ပါတယ်။ လူတွေကို လူစဉ်မမီဘူးလို့ [illegible] နှိမ်ချသုံးနှုန်းတဲ့ ဝေါဟာရရှိနေတာကို မကြိုက်ပေမဲ့ စာအုပ်စဉ် မမီဘူးဆိုတဲ့ အသုံး [illegible] အနှုန်းကို သုံးချင်လာရတဲ့အကြောင်း ရှိပါတယ်။ ဒါကတော့ မြန်မာနိုင်ငံမှာမဂ္ဂဇင်း [illegible] ဂျာနယ်တွေကလွဲရင် ဘယ်စာအုပ်ထုတ်ဝေရေးတိုက်တွေမှာမှ တည်းဖြတ်မှုနဲ့ တည်း [illegible] ဖြတ်သူရဲ့အခန်းကဏ္ဍကို တိတိပပ အသိအမှတ်မပြုကြတာကိုတွေ့ရပါတယ်။ ဒါ [illegible] ကြောင့် စာအုပ်တွေမှာ အက္ခရာအညွှန်းဆိုတာမျိုး၊ စာရေးသူရဲ့ စာစုစာရင်းဆိုတာ [illegible] စာအုပ်နဲ့ပတ်သက်တဲ့အခြားသိအပ်တဲ့ အကြောင်းအရာ(ဝတ္ထု၊ ဆောင်းပါး [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ဘယ်တုန်းက ဘယ်နေရာမှာ ဘယ်လိုဖော်ပြခဲ့တယ်ဆိုတာမျိုး) ဒါတွေ မပါဘဲ စာအုပ်ထုတ်ကြသလို အရေးအသား အမှားအယွင်း(နာမ်စားတွေ ပြောင်းသုံးထားတာမျိုး၊ စကားပြေ-စကားပြောကို ရောရေးထားတာမျိုး)၊ သဒ္ဒါအထားအသို အလွဲအမှား(ကတ္တားနောက်ဆက်၊ ကံနောက်ဆက်တွေ မပါဘဲ ဝါကျဖွဲ့ထားတာမျိုး၊ နာမဝိသေသနနဲ့ ကြိယာဝိသေသနတွေ နေရာမှားနေတာမျိုး)၊ ခွဲထား သတ်ပုံ အကျအပေါက် (စကားစုတွေကို ဖြတ်သင့်တဲ့နေရာမှာ မဖြတ်ဘဲ နေရာလွဲမှားဖြတ်မိတဲ့အတွက် အနက်ပြောင်းသွားတာမျိုး)ဒါမျိုးတွေ တင်းကျမ်းဖြစ်နေတာကိုလည်းတွေ့ကြရမှာပါ။ ဒါကြောင့် ထွက်နေတဲ့ စာအုပ်တချို့ဟာ စာအုပ်စဉ်မမီဘူးလို့ ဆိုချင်တာ ဖြစ်ပါတယ်။

နိုင်ငံတကာမှာ စာအုပ်တစ်အုပ်ထုတ်ဖို့ဆိုတာ ငွေရှိရုံ၊ စာမူရှိရုံနဲ့ မရတဲ့အတွက် စာအုပ်ထုတ်နိုင်ခွင့်ဆိုတာ သိပ်ကို ရခဲတဲ့အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။ စာပေစိစစ်ရေးရယ်လို့ မရှိတဲ့နိုင်ငံတွေမှာ စာအုပ်ထုတ်နိုင်ခွင့်ကို ရခဲတဲ့အခွင့်အရေးအဖြစ် ဘာလို့မြင်နေရလဲဆိုရင်တော့ တည်းဖြတ်သူနဲ့ တည်းဖြတ်မှုကြောင့်ပါပဲ။ သုတေသီတွေရဲ့စာအုပ်မျိုးဆိုရင် တည်းဖြတ်သူကောင်းရဲ့ မှတ်ချက်မရရင် ဘယ်ပုံနှိပ်တိုက်ကမှ စာအုပ်အဖြစ် ထုတ်ဝေပေးပါမယ်လို့ ကတိမပေးကြတာအစဉ်အလာပါ။ ဒါကြောင့် စာအုပ်ထုတ်ချင်သူတွေဟာ သက်ဆိုင်ရာပုံနှိပ်တိုက်၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရဲ့ တိုက်ပိုင်တည်းဖြတ်သူ အယ်ဒီတာဆီကဖြစ်စေ၊ တခြားအလွတ် အယ်ဒီတာကောင်းတစ်ယောက်ယောက်ဆီကဖြစ်စေ သူတို့ရဲ့လက်ရာအပေါ် တည်းဖြတ်မှုကို မရရအောင် ကြိုးစားကြရပါတယ်။ အဲဒီလို တည်းဖြတ်သူကောင်းတစ်ယောက်ရဲ့တည်းဖြတ်မှု မရှိဘဲ ဘယ်စာအုပ်မှ မထွက်နိုင်တဲ့အတွက် သူတို့ဆီက စာအုပ်တွေ အားလုံးဟာ စာအုပ်စဉ်မီစွာ ထွက်လာကြတာ များပါတယ်။

ဒီမှာတော့ ငွေနဲ့စာမူ ရှိရုံနဲ့ စာရေးဆရာဖြစ်လို့ ရသလို ဖြစ်နေတာကြောင့်လည်း တည်းဖြတ်မှုနဲ့ တည်းဖြတ်သူရဲ့ အခန်းကဏ္ဍကို အသိအမှတ်မပြုချင်ကြတော့ဘဲ ကျော်လွှားနိုင်အောင် ကြိုးပမ်းလာကြတာပါ။ အွန်လိုင်းစာပေတွေမှာ အဓိက ပြဿနာက တည်းဖြတ်မှုဖြစ်ပါတယ်။ ပုံနှိပ်စာမျက်နှာလိုဆိုရင် မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ အယ်ဒီတာ့စားပွဲကို ဖြတ်ပြီးမှ ပုံနှိပ်ဖော်ပြခွင့်ရမယ်ဆိုတဲ့အခါ အယ်ဒီတာရဲ့ တည်းဖြတ်မှုအခန်းကဏ္ဍကို အသိအမှတ်ပြုဖို့ထက် စာပေစိစစ်ရေး ခေတ်ညဉ့်အတိုင်း ကိုယ် ရေးထားတာတွေကို စိစစ်တားမြစ်မယ့်အဟန့်အတားအဖြစ် မြင်တတ်ကြပါတယ်။ အရည်အချင်းရှိတဲ့ တည်းဖြတ်မှုကို ခံယူခြင်းအားဖြင့် ကိုယ့်စာကို ပိုပြီးကောင်းမွန်အောင် အရောင်တင်ပေးနိုင်တယ်ဆိုတဲ့ အမြင်မျိုး မရှိကြတဲ့အတွက်လည်း အယ်ဒီတာ့စားပွဲကို "စာမူသင်္ချိုင်း" အဖြစ် တွေးထင်တတ်ကြပါတယ်။ ဒီလိုနဲ့ စိစစ်ရေးလည်း ဖြတ်စရာမလို၊ အချိန်လည်းစောင့်စရာမလို၊ စာဖတ်သူနဲ့လည်း တိုက်ရိုက်ထိတွေ့ခွင့်ရှိတဲ့ အွန်လိုင်းမှာ စာရေးတာကို စာရေးသူတချို့က သဘောကျလာတာ မဆန်းပါဘူး။ ဒါပေမဲ့ တည်းဖြတ်မှုဆိုတာ တည်းဖြတ်သူ မရှိတဲ့အခါ ကိုယ်တိုင်က တည်းဖြတ်သူနေရာမှာနေပြီး တည်းဖြတ်မှုတွေ လုပ်ပြီးမှပဲ အများပြည်သူ ဖတ်ရှုနိုင်အောင် ချပြသင့်တယ်ဆိုတဲ့အတွေးက အွန်လိုင်းစာရေးသူတိုင်းမှာ ရှိမနေပါဘူး။

အွန်လိုင်းသမားတွေ ကိုယ်တိုင်က အဲဒီလိုအွန်လိုင်းမှာ ဖော်ပြပြီးသားစာတွေကို ပုံနှိပ်စာမူတွေအဖြစ် မြင်ချင်ကြတဲ့အတွက် စာအုပ်အဖြစ် အသက်သွင်းကြ၊ ပုံနှိပ်မဂ္ဂဇင်း၊ ဂျာနယ်များကိုပို့ကြတဲ့အခါ ပြဿနာဖြစ်ရပြန်ပါတယ်။ တည်းဖြတ်မှုရဲ့ အခန်းကဏ္ဍကို လျစ်လျူရှုနေကျ အလေ့အကျင့်ကြောင့် ပုံနှိပ်မဂ္ဂဇင်း၊ ဂျာနယ်များကို ပို့ကြတဲ့အခါမှာ တည်းဖြတ်သူများရဲ့ အကဲဖြတ်မှုနဲ့ စည်းမျဉ်းစည်းကမ်းတွေကို အွန်လိုင်းသမားတွေ အနေနဲ့ သည်းမခံနိုင်၊ လက်မခံနိုင်ဖြစ်ကြပါတယ်။ စာအုပ်အဖြစ် အသက်သွင်းတဲ့အခါမှာ ပိုလွတ်လပ်မှုရှိတယ်လို့သဘောထားကြကာ ငွေရှိရင် စာအုပ်ဖြစ်သလို၊ မိတ်ဆက်ပွဲလုပ်နိုင်ရင်လည်း မီဒီယာမှာတန်းပြီး လူသိတာမို့ တည်းဖြတ်မှုဆိုတာ ဖြတ်သန်းသင့်တယ်လို့ မထင်တတ်ကြပါဘူး။ ဒါကြောင့် တချို့စာရေးသူတွေဟာ အွန်လိုင်းရော၊ မဂ္ဂဇင်း၊ ဂျာနယ်ကိုပါ မဖြတ်သန်းတော့ဘဲ ငွေတတ်နိုင်တဲ့အခါ ကိုယ့်လက်ရာတွေကို စုပြီးစာအုပ်ဖြစ်အောင် လုပ်တတ်သူရဲ့ လက်ထဲအပ်ကာ စာအုပ်ထုတ်နိုင်တဲ့ စာရေးဆရာ၊ စာရေးဆရာမအဖြစ် ခံယူလိုက်ကြပါတော့တယ်။ ဒီလိုနဲ့ မြန်မာ့စာပေလောကမှာ တည်းဖြတ်မှုနဲ့ တည်းဖြတ်သူရဲ့အခန်းကဏ္ဍဟာ ထာဝရ အားနည်းခဲ့ပါတယ်။

နောက် ပြဿနာတစ်ခုက တည်းဖြတ်မှုဆိုတာ စာပေဖန်တီးရေးသားမှုနဲ့ မတူတဲ့ နောက်ထပ်သီးခြားပညာရပ်တစ်ခုဖြစ်တယ်ဆိုတာကို မရှုမြင်နိုင်ကြခြင်းပါပဲ။ ဒါကြောင့် စာရေးသက်များလာရင် အယ်ဒီတာဖြစ်တယ်ဆိုတဲ့ မူဝါဒကို စာရေးသူများကိုယ်တိုင်က ခံယူလာကြပါတယ်။စာရေးဆရာတစ်ယောက်ရဲ့ အလုပ်သဘာဝနဲ့ အယ်ဒီတာတစ်ယောက်ရဲ့အလုပ်သဘာဝ မတူတာကို ထည့်တွက်သူ အတော်နည်းလှပါတယ်။ ဒီလိုနဲ့ တည်းဖြတ်သူများရဲ့ အရည်အသွေးဟာ သူ့ရဲ့အခန်းကဏ္ဍနဲ့ အချိုးမမျှမှုတွေ အများအပြားပေါ်ပေါက်လာပါတော့တယ်။ စာရေးတတ်၊ ဖန်တီးတတ်တဲ့ အတွေ့အကြုံရှိရုံနဲ့ တည်းဖြတ်မှုအလုပ်ကို ကောင်းကောင်းမွန်မွန် ထမ်းဆောင်နိုင်မယ်လို့ မျှော်လင့်လို့မရတာ သေချာပါတယ်။ ကျွန်မဟာ ကိုယ်တိုင်က နှစ်ဘဝလုံးကို တစ်ပြိုင်တည်းဖြတ်သန်းနေသူမို့ ဒီအလုပ်နှစ်ခုရဲ့သဘာဝကို မျှတစွာနားလည်ပေးနိုင်ပေမဲ့ စာရေးသူအများစုက အယ်ဒီတာတွေ၊ တည်းဖြတ်သူတွေရဲ့ အလုပ်သဘာဝကို နားလည်ပေးနိုင်ဖို့ ခဲယဉ်းတာကို တွေ့နေရပါတယ်။ ဒါ



www.burmeseclassic.com

www.burmeseclassic.com

ကလည်း ငွေရှိရဲ့ အွန်လိုင်း သုံးတတ်ရုံနဲ့ ဘာတည်းဖြတ်မှုကိုမှ ခံယူစရာမလိုဘဲ အဖြူပေါ်အမည်းတင်တဲ့ စာပေတွေ ဖြစ်နိုင်ခွင့်ရနေတဲ့ မြန်မာ့ရေမြေအခြေ အနေကြောင့်ပဲ ဖြစ်ပါတယ်။ ဈေးကွက် ထဲက သုတစာပေစာအုပ်အချို့ ဆိုရင် အဲဒီလိုဘာသုတေသနမှမပါ၊ ဘာတည်း ဖြတ်မှုမှ မရှိဘဲ ကိုယ်ထင်တာ ကိုယ်ရေး ထားတဲ့စာအုပ်တွေ ဖြစ်နေပါတယ်။

စာပေစိစစ်ရေးလို့ခေါ်တဲ့ ပြင်ပ အဖွဲ့အစည်းတစ်ခုရဲ့ စိစစ်အကဲဖြတ်မှု ကို လွတ်လပ်စွာ ပြောဆိုရေးသားခွင့် အပေါ် တားမြစ်ပိတ်ပင်တဲ့အရာအဖြစ် သဘောထားပြီး ဆန့်ကျင်တာဟာ လွတ် လပ်တဲ့ လူ့အဖွဲ့အစည်းရဲ့ ထုံးစံပါပဲ။ အထူးသဖြင့်သက်မွေးပညာရပ်တစ်ခု ကို ဆောင်ရွက်နေကြတဲ့ ပရော်ဖက်ရှင် နယ်သမားဆိုတာ ဘယ်ပြင်ပအစုအဖွဲ့၊ ပြင်ပပုဂ္ဂိုလ်ရဲ့ဝင်ရောက်သြဇာစွက်ဖက် မှုကိုမှ မခံချင်တာ သဘာဝပါပဲ။ ခံယူ စရာအကြောင်းလည်း ဘာမှမရှိပါဘူး။ ဒါပေမဲ့ အသက်မွေးပညာသည်တွေ အနေနဲ့ ကိုယ့်အရည်အသွေးနဲ့ တန်ဖိုးကို မြှင့်တင်နိုင်ဖို့အတွက် ကိုယ်နဲ့ အသက် မွေးပညာတူသူချင်းရဲ့ အကဲဖြတ်စိစစ် အရောင်တင်မှုကို လက်ခံကျင့်သုံးရိုး ထုံးစံရှိပါတယ်။ တစ်နည်းကျင့်ဝတ်ဆို တာနဲ့လည်း ထိန်းကြတယ်ဆိုပါတော့။ ဒီလိုအရည်အသွေးပိုင်းဆိုင်ရာ ခေါင် ခေါင်မြည်ဖြစ်နေမှလည်း ကိုယ့်အသက် မွေးပညာကတုတ်ကျင်းဟာ လုံခြုံမှာပါ။ ဒီလိုမဟုတ်ရင် အဖြူပေါ် အမည်းတင် တိုင်း၊ စာလုံးတွေ ဝေါဟာရတွေကို စီ ထားတိုင်း စာအုပ်၊ စာပေဖြစ်ပါ့မလားလို့ မေးစရာဖြစ်လာနိုင်ပါတယ်။ ဒီအတွက် တည်းဖြတ်မှုနဲ့ တည်းဖြတ်သူ၊ တာဝန်ခံ မှုနဲ့ တာဝန်ခံသူတို့ရဲ့အခန်းကဏ္ဍဟာ မရှိမဖြစ် လိုအပ်တာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မရဲ့အတွေ့အကြုံ တစ်ခုကို ပြောပြချင်ပါတယ်။ ကျွန်မရဲ့ အင်္ဂလိပ်လိုရေးသားတဲ့ စာအုပ်ကို ထုတ် ဝေတဲ့ ပုံနှိပ်တိုက်မှာ အယ်ဒီတာကောင်း တစ်ယောက် ရှိပါတယ်။ သူနဲ့ ကျွန်မ

> အရည်အချင်းရှိတဲ့
> တည်းဖြတ်မှုကို
> ခံယူခြင်းအားဖြင့်
> ကိုယ့်စာကို
> ပိုပြီးကောင်းမွန်အောင်
> အရောင်တင်ပေးနိုင်တယ်
> ဆိုတဲ့အမြင်မျိုး
> မရှိကြတဲ့အတွက်လည်း
> အယ်ဒီတာ့စားပွဲကို
> 'စာမူသင်္ချိုင်း'
> အဖြစ်
> တွေးထင်
> တတ်ကြပါတယ်

လူချင်းမမြင်ဖူးဘဲ အီးမေးလ်နဲ့တည်း ဖြတ်မှု၊ ပြင်ဆင်မှုတွေကိုလုပ်ကြပါတယ်။ အများအားဖြင့် တည်းဖြတ်သူ အယ်ဒီ တာများကို စာရေးသူများက ခေါင်းခဲ စေသူလို့ မြင်တတ်ကြပေမဲ့ သူ့ရဲ့စေ့စပ် သေချာမှု၊ စာမူကောင်းဖြစ်အောင် ဝိုင်း ဝန်းကြိုးပမ်းနေမှုကို ကျွန်မက ကိုယ် တိုင်အယ်ဒီတာလုပ်နေရတဲ့အတွက် အသိအမှတ်ပြုကာ အကောင်းဆုံး ပူး ပေါင်းဆောင်ရွက်ဖြစ်ခဲ့ပါတယ်။ သူဟာ အယ်ဒီတာကောင်းဆိုတာကိုလည်း ခုထိ ယုံကြည်ပါတယ်။ တစ်နေ့တော့ အဲဒီ စာအုပ်ထုတ်ဝေသူနဲ့ ကျွန်မ တွေ့တဲ့အခါ အယ်ဒီတာကောင်းကို ရထားတယ်လို့ ပြောမိပါတယ်။ ထုတ်ဝေသူက ပြန်ပြော တာ သိပ်စိတ်ဝင်စားစရာပါ။ 'ဟုတ် တယ်။ ကျွန်မလေ ကျွန်မရဲ့ထုတ်ဝေရေး လုပ်ငန်းမှာအလုပ်လုပ်တဲ့ လူတွေအားလုံး ကို ကြေညာထားတယ်၊ အဲဒီအယ်ဒီတာ ကျွန်မတို့ဆီမှာ အလုပ်မလုပ်တော့တဲ့နေ့ ဟာ ကျွန်မရဲ့ထုတ်ဝေရေးလုပ်ငန်း အဆုံး သတ်မယ့်နေ့ပဲလို့ ပြောထားတယ်။ သူ မရှိဘဲ ကျွန်မရဲ့တိုက်က စာအုပ်ကောင်း တွေ မထုတ်နိုင်ဘူး။ ဒါကြောင့် သူသာ

ကျွန်မနဲ့ဆက်အလုပ် မလုပ်ရင် ကျွန်မ လည်း ဒီလုပ်ငန်းကို ရပ်ပစ်လိုက်မှာပါ' တဲ့။ အဲဒီထုတ်ဝေသူဟာ ထိုင်းမှာ နာမည်ရထုတ်ဝေသူတစ်ဦးပါ။ သူ့တိုက် ကစာအုပ်ရာထောင်ချီ ထုတ်ရာမှာ ကမ္ဘာ ကျော်စာရေးဆရာတွေအပါအဝင် စာရေး ဆရာ ရာထောင်ချီပြီး ဆက်ဆံနေရတာ ပါ။ ဒါပေမဲ့ သူ အဓိက အားကိုးတာက အဲဒီအယ်ဒီတာတစ်ယောက်တည်းပဲဆိုတာ ကိုကြားရတော့ ကြက်သီးတောင် ထ ပါတယ်။ ဒါကြောင့်လည်း သူ့ထုတ်ဝေ ရေးတိုက်ဟာ ထိုင်းတင်မက အရှေ့တောင် အာရှရော ကမ္ဘာမှာပါ မျက်နှာမငယ် တဲ့တိုက်ဖြစ်နေတာပါ။ ကျွန်မတို့ဆီမှာ တော့ ရောင်းကောင်းတဲ့စာအုပ်များများ ထုတ်တဲ့တိုက်က မျက်နှာပန်းပွင့်ကာ အဲဒီတိုက်မျိုးမှာလည်း အယ်ဒီတာသီးခြား မထားသလိုတစ်အုပ်ချင်းအတွက် တည်း ဖြတ်ပေးသူဆိုတာမျိုးလည်းမထားတတ် ကြပါဘူး။ ဒီအချက်ကို နိုင်ငံတကာ ထုတ်ဝေသူ တွေကြားတိုင်း ခေါင်းတ ခါနဲ့ အံ့သြတတ်ကြပါတယ်။

နောက် ပြောချင်တာတစ်ခုက ထုတ်ဝေရေးတိုက်ဖြစ်စေ၊ မဂ္ဂဇင်း ဂျာနယ်တိုက်ဖြစ်စေ ကိုယ်ပိုင်မူဝါဒ အသီးသီး ရှိကြခြင်းပါပဲ။ ဒါကြောင့် စာရေးသူတွေအနေနဲ့ သက်ဆိုင်ရာတိုက် တွေနဲ့ ဆက်ဆံမယ်ဆိုရင် သက်ဆိုင်ရာ မူဝါဒတွေကို သိအောင် အရင်လုပ်ပြီး သဘောတူလက်ခံနိုင်မှ ဆက်ဆံကြဖို့ပါ ပဲ။ ဥပမာ ရွှေအမြုတေမှာ အွန်လိုင်း ဖြစ်စေ၊ အခြားပုံနှိပ်ဖြစ်စေ ပါပြီးသား တွေကို ထပ်မထည့်ဘူးဆိုတာ တိုက် ပိုင်မူဝါဒဖြစ်ပါတယ်။ ဒါအတွက် မှန် တယ်၊ မှားတယ်ဆိုတာ ဆွေးနွေးစရာ တစ်ခုဖြစ်နိုင်ပေမဲ့ သေချာတာကတော့ သူ့မူဝါဒနဲ့ဆန့်ကျင်ပြီး သူ့စာမျက်နှာမှာ ဖော်ပြမှာ မဟုတ်ကြောင်း ရွှေအမြုတေ နဲ့ ဆက်ဆံသူတွေက သိထားရမှာပဲဖြစ် ပါတယ်။ တိုက်ပိုင်မူဝါဒတွေ ချမှတ် ရာမှာလည်း အကြောင်းပြချက်တွေ ရှိ နေတတ်တာကို သတိထားကြစေချင် တယ်။ ရွှေအမြုတေမှာ ကဗျာထည့်



www.burmeseclassic.com

www.burmeseclassic.com

ဆုပေးတဲ့အခါ ကဗျာဆုထည့်ပေးတော့ ခေဖန်သံတွေထွက်ခဲ့ဖူးပါတယ်။ ဒီနေရာမှာ တာဝန်ခံသူများရဲ့ တာဝန်ခံနိုင်မှုဟာ အကန့်အသတ်ရှိနေတာကို သိတဲ့အတွက် အယ်ဒီတာအဖွဲ့က ကဗျာမထည့်တဲ့မူဝါဒကို ကျင့်သုံးထားတာမျိုးဖြစ်တာကို သတိပြုစေချင်ပါတယ်။ **ဖူးငုံဆယ်ကျော်သက်**(teen) မဂ္ဂဇင်းမှာတုန်းက ကဗျာထည့်ဖို့ ဆုံးဖြတ်ခဲ့ရာမှာ အလုပ်မနိုင်လောက်အောင် စာမူအဝင်များခဲ့ပါတယ်။ ရွှေအမြုတေမှာလည်း ကဗျာသာ ထည့်မယ်ဆိုရင် တည်းဖြတ်သူတွေ အလုပ်မနိုင်ဖြစ်ကာ အချိန်စောင့်ရတာမျိုး၊ အကဲဖြတ်မှုအားနည်းမှာမျိုးတွေ ဖြစ်လာနိုင်တာမို့ တာဝန်ယူနိုင်သလောက်ကိုသာ ယူဖို့ဆိုတဲ့ မူဝါဒအရ မထည့်ကြတာမျိုးပါ။ ဒီလိုပဲ ရွှေအသစ်ကိစ္စမှာလည်း စာမူအဝင်များတဲ့အတွက် ပြန်ကြားချက်တွေကို ထိထိရောက်ရောက် မပြန်နိုင်တာ ရှိပါတယ်။ ဒါကြောင့် ဝင်လာတဲ့စာမူတွေကို စည်းကမ်းချက်နဲ့ ညီမှပြန်ကြားချက်ပေးမယ်ဆိုပြီး ပိုင်းဖြတ်ရတာတွေ ရှိပါတယ်။

အဲဒီပိုင်းဖြတ်မှုထဲမှာ အွန်လိုင်းမှာ ဖော်ပြပြီးသားတွေဆို ရွှေအမြုတေကို မပို့ပါနဲ့ဆိုတဲ့ ပိုင်းဖြတ်မှုဟာလည်း ရွှေအသစ်စာမူအတွက်ဖြစ်စေ၊ ရွှေစာမူအတွက်ဖြစ်စေ အကျိုးဝင်ကြောင်း အသိပေးဖြစ်ခဲ့ပါတယ်။ ဒီနေရာမှာ စာရေးသူတစ်ယောက်နေရာက ကြည့်ရင် တစ်နှစ်မှာ တစ်ပုဒ်၊ နှစ်ပုဒ်လောက်ပဲ ပါနိုင်တဲ့အခွင့်အရေးကို အသားလွတ်ထိုင်စောင့်နေရမှာ မခံချင်စရာဖြစ်ပါတယ်။ ကိုယ့်စာမူတစ်ပုဒ်မွေးဖွားပြီးတာနဲ့ အများရဲ့အကဲဖြတ်မှုကို ခံချင်ကြတာသဘာဝပါ။ ဒါကြောင့် အွန်လိုင်းမှာတင်ရတာက လွယ်သလောက် မြန်ဆန်ကာ စာဖတ်သူတွေရဲ့အသံကို တိုက်ရိုက်ကြားရတဲ့အားသာချက်ကလည်းရှိလေတော့ အယ်ဒီတာ့စားပွဲက အထွက်ကိုရင်ခုန်စောင့်စားမှုတွေ မလုပ်ချင်ကြတော့တာလည်း သဘာဝကျပါတယ်။ ဒါပေမဲ့ ရွှေအမြုတေရဲ့ တည်းဖြတ်သူအယ်ဒီတာများအနေနဲ့ တွေးရတာတွေကတော့ ဒီ့ထက်ပိုပါတယ်။ ကိုယ့်စာဖတ်ပရိသတ်နဲ့ ကိုယ့်ဆီမှာ လက်သွေးလိုသူတွေရဲ့ထက်ဝက်ကျော်ဟာ အွန်လိုင်းသုံးစွဲနိုင်သူတွေ မဟုတ်ကြပါဘူး။ ပြောရရင် ရွှေအသစ်ကို ပို့နေတဲ့ တချို့စာမူရှင်တွေဟာ အတန်းပညာလည်း မြင့်မားလှချည့်မဟုတ်သလို မြန်မာနိုင်ငံရဲ့ ချောင်ကျကျနေရာ တစ်နည်း တယ်လီဖုန်းဆက်သွယ်မှုဧရိယာပြင်ပလိုနေရာမျိုးကနေ ကြိုးစားပြီး စာရေးနေကြသူတွေပါ။ သူတို့အနေနဲ့ ပြန်ကြားချက်ကို ၂ နှစ်၊ ၃ နှစ် စောင့်ခဲ့ဖူးသလို နောက်ထပ် လနဲ့ချီစောင့်ဖို့လည်း ဝန်မလေးသူတွေပါ။ သူတို့အတွက် သူတို့ရဲ့လက်ရာတွေကို ချပြနိုင်မယ့် တခြားနည်းလမ်းလည်း မရှိကြသလို မကြံဆနိုင်ကြတဲ့အနေအထားမှာ ရှိပါတယ်။ စာရေးသူတိုင်းက အင်တာနက်၊ အီးမေးလ်၊ ဖေ့စ်ဘွခ်များကို ကျွမ်းကျင်စွာ သုံးစွဲနိုင်သူတွေ မဟုတ်ကြပါဘူး။ အဲဒီလို အားနည်းချက်တွေ ရှိနေရုံနဲ့ သူတို့ရဲ့စာရေးဆရာဖြစ်ခွင့်ဟာ ဆုံးရှုံးခံလိုက်သင့်တယ်၊ ကြန့်ကြာသင့်တယ်လို့ ကျွန်မတို့ မဆုံးဖြတ်ထိုက်ဘူး မဟုတ်လား။ သူတို့အတွက် ပုံနှိပ်စာမျက်နှာနေရာတစ်နေရာဟာ အသေအချာရှိနေတယ်ဆိုတာ အာမခံပေးနိုင်ဖို့ ရွှေအသစ်ဟာ ကြိုးစားနေတာပါ။ စာမူကို အချောကူးဖို့ စာရွက်ဖိုးနဲ့ စာတိုက်ပို့ခ ရင်းနှီးရဖို့ တောင်ခက်ခဲနေကြတဲ့ မြန်မာနိုင်ငံတစ်နံတစ်လျားက စာရေးသူတွေ၊ စာရေးဆရာဖြစ်ချင်သူတွေ ဒီနေ့ထိ ရှိနေသေးတာကို ရွှေအသစ်စာမူတွေ ဖတ်နေရတဲ့ ကျွန်မ အသိဆုံးပါ။ အဲဒီလူတွေဟာ သူတို့ရဲ့လက်ရာအပေါ် အရည်အချင်းရှိတည်းဖြတ်သူအယ်ဒီတာများရဲ့ တည်းဖြတ်ပံ့ပိုးမှုအပေါ်မှာလည်း သဘောတူကြည်ဖြူ အသိအမှတ်ပြုနိုင်ကြသူတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့အခွင့်အရေးကိုကာကွယ်ဖို့ ကျွန်မတို့အယ်ဒီတာအဖွဲ့မှာ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် အွန်လိုင်းသုံးနိုင်ကြသူတွေ၊ သုံးနေကြသူတွေရဲ့ အွန်လိုင်းတင်ပြီးသားစာမူတွေကို မဖော်ပြခြင်းအားဖြင့် အွန်လိုင်းမသုံးနိုင်၊ မသုံးတတ်တဲ့ စာရေးသူများအတွက် ပေးနိုင်မယ့် စာမျက်နှာတွေ မလျော့ပါးရအောင် အဲဒီမူဝါဒကို သုံးစွဲဖြစ်ပါတယ်။

ရွှေအမြုတေမှာ စောင့်ရကြာလို့ တခြားနေရာပို့တာကို မတားပေမဲ့ အချိန်မီ အသိပေးဖို့ တောင်းဆိုရတာကလည်း စာဖတ်သူများရဲ့ အခွင့်အရေးကို စောင့်ထိန်းပေးချင်တာပါ။ စာဖတ်သူတွေအနေနဲ့ စာမူတစ်ပုဒ်တည်းကို နေရာတကာမှာ ဖတ်နေရရင် သူ့အတွက် နစ်နာတယ်လို့ မြင်ပါတယ်။ ဖော်ပြပြီးသားတွေကို ထပ်မံဖော်ပြတာဟာ စာဖတ်သူတွေရဲ့ မတူကွဲပြားတဲ့စာမူအသစ်များကို ဖတ်ခွင့်ရဖို့ဆိုတဲ့ အခွင့်အရေး ဆုံးရှုံးပါတယ်။ ဒါကြောင့် ဖော်ပြပြီးသားစာမူတွေကို ထပ်မံမဖော်ပြချင်ပါဘူး။

ဒီနေရာမှာ ပြီးခဲ့တဲ့လက ရွှေအသစ်ကိစ္စကို ပြောချင်ပါတယ်။ ကျွန်မဆီကို ဖေ့စ်ဘွတ်ကတစ်ဆင့် အကြောင်းကြားခဲ့တယ်ဆိုတဲ့ ဆရာ နေကောင်းကင်နီရဲ့ အကြောင်းပြချက်ပါ။ စာပို့တဲ့ လုပ်ထုံးလုပ်နည်းနဲ့ ကျင့်ဝတ်အကြောင်း ပြောချင်ပါတယ်။ တစ်ယောက်ယောက်ဆီကို စာပို့တဲ့အခါ အရေးကြီးရင် ကြီးသလို၊ တရားဝင်စေချင်ရင် ဝင်စေချင်သလို အရေးယူဆောင်ရွက်ရတဲ့ ကျင့်ဝတ်နဲ့ ထုံးတမ်းဆိုတာ ရှိပါတယ်။ ဖေ့စ်ဘွခ်စာမျက်နှာရဲ့ သဘာဝဟာ ကိုယ်ပိုင်ဖြစ်ပါတယ်။ အယ်ဒီတာစားပွဲ မဟုတ်ပါဘူး။ ရွှေအသစ်ကိစ္စမှာ စာမူရောက် မရောက်ဖြစ်စေ၊ ပယ်ပေးစေချင်တာ ပြင်ချင်တာဖြစ်စေ တစ်ခုခုလုပ်ချင်ရင် ရွှေအသစ်ရဲ့ တရားဝင်အီးမေးလ်ဖြစ်စေ၊ ဖုန်းဖြစ်စေ၊ လိပ်စာကိုဖြစ်စေ မရရအောင် ရှာဖွေပြီး ဆက်သွယ်ရမယ်ဆိုတာ သင်ကြားပေးစရာမလိုတဲ့ အသိဖြစ်ပါတယ်။ နောက်တစ်ခုစာတွေရဲ့သဘာဝမှာ ကိုယ့်စာကောင်းမွန်စွာ ရောက်-မရောက်၊ ရောက်ပြီးသက်ဆိုင်သူက ဖတ်-မဖတ်၊ သိ-မသိ


www.burmeseclassic.com

www.burmeseclassic.com

တစ်နည်းနည်းနဲ့ စုံစမ်းအဖြေရှာရမယ့် တာဝန်ဟာ စာပို့သူရဲ့ တာဝန်ပဲဖြစ်ပါတယ်။ 'ယခုပေးပို့သော စာရောက်ပါက စာပါအကြောင်းအရာအပေါ် နားလည်သဘောပေါက်ခြင်း ရှိ-မရှိ၊ သဘောတူလက်ခံခြင်း ရှိ-မရှိ အကြောင်းပြန်ကြားပေးစေလိုပါသည်' ဆိုတာ အရေးကြီးတဲ့စာများပို့တဲ့အခါ ထည့်သွင်းရေးသားရတဲ့စာ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ်က စာပို့လိုက်ပြီးဖြစ်ပေမဲ့ ကာယကံရှင်ဆီက တုံ့ပြန်မှု တစ်စုံတစ်ရာ မရခဲ့ရင် ကိုယ့်စာဟာ သူ့ဆီ မရောက်သွားတာဖြစ်စေ၊ သူ မဖတ်မိတာဖြစ်စေ ဖြစ်နိုင်တယ်ဆိုတာ မမေ့စေချင်ပါဘူး။ ကာယကံရှင်ဆီက ကိုယ့်စာကို လက်ခံရရှိကြောင်း၊ စာပါအတိုင်းအရေးယူဆောင်ရွက်ပေးပါမယ်လို့ အကြောင်းပြန်မလာရင် သူက ဒီစာကို မသိမိ၊ မဖတ်မိတာ ဖြစ်နိုင်တယ်လို့ ယူဆရမှာဖြစ်ပါတယ်။ ကိုယ်က သူ့ဆီ စာပို့လိုက်ရုံနဲ့ ကိုယ့်ဘက်က တာဝန်ကျေတယ်ဆိုတာ မရှိပါဘူး။ ကျွန်မဆီ ပို့လိုက်တဲ့စာကို ကျွန်မ ဖတ်မိကောင်း ဖတ်မိပါမယ်။ ဒါပေမဲ့ အလုပ်များနေသူမို့ ခေါင်းထဲမရောက်ခဲ့တာ ဖြစ်ပါမယ်။ သေချာတာကတော့ ကျွန်မဘက်က စာရကြောင်း၊ သူပြောသလို ပယ်ဖို့ လုပ်ပေးမယ်ဆိုတဲ့အကြောင်း စာမပြန်ထားတာဘဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဒီစာပါအကြောင်းအရာနဲ့ပတ်သက်ပြီး ကျွန်မအနေနဲ့ တာဝန်ယူဖြေရှင်းလိုက်ပါမယ်လို့ သူ့ကိုအကြောင်းပြန်မထားခဲ့ပါဘူး။ ဒီအတွက် ကျွန်မ တာဝန်မယူနိုင်ပါဘူး။ စာမူကိစ္စနဲ့ပတ်သက်ရင် စာမူတွေကို ထိန်းသိမ်းသူ သီးခြားရှိတာမို့ တင်ထားတဲ့စာမူကို ပြန်ရုပ်သိမ်းချင်ရင် အဲဒီလူနဲ့ဆက်သွယ်တာက တရားဝင်ဖြစ်ပါတယ်။ ကျွန်မနဲ့မိတ်ဆွေလည်း မဖြစ်တဲ့ဖေ့စ်ဘွတ်ခ်အကောင့်တစ်ခုကနေ စာပို့တာကို အကြောင်းပြန်၊ အရေးယူ ဆောင်ရွက်ဖို့ ကျွန်မ တာဝန်မယူနိုင်ပါဘူး။

ဒါဆို ကျွန်မတို့ အယ်ဒီတာတွေ ဘာတွေ တာဝန်ယူကြသလဲလို့ မေးရမှာပေါ့။ ဆရာဦးဝင်းငြိမ်း၊ ဆရာဦးမျိုးမြင့်ညိမ်းတို့ဟာ ၁၉၈၀ ခုနှစ်ဝန်းကျင်ကစပြီး အယ်ဒီတာ တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ သူတို့လို ဝါရင့်အယ်ဒီတာတွေအနေနဲ့ စာမူတစ်ပုဒ် ကောင်းပြီဆိုရုံနဲ့ တန်းပြီးမသုံးသေးဘဲ နောက်ထပ်ပို့လာတဲ့ စာမူတွေမှာရော ရေးလက်က တည်ငြိမ်မှုရှိသလား။ အကြောင်းအရာစုံ နယ်ပယ်စုံကိုရေးနေရဲ့လား။ ရေးသားပုံ ရေးသားနည်းတစ်ခုတည်းကို ရေလဲသုံးပြီး ရေးနေတာမဟုတ်ဘဲ ဖန်တီးမှုအပြည့်နဲ့ ရေးနေတာလားဆိုတာမျိုး ဝေဖန်အကဲဖြတ်ပြီး စိတ်တိုင်းကျခါမှ ပထမဆုံးရွေးထားတဲ့စာမူကို စ,သုံးတာမျိုး လုပ်ကြပါတယ်။ ကျွန်မအတွေ့အကြုံအရလည်း ရွှေအသစ်တွေမှာ တစ်ပုဒ်လောက်ကောင်းရုံနဲ့ မလွှတ်ပေးချင်သလို ရေးလက်က သုံးနိုင်တဲ့အနေအထား ရောက်နေပေမဲ့ အနုပညာဖြစ်စေ၊ အတတ်ပညာဖြစ်စေ တစ်ခုခုအားနည်းနေသေးရင် မလွှတ်ပေးချင်တတ်ပါဘူး။ အကြောင်းရင်းကတော့ ဒီလောက်နဲ့စာမူပါခွင့်ရရင် ဒီ့ထက်မက အားထုတ်ဖို့အခွင့်အရေးကို စာရေးသူကိုယ်တိုင်က လက်လွှတ်ခံသွားမှာ စိုးရိမ်လို့ပါ။ တစ်နည်းအားဖြင့် ဒီ့ထက်ရေးနိုင်ဦးမယ်လို့ မျှော်လင့်လို့ရတဲ့လက်ကို ဒီလောက်နဲ့ စာမျက်နှာပေါ် မတင်ချင်တာပါ။

ဒီလိုပဲ ဝါရင့်အယ်ဒီတာတွေဟာ သူတို့ရဲ့စာမျက်နှာတွေပေါ်ကို တင်လိုက်တဲ့ကလောင်တစ်ချောင်းနဲ့ပတ်သက်ရင် ဝတ္ထုတိုလောက်နဲ့ မရပ်နေရအောင် အခန်းဆက်ရေးဖြစ်အောင်၊ လုံးချင်းရေးဖြစ်အောင်၊ ပါပြီးသားစာမူတွေကို ရုပ်ရှင်လို အခြားအနုပညာနယ်နိမိတ်ထိ ရောက်သွားအောင် အားပေးကူညီပံ့ပိုးတာတွေကိုပါ လုပ်ပေးကြပါတယ်။ အဲဒီလို လုပ်ပေးတာကိုလည်း တာဝန်တစ်ခုလို သဘောထားလုပ်ကိုင်တာမို့ စေတနာကျွေးလည်း တုံ့ပြန်ခံရဖို့ မမျှော်လင့်ကြပါဘူး။ အခုအချိန်မှာ တော်ရုံတန်ရုံကောင်းတဲ့စာမူတွေကို သိပ်ကြေးမများဘဲ လွှတ်ပေးဖြစ်တာမျိုး ရှိလာတာကို ဝန်ခံရပါမယ်။ ဒါကတော့ အိုင်တီခေတ်မို့ ရေးပြီးပြီးချင်း ဖေ့စ်ဘွတ်ခ်တင်ကာ လိုက်ခ်များများ မြင်ရမှ နေသာထိုင်သာရှိကြတဲ့ ခေတ်သဘာဝကို နားလည်စွာ အတတ်နိုင်ဆုံး မြန်မြန်စာရေးဆရာဖြစ်စေချင်တဲ့အတွက်သာပါ။ အရင်ခေတ်က အချိန်ယူစောင့်ကြည့်ပြီးမှ လွှတ်ပေးတင်ပေးခဲ့တဲ့အတွက် အကျိုးကျေးဇူးကတော့ စာရေးခြင်းကို ဘာမျှော်လင့်ချက်မှ မပါဘဲ နှစ်သက်ခုံမင်ကာ ဘယ်လိုအားပေးမှု၊ လိုက်ခ်မှုမှ မရရင်နေပါစေ ကိုယ့်ဖန်တီးမှု အနုပညာကို သေတစ်ပန် သက်ဆုံး ယုံကြည်စွာ ဆုပ်ကိုင်သွားမယ့် စာရေးဆရာစစ်စစ်တွေ ပေါ်ထွက်ခဲ့ခြင်းပါပဲ။ ဒါတွေဟာ စာရေးသူတွေဘက်က မသိနိုင်တဲ့၊ မတွေးဖြစ်တဲ့ တည်းဖြတ်သူ အယ်ဒီတာများရဲ့ အခန်းကဏ္ဍနဲ့ လုပ်ဆောင်ချက်အချို့သာ ဖြစ်ပါတယ်။

ဒါကြောင့် တည်းဖြတ်မှုနဲ့ တည်းဖြတ်သူအယ်ဒီတာတွေအပေါ် စာရေးသူများရဲ့သဘောထားတွေကို ပြန်လည်သုံးသပ်သင့်ကြပြီလို့ ပြောချင်တာပါ။ အွန်လိုင်းမှာပဲ ရေးရေး၊ ပုံနှိပ်မှာပဲရေးရေး တည်းဖြတ်မှုရဲ့အခန်းကဏ္ဍကို စာရေးသူတွေကိုယ်တိုင်က ဝိုင်းပြီးလျစ်လျူရှုနေကြဦးမယ်ဆိုရင် မြန်မာ့စာပေလောကမှာ စာအုပ်စဉ်မမီတဲ့စာအုပ်တွေ၊ စာရေးဆရာစဉ်မမီတဲ့စာရေးသူတွေ ဆက်လက်ရှင်သန်ရပ်တည်နေကြဦးမှာပဲ ဖြစ်ပါတယ်။ ဒါဆို စာပေလောကစဉ်မမီတဲ့ စာပေလောကဟာ မြန်မာ့စာပေလောကဖြစ်လာမှာ မလွဲပါဘူး။ ကိုယ့်လောကကို ပြင်ပက ပယောဂတွေ မဝင်အောင် ကိုယ့်လောကသားချင်းချင်းက ထိန်းကျောင်းပံ့ပြင်စောင့်ရှောက်ရမှာပဲဖြစ်ပါတယ်။ အဲဒီအတွက် မြန်မာစာပေလောကသားအားလုံး တည်းဖြတ်သူများနဲ့ တည်းဖြတ်မှုရဲ့အခန်းကဏ္ဍကို အခုထက်ပိုပြီး အသိအမှတ်ပြုရှင်သန်သက်ဝင်အောင် ကြိုးစားကြပါစို့လို့ တိုက်တွန်းလိုပါတယ်။

**မသီတာ(စမ်းချောင်း)**

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ဘာကိုစွပြန်မလာရမှာတုံး
ကျုပ်က တော့်မယား မဟုတ်ဘူးလား
ဥဩသံအေးဆိုတဲ့မိန်းမက စင်ပေါ်မှာ က,ရင်းသေမယ့်မိန်းမ
ကျုပ်ကို ဘယ်သူဆွဲချလို့မှ မရဘူး။ လူတကာခဆီမှာ ပိုက်ဆံတွေအပ်ထားပြီး
အလိမ်ခံရတဲ့အထဲမှာ ဥဩသံအေး ဓားစာခံအဖြစ်မခံဘူး
ကျုပ် ပြောလိုက်မယ်။ တော့်မသာမှာ ကျုပ်က ဗျိုင်းတောင်နဲ့ကပြီးမှ
ဇာတ်ခုံပေါ်က ဆင်းမယ်ဆိုသာ မှတ်သာထားတော့



www.burmeseclassic.com



# ခင်ခင်ထူး

## တောမင်းသမီး

အမှတ် ၂၉၉၊ အောက်တိုဘာ၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

အ ခန်း ဆက် ဝ တ္ထု ရှည်

*(ယခင်လမှအဆက်....)*

(၃၄)

*'ပတ်ဗေရယ်ထုံ*
*မုံရွာက ရုပ်သေး။*
*သင့်လျော်အောင် ငွေမပေးလို့*
*ပြန်တော့မယ်လေး'*

ပျော်ဘွယ်မြို့မှာငှားထားသည့်
ဇာတ်တည်ရာအိမ်ကြီးကို
ဦးကျော်ဒိုးအပိုင်ဝယ်ပြီးကတည်းက
ဇာတ်နားရက်ကလေး ရလေတိုင်း
ဥသြသံအေး ရောက်နေရသည်။
တစ်ခါတစ်ရံ
ဦးကျော်ဒိုးမောင်းသည့်ဂျစ်ကားနှင့်
လိုက်ရသလို တစ်ခါတလေတော့
ကားဆရာ မောင်စိုးက ကြိုပြီး
ပို့နှင့်တတ်ပါ၏။ ဦးကျော်ဒိုးက နောက်မှ
လိုက်လာနေကျ။ သည်အိမ်ကြီးမှာ
မင်းသမီးကျကြီး တစ်လက်ထားကာ
အိမ်ဝေယျာဝစ္စတွေ လုပ်ခိုင်းထားသည်။
အိမ်သန့်ရှင်းရေးကအစ
ချက်ရေးပြုတ်ရေးတွေ
လုပ်ပေးရသူဖြစ်သည်။
မင်းသမီးကျကြီးကို
ဘယ်လိုကြောင့်ရယ် မသိ။
မရွဲကြီး ခေါ်ကြသည်။ ရှေးက
ဇာတ်ခုံပေါ်မှာ ရွဲလုံးက
ကခဲ့ရှာလား။
မျက်နှာပေါက်ဆိုးပေသိ
အိမ့်တာလုံသူ
ဖြစ်သည်။
စကားတော့ မေးနိုင်မှ
ပြောတတ်ပါ၏။ မရွဲကြီးက
အိမ်ပေါ်တက်လေ့မရှိ



www.burmeseclassic.com

www.burmeseclassic.com

လင်ကိုယ်မယားနှစ်ယောက်တည်း အပေါ်ထပ်မှာ စိတ်လုံကိုယ်လုံနေနိုင်ကြသည်။ ဦးကျောက်ဒိုးက ဒါမှမဟုတ် ဥသြသံအေးက ဒေါ်ရွှဲကြီးလို့ ခေါ်လိုက်လျှင် 'တော်…ပြော' နှစ်လုံးနှင့် ထူးတတ်သူဖြစ်၏။ ဦးကျောက်ဒိုးကို ဇာတ်ဆရာခေါ်လေ့ရှိပြီး ဥသြသံအေးကိုတော့ မင်းသမီးလို့ခေါ်လေ့ရှိ၏။ တစ်ခါတစ်ရံ ဇာတ်နားရက် သုံး လေးရက်ခြားလို့ ဦးကျောက်ဒိုးမပါပြန်တော့ ဥသြသံအေးနှင့်ဒေါ်ရွှဲကြီး နှစ်ယောက်တည်း နေကြရသည်။

လောကနတ်ဇာတ်အဖွဲ့ထဲမှာတော့ နေ့ချင်းညချင်း ဇာတ်ထောင်နှင့်မင်းသမီးညားတာကို ထူးပြီး အံ့သြကြပုံ မပေါ်ပါ။ သဘင်လောကမှာ သည်လိုကိစ္စက ဖြစ်လေ့ဖြစ်ထရှိတာ ထားတော့။ ဦးကျောက်ဒိုးလိုလူက ဇာတ်ထဲက မိန်းမတစ်ယောက် ယူချင်တဲ့အခါကောက်ယူတာ ဆန်းတာမှ မဟုတ်တာဘဲလို့ သဘောထားကြတာက ပိုပုံရပါ၏။ ညားခါစတုန်းကတော့ ဥသြသံအေးကို ရွှေပေါ်မြတင်ထားခဲ့သည်။ ကျောက်ဘယက်၊ ကျောက်လက်ကောက်တွေဆင်သည်။ မြို့ကြီးတွေရောက်ရပြန်တော့ အထည်အဆင်ဆန်းကလေးတွေဝယ်ပေးတာတွေ၊ ဂျစ်ကားတစ်စီးနှင့် ဘုရားပွဲကျောင်းပွဲလုပ်တာတွေရှိတော့ ညားမိတာတောင် ဟုတ်တုတ်တုတ်ထင်ခဲ့မိသေးသည်။

ဇာတ်ရုံထဲမှာပဲ မင်္ဂလာပွဲအနေဖြင့် ဘုန်းကြီးသုံးပါးဆွမ်းကပ်ပြီး ဇာတ်သူဇာတ်သားတွေကို ဖွယ်ဖွယ်ရာရာ ကျွေးမွေးဧည့်ခံခဲ့သည်။ ဆိုင်းဆရာတွေ၊ ဇာတ်သူဇာတ်သားတွေကို ခဲဖိုးအနေဖြင့် ငွေစက္ကူတွေအထပ်လိုက်ပေးသည်။ မင်းသားရဲတင်းကတော့ နားမလည်သလိုရှိရှာပါ၏။ ပထမရက်က ဂျစ်ကားနှင့်ထွက်သွားကြပြီး နောက်တစ်နေ့ ဇာတ်ကားနှင့် လိုက်လာတော့ ဇာတ်ထောင်နှင့်ညားပြီဆိုတာကို နားမလည်နိုင်ခြင်းဖြစ်သည်။ ဥသြသံအေးကတော့ ဘာရယ်လို့မပြောတတ်ဘဲ ရဲတင်းကို မျက်နှာပူနေမိသည်။ ခွင့်လွှတ်ပါတော့ ရဲတင်းရယ်…။

သည့်နောက်မှာတော့ ရွှေဖိတ်ဖိတ်၊ ငွေဖိတ်ဖိတ် နေရသည့်ရက်တွေအတွင်း ဂျစ်ကားတစ်စီးနှင့် ရွာကို ရောက်ခဲ့ရသည်။ ကားဆရာ ကိုမောင်စိုး လိုက်ပို့ခြင်းဖြစ်၍ ရွာရောက်တော့ ကိုမောင်စိုးက ဘုန်းကြီးကျောင်းမှာ သွားနေမည်ဆို၏။ မင်းသမီးလည်း လွတ်လွတ်လပ်လပ်နေရအောင် ကျုပ်လည်း လွပ်လွပ်လပ်လပ် နေရအောင်ပါလို့ဆိုလို့ ခွင့်ပြုရသည်။

ဥသြသံအေး ဂျစ်ကားတစ်စီးနှင့် အိမ်ဝရောက်လာသည်ဆိုကတည်းက ဂျီးတိုးက ဆီးငိုသည်။ ဆင်တစ်ကောင်လုံးတွေ့မှတော့ ဆင်ခြေရာရှာစရာ မလိုတော့ပြီ။

'မယ်သြရေ, ညည်းပဲဆိုခဲ့သာလေ။ အခါခါ ရပ်ကလာပဝါနဲ့ယမ်းပါလို့၊ ဘာဝနာဆိုသာ ကျုပ်တစ်ခါကမှ မစွမ်းပါကလာ့။ စာကမ္ဗဋ္ဌာန်းရယ်တဲ့ မကျသကို မသာကိုနမ်းပါလို့ ကျုပ်ကငို ဆိုသာလေ။ ဆရာကိုသက္ကအလောင်း မပိုက်ခဲ့ရသူက ခုတော့ ညည်း ဘယ်မသာကိုဖက်ပြီးငိုရသာတုံး။ ဖြစ်ရလေအေ'

'ဂျီးတိုးရယ်၊ စကားနာမထိုးပါနဲ့တော့တော်။ ကျုပ်ရွာကျုပ် လာကြည့်သာပါ။ ကျုပ်အမေ့အိမ်ကလေး ကျုပ် လွမ်းလို့ပြန်လာသာပါ။ ဂျီးတိုးနဲ့သမီးလေး အောက်မေ့လွန်းလို့ ပြန်လာသာပါ။ ကျုပ်ဖြင့်လေ တစ်ရက် တစ်နာရီမှ စိတ်မချမ်းသာပါဘူးဆိုရင် ယုံပါတော်။ သမီးသက်အေးပုံကော ကျောင်းသွားသာလား'

'သွားသယ်၊ ညည်းလာသယ်ဆိုတော့ ဝမ်းသာရှာမှာ။ ငါ ပြေးခေါ်လိုက်ရမလား'

'ခေါ်ချေပါ ဂျီးတိုးရယ်။ ကျုပ်လေ, သမီးကိုတောင် ရှက်ပါရဲ့။ အမေ နောက်လင်ရပြီသမီးရေလို့ ကျုပ်ပြောရတော့မှာလား။ ကျုပ်နှလုံးတွေ မခံနိုင်တော့ပါဘူးတော်'

'မအေဖြစ်ဖြစ် သမီးဖြစ်ဖြစ်ပါအေ၊ ကိုယ့်ဘဝနဲ့ကိုယ့် အကြောင်းဆိုမှတော့ အကြောင်းချင်း ဘယ်တူနိုင်ပါ့မတုံး ဒါပေသိ ညည်းသမီးက သိတတ်နေပြီ။ မလိုရင် မပြောပါနဲ့ဦး အေ။ နောင်မှ ငါတဖြည်းဖြည်းချင်း နားသွင်းပါ့မယ်။ အင်း လေ, ညည်းကို ငါပြောခဲ့သားပဲ၊ အမေ အနောက်မယ်တော်က ပြောသယ်လို့။ ညည်းဆီက လင်နဲ့ရသယ်လို့။ ညည်းလင်ကြည့် ရသာ အကဲမပါလိုက်သာအေ။ လူက နွံ့တဲ့တဲ့မို့ပြောရသာ'

သည်စကားကြားတော့ ဥသြသံအေး အံ့သြရပါ၏။ ညည်းလင်ကြည့်ရသာ အကဲမပါလိုက်သာအေတဲ့။ လူပုံက နွံ့တဲ့တဲ့နဲ့တဲ့။ ဟုတ်ပါရဲ့ ဂျီးတိုးရယ်။ ကျုပ်တို့ဇာတ်ထဲ က,တဲ့ မယ်မစ္စက၊ မောင်မစ္စကတို့လို တစ်ခါတစ်ခါ လင်းနို့၊ တစ်ခါ တစ်ခါ ကြွက်ဖြစ်နေသာ ဂျီးတိုး ဘယ်လိုသိနေသာပါလိမ့်။ တစ်ခါတစ်ခါ မြစ်လောင်းချောင်း၊ တစ်ခါတစ်ခါ ယမားချောင်း။

ဥသြသံအေး မျက်ရည်စို့လာတော့လည်း ဂျီးတိုးက လက်ကလေးကို ဆုပ်ခြေသည်။

'လူဆိုးလူကောင်း ပေါင်းမှသိ၊ ဆန်ဆိုးဆန်ကောင်း ထောင်းမှသိ။ ညည်းအပြစ် မဟုတ်ပါဘူး ငါ့တူမရယ်။ မိန်း ဆိုမှတော့ ဘဝမကုန်သရွေ့ တစ်ကိန်းမကြုံ တစ်ကိန်းကြုံ ကြုံရသာ မဆန်းပါဘူးအေ။ အညာကထွက် ပဲလွမ်းရှက် အောက်ပြည်ကပြန် ကုလားပဲဆန်။ ပဲတစ်မျိုးမျိုးနဲ့တော့ မလွတ်ဘူးအေရဲ့'

သမီးကျောင်းက ပြန်လာတော့ ဝမ်းသာရပါ၏။ ဥသြ သံအေးဝတ်ထားသည့် လက်ကောက်တွေ၊ လက်စွပ်တွေကို ဖြုတ်ခိုင်းပြီး ဝတ်ကြည့်ရှာသည်။ ဂျီးတိုးကို လှမ်းပြောနေသေး သည်။ 'ဂျီးတိုး, အမေက ချမ်းသာသယ်နော်'တဲ့။ ဂျီးတိုးက 'ချမ်းသာလှပေ့ါအေ။ ဂျီးတိုးကို လက်ကောက်တစ်ရန်ပေး ပါဦး' ဆိုတော့ 'မလုပ်ပါနဲ့ ဂျီးတိုးရယ်…အမေက ပွဲကပြ စုထားရသာ'တဲ့။ သမီးခမျာ မအေကိုဖက်ထားရှာပါ၏။ နမ်းရှာပါ၏။ ဥသြသံအေးမျက်ရည်ဝိုင်းနေတာတွေ့တော့ အမေ ငိုချင်နေသာလားတဲ့။ နေရသည့် သုံးလေးရက်မှာတော့ သားအမိ၊ တူဝရီးတစ်တွေ ပျော်ခဲ့ရသည်။ သမီးကို ကိုယ် ကျောင်းလိုက်ပို့ဖြစ်သည်။ အမေနဲ့ ဇာတ်ခုံပေါ် ပြန်လို လား



www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ မလိုက်ချင်ဘူးဆိုလို့ စိတ်အေးမိရသည်။ 'မလိုက်ချင်ပါနဲ့ သမီးရယ်။ အဖေ့လို ပညာတတ်အောင် သင်ပါ။ မင်းသမီးက,မစားချင်ပါနဲ့သမီးရယ်'လို့ ရင်ထဲက ပြောနေမိသည်။ ကိုသက္ကကိုလည်း အထူး အောက်မေ့တသမိရပါ၏။ သူသာရှိလျှင်ဆိုသည့် အတွေးဆီ မရောက်အောင် ထိန်းထားရသည်။ ပြီးခဲ့တာတွေပြီးပြီလို့သာ သဘောထားရတော့မည်။

ဆောက်ပေးထားသည့်အိမ်ကလေးကလည်း ကောင်းလွန်းလှသည်။ သစ်သစ်လွင်လွင် တင်းတင်းတောင့်တောင့်ရှိပါ၏။ ရွာကလည်း ဉသြသံအေး နာမည်ကျော် မင်းသမီးဖြစ်နေတာ၊ ရွှေတွဲလွဲ ငွေတွဲလွဲ ချမ်းသာနေတာကို ဝမ်းသာကြသည်။ ဦးကျောက်ဒိုးနှင့် နောက်အိမ်ထောင်ကျနေတာကိုတော့ ရွာကို မပြောဖြစ်ပါ။ အချိန်တန်လို့ ဂျစ်ကားနှင့်ပြန်ရမည်ဆိုတော့ ဉသြသံအေးက ဂျီးတိုးလက်ထဲပိုက်ဆံတွေ တစ်ထပ်ကြီးပေးခဲ့သည်။ သမီးအတွက် ဆွဲကြိုးကလေးတစ်ကုံးပေးခဲ့သည်။ ဂျီးတိုးကို ထိုင်ကန်တော့တော့ ဆုတောင်းရှာပါ၏။

'အေး, ငါ့တူမကြီး ရတနာသုံးပါးမမေ့နဲ့။ နတ်ကောင်းနတ်မြတ်များနဲ့တကွ အမေ ရွှေကိုင်းမယ်တော်၊ အမေ ဆီးတောမယ်တော်၊ အမေ အနောက်မယ်တော်၊ အမေ လယ်ကိုင်းမယ်တော်၊ မယ်တော်လေးပါး စောင့်ရှောက်ပါစီတော်။သွားလမ်းသာလို့ ပြန်လမ်းချောပါစီ'

'ပေးတဲ့ဆုနဲ့ပြည့်ပါရစီ ဂျီးတိုးရယ်။ ကျုပ်သမီးကလေးသာ စိတ်ချစမ်းပါရစီ။ သမီး အမေ ပြန်မယ်နော်'

'ပြန်တော့၊ အမေပြန်လာရင် သမီးဖို့ ထဘီဝယ်ခဲ့'

'ဘာထဘီပါလိမ့်တော်'

'မင်းသမီးထဘီ'

'အိုအေ အမေ့ကြည့်ပြီး မမောဘူးလား သမီးရယ်။ အေးပါလေ, အမေဝယ်ခဲ့ပါ့မယ်'

ဂျစ်ကားရှေ့ခန်းကထိုင်ပြီး ရွာလယ်လမ်းကဖြတ်တော့ တစ်ရွာလုံးလိုလိုက နှုတ်ဆက်ကြသည်။ တချို့က ဝါခေါင်မိုးတဲ့၊ တချို့က မယ်ဉသြတဲ့။ ဆရာ ကိုမောင်ထီအိမ်နားရောက်တော့ ကားရပ်ခိုင်းပြီး ဝင်ကန်တော့သည်။ ဆရာကိုမောင်ထီလည်း အသက်ရရှာပါပကော။ ဆရာကလည်း ဆုပေးရှာ၏။

လမ်းတစ်လျှောက်လုံး ကားဆရာ မောင်စိုးက စကားမှားမှာ စိုးလို့ထင်ပါရဲ့။ စကားတစ်လုံးမျှ မပြောတာကလည်း ထူးဆန်းပါ၏။ ဉသြသံအေးအဖို့ရာတော့ လူရော ဘဝပါ မြေမျိုခံလိုက်ရသလို အကျုံးကြီးကျုံခဲ့ပြီ။ အခုတော့ သူ့အဖြစ်က 'ပတ်ဗေရယ်ထုံ မုံရွာက ရုပ်သေး××× သင့်လျော်အောင် ငွေမပေးလို့××× ပြန်တော့မယ်လေး' လုပ်ချင်လို့လည်း မဖြစ်နိုင်တော့ပြီ။ သင့်လျော်အောင် ငွေမပေးပေသိ က,ဖြစ်အောင် က,ရတော့မည့် ရုပ်သေးဖြစ်ခဲ့ပြီ။

❑

ပျော်ဘွယ်က အိမ်ကြီးပေါ်မှာ တစ်ယောက်တည်းနေရင်း တစ်ခါက ရွာရောက်ခဲ့ရတာကို သတိရနေမိခြင်းဖြစ်၏။

ညည်းကို
အမေ
ဘယ်မှာ
တွေ့လိုက်သယ်
မှတ်သတုံး
ကျူပင်ရိုးရွာမှာ
နှစ်ယောက်သား
ယောင်
ကျူးကြတော့
ညည်းက
ယောင်ကျူးပြီး
ပြီးချင်း
ဇာတ်ကရာကို
ပြန်ရမှာကိုး
ရင်ကလေး
လျားပြီး
ရေဆင်းချိုးတော့
ညာလက်ပြင်က
လက်
ငါးချောင်းရာလို
တာနီရဲရဲကို
အမေ
လှမ်းမြင်
လိုက်သယ်
ညည်း
ခွဲထားတဲ့
အသည်းပုံ
လော့ကက်သီးကို
အမေ
မြင်သယ်

ဓာတ်ဆရာ လင်တော်မောင်ကတော့ မယားအဖြစ် သိမ်းပိုက်ပြီးကတည်းက အကြောင်းအမျိုးမျိုးပြကာ အဝေးခရီးတွေထွက်နေလေ့ ရှိပါ၏။ မကွေးမြသလွန်ဘုရားပွဲ၊ ပဲခူးရွှေမောဓောဘုရားပွဲ၊ သံလျင်ကျိုက်ခေါက်ဘုရားပွဲ၊ ရွှေဘိုမြို့ထောင့် စေတီပွဲလို ဂေဇက်ရဘုရားပွဲကြီးတွေမှာ မြေနေရာ၊ ဓာတ်ခုံနေရာရဖို့ သွားရသလိုလို၊ ငွေတိုးချထားသမျှပိုက်ဆံတွေပဲ လိုက်သိမ်းနေသလိုလို အကြောင်းတွေပြကာ ထွက်သွားတတ်ခြင်းဖြစ်သည်။ ဒေါ်ရွှဲကြီးကလည်း ဦးကျောက်ဒိုးနှင့်ပတ်သက်လို့ တစ်စွန်းတစ်စပြောဖို့ဆိုတာ ဝေလာဝေးရော။ စကားနည်းလွန်းလို့ တစ်ခါတစ်ခါ စိတ်ပင်တိုရပါ၏။ သို့ပေသိသည် အိမ်ကြီးကို နှစ်ခါက သုံးခါ၊ သုံးခါက လေးခါရောက်ရတော့ စကားနည်းနည်းပါးပါး ပြောဖော်ရလာသည်။ ဉသြသံအေးကလည်း ဒေါ်ရွှဲကြီးအတွက် ထဘီလိုပိတ်စလို လက်ဆောင်ကောင်းလေးတွေ ဝယ်လာတတ်သည်။ ပေးလျှင်တော့ မက်ရှာသည်။

'မင်းသမီး ပေးတာများပြီ၊ ကျုပ်က ဆင်းရဲတော့ ဘာမှပြန်မပေးနိုင်ဘူးရယ်'

'မလိုပါဘူး ဒေါ်ရွှဲရယ်။ ကျုပ်က ဒေါ်ရွှဲကို အဒေါ်လို အမေလို အောက်မေ့လို့ ကန်တော့သာပါ။ လိုချင်သာ ရှိရင်မှာပါ။ ကျုပ်ဝယ်ခဲ့မယ်'

'ဓာတ်ဆရာက ကျုပ်ကို မှာထားသယ်၊ မင်းသမီးကို မဆိုင်သာ မပြောနဲ့တဲ့'

သည်တော့မှ ဒေါ်ရွှဲကြီး



www.burmeseclassic.com

www.burmeseclassic.com

နှုတ်နည်းတာကို သိရခြင်းဖြစ်၏။ ဦးကျောက်ဒိုးက ဘာတွေများ လျှို့ဝှက်ထားတာ ရှိလို့ပါလိမ့်။ ကိုယ့်မယားကို အနီးဆုံးစောင့်ရှောက်သူ ဒေါ်ရွှဲကြီးကို နှုတ်ပိတ်ထားတာကလည်း မတွေးတတ်နိုင်အောင်ပင်။ ပျော်ဘွယ်က တည်းအိမ်ကြီးကို ငှားထားရာက ပွဲကန့်ထရိုက် ဦးဘသန်းနာမည်ခံစေကာ ဝယ်လိုက်သည့်အကြောင်း၊ အိမ်ကြီး၏အနောက်ဘက်ဂိုဒေါင်ထဲမှာ ဇာတ်ပစ္စည်းတွေထားကြောင်း၊ ဦးကျောက်ဒိုး မချမ်းသာခင်က ဘိန်းအလုပ်လုပ်ကြောင်း၊ လောင်းကစားဝါသနာပါသည့်အပြင် အနားမှာ ယောကျ်ားသားတစ်သိုက် အမြဲထားကာ ဒူးတင်ပေါင်တင် သောက်လိုက်စားလိုက်နေတတ်ကြောင်းတွေ သိခဲ့ရသည်။ လောကနတ် ဇာတ်အုပ်ချုပ်သူ ဝေလာပင်လျှင် မင်းသမီး ကြွေဖြူဆိုသူနှင့် တစ်ခါတစ်ခါ လာနေတတ်ကြလို့ ချက်ပြုတ် ကျွေးရတာကအစ မင်းသမီးကြွေဖြူ မကြာခင် ဇာတ်ခုံပေါ်ရောက်တော့မည့်အကြောင်းတွေပါ သိရခြင်းဖြစ်သည်။

တစ်ခါတော့ ပျင်းပျင်းရှိလာလို့ အိမ်ကြီး၏အနောက်ဘက်က ဇာတ်ပစ္စည်းထားသည့် ဂိုဒေါင်ဘက်တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဒေါ်ရွှဲကြီးပေးလိုက်သည့်သော့နှင့် ဖွင့်ပြီး အထဲဝင်လိုက်တော့ ထိုးထိုးထောင်ထောင် ဇာတ်ပစ္စည်းဟောင်းတွေ၊ ဆင့်ထားသည့်ထင်းရှူးသေတ္တာကြီးတွေ၊ ဇာတ်ခုံအပြင်အဆင်တွေမှာသုံးသည့် သံတိုင်သံကိုင်းကြီးတွေ၊ ဆိုင်းဟောင်းပတ်လုံးဟောင်းတွေ၊ နန်းပလ္လင်တွေ၊ အော်ပရာသုံး ဘီးတပ်လှေတစ်ခြမ်း ဖောင်းကြီးမှာ ရွက်တိုင်ကြိုးတွေ တန်းလန်းကျလို့။ နံရံမှာ ထောင်ထားသည့် ပတ္တူစအလိပ်ကြီးတွေကတော့ တောကားတောင်ကား နန်းကားပန်းချီတွေ ဖြစ်လောက်သည်။ တစ်နေရာမှာတော့ ဖုန်ချိုးတက်နေသည့် ဆိုင်းပစ္စည်းခွေတွေအချပ်လိုက် နံရံမှာ ထောင်ထားတာ တွေ့သည်။ ပန်းပြားကြီးတွေက လှလိုက်တာ။ ဇာတ်ကြီးဆယ်ဘွဲ့ဇာတ်တော်ရုပ်တွေ အလယ်မှာ ထွင်းထားသည့် ဆိုင်းပန်းပြားတွေကိုကြည့်ရင်း ဥသြသံအေးတစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရလိုက်သည်။ စိတ်ထဲကပင် ပြောနေမိပါ၏။

'သည်ပန်းပြားတွေနဲ့ဆိုင်းက အဖေ သီလဇာတ်က ငှားဖူးတဲ့ဆိုင်းပန်းပြားတွေနဲ့ တူလိုက်သာ။ သည်လိုဇာတ်ကြီးဆယ်ဘွဲ့ရုပ်တွေထွင်းထားတဲ့ ပန်းပြားတွေနဲ့ဆိုင်းကို လိုချင်ကြလွန်းလို့ဝယ်သာတောင် အဖေ သီလတို့က မရောင်းခဲ့ဘူး။ သြော်… ဟုတ်ပြီ'

ဥသြသံအေး ဂိုဒေါင်ကြီးထဲက ပြန်ထွက်လာခဲ့သည်။ ဒေါ်ရွှဲကြီးကို စကားတောက်ကြည့်တော့ ဇာတ်ဆရာ၏ လူယုံတစ်ယောက်က မသန်းရီဆိုတဲ့ မိန်းမဆီက ဝယ်လာတာ၊ ဝယ်ပြီးကတည်းက ဂိုဒေါင်ထဲ ထိုးထားတာပဲတဲ့။ သည်စကားကြားတော့ ဥသြသံအေးအဖို့ရာ မိုးကြိုးပစ်လိုက်သလို ဖြစ်ခဲ့ရသည်။ လက်စသတ်တော့ ရှုပါရုံသက်အေးပုံဇာတ်က ငှားထားသမျှ ပစ္စည်းတွေကို နောက်ကွယ်က ဈေးကောင်းပေးဝယ်သူဆိုတာ ဦးကျောက်ဒိုးပါလား။ အမေ သန်းရီကတော့ ဦးကျောက်ဒိုးလို့ မပြောခဲ့။ တကယ် မသိလို့လည်းဖြစ်နိုင်သည်။ ဇာတ်ထောင်တစ်ယောက်က ဝယ်ချင်သာပါအေလို့သာ ဆိုခဲ့သည်။ ဥသြသံအေး ဇာတ်ရည်လည်ပြီ။ ဥသြသံအေး ထောင်ထားသည့် ရှုပါရုံသက်အေးပုံဇာတ်ကို အကွက်ကျကျ တစ်စချင်း ဖွဲ့ခြွေခဲ့ခြင်းသာပင်။ သည်လိုဆိုလျှင် သူ့ဇာတ်က ဇာတ်စာရင်းကိုင် ကိုကြာဖေ ထွက်ပြေးတာကလည်း ဦးကျောက်ဒိုးပယောဂတွေ ပါနိုင်တာပေါ့။ ကိုသက္ကရှိစဉ်ကတည်းက ချေးထားသမျှ အတိုးရောအရင်းပါ အဆပ်မခံတာကလည်း သဘောရိုး မဟုတ်ခဲ့ပြီကော။ ရွာကအိမ်ကလေးကို ပြင်ဆောက်ပေးချင်လို့ဆိုတာကလည်း ဂျီးတိုးနှင့် သမီးကလေးကို အနားမှာ မရှိစေချင်လို့ တစ်ဖက်လှည့် ထုတ်လိုက်ခြင်းသာ။ ဂျီးတိုးနှင့်သမီးမရှိတော့မှ ဥသြသံအေးကို သိမ်းပိုက်ရတာလွယ်မှာ မဟုတ်လား။ ဥသြသံအေးအဖို့ရာ ကိုယ့်ချွေးနဲ့စာကလေးနှင့်ထောင်ထားသည့်ဇာတ်ကို အရင်းပြုတ်သွားအောင် အဘက်ဘက်က ရည်ရွယ်ချက်ရှိရှိ ကြိုတင်စီမံထားခဲ့တာ သေချာပြီပေါ့။ ဥသြသံအေးကို ညွှတ်ကွင်းထောင်ဖမ်းတာ သေချာပြီပေါ့။ ဖဲသမားဆိုတော့ လိုချင်တဲ့ဖဲကျအောင် ချီးသွားခဲ့တာ သေချာပြီပေါ့။

'ဒေါ်ရွှဲကြီး'

'တော်…ပြော'

'လောကထဲ ကျုပ် နေဖို့မကောင်းတော့ပါဘူးတော်။ ကျုပ်လေ ကျုပ်သမီးကလေးသာမရှိရင်… ကျုပ်၊ ကျုပ်'

ဒေါ်ရွှဲကြီးက ပြတင်းပေါက်နားမှာရပ်နေသည့် ဥသြသံအေး၏ပခုံးကို ဖက်ထားရှာသည်။ စိတ်လိုက်မာန်ပါ တစ်ခုခု လုပ်လိုက်မှာကို စိုးရှာပုံရသည်။ ထိုညက ဥသြသံအေးအပါးမှာ ရှားရှားပါးပါးအိပ်လေ၏။

လွန်ခဲ့သည့် ရှစ်လကာလ ဦးကျောက်ဒိုးနှင့် ညားရပြီးကတည်းက ဥသြသံအေးအဖို့ရာ ကောင်းကင်မှာ လေမိနေသည့် လေတံခွန်လို စိတ်ကိုလွှင့်ထားခဲ့ရပါ၏။ တစ်ခါတစ်ခါ ကိုယ့်ဘဝကိုယ် ငုံ့ကြည့်မိတာတော့ ရှိသည်။ ဘဝရဲ့ ဘယ်လှေကားထစ်မှာ သူ ရပ်မိနေသလဲ။ အတန်အသင့်မြင့်သော နေရာမှာရှိနေတာတော့ သေချာသည်။ မျောက်တွေက မြေကျဲ့မှာကြောက်လို့ တစ်ည သုံးခါ မြေကြီးကိုဆင်းစမ်းကြသတဲ့။ တစ်တီတူးငှက်တွေကတော့ ကောင်းကင်ပြိုမှာကြောက်လို့ ခြေထောက်နှစ်ချောင်းထောင် အိပ်ကြသတဲ့။ ဟုတ်လေသလား၊ မဟုတ်လေသလားမသိ။ ဥသြသံအေးအဖို့ရာတော့ကော။ ယူထားမိပြီဖြစ်တဲ့လင်က မြေကျဲ့နိုင်သည့်လင်လား မိုးပြိုနိုင်သည့်လင်လား။ ခုချိန်ထိ နားမလည်နိုင်။ သည်ရှစ်လကာလအထိ ဘယ်မယားကမှ လိုက်လာတာမျိုး မရှိကာထား ဦးကျောက်ဒိုး၏ ယောက်ဖတော်သူ ဝေလာကလည်း သူ့အထုပ်နှင့်သူဆိုတော့ ယောက်ဖဇာတ်ထောင်နှင့်ပတ်သက်လို့ အလိုတူအလိုပါ ငြိမ်ချက်သားကောင်းလှသည်။ ဥသြသံအေး



www.burmeseclassic.com

www.burmeseclassic.com

တို့ လောကနတ်ဇာတ်မှာ က,နေကျ '**ရွာလယ်ကောင် ခုတင်ကြီးမှာ**' အော်ပရာထဲကစာလို '*ထုပ်သားငယ်မှ မခိုင်။ ထုပ်တိုင်ငယ်မှ ပိုးထိုး၊ အလယ်ကောင် ဖောင်ဖောင်ကျိုးလို့*' ဆိုတာလို ပိုးထိုးခြကိုက် ထုပ်လျှောက်ပေါ်မှာ လျှောက်ရသည့် ရွာကာလသား စောင်းသမားလို ဘယ်အချိန် ကျိုးကျပ့်မလဲ ဆိုတာမျိုးခံစားနေရသည်။ လောကနတ်ဇာတ်မှာ နာမည်ကြီးသမျှ ဇာတ်ထုပ်ဇာတ်ခန်းမှန်သမျှ ဉသြသံအေးနှင့် မကင်းနိုင်။ အော်ပရာမှာ၊ ပြဇာတ်မှာ၊ ဇာတ်ခုံပေါ်က '**တစ်ပင်တိုင်အငြိမ့်ခန်း**'မှာ ဉသြသံအေးကို လူကြိုက်များလာခဲ့သည်။ ဇာတ်ပွဲချီအရ ဝင်သမျှပိုက်ဆံ ဦးကျောက်ဒိုးက လုံးကြီးခဲရ အိတ်ထဲကောက်ထည့်ရုံပင်။ ဒါကြောင့်လည်း ဉသြသံအေးကို အပိုင်မွေးခဲ့တာပေါ့။ အကြံကြီးပါပေ့တော်။

အခုတော့ ငိုချင်းတစ်ပုဒ်ထဲကလို '*ရှောင်မျက်ခွာတယ်လေ××× ကြောင်လက်မှာ ကြွက်သူငယ် ရောက်သလိုပ××× လွတ်ရက်ကယ် ဘယ်မမြင်နိုင်သပ××× မရှင်ပျနိုင်ဘု*' ဆိုသလို ဝဋ်ကြွေးရှိသမျှ ခံရဖို့သာ ရှိတော့သည်။

❑

တစ်ရက်မှာတော့ ဇာတ်ထဲကို မင်းသမီးနှစ်လက်ရောက်လာခဲ့သည်။ တစ်လက်က နှစ်ရှည်လများကတည်းက သူကိုယ်တိုင်ခေါ်ချင်ခဲ့သည့် မင်းသမီးကြီး အမေရွှေဆံထိုးဖြစ်၍ တစ်လက်ကတော့ ငယ်ဘဝတစ်ကွေ့ တစ်ခါက သူ့ကို ရန်ရှာခဲ့ဖူးသည့် မင်းသမီး ကြွေဖြူဖြစ်သည်။ ကြွေဖြူကို ဝေလာက ဇာတ်ခုံပေါ်ခေါ်တင်လာခြင်းဖြစ်၍ အမေ ရွှေဆံထိုးကိုတော့ ဦးကျောက်ဒိုးကိုယ်တိုင် တပည့်တစ်ယောက်ကို ရှာခိုင်းပြီး ခေါ်ခဲ့စေခြင်းဖြစ်သည်။ အမေ ရွှေဆံထိုးကို အခေါ်လွှတ်လိုက်သူနှင့် အမေ ရွှေဆံထိုးတို့ တောကျောင်းကြီး အနောက်ဘက်ရွာမှာ တည့်တည့်ကြီး ဆုံမိကြတာကလည်း လူ့ပြည်က အပ်နှင့် ဗြဟ္မာ့ပြည်ကအပ်နှစ်စင်း ထိပ်ချင်းဆိုင်မိသလို ရှားရှားပါးပါး ကံကောင်းခြင်းဖြစ်၏။

'ငါက ကိုယ့်အသက်အရွယ်နဲ့ ဇာတ်ခုံပေါ်တက်စရာအကြောင်းမရှိတော့ပါဘူးအေ။ ဇာတ်တွေကခေါ်ကြသားပဲ။ ငါကိုယ်က မတက်ချင်လို့မှ ရွာရိုးကိုးပေါက် စိတ်ထဲပေါ်ရာ လှည်းတစ်စီးငှားပြီး လျှောက်သွားနေသာကြည့်တော့။ ဇာတ်စိတ်ကုန်ပါပြီအေ။ အခုဟာက ညည်းပေးလိုက်တဲ့စာရလို့ ငါကောက်ခနဲ လိုက်လာသာ။ ညည်းတို့ဇာတ်က တစ်နယ့်တစ်နယ်ကူးနေရသာဆိုတော့ ညည်းနောက်လိုက်ချင်ပေသိ ဘယ်လိုက်ရမှန်းမှ မသိသာအေ။ ကိုင်း ပြော, ငါ့ ခေါ်သာဘာတုံး။ ဇာတ်ထဲ ငုတ်တုတ်ထိုင်ရမှာလား'

'မထိုင်ရပါဘူး အမေရယ်။ ကျုပ် မှန်သာပြောရရင် အမေလို ကြီးတော်လိုတစ်ယောက်ကို အနားရှိစေချင်သာရော၊ အမေ့ပညာတွေ ဇာတ်ထဲက မင်းသမီးတွေရစေချင်သာရော ကြောင့် ခေါ်လိုက်သာပါ။ အမေ့ကို စောင့်ရှောက်ချင်သာလည်း ပါ,ပါသယ်'

အဘ ပေဖူးကတော့ အမေ ရွှေဆံထိုးဇာတ်ထဲ ရောက်လာတာကို တန်ဖိုးကြီးလေခြင်း အောက်မေ့သူဖြစ်သည်။ ဦးကျောက်ဒိုးက ဉသြသံအေးကို နင် ခေါ်ချင်တဲ့လူရှိရင် ခေါ်လေ၊ ဝေလာလည်း ဇာတ်အတွက် လူခေါ်မယ်ပြောတယ် ဆိုတာမျိုး တစ်ခါက ကတိပေးဖူးသည်။ ထိုကတိကြောင့်ပဲလား၊ တခြားအကြောင်း ရှိလို့ပဲလား။ ဉသြသံအေး ရှာခိုင်းသည့် မင်းသမီးကြီး ရွှေဆံထိုးကို ခေါ်လိုက်ရပေသိ မက်မက်စက်စက် ရှိပုံတော့မရ။ တစ်ခါတော့ အဘ ပေဖူးရှေ့မှာ မိန်းမအိုကြီး ညကြေးပေး ခေါ်ထားရတာ မဟုတ်သေးပါဘူးဗျာလို့ ညည်းသည်။ တစ်နှစ်တစ်ဝါ ထားကြည့်လို့ ဟန်မကျတော့လည်း မောင်းထုတ်ရုံပေါ့လို့ ခပ်ရိုင်းရိုင်းပြောသည်။ အဘ ပေဖူးက သည်စကားကို လက်မခံ။

'မောင်ကျောက်ဒိုးရဲ့, ဇာတ်တိုင်းမှာ နတ်နေကိုင်းမင်းသမီးကြီးတစ်လက်ရှိရသာမျိုးပဲကွယ့်။ အဖိုးတန်ပါဘိသနဲ့။ ဉသြသံအေးကလွဲလို့ မင်းဇာတ်ထဲက မင်းသမီးတွေက ကျီးကန်းတွေလို အမျက်စောင်မာန်ကြီးသာနဲ့၊ အသံကျယ်သာရှိသာ။ ဘယ်ဟာမမှ ပညာမပါကြဘူး။ မင်းသမီးကြီးတစ်လက် အုပ်အုပ်စီးစီးရှိတော့ သင်ပေးနိုင်သယ်၊ လိုသာဖြည့်နိုင်သယ်။ ငါ လိုက်ခဲ့တဲ့ဇာတ်တွေထဲမှား မင်းသမီးငယ်တွေ အချိုးမကျရင် အထိုင်မင်းသမီးကြီးက ဖိနပ်နဲ့တောင် ချွတ်ရိုက်သာ။ မင်းခေါ်လိုက်သာမှန်ပ့ါဗျာ။ မင်းဇာတ်က ဟိတ်သာရှိသာ ပညာပြည့် မင်းသမီးနည်းသယ်'

'ခင်ဗျားပြောသလိုတော့ မပြောတတ်ဘူးဗျာ။ ဒါပေသိ မင်းသမီးကြီးက တစွပ်စွပ် သောက်တတ်သယ်ကြားသယ်။ အရက်သောက်နေမှတော့ သူ့ ဘယ်သူက လေးစားမှာတုံး'

'မင်းဇာတ်ထဲမှာ ဘယ်အကောင်ကတော့ အရက်နဲ့ကင်းလို့တုံး ငါ့တူရဲ့။ ဒါက သူ့ကိစ္စ၊ သူ့ဝဋ်ကြွေးပါ။ နို့ဖြင့်, မင်းသမီးကြီးကို မလိုချင်ဘဲနဲ့ ဘာကိစ္စ ရှာဖွေပြီးခေါ်လာတာတုံး'

'ကျုပ်မခေါ်ရင် သည်အဘွားကြီးကို သူများတွေခေါ်ဖို့ လုပ်နေကြလို့ပေါ့ ဆရာဖူးရဲ့။ မယ်သြ ခေါ်ချင်တာလောက်နဲ့တော့ ကျုပ်က ဘယ်ခေါ်ပ့ါမတုံး။ အခုက ကျုပ် မခေါ်ရင် တခြားဇာတ်တွေက ခေါ်ကြတော့မှာဗျ။ ဒါမျိုးတော့ ကျုပ်က အတင်စီးမခံချင်ဘူး။ ဇာတ်ထဲရောက်မှ ပလိုင်းထဲ ထည့်ထားရထားရ။ သူများ ရမသွားရင်ပြီးရော'

ဦးကျောက်ဒိုးမှာ အဲသလိုစိတ်မျိုးရှိသည်။ တခြားဇာတ်တွေက အသည်းအသန်လိုချင်နေသည့် ဇာတ်စန္ဒရားဆရာတစ်ယောက်ဆိုလျှင် ညကြေးကောင်းကောင်းပေး ခေါ်ထားပေသိ သူ့ခမျာ တီးရသည်မရှိ။ နဂို စန္ဒရားဆရာဟောင်းကိုသာ တီးခိုင်းသည်။ သည်တော့ နောက်ထပ်ခေါ်ထားသည့်စန္ဒရားဆရာခမျာ ဇာတ်ထဲမှာ ငေါင်းစင်းစင်းအချိန်ကုန်ရတော့သည်။ မင်းသား ရဲတင်းပဲကြည့်။ တကယ်တမ်းဆိုလျှင် ဦးကျောက်ဒိုးကိုယ်တိုင် နှလုံးမျက်နေတာကြာပြီ။ တခြားဇာတ်



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/ –)နှုန်းနှ
ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း၀၇၂–၂၂၀၃၄၊၀၇၂–၂၁၅၄၁၊၀၉–၆၄၆၁၆၉၉၊၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ)ဖုန်း၀၉–၉၁၀၂၁၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း၀၉–၇၃၂၀၂၈၁၀)၊
ဒေါ်ယဉ်သန်း(အမှတ်၁၊ ငွေကြာရံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း၀၉–၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း၀၉–၅၁၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁–၂၂၀၅၁၉၊၀၉–၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း၀၁–၅၁၉၅၀၉၊၀၉–၇၃၁၀၉၁၁၄)
ဒေါ်စန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၅၂၂၇၂၊၀၉–၅၀၀၂...
ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း၀၁–၂၃၀၀၄၂၇၊၀၁–၂၃၀၀၄၂၈)
ကလျာမဂ္ဂဇင်းတိုက်(ရုံးချုပ်)(အမှတ် ၁၆–၀ထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း၀၁–၂၉၀၁၇၆)

## မျက်စိတိုးချဲ့ဆောင်အတွက်လှူဒါန်းကြသောအလှူရှင်များစာရင်း

| | |
|---|---|
| ၁။ ဒေါ်သန်းမြင့်(တိုယိုတာပလတ်စတစ်)မိသားစု။<br>အမှတ် ၄(ခ)သဇင်လမ်း၊ လှိုင်ရတနာအိမ်ရာ။ ရန်ကုန်မြို့။ | ၆၅,၀၀,၀၀၀/-<br>(ခြောက်ဆယ့်ငါးသိန်း) |
| ၂။ ဦးသွင်+ဒေါ်အုံးညွန့်တို့အား ရည်စူး၍ ဦးခင်လေးမောင်+ဒေါ်ရီရီမြင့်<br>(သမီး)ကိုဥက္ကာ+မရွှေရည်လေးမောင်၊ (သား)ဟိန်းထွန်းအောင်၊<br>(မြေး) သွန်းရွှေရည်လင်းမိသားစု။ ရွှေဗိမာန်သက်န်းတိုက်၊ ၃၃ လမ်း၊<br>၈၅–၈၆ ကြား၊ မန္တလေးမြို့။ | ၆၅,၀၀,၀၀၀/-<br>(ခြောက်ဆယ့်ငါးသိန်း) |
| ၃။ ဗိုလ်မှူးကြီး ဦးဘရွှေ(ငြိမ်း)နှင့်ဒေါ်မြသိန်းတို့အား ရည်စူး၍<br>(သမီး)ဒေါ်ခင်မြရွှေ(ဒု-ညွှန်မှူးငြိမ်း)၊ ဒေါ်ခင်မြလွင်မိသားစုကောင်းမှု၊<br>ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။ | ၆၅,၀၀,၀၀၀/-<br>(ခြောက်ဆယ့်ငါးသိန်း) |

www.burmeseclassic.com

www.burmeseclassic.com

၄။ မိခင်ကြီး ဒေါ်ကျင်မိုး(သား)ဦးကျော်မိုးသူ+ဒေါ်ခင်ချိုမာ(မြေး)မမိုးအိအိကျော်၊
ဗိုလ်ကြီး မိုးပြည့်စုံကျော်၊ မောင်လင်းထက်သူ၊ (မြစ်)မောင်လင်းပြည့်ကျော် မိသားစု
ကောင်းမှု၊ အမှတ် (၄၈)၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၆၅,၀၀,၀၀၀/- (ခြောက်ဆယ့်ငါးသိန်း)

၅။ ဦးသွင်+ဒေါ်အုံးညွန့်တို့အား ရည်စူး၍ ဦးငွေအောင်ကြည်ဝင်း+ဒေါ်ရီရီတင့်
(သွင်စက်မှုလက်မှုနှင့်ဂိုးစတားပိန့်အိတ် ရောင်းဝယ်ရေး)
၃၃ လမ်း၊ ၈၅-၈၆ ကြား၊ မန္တလေးမြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၆။ မန္တလေးနို့ချက်စက်ရုံဒါရိုက်တာ ဦးစိုးလင်း+ဒေါ်အေးအေးကြိုင်၊
(သမီး)အေးမြတ်စိုး၊ အေးသီရိစိုးမိသားစု(စိုးမဟာကုမ္ပဏီ)
၆၈ လမ်း၊ ၂၇ လမ်းထောင့်၊ မန္တလေးမြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၇။ ဦးဝင်းနိုင်+ဒေါ်အုံ့ယဉ်(ခ)ဒေါ်အေးနွမ်းစံ၊ သားသမီးများဖြစ်ကြသော
မောင်မြင့်စိုး+မစိုးစိုးလှိုင်၊ မခင်မျိုးသူ၊ (မောင်)ကျော်ခန့်သူ(ကောင်းကျောက်မျက်
ကုမ္ပဏီ)မိသားစု၊ ၃၄ လမ်း၊၈၅-၈၆ ကြား၊ မန္တလေးမြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၈။ ဦးချစ်ခင်+ဒေါ်ငွေရင်တို့အား ရည်စူး၍(သမီး)ဒေါက်တာအေးအေးခင်၊
ဒေါက်တာ လေးလေးခင်၊(သား) ဒေါက်တာ မောင်မောင်ခင်မိသားစု၊
အမှတ် (၈)အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၉။ (ဦးရှိန်မြင့်)+သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ၊ ဂုဏ်ရှိန်မြင့်)
မိသားစု၊ အမှတ် (၉၈)ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၁၀။ ဒေါက်တာ နေဇင်လတ်(နိုင်ငံတော်သမ္မတအကြံပေး)+ဒေါ်ခင်စန်း၊
သားသမီးမြေး မိသားစု (AMBO Hotel Group, AMBO Co.ltd)
အမှတ် (၈၁-အေ)၊ စုပေါင်းလမ်း၊ အင်းယားမြိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၁၁။ ဦးညွန့်မောင်+ဒေါ်ရင်မေ(ရွှေဘုံစံ)မိသားစုကောင်းမှု၊
အမှတ်(၁) ရပ်ကွက်၊ မတ္တရာမြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၁၂။ ဦးမောင်မောင်ခင်+ဒေါ်ခင်ညိုမိသားစု၊
အမှတ်(၁၀၃)တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၁၃။ ဦးကာ+ဒေါ်အုံးခင်(ညီမ) ဒေါ်ငြိမ်းရင်၊ ဒေါ်ငြိမ်းတင်၊ (သား)ဦးဘငွေ၊
(သမီး)ဒေါ်သန်းညွန့်၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်ခင်အေး၊ (မြေး) မအေးအေးငြိမ်း၊
(မြစ်)လမင်းချစ်တို့ကောင်းမှု၊ တိုက်အမှတ် (၃၈)၊ သင်းနှံ့လက်ဖက်ပွဲရုံ၊
၂၉ လမ်း၊ ၈၄-၈၅ ကြား၊ ဝါးတန်းရပ်၊ ဈေးချို၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၁၄။ ဘိုးဘွားများဖြစ်ကြသော ဦးဘခင်(ရဲဝန်ထောက်)+ဒေါ်ညွန့်ညွန့်နှင့်
ဦးစန္ဒား+ဒေါ်စာပွင့်(တိုက်ကြီးမြို့)၊ မိဘများဖြစ်ကြသော ဦးလှထွန်း+ဒေါ်တင်နွယ်
အား ရည်စူး၍ ဦးရွှေဝင်း+ဒေါ်မျိုးနွယ်နွယ်ထွန်း၊ (သမီး)ရွှေရည်နွယ်ဦး၊ ချစ်ဆုရည်ဝင်း၊
(သား)ထက်တေဇဝင်းမိသားစု၊ Rio Shipping Bangkok.
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

၁၅။ ဦးထွန်းနေဦး+ဒေါ်ခင်ချိုချို မိသားစုကောင်းမှု၊ တာချီလိတ်မြို့။
၅၀,၀၀,၀၀၀/- (သိန်းငါးဆယ်)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

တွေက ရဲတင်းထွက်လာတာနှင့် အပြိုင်အဆိုင်ကောက်ကြ တော့မှာကိုသိလို့ နှင်မထုတ်သေးဘဲ မေးထားခြင်းဖြစ်သည်။ ဘာပဲဖြစ်ဖြစ် တစ်ခါက သူ ခေါ်ခိုင်းဖူးလို့ဖြစ်စေ၊ တခြားဇာတ် တွေကလိုက်ရှာနေတယ်ကြားလို့ မလိုတမာခေါ်လာသည်ဖြစ် စေ အမေ ရွှေဆံထိုး ရောက်လာတာကိုပဲ ဥသြသံအေး ဝမ်းသာ မိရပါ၏။

အမေ ရွှေဆံထိုးရောက်လာခါစက မင်းသမီးတွေက မကြည်သာကြပေသီ အော်ပရာတွေ၊ ပြဇာတ်တွေနောက်ပိုင်း တွေ ကကြတာကိုကြည့်ပြီး အငင်အထွက် လေယူလေသိမ်း မျက်နှာမူမျက်နှာရာကအစ ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်လေ၊ ဇာတ်သီချင်းတွေအဆုံး စိတ်တိုင်းမကျမချင်း ပြင်ပေးလာတော့ တစ်စတစ်စ လေးစားလာကြသည်။ မထင်လျှင်မထင်သလို ပျစ်ပျစ်နှစ်နှစ် ဆဲတတ်တာကို ကြောက်ကြသည်။

'ညည်းတို့ သည်လောက်ပညာနဲ့ ဇာတ်ခုံပေါ်တက်သာ ကို ငါ အံ့သြသာ။ ဆေးလိပ်ခုံမှာဆေးလိပ်လိပ်တဲ့ ဆေးလိပ် သမတွေတောင် ဇာတ်ကြည့်နာကြလွန်းလို့ ညည်းတို့ထက် တတ်ကြသေး။ ညည်းက ငိုချင်းဆိုသာတော့ ဟုတ်ပါရဲ့။ သရုပ်က တောသူ၊ ဘုရင်ကမှောက်မှားလို့ တောမှာ ကျန်ရစ်ခဲ့ ရုံရှိသေး တိုင်းတော်ပြည်တော်က လင်ရှင်ဘုရင်ကို လွမ်းလို့ ငိုသာများ တောင်ညာစ် မိဖုရားကြီး ငိုသလိုဖြစ်နေပါကော အေ။ ညည်းက မိဖုရားမဖြစ်သေးဘူး ဖေ-မရဲ့။ ဘုရင်က လွှားရုံလွှားခဲ့သာရှိသာ။ တောသူက တောသူငို ငိုရသယ်။ တောသူဟန် ပေါက်ရသယ်။ ပတ်ချွဲနှပ်ချွဲ ညှက် ညှက် ညှက်ညှက်နဲ့လုပ်နေလို့ရရောလား။ ဘုရင့်နန်းတော် လိုက်သွား လို့ မိဖုရားဖြစ်ပြီဆိုတော့မှ မိဖုရားစာနဲ့ မိဖုရားငို ,ငို။ နေစမ်းပါဦး, ညည်းရတဲ့ ငိုချင်းတွေဆိုပြစမ်း။ ဘယ်နှပုဒ် ရတုံး'

'ခုနစ်ပုဒ်'

'ညည်း နောက်ပိုင်းမင်းသမီးဖြစ်သာ ဘယ်လောက် ရှိပတုံး'

'ခုနစ်နှစ်'

'တစ်နှစ်တစ်ပုဒ်ဆိုတော့ ဖျင်းလှချည့်ကော လင်တစ်ရာ မရဲ့။ ညည်းလို မင်းသမီး ဇာတ်ထောင်က ညကြေးပေးပြီး ခေါ်ထားသာ မယားငယ်လုပ်ချင်လို့နေမှာပေါ့။ ဘာရှိလိမ့် မတုံး'

အမေ ရွှေဆံထိုးက ပြောစရာရှိလျှင် ဘယ်သူ့ကိုမှမညှာ။ သင်ပေးစရာရှိတော့လည်း စာသားအဓိပ္ပာယ်၊ အသံ အဓိပ္ပာယ်နှင့်တကွ ရှင်းပြသည်။ အသံကိုပစ်လိုက်တော့ ဘယ်နပေါက်အထိတင်၊ အသံချတော့ ဘယ်နပေါက်အထိ ပြန်ချဆိုတာမျိုးကအစ အနားမှာ ဆိုင်းဆင့်ခိုင်းပြီး သံတင်သံချ မှန်အောင် သင်ပေးတတ်လို့ ဇာတ်ထောင်ဦးကျောက်ဒိုးကပင် သည်အဘွားကြီး မလွယ်ပါလား။ ဒါကြောင့် ဇာတ်ထောင် တွေက လုနေကြတာကိုး ဆိုတာမျိုး ပြောလှာရပါ၏။

မင်းသမီးတွေအဖို့ရာတော့ အမေ ရွှေဆံထိုးသင်ပေးသ ပညာကို လန့်တောင်လာကြရသည်။ မင်းသမီးတွေ အသံ မတင်နိုင်တော့ ရအောင်တင်ခိုင်းသည်။

'ညည်းတို့ လျှာတို့ အာတို့က တစ်သက်လုံးက ချိ ကပ်နေကြသာကိုးအေ့။ ပေါ့ပေါ့နေခဲ့တော့ အဆုတ်ထဲက လေ မပါဘူး။ ကြယ်သီးပေါက်ထဲ ကွမ်းသီးလုံးသွတ်သလို ထွက်ပဲ မကျနိုင်ဘူး။ ဆိုင်းက တစ်ဇာတ်လုံးအတွက် ညှိထား သာ ညည်းအဖို့ရာရယ်လို့ အသံချတီးပေးမှာမှ မဟုတ်ဘဲ အေ ဟဲ့ကောင်, ဆိုင်းဆရာ သံမှန်ဖျား ခေါက်စမ်း။ ကြားလား, ရောက်အောင်ဆို…ဟိုကောင်မ, လာ…'အို, အမေ့'ဆိုသာ ပြန်လုပ်စမ်း…'အို,အမေ့'က အမျိုးမျိုးရှိသယ်။ ဘာဖြစ်လို့ မအေ တ,ရသာတုံးဆိုတဲ့အပေါ်မှာ အသံလုပ်ယူရသာ။ ကိုင်း, လုပ်၊ ငါ နားထောင်မယ်၊ မဟုတ်ရင်တော့ ပါးကျိုးမယ်မှတ်'

အမေ ရွှေဆံထိုး ပွဲကြမ်းပြီဆိုလျှင် တစ်သက်လုံးက မျှော်လိုက်ခဲ့ကြသမျှ ဘယ်သူမှ မလုပ်လို့မရ။ မငိုလို့မရ။ ပြဇာတ်မှာ ဇာတ်ဝင်ခန်းထဲဝင်တာတောင် ဘယ်ဝင်ဘယ် ထွက်၊ ညာဝင်ညာထွက်သဘောတွေ ပြောပြတော့ ပြဇာတ်ဆရာပင် ခေါင်းမဖော်နိုင်။ တစ်ခါတော့ နောက်မှ ရောက်လာသည့် ကြွေဖြူနှင့် အချေအတင်ဖြစ်ကြသည်။ ပြောစကား နားမထောင်ရာက စ,ခြင်းဖြစ်၏။

'ညည်းက ဇာတ်ထဲမှာ ဘယ်သူ့မယားငယ်မို့လို့တုံး။ ညည်း ဘယ် ကလေကဝဇာတ်က ကူးလာသာတုံး။ ငါ လာမစမ်းနဲ့။ ညည်းနဲ့ငါ တိုက်လှေနဲ့ ရက်ကန်းလွန်း အမည် ချင်း ကွာလိုက်သာမှ ငါ့ဟာငါ ထိုင်နေလည်း ငါက ညကြေး ရပြီးသား။ အမောခံပြီးပြောနေသာ၊ အမုန်းခံပြီးပြောနေသာ ညည်းတို့ကို ဖြစ်စေချင်လွန်းလို့။ ငါ့အလိုဆို ဇာတ်နား သီစရာအကြောင်း မရှိဘူး။ မျက်မြင်ထက် ဗေဒင်က မှန်ချင်လို့ရမလားအေ့ လာစမ်း, ပြန်လုပ်စမ်း'

ဥသြသံအေးပင် အငေါက်အငမ်း မလွတ်ပါ။ ပြောစရာ ရှိလျှင် မညှာမတာပြောသည်။ ဆူစရာရှိတော့ ငေါက်ငေါက် ငမ်းငမ်းဆူသည်။ ဘဝင်မကျလို့ ခိုင်းစရာရှိတော့ အခါခါ အထပ်ထပ်ခိုင်းသည်။ ဘဝင်ကျလျှင်တော့ ကျေနပ်လွန်းလို့ ကျောသပ်သည်။ စေတနာကပဲ အရင်းခံလို့များလား။ ကြာ တော့ အမေ ရွှေဆံထိုးကို ချစ်ခင်လာကြသည်။ ခြေဆုပ် လက်နယ်ပြုပေးကြသည်။ အမေ သီချင်းပေးပါဦးတောင်းပြီး သီချင်းတက်ကြသည်။ ရေချိုးတော့ ခေါင်းလျှော်ပေးကြ သည်။ ဆီမွှေးနံ့သာ လူးပေးကြသည်။

ဥသြသံအေးကိုတော့ အမေ ရွှေဆံထိုးက သူတကာ့ထက် ပိုပြီး သံယောဇဉ်ဖြစ်ပုံရသည်။ ပညာကုန် သွန်ချပေးရုံမက စောင့်လည်းစောင့်ရှောက်သည်။ ဇာတ်ထောင် ဦးကျောက်ဒိုး က ဥသြသံအေးအပေါ် နိုင်စားလွန်းတာ၊ တစ်ခါတစ်ခါ သရဲသဘက်လို ရက်စက်လွန်းတာကိုမြင်ရတော့ မင်းသ ကြီးက စိတ်မကောင်းဖြစ်ရှာသည်။ လင်မယားကိစ္စမို့တော့



www.burmeseclassic.com

www.burmeseclassic.com

ဝင်ပါလေ့တော့ မရှိ။ လိုတာထက် ပိုလာလျှင်တော့ အိပ်နေရာက ထ,လာတတ်ပါ၏။ ဦးကျောက်ဒိုးကို မျက်နှာတင်းတင်း စိုက်ကြည့်နေတတ်သည်။ သည်လိုအကြည့်ကို ဦးကျောက်ဒိုးပင် မခံနိုင်။ ရှိခနဲ အသာထွက်သွားတတ်သည်။ တစ်ခါတစ်ခါ ဥညြသံအေးကို ပြောသလိုလိုနှင့် ဖြောင်ပြောတတ်ပါ၏။

'မယ်ဥညြရယ်, ညည်းဟာက ရွှေစင်ရွှေကောင်းမှန်ပါလျက်ကနဲ့ ကြေးနီနဲ့ပေါင်းမိမှ နှစ်ပြားမှ မတန်တဲ့မိုးကြိုး ဖြစ်ရပါသကောအေ။ နိတုံရွှေများဟာ ကြေးဝါက ရောပါရစီရယ်လို့ ရောချင်ရင်တောင်မှ အရောမခံဘူးအေ့။ ညည်းမိုက်ပြစ်ညည်းခံဖို့ရှိသာပေါ့လေ။ ခံလိုက်စမ်းအေ၊ ညည်းခံရလှ တစ်ဘဝပေါ့'

ဥညြသံအေးကို ဦးကျောက်ဒိုး နှိပ်စက်တာကို မြင်လေတိုင်း အမေ ရွှေဆံထိုးမျက်နှာပေါ်မှာ သွေးရောင်လွှမ်းနေတတ်သည်။ အရက်ကြောင့်လား၊ ဒေါသကြောင့်လား မပြောနိုင်ပေသိ အမေ ရွှေဆံထိုးက ဦးကျောက်ဒိုးကို မျက်စောင်းတခဲခဲ။ တစ်ခါတော့ ဦးကျောက်ဒိုးက ဇာတ်ခုံပေါ်မှာ ဥညြသံအေးက နေသည့်အငြိမ့်ခန်းနှင့် ပတ်သက်လို့ အရက်မူးမူးနှင့် ဖြောင်ပြောလာခြင်းဖြစ်သည်။

'ဇာတ်ဆိုမှတော့ ဇာတ်ထုံးစံ၊ ဇာတ်ဥပဒေပေါ့ ဥညြရယ်။ တင်တုန်းကတော့ အငြိမ့်ခန်းနဲ့ ဖမ်းစားချင်တာ ဟုတ်ပါရဲ့။ အစ်ကိုတော့ အငြိမ့်ခန်းကို ဖြုတ်မယ်စိတ်ကူးသယ်'

ဦးကျောက်ဒိုးက ဥညြသံအေးနှင့် ညားပါပြီဆိုကတည်းက သူ့ကိုယ်သူ အစ်ကိုလို့ သုံးခဲ့သည်။ ဥညြသံအေးက အစ်ကိုလို့ခေါ်ဖို့ရှိလာတိုင်း နှုတ်ဆွံ့နေကျ။ နောက်တော့လည်း လူချင်းညားမှတော့ လင်သားပါပဲလေ သဘောထားကာ အစ်ကိုလို့ခေါ်ခဲ့ရပါ၏။ စင်စစ်မတော့ ဇာတ်သဘင်ခုံပေါ်မှာ အငြိမ့်ခန်းဆိုတာ လေ့ကြီးပေါ်လေ့ငယ်တင်ခြင်းဖြစ်လို့ ဥညြသံအေးကိုယ်တိုင်က မကြိုက်ခဲ့တာအမှန်ပင်။ သို့ပေသိ အပြိုင်ဇာတ်တွေက များလာကြပြီဆိုတော့ အခင်းအကျင်းကအစ ဆက်တင်အခမ်းအနားအလယ် သဘာဝပါသောထိုးဇာတ်တွေ၊ လူကြိုက်လောက်မည့်ဇာတ်ကွက်ဇာတ်ခန်းတွေကို တီထွင်ကြရသည်။ ချဲ့ထွင်ကြရသည်။ ပဒေသာဇာတ်သဘင် သဘောမျိုးဖြစ်၏။

သည်လိုရှိလာတော့ ဥညြသံအေးကိုယ်တိုင် က,သည့် အငြိမ့်ခန်းကို တစ်နာရီစာလောက် စင်ပေါ်တင်ခဲ့ကြသည်။ တစ်ကောင်ထိုးမင်းသမီး၊ ခုတင်ထိုးမင်းသမီး၊ တောမင်းသမီးက,လာသည့် ဥညြသံအေးအဖို့ရာ အငြိမ့်သီချင်းနှင့် ဆိုးဆိုးဆတ်ဆတ် ဖျိုးဖျိုးဖျတ်ဖျတ်ကရတာ အပန်းကြီးလှတာမဟုတ်။ သံပတ်ပေးထားသည့် ကော်ပတ်ရုပ်ကလေးလိုမေးကလေးချည်း ထိုးရတာ၊ မျက်လုံးကလေးတွေချည်း ပြေးရတာ၊ ပခုံးကလေးတွေချည်း တွန့်ရတာလောက်တော့ နောက်ပိုင်းဇာတ်ထုပ်မှာ ဆံပင်ဖားလျားချပြီး အပူတိုက်ရတာကမှ ခက်သေးတာ မဟုတ်လား။ အငြိမ့်သီချင်းတွေကလည်း အထူးရှာစရာမလို။ အမေ မပုတ်ကလေး အငြိမ့်ကခဲ့တုန်းက ဆိုခဲ့သည့်

ဥညြသံအေး
အဖို့ရာတော့
အမေ့
မျက်နှာကို
ကြည့်ရင်း
ဇာတ်ဆန်လွန်း
လှသော
ဘဝပုံရိပ်ဟောင်း
တွေကို
တရိပ်ရိပ်
မြင်နေခဲ့ရပါ၏
နှစ်ပေါင်း
သုံးဆယ်ကျော်
ပေးခဲ့သော
မွေးသမိခင်ကို
တွေ့ရတော့မှ
ကျေးသမိခင်
အမေ
မဗိုင်းတောင့်၏
ကျေးဇူးတရားကို
ပိုပြီး
အောက်မေ့မိရပြီ

သီချင်းတွေကို စာသားနည်းနည်းပြောင်းပြီး ဆိုရုံ၊ ကရုံ။ ဇာတ်ခုံပေါ်က ဥညြသံအေး၏အငြိမ့်ခန်းကို ပွဲကြည့် ပရိသတ်က အထူးနှစ်ခြိုက်ကြပါ၏။ အငြိမ့်မင်းသမီးဝတ်စုံနှင့်လိုက်ဖက်လှသူဆိုတော့ ကာလသားတွေက ဥညြသံအေး ကသည့်အငြိမ့်ခန်းအပေါ် အကဲပါလွန်းကြသည်။ ခါးကလေးကျဉ်ကျဉ်၊ တင်ကလေး ထွားထွား၊ ရင်ကလေးကားကားနှင့် မင်းသမီးဆက်ကျလှသူဆိုတော့ တချို့ပရိသတ်က အပျိုမင်းသမီးထင်ကြတုန်း။ ကလေးမအေလို့ သိထားကြသူတွေအဖို့ရာလည်း သည်တဒင်္ဂမှာတော့ လင်ကြောင်တောင်ရှိဦးတော့ ပုန်းတိတ်တိတ် မြှောင်ချင်ကြသူတွေက ခပ်များများ။

အငြိမ့်ခန်းကို ကြိုက်ကြသူပရိသတ်ကြောင့် ပွဲချီရတာတွေ ရှိလာသည်။ အငြိမ့်ခန်းအပြီး မှန်ရှေ့ထိုင်လို့ ဆံထိုးကလေးမှ မဖြုတ်ရသေးခင် လက်ဆောင်တွေ တစ်ထမ်းတစ်ပိုးနှင့် ရောက်လာကြတာတွေကပင် သိမ်းမနိုင်ဆည်းမနိုင်။ လင်တော်မောင် ဇာတ်ထောင်က ကြာတော့ မျက်စိနောက်လာဟန် ရှိပါ၏။ နောက်ပွဲချီကစပြီး စင်ပေါ်က အငြိမ့်ခန်း ဖြုတ်တော့မယ် ဆိုလာခဲ့ပြီ။

'ဥညြလည်း အရွယ်ကလေးရလာသာရော၊ သမားစဉ်အရရော အငြိမ့်ကရသာကို ကြိုက်လှသယ်မဟုတ်ပါဘူးအစ်ကိုရယ်။ သို့ပေသိ ဘယ့်နှယ်လုပ်မတုံး။ တစ်နှစ်သုံးရာခြောက်ဆယ့်ငါးရက် မယ် ပွဲချီသုံးရာကျော် က



www.burmeseclassic.com

www.burmeseclassic.com

သယ်ဆိုသာ ကျုပ် က,တဲ့ အငြိမ့်ခန်းကိုစွဲကြသာလည်း ပါ,ပါသယ်။ သည်ခေတ်မှာ အရိုးခံအတိုင်း က,သာတွေနဲ့ချည်းတော့ အဆင်မပြေလောက်ဘူး'

'တော်စမ်းပါ မယ်သြရယ်။ မိုးမသောက်ခင်က ခလောက်ကယ်ဂျောင်ဂျင် မလုပ်ချင်စမ်းပါနဲ့။ နင် ဘာအချိုးချိုးနေသယ်ဆိုသာ ငါ မသိဘဲရှိပါ့မလား။ ည, မနက် လူတရုန်းရုန်းနဲ့ လင်စံရွေးချင်နေတာမဟုတ်လား။ မပြောပါနဲ့ ရှင်သာပုံ ဆေးဝါးတည်ပါတုံ၊ မ,တည်လို့နေရော့ ဆေးတံတငေါ့ငေါ့လုပ်ချင်ကြတဲ့ကောင်တွေ။ ကျက်သရေ မရှိတဲ့ကောင်တွေ။ အပျိုမှန်းမသိ အအိုမှန်းမသိ'

ဦးကျောက်ဒိုးက နေ့စဉ်ရက်ဆက် တစ်မျိုးမဟုတ် တစ်မျိုးဆိုသလို စကားရော အမူအရာပါ ရိုင်းရိုင်းစိုင်းစိုင်း နင့်နင့်သီးသီး ရှိလာခဲ့သည်။ စီးစီးပိုးပိုးရှိလာခဲ့သည်။ စကားအသုံးမောက်မာရုံမက အမြဲသဝန်တို ရန်လိုနေတတ်တာ ကလည်း ရုပ်ဆိုးလှသည်။ ဒါကိုရိပ်မိလေတော့ ဥသြသံအေးအဖို့ရာ လင်သားမကြိုက်သမျှ အရွယ်ငယ်သူတွေနှင့် ခပ်ကင်းကင်း နေခဲ့ပါ၏။ အထူးသဖြင့် သက်တူရွယ်တူ မင်းသား ရဲတင်းနှင့်ပင် လိုသလောက်သာ စကားပြောဖြစ်သည်။ နောက်ပိုင်း ဇာတ်ထုပ်တွေ က,တော့လည်း လိုတာထက် သရုပ် မပိုဝံ့။ အရက်တစ်ပုလင်းရှေ့ချကာ ဇာတ်စင်ရှေ့ ဂုန်နီအိတ်ခင်း ပက်လက်ကုလားထိုင်ပေါ်ထိုင်ရင်း အကဲခတ်နေတတ်သည်။ သဝန်တိုတယ်ဆိုကတည်းက ချစ်လို့ပဲလေလို့ သဘောထားခဲ့ရပေါင်းများပြီ။ ရဲတင်းကလည်း သိပါ၏။ တစ်နေ့ခင်း လုံးလုံး ပိုးဟပ်လိုအောင်းနေတတ်သည်။ ခါတိုင်းလို ညမှာကကြမည့် ဇာတ်ထုပ်အဖို့ရာ ညှိတာနှိုင်းတာလည်း မရှိတော့။ တစ်ခါတုန်းကလည်း ဦးကျောက်ဒိုးက ရန်ကုန်က ကုမ္ပဏီတစ်ခုမှာ ဇာတ်ထုပ်သုံးထုပ်လောက် ဓာတ်ပြားသွင်းဖို့ စကားပြောလာခဲ့သည်။ မင်းသားဇာတ်အဖြစ် 'ငကောက်ရ'ဇာတ်၊ မင်းသမီးဇာတ်က 'ရွှေသစ္စာမာလာ'နှင့် 'မဘို့မယ်'ဇာတ်တို့ ဖြစ်သည်။

'မင်းသားရဲတင်း ကနေကျဇာတ်တွေပဲအစ်ကို အဆင်ပြေမှာပါ။ ကနေကျဇာတ်ကို ဓာတ်ပြားသွင်းမှာဆိုတော့ နည်းနည်းတော့ သွက်အောင်ပြင်ရမှာပေါ့'

'မဟုတ်ဘူး ဥသြရဲ့၊ ရဲတင်းနဲ့ဓာတ်ပြားသွင်းမှာ မဟုတ်ဘူး။ အသံကောင်း မင်းသားတစ်လက်နဲ့ စကားပြောထားပြီးပြီ။ စိန်ဝေဠုန်ဆိုသာ ကြားဖူးသယ်မဟုတ်လား။ ဓာတ်ပြားအတွက် ညှိဖို့ မင်းသား စိန်ဝေဠုန်အစ်ကိုတို့ဇာတ်ကို တစ်ပတ်လောက်လာနေလိမ့်မယ်'

'အစ်ကိုရယ်, ကိုယ့်ဇာတ်ထဲက မင်းသားက အသံညံ့လို့ဆိုရင်လည်း ထားပါတော့။ ရဲတင်းက ဘာဖြစ်လို့တုံး၊ စိန်ဝေဠုန်က ဇာတ်တွေမှာ အကျိုးမပေးတဲ့မင်းသားလို့ သဘင်နယ်ကပြောနေကြသာ အားလုံးအသိဟာကိုများတော် သည်မင်းသားနဲ့အလုပ်လုပ်ရင် ဇာတ်တွေမှာ ခိုက်သယ်လို့တောင် ပြောနေကြသာ'

'ငါသိပါသယ်။ လူကြောင့်ခိုက်သယ်ဆိုသာ ငါ လက်မခံဘူး။ နင် စိတ်သန့်ချင်ရင် ဇာတ်ရုံထဲ မင်းသား စိန်ဝေဠုန် ဝင်လာတဲ့အခါ နင့်ပါးစပ်က ဒါငါ့ဇာတ်ခုံ၊ ဒါငါ့ဇာတ်ခုံ ဒါငါ့ဇာတ်ခုံလို့ သုံးခါအော်ရမယ်။ ဇာတ်ခုံကြမ်းကို သုံးခါ ခပ်ပြင်းပြင်းပုတ်။ အခိုက်အပြုကျေအောင်လို့'

'ကျုပ်က မယားဆိုပေသိ ကျုပ် ပိုင်တဲ့ဇာတ်မှ မဟုတ်ဘဲ ခိုက်တဲ့မင်းသားလာမှ ကျုပ်က ဒါ ကျုပ်ဇာတ်ခုံလို့အော်ရမှာလား။ ဇာတ်ခုံကြမ်းခင်းကို ကျုပ်လက်နဲ့ သုံးခါပုတ်ရမှာတဲ့လား။ ခိုက်စရာရှိရင် ကျုပ်ကို ခိုက်အောင်လို့လား။ တော်မှ ပြောရက်သယ်။ ကျုပ် တစ်ခါတည်း ပြောမယ်။ ရဲတင်းနဲ့မှ မဟုတ်ရင် ကျုပ် ဘယ်မင်းသားနဲ့မှ အသံမသွင်းဘူး။ မကျေ နပ်ရင် ကျုပ်ကို ကွာလိုက်'

မိုက်မိုက်ရိုင်းရိုင်းဆဲခြင်းနှင့်အတူ မျက်နှာပေါ် ဖျတ်ရိုက် လိုက်သည့် လက်ဝါးဒဏ်ကြောင့် ဥသြသံအေး ပုံခနဲ လဲကျ သွားခဲ့သည်။ လဲကျသွားသည့်ခန္ဓာကိုယ်ကို ခြေထောက်နှင့် ဘယ်နှချက်ကန်နေမှန်းပင် မသိတော့။ တဝေါဝေါအသံတွေ ကြားကပင် သတိမေ့သွားခဲ့ရသည်။ သည့်နောက်တော့ ဓာတ်ပြားကိစ္စ ပျောက်သွားခဲ့သည်။

အခုလည်း လာပြန်ပြီ။ ဇာတ်ခုံပေါ်မှာကနေကျ လူကြိုက် များလှသည့် တစ်နာရီစာအငြိမ့်ခန်းကို ဖြုတ်တော့မယ်ဆိုရုံမက အငြိမ့်ခန်းကို အားပေးကြသည့် ပရိသတ်နှင့် ပေးစားနေပြန်ပြီ။ ဒါကတော့ သိက္ခာနှင့်ဆိုင်ပြီဆိုတော့ ပြန်အော်လိုက်သည်။

'ဒါက ဘာစကားလဲအစ်ကို၊ ဘယ်လိုပြောလိုက်သာ တုံး။ ကျုပ်ဖြင့် ဆယ်နှစ်သမီးက က,လာခဲ့သာပါတော်။ ဘယ်ယောက်ျားမှ အိမ်ဝ ပုဆိုးတန်းမတင်ခဲ့ဖူးဘူး။ ကျုပ်သာ လင်တွေအများကြီးလိုချင်မှတော့ ကျုပ်ရုပ်ကျုပ်ရည်နဲ့ တန်းထဲ ကိုသွားတော့မှာပေါ့။ ကျက်သရေမရှိသာက ကျုပ် မဟုတ် ဘူး။ ကျုပ်ဘဝကိုကျက်သရေမရှိအောင်လုပ်ခဲ့သာ တော်ရယ်'

'တော်စမ်းဟေ့ မသာမ, ပါးရိုက်ခံချင်ပြန်ပလား။ သွား စမ်း ငါ့ရှေ့က။ နင် သည်ညကစပြီး အငြိမ့်မကရတော့ဘူး။ ငါ့ရှေ့ အငြိမ့်သီချင်းတောင် မညည်းရဘူးမှတ်'

အငြိမ့်ခန်းအစား မင်းသမီး ကြွေဖြူ၏ ဘောင်းဘီတိုဝတ် ဘောလုံးကန်အကနှင့် အစားထိုးခဲ့သည်။ ပြဿနာက သည် တင်မပြီးပါ။ ပွဲငှားတွေ ကန်ထရိုက်တွေက ဥသြသံအေးက သည့် အငြိမ့်ခန်းမပါရင် မငှားတော့ဘူးဆိုတာတွေ ဖြစ်လာခဲ့ သည်။ ဇာတ်ကနေရင်းက ဥသြသံအေးအငြိမ့်ခန်းကို ပရိသတ် တွေက အော်ဟစ်တောင်းဆိုလာကြသည်။ တချို့ဇာတ်ထောင် တွေကဆိုလျှင် ဇာတ်ထောင် ကိုကျောက်ဒိုးနဲ့သာ ကွာခဲ့ ညကြေး သုံးဆပေးမယ်ဆိုတာတွေ ဖြစ်လာခဲ့ကြသည်။ ဇာတ် ထဲမှာလည်း နှစ်ပိုင်းကွဲကြပြီ။ ဥသြသံအေးကို စာနာကြသူ သနားကြသူတွေက တစ်ဖက်၊ ကြားသမျှသတင်း လင်ဇာတ် ထောင်ကို မျက်နှာလိုအားရ နားသွင်းကြသူတွေက တစ် ဖြစ်လာသည်။ တချို့စကားတွေက လိုတာထက်ပိုလှ



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါမှာတော့ ဘာသတင်းကြားလို့ရယ်မသိ။ ဉသြသံအေး၏ သေတ္တာတွေကို ဦးကျောက်ဒိုးက ဇာတ်ရုံအပြင် ဆွဲထုတ်သည်။ မှောက်ချသည်။ သေတ္တာခွံနှင့် အိတ်မှန်သမျှ ဓားနှင့်ခွဲသည်။ နှစ်ထပ်ပါသည့်အလွှာတွေကို တစ်စစီဖြစ်အောင် ဓားနှင့်မွှန်းသည်။ ဘာမှမတွေ့တော့ ဉသြသံအေးကို ရန်ရှာတော့သည်။ ဉသြသံအေးကလည်း သိက္ခာကို အထိမခံ။ လမိုင်းပွဲရှေ့က ဇာတ်သုံး ဓားရှည်တစ်လက်ဆွဲကာ အသင့်စောင့်နေလိုက်သည်။ သည်တစ်ခါတော့ ဉသြသံအေးနှုတ်က ရင်ထဲ အောင်းထားသည့်စကားတစ်ခွန်း ပြောဖြစ်အောင်ပြောလိုက်သည်။

'လာခဲ့၊ တော် ဖျက်ဆီးလိုက်ကတည်းက ကျုပ်ဘဝက သေပြီးသားရယ်။ ကျုပ်က မိန်းမစစ်စစ်၊ တော်သာ ယောကျ်ားစစ်စစ်ဆိုရင် ရှေ့တိုးခဲ့။ လူပါးဝလို့၊ တိုက်ကြက်ဖြစ်လိုက်၊ ဥကြက်ဖြစ်လိုက်လိုအကောင်။ နင့်ကို သတ်ပြီးမှ စက်တိုင်တက်မယ်'

ဦးကျောက်ဒိုးက ဓားရှည်ကိုင်လျက်က သည်စကားကြောင့် တဆတ်ဆတ်တုန်လျက်ရှိ၏။ ယောကျ်ားသားလေးငါးယောက်ကသာ ဆွဲမထားလျှင် ထိုနေ့က တစ်ယောက်ယောက် သွေးစွန်းနိုင်သည်။ သည်လူတွေကပဲ ဦးကျောက်ဒိုးကို ဆွဲခေါ်သွားကြသည်။ အမေ ရွှေဆံထိုးက ဦးကျောက်ဒိုးကို ဘာတစ်ခွန်းမျှမပြောဘဲ ဉသြသံအေးနောက်နားကရပ်ကာ စိန်းစိန်းကြီး စိုက်ကြည့်နေခဲ့တာ ဉသြသံအေး သတိထားမိသည်။ ဉသြသံအေးကလည်း ဓားရှည်ကိုဘေးချကာ ငုတ်တုတ်မှိုးလင်းခဲ့ရပါ၏။

သည်ရန်ပွဲက သည်မှာတင် ပြီးသွားခဲ့သည်။ သည့်နောက်ပိုင်းမှာ ဦးကျောက်ဒိုး ခရီးများလာတာကို သတိထားမိခဲ့သည်။ ဘယ်မြို့၊ ဘယ်ရွာမှာ မယားဘယ်ရွေ့ဘယ်မျှ ရှိနေသလဲဆိုတာ မသိနိုင်မှတော့ မေးမနေချင်။ ဟိုတုန်းက ကိုယ့်ဇာတ်ကြီး ကနေသည့်ဇာတ်ရုံရှေ့ ဂျစ်ကားတစ်စီးနှင့် ရောက်လာသော်မှ ဆင်းချင်မှဆင်းသည်။ အဆင်ပြေကြရဲ့လား မေးချင်မှမေးသည်။ သိပ်အရေးကြီးမှ ဝေလာကိုခေါ်ကာ ဂျစ်ကားဘေးမှာ စကားပြောတာပဲရှိသည်။ နောက်တော့ ဉသြသံအေးတို့ဇာတ်ရွေ့ရာ နေရာဒေသတိုင်း လိုက်ချင်လိုက်နေတတ်ပြန်ပါ၏။ တစ်ခါ ဉသြသံအေးနှင့် ပေါင်းဖက်မိပြန်တော့ အကြောင်းအမျိုးမျိုးပြကာ ခရီးထွက်နေတာတွေ ရှိလာပြန်သည်။

အဘ ပေဖူးကတော့ လူကြီးသူမတစ်ယောက်အနေနှင့် အားပေးရှာပါ၏။

'ခက်သားပဲငါ့သမီးရယ်။ မရှိမသေ ပြောရစေတော့ ညည်းယောကျ်ားက ဘဝအကျိုးပေးထင်ပါရဲ့။ အင်းလေ၊ ထားပါတော့ အဘ ပြောမထွက်ပါဘူးဗျာ။ ဥဒေါင်းက ဥဒေါင်းနဲ့ညားမှ၊ ဟင်္သာက ဟင်္သာချင်းညားမှ ကောင်းသာမျိုးပဲ'

ဇာတ်ထဲမှာ သည်စကားတွေ ဘယ်လောက်တောင် များနေပြီလဲ။ တစ်ဇာတ်လုံးသိနေကြတဲ့ကိစ္စ သူက ဘာကြောင့်နောက်ဆုံးမှ သိရတာတဲ့တုံး။ တစ်ခါတစ်ခါတော့ ချစ်ဦးစ ရည်းစားတစ်ယောက်လို ဉသြသံအေးကို မက်မက်စက်စက် ရှိတတ်တာတော့လည်း အမှန်ပင်။ စကားတွေက နူးညံ့သလို ရှန့်ရင်းကြမ်းကြုတ်ဖူးတာတွေကို တောင်းပန်ချင် တောင်းပန်နေတတ်တာလည်း ရှိသည်။ များသောအားဖြင့်တော့ ရက်စက်သော စုန်းမတစ်ယောက်လို ရှိချင်ရှိပြန်သည်။ စိတ်မမှန်သော သူရူးတစ်ယောက်လို မျက်လုံးတွေလည်နေတတ်တာက စိတ်နှင့်ကိုယ်မကပ်တာမျိုးတွေလည်း ကြုံရတော့ ဉသြသံအေး နားမလည်နိုင်အောင် ဖြစ်ရသည်။ နှိပ်စက်တာမခံနိုင်သည့်အဆုံး မိုးထဲရေထဲ ထွက်ပြေးမိလို့ ကိုယ်တွေချစ်ချစ်တောက်ပူပြီး ချူးချူးကျဖျားနာခဲ့ရဖူးသည်။ သည်ဇာတ်ခုံကထွက်ပြေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးသည်။ သူ့ကိုစောင့်ကြည့်ဖို့ လူစောင့်တစ်ယောက်စ၊ နှစ်ယောက်စ အမြဲလိုလိုချထားပြီးသည့်နောက် ထွက်ပြေးဖို့မလွယ်တော့မှန်း ဉသြသံအေး သိလိုက်ရပြီ။ ဉသြသံအေးအတွက် ညကြေးရယ်လို့ပင် သတ်သတ်မှတ်မှတ်မပေးတော့ဘဲ လင်နှင့်မယား ဇာတ်ထမင်းဇာတ်ဟင်း စားရရင်တော်ရောပေါ့။ နင့်အတွက် ချုပ်ပေးနေရတဲ့ အဝတ်အစားဖိုးကိုက နင့်ညကြေး သုံးဆလောက်ရှိတယ်။ ဘာတွေများ ထပ်လိုချင်လို့တုံး ဆိုတာတွေရှိလာခဲ့သည်။ ကွာရှင်းခွင့်တောင်းပြန်တော့ နင်နဲ့လုပ်စားစရာတွေရှိသေးတယ်ဆိုတာမျိုးနှင့် ရိုက်မောင်းပုတ်မောင်းလုပ်ခဲ့တာတွေ များလှလေပြီ။ ဉသြသံအေးတစ်သက် သည်လောက် စိတ်ဆင်းရဲခဲ့ရတာမျိုး မရှိခဲ့။ ဘယ်ဘဝက ပါလာတဲ့ဝဋ်ကြွေးဆိုးပါလိမ့်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ အချိန်တန်လို့ ဆိုင်းက ကရောင်းရိုက်ပြီဆိုတာနှင့် မှန်တင်ခုံရှေ့ထိုင်ကာ မိတ်ကပ်လူး၊ ဆံထုံးထုံး၊ ဘော်ကြယ်ပွင့်တွေ ပျိုးပျိုးပြက်ပြက်လက်နေသည့် အနို့တပ် ခါးတောင်အင်္ကျီနှင့် ပြန့်ထဘီတစ်ထည်တော့ ရွှေးနှင့်ရပြီ။

❑

ဉသြသံအေး စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေမှန်းသိပေသိ အမေ ရွှေဆံထိုးက သူနှင့်မဆိုင်သလို ဘာသာနေတတ်သူဖြစ်သည်။ အရက်သောက်တတ်သည်ဆိုပေသိ အများရှေ့မှာ ပုလင်းငှဲ့သောက်တာမျိုးမရှိ။ အရက်နံ့ကတော့အမြဲ ထွက်နေတတ်သည်။ အရက်များသောက်ထားလျှင်တော့ နှုတ်ခမ်းကလေးတွေစိုနေတတ်ကာ ပါးကလေးတွေက ရဲစုတ်စုတ်ဖြစ်နေတတ်ပါ၏။ တစ်ခါက ချောမောခဲ့ဖူးဟန်ရှိသော မျက်နှာက သက်ကြီးမှဲ့ပြောက်တွေထိုးနှင့်ပြီ။ တစ်ခါက ညွတ်သွယ်သွယ် ရုံးပတီသီးကလေးတွေလို လှခဲ့ဖူးသောလက်တွေကလည်း ပဲမြစ်ချောင်းတွေလို လိုကုန်ကြပြီ။ အမေ ရွှေဆံထိုးခင်းထားသည့် အိပ်ရာဘေးမှာ ဝင်ခွေရင်း ဉသြသံအေး ငိုခဲ့ရတာတွေများပြီ။ တစ်ခါတစ်ခါလည်း အမေ ရွှေဆံထိုးအိပ်ရာ နံနံစော်စော်မှာပဲ ကလေးတစ်ယောက်လို အိပ်ပျော်သွားတတ်ပါ၏။ တစ်ခါတလေတော့ လက်ဖက်တစ်အစ်ရှေ့ချပြီး စကားတွေပြောဖြစ်ကြတာလည်း ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဘေး၊ တန်ဆောင်းဘေးလို နေရာတွေမှာ က,ကြရ လျှင်တော့ ဇာတ်ခုံထဲမနေကြဘဲ အနားက ဇရပ်ပေါ်မှာ အေး အေးလူလူ သွားနေကြတာလည်း ရှိတတ်ပါ၏။ တစ်ခါတော့ ဥသြသံအေးက ပြောမိတာရှိသည်။

'ကျုပ်လေ လင်မရှိသားမရှိ အေးအေးနေချင်လိုက်သာ။ အမေတို့အရွယ်ရောက်ချင်လှပြီ။ အမေ့လို ပညာပြည့်မင်းသမီး ကြီးဘဝနဲ့ ဇာတ်တွေမှာ အမေ့ဥသြ လုပ်ချင်လှပြီ။အဟုတ်ပြော သာ'

သည်ကစလို့ သူ့ဘဝသူ့အကြောင်းတွေ ပြောပြမိသည်။ ငယ်ဘဝ လက်ပံပင်ပါးပျဉ်းထဲက ကောက်ရလို့ အမေ မဗိုင်း တောင့်မွေးစားခဲ့တာကအစ၊ ခုတင်ထိုးမင်းသမီးဘဝ၊ တော မင်းသမီးဘဝ ကြုံခဲ့ရတာတွေပြောဖြစ်သည်။ လင်သား ကိုသက္ကနှင့် ပေါင်းခဲ့ရတုန်းကဘဝတွေလည်း ပါပါ၏။ အမှတ်မထင် သားမယားအပြုခံလိုက်ရသည့် ဇာတ်ထောင် ဦးချမ်းသာခေါ် ဦးကျောက်ဒိုးနှင့် ကြုံလိုက်ရသည့်အဖြစ်တွေ ကိုလည်း မျက်ရည်တွေတွေကျရင်း ဖွင့်ပြောပြလိုက်မိပါ၏။ ညားပြီးခါမှ ဆင်ထားသမျှ ရွှေထည်ကျောက်ထည်တွေ တစ်စ တစ်စပြန်ချွတ်ယူရုံမက ရနေကျညကြေးကိုပင် မပေးချင်တော့ တာတွေကြားတော့ အမေ ရွှေဆံထိုးက စုတ်သပ်ရှာသည်။

'သည်လိုပါပဲအေ။ တို့မင်းသမီးတွေများ ကိုယ့်ကိုယ်ကို လုံခြုံအောင်ရယ်လို့ ပိတ်ခြင်ထောင်ကြီးထူထူချ၊ အတွင်းက ဘောင်းဘီလေးငါးထပ်ခံဝတ်၊ အပြင်က တိုက်ချိတ်ကြီး ဆယ်ချောင်းလောက်တွယ်၊ ဘေးမှာ ဓားတစ်လက်ထားအိပ် သာတောင် လူယုတ်မာများဖျက်ဆီးချင်တော့ ခံကြရသယ်။ ကိုယ့်ပညာလေးနဲ့ကိုယ် ရိုးရိုးသားသား လုပ်ကိုင်စားနေ တဲ့ကြားက အညွှန့်ဆိတ်ခံရသူကလေးတွေများကြပေါ့။ တို့မင်း သမီးများ ရွှေပင်နားရတဲ့သူက ခပ်ရှားရှားကလား။ သည်ကြား ထဲက နတ်သုဓာမှန်းမသိ၊ ခေါစာမှန်းမသိ မင်းသမီးတွေကို မှိုချိုးမှျစ်ချိုးပြောချင်ကြသေး'

'အို၊ အမေရယ်၊ ရှေးက မင်းသမီးကြီးတွေလည်း သည် လို အနိုင်ကျင့်ခံကြရသာတွေ ကျုပ် ကြားဖူးသယ်ရယ်။ ခမျာများ ကျုပ်တို့ထက်တောင် ဘဝကြမ်းကြသေးသယ်။ ကျုပ်ကြားဖူးသာဆိုရင် အမေ မင်းသမီးကြီး သော်တာတင် တို့၊ အမေ ကျေးတောသူ မခင်မူတို့၊ နောက် ရှိပါသေးသယ် အမေ သရဖီညွှန့်တို့ဆိုသာ၊ အမေ အဲသည်မင်းသမီးကြီးတွေနဲ့ ကြုံခဲ့ဖူးသလား။ ကျုပ်က မမီခဲ့ပေသိ အဲသည်မင်းသမီးကြီး တွေများ အပြောနဲ့ကြားခဲ့သာတောင် ခုထိ ရင်ထဲစွဲနေတော့ သာ'

'သော်တာတင်၊ မခင်မူ၊ သရဖီညွှန့် ဟုတ်လား။ ညည်း ကြားခဲ့ဖူးသယ်ပေါ့။ အင်း၊ ညည်းပြောမှ အောက်မေ့မိသေး တော့။ သည်မင်းသမီးကြီးတွေနဲ့ တစ်ဇာတ်တည်းတော့ အတူ တူ မကခဲ့ဖူးပေါင်အေ။ တစ်ခါတလေ လာငှားကြတဲ့ ဘုန်း ကြီးပျံပွဲတွေမှာ ဧယင်ကျူးမင်းသမီးချင်းရယ်လို့ ဖျိုးဖျိုးဖျတ်

ဖျတ် ဆုံလိုက်ဖူးသာတော့ ရှိဖူးပါရဲ့။ သူတို့သုံးယောက်က အမေ သိသလောက်တော့ တစ်ခေတ်စီပါအေ။သော်တာတင် ဇာတ်ခုံပေါ်ကပျောက်သွားမှ ကျေးတောသူ မခင်မူ တစ်ကြော ထသာ၊ ကျေးတောသူ မခင်မူ စင်ပေါ်က ဆင်းမှ သရဖီညွှန့် ရယ်လို့ပေါ်လာသာ။ နာမည်ရသာတော့ တစ်မျိုးစီပါအေ။ နေစမ်းပါဦး၊ သည်မင်းသမီးတွေအကြောင်း ညည်း ဘယ်သူ က ပြောသာတုံး'

'အမေ သော်တာတင့်အကြောင်းက ကျုပ်ရဲ့ လက်ဦး ဆရာ လူပြက်ဦးဖော့ဆိုက ပြောသာပါ။ သော်တာတင့် ငယ်နာ မည်က တင်မာရီတဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဖအေသေတော့ မအေက နောက်အိမ်ထောင်ပြုသာ မြွေအလမ္ဘာယ်ဆရာဆို လား၊ ပထွေးမုန်းသာနဲ့ ဇာတ်ထဲလိုက်သာလို့လည်း ပြော သယ်။ ပထမလင်က သန်းညွှန့်တဲ့။ သန်းညွှန့်နဲ့ကွဲတော့ မင်း သား သန်းချစ်စိန်ကိုယူသာ။ မင်းသား သန်းချစ်စိန်နဲ့ လူသိရှင် ကြား ကွဲပြီးကြတဲ့နောက် မင်းသားကြီးက လိုက်နှောင့်ယှက် သာ အလွန်ပဲတဲ့။ တစ်ခါတော့ သော်တာတင်က ရေချိုးပြီး ဇာတ်ခုံပေါ် သနပ်ခါးလူးနေတုန်း လင်ဟောင်းမင်းသားကြီး က နောက်ကနေ ဆံပင်ဆွဲလှန်ပြီး ရင်ဝ ဓားနဲ့ဝင်ထိုးသာတဲ့ တော့။ အဲသည်မှာ အမေသော်တာတင်က မျက်နှာကို သနပ်ခါး တုံးနဲ့ ဆောင့်ထိုးပြီး လွတ်ကျသွားတဲ့ဓားနဲ့ပဲ ပြန်ထိုးသာများ ဘယ်နှချက်မှန်း မသိဘူးတဲ့။ ပုလိပ်က လာဖမ်းတော့ လင့် အလောင်းကို လှည့်ကြည့်ပြီး ဓားကသွေးတွေကို ဗန်းမော် တဘက်နဲ့ သုတ်နေသေးသာတဲ့။ ပြီးမှ ဒီဘဝ တစ်ဇာတ်ငြိမ်း ပြီပေါ့၊ နောင်ဘဝ ဆုံချင်ပါသေးရဲ့တဲ့။ ရဲလိုက်တဲ့စိတ် ကျုပ် လေ၊ ဦးကျောက်ဒိုးကို အဲသလိုလုပ်ပစ်ချင်သာ'

'မဟုတ်သာအေ၊ မကြံကောင်းမစည်ရာ သံသရာမှာ မကောင်းမှု အပါမခံနဲ့တော့။ မိန်းမဆိုသာ လင်ကောင်းတော့ ကုသိုလ်တစ်တောင်း၊ လင်မကောင်းတော့ အကုသိုလ်တစ် တောင်း၊ အမေတို့ ကိုပေဖူးတို့ လူကြီးတွေ ရှိပါသေးသယ်။ မတရားသဖြင့် အဖြစ်မခံကြပါဘူး။ အမေလည်း ကြည့်နေ သာပါ။ သော်တာတင်ပဲကြည့်လေ၊ လင်မင်းသားဟောင်းကို သတ်လို့ ထောင်ကျရသာ ခုနစ်နှစ်၊ ပြုသူအသတ် ဖြစ်သူ အဟောင်း ဘယ်သူ့မှ အကျိုးမရှိဘူး။ အိုးပုတ်ချင်း ရိုက် သလိုပါအေ၊ နှစ်အိုးစလုံး ကွဲရသာမျိုးပါ'

'ကျုပ်က ငယ်စိတ်နဲ့တုန်းက အင်မတန်စွာသယ်။ ကျုပ် မှာ သမီးကလေး ရှိနေသေးလို့ ရင်စည်းပြီး သည်းခံပါသယ် တော်။ သိပ်လွန်လာတော့လည်း မပြောနိုင်ဘူးရယ်'

'ပြောပါဦးအေ၊ ကျေးတောသူ မခင်မူကျတော့ ဘာတဲ့ တုံး'

'ကျေးတောသူ မခင်မူအကြောင်းကို ကျုပ်တို့ရွာတွေ ဘက် နှီးပြားရုပ်သေးရုပ် လိုက်ရောင်းတဲ့ ဘကြီးတုံးမောင်းက ပြောဖူးသာပါ၊ သူက ဇာတ်သမား မဟုတ်ဘူးတဲ့။ ရုပ်သေး မှာ ကြေးတီးတဲ့ ဆိုင်းဆရာကြီးတဲ့။ ဘကြီးတုံးမောင်းပြောသာ

www.burmeseclassic.com

www.burmeseclassic.com

တော့ ကျေးတောသူ မခင်မူက 'ဒုံးပေကျွဲမ'တဲ့။ အနုပညာနဲ့ ပတ်သက်လာရင် ကျွဲထီးများထက် ရွှတ်သတဲ့။ ဒုံးပေကတ် သတ် မင်းသမီးလို့ ပြောသာ။ ချောလိုက်သာလည်း အလွန်ပဲ တဲ့ အမေရဲ့။ တစ်ခါများတည်း ကျောင်းမတ္တာပ် ဆယ့်လေး ကျောင်း အပြိုင်ကျူးရတဲ့ ဘုန်းကြီးပျံပွဲမှာ ဇယင်ကျူးသွားသာ များ အဲသည်ရွာတွေမှာ တစ်သက် ပြောမဆုံးကြဘူးတဲ့။ မခင်မူ ကတဲ့ တည်းကျောင်းလူတွေ ပြုံတိုးကြသာများ ကျန်တဲ့တည်း ကျောင်းတွေ ကြက်ပွဲလောက်နဲ့ ပြီးရသတဲ့။ အဖေ သီလ ဇာတ်ထဲတုန်းက အမေ မာယာကြည် ပြောဖူးသာဖြင့် မခင်မူက မင်းသားခေတ်သစ် အောင်ကျော်လှနဲ့ တွဲဖူးသတဲ့။ အဲသည် ဇာတ်ထဲမှာ မီးသမားရဲ့ မယားငယ်ကို ခနိုးခနဲ့လုပ်ရပါ့မလား ရယ်လို့ ကျောက်ပျဉ်နဲ့ ငယ်ထိပ်တည့်တည့် ရိုက်ချဖူးသတဲ့'

'အင်း, ဖြစ်ရလေ။ ထားပါတော့အေ၊ သရဖီညွန့် အကြောင်းကကော ဘယ်လိုတဲ့တုံး'

'ကျုပ်တို့ရွာကို လာနေတဲ့ မင်းသားကြီး ဝံသာနု အောင် ကြိုင်ကလည်း ပြောဖူးသယ်။ အဖေကြီးက မျက်စိမမြင်ရှာ ပါဘူး အမေရယ်။ ဥသြသံအေးဆိုတဲ့ နာမည်ကို အဖေကြီးက ပေးခဲ့သာ။ ကိုးနဝင်းကိုက်သယ် သည့်နာမည်ကို တစ်သက်လုံး မဖျက်နဲ့ ငါ့မြေးတဲ့။ ပြီးတော့ အဖေသီလဆီမှာ ခိုနေတဲ့ အမေကြီး ပိတုန်းကလည်း ပြောပြဖူးသယ်'

'ဒေါ်ပိတုန်း သည်မင်းသမီးကြီးရှိသေးလား။ သရဖီညွန့် က ဒေါ်ပိတုန်းနဲ့ တော်တော့်ကို ခင်ခဲ့ပုံရသယ်'

အမေကြီး ပိတုန်းဆိုသည့် နာမည်ကို ကြားလိုက်တော့ အမေ ရွှေဆံထိုးခမျာ ငယ်ဘဝတွေကို သတိရပုံပေါ်သည်။ မျက်လုံးကလေးတွေပင် တောက်လာလိုက်တာ။ သိလို့လားဆို တော့ သိတာပေါ့အေ့တဲ့။

'အဖေကြီးက ပြောသာတော့ မင်းသမီးကြီး သရဖီညွန့် က သူနဲ့ လေးနှစ်လောက် လက်တွဲခဲ့ဖူးသယ်တဲ့။ မင်းသမီး တွေထဲမတော့ အင်မတန် စိတ်တိုင်းကျခဲ့သယ် ပြောသယ်။ အမေကြီး ပိတုန်းကတော့ သရဖီညွန့်က ပညာရေးရပ်ရည်ရော ပြောစရာမရှိအောင် တော်တဲ့မင်းသမီးပါအေတဲ့။ တခြား မင်းသမီး စိန်လည်တုံဆွဲထားသာ သရဖီညွန့် ကျိုတ်ပုတီးဆွဲ ထားသာကို မမီဘူးတဲ့။ ဇာတ်စာများ၊ သီချင်းများ ဝါးလုံးထိပ် က ပါးစပ်နဲ့တော့အော်ရင် ဝါးလုံးက နှီးပါဖြာပြီးသားကျလာ သာမျိုးတဲ့။ အမေကြီး ပိတုန်းသုံးသွားသာများ ကျုပ်ဖြင့် ကြက်သီးတောင်ထသယ်။ သရဖီညွန့်က အဆုတ်အားကောင်း အောင်လို့ဆိုပြီး ပွဲခင်းထဲက ပူစီပေါင်း အလုံးသုံးဆယ်လောက် ဝယ်ဝယ်မှုတ်လေ့ရှိသတဲ့။ ကျက်သရေ ကျော်ငွေနဲ့ တွဲဖူးသယ် ပြောသာပဲ။ စိတ်တော့ ကြီးသား။ ယူထားတဲ့ ကျောင်းဆရာကို မိန်းမပျက်တစ်ယောက်နဲ့ မယားငယ်ထားရပါ့မလားရယ်လို့ ရှမ်းပြည်ဘက် ပွဲသွားကရင်း လမ်းမှာ ခဏနားကြတုန်းဆိုလား ချောက်ထဲ တွန်းချသာတဲ့'

'စိတ်ထဲ မခံချင်လို့နေမှာပေါ့အေ။ လုပ်လည်း ကျွေးရသေး၊ မိန်းမပျက်လည်း စွဲလမ်းသေးဆိုတော့ ဘယ်ခံချင်ပါ့မလဲ'

'ဟုတ်ပါ့, ဒါကြောင့် အမေကြီး ပိတုန်းက ပြောသာ။ မဖြစ်နိုင်ဘူး မထင်နဲ့တဲ့။ လောကမှာ စိတ်ကြောင့်ပဲ လူသတ်ဝံ့ကြသတဲ့။ စိတ်ကြောင့်ပဲ ကိုယ့်သားရင်း၊ သမီးရင်းကို စွန့်ပစ်ဝံ့ကြသတဲ့။ စိတ်ကြောင့်ပဲ ကိုယ့်ဘဝကိုယ် အနစ်အမွန်းခံဝံ့ကြသတဲ့။ ဘာမှမဟုတ်တဲ့ နာကြည်းစရာလေးနဲ့ပေသီ လုပ်ချင်ရင် ရေဆုံးရေဖျား လုပ်ဝံ့ကြသတဲ့'

ဥသြသံအေး စကားဆုံးတော့ အမေ ရွှေဆံထိုး ငြိမ်သွားပါ၏။ ဥသြသံအေး စကားမဆက်တော့မှ မေးလေသည်။

'ဒေါ်ပိတုန်း ပြောသာ အဲသာပဲလား'

'သရဖီညွန့်အကြောင်း ကတော့ အဲသလောက်ပါပဲ အမေ။ ကျုပ်ကိုတော့ ပြောသာရှိသယ်။ ညည်းက မျိုးနဲ့ ရိုးနဲ့လာသာတဲ့ ကြိုးစားတဲ့'

'မျိုးနဲ့ရိုးနဲ့ လာရအောင် ညည်းက ဘယ်ကဆင်းသက်လာလို့တုံး။ အေးပေါ့လေ..'

ဇရပ်ပေါ်မှာ ညနေခင်း နေရောင်ကျပြီ။ ဥသြသံအေး က လက်က နာရီကိုကြည့်သည်။ လေးနာရီသီသီကျော် ပေါ့။ရေချိုးရဦးမည်။

'အမေ သွားကြစို့လေ၊ မှောင်တော့မယ်'

'ညည်း သွားနှင့်ပါအေ ငါထိုင်ပါရစီဦး။ ဇာတ်ရုံထဲ မျက်စိနောက်လွန်းလို့။ နေဦး၊ ခဏ ညည်းကိုပြောဦးမယ်'

ဥသြသံအေးက ထ

အမေရယ်
အမေ့ကို
အမေရယ်လို့
သိလိုက်ရတော့
ကျုပ်မှာ
ခွန်အားတွေ
ရှိလိုက်သာ
ဘာပဲဖြစ်ဖြစ်
တောခိုင်း
ကလေးနဲ့
တောမင်းသမီး
ပြန်လုပ်ရ
လုပ်ရ
ကျုပ်
ဇာတ်က
ချင်ပါသေးသယ်
အမေ့ကို
ကျုပ်
က,ပြီး
ကျွေးချင်
သေးသယ်



www.burmeseclassic.com

www.burmeseclassic.com

မည်ပြင်ပြီးမှ ပြန်ထိုင်သည်။ အမေ ရွှေဆံထိုး ဘာများပြော ချင်သာပါလိမ့်။

'အခု ညည်းပြောတဲ့ မင်းသမီးကြီးတွေထဲမှာ ညည်းမှတ်မှတ်ရရ ပြောနေသာတွေ ငါသတိထားမိသလောက် သူတို့ပညာ၊ သူတို့ဝမ်းစာ၊ သူတို့အနုပညာတွေ မပါဘူး။ မင်းသမီးတွေခများလည်း လူတွေကိုးအေ့၊ ကောင်းသာရှိကြသလို ဆိုးသာလည်းရှိမှာပဲ။ ဘေးကမြင်တဲ့လူကတော့ ဘဝကောင်းထက် ဘဝဆိုးကို ပိုမြင်ကြမှာပေါ့လေ။ လူဆိုသာ သဘာဝအလိုအားဖြင့် မကောင်းမှု အကုသိုလ်ကို မွေ့လျော်တတ်ကြသယ်။ မကောင်းမှုဆိုမှတော့ မကောင်းဘူးပေါ့အေ။ ဆိုပါစို့၊ ငါ အရက်သောက်သယ်၊ အရက်များဟာ ယောကျ်ားသောက်ရင်လည်း မကောင်းဘူး။ မိန်းမသောက်ရင်လည်း မကောင်းဘူး။ ငါ သိသားပဲ၊ သိသော်လည်းပဲ အဲသည်မကောင်းတဲ့ မွေ့လျော်ခြင်းကို ငါ မဖြတ်နိုင်ဘူး။ လူမှာ စိတ်ကို ညစ်ညူးစေတဲ့တရားတွေ ရှိသယ်။ ကိလေသာဆယ်ပါးခေါ်သယ်။ လောဘ၊ ဒေါသ၊မောဟ၊ မာန်မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတပ္ပခေါ်သယ်။ တပ်မက်သယ်၊ အမျက်ထွက်သယ်၊ တွေဝေသယ်၊ ထောင်လွှားသယ်၊ ယုံမှားသယ်၊ ထိုင်းမှိုင်းသယ်၊ ပျံ့လွင့်သယ်။ မကောင်းမှုလုပ်ရမှာကို မရှက်ဘူး။ မကောင်းမှုလုပ်ရမှာကို မကြောက်ဘူးဆိုသာတွေပဲ။ သည်အကုသိုလ်တွေဟာ တဒင်္ဂဖြစ်ရင်လည်းမကောင်းဘူး။ ထာဝရဖြစ်ရင် သာပြီးတော့တောင် မကောင်းဘူး။ ဒါပေသိ အဲသည် မကောင်းမှုတစ်ပါးပါးနဲ့ ဖျတ်ခနဲ ငြိမိရင် ပျက်စီးခြင်းဆိုက်တော့သာပဲ။ အဲသာတွေက ဘယ်မှာဆုံးသလဲ။ နောင်တမှာဆုံးသယ်၊ ပူလောင်ခြင်းမှာ ဆုံးသယ်။ ဒါကြောင့် ညည်းစိတ်ကို ထိန်းလို့ပြောသာ။ အေး အေး၊ သွားတော့၊ ငါ အရက်တစ်ငုံ သောက်လိုက်ဦးမယ်'

ဥဩသံအေး ဇာတ်ရုံထဲရောက်တော့ ဆိုင်းဆော်ဖို့ပင် ပြင်ကြပြီ။

❑

ဇာတ်သုံးလေးရက်နားသည်ကို အကြောင်းပြု၍ ပျော်ဘွယ်အိမ်ကြီးကို ဥဩသံအေး တစ်ခေါက်ရောက်ရပြန်ပါ၏။ သည်တစ်ခေါက်တော့ ဒေါ်ရွှဲကြီးအဖို့ရာ တာဘရာကိုးထဘီကောင်းတစ်ထည်နှင့်ရှိသားစတစ်စ လက်ဆောင်ပေးဖြစ်သည်။ သည်လို လက်ဆောင်ကလည်း ဦးကျော်ဒိုး ရှေ့မှောက်မှာ ပေးလို့မဖြစ်ပါ။ ဦးကျော်ဒိုး မပါလာသခိုက် ပေးရခြင်းဖြစ်သည်။ သည်လက်ဆောင်က တာသွားလွန်းပါ၏။

'ကျုပ်က ဟိုတစ်ခေါက်က သည်အိမ်ကြီးမှာ ဇာတ်ဆရာနဲ့ ဇာတ်ကန်ထလိုက်ကြီးတွေ အစည်းအဝေးလုပ်တုန်းက မင်းသမီးပါမယ်ထင်သာ'

'ဟုတ်လား ဒေါ်ရွှဲ၊ ဘာတွေ အစည်းအဝေးလုပ်ကြသာတုံး'

'စုံလို့'

'ဘယ်လိုစုံသာတုံး ဒေါ်ရွှဲရဲ့'

ဒေါ်ရွှဲကြီးက အိမ်ကြီးပေါ်မှာ ဇာတ်ဆရာတွေခိုင်းကြသမျှ ဝေယျာဝစ္စလုပ်ရင်း ကြားခဲ့တာတွေကို နှုတ်လုံပါစီကတိတောင်းကာ ပြောပြသည်။ ဒေါ်ရွှဲပြောသည့် သတင်းတွေထဲမှာ ကြောက်စရာတွေလည်း ပါသည်။ နာကြည်းစရာတွေလည်းပါသည်။ ရှေ့ဖြစ်တွေ ဒက်ထိမှန်အောင် ဟောနေသည့်ဗေဒင်ဆရာမလို ဒေါ်ရွှဲကြီးက တစ်ချက်ချင်း ပြောနေတော့လည်း ယုံရအခက်၊ မယုံရအခက်။ ဒေါ်ရွှဲကြီးပြောပြချက်အရတော့ မကြာခင် ဇာတ်ခုံပေါ်မှာ ပွဲကြီးလမ်းကြီး နတ်ကနားပေးကြတော့မတဲ့။ ဥဩသံအေး ဝတ်နေကျ ထဘီ၊ အင်္ကျီဟောင်းကိုသုံးပြီး ဇာတ်ကိုစိတ်နာအောင် အောက်လမ်းဆရာနဲ့ အတိုက်အခိုက်တွေ လုပ်ကြတော့မတဲ့။ ပန်ထွာမင်းသမီး ဇာတ်ထုပ်အတွက် ခေတ်မင်းသမီး ခင်ဆန်းကြွယ်ကို ခေါ်ကြတော့မတဲ့။ ခင်ဆန်းကြွယ်ရဲ့ ဝတ်စုံအတွက် ယိုးဒယား(ထိုင်း)အထိ မှာထားပြီးပတဲ့။ ဥဩသံအေးကို ဇာတ်စင်ပေါ်ကဆင်းရအောင်က၊နေကျ အခန်းတွေ လျှော့လျှော့သွားမတဲ့။ လောကနတ်သဘင်ကို နာမည်ရှိုးလို့ 'နိုးတူး'ဆိုတဲ့နာမည် ပြောင်းဖို့ စီစဉ်နေကြသလို ဇာတ်ထဲက မင်းသမီးတချို့ကို ထုတ်ပြီး ငယ်ရွယ်သူကလေးတွေ ဆယ်ယောက်လောက် ခေါ်မယ်ဆိုတာလည်း ပါရဲ့။ မင်းသား ရဲတင်းကိုပါ စာချုပ်ပြည့်ရင် မောင်းထုတ်တော့မည်ဆိုလား။

'ငါ့ကို ဇာတ်ခုံပေါ်က ဆင်းခိုင်းလောက်အောင်တောင် ကြံစည်နေကြပြီလား၊ ငါ့ကို ရအောင်ယူပြီးမှ ဘာကိစ္စ သည်လောက်တောင် အငြိုးတကြီး ဖြစ်နေကြတာတဲ့လဲ။ သိက္ခာရှိတဲ့ ဇာတ်ကြီးကနေ ဘယ်လိုကြောင့် နဖူးစည်း ဖြုတ်ချင်ကြသာလဲ'

ဥဩသံအေး တွေးနေမိပေသိ အဖြေမရှိ။ ဥဩသံအေးကတော့ သည်စကားတွေကိုယုံသည်။ ဒေါ်ရွှဲကြီးက လုပ်ကြံပြောစရာ အကြောင်းမရှိ။ ငွေစက္ကူတွေ လက်ထဲထည့်ပေးရင်းက စကားနှိုက်ရပြန်ပါ၏။

'ဒေါ်ရွှဲရယ်'

'တော်...ပြော'

'ကျုပ်တို့ဇာတ်က အောင်မြင်နေသာပဲဟာ။ ကျုပ်ကြောင့် ပိုက်ဆံတွေရနေလျက်ကနဲ့ ဘာကိစ္စ အဲသလို လုပ်ချင်ကြသာတဲ့တုံး'

'ကျုပ်ပြောသယ် မပြောပါနဲ့ မင်းသမီးရယ်။ ကျုပ်က ချစ်လို့ ပြောပြသာပါ။ ကျုပ်သိသလောက် ကိုဘကလေးနဲ့ မောင်ဝေလာကလည်း ခိုးကြသာပဲ။ ကျုပ်တို့ဇာတ်ထောင်က နယ်ကန်ထရိုက်တွေကို ယူထားတဲ့ မယားတွေထက်တောင် ယုံသေးသယ်။ ရသမျှပိုက်ဆံတွေ ကန်ထလိုက်နာမည်တွေနဲ့ အပ်လေတော့ မြေတွေဝယ်ကြ၊ ကားတွေဝယ်ကြ။ တချို့ကိုတွေဆိုရင် ဇာတ်ဆရာအမှုရှုံးလို့ ပေးလိုက်ရသာ နည်းမှမနည်းဘဲနဲ့'



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မလာသေးသည့် ကိစ္စဆိုတော့ ဒေါ်ရွှဲကြီးပြောစကားကို ယုံလှသည်မဟုတ်ပေသိ ဖြစ်နိုင်ခြေ အရိပ်အယောင်တွေကို ဥညသံအေးကိုယ်တိုင် ရိုးရိုးရိပ်ရိပ် မြင်နေရတာကြာပြီ။ ဦးကျောက်ဒိုးဆိုလျှင် လင်ရယ်မယားရယ်လို့ ဘယ်အကြောင်း ဘယ်ကိစ္စမှ တိုင်ပင်လို့မရခဲ့တာထားတော့။ ဥညရေ ဘာတော့ဖြင့် လုပ်ရင်ကောင်းမလား ဆိုတာမျိုးပင်မရှိ။ ဇာတ်အနေနှင့် တရှိန်ရှိန် နာမည်ရနေပေသိ ဇာတ်သူဇာတ်သားတွေကြားမှာ တစ်ခုခုကို သိနေကြသလို မျက်နှာရိပ်မျက်နှာကဲတွေ မလုကြတာကို ဥညသံအေး နားမလည်နိုင်။ သည်သတင်းတွေကြားတော့ ဥညသံအေး တိုင်ပင်စရာရှာရပြီ။ ဘယ်သူ့ကို တိုင်ပင်ရမလဲ။ အမေ ရွှေဆံထိုးကလွဲလို့ သည်စကားတွေချခင်းထားလို့မဖြစ်ပြန်။ သည်တော့လည်း ပြောရပါ၏။

'ဒေါ်ရွှဲကြီးက စိတ်ရှုးပေါက်ပေါက်နဲ့ ထင်ရာပြောသာလည်း ဖြစ်နိုင်သလို သူ ကြားသလို ရိုးရိုးသားသား သတိပေးသာလည်းဖြစ်နိုင်သာပဲ။ ဟုတ်သယ်ဆိုရင် သည်စကားတွေက အထည်မသေးလောက်ဘူး။ အေးလေ, ဘာပဲဖြစ်ဖြစ် သတိနဲ့နေပေါ့အေ'

'ဒေါ်ရွှဲကြီးပြောသာ ကျုပ် ယုံသယ်။ သည်စကားတွေ ဖြစ်လာလိမ့်မယ်လို့ ကျုပ် ကိုယ်စောင့်နတ်က ကျုပ်ကို ပြောနေသလိုပဲအမေရဲ့။ ကျုပ်စိတ်တွေ ထင့်နေသာကြာပြီ'

တစ်လလောက်အထိ ထူးထူးခြားခြားဖြစ်လာတာ မရှိတော့ ဥညသံအေးအလုပ်ထဲမှာပဲ စိတ်နှစ်နေခဲ့သည်။ ဘယ်လိုကြောင့်ရယ် မသိ။ သည်ရက်တွေထဲမှာ ရွာကို သတိရသည်။ သွားလေသူ ကျေးဇူးရှင် ကျေးသမိခင် အမေ မဗိုင်းတောင့်ကို သတိရသည်။ ပြီးတော့ ဂျီးတိုးနှင့် သမီးကလေး။စိတ်တွေ ရောက်တော့လည်း ရွာကို တစ်ခေါက်တစ်ကျင်း ပြန်ချင်သား။ တစ်ခါတော့ လင်သားရယ်လို့ တိုင်ပင်ကြည့်မိသည်။ ဦးကျောက်ဒိုးက ပြန်ချင်ပြန်လေတဲ့။ ပြန်ပြီးရင် ဘယ်တော့မှ ပြန်မလာနဲ့တော့တဲ့။ သည်စကားကြောင့် ဖျဉ်းခနဲ ဖြစ်ရသည်။ ဥညသံအေးမရှိတော့လည်း ဖြစ်တာပါပဲဆိုသည့်အဓိပ္ပာယ်။

'ကျုပ်က ဘာကိစ္စပြန်မလာရမှာတုံး။ ကျုပ်က တော့်မယား မဟုတ်ဘူးလား။ ဥညသံအေးဆိုတဲ့မိန်းမက စင်ပေါ်မှာက,ရင်းသေမယ့်မိန်းမ။ ကျုပ်ကို ဘယ်သူဆွဲချလို့မှ မရဘူး။ လူတကာဆီမှာ ပိုက်ဆံတွေအပ်ထားပြီး၊ အလိမ်ခံရတဲ့အထဲမှာ ဥညသံအေး ဓားစာခံအဖြစ်မခံဘူး။ ကျုပ် ပြောလိုက်မယ်။ တော့်မသာမှာ ကျုပ်က ဗျိုင်းတောင်နဲ့ကပြီးမှ ဇာတ်ခုံပေါ်က ဆင်းမယ်ဆိုသာ မှတ်သာထားတော့'

ဦးကျောက်ဒိုးမျက်နှာတစ်ခုလုံး ရှားစေးရည်နှင့် ပက်လိုက်သလို မည်းသွားခဲ့သည်။ တစ်ချိန်တည်းမှာပင် မြားတန်းလန်း စိုက်ဝင်နေသော ကျားရဲတစ်ကောင်လို ဥညသံအေးကို လှမ်းဆွဲလိုက်သည်။ ဆံပင်အုံကိုမိသွားတော့လက်နှင့်ရစ်ပြီး အားနှင့် ဆွဲလှဲလိုက်သည်။ ဆံပင်တွေ ဦးခေါင်းခွံပေါ်က အုံလိုက်ကျွတ်သွားသလို နာကျင်မှုကြောင့် ခါးကြားမှာထိုးထားသည့် မောင်းချဓားကို မဆုပ်လိုက်နိုင်ဘဲ မြေကြီးပေါ်တစောင်းလဲကျ သွားခဲ့သည်။ မောင်းချဓားက ခပ်ဝေးဝေးကို လွင့်စဉ်သွားတာကိုမြင်လိုက်ရတော့ ဦးကျောက်ဒိုးက မာန်ဖီလိုက်ရင်း လဲနေသည့် ဥညသံအေးအပေါ်ခွစီးကာ မြေကြီးနှင့် နဖူးကိုဆောင့် တိုက်လိုက်ပြန်သည်။

တစ်ချက်၊ နှစ်ချက်၊ သုံးချက်။ လုပ်ကြပါဦး ဆွဲကြပါဦး ဆိုသည့်အသံတွေ ဆူညံနေပေသိ ဆွဲမည့်သူမရှိ။ ထိုခဏမှာပင် ဦးကျောက်ဒိုး၏ ကုပ်သားထစ်ထစ်ကို ဓားဦးဖျား ထောက်တာခံလိုက်ရသည်။

'အယုတ်တမာကောင်၊ နင့်မှာ မအေ,နှမမရှိဘူးလား။ မယားက ရွာပြန်ချင်သယ်ပြောသာနဲ့ သည်လောက် ရက်စက်ရသလား။ ထစမ်း, ဇက်ကို ငှက်ပျောပင်ပိုင်းသလို ပိုင်းပစ်လိုက်မယ်။ သေချင်းဆိုးသေမယ့်အကောင်'

အငွေ့တခြောင်းခြောင်းထွက်နေသည့် အမေ ရွှေဆံထိုး၏ မျက်လုံးတွေကိုလွှဲရှောင်ကာ ထွီခနဲ တစ်ချက်ထွေးရင်း လှည့်ထွက်သွားသော ဦးကျောက်ဒိုးကို လှမ်းဆဲဖြစ်အောင် ဆဲလိုက်သေးသည်။ အဘ ပေဖူးနှင့်မင်းသမီးတချို့က နဖူးနှင့်ဆံစပ်မှာ သွေးတွေ စီးကျနေသည့် ဥညသံအေးကို ပွေ့ချီသွားခဲ့ကြသည်။ သွေးတွေကို ရေကြက်သီးနွေးဖြင့် သန့်စင်ပေးကြသည်။ ကွမ်းရွက်ကြမ်းနှင့် သွေးဆေးကို ပွတ်ခြေကာအနံ့ပေးကြသည်။ ဥညသံအေး သတိလစ်နေသည့်တစ်ချိန်လုံး အဘ ပေဖူးက ပရိတ်တော်ကို တတွတ်တွတ်ရွတ်ပေးနေသလို အမေ ရွှေဆံထိုးကတော့ အရက်တစ္စပ်စွပ်သောက်ရင်း ဓားရှည်တစ်လက်ဘေးချကာ လူနာစောင့်လုပ်နေခဲ့ပါ၏။ ဥညသံအေး ညည်းညည်းညူညူနှင့် သတိလည်လာတော့ မိုးပင်လင်းလုလေပြီ။ ဇာတ်ခုံရှေ့မှာ နောက်ပိုင်းဇာတ်ခင်းနေ ပုံရပါ၏။ မင်းသား ရဲတင်း၏ ငိုချင်းချသံကို ကြားနေရသည်။

❑

ဇာတ်ပွဲခွင်တွေလက်ခံထားသည့်အတိုင်း နယ်တွေကူးကာ ဇာတ်ထွက်နေရပေသိ ဥညသံအေးကိုယ်တိုင် မကနိုင်သေးလို့ တစ်ပတ်လောက် နားနေခဲ့ရသည်။ အရံက,နေကျမင်းသမီးကို ပရိသတ်က သဘောမတွေ့လှပေသိ ဥညသံအေး၏အဖြစ်ကိုသိကြတော့လည်း ခွင့်လွှတ်ကြပါ၏။ ဦးကျောက်ဒိုးကတော့ နောက်တစ်နေ့မနက်မှာပဲ ဂျစ်ကားတစ်စီးနှင့် ထွက်သွားခဲ့သည်။ သည်ကတည်းက ဇာတ်ခုံက ပျောက်နေခဲ့သည်။ ကျွန်းပင်ခြောက်ရွာကြီးက ဇာတ်ရုံမှာ ပွဲဝင်ကြတော့ မနက်ဘက်မှာ ဦးကျောက်ဒိုးနှင့်စီးပွားဖက် ပွဲကန်ထရိုက်ကြီးတွေ စီစဉ်ထားသည့်အတိုင်း နတ်ကနားပွဲကြီးပေးဖို့ ပြင်ကြပြီ။ ပွဲဇာတ်ခုံပေါ်မှာ ကန်တော့ပွဲသုံးဆယ့်ခုနစ်ပွဲ ထိုးကြသည်။ ဦးကျောက်ဒိုး အချိန်ကိုက်ရောက်လာလိမ့်မည်ဆိုတာကို တစ်ဇာတ်လုံးကလည်း သိကြပြီးသား။ ဦးကျောက်ဒိုးရောက်လာသည်နှင့် ကနားပွဲကြီး စ,ဖို့ပင်။ သို့ပေသိ ဦးကျောက်ဒိုး ရောက်မလာနိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဦးကျောက်ဒိုးတစ်ယောက် ဆုံးရှာပြီဆိုသည့် သတင်းဆိုးသာ ရောက်လာခဲ့ပါ၏။ သတင်းနှင့်အတူ ရောက်လာသော ကားဆရာ မောင်စိုးပြောသလောက်ဆိုလျှင် ဂျစ်ကားကို ကုန်းထိပ်မှာရပ်ထားကာ အနိမ့်ပိုင်း ခပ်လှမ်းလှမ်းမှာ အရက်ထိုင်သောက်နေကြသည်ဆို၏။ လရောင်ရှိသည့်ညဆိုတော့ ကုန်းထိပ်တောင်ကုန်းပေါ်ကကားဘေးမှာ လူနှစ်ယောက်ကို ရိပ်ခနဲမြင်သလိုလိုရှိလို့ တစ်ယောက်က ထ,ကြည့်သည်။ ကြည့်တော့လည်း ဘယ်သူမှမရှိ။ အောက်ချိုင့်အရက်ဝိုင်းမှာ ဦးကျောက်ဒိုးတစ်ယောက်သာ ကျောပေးထိုင်နေခြင်းဖြစ်၍ ကုန်းပေါ်က ဂျစ်ကားအရှိန်နှင့် လိမ့်ဆင်းလာတာကိုမြင်လိုက်သူအားလုံး ရှောင်နိုင်လိုက်ကြသော်လည်း ဓာတ်ဆရာကတော့ တည့်တည့်ကြီး အတိုက်ခံလိုက်ရသည်ဆို၏။

'ပြင်းလိုက်တဲ့အရှိန်ဗျာ လူက တွန်းလွှတ်လိုက်တဲ့အတိုင်းပါ။ ဓာတ်ဆရာကို တိုက်လိုက်တာများ သစ်ပင်ကိုဝင်တိုက်လိုက်တဲ့ အတိုင်းပဲ။ ဂျွန်းခနဲတောင်မြည်တယ်။ နံရိုးတွေကျိုးပြီး ကိုယ်တွင်းမှာ စိုက်ကုန်တယ်ထင်ပါရဲ့။ ထူးဆန်းတာက ဇက်ပါကျိုးပြီးလည်သွားတာပဲ။ အောင်လံမြို့နဲ့နီးတော့ အလောင်းကို အောင်လံဆေးရုံ ပို့လိုက်ကြပြီ'

ကိုမောင်စိုးကို တစ်ဓာတ်လုံးက ဝိုင်းထားကြသည်။ ဓာတ်ကြီးပြိုတော့မှာလား။ ဓာတ်ပြိုလျှင် ဘဝတွေပါပြိုကြတော့မည်။ သည်သတင်းကြောင့် ဉာဏ်သံအေး လိုက်သွားချင်ပေသီ အမေ ရွှေဆံထိုးကအလိုက်မခံ။ ညည်းက နောက်ဆုံးမယားပါအေ မလိုက်ချင်ပါနဲ့တော့တဲ့။

'ဥသြ, ငါ့သမီး မနက်ဖျင်မနက်ပဲ သည်က ထွက်ကြစို့။ ဘာမှမကျန်မနေနဲ့တော့။ ဓာတ်လည်း ပျက်ပါပြီအေ။ ကိုယ့်ပစ္စည်းကလေးတွေသာ ကိုယ်သိမ်းတော့'

'ကျုပ် ဘာပစ္စည်းမှ လိုချင်လို့မဟုတ်ပါဘူး အမေရယ်။ ဘာပဲဖြစ်ဖြစ် ကျုပ် ကျိန်ခဲ့မိသယ်။ မယားတစ်ယောက်အနေနဲ့ ဦးကျောက်ဒိုးကိုရည်စူးပြီး ဆွမ်းကပ် အမျှဝေချင်ပါသေးသယ်။ တော်ခဲ့ဖူးတဲ့လင်သားဆိုတော့ သူ့ရဲ့နောက်ဆုံး ခရီးမှာ အမုန်းမပါချင်တော့လို့ပါ'

နောက်ရက်မှာတော့ ဓာတ်ရုံထဲမှာပဲ ဘုန်းကြီးသုံးပါးပင့်ကာ ဆွမ်းကပ်အမျှဝေခဲ့ကြပါ၏။ ထိုနေ့မှာပဲ မြင်းလှည်းတစ်စီး ငှားပြီး ကိုယ်ပိုင် သေတ္တာနှစ်လုံး,သုံးလုံးကလွဲလို့ ကောက်ရိုး တစ်မျှင်ပင် မယူခဲ့တော့။ အမေ ရွှေဆံထိုးကိုလည်း တစ်ပါတည်း ခေါ်တင်ခဲ့သည်။ တားသူတွေကတားကြပေသီ စိတ်ပြတ်ခဲ့ပြီ။ ကြွေဖြူအပါအဝင် မင်းသမီးတချို့နှင့် ချစ်ခင်ကြသူတွေ မျက်ရည်တွေဝဲနေကြတာကိုကြည့်ရင်း ဉာဏ်သံအေး စိတ်မကောင်းခြင်းကြီးစွာဖြင့် နှုတ်ဆက်ခဲ့ရပါ၏။ ရဲတင်းကတော့ မြင်းလှည်းဘေးအထိ လာနှုတ်ဆက်ရှာသည်။ အမေ ရွှေဆံထိုးက 'မပိတုန်းကို ဝင်တွေ့ချင်သေးသယ်' ဆိုလို့ အဖေ သီလတို့အိမ်ကို ဦးတည်ခဲ့ကြသည်။ ကားနှစ်ဆင့် စီးပြီး လာရသည့်ခရီးဆိုတော့ အဖေ သီလတို့အိမ်ကို ညကြီးမိုးချုပ်မှ ရောက်ခဲ့ကြတော့သည်။ သည်လိုရောက်လာကြတော့လည်း အားလုံးက ဝမ်းသာအားရကြိုကြသည်။ မြင်းလှည်းပေါ်က ပစ္စည်းတွေချကြတော့ ညကြီးသန်းခေါင်မှာပင် တောင်ဇရပ်ကြီး နှင့်ထွက်လာသော အမေကြီး ပိတုန်းက အံ့သြဝမ်းသာနေသလို အမေ ရွှေဆံထိုးကလည်း မျက်ရည်တလည်လည်။

'မပိတုန်း အသက်ရှည်လှချေကော'

'ရှည်ရပါသော်ကောအေ၊ ညည်းက ရွှေဆံထိုးဖြစ်ရပြီ ရော့လား။ ငါ့ ဘယ်သူတုံးလို့ထွက်ကြည့်သာ ညည်းတို့ချည်း မဆုံသရွေ့ ငါမယ် အသက်မထွက်နိုင်သေးဘူးထင်ပါရဲ့။ ဟဲ့ ဥသြမ အဲသာ...'

'ပြောရေ့မယ်...တော်ကလေ ခက်တော့နေပါပြီ'

အမေ သန်းရီတို့အိမ်ပေါ်မှာ တည်းခိုရသည့် သုံးလေး ရက်အတွင်း ဉာဏ်သံအေးအဖို့ရာ ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုး တွေ တစ်ထုပ်ချင်းချလိုက်ရသလို ပေါ့ပါးသွားခဲ့သည်။ သူ့ အလိုအားဖြင့်တော့ ထနောင်းပင်လှကို ရောက်ချင်လှပြီ။ အမေ ရွှေဆံထိုးက အမေကြီး ပိတုန်းနှင့် တွေ့ချင်သေးတာရော တစ်ထောက်နားချင်တာရောကြောင့်သာ ခိုရခြင်းဖြစ်ပါ၏။ အဖေ သီလတို့အိမ်မှာနေရသည့် ဒုတိယညမှာတော့ ငါးဦးသား စကားဝိုင်းဖွဲ့ဖြစ်သည်။ အမေကြီး ပိတုန်းကပဲ စကားစ,သည်။

'မယ်သြ, ဟောသည်ရွှေဆံထိုးဆိုသာ ဘယ်သူမှတ်တုံး။ ညည်းနှုတ်က တဖွဖွပြောပြောနေခဲ့တဲ့ မင်းသမီးကြီး သော်တာ တင်ဆိုသာ သူပါပဲတော်။ ကျေးတောသူ မခင်မူဆိုသာလည်း သူပါပဲတော်။ သရဖီညွန့်ဆိုသာလည်း သူပဲတော်။ တစ်ဘဝ တည်း သုံးခါကြွေ သုံးခါပွင့်ခဲ့တဲ့ မင်းသမီး။ ညည်းကို သည့်ထက် အံ့သြအောင်ပြောရရင် ရွှေဆံထိုးဟာ ညည်းရဲ့ မွေးသမိခင်အရင်းအေရဲ့။ ငါကိုယ်တိုင် ညည်း အခါလည် သမီးလောက်တုန်းက မိုးသည်းသည်း လေသည်းသည်းထဲ လက်ပံပင်ပါးပျဉ်းကြားထည့်ခဲ့သာ။ ညည်းအမေက ကလေး ကို ထိုက်သင့်ထိုက်ရာပို့ပေးပါ။ ပြီးရင် တော်နဲ့ကျုပ် မဆုံ စတမ်း သည်အကြောင်းတွေ ဘယ်သူ့ကိုမှ မပြောစတမ်းလို့ နှုတ်ကတိထားခဲ့ကြသာလေ'

ဉာဏ်သံအေး အမေ ရွှေဆံထိုးကိုကြည့်လိုက်တော့ ထုံးစံ အတိုင်း မထိတရီ။ ကြွေခွက်ကလေးထဲက အရက်ကို စုပ်ခနဲ သောက်လိုက်ပြီး နှုတ်ခမ်းကိုလျှာနှင့်သိမ်းသည်။ ဉာဏ်သံအေး အဖို့ရာတော့ အံ့သြလွန်းလို့ တင်းတောင့်သွားခဲ့ပါ၏။

'ငါ့ကိုခွင့်လွှတ်ပါအေ။ အမေက သမီးကို သမီးလို့ သိသာကြာပါပြီအေ။ နှစ်တွေသီသီကြာခါမှ ညည်းတို့ရွာတွေ ဘက် လှည်းတစ်စီးနဲ့ အမေ ရှာခဲ့တဲ့အခေါက်ပေါင်း နည်းမှ မနည်းဘဲနဲ့။ သောင်ခါးကလူကြီးတွေကတော့ မကြားပါဘူး မသိပါဘူး၊ မရှိပါဘူးလို့ချည်း ဖြေကြသယ်။ ဒါပေသီ အမေ လေ စိတ်မနံ့တဲ့ အရူးမကြီးတစ်ယောက်လိုပါအေ ကြုံသလို စား၊ ကြုံသလိုနေ ရွာချေးတွေ တရှန်းရှန်းနဲ့ သွားလည် သာပါပဲ။ နောက်တော့ သောင်ခါးရွာဘုရားပွဲမှာ ...

www.burmeseclassic.com

www.burmeseclassic.com

ရောင်းတဲ့ မဗိုင်းတောင့်ဆိုတဲ့ မိန်းမတစ်ယောက်တော့ အဲသည် ဘုရားပွဲနှစ်ကပဲ ကလေးတစ်ယောက် မွေးစားထားသာရှိသယ် ဆိုသာ သိခဲ့ရလို့ အမေ ညည်းတို့ရွာတွေဘက် တဝဲဝဲရှိခဲ့ရ ပြန်သယ်။ ဒါပေသိ အဲသည်ကလေးမကလေးက မဗိုင်းတောင့် တူမက မွေးတဲ့ ကလေးဆိုကြပြန်တော့ အစပျောက်ရပြန်သယ်။

ညည်းကို အမေ ဘယ်မှာတွေ့လိုက်သယ်မှတ်သတုံး။ ကျုပင်ရိုးရွာမှာ နှစ်ယောက်သား ဖယင်ကျုးကြတော့ ညည်းက ဖယင်ကျုးပြီး ပြီးချင်း ဇာတ်ကရာကိုပြန်ရမှာကိုး။ ရင်ကလေး လျားပြီး ရေဆင်းချိုးတော့ ညာလက်ပြင်က လက်ငါးချောင်း ရာလို စာနီရဲရဲကို အမေ လှမ်းမြင်လိုက်သယ်။ ညည်းဆွဲထားတဲ့ အသည်းပုံလော့ကက်သီးကို အမေ မြင်သယ်။ ညည်း ဘယ်က တုံးဆိုတော့ ထနောင်းပင်လှက မဗိုင်းတောင့် သမီးတဲ့။ အမေ ဖြင့် ရွှေထုပ်ကောက်ရလိုက်သလိုပါအေ။ အဲသည်ကတည်းက အမေ့သမီးဆိုသာ အမေက သိနှင့်ပြီ။ ဒါပေသိ အမေက ဘယ်လိုလုပ်ပြီး ညည်းငါ့သမီးပါအေလို့ ပြောဖြစ်ပါ့မလဲ။ ပစ်တုန်းကပစ်ထားခဲ့ပြီး မဟုတ်တဲ့စကား မပြောပါနဲ့လို့ ဆိုလိုက်ရင် အမေ ရင်ကွဲရမှာလေ။

ဒါပေသိ လွယ်ပြီလေ၊ ငါ့သမီးဟာ ဥသြသံအေးဆိုသာ သိမှတော့ ရှာဖို့မခက်တော့ဘူး။ သည်ကြားထဲက ဖြစ်နိုင်ရင် ချက်ချင်းလိုက်ခဲ့ပါရယ်လို့ ညည်းဆီကစာလာတော့ အမေ အထုပ်ထ,ပြင်သာပဲ။ အမေတစ်သက် ကိုယ့်မိုက်ပြစ်နဲ့ကိုယ် အရက်သောက်ရင်း ဖိစီးသမျှသောကတွေ ပြေပျောက်စေရယ်လို့ သောက်လာလိုက်သာ အရက်စွဲသာကလွဲလို့ မပျောက်ပါဘူး'

'ဒါဖြင့်ရင် အမေရယ်၊ ကျုပ် မေးပါရစေတော့။ ကျုပ် အဖေက ဘယ်သူတုံး'

'သမီးအဖေက အမေ သရဖီညွန့်နာမည်နဲ့ ကခဲ့တုန်းက ယူလိုက်တဲ့ ကျောင်းဆရာလူထွက် ကိုတင်ဝင်းဆိုသာပဲ။ မပိတုန်းတို့ပြောဖူးသယ်ဆိုသာလေ။ ညည်းအဖေက မယားနဲ့ သမီး ခေါင်းထဲမရှိပါဘူးအေ။ လုပ်ကျွေးနေတဲ့ မယားထက် မိန်းမပေါ့ကို ခင်တွယ်လွန်းလှထင်လို့ ချောက်ထဲတွန်းချခဲ့သယ် ဆိုသူပေါ့။ ချောက်ကလည်းမနက်လို့ ညည်းအဖေ မသေခဲ့ပါဘူး။ သူ့ကို သေကြောင်းကြံမှုနဲ့ အမေ့ကို လက်စားချေမယ်လို့ကြားတော့ အမေလည်း သမီးကလေးကို မပိတုန်းနဲ့ထားခဲ့သယ်။ သရဖီညွန့်ဘဝကိုပါ စွန့်ပစ်လိုက်တော့သာပါ။ အခုတော့ ညည်းအဖေ မရှိရှာတော့ပါဘူး'

ဥသြသံအေးက အသံမထွက်ဘဲ ငိုရှိုက်နေရသူလို ကတုန်ကယင် ဆို့နင့်နင့်ဖြစ်နေခဲ့သည်။ အမေ ရွှေဆံထိုးကတော့ စကားတွေဆက်ပြောနေခဲ့ပါ၏။ အသံက တည်ငြိမ်လှသည်။ သမီးတွေ့လို့ စကားလှအောင်ပြောနေခြင်း မဟုတ်တာ သေချာသည်။

'အမေ့မှာ တစ်ခါတစ်ခါ လူစိတ်ပျောက်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ဝင်တတ်သယ်။ ငယ်ဘဝတွေနဲ့လည်း ဆိုင်မယ်ထင်ပါရဲ့။ အမေ ငယ်ငယ် အမေ့ပထွေး မြွေအလမ္ပါယ်ဆရာ၊ ဆေးဂိုဏ်းဆရာက အမေ့ကို ထိုးပေးတဲ့ဆေးတွေဆိုသာ များလွန်းလို့ ဘာတွေမှန်း မသိဘူး။ လက်ခြောက်ဖက် နတ်နှစ်ပါး အမေ့ကို စောင့်ရှောက်နေသယ်ဆိုသာလည်း အမေ့ဘဝမှာ ခဏခဏ ကြုံရသယ်။ ဘဝအသစ်တစ်ခု စ,မယ်ပြင်တိုင်း ကောင်းနေတဲ့စိတ်တွေ မှုန်မှိုင်းလာပြီး စိတ်လိုက်မာန်ပါ ရေဆုံးရေဖျား လုပ်မိသာတွေ များလှပေါ့။ သမီးကိုစွန့်ပစ်ထားခဲ့တဲ့အချိန်ဟာ အမေ့စိတ်တွေ လူစိတ်ပျောက်နေချိန်ပဲ။ အမေ အရင်ဘဝက လူသတ်မှုနဲ့ထောင်ကျဖူးသယ်။ တစ်ခါ ညည်းအဖေက သူ့ကို သေကြောင်းကြံမှုနဲ့ အမှုထပ်လုပ်မယ် ဆိုတော့ အမေ ထောင်ထဲထပ်ရောက်ရမှာမျိုး မဖြစ်ချင်တော့ဘူး။ အမေ ရုပ်ဖျောက်ရတော့မယ်။ အမေ လေလွင့်သမျှ သမီးကလေး မပါစေချင်တော့ဘူး။ ဒါနဲ့ပဲ သမီးကလေးကို မပိတုန်းလက်အပ်ပြီး အမေ ချမ်းသာသမျှ ဆွဲသီးကလေးဖြုတ်ပြီး လက်မှာ ချည်ပေးလိုက်သယ်။ နောက်ပိုင်းမှာ အမေ့ဆီက မကောင်းတဲ့အစွဲတွေကို ချွတ်ပေးသာ သီလရှင် ဒေါ်ဥတ္တရပဲ။ ပယောဂနဲ့ ချွတ်သာ မဟုတ်ဘူး။ နှစ်ရှည်လများ တရားဓမ္မနဲ့ ချွတ်သာပါ။ အရက်စွဲကိုတော့ သီလရှင်ကြီးခမျာ မချွတ်နိုင်ခဲ့ဘူး။ သမီးနဲ့အမေ ဘဝမကုန်ခင် တွေ့ဆုံကြရပြီဆိုတော့ အမေ အရက်လည်း ဖြတ်ရတော့

ဘဝတစ်ဝက်စာ
ပစ်ထားခဲ့ရတဲ့
ငါ့သမီးကလေးကို
ဘဝတစ်ဝက်စာ
အမေ
ပြန်စောင့်ရှောက်
ချင်ပါသေးရဲ့
အမေ
တတ်ထားတဲ့
သဘင်ပညာတွေ
သမီးကို
ပေးချင်ပါ့အေ
အမေ
အသက်ကြီးပေမဲ့
ဇာတ်ခုံပေါ်တော့
တွယ်တက်နိုင်ပါ
သေးသယ်
ပစ္စည်းကလေးတွေ
ဒေါ်ဥတ္တရ
သီလရှင်ကျောင်းမှာ
ထားသယ်
ဇာတ်ကြီး
တစ်ဆင်စာ
မဟုတ်ရင်
တောင်မှ
တောဇာတ်ကလေး
လောက်တော့
ပြည့်ကောင်းပါရဲ့



www.burmeseclassic.com

www.burmeseclassic.com

မှာပေါ့လေ။ ဖြစ်ခဲ့သမျှ အမေ့ကို ခွင့်လွှတ်ပါအေ'

အမေရွှေဆံထိုးက ပြောရင်း မျက်ရည်ပေါက်ကြီး တွေ လိမ့်ဆင်းကျလာသည်။ အဖေ သီလရော၊ အမေသန်းရီပါ မျက်နှာတွေအိုကြလို့။ ဥသြသံအေးအဖို့ရာတော့ အမေ့ မျက်နှာကိုကြည့်ရင်း ဇာတ်ဆန်လွန်းလှသော ဘဝပုံရိပ်ဟောင်း တွေကို တရိပ်ရိပ် မြင်နေခဲ့ရပါ၏။ နှစ်ပေါင်းသုံးဆယ်ကျော် ဝေးခဲ့သော မွေးသမိခင်ကိုတွေ့ရတော့မှ ကျွေးသမိခင် အမေ မဗိုင်းတောင့်၏ကျေးဇူးတရားကို ပိုပြီး အောက်မေ့မိရပြီ။ ပြီးတော့ ထွေးပွေ့သုတ်သင်ရှိခဲ့ရှာသည့် ဂျီးတို။

'အမေ'

အမေကြီး ပိတုန်းက ဖျင်စနှင့်မျက်ရည်သုတ်သည်။ အမေ ရွှေဆံထိုးက ဆွေးဆွေးမြည့်မြည့် ငိုသည်။ ဥသြသံအေး အဖို့ရာတော့ ရင်ထဲမှာ ကျဉ်လှပြီ။ ဘာပဲဖြစ်ဖြစ် သူ့ဘက် ကလည်း ဘယ်ဆီဘယ်ဝယ် ဘယ်သူမှန်းမသိဘဲ ရှာခဲ့ရသည့် အမေ . . .။

တွေ့မယ့်တွေ့တော့လည်း မင်းသမီးကြီး သော်တာတင် ဆိုတာလည်း အမေတဲ့၊ ကျေးတောသူ မခင်မူဆိုတာလည်း အမေတဲ့၊ သရဖီညွန့်ဆိုတာလည်း အမေတဲ့။ သည့်အတွက် တော့ အမေ့သမီးဖြစ်ရတာ တစ်ဘဝစာ ကျေနပ်လိုက်တာ အမေရယ် . . .။

'အမေ'

ခေါ်သံကြောင့် ကောင်းကင်ပင် ပြိုကျရော့မည်။ ကြယ် တွေပင် ကြွေကျလုရော့မည်။ သမုဒ္ဒရာပင် လှိုင်းတံပိုးထ, လောက်ပြီ။

'အမေရယ် အမေ့ကို အမေရယ်လို့ သိလိုက်ရတော့ ကျုပ်မှာ ခွန်အားတွေရှိလိုက်သာ ဘာပဲဖြစ်ဖြစ် တောဆိုင်း ကလေးနဲ့ တောမင်းသမီး ပြန်လုပ်ရလုပ်ရ ကျုပ် ဇာတ်က ချင်ပါသေးသယ်။ အမေ့ကို ကျုပ် က,ပြီး ကျွေးချင်သေး သယ်'

'ကကြံရုံပေါ့။ အမေ့မှာ ပွဲကရင်း ခြစ်ခြစ်ခြုတ်ခြုတ် စုဆောင်းထားတဲ့ အမွေပုံကလေး ငါ့သမီးလက်ထဲ ထည့်ခဲ့ ချင်လို့ အမေက ရှာသာပါအေ။ ဘဝတစ်ဝက်စာ ပစ်ထားခဲ့ ရတဲ့ ငါ့သမီးကလေးကို ဘဝတစ်ဝက်စာ အမေ ပြန်စောင့် ရှောက်ချင်ပါသေးရဲ့။ အမေတတ်ထားတဲ့ သဘင်ပညာတွေ သမီးကိုပေးချင်ပါ့အေ။ အမေအသက်ကြီးပေမဲ့ ဇာတ်ခုံပေါ် တော့ တွယ်တက်နိုင်ပါသေးသယ်။ ပစ္စည်းကလေးတွေ ဒေါ်ဥတ္တရသီလရှင်ကျောင်းမှာ ထားသယ်။ ဇာတ်ကြီးတစ် ဆင်စာ မဟုတ်ရင်တောင်မှ တောဇာတ်ကလေးလောက်တော့ ပြည့်ကောင်းပါရဲ့'

'မင်းသားတော့ ရှာရမှာပေါ့အမေ'

'ဘယ်သူ့များ ရှာဦးမှာတုံးအေ၊ မင်းသားက ရဲတင်း ပေါ့။ ထနောင်းပင်လှကို မင်းသားလိုက်လာပါလိမ့်မယ်၊ အမေ မှာခဲ့သယ်'

'အို'

ထနောင်းပင်လှကို အသွားခရီးမှာတော့ ဥသြသံအေး အဖို့ရာ ဝမ်းသာစရာတွေလည်း ရွက်ထားရသည်။ ဝမ်းနည်း စရာတွေလည်း ပိုးထားရသည်။ ဘဝဆိုတာ သည်လိုပါပဲ လေ။ ဘဝဆိုတာ ဇာတ်ခုံလို့တောင် ဆိုကြတာမဟုတ်လား။ ဥသြသံအေးမျက်စိထဲမှာ 'ရှုပါရုံသက်အေးပုံ' ဇာတ်သဘင် အဖွဲ့ဆိုသည့် နဖူးခေါင်းစည်း၊ လေတိုက်တိုင်း တန့်နန့်ရှိနေမည့် ကတ္တီပါကားစိမ်း၊ ရဲတင်းနှင့်အတူ ဆိုခဲ့ကခဲ့ရသည့် မြိုင်ထ သီချင်းတွေ . . .။ နားထဲတောင် ကြားယောင်ပါရဲ့ . . .။

*မြိုင်ဟေမဝါ××× ကြိုင်ဝေဆာ××× ခိုင်ရွှေဝါနွော××× ဒေါနရဂုံ အဟောဝတ မနောဟာရ ဇောကြွလို့တုန်××× အိုဗ ချစ်သူ ဂန္ဓာရုံ'*

*'ညာအင်ကြင်းခက်××× ချိန့်ခါမီ မိန်ရာသီ××× သိင်္ဂါ ယှက်ကရော××× မော့လျက်အနေ တော့်ကျက်သရေ××× ကျ မဟီလွှာ ဂူသီလာ××× တူညီစွာ လှမ်းစို့မောင်ရေ×××*

*တောင်ခြေမှာကော××× မှောင်သေလာကြော××× ညောင်ပဒေသာ ပေါ်ပေါ့ခင်ရယ်'*

*'မနောရာမ ဈာန်ဝသီပျော်××× ပျံထေရ်ကျော် စံမှီပျော် ကြသကို××× ရေနှင့်အိုင်မှာ ကြာဂနိုင်တော××× ညာအခိုင် ပေါ်သနှင့်မောင်ရယ်'*

■

## ခင်ခင်ထူး

*(**တောမင်းသမီး** ရွှေအမြုတေမဂ္ဂဇင်း အခန်းဆက်ဝတ္ထု ရှည်အတွက် မေတ္တာဖြင့် ဘဝနှင့် အနုပညာအတွေ့အကြုံကို ပြောပြခဲ့ကြသော မင်းသမီးကြီးများဖြစ်ကြသည့် ဒေါ်ဗေဒါရီ(မန္တလေး)၊ ဒေါ်ထိပ်သီးသန်းသန်း(မန္တလေး)၊ ဒေါ်ပန်တျာတင်တင်မြင့်(ရွှေပေါက်ကွန်း)၊ ဒေါ်မလှိုင်သန်းသန်း မြင့်(ရန်ကုန်)၊ ဒေါ်သာစည်ခိုင်(သာစည်)၊ ဒေါ်စိန်ဘူးစီ (ရေစကြို)၊ ဒေါ်စံပယ်အေး(ရေစကြို)၊ ဒေါ်ရှမ်းမငွေကျင် (ပခုက္ကူ)၊ ဒေါ်ရဲဇာနည်ခင်ထွေးရီ(ကျောက်ပန်းတောင်း)၊ ဒေါ်မာယာသန်း(ကျောက်ပန်းတောင်း)၊ ဒေါ်မှုယာဝင်း (ကျောက်ပန်းတောင်း)၊ ဒေါ်ရေနံ့သာစန်းစန်းမော်(ကျောက်ပန်း တောင်း)၊ ဒေါ်သီတာမြိုင်(ကျောက်ပန်းတောင်း)တို့ကိုလည်း ကောင်း၊ ၃၄ လတိုင်တိုင် မဂ္ဂဇင်းတွင် ဖော်ပြပေးခဲ့သည့် အယ်ဒီတာချုပ် ဦးဝင်းငြိမ်းနှင့် ရွှေအဖွဲ့သားများ၊ သဘင် အနုပညာပုံရိပ်များဖြင့် လစဉ် သရုပ်ဖော်ပေးခဲ့သော ပန်းချီ ပညာရှင် ဆရာ ဆန်နီညိမ်းတို့ကိုလည်းကောင်း၊ အနယ်နယ် အရပ်ရပ်သို့ ရောက်ရသည့်အခါတိုင်း လိုလေသေးမရှိ လိုက် ပါကူညီဆောင်ပေးကြသော စာပေမောင်နှမများကိုလည်း ကောင်း၊ လစဉ် ဖတ်ရှုအားပေးကြသော စာဖတ်ပရိသတ်များ ကိုလည်းကောင်း ကျေးဇူးတင်ပါကြောင်း လေးစားချစ်ခင်စွာ ဖော်ပြအပ်ပါသည်။)*



www.burmeseclassic.com